www.burmeseclassic.com



# တက္ကသိုလ်ဘုန်းနိုင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။



# လွမ်းပါလေရစ် .... သည်သောင်ငွေဦး

## တက္ကသိုလ်ဘုန်းနိုင်

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်(၅၁)၊ ရေကျော်လမ်းမကြီး၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၃၉၆၅၀၀

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၇၂၀၀၆၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၀၉၀၇၀၈

❐

ပုံနှိပ်ခြင်း
ပထမတွဲ၊ ပထမအကြိမ် - ၁၉၇၁ ခုနှစ် (ရွှေပင့်ကူစာပေ)
ဒုတိယတွဲ၊ ပထမအကြိမ် - ၁၉၇၂ ခုနှစ် (ချစ်ညီကိုစာပေ)
စဆုံးပုံနှိပ်ခြင်း
ပထမအကြိမ် - ၁၉၇၄ ခုနှစ် (ပန်းစာပေ)
ဒုတိယအကြိမ် - ၁၉၉၂ ခုနှစ် (အားမာန်သစ်စာပေ)
တတိယအကြိမ် - ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ၊
ကံ့ကော်ဝတ်ရည်စာပေ
အုပ်ရေ - ၅၀၀

❐

မျက်နှာဖုံးပုံနှိပ်သူ
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❐

အတွင်းပုံနှိပ်သူ
စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၈၇)၊ (၅၆) လမ်း၊ (၂) ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❐

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

မျက်နှာဖုံးပန်းချီ
မြင့်မောင်ကျော်

❐

တန်ဖိုး
၃၀၀၀ ကျပ်


စကားသစ္စာ
မှန်သောခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏။
ရှင်မဟာသီလဝံသ

## သစ္စာ

• • • • •

ငါ့စာ ဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တစ်ပိုဒ်တလေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမှန်အမြတ်၊
ငါအတတ်ဟု၊ စာဖတ်သူ့ပေါ်၊
ခေါင်းကို ကျော်၍၊ ငါသော် ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

## အပိုဒ်း – တစ်
## အရုဏ် (သို့မဟုတ်) ညနိဒါန်း

လင်းရောင်လဲ့မှုန်၊
ရစ်သန်းသွယ်ခြည်စုံလဲ
အရုဏ်က ညနိဒါန်း . . .
နေဝင်ငုပ်ပါမှ
မိုးချုပ်ပြီ ကိုယ် ကြုံနဲ့ရတယ်
(နှင်းရေ. . . ) သဲမြည့်နာလွှန်း . . .

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## အခန်း - ၁

ကျွန်တော့်အတွက် လသာနေသော ည္ညကို လှပါလေသလောဟု သတိမပြုမိ။

လ သာနေသည်။ ... ။ သည်အချက်ကိုပင် ဘယ်အချိန်က သတိပြုထားမိသည် မသိ။ ဟုတ်ကဲ့ ... လတော့ သာနေသည်။ အပြင်ဘက်မှာပါ ... ၊ ကျွန်တော့် အခန်း၏ အပြင်ဘက်မှာပါ။ ပြီးတော့ ကျွန်တော့်သန္တာန်၏ အပြင်ဘက်မှာပါ။

ရွက်ဝါတွေ ကြွေသံကိုလည်း ကြားနေရသည် ထင်သည်။ မဟုတ်ပါ၊ ရွက်ဝါတွေ ကြွေသံတော့ မဟုတ်နိုင်ပါ။ ရွက်ဝါကြွေသံကို ကြားဖူးပါသလား။ မဖြစ်နိုင်ပါ ... ၊ ကြွေပြီးသား ရွက်ဝါတွေ လေအတွန်းခံရသောကြောင့် မြေမှာ လျှောတိုက်လွင့်သံသာ ဖြစ်လိမ့်မည် ထင်ပါသည်။ ထင်သည်လေ ... ။

ညမှန်းတော့ သိနေသည်။ လ သာနေသော နွေညမှန်းတော့ ကောင်းကောင်းကြီး သိနေသည်။ ခက်ရချည်ရဲ့ ... ၊ ဘယ်အချိန်က ဘယ်လို သိလိုက်ရပါသလဲ။

ရွက်ဝါတွေ လှုပ်ရှားသံ ကြားနေရသည့်ကြားက ညသည် တိတ်ဆိတ်လွန်းလှသည် ထင်ရပြန်သည်။ အင်းလေ ... သည်ရွက်ဝါကောင်တွေက အားတိုင်း မပြတ် အော်နေကြသည်မှ မဟုတ်ဘဲ၊ လေကလည်း မရပ်ဘဲ တိုက်နေသည်မျိုးမှ မဟုတ်ဘဲ ... ။

www.burmeseclassic.com

www.burmeseclassic.com



လေတိုက်ချင် တိုက်ပါစေ။ ရွက်ဝါတွေကလည်း ထအော်ချင် အော်ကြပေါ့။ လလည်း သာချင် သာနေလေ. . ။ ဘာဖြစ်သေးသလဲ. . အားလုံး အပြင်ဘက်မှာ။ ကျွန်တော့် အပြင်ဘက်မှာ. . ။

မြတ်စွာဘုရား . . . အပြင်ဘက်. . အပြင်ဘက်. . ကျွန်တော့် အပြင်ဘက်။ အပြင်ဘက်ရယ်. . ကျွန်တော်ရယ်၊ ကျွန်တော်ရယ်. . အပြင်ဘက်ရယ်။ ကျွန်တော်က သတ်သတ်၊ အပြင်ဘက်က သတ်သတ်။ အမယ်လေး. . ကျွန်တော် တစ်ယောက်တည်းပါကလား။ ကျွန်တော် တစ်ယောက် ထီးထီးပါကလား. . ။

ကျွန်တော်သည် လမ်းလျှောက်ခြင်းကို ရပ်လိုက်၏။ ရပ်လိုက်မှပင် စောစောက ကျွန်တော်သည် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေခဲ့မှန်း သိမိပြန်သည်။ ၁၀ ပေပတ်လည် အခန်းကျဉ်းကျဉ်းဝယ် ခေါက်တုံ့ခေါက်ပြန်သာ လျှောက်နိုင်သည် မဟုတ်လော။

စာရေး စားပွဲသို့ ကျွန်တော် ဝင်ထိုင်သည်။

ကျွန်တော့်ကိုကို. . ဓာတ်ပုံတွင်းမှ ကျွန်တော့်ကိုကိုက ကျွန်တော့်ကို စိုက်ကြည့်နေသည်။ ဟုတ်သည်. . စိုက်ကြည့်နေသည်။ ပြုံးကြည့်နေသည် မဟုတ်။ ဓာတ်ပုံတွင်းမှာ ကိုကိုက မပြုံးပါ။ သြော် . . . အပြင်မှာလည်း ကိုကိုသည် ပြုံးခဲလှသည်။ ကျွန်တော့် ကိုကိုသည် ပြုံးခဲလှပါသည်။

"မပြုံးနဲ့ ကိုကိုရေ. . မပြုံးနဲ့ သိလား။ အခုမှ ခင်ဗျား သာပြီး မပြုံးနဲ့တော့"

စာမေးပွဲ နီးချိန်မို့ ကျွန်တော့် စားပွဲမှာ ပွရှုပ်နေသည်။ ကျွန်တော် ဖွင့်ဖတ်ထားသော ကိုကို့ထံမှ စာတွေကြောင့် ပိုမိုပွရှုပ်နေသည်။

"ညီလေးငယ်. .
ညီလေးငယ်ကို ကိုကို သိပ်အောက်မေ့တာပဲ။ ညီလေးငယ်နဲ့ ခွဲနေရတာဟာ ငယ်ငယ်တုန်းက ညီလေးငယ် နွဲ့ဆိုး ဆိုးပြီး ကိုကို့ကို မေးစေ့ ယောင်အောင် ထိုးတာထက် အခံရခက်တယ်။ အသည်းနှလုံးမာတဲ့ ညီလေးငယ်က ကိုကို့ကို သရော်လေမလား။ ကိုကို့ စကားဟာ မိန်းမစကား. . လို့။ မိန်းမစကားပဲ ပြောပြော၊ မိန်းမလျှာစကားပဲ ပြောပြော. . ညီလေးငယ်ကို ကိုကို တကယ်အောက်မေ့တယ်။ အငယ်ရယ်. . ကိုကိုတို့ ညီအစ်ကို ဘယ်တုန်းက ခွဲနေခဲ့ကြဖူးလို့လဲ။



ပြီးတော့. . ဒီလောကကြီးထဲမှာက ကိုကို့နဲ့ ညီလေးငယ် နှစ်ယောက်တည်း. . "

သည်စာကတော့ တစ်နှစ်က ကျွန်တော် တက္ကသိုလ် ရောက်စတွင် ကိုကို့ထံမှ ရသည့် ရှေးဦးသော စာ။

နောက်တစ်စောင်. . သည်တစ်စောင်ကိုတော့ သည်နှစ် အစပိုင်း၌ ကျွန်တော် ရခဲ့သည်။

". . . သံယောဇဉ်အကြောင်းကို ညီလေးငယ် ကောင်းကောင်း သိရဲ့လား။ နှောင်ကြိုးလို့လည်း ပြောကြတယ်။ တွယ်တာလို့လည်း ပြောကြတယ်။ ရှုန်းမရတဲ့ သဘော၊ ခွာမရတဲ့ သဘော။ ဘယ်သူမပြု မိမိမှုလို့ တရားကတော့ ပြောတယ်။ ပုထုဇဉ်အတွက်တော့ တရားဆိုတာဟာ စကား တစ်မျိုးသာပဲပေါ့။ မဟုတ်ဘူးလား . . . ညီလေးငယ်။ နားထဲမှာ အသံပေါ်လာတယ်၊ ပြီးတော့ ပျောက်သွားတယ်၊ နှလုံးသားမှာတော့ သံယောဇဉ်. . တစ်ဇဉ်လည်း မဟုတ်ဘူး။ နှစ်ဇဉ်လည်း မဟုတ်ဘူး။ သုံးဇဉ်လည်း မဟုတ်ဘူး။ နိုင်လိုက်တာမျိုးကလည်း သံယော. . လို့ မရေးဘဲ သံရော. . အဲဒီလို ရေးဖို့ကောင်းတယ်။ သံနဲ့ ရောထားသလို သိပ်. . နိုင်တယ် သိလား ညီလေးငယ် . . . "

သည်စာ၏ အဓိပ္ပာယ် (ဝါ) အပြင်သဒ္ဒါနည်း အဓိပ္ပာယ်ကို ကျွန်တော် နားလည်သည်။ အတွင်းသဘော ဆိုလိုချက်ကိုမူ ဘာမျှ ကျွန်တော် မရိပ်စားမိခဲ့။ အဲသည်တုန်းက. . ။

နောက်ထပ် တစ်စောင်မှာတော့ ကိုကိုသည် သူ့ရင်ကို ထင်ထင်ရှားရှား ဖွင့်လာ၏။

". . . ရူးလောက်တယ်၊ ဒီစကားကိုပဲ ကိုကို ရှာတွေ့တော့တယ်။ သူ့အလှဟာ ရူးလောက်တယ်။ လှတာနဲ့ ရူးရမှာလားလို့ စိတ်ကူးမယဉ်တတ်တဲ့ ညီလေးငယ်က မေးမလား မသိဘူး။ ရူးတယ်ဆိုတာ ဘာလဲ. . ကာ*လသားတွေ ဟာသ သရုပ်ဖော် ကကြတဲ့ ဥမ္မာဒန္တီ ပြဇာတ်ထဲက ပေါတောတော ကြောင်တောင်တောင် ဖြစ်ကုန်ကြတာမှ ရူးတယ် ခေါ်သလား။ ဥပမာ. . မိုးနတ်ဒေဝီ ဘောလယ်မှာ ဦးပြုံးချို စပ်ထားသလို အာသဝေ မပျက်သမျှ ပါလေချက် သမုဒယ တဏှာ၊ ယခုဘဝမှာ. . . မနီးရင်လေ. . . ကြီးမောင့်ဒုက္ခာ . . . ဆိုတာ

www.burmeseclassic.com



မျိုးကကော . . . ရှုံးရတာကို ပြောတာပဲပေါ့။ အင်း. . ကြီးမောင့် ဒုက္ခ. . . ကိုကို့ဒုက္ခ. . .။

သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ညီလေးငယ် ပြန်လာတုန်းက ကိုကို ဖွင့်ပြောမယ် ကြံသေးတယ်။ ဒါပေမဲ့ မပြောရက်ဘူး။ ညီလေးငယ်ထက် ပိုချစ်ရသူတစ်ယောက်ကို ကိုကို တွေ့နေပြီ. . လို့ ညီလေးငယ် ထင်သွားမှဖြင့်ရင်. . .။

ကိုကို့ကို ခွင့်လွှတ်ပါ၊ ညီလေးငယ်ကိုလည်း ချစ်ပါတယ်။ သူ့ကိုလည်း ချစ်တယ်။ သူ ဘယ်သူဆိုတာ ဒီတစ်ခါ ညီလေးငယ် ပြန်လာရင် ကိုကို ပြောမယ်။ အဲ. . ပြလည်း ပြမယ်ကွယ်။ ရှုံးလောက်တယ် ဆိုတဲ့ ကိုကို့စကားဟာ ပို မပို. . အဲဒီတော့မှ ညီလေးငယ် ဆုံးဖြတ်. . ''

နောက်တစ်စောင်ကတော့ ကိုကို့ဆီမှ ကျွန်တော် နောက်ဆုံး ရခဲ့သော စာ ဖြစ်ပါ၏။

''ညီလေးငယ်. .

နွေဦး ရောက်တော့မယ်။ သစ်ရွက်တွေ ကြွေတော့မယ်ပေါ့။

လူတွေ. . . စာရေးဆရာတွေပေါ့. . . သစ်ရွက်ကြွေတာကို မြတ်မြတ်နိုးနိုး စာဖွဲ့ကြတယ်။ ကြွေတာဟာ မြတ်နိုးစရာလားကွယ်။ ပြီးတော့ လှကော. . လှသတဲ့လား။

ညီလေးငယ်. .

ကိုကို့အတွက်တော့ အားလုံး ကြွေသွားပြီ။

မျှော်လင့်ချက်ဆိုတာတွေလေ. . ကိုကိုက ဘာမှ မမျှော်လင့်ခဲ့ဖူးပါဘူး။ ဘဝဆိုတာကို စကတည်းက အနုတ်လက္ခဏာနဲ့ စခဲ့ရတယ်။

ဒီတစ်ခါပဲ မျှော်လင့်ခဲ့ဖူးတယ်။ မျှော်လင့်ချက် ဆိုတာဟာ အမှန်က ပိတ်နေတဲ့ မျက်လုံးပါ။ သူ့ဘာသာသူ ဘယ်တော့မှ မပွင့်ဘူး။ ရောင်ခြည်လေး သမ်းပြမှ ဖွင့်မိရတာမျိုး။

အရောင်လက်တိုင်း ရွှေ မဟုတ်ဘူးတဲ့။ ရောင်ခြည်သမ်းလာ တိုင်းလည်း အရုဏ်မတက်ပါဘူး။ ဩော်. . အရုဏ် ဆိုတဲ့ ပါဠိစကားကလည်း နေရဲ့ ပထမအရောင်လို့ အဓိပ္ပာယ်ရသလို နေဝင်ခါနီး နီဂုံးအရောင်လို့လည်း အဓိပ္ပာယ် ရှိသား. . .။



ကိုကိုသာ မှားပါတယ် ညီလေးငယ်. . ကိုကိုသာ မှားပါတယ်။

အမှောင်ကို ကိုကို မကြောက်ပါဘူး။ လူတိုင်းဟာ အမှောင်ထဲက လာကြတယ်။ ပြီးတော့ အမှောင်ကို ပြန်သွားကြတယ်။

ဘာလို့ ကြောက်ကြရမလဲ ညီလေးငယ်. . ''

ပဟေဠိဆန်သော ဒီစာကို တစ်နေ့က ကျွန်တော် ရသည်။ သည်နေ့ ညနေမှာတော့ သံကြိုးစာ. . .။

သံကြိုးရိုက်လိုက်သူကတော့ ဒေါ်လေး။ ကိုကိုနှင့် ကျွန်တော်တို့၏ ဒေါ်လေး။

သံကြိုးစာမို့ စာကြောင်းတို့က တိုသည်။ ဩော်. . ရှည်ဖို့ကော လိုပါသေးသည်လော။ အကြောင်းအရာတို့က တိုလွန်းသော အကြောင်း။ ဒီလောကဥ္စ တိုလွန်းသော အကြောင်း. . .။

ကျွန်တော့် မျက်လုံးများမှ မျက်ရည်တစ်ပေါက် သံကြိုးစာမှ စာကြောင်းပေါ် ကျသွား၏။

''. . . ထွန်းနောင် ကွယ်လွန်၊ အငယ် အမြန်ဆုံး ပြန်လာ. . .''

www.burmeseclassic.com

## အခန်း - ၂

တောင်ကြီးမြို့က လှသည်။

ကြည့်ပါ... နွေဦး ရောက်နေပြီ။ မြူတွေက နှိနေ၏။ တောင်တန်းတွေက ပြာနေ၏။ ရွက်ဝါက အရှားသား။ ရွက်ကြွေသော အပင်ကို ရှာကြည့်မှ တွေ့မည်။ အားလုံးက စိမ်းနေ... စိုနေ၏။ ပန်းတွေကလည်း ပွင့်နေလိုက်သေး။

လှသော မြို့မှာ ဆိုတော့ ဆေးရုံကြီးက စပြီး လှနေသည်။ အင်း... အဟင်း... ရင်ခွဲရုံကပင် လှနေ၏။ လှနေပါ၏။

ကိုကို့ အလောင်းကလည်း လှနေသည်။ သေပန်းပွင့်သည်လေ...။ အမယ်မင်း... သေပန်းပွင့်လိုက်ပါသည့် ကျွန်တော့် ကိုကို...။

ဆေးရုံတွင် ဇာတ်သိမ်းသူတို့ ဓမ္မတာအတိုင်း အလောင်းကို ရင်ခွဲရုံ ရေခဲတိုက်မှ အိမ်သို့ ပြန်သယ်ရန် အရပ်နှင့် မြို့က ခွင့်မပြု။ သည်တော့ ရင်ခွဲရုံအနီးရှိ အသုဘရှု ဧည့်ခံမဏ္ဍပ်၌ပင် ကိုကို့အလောင်းကို ပြင်ထားကြသည်။

ပြောင်လက်သစ်လွင်သော ကျွန်းသား ညောင်စောင်းပေါ်၌ ကိုကိုသည် အိပ်နေသလောဟုပင် ထင်ရသည်။ ဖက်ဖူးရောင် ဘန်ကောက် ပုဆိုး။ နှံသာနုရောင် ပိုးတိုက်ပုံကို ဆင်ပေးထားကြပြီး ပန်းနုရောင် ဖျော့ဖျော့ နိုင်လွန်ပဝါကို



ဦးခေါင်းမှ ခြေအထိ လွှမ်းပေးထားကြသည်။ ညောင်စောင်းပတ်လည်တွင်တော့ ပန်းခွေတို့က ရံလျက်။ ခေါင်းရင်းဘက်မှာတော့ ဖယောင်းတိုင် ၃ တိုင်က တောက်လောင်လျက်။

အသုဘရှု လာသူတွေကား ပဝါလေးကို လှစ်ကာ လှစ်ကာ ကိုကို့ မျက်နှာကို ကြည့်ကြသည်။ ရင်းနှီးပြီးသူတွေက သက်ပြင်းရှိုက်၍ စုတ်သတ်ကြသည်။ သေမှသာ မြင်ဖူးကြဟန် တူသူတွေကမူ ကရုဏာစကားကို ဖွင့်ဟ ညည်းဆိုကြသည်။

"လူက လူချော၊ အရွယ်ကောင်းတုန်းမှာ ဖြစ်မှ ဖြစ်ရပလေ..."

ဖြစ်မှ ဖြစ်ရပလေ... သည်စကားက ကျွန်တော့် ရင်တွင်းမှာလည်း ပဲ့တင်ထပ်နေသည်။ ဖြစ်မှ ဖြစ်ရပလေ...။

ကျွန်တော့်ရင်မှာ ဆို့ပြီး နာနေသည်။ အံကြိတ် တင်းထားသည့်ကြားက မျက်ရည်တွေ စို့စို့လာသည်။

ခေါင်းသွင်းချိန်မှာတော့ ကျွန်တော် မရှုကိုနိုင်။ ကလေးတစ်ယောက်လိုပင် အသံထွက် ငိုမိသည်။

ခေါင်းမသွင်းမီအထိတော့ ကိုယ်ပဲ ပိုင်သေးသယောင်ယောင်။ သူက မလှုပ်နိုင်ပေမဲ့ ကိုယ်က မျက်စိအောက်မှ မပျောက်စေဘဲ ကြည့်နေနိုင်သေးသည်။ လူက ခွဲသွားစေ... ကိုယ်က မစွန့်လွှတ်သေး။ ခေါင်းသွင်းရခြင်းကား ရှေးဦးစွာ စွန့်လွှတ်ရခြင်း... လက်လွှတ်ရခြင်း။ ဆုံးရှုံးခြင်းကို အသိအမှတ်ပြု လက်ခံလိုက်ရခြင်း။

လူတွေ ဆွဲထားသည့်ကြားမှပင် ဒေါ်လေးသည် ရှုန်းကန်လူးလှိမ့် ငိုကြွေးသည်။

"ထွန်းနောင်ရေ... လူလိမ္မာကြီးရေ... တစ်သက်လုံး လိမ္မာခဲ့သမျှ ဇာတ်သိမ်းဆိုးလှချည်လား သားရေ... ဒေါ်လေးနဲ့ အငယ့်ကို ချစ်လှချည်ရဲ့ဆို။ အခုတော့ တို့ကို စွန့်သွားရက်လောက်အောင် မင်း လောကကို စိတ်နာသွားပြီလား... လူကလေးရဲ့"

ဒေါ်လေး၏ နောက်ဆုံး စကားက ကျွန်တော့် အသည်းနှလုံးကို မီးစချွန်ချွန် တစ်ခုနှင့် ထိုးလိုက်ဘိသကဲ့သို့ စူးစူးရှရှ ပူသွားစေသည်။

ဒီဝေဒနာက အသစ် ဖြစ်သည်။ ရှိနှင့်ပြီးသော ပရိဒေဝနှင့် မတူကြောင်း ကျွန်တော် သိသည်။ မြတ်စွာဘုရား... ဒေါသပါကလား... အမုန်းပါကလား... လက်စားချေလိုမှုပါကလား။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ငိုရှိုက်ခြင်းကို ရပ်လိုက်သည်။

သူတို့က ဒေါ်လေးကို ခေါင်းအနီးမှ ဆွဲခေါ်သွားကြသည်။ ခေါင်းဖုံးပျဉ်ကို တင်ကာ ဝက်အူစုပ်ကြမည် ပြင်ကြ၏။

ခေါင်းဘေး၌ ကျွန်တော် ဒူးထောက် ထိုင်ချလိုက်သည်။ ခေါင်းပျဉ်ကိုလည်း လက်နှင့် တွန်းကာ ထားလိုက်၏။

"နေကြဦး. . ."

ကျွန်တော့်အသံက မာနေ၏။

ဦးစံတင်က ကျွန်တော့်ကို ချော့မော့သော အသံနှင့် ပြော၏။

"အငယ်ရေ. . . ကြည့်မဝသေးဘူး ဆိုရင်လည်း သုသာန်ကျမှ ဆက်ကြည့်ကွယ်. . . နော်၊ တို့ အသေမပိတ်သေးပါဘူး"

"နေစမ်းပါ. . . ခင်ဗျား နားမလည်ပါဘူး"

နောက်နားမှ မိန်းမတစ်ဦး၏ သတိပေးသံ ပေါ်လာ၏။

"ဒေါ်လေးကိုချည်း လုပ်မနေကြနဲ့ အငယ်ကိုလည်း ဂရုစိုက်ကြဦး"

ယောကျ်ား သုံး လေးဦးက ကျွန်တော့်အနီး ကပ်လာကြသည်။

ကျွန်တော်က နေရာမှ ထလိုက်၏။

"တစ်ယောက်မှ ကျုပ်ကို မထိနဲ့ အငယ့်အကြောင်း သိတယ် မဟုတ်လား။ ကျုပ် လုပ်စရာရှိတာ လုပ်ဦးမယ်။ ပြီးတော့မှ ပိတ်ချင် ပိတ်၊ မီးရှို့ချင်ရှို့။ အခု. . . ကျုပ် ကြည့်ဦးမယ်။ ကြားကြလား။ တစ်ယောက်မှ ကျုပ်အနား မကပ်ကြနဲ့။ တရားလည်း လာမချကြနဲ့။ ကျုပ် တရားမနာချင်သေးဘူး၊ ကြားကြလား"

ကျွန်တော်က ခေါင်းအနီးတွင် ဒူးထောက် ပြန်ထိုင်လိုက်၏။

ပထမ လွှမ်းထားသော ဇာပဝါကို ဖယ်သည်။ ထိုနောက် ရင်ဘတ်မှ အင်္ကျီကြယ်သီးတို့ကို ဖြုတ်ကြည့်သည်။

ကျွန်တော် တွေ့လိုရာကို လွယ်ကူစွာပင် တွေ့ပါ၏။

လက်ဝဲဘက် ရင်အုံမှာ. . . ပွိုင့်တူးတူး ကျည်ဆန် ဆိုတော့ အပေါက်ကလေးက အသေးသား။ သွေးစေးများ ခြောက်ကာ ပိတ်နေ၏။

ကျွန်တော်က ကြယ်သီးများကို ပြန်တပ်ပေးသည်။

နောက်ဆုံးအနေနှင့် မေးမှကိုင်ကာ ကိုကို့မျက်နှာကို ငေးကြည့်မိသည်။



ပျော့ပျောင်းသော ဆံခွေတွေက အရောင် တောက်နေကြသည်။ ဝါဝင်းသော နဖူးပေါ်တွင် နက်မှောင်သော မျက်ခုံးအစပ်တို့က စိမ်းမြမြပင် နိုင်နေသည်။

မျက်နှာက စိုဝင်းဆဲ။ စေ့ထားလျက်က အပေါ်နှုတ်ခမ်းသည် ကော့ပျံနေ၏။ ပြုံးသယောင်ယောင်ဟန်။ အသေလှသည် ဆိုသောဟန်။

ပြုံးခဲ့သော ကိုကိုက သေမှ လွမ်းအောင် ပြုံးသယောင်ယောင် အပြုံးကို ချန်ရစ်ရလောက်အောင် သေခြင်းတရားမှ ဘာကျေနပ်မှုများ တွေ့သွားပါသလဲ။

ကျွန်တော့် ရင်တွင်း၌ မီးစ စူးစူးချွန်ချွန် ပေါ်လာပြန်၏။

ကျွန်တော်က ကိုကို၏ မျက်နှာပေါ်တွင် ပဝါလေး ပြန်အုပ်ပေးပြီး နေရာမှ ထသည်။

"ကဲ. . . လုပ်ကြတော့. . . သဘောရှိ"

နိဗ္ဗာန်ယာဉ်က နောက်ဆုတ် ထိုးပေးလာသည်။

ခြေရင်း ခေါင်းရင်း မမှားအောင် တစ်စုံတစ်ယောက်က သတိပေး၏။ လက် မညှပ်မိရန်၊ မပွန်းမရှမိရန်လည်း တစ်ယောက်တစ်ပေါက် အော်နေကြသည်။

အစ်ကို၏ ခေါင်းကို မထမ်းသူ ကျွန်တော့်ကို လူတွေက ဘယ်သို့ ထင်ကြမည်နည်း။ ကိစ္စ မရှိပါ။

ထောင့်တစ်ထောင့်မှာ ကျွန်တော် ရပ်နေသည်။ ဖျောင်းဖျ နှစ်သိမ့်လို၍လား မသိ၊ လူ နှစ်ဦးစ သုံးဦးစ ကျွန်တော့်အနီး ကပ်လာကြသည်။ သို့ရာတွင် ကျွန်တော့် မျက်နှာထားမှ ဘာကို မြင်သွားကြသည် မသိ ခွာသွားကြ၏။

စိန်ပန်းပြာပင်တို့ကို မြင်နေရ၏။ ခြေဘီ. . . အရွက်ကြွေနေသား။ မြေပြင်မှာ ရွက်ဝါမွန်မွန်များ ပြန့်ကျဲအနေသား။

*". . .ညီလေးငယ် ကိုကို့အတွက်တော့ အားလုံး ကြွေသွားပြီ၊ မြှော်လင့်ချက် ဆိုတာတွေလေ. . ."*

ကိုကို့စာမှ စကားရပ်များက အာရုံတွင် ပေါ်လာသည်။

"တောက်. . ."

ရင်တွင်းမှ မီးစသည် ပိုချွန်လာသည်။ ပိုစူးလာသည်။ ပိုပူလာသည်။

လူတွေက လှုပ်လှုပ်ရှားရှား ဖြစ်နေကြ၏။ အသုဘ၌ ခြေသည်းလက်သည်း လုပ်သူတို့က ရှေ့ ပြေးလိုက် နောက်လာလိုက်နှင့်။

www.burmeseclassic.com

www.burmeseclassic.com



ကြေးစည်သံ တစ်ချက်သည် လွမ်းဆွတ်ကြေကွဲဖွယ် တဝေဝေ ထွက်ပေါ်လာ၏။

သြော်.. ခရီး စပြီ၊ နောက်ဆုံးခရီး စပြီ။

ရင်ဘတ်တွင် မျက်နှာသုတ်ပဝါ စည်းထားရသော ဒေါ်လေးကို အိမ်က ဗောက်(စ်)ဝက်ဂွန်းကားပေါ် တင်ခေါ်သွားကြသည်။

ကျွန်တော်ကမူ နိဗ္ဗာန်ယာဉ်နောက်မှ ကပ်လျက် လျှောက်လိုက်သည်။

စဝ်စံထွန်းဆေးရုံကြီးမှသည် ဈေး၏ အနောက်ဘက်ရှိ သုသာန်ဆီမှာ အတန်ဝေးသည်။ သို့ရာတွင် ကျွန်တော့်အတွက်မူ ဘာမျှ ကြာအောင် မလျှောက်လိုက်ရဟု ထင်သည်။

သုသာန်ဇရပ်တွင် ထုံးစံအတိုင်း သရဏဂုံတင်ကြသည်။

သရဏဂုံကို သေသူအား တင်ပေးသည်လော၊ ကျန်ရစ်သူတို့ကို တင်ပေးသည်လော..။ ဒါကို ကျွန်တော် မသိပါ။

ကျွန်တော်တော့ သရဏဂုံ မတည်လိုက်ပါ။ အကျင့်ပါနေ၊ အလွတ်ရနေသောကြောင့်သာ ပါးစပ်က လိုက်ဆိုနေမိသည်။ ကျွန်တော့်စိတ်တွေကမူ လွင့်ချင်ရာ လွင့်နေ၏။

ရေစက်ချ အမျှဝေပြီးသည်နှင့် တစ်ပြိုင်နက် သူတို့က ခေါင်းကို အသေပိတ်ကြပြီ။

တူသံတွေက ကျယ်လွန်းသည် ထင်သည်။ ရက်စက်လွန်းလှသည်လည်း ထင်၏။ တူချက်တို့သည် ခေါင်းပေါ် မဟုတ်။ ကျွန်တော့် နှလုံးသားပေါ် ကျလာနေသည် ထင်၏။

"လူလေးရေ.. ထွန်းနောင်ရေ.. အမယ်လေး.. သားကြီးရေ.. မင်း တကယ် သွားပြီပေါ့နော်၊ တို့ကို တကယ်ခွဲသွားပြီပေါ့။ အမယ်လေး.. အိပ်မက် မဟုတ်တော့ပါလား။ ထွန်းနောင်ရေ.. ကိုယ့်အသက်ကိုယ်တောင် မနမြောတဲ့ လူမိုက်ကြီးရေ.. ဖာတ်သိမ်းဆိုးလို့ ဒေါ်လေး ရင်ကျိုးရပြီဟဲ့၊ သားကြီးရဲ့..."

အားကုန် တစ်ချက် ဟစ်လိုက်ပြီးနောက် ဒေါ်လေးမှာ သတိလစ်သွား၏။

"ကောင်းတယ် ကောင်းတယ်၊ တစ်နည်း ကောင်းတယ်၊ နို့မို့ဖြင့် မြေမြှုပ်ဖို့ ခက်နေဦးမယ်။ ဒေါ်လေးရှင်ကို ကားပေါ် ခေါ်သွားကြဟေ့"



ဦးစံတင်၏ ပြောသံ အဆုံး၌ သူတို့က ဒေါ်လေးကို ကားဆီ ပွေ့သယ်သွားကြ၏။

ကိုကို့ ခေါင်းကိုလည်း မ,ကြပြီ။

သည်တစ်ကြိမ်တော့ ကျွန်တော်ပါ ဝင်ထမ်းသည်။

လိုက်ပို့လိုက်ပါမည်လေ၊ သူ သွားလိုသော ခရီးကို။ နောက်ဆုံး ခရီးကို...။

သည်ကမ္ဘာမြေကြီးကား အကျယ်ကြီးပဲ။ လူ့လောကကလည်း အကြီးကြီးပါ။ သို့ရာတွင် လူတစ်ယောက်အတွက် အကယ်စင်စစ် လိုသော မြေနေရာကား ဘယ်လောက် ရှိပါသလဲ။ ၆ ပေ အမြှောက် ၃ ပေ အမြှောက် ၄ ပေပါ။ ဒီလောက်လေးပါပဲ။

ကိုကို့ခေါင်းကို မြေတွင်းထဲ ချစဉ် ဒီသဘောက ဦးခေါင်းတွင်း ဝင်လာသည်။ လူ့ဘဝ၏ အဓိပ္ပာယ်မှာ သည်လောက်ပဲလား။ သည်မျှပဲလား။ ကိုကို ရေးခဲ့သလို အမှောင်ထဲက လာပြီး အမှောင်ထဲ ပြန်သွားရခြင်းလား။

ခေါင်းပေါ်သို့ မြေတွေ ဖို့ချကြသည်။ တဖြည်းဖြည်း ကျင်းပြည့်သွားပြီ။

အသုဘ ပို့သူ အချို့က မြေတစ်ခဲစီ ကျင်းပေါ် ပစ်ထည့်ကြသည်။ ပြီးတော့ အလျှိုအလျှို ပြန်ကုန်ကြသည်။

ကိစ္စပြီးပေပြီ၊ အင်း.. သူတို့အတွက်တော့ ကိစ္စပြီးပေပြီ။

ကျွန်တော်က မျက်ရည်ကျရင်း မြေပုံပေါ်သို့ မြေကြီးတစ်ခဲကို ပစ်တင်လိုက်သည်။ ကိစ္စပြီးပြီလား၊ ကျွန်တော့်အတွက်တော့ မပြီးသေးပါ။ ကျွန်တော့်လက်၌ မြေခဲမှ ဖုန်မှုန့်တွေ ကြွင်းကပ်ကျန်ရစ်သကဲ့သို့ ရင်မှာလည်း တစ်စုံတစ်ရာ ကြွင်းကပ်ကျန်နေသည်။

ဦးစံတင်က ဆိုသည်။

"အငယ်.. ပြန်ချင် ပြန်တော့၊ ဂူကြမ်း ပြီးတဲ့အထိ ဦးလေး စောင့်နေခဲ့မယ်"

"ကိစ္စမရှိဘူး၊ ကျွန်တော်လည်း စောင့်နေမယ်၊ သြော်.. ဒီမယ် ဆရာကြီး..."

ကျွန်တော် အင်္ဂတေကိုင်နေသူ ပန်းရံဆရာကို လှမ်းပြော၏။

"အုတ်ကို စိတ်စိတ် စီပါ၊ ကြား မရှိစေနဲ့၊ ကြားလား။ ကျူပ်အစ်ကိုက အမှောင် သိပ်ကြိုက်တယ် သိလားဗျ"

ဦးစံတင်က နားမလည်သယောင် ကျွန်တော့်ကို လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အနီး၌ ဂူတွေ ရှိသည်။ ဂူတစ်ခု၏ ဘေးနားတွင် သွားမို ရပ်ကာ သချိုင်းတစ်ခွင်ကို ကျွန်တော် ကြည့်မိ၏။

တောင်ဘက် ကုန်းမြင့် ကုလားသချိုင်းထက်မှာ ငုစပ်တွေ ပင်လုံး ကျွတ် ပွင့်နေသည်။ ရွက်နုတွေကလည်း သစ်စ လွင်စ။ ပန်းတမာပင်တို့က လည်း စိမ်းနေစိုနေ၏။

ကောင်းကင်ပြာပြာတွင် တိမ်ဖြူတို့ ညင်ညင်သာသာ လွင့်ပါးနေကြ၏။

နေရောင်က ရွှေရောင်လို ဝင်းပြီး ကျနေ၏။ မြက်ခင်းစိမ်းစိမ်းတို့ အထက် နေရောင်ကျနေသည်။ သို့ရာတွင် မြရောင်နှင့် ရွှေရောင်သည် ရော မသွား။ မြရောင်အပေါ် ရွှေရောင်သည် လျှပ်ပြီး ပြေးနေသည်။

ဥဩပင်လျှင် တေးကို ဆိုနေ၏။

လှသော နွေဦးပါ။ ကိုကိုနှင့် ကျွန်တော် ချစ်လှပါသော တောင်ကြီးမြို့ ၏ လှသော နွေဦးပါ။

ဒီလို လှပသော လောကကို ကိုကိုက ဘာကြောင့် စောစောစီးစီး စွန့်ခွာရပါသလဲ။

ကျွန်တော့်ရင်မှာ နာလာပြန်၏။

သုသာန်တစ်ခွင်တွင် လူရှင်းနေပြီ။ သုသာန် အဝင် မုခ်ဝ၏ အပြင် ဘက်၌ ကားနှစ်စီးသာ ရှိတော့၏။ တစ်စီးကား ကျွန်တော်နှင့် ဦးစံတင် ပြန် ရန် စောင့်နေသည့် အိမ်မှ အကြမ်းသုံး ဂျစ်ကား။ အခြားတစ်စီးကတော့ ကောင်ဆယ်လ် အမျိုးအစား အပြာနုရောင်။

ရွက်ကြွေနေသော စိန်ပန်းပြာ တစ်ပင်အောက်ပ၌ လူတစ်ယောက် ရပ်နေ၏။

လူတစ်ယောက်. . ယောက်ျားတစ်ယောက်တော့ မဟုတ်၊ မိန်းမ တစ်ယောက်။

မြတ်စွာဘုရား. . အင်မတန် လှသော မိန်းမတစ်ယောက်၊ ကျွန်တော် ၏ လှသော ယဉ်သော 'နှင်း'ထက်ပင် ပိုလှသော မိန်းမတစ်ယောက်။

ထဘီက အဝါ၊ အဝါရှင်းရှင်း။ အကျီက အဖြူ၊ ဖွေးဖွေးဖြူသော အဖြူ။ အသားလေးတွေက ထဘီလိုပင် ဝါသလော၊ အကျီလိုပင် ဖြူသလော။

ဆံပင်တွေက အုပ်ကောင်းပြီး နက်မှောင်လှသည်။ ဒီနက်မှောင်သော ဆံပင်ကို နောက်တွင် တစ်ပတ်လျှို ထုံးထားပြီး လည်တိုင် ဝင်းဝင်းကို ဝိုက်ကာ ရင်ဆီသို့ ချထား၏။



ဩော်. . ပန်းပေါ်မှာတော့ တဘက် တစ်ထည်၊ ယောဂီရောင် တဘက်တစ်ထည်။

အသုဘရှုလာသူ တစ်ဦးလော။ အင်းလေ. သုသာန်မှာ တွေ့ရတော့ အသုဘရှုလာသူ မဟုတ်၍ ဘာဖြစ်ရဦးမည်နည်း။

သို့ရာတွင် အခြား အသုဘရှုသူတွေ ပြန်သွားကြကုန်ပြီ။ ဒီမိန်းမသား က ဘာကြောင့် ကျန်နေရစ်ပါသနည်း။

ယောဂီတဘက်နှင့် သူတော်စင်မို့ ဘယ်ကြည့်ကြည့် သခါရ ဒုက္ခမဲ့ ၏ လက္ခဏာတွေသာ ထင်နေသော တစပြင်ကို ဝိပဿနာဉာဏ်တင်၍ ကြည့်ရှု ဆင်ခြင်နေပါသလော။

သို့မဟုတ် တစ်ကြိမ်က သည်မှာ. . သည်လို နေရာမျိုးမှာ စွန့်ထား ခဲ့ရသော ချစ်သူ ခင်သူ မြတ်နိုးသူ တစ်စုံတစ်ယောက်ကို တမ်းတ သတိရပြီး နွေဦးရာသီမှ လွမ်းဖွယ်သော သုသာန်မြေဝယ် သောကပူကြွင်း အကင်းမသေ မိန်းမောတွေဝေနေပါသလော။

နေရောင်က ကျွန်တော့် ကျောဘက်မှနေ၍ မိန်းမလှဆီကို ထိုးကျ နေသည်။ နေရောင်ခြည်သည် မြက်ခင်းမှ မြရောင်နှင့် မရောသကဲ့သို့ မိန်းမလှ ၏ ကိုယ်ဝါရွှေရည်နှင့်လည်း မရောပါ။ ရွှေရည်ပေါ် နေခြည်ပြေးဘိသည်။

အသေအချာ သတိပြုမိမှ မိန်းမသားသည် ကိုကို၏ မြုပ်နှံရာကို ငေးကြည့်နေမှန်း ကျွန်တော် တွေ့ရသည်။

ကျွန်တော်သည် လှုပ်ရှားလာ၏။

ဂူသွင်းနေသူများထံ ချဉ်းကပ်သွားပြီး မေးမိ၏။

"ဦးလေးစံတင်. . ဟိုဟာ ဘယ်သူလဲ"

"ဘယ်ဒင်းလဲ. . ဘယ်ဂူကို မေးတာလဲ"

"ဂူကို ဘာဖြစ်လို့ မေးရမှာလဲ၊ မေးစရာလည်း မလိုဘူး။ ဂူတိုင်းမှာ နာမည်ထိုးထားတာပဲဟာ. ."

"နို. . ဒါဖြင့် ဘယ်သူ့ကို မေးတာလဲ"

"ဟို. . မိန်းမလှ အဲ. . မိန်းမ. ."

"ဘယ်က မိန်းမလဲ"

"ဟောဟို သစ်ပင်အောက်က. . ဟယ်. ."

ဦးစံတင်ကို ပြရန်အတွက် စောစောက မိန်းမလှကို တွေ့ရာဆီ ကျွန်တော် လှည့်လိုက်သည်။

www.burmeseclassic.com



မိန်းမလှကား မရှိတော့ပြီ။

သုသာန်၏ အပြင်ဘက်၌ ကောင်ဆဲလ်ကားပြာကြီးကား ဘီးလိမ့်ထွက်စပြုနေ၏။

ဦးစံတင်သည် ကျွန်တော့်ဘက် ပြန်လှည့်ပြီး မျက်လုံးပြူး၍ ဆို၏။

"အငယ်... ဘယ်မှာလဲ မင့်မိန်းမလှ၊ ဟယ်... တို့ တောင်ကြီးသချိုင်းက တစ္ဆေမခြောက်တတ်ပါဘူး။ ပြီးတော့...နေ့ခင်းကြောင်တောင်ကြီး"

ကျွန်တော်သည် ဦးစံတင်ကို မဖြေဘဲ မှိန်ဝဆီ အပြေးကလေးသွားသည်။

ကားပြာမှာ မျက်စိအောက်မှ ပျောက်သွားလေပြီတကား။

▣

"အငယ်ရယ်... ကမ္ဘာ မီးလောင်တုန်း နှင်က ဆီမီးခွက် တောက်နေရပြန်ပါပြီ။ ငါ ပြောပါရောလား၊ ပြီးတာဟာ ပြီးပါစေလို့၊ တစ်မီးကနေ နှစ်မီး နှင် မမွေးချင်စမ်းပါနဲ့"

အပြစ်တင်ဟန် လေသံ ပါနေသော်လည်း ဒေါ်လေး၏ အသံမှာ တည်ငြိမ်နေသည်။

ကျွန်တော်က ဒေါ်လေးကို စိုက်ကြည့်သည်။

အသံမှာ တည်ငြိမ်နေသကဲ့သို့ ဒေါ်လေး၏ မျက်နှာမှာလည်း တည်ငြိမ်နေသည်။

ပေါက်ကွဲစဉ်တုန်းကမူ ဒေါ်လေးသည် အပြင်းအထန် ပေါက်ကွဲခဲ့သည်။ ယခု တည်ငြိမ်နေပြန်တော့လည်း မုန်တိုင်း ပြီးသွားသည့် ပင်လယ်ပြင်လေအလား။

ဒေါ်လေးသည် စိတ်ဓာတ် ကြံ့ခိုင်သော အပျိုကြီးတစ်ဦး ဖြစ်၏။ ဒေါ်လေး စိတ်ဓာတ် မကြံ့ခိုင်ဘဲနှင့် ကျွန်တော်တို့ ညီအစ်ကို သည်အခြေရောက်ခဲ့မည် မဟုတ်။ ဒါကိုတော့ ကျွန်တော် အသိဆုံး။

ကျွန်တော်တို့ ညီအစ်ကို။

ကျွန်တော့်ရင် နာလာပြန်သည်။

ဘယ်မှာ ဟုတ်တော့လို့လဲ၊ ဘယ်မှာ အစ်ကို ရှိတော့လို့လဲ။

"ဒေါ်လေး..."



"ဘာလဲ..."

"ကျွန်တော်က ဆီမီးခွက်တောက်နေတာ မဟုတ်ဘူး၊ ကျွန်တော့်ရင်ထဲမှာလည်း ကမ္ဘာမီးလောင်နေသဗျ။ သိရဲ့လား"

"ငါ ပြောတယ်၊ တော်တော့...လို့"

"မတော်နိုင်ဘူး ဒေါ်လေး... မတော်နိုင်ဘူး၊ ဒီမှာ... အခုအထိ ဘာအဖြေရလို့လဲ၊ ဘာတစ်ခု သိရလို့လဲ"

"နင်က ဘာသိချင်ရတာလဲ"

"ကျွန်တော် မေးပါရောလား၊ ဘာလို့ ကိုကိုဟာ သူ့ကိုယ်သူ သတ်သေရတာလဲ"

"အဲဒါ ငါက ဘယ်လိုလုပ် သိရမလဲ၊ ဒီမှာ အငယ်... ရဲတွေကလည်း ဒါပဲ မေးတယ်၊ အခု နင်ကလည်း ဒါပဲ မေးနေပြန်ပြီ၊ ငါက ဘယ်လိုလုပ် သိရမှာလဲ၊ စိတ်ဆင်းရဲလို့ ဖြစ်မှာပေါ့၊ အေး... ငါ တစ်ခုပဲ ယူကျုံးမရ ဖြစ်မိတယ်၊ သူ့ကိုရော... နင့်ကိုရော... ငါ စိတ်ချမ်းသာအောင် ထားခဲ့တယ်၊ ဒီကြားထဲက..."

ဒေါ်လေးသည် စကားမဆုံး။ နောက်ဆုံး အသံမှာ တုန်သည်ကို ကျွန်တော် သတိပြုမိ၏။

ဒေါ်လေးသည် မျက်တောင်များကို တဖျပ်ဖျပ် ပုတ်ခတ်နေပြီး လက်တွင်းမှ အညိုရောင် ဂုဏ်တော်ပုတီးကို စိပ်နေ၏။

ဘေးမှာ ဦးစံတင်သည် ဘာစကားမှ ဝင်မပြောဘဲ ဒေါ်လေးကို ကြည့်လိုက်၊ ကျွန်တော့်ကို ကြည့်လိုက်နှင့် လုပ်နေရှာ၏။

ဦးစံတင်မှာ ဒေါ်လေး၏ မောင်တစ်ဝမ်းကွဲ၊ ကျွန်တော့်ဦးလေးဝမ်းကွဲ ဖြစ်သည်။ သည်အိမ်မှာ ယောကျ်ားလူကြီးဟူ၍ သူ တစ်ဦး ရှိသော်လည်း အမှန်မှာ ဒေါ်လေး သြဇာကို လွန်ဆန်နိုင်သူ မဟုတ်။ ဒေါ်လေးက အစစအရာရာကို လွှမ်းမိုးထားသည်။ ဒေါ်လေး မလွှမ်းမိုးနိုင်သူမှာ ကျွန်တော် တစ်ယောက်သာ ရှိသည်။

ကျွန်တော်က ချောင်းရှင်းပြီး ပြော၏။

"ဒေါ်လေးကို ထပ်စိတ်ဆင်းရဲအောင် လုပ်နေသလို ဖြစ်ရင် ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ဒေါ်လေး... ဒေါ်လေးရဲ့ စကားထဲမှာပဲ ပါနေတယ်၊ ကိုကိုကို ဒေါ်လေး စိတ်ချမ်းသာအောင် ထားတယ်၊ ဒီကြားထဲက..."

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် စိတ်တွင်း၌ မခံမရပ် ဖြစ်လာသောကြောင့် နေရာမှ ထပြီး လမ်းလျှောက်ရင်းမှ ဆက်ပြောနိုင်၏။

"ကိုထွန်းနောင်… တချို့က ဦးထွန်းနောင်… ဟုတ်လား။ ဆေးလိပ်ခုံပိုင်ရှင် သူဌေးကလေး (ဝါ) သူဌေး ဒေါ်လေးရှင်ရဲ့ တူအကြီး သားအကြီး၊ တိုက်နှစ်လုံး၊ ကားနှစ်စီး၊ ငွေဆိုတာ… အင်း ဟင်း ဟင်း… ကိုကို ခဏ ခဏ ပြောသလို မွဲတုန်းကလည်း ရှာလိုက်ရတာ၊ ရှိသင့်တာထက် ပိုလာတော့လည်း ဘာလုပ်ရမှန်း မသိဘူး၊ ထားပါတော့၊ ငွေကို ငွေလို့ မထင်ချင်ရင် မထင်ဘဲ နေနိုင်တဲ့ ကိုထွန်းနောင်၊ အဲဒီကိုထွန်းနောင်ဟာ သူ့ကိုယ်သူ သတ်သေသွားတယ်၊ ဘာကြောင့် သတ်သေသွားတယ် ဆိုတာကို ခင်ဗျားတို့ မသိဘူး… မသိဘူး…"

ကျွန်တော် အော်သည်။ ကျွန်တော် အော်တော့ ဦးစံတင် လန့်ဖျပ်သွားသည်။ ဒေါ်လေးကသာ ကျွန်တော့်မျက်နှာကို တည့်တည့် စိုက်ကြည့်ပြီး ဆို၏။

"အေး… တို့ မသိဘူး၊ နို့… နင် သိသလား"

"သိတယ်… သိလို့ ပြောနေတာ"

"ဘာရယ်… နင် သိတယ်"

"ဟုတ်တယ်၊ သိတယ်၊ ကိုကို သေရတာ မိန်းမတစ်ယောက်ကြောင့်"

ဦးစံတင် မျက်လုံးပြူးသွားပြန်၏။ ဒေါ်လေးက မျက်မှောင်ကြုတ်ပြီး မေး၏။

"မိန်းမတစ်ယောက်ကြောင့်… သေရှာရဲ့လား အငယ်၊ သေတဲ့လူ နာမည်ပျက်ပါ့မယ်"

"ဒေါ်လေး… ကျွန်တော်တို့ ညီအစ်ကို ဘယ်လောက် ချစ်တယ် ဆိုတာကို သူများထက် ဒေါ်လေး ပိုသိတယ်၊ သေခါမှ ကိုယ့်အစ်ကိုကို ကိုယ် နာမည်ဖျက်ပါ့မလား"

"ထားပါတော့… အဲဒါ နင် ဘယ်လိုလုပ် သိသလဲ"

"ကိုကို့ဆီက စာတွေ ရလို့ သိတယ်၊ သူ့စာအရဆိုရင် သူ အင်မတန် အဲ… ကန်တော့ပါရဲ့၊ ချစ်တဲ့ မိန်းမတစ်ဦးကို တွေ့ခဲ့တယ်၊ အဲဒီမိန်းမက သူ့ကို ဘယ်လို ရက်စက်လိုက်သလဲ မသိဘူး၊ သံကြိုးမရခင် တစ်ရက်က ရတဲ့ စာထဲမှာ သူ့မျှော်လင့်ချက်တွေ ဆုံးပြီ ဖြစ်တဲ့အကြောင်း၊ လောကကို မခင်တွယ်တဲ့ အကြောင်း၊ အဲဒီသဘောတွေ ရေးထားတယ်"



ဒေါ်လေး၏ အသွင်၌ စိတ်ဝင်စားဟန် ပေါ်လာသည်။ ဒေါ်လေးသည် ပုတီးစိပ်ခြင်းကို ရပ်လိုက်ပြီး မေး၏။

"အဲဒီမိန်းကလေးဟာ ဘယ်သူလဲ"

"အဲဒါကို ကျွန်တော် မသိဘူး၊ ဒေါ်လေးတို့ကော… မသိဘူးလား"

"ဟယ်… လုပ်ပြန်ပြီ၊ နင် ပြောမှ တို့က အခု သိရတာ"

"မဟုတ်ဘူးလေ… ဒေါ်လေးတို့ နည်းနည်းမှ မရိပ်မိဘူးပေါ့၊ ဥပမာ ကိုကိုနဲ့ တွဲတဲ့… ဒါမှမဟုတ် တစ်ခါတလေ ဖြစ်ဖြစ် ကိုကို သွားလည်တတ်တဲ့ အိမ်တစ်ခုခုက မိန်းကလေး တစ်ယောက်ယောက်… အဲဒါမျိုး…"

ဒေါ်လေးက ခေါင်းခါသည်။

"မရှိပါဘူးဟယ်… နင့်အစ်ကိုဟာ မိန်းကလေးတစ်ယောက်နဲ့ တွဲဖို့ အိမ်အလည် သွားဖို့ ထားရော့… ဆေးလိပ်ခုံက မိန်းကလေးတွေ ဆိုတောင် သိန်းဥတို့ မြနွဲ့တို့လို ငယ်ငယ်ကတည်းက ကျွမ်းတဲ့ လူတွေနဲ့သာ စကားပြောတာ၊ အဲဒါတွေကလည်း အသက် အစိတ်ကျော်တဲ့ ကလေး အမေတွေ၊ နင် သိသားပဲ"

ကျွန်တော်က ဦးစံတင်ဘက်သို့ လှည့်လိုက်၏။

"ဦးလေးကော မသိဘူးလား"

"ဘာကိုလဲ…"

"အဲဒီ မိန်းကလေး…"

"အငယ်… မင်း ဘာဖြစ်နေတာလဲ၊ ဟိုတစ်နေ့ကလည်း သုသာန်မှာ မိန်းကလေးတစ်ယောက်တဲ့၊ အခုလည်း လာပြန်ပြီ မိန်းကလေးတစ်ယောက်တဲ့…"

ကျွန်တော်သည် စိတ်ရှုပ်လာ၏။ စိတ်လည်း တို၏။ သူတို့က ကျွန်တော့်ကို ယုံဟန် မတူ။ ကျွန်တော့်ကို့များ ရူးနေပြီ ထင်ကြသလော။

ဦးစံတင်၏ စကားကြောင့် ကျွန်တော့်မှာ မေးစရာ ထပ်ပေါ်လာပြန်၏။

"အဲဒီမိန်းမတစ်ယောက်ကော ဘယ်ကလဲ"

"ဘယ်… အဲဒီမိန်းမလဲ"

"ဩော်… ဒုက္ခပါပဲ၊ သုသာန်မှာ တွေ့တဲ့ မိန်းမဟာဗျ"

ဦးစံတင်က သူ့ ခေါင်းတုံးဆံတောက် ဖြူဖြူကို ကုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သုသာန်မှာ မင်း၊ အဲဒီမိန်းကလေးကို တကယ် တွေ့လိုက်ရတယ် ဆိုတာ မှန်ရင်တော့ အဲ... အသုဘ လိုက်ပို့ကြတဲ့အထဲက တစ်ယောက်ယောက် ဖြစ်မှာပေါ့"

"အဲဒီလိုဆိုရင် အသိထဲက မဖြစ်နိုင်ဘူးလား၊ မသိဘဲနဲ့ လိုက်ပို့ရ သလား"

"ဟာ... အသုဘဆိုတာ သိမှ လိုက်ပို့ကြတာ မဟုတ်ဘူး၊ ငါဆိုရင် ရပ်ဝေးက လာပြီး ဆေးရုံမှာ သေတဲ့ အသုဘဆို မသိဘဲ အမြဲလိုက်ပို့နေတာ"

"ဒါတော့ ဦးလေးက အဘိုးကြီးဗျ၊ အခုဟာက မိန်းမသား... ပြီးတော့ ချောချော လှလှ"

"ဩော် ဩော်... အေး အေး... မိန်းမသား ချောချောလှလှက အသုဘ လိုက်မပို့ရဘူး၊ အဘိုးကြီး အရုပ်ဆိုးဆိုးမှ ဟုတ်လား..."

"အရေးထဲ ဦးလေးက စိတ်တိုနေပြန်ပါပြီ၊ ကျွန်တော် ပြောတာက မသိဘဲ လိုက်ပို့တာကို..."

"အေး... ထားပါတော့၊ ထားပါတော့၊ မင်း တွေ့တယ်ဆိုတာဟာ နာနာဘာဝလားမှ မသိတာ"

"နာနာဘာဝဆို ကားအပြာကြီးနဲ့ ပြန်သွားပါ့မလား"

"မင်း နာနာ... အဲ မိန်းကလေး ချောချောလှလှက အဲဒီကားကြီး ပေါ် တက်သွားတာ မင်း တွေ့လို့လား"

ကျွန်တော် ငိုင်ကျသွားရသည်။

မိန်းမလှကို မြင်ခဲ့သည်။ ကားပြာကြီး ထွက်သွားသည်ကိုလည်း မြင်ခဲ့သည်။ သို့ရာတွင် မိန်းမလှ ကားပေါ် တက်သွားသည်ကို လည်းကောင်း၊ ကားပေါ်၌ မိန်းမလှ ပါသွားသည်ကို လည်းကောင်း ကျွန်တော် မမြင်ခဲ့၊ မတွေ့ခဲ့။

ကျွန်တော် ခေါင်းကို ခါယမ်းမိသည်။ စိတ်ပျက် စိတ်ရှုပ်စွာ ခါယမ်း မိ၏။

ဒေါ်လေးက ကြင်နာသော အကြည့်နှင့် ကျွန်တော့်ကို လှမ်းကြည့် သည်။

"အငယ်... လူကလေး၊ မင်း ပင်ပန်းနေပြီ၊ ငါ့သားငယ် စိတ်ထဲ ဘယ်လို ခံစားနေရတယ် ဆိုတာကို ဒေါ်လေး နားလည်တယ်။ တရား သိတယ် လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတဲ့ ဒေါ်လေးတောင် သတိလက်လွတ် ဖြစ်ခဲ့ရသေး



တာ၊ ထားတော့လေ... ဒါပေမဲ့ ဒေါ်လေး ပြောမယ့်စကားကို သေသေချာချာ နားထောင်စမ်း"

ဒေါ်လေးသည် စိပ်ပုတီးကို မ,ပြီး ဖျောင်းဖျောင်းဖျဖျ ဆက်ပြော၏။

"ဒေါ်လေးလိုပဲ တရားနဲ့ ဆင်ခြင်ဖြေပါ အငယ်၊ သူတစ်ပါး သတ် လို့ပဲ သေသေ၊ ကိုယ့်ကိုယ်ကိုယ် သတ်လို့ပဲ သေသေ၊ ဒါမျိုးကို အကာလမရဏ လို့ ခေါ်တယ်။ ဘဝက အကုသိုလ်ဟာ ကြီးလွန်းလို့ပေါ့ အငယ်။ တော်ရုံတန်ရုံ အကုသိုလ်နဲ့ လူဟာ ကိုယ့်ကိုယ်ကိုယ် သတ်မသေရဲဘူး။ စဉ်းတောင် မစဉ်းစား ဝံ့ဘူး။ ဘယ်သူ မပြု မိမိမှုတွေမှာ မဆိုင်တဲ့ တရားခံ မရှာပါနဲ့။ ဒါကြောင့် ငါ့တူ ကိုယ့်စိတ်ကို ဖြေပါ။ ဆွမ်းသွတ်ပြီးရင်ပြီးချင်း မင်း တက္ကသိုလ်ကို ပြန်သွားပါ။ စာမေးပွဲကို အောင်အောင် ဖြေပါ။ မင်း သိဖို့က အခု ဒီလောကမှာ ဒေါ်လေးအတွက် ချစ်စရာ အားကိုးစရာ ဆိုလို့ မင်းတစ်ယောက်ပဲ ကျန်တော့ တယ်။ ဒေါ်လေး မျက်စိ မပိတ်ခင် မင်းတစ်ယောက်အတွက်တော့ ဒေါ်လေး စိတ်ချမ်းသာပါရစေ။ ကဲ... မင်း အိပ်တော့၊ မျက်လုံးတံခါးကိုလည်း ပိတ်ပါ၊ စိတ်တံခါးကိုလည်း ပိတ်ပါ"

ကျွန်တော့်ဒေါ်လေးသည် ပြုတ်သည်။ ပင်ကိုစရိုက်ကြောင့်လော...၊ ပြောလေခဲ့သည့် တရားသိခြင်း ဆိုသည်ကြောင့်လော...။

ဒေါ်လေးသည် စိပ်ပုတီးကို လက်ကောက်ဝတ်၌ ပတ်လိုက်ပြီး အခန်း တွင်းမှ ထွက်သွား၏။

ဦးစံတင်ကလည်း နေရာမှ ထပြီး ကျွန်တော့်ပခုံးပေါ် လက်တင်၍ ဆို၏။

"မင့်ဒေါ်လေး စကားကို နားထောင်ပါ အငယ်။ မင်း ပြောခဲ့တာတွေ ဟာ မဟုတ်နိုင်ဘူးလို့ တို့ မပြောဘူး။ ဒါပေမဲ့... တို့ မသိတာလည်း အမှန် ပါ။ မင်းကိုကိုဟာ အားကြီး သိုသိုသိပ်သိပ်နိုင်တဲ့ သူငယ်၊ အခု သူ သေသွား ပြီ။ သိုသိပ်ချင်လို့ သူ့မှာ လျှို့ဝှက်ထားခဲ့တာတွေ ရှိတယ်ဆိုရင် အဲဒါတွေဟာ သူနဲ့ပဲ ပါသွားပါစေတော့၊ တို့နဲ့ မကျန်ရစ်ပါစေနဲ့။ အထူးသဖြင့် အငယ်နဲ့ မကျန်ရစ်ပါစေနဲ့။ တို့ကတော့ ကြီးပါပြီ... အငယ့်အတွက်က ရှေ့မှာ ပျော် စရာ အချိန်တွေ အများကြီး ကျန်ပါသေးတယ်"

ဦးစံတင်လည်း ထွက်သွား၏။

ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်သည်။ ဩော်... ကျွန်တော် တစ်ယောက်တည်း ကျန်ရစ်ပြန်ပါလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



အပြင်ဘက်၌ လ သာနေသည်။

သည်လက ဘာကြောင့် သည်လောက် သာရပါသနည်း။ တော်ပါသေး၏၊ ရှက်ဝါတွေ မကြွေ။ အင်း... ကြွေသံ လွင့်သံ မကြားရ။

အိမ်နောက် မီးဖိုချောင်ဆီမှ ချက်ကြပြုတ်ကြသံကို ကြားရသည်။ မနက်ဖြန်၌ ရက်လည်ဆွမ်းကပ်ကြမည်။ ကိုကို့ သက်စေ့ သံဃာ ၂၅ ပါး ပင့်ထားသည် ဆို၏။

ဘုရားစင် ရှိသော အိမ်ရှေ့ခန်းမဆီမှ ဒေါ်လေး၏ ဆေးလိပ်ခုံ အလုပ်သမကလေးများ၏ ဓမ္မစကြာအဖွဲ့ဝင်တို့ ဓမ္မစကြာတရားကို သံပြိုင် ရွတ်ဆိုသံ ပေါ်လာသည်။

"ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။

ဇာတိပိဒုက္ခာ။ ဇရာပိဒုက္ခာ။ ဗျာတိပိဒုက္ခာ၊ ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော..."

ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော... ချစ်ခင်နှစ်လိုသူနှင့် ကွေကွင်းကင်းကွာ ရှဲခွာဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း ဒုက္ခ၊ အရိယာသူတော်ကောင်းတို့ သိအပ်သော ဒုက္ခ သစ္စာတရား။

ဤသို့ အနက်အဓိပ္ပာယ်ကို ကျွန်တော် သိသည်။ သို့ရာတွင် ကျွန်တော်က အရိယာ မဟုတ်။ ကြားနေရသော တရားသည် ကျွန်တော့်နားတွင် ကိုကို ရေးခဲ့သကဲ့သို့ပင် 'စကားတစ်မျိုး' သာ ဖြစ်နေ၏... ဖြစ်နေ၏...။

တရားက ဗလာမို့ ကျွန်တော့်ရင်မှာ ဟာနေသည်။

ကျွန်တော်က အခန်းတွင်းကို ကြည့်သည်။ အခန်းကြီးကလည်း ဟာနေ၏။

ယခင်ကတော့ သည်အခန်းမှာ ကျွန်တော်တို့ ညီအစ်ကို အတူနေခဲ့ကြသည်။ ဟိုဘက် နံရံနှင့် ကပ်လျက်က ကိုကို့ ခုတင် ရှိမြဲ။ ယခု ယင်းခုတင် မရှိပြီ။ ဩော်... ကိုကိုလည်း မရှိပြီ... မရှိပြီ...။

ကျွန်တော့် မျက်လုံးများက အပြင်ဘက်ဆီ ရောက်သွားပြန်သည်။

နွေဦးညမှာ လရောင်ဖြူဖြူ ကျနေ၏။ နှင်းမှုန်တွေကလည်း လွင့်ပါးနေကြ၏။

နှင်းမှုန်တွေကြားမှာ... ရေးရေး ရေးရေး ဖြူဖြူ နှစ်ခု။ ကလေး နှစ်ယောက်... ဩော်... ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်။



ချမ်းလိုက်ပါဘိခြင်း။ ကျွန်တော့်အတွက်တော့ ချမ်းလိုက်ပါဘိခြင်း။ သို့ရာတွင် ကိုကိုက ပြေးနေသည်။ ကျွန်တော့်ကို လှည့်မကြည့်ဘဲ ရှေ့သို့သာ အားသွန်ပြေးနေသည်။ မကျေမနပ်ဘဲလျက်နှင့် ကျွန်တော်က နောက်မှ ပြေးလိုက်နေရသည်။ လိုက်ရမည်လေ၊ လိုက်ရမည်လေ..။ သည်လို ချမ်းချမ်းစီးစီး ညကြီးမှာ... ကျွန်တော် တစ်ယောက်တည်း ဘယ်လို နေခဲ့ရမည်နည်း။ ကိုကို့ကိုရော တစ်ယောက်တည်း ဘာကြောင့် လွှတ်ရမည်နည်း... မလွှတ်ဘူး။

"ဟော့... မလွှတ်ဘူး..."

ကျွန်တော်သည် အရူးပမာ အခန်းတွင်းမှ ပြေးထွက်လာ၏။

အိမ်ရှေ့ခန်းမ ဘုရားစင်မှာတော့ ဖယောင်းတိုင်မီးတွေ ထိန်ထိန်ညီးနေ၏။ ပန်းတွေကလည်း ဝေဝေဆာနေ၏။ အမွှေးတိုင် ရနံ့များကလည်း ပျံ့ပျံ့ကြိုင်နေ၏။

သူတို့ကတော့ မျက်လွှာချကာ တည်တည်ငြိမ်ငြိမ်နှင့် ဓမ္မစကြာသုတ်နိဿယကို ရွတ်နေကြ၏။

"ဣဒံ သောတဗ္ဗာ၊ ဤတဗ္ဗာသည်။ သေယျထာကတမာ၊ အဘယ်နည်း။

ကာမတဏှာ၊ ရူပါရုံ စသော ဝတ္ထုကာမကို တပ်မက်တတ်သော တဏှာ လည်းကောင်း၊ ဘဝတဏှာ၊ သဿတဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ လည်းကောင်း၊ ဝိဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်တကွ ဖြစ်သော တဏှာ လည်းကောင်း။

ဣဒံ ခေါ ပန ဓမ္မဇာတံ၊ ဤတဏှာဟူသော သဘောတရားသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော၊ အရိယသစ္စံ၊ အရိယာတို့သည် သိအပ်သော သစ္စာ မည်၏။"

ကျွန်တော်က ရပ်နေ၏။ မတုန်မလှုပ် ရပ်ရင်း သူတို့ကို ကြည့်နေ၏။

နောက်ပါးရှိ ခုံတစ်ခုပေါ်တွင် ကျုံ့ကျုံ့ထိုင်လျက် တရားသံကို အာရုံပြု ကြည်ညိုနေဟန်တူသော ဒေါ်လေးက ကျွန်တော့်ကို မြင်သွား၏။

ဒေါ်လေးသည် နူးညံ့ပျော့ပျောင်းသော လေသံနှင့် ဖိတ်ခေါ်၏။

"အိပ်လို့ မပျော်ဘူး မဟုတ်လား အငယ်၊ လာ... ဒေါ်လေးနားမှာ လာထိုင်၊ ပြီးတော့ တရားကို အာရုံပြုလှည့်..."

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၃

သပိတ်သွတ်ပြီးသော ညနေ၌ ကျွန်တော်သည် ဗောက်(စ်)ဝက်ဂွန်း လိပ်ခုံးကားဖြူလေးကို မောင်းပြီး အိမ်မှ ထွက်လာခဲ့သည်။

ဘယ်ကို သွားမည်ဟု ရည်ရွယ်ချက်က ရှိသည် မဟုတ်။ အိမ်၌ နေရသည်မှာ ရင်ဟာသောကြောင့် စိတ်ပြေလက်ပျောက် ရောက်ချင်ရာ ရောက်ဟု ထွက်လာခဲ့ခြင်း ဖြစ်သည်။

ကျွန်တော်တို့ နေသော တိုက်မှာ မြို့၏ အရှေ့ဘက်ခြမ်း ရေထွက်ဦးလမ်းပေါ်မှာ ရှိသည်။

ကျွန်တော်သည် လူစည်၍ ကားရှုပ်ရာ မင်းလမ်းမကြီးဆီ မမောင်းဘဲ အမှတ် (၁) အထက်တန်းကျောင်းကြီး၏ အရှေ့ဘက်ရှိ လမ်းတစ်လျှောက်မှသာ တောင်ဘက်သို့ ထွက်လာခဲ့သည်။

လမ်း လေးခွဆုံရာ ရောက်သောအခါ အနောက်ဘက်သို့ ဆက်လိုက်၏။ ပြည်သူ့ဆေးရုံကြီး၏ အရှေ့ဘက်ထောင့် ရောက်သော် တောင်ဘက်သို့ ထပ်ချိုးပြီး ဆက်မောင်းပြန်သည်။ သံချိန်းကြိုး ကာရံထားသော ကြိုဂံပုံ ပန်းခြံကလေးရှိရာ လမ်းဆုံ ရောက်ပြန်သော် အရှေ့ဘက်သို့ ကွေ့တက်ပြီး တောင်ခြေလမ်းအတိုင်း မြို့တောင်ဘက်အစွန်သို့ လိုက်လာခဲ့၏။



တောင်ခြေလမ်းနှင့် ဟိုပုန်းဘက် ထွက်သော လမ်းမကြီး ဆုံရာ၌ ကျွန်တော်သည် လမ်းဘေးတွင် ကားကို ထိုးရပ်လိုက်၏။

သည်ဘက်မှာတော့ တိုက်တာအိမ်ခြေ မရှိ။ လမ်း၏ အနောက်ဘက်မှာ ကျယ်ဝန်းသော ဂေါက်ကွင်းမြေ ဖြစ်၏။ မြေပြန့်သက်သက်ကြီးတော့မှု မဟုတ်။ တောချုံနှင့် သစ်ပင် အတန်ရှင်းသော ကွက်လပ်ကြီးတစ်ခုသာ ဖြစ်သည်။ အဆင်း အတက် အနိမ့်အလျှောတွေတော့ ရှိသည်။ သည်လောက်ဆိုလျှင် ကျွန်တော်တို့ တောင်ကြီးမှာတော့ မြေပြန့်ဟု ခေါ်ရသည်။

ကျွန်တော်သည် ဂေါက်ကွင်းတစ်ခွင်ကို ငေးကြည့်မိသည်။

နှစ်ယောက် တစ်တွဲ၊ လေးယောက် တစ်တွဲ စသည်ဖြင့် ဂေါက်သမားများသည် ဤလောက၌ ဘာမျှ အပူအပင် မရှိလေဟန် အေးအေးဆေးဆေး လမ်းလျှောက်ရင်း ဂေါက်ရိုက် ကစားနေကြသည်။ မလှမ်းမကမ်းတွင် လှမ်းမြင်ရသော မြက်ခင်း ဗလီကွက်ပေါ်၌ လူတစ်ဦးက သတိ ဝီရိယကြီးလှသော ပုံဟန်ဖြင့် ကျင်းစိမ်ရန် အားထုတ်နေခိုက် သူ့အဖော်များက လေးလေးစားစား ဟန်ဖြင့် ငြိမ်ကြည့်နေကြသည်။

ဩော် ... သူတို့လို လောကကို ခေတ္တ မေ့ထားနိုင်လေလျှင် အကောင်းသား။

ကျွန်တော်ကတော့ ဘာကိုမျှ မေ့မထားနိုင်ပါ။

ကျွန်တော်တို့ ငယ်စဉ်က သည်နေရာမှာ ဂေါက်ကွင်း မဟုတ်သေး။ ယခုထက် တောနှင့် ချုံ ပိုထူသည်။ ယခုကဲ့သို့ နွေဦးပေါက်ဆိုလျှင် ချုံပုပုတို့၌ ငါးဥသီးတို့ မှည့်စပြုရော့မည်။ ငါးဥသီးဟူသည်မှာ ဘွတ်(ရှ်)ဘယ်ရီသီးဟု ကြီးတော့ သိရသည်။ ဥလေးတွေလို ဝါဝါဖုံးလုံးလေးတွေ စုအုံပြွတ်နေသည်မို့ ကျွန်တော်တို့က ငါးဥသီးဟု ခေါ်သည်။ အရသာက ချဉ်ချဉ်ချိုချိုနှင့်၊ ဝါးလိုက်လျှင် အစေ့လေးများက စထရော်ဘယ်ရီစေ့လိုပင် ပါးစပ်တွင်း၌ တဖျောက်ဖျောက်နှင့် ...။

ငါးဥသီး မှည့်ချိန်ဆိုလျှင် ကျွန်တော်တို့ ညီအစ်ကို သည်နေရာ ရောက်လာရိုး ဖြစ်၏။ ငါးဥသီး ချုံမှာ ဆူး ရှိသောကြောင့် သတိနှင့် ခူးကြရသည်။ ကိုကိုက အသီး မှည့်မှည့် လှလှတွေကို ရွေးခူးပြီး သူ့ပုဆိုးခါးပုံစနှင့် ထုပ်သည်။ ကျွန်တော်ကမူ ရသမျှ ပါးစပ်တွင်း သွင်း၏။ ကိစ္စမရှိပါ၊ အိမ်ပြန်ရောက်လျှင် ကိုကို့အစုထဲမှ တောင်းစား၍လည်း ရသည်။ လုစား၍လည်း ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုကို ဆိုသည့် ကိုကိုက ကျွန်တော့်ကို အမြဲအရှုံးပေးရသည် မဟုတ်ပါလော။

ကျွန်တော်သည် သက်ပြင်းချမိ၏။

ကျွန်တော်တို့ ညီအစ်ကိုမှာ သည်မှာ မွေး၊ သည်မှာ နေ၊ သည်မှာ ကြီးကြရသည်မို့ သည်မှာ နေသရွေ့တော့ ဘယ်သွားသွား ကိုကို့ကို အမှတ်ရစေမည့် အရာတို့ကို ရှောင်လွှဲ၍ ရမည် မဟုတ်။

ဒေါ်လေး တိုက်တွန်းသည်ကို နာခံ၍ ရန်ကုန်တက္ကသိုလ်ဆီ အမြန်ပြန်ရမည်။ ဟိုပြန်ရောက်လျှင်မူ ပျော်တတ် ရွှင်တတ်သော ပျော်အောင် ရွှင်အောင်လည်း လုပ်တတ်သော သူငယ်ချင်းတွေ ရှိသည်။ ပြီးတော့... အင်း... ပြီးတော့ 'နှင်း'တစ်ယောက်လည်း ရှိလေသေးသည်။

နှင်းကို သတိရသော ကျွန်တော့်ရင်မှာ အေးသလို ဖိုသလို ဖြစ်လာသည်။ ဪ... လောကကြီးမှာ ထင်သလောက် မဆိတ်သုဉ်းပါ။ ဦးစံတင်ပြောသကဲ့သို့ ကျွန်တော့်အတွက် ရှေ့မှာ ပျော်စရာ အချိန်တွေ အများကြီး ကျန်ပါသေးသည်။ ကျန်ပါလေသေးသည်...။

နှင်းကို သတိရလိုက်မိသည့်အခိုက်တွင်ပင် ကားတစ်စီးသည် ဂေါက်ကလပ် ရှိရာ ကုန်းမြင့်ထက်မှ လမ်းမကြီးဆီ ဆင်းလာသည်။

ကျွန်တော့် ရင်မှာ ခုန်သွား၏။

ဟိုတစ်နေ့က ကားကြီး... အပြာနုရောင် ကောင်ဆယ်လ် အမျိုးအစား။

ကျွန်တော် ကြည့်နေစဉ် ကားကြီးသည် လမ်းမပေါ် ရောက်ပြီး မြို့တွင်းဘက်သို့ ပြန်မောင်းသွားသည်။

ဒရိုင်ဘာ၏ ဘေး၌ မိန်းမပျို တစ်ဦးပါသည်။ သို့ရာတွင် ဟိုတစ်နေ့က မိန်းမလှတော့ မဟုတ်။ ဒါကတော့ သေချာသည်။ ယခု တွေ့လိုက်ရသော မိန်းမပျိုက များစွာ ငယ်သေးသည်။ ပြီးတော့ ဆံပင်က လယ်ကုပ်ထက်သာ ဝဲသည့် ကျောင်းသူ ဆံတောက်နှင့်။

ပထမမှူ... ကျွန်တော်သည် ကိုယ့်ကားဆီ ပြန်သွားပြီး ကားပြာကြီးနောက် လိုက်မည် ကြံသည်။ သို့ရာတွင် ဘာကြောင့် လိုက်ရမည်နည်း။ လိုက်ပြီးနောက် ဘာလုပ်ရမည်နည်း။

ကျွန်တော် ချီတုံချတုံ ဖြစ်နေခိုက် မမျှော်လင့်သော အော်ခေါ်သံ ပေါ်လာ၏။



"ဦးလေး... ဦးလေး အငယ်"

အော်ရင်း ခေါ်ရင်း ဂေါက်ကွင်းမြေကို ဖြတ်လျက် အသက် ၁၂ နှစ်အရွယ် သူငယ်လေးတစ်ယောက်သည် ကျွန်တော့်ထံ ပြေးလာ၏။

"ဟာ... မောင်မြဦးပါလား"

မောင်မြဦးသည် ပြုံးရွှင်စွာနှင့် ကျွန်တော့်အနီးသို့ ကပ်လာသည်။

"မင်း... ဒီ ဘာလာလုပ်နေတာလဲ မောင်မြဦး"

"ဟာ... ဦးလေးကလည်း မသိဘူးလား၊ ကျွန်တော် ဒီမှာ အမြဲကယ်ရီ(ဂေါက်အိမ်ထမ်း) လာလုပ်တာပဲဟာ"

"ဪ... အေး... ဟုတ်သားပဲ၊ ဒီနေ့ မင်း မထမ်းရသေးဘူးလား"

မောင်မြဦးသည် နွမ်းနယ်လှသော ပင်နီ ရှမ်းဘောင်းဘီရှည်လေး ဝတ်ထား၏။ အင်္ကျီကတော့ အကွက်လည်း မပေါ်။ အမွေးလည်း တုံးနေပြီ ဖြစ်သော ဖလန်နယ်အင်္ကျီ လက်တိုလေး ဖြစ်၏။

မောင်မြဦးက သူ့အင်္ကျီအိတ်ကလေးအတွင်းမှ ငွေ တစ်ကျပ်ကို နှိုက်ယူပြီး ဆို၏။

"ထမ်းရပါတယ်၊ ကျွန်တော်က ဒီနေ့ စဝ်စံထွန်းဆေးရုံကြီးက ဆရာဦးဘဖေသော်ရဲ့ အိတ် ထမ်းတာ၊ သုံးကျင်းပဲ လိုက်ရသေးတယ်၊ အရေးပေါ်လူနာတစ်ဦး ခွဲစိတ်ဖို့ လိုက်ခေါ်လို့ ဆရာ ပြန်ပြေးရပြီ။ ကျွန်တော်လည်း သုံးကျင်းတည်းနဲ့ တစ်ကျပ် ရလိုက်တယ်"

"မင်း... အိမ်မပြန်သေးဘူးလား"

"ပြန်မလို့ပဲ... ညီလေးဖို့ ငါးဥသီး လိုက်ခူးတာ။ ကောင်းကောင်းမမှည့်သေးလို့ ဒါနဲ့ ကလပ်မှာ မြေပဲဆားလှော်တစ်ထုပ် ဝင်ဝယ်ပြီး ထွက်လည်းလာရော ဦးလေးကို မြင်လို့"

ကျွန်တော့် ရင်မှာ ထိသွားသည်။ ညီလေးဖို့ ငါးဥသီး လိုက်ခူးတာ။ သည်စကားက ကျွန်တော့်ရင်ထဲ တစ်နေရာကို လာထိသည်။

"ကဲ... ဒါဖြင့် ငါနဲ့ လိုက်ခဲ့။ အတော်ပဲ... ဒီတစ်ခေါက် ငါ မင်းတို့ အိမ် မရောက်သေးဘူး"

မောင်မြဦးသည် ရွှင်ပျသွက်လက်စွာပင် ကျွန်တော့်ကားပေါ် တက်လိုက်၏။

ပေါင်မုန့်လို ခုံးခုံးဝိုင်းဝိုင်းလေး ရှိသော တောင်ကုန်းကလေးကို ကွေ့ဝိုက်ဆင်းလာစဉ် ကျွန်တော်က မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"စောစောက ကားအပြာကြီးက မင့်ဆရာ ဦးဘဖေသော်ရဲ့ ကားလား"

"ဟုတ်ဘူးဗျ... ဦးဘဖေသော်ရဲ့ ကားက သေးသေးလေး၊ ခုနကဟာကြီးက သံအမတ်ကြီး အိမ်က ကား"

"သံအမတ်ကြီး..."

"ဟုတ်တယ်၊ ပင်စင်ယူလာတာတဲ့... ဒီရောက်တာ မကြာသေးပါဘူး"

"သံအမတ်ကြီး လာဂေါက်ရိုက်သလား"

"ဟင့်အင်း... အဲဒီက သူ့တူဆိုလား... ဘာဆိုလား၊ ဟုတ်မယ် မထင်ပါဘူးဗျာ"

"အလို... မင်းက ဘယ်လိုလုပ် သိသလဲ"

"သိတာပေါ့ဗျာ... သံအမတ်ကြီးရဲ့ သမီး ဆိုတဲ့ ကောင်မလေး ပါပါလာတယ်"

"အဲဒါနဲ့ ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့... စကားပြောတာက မောင်နှမဂိုက်မှ မဟုတ်ဘဲ တစ်မျိုးကြီးပဲ"

မောင်မြဦး၏ ပြောဆိုဟန်ကို သဘောကျ၍ ကျွန်တော်သည် ရယ်မောမိ၏။ တောင်ကြီး ပြန်ရောက်မှ ရှေးဦးစွာ ပထမ ရယ်မောမိခြင်း ဖြစ်ကြောင်းကိုလည်း သတိပြုမိ၏။

မင်းလမ်းကြီးအတိုင်း မောင်းလာရာမှ ရှမ်းကောင်စီ အဆောက်အအုံကြီးနား ရောက်သောအခါ အနောက်ဘက်သို့ ကျွန်တော်သည် ကားကို ကွေ့ဝင်ခဲ့၏။

အမေရိကန်မှ ပြန်လာသော ကျွန်တော်၏ ဆရာများ ပြောပြချက်အရ မင်ဟက်တန် ခေါ် နယူးယောက် မြို့မကြီးသည် ဘဝနှစ်ခု ရှိသော မြို့ကြီး ဖြစ်သည်ဟူ၏။ အရှေ့ခြမ်းက တစ်ဘဝ၊ ချမ်းသာသူတို့၏ ဘဝ ဟူ၏။ အနောက်ခြမ်းက တစ်ဘဝ၊ ဆင်းရဲသူတို့၏ ဘဝ ဟူသတတ်။ အနောက်ခြမ်း၏ ဘဝကို တင်ပြသည့် ဝက်စ်ဆိုက်ဒ်စတိုရီ ခေါ် အနောက်ခြမ်း၏ ဇာတ်လမ်းပုံပြင်မည်သော ပြဇာတ်ကြီးသည် ရသမြောက်လှသည် ဆိုကြ၏။ ကမ္ဘာကျော် အိန္ဒိယခေါင်းဆောင်ကြီး ရှရီနေရူးသည် ကုလသမဂ္ဂ အစည်းအဝေးကြီးကို လာစဉ် အလုပ်များသည့်ကြားက ယင်းပြဇာတ်ကြီးကို ကြည့်ဖြစ်အောင် ကြည့်သွားသည် ဆိုသတည်း။



တောင်ကြီးမြို့သည်လည်း နှစ်ခြမ်း နှစ်ဘဝ ရှိသော မြို့ပေတည်း။ မင်းလမ်းကြီးကား ဗဟို ဖြစ်၏။ အရှေ့ဘက်ခြမ်းဆီ၌ အစိုးရ ရုံးကြီးများ၊ အရာရှိကြီးများ၏ အိမ်များ၊ ပဒေသရာဇ် အရှင်သခင်တို့၏ ဟော်များ၊ သူဌေးသူကြွယ်တို့၏ ဂေဟာများ ရှိကြသည်။ ပန်းမန် ဥယျာဉ်၊ မြက်ခင်း၊ သစ်တောများနှင့်လည်း တင့်တယ်နေ၏။ ရပ်ဝေးက လူများ စာတွေ့နှင့် လွမ်းကြသော ချယ်ရီတွေ ထိန်ပြီဆိုလျှင် အရှေ့ဘက်ခြမ်း၌ ထိန်၏။ ထင်းရှူးနှင့် ယူကလစ်တက်(စ်) နံ့လေးတွေလည်း သည်ဘက်မှာ ကြိုင်၏။ တောင်က အစ သည်ဘက်မှာ မြင့်၏။

အနောက်ဘက်ခြမ်းမှာမူ ဈေးသည်၊ ကုန်သည်၊ လက်လုပ်လက်စား အလုပ်သမားများနှင့် ဆင်းရဲသားအများ နေထိုင်ကြသည်။ သည်ကြားထဲက ရှိသမျှသော နေရာကောင်းများ၌ နိုင်ငံခြားသားတို့ နေထိုင်ကြသည်။ တိုင်းရင်းသား ဆင်းရဲသား အများကမူ ရေပိုက် မတပ်၊ လျှပ်စစ်မီး မရောက်သော တောင်စောင်းလေးများ၊ လျှိုချောင်များတွင် ဖြစ်သလို အိမ် သို့မဟုတ် တဲဆောက်၍ နေကြရသည်။ အဲသည်ဘက်ကို လာပါ။ ထင်းရှူးတော့ မရှိမဟုတ်၊ ရှိသည့်နေရာ ရှိသည်။ ချယ်ရီ တစ်ပင်တလေတော့ တွေ့ချင်တွေ့မည်။ သို့ရာတွင် နာနတ်ရိုင်းတွေလည်း ရှိသည်။ ဆီးဖြူပင်ချုံလေးတွေလည်း ရှိသည်။ တောမဲဇလီပင်တွေလည်း ရှိသေးသည်။

မောင်မြဦးတို့ နေသော အောင်ချမ်းသာရပ်ကွက်မှာ ယင်း အနောက်ခြမ်းတွင် ရှိသည်။ သြော်... တစ်ကြိမ်က ကိုကို၊ ကျွန်တော်နှင့် ဒေါ်လေးတို့လည်း သည်ဘက်အခြမ်းတွင် နေခဲ့ကြရ၏။

ပထမ တောင်ကျောင်းကြီးကျောင်းတိုက်ကို လွန်သော် စိမ့်ရေပြည့်သော ကန်လေးတစ်ခု၏ ဘေးလမ်းကျဉ်းကျဉ်းထက် ကားကို မောင်းရသည်။ ကန်မှ ရေသည် လမ်းအောက်ပြွန်မှ ဖြတ်ကာ လမ်းဘေး ချောက်ငယ်တွင်း ဆင်းကျသည်။ သည်ရေထွက်အောက်၌ ယောက်ျား၊ မိန်းမ၊ လူကြီး၊ လူငယ်တို့ ရေချိုးသူ ချိုးနေကြသည်။ အဝတ်လျှော်သူ လျှော်နေကြ၏။

မြို့ပတ် ကတ္တရာလမ်းကို ဖြတ်ပြီး လွှမ်းစေတီကုန်းကို တက်သည့် မြေလမ်းအတိုင်း ကျွန်တော် ဆက်မောင်းသည်။

ကုန်းမော့လမ်း၏ လက်ဝဲဘက်ရှိ ဝင်းခြံသေးသေးတွင်းသို့ ရပ်ပြီး ကျွန်တော် ကားကို ဆိုက်လိုက်၏။

www.burmeseclassic.com



ဝင်းခြံလေးအတွင်းရှိ တဲအိမ်ကား ခြေ နှစ်ချောင်းသာ ရှိသော တဲအိမ်တည်း။

တောင်စောင်းပေါ် အခြေတည် ဆောက်ထားရသောကြောင့် အိမ်နောက်ပိုင်းက တောင်နံရံတွင် မှေးတင်အားပြုထားသည်။ အိမ်ရှေ့ပိုင်းကသာ ဆင်ခြေလျှော မြေဆီ မိအောင် တိုင်နှစ်လုံးနှင့် ခြေ ထောက်ထားသည်။

ကျွန်တော်တို့ ကားပေါ်မှ ဆင်းမိလျှင်ပင် အဖော်တစ်ဦးနှင့် သားရေကွင်းပစ် ကစားနေသော အသက် ၈ နှစ်ခန့် ကလေးတစ်ဦးသည် မောင်မြဦးထံ ပြေးလာ၏။

"အစ်ကို... ပိုက်ဆံ ပါလား ပိုက်ဆံ..."

ကလေးသည် မောင်မြဦး၏ ခါးကို ခွကာ လည်ပင်းကို ခို၍ အိတ်ကိုလည်း နှိုက်၏။

မောင်မြဦးက သူ့အင်္ကျီအိတ်ကို လက်ကလေးတစ်ဖက်ဖြင့် ဖိကာထားရ၏။

"ပါတော့ ပါတာပေါ့ ညီလေးရ..."

"ပါရင် ပေး... မောင့်ညီကို တစ်ဝက်ပေး"

"အို... ဘယ်ပေးလို့ ဖြစ်မလဲ၊ ကိုကိုတို့ စုထားရဦးမယ်"

"ဟင့်အင်း... ဟင့်အင်း... ကျောင်းပိတ်တော့မယ်၊ စာအုပ်နဲ့ ခဲတံမှ မဝယ်ရတော့ဘဲ"

"ဒါပေမဲ့... ရှမ်းစက္ကူ ဝယ်ဖို့ စုရဦးမယ်၊ ညဆို... မောင်ညီချမ်းတယ်ဆို၊ ထရံတွေကို ရှမ်းစက္ကူ ဝယ်ပြီး ကိုကို ကော်ကပ် ပိတ်ပေးမယ်"

မောင်ညီသည် မောင်မြဦး၏ ခါးပေါ်မှ ဆင်းလိုက်သည်။ ကြေးညှော်ပေသော မျက်နှာလေးကမူ ကျေနပ်ဟန် မပြ။

မောင်မြဦးက အိတ်တွင်းမှ မြေပဲဆားလှော်ထုပ်ကလေးကို ထုတ်ပေး၏။

မောင်ညီ ပြုံးသွားပြီး ပလတ်စတစ်ထုပ်ကလေးကို ဖောက်၍စား၏။

"ကိုကို့ကို နည်းနည်း မပေးတော့ဘူးလား"

မောင်ညီ တွေသွားသည်။ ပြီးတော့မှ မပေးချင် ပေးချင်ဟန်ဖြင့် အထုပ်ကလေးကို မောင်မြဦးဆီ ကမ်းသည်။

"အလကားပါ၊ ကိုကိုက မောင်ညီ့ စိတ်ကို စမ်းကြည့်တာ၊ မောင်ညီပဲ စားပါ။ အကုန်တော့ စားမပစ်နဲ့နော်၊ ထမင်းနဲ့ စားဖို့ တစ်ဝက် ချန်ထား။ ဒီနေ့ ဟင်းမကောင်းဘူး"



စကားအဆုံး၌ မောင်မြဦးက ရယ်နေသည်။

ကျွန်တော်က အံ့ကြိတ်ထား၏။ တွေ့လေရသည့်... ညီနှင့် အစ်ကို၊ အစ်ကိုနှင့် ညီ..."

အပေါ်ထပ်ကဲ့သို့ ဖြစ်နေသော အိမ်ရှေ့ပိုင်း၏ ပြတင်းပေါက်မှ မမြနွဲ့ ခေါင်းပြူလာသည်။

"သြော်... ကိုစောထွေးပါလား။ လာလေ... အိမ်ပေါ်တက်လှည့်"

ကျွန်တော့် ကျောင်းနာမည်က စောထွေးပါ။ အငယ်... ဟူသည်က အိမ်နာမည်၊ ငယ်နာမည်ပါ။

ကျွန်တော်သည် ဝါးလှေကားကို နင်း၍ အိမ်ပေါ် တက်ခဲ့သည်။

ကျွန်တော် အိမ်ပေါ်၌ ထိုင်မိပြီးသောအခါ မမြနွဲ့သည် လက်ဖက်ရည် အဖန်အိုး လာချ၍ မလှမ်းမကမ်း၌ ထိုင်သည်။

မောင်ညီက အောက်၌ ဆက်ကစားနေ၏။ မောင်မြဦးက ရေချိုးသွားဦးမည်ဟု ဆိုကာ ထွက်သွား၏။

မမြနွဲ့သည် ရေချိုး ခေါင်းလျှော်ပြီးစဟန် တူသည်။ ဆံပင်ကို ဖားလျားချထားပြီး မျက်နှာ၌ သနပ်ခါး မကျားတကျား လိမ်းထား၏။ အင်း... ခနု ဖြစ်သောကြောင့် အသားက ညိုလည်း မညို။ ဖြူလည်း မဖြူလွန်း။ မဝ့ါတဝါ ဖြစ်ပြီး ညက်တော့ ညက်ညောလှ၏။ နှာတံပေါ်ကာ မျက်တောင်ကော့သဖြင့် မိန်းမချောတစ်ဦးပင် ဖြစ်လေသည်။ အသက်ကတော့ ၃၀ ခန့်။ အရွယ်ကောင်းတုန်းဟု ဆိုနိုင်သည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း ကြော့ရှင်းပြေပြစ်သည်။

မမြနွဲ့သည် ချထားသော မျက်လွှာကို ပင့်ပြီး ဆို၏။

"ဒီတစ်ခေါက် ကိုစောထွေး အိမ်ကို လာမှ လာပါ့မလားလို့ မြနွဲ့က ထင်နေတာ"

မမြနွဲ့ထက် ကျွန်တော် များစွာ ငယ်သည်။ သို့ရာတွင် ကျွန်တော်တို့ ဆေးလိပ်ခုံ၌ အတူလုပ်ရသူ မမြနွဲ့သည် ကျွန်တော့်ကို အရွယ်ထက် ပို၍ လေးစားစွာ ဆက်ဆံသည်။

"ပြန်လာတိုင်း ရောက်လာတာပဲဟာ မမြနွဲ့ကလည်း..."

"အင်းလေ... ဒါပေမဲ့ ဒီတစ်ခေါက်ကတော့..."

မမြနွဲ့က စကားမဆက်ဘဲ ရပ်ထားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်တွင်း၌လည်း မကောင်း။ ဟိုအခေါက်တွေတုန်းကတော့ ကျွန်တော် တစ်ယောက်တည်း မဟုတ်။ ကိုကိုပါ ပါလာလေ့ ရှိသည်။

အလုပ်သမတွေ အားလုံးအနက် မမြနွဲ့ကို ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်က အခင်မင်ဆုံး ဖြစ်သည်။

မမြနွဲ့တို့အိမ် လာလည်ရသည်မှာ ကျွန်တော်တို့ ဘဝဟောင်းကို ပြန်လာရသကဲ့သို့ ရှိသည်။

ဟိုး ငယ်ငယ်တုန်းက ကျွန်တော်တို့လည်း သည်ဘက်မှာ သည်လို နေခဲ့ကြရသည်။ သည်အောင်ချမ်းသာ ရပ်ကွက်မှာတော့ မဟုတ်။ လမ်းတစ်ဖက် ခြားသည့် ကူညီကုန်းရပ်ကွက်မှာ။ မမြနွဲ့က သားနှစ်ယောက်နှင့် နေသည်။ ဒေါ်လေးက တူနှစ်ယောက်နှင့် နေခဲ့၏။ မမြနွဲ့က မုဆိုးမ၊ ဒေါ်လေးက အပျိုကြီး။ သည်ဟာသာကွာသည်။ ကျန်သည်မှာတော့ အားလုံးလိုလို အတူတူ။

ကျွန်တော်က သက်ပြင်းကို မှုတ်ထုတ်ပြီး စကားဆက် မရှိဘဲ မေး၏။

"ဒီမှာ မမြနွဲ့... ကိုကို သေရတာ တစ်စက်ကလေးမှ ကျွန်တော် မကျေနပ်ဘူး။ ခင်ဗျားကော..."

မမြနွဲ့သည် ကျွန်တော့်ကို တစ်ချက် စိုက်ကြည့်ပြီး မျက်လွှာချပစ် လိုက်၏။ ဦးခေါင်း ထပ်မမော့လာ။ ကိုယ်လည်း မလှုပ်။ ဘာမျှလည်း မပြော။

သည်စကားမျိုး ပြောတိုင်း ကျွန်တော့်ကို ငြင်းကြသူ သို့မဟုတ် ဖျောင်းဖျကြသူတွေကိုသာ တွေ့ခဲ့ရသည်။ ယခု မမြနွဲ့၏ အမူအရာကား တစ်မျိုး။

ကျွန်တော်ကသာ ထပ်မေးရ၏။

"ကျွန်တော် မေးတာ ဖြေပါဦး မမြနွဲ့..."

မမြနွဲ့ ခေါင်း ပြန်မော့လာ၏။ မျက်လုံးတို့၌ မျက်ရည်များလည်း ဝဲနေ၏။

"ကိုထွန်းနောင် သေရတာကို မြနွဲ့လည်း မကျေနပ်ပါဘူး။ ပြီးတော့..."

မမြနွဲ့ စကားမဆက်ပြန်။

"ပြီးတော့ ဘာဖြစ်သလဲ မမြနွဲ့"

မမြနွဲ့သည် စကားကို သတိထား ပြောဟန်ဆို၏။

"ပြီးတော့... ယူကျုံးမရလည်း ဖြစ်မိတယ်လေ။ ကိုစောထွေး သိသားပဲ၊ ကိုထွန်းနောင်ဟာ မြနွဲ့တို့ သားအမိတွေရဲ့ ကျေးဇူးရှင်။ ဒီအိမ်ကလေးဟာ သူ ဆောက်ပေးခဲ့တာပဲ"



ဒါကိုတော့ ကျွန်တော် သိသည်။ ကိုကိုသည် မမြနွဲ့တို့ သားအမိ တစ်တွေ... အထူးသဖြင့် မောင်မြဦးကို ချစ်သည်။

မမြနွဲ့သည် အတန်ကလေး ကြာအောင် စဉ်းစားနေပြီးနောက် ဆက် ပြောပြန်၏။

"မသေခင် တစ်နေ့က ကိုထွန်းနောင် မလာစဖူး မြနွဲ့တို့ အိမ်ကို တစ်ယောက်တည်း လာတယ်။ ခါတိုင်းက ကိုစောထွေး မပါဘဲ မြနွဲ့တို့ အိမ် သူ လာတာမှ မဟုတ်ဘဲ။ ကိုစောထွေး ရိပ်မိပါလိမ့်မယ်လေ။ ကိုထွန်းနောင်နဲ့ မြနွဲ့ဟာ အသက် အများကြီး ကွာပါတယ်။ ဒါပေမဲ့ မြနွဲ့က မုဆိုးမ၊ သူက လူပျိုလူလွတ်၊ လူ့ပါးစပ် ဆိုတာက စည်းကမ်း ရှိတာမျိုး မဟုတ်ဘူး။ ပြီးတော့ သူက သူဌေးလေး... မြနွဲ့က..."

မမြနွဲ့ စကားမဆက်။ မဆက်သော်လည်း ကျွန်တော် နားလည်သည်။

မမြနွဲ့က ကိုကို့ထက် ငါးနှစ်မျှ ကြီးလိမ့်မည်။ သို့ရာတွင် ခတ်သိ ချင်းမို့သာ မမြနွဲ့က ကိုကို့ထက် ကြီးကြောင်း သိနိုင်သည်။ ခတ်သိလည်း မဟုတ်။ မမြနွဲ့၌ ၁၂ နှစ်အရွယ် သားအကြီးတစ်ဦး ရှိမှန်းလည်း မသိသူ တစ်ယောက်အနေနှင့် ဆိုလျှင် ကိုကိုနှင့် မမြနွဲ့ကို ရွယ်တူခန့်မျှသာ ထင်ကြမည်။ မမြနွဲ့သည် အရွယ်တင်သော ပင်ကိုချောတစ်ဦး ဖြစ်သည်။ ပြီးတော့ ကျွန်တော်တို့ တောင်ကြီးမြို့က သူဌေးအချို့သည် အခြားမြို့များက သူဌေးအချို့ကဲ့သို့ပင် ခြေတော်တင်ထားလေ့ ရှိကြသည်။ မမြနွဲ့၏ အခြေအနေနှင့် ရုပ်ရည်ကလည်း ဝတ်ရည် မကုန်သေးသော ပန်းအလှပမာမို့ ပျားပိတုန်းတို့ မက်လောက်သေး သည်။

ကျွန်တော်က နားလည်သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသော အခါ မမြနွဲ့သည် ဆက်ပြော၏။

"အဲဒီနေ့ကတော့ မလာစဖူး တစ်ယောက်တည်း လာတယ်၊ မြနွဲ့ မေးတော့ လွှမ်းစေတီဘက်က လှည့်လာတာလို့ ဖြေတယ်"

"ဗျာ... လွှမ်းစေတီဘက်က..."

"ဟုတ်တယ်... အဲဒါနဲ့ ပြောရဦးမယ်၊ ခုတလောလေးမှာ ကိုထွန်းနောင်ကို လွှမ်းစေတီဘက် ညနေတိုင်း ခဏခဏ လာတာ မြနွဲ့ သတိပြုမိတယ်။ တစ်ခါတလေတော့ လူကို မြင်ရတယ်။ တစ်ခါတလေတော့ ကားကိုပဲပေါ့။ အခု ကိုစောထွေး စီးလာတဲ့ ကားဖြူပဲပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်သည် ခုန်လာ၏။ ဒေါ်လေးနှင့် ဦးစံတင်တို့ထံမှ မသိရသော အချက်တို့ကို ယခု မမြနွဲ့ထံမှ သိရပြီ။

"ကိုကို အဲဒီ ဘာလာလုပ်တာလဲ"

"ဒါတော့ မြနွဲ့ ဘယ်သိနိုင်ပါ့မလဲ၊ အဝေးကသာ တစ်ခါ တစ်ခါ လှမ်းမြင်ရတာ၊ လာတော့လည်း ဒီဘက်က လာတာ မဟုတ်ဘူး"

ဒါကတော့ ဖြစ်နိုင်သည်။ ဒီဘက်လမ်းက ကြမ်းပြီး မတ်စောက်သည်။ တောင်ကုန်း၏ အနောက်ဘက်မှာက ပြေပြစ်သော ကားလမ်း ရှိ၏။

"အင်းလေ... ကဲ ဆက်ပါဦး"

"အဲဒီနေ့က မြနွဲ့လည်း သိပ်နေမကောင်းတာနဲ့ အိမ်မှာ လုပ်စရာလေးတွေ လုပ်ပေးဖို့ မြဦးကို ဂေါက်ကွင်း မလွှတ်ဘူး။ ခါတိုင်းတော့ ကျောင်းက ပြန်လာရင် မြဦး ဂေါက်ကွင်း တန်းပြေးတာပဲ။ ကိုထွန်းနောင်ဟာ စကားတော့ သိပ်မပြောဘူး။ မြဦးနဲ့ မောင်ညီ ကစားနေတာကိုတော့ အကြာကြီး ထိုင်ကြည့်နေတယ်။ ပြန်ခါနီးတော့ ဘာမပြော ညာမပြောနဲ့ ငွေတစ်ထောင် ထုတ်ပေးတယ်"

"ဗျာ... ငွေတစ်ထောင်..."

"ဟုတ်တယ်... ဆယ်တန် အသစ်ကလေးတွေချည်းပဲ၊ နေဦး... မြနွဲ့ ယူပြမယ်"

မမြနွဲ့သည် အိမ်တွင်းခန်းသို့ ဝင်သွား၏။ ပြန်ထွက်လာသောအခါ တဘက်ကလေးတစ်ထည်နှင့် ထုပ်ထားသော ငွေများ ပါလာ၏။

မမြနွဲ့ ပြောသကဲ့သို့ပင် ဆယ်တန် အသစ်ကလေးများ ဖြစ်၏။ ဘဏ်ချုပ် ချုပ်မထားဘဲ ရိုးရိုးသာ သားရေကွင်းနှင့် ပတ်ထားသည်ကို ထောက်၍ ဘဏ်မှ ထုတ်ယူလာသည့်ဟန်မူ မဟုတ်။ စုပြီးသား ငွေစက္ကူအသစ်များသာ ဖြစ်ပေမည်။

"မြနွဲ့က ငြင်းတော့... သူ့အသံက နည်းနည်းလေး မာတယ်၊ ဒါခင်ဗျားကို ပေးတာ မဟုတ်ဘူးတဲ့၊ ကလေးနှစ်ယောက်ဖို့တဲ့...၊ ငြင်းမရလို့ မြနွဲ့လည်း လက်ခံထားလိုက်ရတယ်"

ကျွန်တော်သည် သက်ပြင်း အသာချပြီး မေး၏။

"မမြနွဲ့ ဘာလို့ အဲဒါကို ကျွန်တော့် ပြောပြရတာလဲ"

"ဒီငွေကို လက်ခံထားရတာ မြနွဲ့စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ သူသေသွားပြီ ဆိုပြန်တော့ ဒါ မြင်တိုင်း မြနွဲ့ သိပ်စိတ်ထိခိုက်တယ်၊ ဒေါ်လေးကို



ဖွင့်ပြောပြဖို့လည်း မရဲဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်သေတဲ့ ကိစ္စကြီးနဲ့ကလည်း ကပ်ဖြစ်နေတော့ တစ်မျိုးတစ်မည် အထင်လွဲခံရမှာလည်း မြနွဲ့ ကြောက်တယ်။ ကိုစောထွေးကတော့ မြနွဲ့တို့ အကြောင်း ကောင်းကောင်းသိသူမို့ မြနွဲ့ ဖွင့်ပြောရတာ။ ပြီးတော့... ဒီငွေကို ကိုစောထွေး ပြန်ယူသွားပါ"

"ဗျာ... ပြန်ယူသွားရမယ်၊ အို မဟုတ်တာ မမြနွဲ့ကလည်း..."

"နို့... ဒီငွေတွေကို မြနွဲ့ ဘာလုပ်ရမလဲ"

ကျွန်တော်သည် မမြနွဲ့တို့၏ အိမ်ကလေးကို မျက်စိ လှည့်ဝိုက်ကြည့်မိသည်။

အကာမှာ ဝါးထရံ ဖြစ်၏။ ဝါးထရံ ဆိုတော့ လေတိုးဝင်နိုင်သည်။ တောင်ကြီး၏ လေ... အထူးသဖြင့် ဆောင်းည၏ လေသည် အလွန်အေး၏။ ဆောင်းညလေ မဆိုထားနှင့် နွေည၏ လေပင်လျှင် ရန်ကုန် ဆောင်းလေထက် အေးသည်။ အချို့က လေလုံအောင် ရုပ်စက္ကူ ခေါ် မိုင်းကိုင်စက္ကူကို ကော်သုတ်၍ ဝါးထရံမှာ ကပ်ကြသည်။ မိုင်းကိုင်စက္ကူ တစ်ရွက်လျှင် အလျား အနံ တစ်ပေခွဲခန့်စီ ရှိသည်။ အရွက် ၁၀၀ ကို ၈ ကျပ်ခန့် ပေးရ၏။

စောစောက မောင်မြဦးသည် မိုင်းကိုင်စက္ကူ ဝယ်ရန် ငွေစုနေသည်ဟု သူ့ညီကို ပြောခဲ့၏။

"ဒီငွေထဲက တချို့ကို ကလေးနှစ်ယောက် နာမည်နဲ့ ငွေစုလက်မှတ် ဝယ်ထားလိုက်ပါ မမြနွဲ့။ သူတို့ ရှေ့ပညာရေးအတွက်ပေါ့။ ငွေစုလက်မှတ်က တစ်နှစ်ကို ၁၂ ရာခိုင်နှုန်းတောင် အတိုးပေးတယ်။ တချို့ကိုတော့ အိမ်ပြင်ပါ။ စောစောက မောင်မြဦးနဲ့ မောင်ညီ ပြောနေသံ ကြားတယ်။ ညဆို ချမ်းတယ်တဲ့။ မောင်မြဦးက သူ ဂေါက်အိတ်ထမ်းလို့ ရတဲ့ ငွေလေးတွေကို မိုင်းကိုင်စက္ကူ ဝယ်ဖို့ စုနေသတဲ့လေ"

မိခင်မေတ္တာ ဆိုသည်မှာ အညာ ဖြစ်၏။ သည်အညာကို ကျွန်တော်က ဆွဲကိုင်လိုက်ရခြင်း ဖြစ်၏။

"ပြီးတော့... ဒီငွေဟာ သန့်ရှင်းတဲ့ ငွေပါ မမြနွဲ့။ ကိုကိုဟာ သူ့ဘဝကို စွန့်တော့မယ်လို့ ဆုံးဖြတ်အပြီးမှာ သူ အကောင်းဆုံး ထင်တဲ့ ကုသိုလ်ကို လုပ်သွားရှာတာပါ။ ကိုကို့ဆန္ဒ ပြည့်ပါစေ မမြနွဲ့"

မမြနွဲ့ ဦးခေါင်း ပြန်မော့မလာတော့။ သို့ရာတွင် ပါးပြင်ဆီ စီးကျနေသော မျက်ရည်ကြောင်းများကို ကျွန်တော် မြင်ရသည်။

ကျွန်တော်သည် မမြနွဲ့ကို စိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရား... မမြန္မဲ့သည့် လူပါတကား။ ဘာမျှ မဆင်မပြင်ထားဘဲလျက်က ဘာမျှ အထူး ပြင်ဆင်အမွှန်းတင်ခြင်းငှာ မစွမ်းဘဲလျက်က မမြန္မဲ့သည့် လူရှာပါတကား။ ပြီးတော့ ကရုဏာသက်ဖွယ် မိန်းမသားတစ်ဦး ပါ တကား။

ကိုကို့စာမှ စကားအချို့ကို ကြားယောင်လာပြန်ပါသည်။

''သံယောဇဉ်အကြောင်း ညီလေးငယ် ကောင်းကောင်း သိရဲ့လား၊ နှလုံးသားမှာတော့ သံယောဇဉ်၊ တစ်ဖဉ်လည်း မဟုတ်ဘူး၊ နှစ်ဖဉ်လည်း မဟုတ်ဘူး၊ သုံးဖဉ်လည်း မဟုတ်ဘူး... ခိုင်လိုက်တာမျိုးကလည်း...''

မမြန္မဲ့ကို ငေးစိုက်ကြည့်နေမိစဉ် ကျွန်တော် တုန်လှုပ်လာသည်။

မဟုတ်ပါ... မဖြစ်နိုင်ပါ။ ဒါတော့... ဒါ တစ်ခုတော့ မဖြစ်နိုင်ပါ။

ကျွန်တော်သည် နေရာမှ ထလိုက်၏။

''ကျွန်တော် ပြန်ဦးမယ် မမြန္မဲ့''

မျက်တောင်ကော့များကို လှန်၍ မမြန္မဲ့က ကျွန်တော့်ကို မော့ကြည့်သည်။

''ကိုစောထွေး ရန်ကုန်ကို ဘယ်တော့ ပြန်မလဲ''

''သန်ဘက်ခါ...''

''ကောင်ကြီး ပြန်ရောက်တဲ့အခါ ခါတိုင်းလိုပဲ မြန္မဲ့တို့ အိမ် လာလည်ပါ''

''စိတ်ချပါ၊ ပြီးတော့ ကျွန်တော် မှာခဲ့တာတွေလည်း ခင်ဗျား မမေ့နဲ့ မမြန္မဲ့''

ကျွန်တော်သည် မမြန္မဲ့တို့ ခြံဝင်းတွင်းမှ ကားဖြင့် ထွက်လာ၏။

ကားဦးကို လာလမ်း ဖြစ်သည့် မြို့ဘက်သို့ မလှည့်ပါ။

ကျွန်တော်သည် ဖုန်ထူသော မြေကြမ်းလမ်းအတိုင်း ကုန်းမော့ကို တက်သည်။

လွမ်းစေတီဆီပါ။

# အခန်း - ၄

လွမ်းစေတီကုန်းတော်သည် သီးသီးခြားခြား နေ၏။

အရှေ့ဘက်မှာလည်း အဆင်းနှင့်။ တောင်ဘက်မှာလည်း လျှိုနှင့်။ အနောက်ဘက်မှာလည်း ချောက်နှင့်။ မြောက်ဘက်မှာလည်း တောင်ကြားနှင့်။

မြောက်ဘက် တောင်ကြားမြေက အတန်တော့ ပြန့်သည်။ တောင်ကြား ဆိုသည်ထက် ကုန်းနှစ်ခု အလယ်မှ မြေဟု ဆိုက မှန်မည်။ လွမ်းစေတီကုန်းနှင့် ရပ်တော်မူကုန်း နှစ်ခုကြားမှ မြေ။

ကျွန်တော်က ကားကို သည်မြေမှာ ရပ်ထားခဲ့ပြီး လွမ်းစေတီကုန်းပေါ် တက်၏။

ကုန်းပတ်လည်တွင် အမွေးထူသော အရွက်နှင့် ငါးဥသီး ချုံကလေး များ ရှိသည်။

ငါးဥသီးများ ရွှေရောင်ဝင်းနေပြီ၊ သို့ရာတွင် ဥလေးတွေမှာ သကြားရည် မရွှမ်းသေး။

နှစ်လွှာကို တစ်ရွက် လုပ်ထားသော စွယ်တော်ပင်ပုကလေးများလည်း ရှိသည်။ ဆီးဖြူချုံကလေးများလည်း မရှား။

www.burmeseclassic.com

www.burmeseclassic.com



လွှမ်းစေတီ စင်စစ်မှာ ငါးတောင်ခန့်သာ ရှိသည်။ ထုံးဖြူသုတ်စေတီကလေးက ကြီးမားသော အုတ်ဖိနပ်တော်ကြီး၏ အလယ်မှာ ရှိနေသည်။

လွှမ်းစေတီကုန်းရင်ပြင်၏ အနောက်ဘက်မှာ ကျွန်တော် ရပ်လိုက်သည်။

ပတ်ဝန်းကျင်တစ်ဝိုက်၌ အမြင့်ဆုံး မြေ ဖြစ်သောကြောင့် ကုန်းတော်သည် သီးသီးသန့်သန့် ထီးထီးမားမား နိုင်သည်။ သည်ကနေ ကြည့်တော့ အားလုံးကို စီးကြည့်သကဲ့သို့ မြင်ရသည်။ သည်လိုဆိုပြန်တော့ ရပ်နေသူ မိမိသည်လည်း ပတ်ဝန်းကျင်နှင့် သီးသီးသန့်သန့်ကြီးကဲ့သို့ ခံစားရသည်။

ကျွန်တော်တို့ တက္ကသိုလ် အင်္ဂလိပ်စာသင်တန်းတွင် ဆရာက ဆင်းန် ဆိုသော စကားနှင့် ပင်နိုရာမာ ဆိုသော စကားကို ခွဲခြား သင်ပြသည်။ နှစ်ခု စလုံး ရှုခင်းကို ဆိုလိုသည်။ သို့ရာတွင် ဆင်းန် ဆိုသည်က ရှုခင်းငယ်ကို ဆိုသည်။ ပင်နိုရာမာ ဆိုသည်ကတော့ မျက်စိတစ်ဆုံး အကန့်အသတ် မရှိ ကျယ်ပြောသော မဟာရှုမြင်ကွင်းကြီးကို ဆိုသည်။

ယခု ကျွန်တော်က အနောက်တစ်ခွင်ဝယ် မဟာရှုမြင်ကွင်းကြီးကို တွေ့နေရသည်။

ဟိုး... မှာ ညောင်ရွှေလွင်ပြင်၊ တောင်ဘက် အစွန်းမှာက အင်းလေး ကန်ရေပြင် အစ၊ မြောက်ဘက်အစွန်းမှာက ကျီးဖြူကန်။ မျက်လုံးကြောကို ဆက်ဆန့်လိုက်တော့ လွင်ပြင်အဆုံး ဟို အဝေးမှာ ဟဲဟိုးဘက်မှ တောင်တန်းတွေ။ တံတိုင်းပြာကြီးပမာ မိုးကုပ်စက်ဝိုင်းဆီ တန်းနေသည်ကတော့ ကလော အတက်က တောင်တန်းကြီးပင် ဖြစ်ရမည်။

တောင်တန်းပြာကြီးထက် နေလုံးက မေးတင်နေပြီ။ ကောင်းကင် တစ်ခွင်မှာတော့ ရောင်မျိုးစုံ ပျံ့နေသေးသည်။

မြင်ကွင်းကြီး ကျယ်တော့ ကြည့်နေရသူက အလိုလို သေးငယ်သွားသည်။ ဩော်... အမှန်ကလည်း ကြီးမားသော လောကဓာတ်တစ်ခွင်မှာ 'ငါ'ဟု ထင်နေသော လူတစ်ကောင်က သေးသေးလေးပါတကား။

သည်သေးသေး အကောင်က သိတတ်၍ ခက်နေသည်။ ခံစားတတ်၍ ခက်နေသည်။ ပြီးတော့... မမေ့တတ်၍ ပိုခက်နေ၏။

ငယ်ငယ်တုန်းက ကိုကို ပျောက်၍ လိုက်ရှာလျှင် မကြာခဏ သည်ကုန်း ပေါ်မှာ လာတွေ့သည်။



ဒေါ်လေး အရိုက်ခံရပြီးစ ဆိုလျှင် သည်မှာ လာကြိတ်ငိုနေတတ်သည်။ ကျွန်တော်နှင့် ရန်ဖြစ်ပြီး၍ ကျွန်တော် အနိုင်ကျင့်သည်ကို မခံနိုင်သည့် အဆုံးတွင် ဆိုလျှင်လည်း ကိုကိုသည် ရောက်နေတတ်သည်။

မမြနွဲ့ ပြောသည့်အတိုင်း ဆိုလျှင် ဘဝနိဂုံး မချုပ်ခင် ကိုကိုသည် သည်ပဲ ပြန်ရောက်ခဲ့၏။

သည်အရွယ်ကျမှ သည်မှာ လာငိုသည်လော... ကိုကို့ကို ငိုရအောင် ဘယ်သူက. လုပ်လိုက်ပါသလဲ။

အာမေဋိတ်သံတစ်ခု ပေါ်လာသောကြောင့် ကျွန်တော် တွေးရာမှ နိုးလာသည်။

ကိုရင်လေး တစ်ပါး...။

ကိုရင်လေးသည် မျက်လုံး အဝိုင်းသားနှင့် ကျွန်တော့်ကို ကြည့်နေ၏။ ကျွန်တော်က သူ့ကို ပြန်ကြည့်သောအခါ ဖြည်းဖြည်း ဖြည်းဖြည်းနှင့် နောက်ဆုတ်၏။ ပါးစပ်မှလည်း "ဟော့... ဟော့..." ဟု အသံပေးသည်။

"ဘာလဲ ကိုရင်..."

ဤအသံကမူ ငါးဥသီး ချုံကွယ်မှ ပေါ်လာသည်။

"ထူး... ထူးတန်ရေ... လာ... လာပါဦး"

ချုံကွယ်မှ ထူးတန် ခေါ် ဘုန်းကြီးကျောင်းသား ဟန်ပေါက်သော သူငယ်လေး တစ်ဦး ထွက်လာ၏။

ကျွန်တော့်ကို မြင်သော် ထူးတန်လည်း မျက်လုံး ဝိုင်းသွား၏။

ကိုရင်နှင့် ကျောင်းသားသည် ကိုယ်ချင်း ပူးလိုက်ကြပြီး ကျွန်တော့်ကို တစ်လှည့်၊ ကုန်းအောက်တွင် ဆိုက်ထားသော ကားဖြူကို တစ်လှည့် ကြည့်ကာ မျက်လုံးဝိုင်းနေကြ၏။

"နေပါဦး... ကိုရင်တို့က တပည့်တော်ကို ဘာလန့်နေရတာလဲ"

ကိုရင်ထံမှ ထစ်ထစ်ငေါ့ငေါ့ အသံပေါ်လာပြန်၏။

"ထူး...း ထူးတန်ရေ... စ... စကားပြောတယ်ဟေ့"

ခက်ရချည်ရဲ့။

"ဒီမှာ ကိုရင်... တပည့်တော် စကားပြောတာ ဆန်းသလား"

ကိုရင်သည် ကျွန်တော့်ကို ခြေဆုံး ခေါင်းဆုံး ကြည့်သည်။ ပြီးမှ မျက်ကိုးရှက်ကန်း ရယ်၏။

"ဒကာကြီးက သိပ်တူတာပဲကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာသိပ်တူတာလဲ"

"ဟိုဒင်းလေ... ဟိုဒကာကြီးနဲ့.."

"ဘယ်ဒကာကြီးလဲ.."

"ဒီလိုပဲ ကားဖြူနဲ့ ဒီလာတာ၊ ဟိုနေ့က သေသွားတဲ့ ဒကာကြီးနဲ့၊ ဟိုဆေးလိပ်ခုံက..."

"ဪ.. သူ သေတာ ကိုရင် သိသလား"

ကိုရင်က အဝါနုလှမ်းလှမ်းရှိ သိမ်တောင် ကျောင်းတိုက်ဆီ လက်ညှိုးထိုးပြပြီးမှ ဖြေ၏။

"ကျုပ် အဲဒီကျောင်းမှာ နေတယ်။ အစကတော့ ဘယ်သိမလဲ။ ဟိုနေ့က သချိုင်းက သရဏဂုံတင်ပြီး ဆရာတော် ပြန်လာလို့ ပြောမှ သိတာ။ သူ့ကိုယ်သူ သတ်သေသွားတာတဲ့"

"ကိုရင်က သူ့ကို အရင်ကတည်းက သိလား"

"ဒီမှာ တွေ့တာ၊ ဘယ်သိမလဲ၊ ကားကိုတော့ သိတာပေါ့။ အဲဒီကားနဲ့ ဒကာမကြီး ခဏခဏ ကျုပ်တို့ကျောင်း ရောက်ဖူးတာ ဟာ.."

"တပည့်တော် သူ့ညီပဲ ကိုရင်။ ဒါထက် သူ ဒီကို ဘာလာလုပ်သလဲ၊ ကိုရင် သိသလား"

ကိုရင်က မဖြေဘဲ ငြိမ်နေ၏။ ထူးတန်က ဝင်ပြောသည်။

"သူ့ရည်းစားနဲ့ လာချိန်းတွေ့တာဗျာ"

"ဘာ.. သူ့ရည်းစားနဲ့ လာချိန်းတွေ့တာ၊ မင်း ဘယ်လိုလုပ် သိသလဲ"

"သိတာပေါ့ဗျ၊ ယောက်ျားနဲ့ မိန်းမ ဒီနေရာမှာ လာစကားပြောရင် ရည်းစားပေါ့"

"လင်မယားတွေတော့ မလာရဘူးလား"

"အို... လင်မယားဆို ကားတစ်စီးစီ လာပါ့မလား"

ကျွန်တော့် ရင်တွေ ခုန်လာ၏။

"မင်းနာမည် ထူးတန် ဟုတ်လား၊ အဲ.. ထူးတန် ဆက်ပြောပါဦး။ သူတို့ ကားတစ်စီးစီ လာကြတယ်... ဟုတ်လား"

"ဟုတ်တယ်ဗျ၊ သူကတော့ ဒီကားအဖြူနဲ့၊ ဟိုမိန်းမကတော့ ဟိုဒင်း ... ဒီ့ထက် ကြီးတယ်။ အပြာရောင်.. အပြာရောင် ကားကြီး၊ မိန်းမလေး မောင်းတာဗျ"



"မိပြီ.. ဒီတစ်ခါတော့ မိပြီ၊ မသိသေးတဲ့ မဘယ်သူရေ.. မင်း ဘယ်ပြေးမလဲ၊ မင်း ဘယ်ကို လွတ်အောင် ပြေးမလဲ"

ကိုရင်လေးနှင့် ထူးတန်တို့ကို စကားအနည်းငယ် ဆက်ပြောပြီး နှုတ်ဆက်၍ ကျွန်တော် ပြန်လာခဲ့သည်။

ဖောက်(စ်)ဝက်ဂွန်း ကားမျိုးသည် အလွန်စက်သံ ငြိမ်သော ကားမျိုး ဖြစ်၏။ သို့ရာတွင် ကျွန်တော့်ရင်တွင်း၌ မြည်နေသံတွေက ကားစက်သံထက်ပင် ကျယ်သည် ထင်၏.. ထင်၏..။

www.burmeseclassic.com

## အခန်း - ၅

ကျွန်တော်သည် တောင်ကြီး မြို့မရဲစခန်းမှ ထွက်လာခဲ့သည်။

ကျွန်တော် စိတ်တိုနေသည်။ စိတ်တိုသောကြောင့်ပင် ဘုကျကျပြော ပြီး ဘောက်ဆတ်ဆတ် ဖြေခဲ့သည်။

ဘယ့်နှယ်... ကိုယ်က အစ်ကိုတစ်ယောက်လုံး သေထားရသည့်လူ။ သည်လို သတ်သေမည်မှန်း ကြိုတင်သိလျှင် သည်သေနတ်ကို သည်လို ဘယ်သူက ထားခဲ့ပါမည်နည်း။ ကိုယ်နှင့် တစ်ပါတည်း ယူသွားဖို့ ဆိုသည်က လည်း တက္ကသိုလ် ကျောင်းဆောင်မှာ သေနတ် မပြောနှင့်၊ ဓားမြှောင်ပင် တရားဝင် ကိုင်ဆောင်ခွင့် မရှိ။

ကိုကို၏ ဗီဝိနံကို ခြွေလိုက်သည့် ပိုင့်တူးတူး သေနတ်က ကျွန်တော့် သေနတ်။ သည်သေနတ်ကို အိမ်မှာပင် ကျွန်တော် ထားခဲ့သည်။ ပြောင်းကို ဆီတိုက်ပြီး လုလုပပ သေသေသပ်သပ် ဗီရိုတွင်းမှာ ထားခဲ့သည်။ သည်ထက် ရှိသေးဦးမည်လော။

ယခုတော့ သေနတ်ကို မရှိသေမှုတဲ့။

လိုင်စင် အသိမ်းခံရသည်။ သေနတ်ကိုတော့ သူတို့ သိမ်းနှင့်ပြီးပြီ။ လိုင်စင် ပြန်ရချင်မှ ရမည်။ သေနတ်လည်း ဆုံးချင် ဆုံးမည်။



ကိစ္စ မရှိပါ။ သည်သေနတ်ကို ကျွန်တော်ကလည်း ပြန်မကြည့်ချင်ပါ။

"အင်းပေါ့ဗျာ... သိမ်းထားပေါ့။ ပြီးတော့ ခင်ဗျားတို့ အပျင်းပြေ အမဲလိုက်တဲ့အခါ သုံးချင် သုံးပေါ့ ဟုတ်လား။ အင်း... ကျွန်တော် ကိုင်တာ ထက်တော့ ခင်ဗျားတို့ ရှိသေပါနော်... ဟုတ်လား"

ကျွန်တော်က ဘုပြောသည်ကို စခန်းမှူး ဦးဘဖဲက စိတ်မဆိုးဘဲ ရယ်နေ၏။ တကယ်တော့လည်း ဦးဘဖဲမှာ ကျွန်တော်နှင့် ရင်းနှီးသော မိတ်ဆွေ ကြီးသာ ဖြစ်လေသည်။

"မောင်စောထွေး စိတ်ထိခိုက်နေတာ ဦးလေး ကိုယ်ချင်းစာမိပါတယ်။ ဒါပေမဲ့ ဥပဒေမျက်စိမှာကတော့ လက်နက် မရှိသေမှုဟာ မရှိသေမှုဘဲပေါ့။ မောင်စောထွေးလည်း ဘီအေတန်းတောင် ရောက်နေမှပဲ၊ နားလည်ပါလိမ့်မယ်။ ထားပါတော့လေ အမှုက သိပ်လည်း မကြီးပါဘူး။ ရဲအရာရှိအနေနဲ့ မဟုတ် ဘူး။ ဦးလေးသားချင်း တစ်ယောက်အနေနဲ့တော့ တစ်ခု ပြောချင်တယ်"

"ပြောပါဗျာ... ပြောပါ"

"ခုနက အပျင်းပြေ အမဲလိုက်ချင်လို့ မောင်စောထွေးက ပြောတယ်။ ဦးလေးက ဝတ္တရားအရသာ သေနတ် ကိုင်နေရတာ။ သေနတ်ဆိုတာကို မကိုင်ချင်ဘူး။ အမဲလိုက်ဖို့တော့ ဝေးရော၊ မျက်နှာဖြူတွေအတွက်တော့ မပြော တတ်ဘူးလေ။ ဗုဒ္ဓဘာသာဝင် ဆိုပြီး အမဲလိုက်တာကတော့ ဟုတ်ရဲ့လား။ သူ့အသက် သတ်မှ ကိုယ် အပျင်းပြေရသတဲ့လား။ ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်သူတစ်ဦးအနေနဲ့ စဉ်းစားကြည့်စမ်း။ တိရစ္ဆာန်ဆိုပေမဲ့ သူ့မှာလည်း သမုဒယသံယောဇဉ်နဲ့၊ ချစ်သူ ခင်သူနဲ့။ အပစ်သတ်ခံရရင် ငိုမယ့်သူနဲ့။ မငို တတ်တောင် ပူရမယ့်သူနဲ့။ ဦးလေးမှာ အမဲလိုက်တဲ့ မိတ်ဆွေတွေ အများကြီး ရှိပါတယ်။ အဲဒီ အားလုံးဟာ သူတို့ မိသားစုထဲမှာ ကြေကွဲမှုတစ်ခုခုတော့ တွေ့ခဲ့ကြရတာချည်းပဲ။ မယုံ မရှိနဲ့၊ ကိုယ်တွေ့ကွဲ့ မောင်စောထွေး"

ရဲဝတ်စုံ ဝတ်ထားသူ၏ အဟိံသ တရားကို နားထောင်ပြီး ရဲစခန်း တွင်းမှ ကျွန်တော် စိတ်တိုစွာ ထွက်လာခဲ့သည်။

အစ်ကိုတစ်ယောက် ဆုံးရသည့်ကြားက လက်နက် မရှိသေမှုနှင့် ရဲဌာန ရောက်ခဲ့ရသေးသည်။ ပြီးတော့ သွယ်ဝိုက်၍ အဆုံးမခံလိုက်ရသေးသည်။

ကျွန်တော်က အမဲလိုက် ဝါသနာပါသည်။ ဒေါ်လေး မကြိုက်သည့် ကြားက တောပစ်ထွက်သည်။ ယခု ကိုကို သေရသည်မှာ ဦးဘဖဲကြီး ပြော သလိုဆိုတော့ ကျွန်တော့်အပြစ်ကဲ့သို့ ဖြစ်နေပါပကော။

www.burmeseclassic.com

www.burmeseclassic.com



အိုး. . . ဘာဆိုင်လို့တုံး။ ဘာများ ဆိုင်လို့တုံး။ ငရဲ ဆိုတာက ကြီးစရာရှိလျှင် ကျွန်တော့်ကို လာကြီးရမည်ပေါ့။ ကိုကိုနှင့် ဘာဆိုင်လို့တုံး။

ကိုကို သေရသည်မှာ ကျွန်တော့်ကြောင့် မဟုတ်။ ကိုကို့ကို သေစေသူက. . .။

ကျွန်တော်သည် လက်ပတ်နာရီကို ကြည့်သည်။

ညနေ ၃ နာရီထိုးပြီးပြီ။

စိတ်တိုရုံမက ကျွန်တော် ဒေါပွမိသည်။

မနေ့တုန်းက သိခဲ့သမျှကို မှီပြီး နံနက်တုန်းက လိုအပ်ရာကို စုံစမ်းခဲ့သည်။

အမှန်က သံအမတ်ကြီးဟောင်းတစ်ဦး တောင်ကြီးမှာ အခြေချသည်ကို သိဖို့ ကောင်းသည်။ ယခုတော့ သိုသိုသိပ်သိပ် ရှိလှသည်။ စုံစမ်း၍ အကြောင်းစုံ သိတော့လည်း သိုသိပ်လေသည်မှာ မဆန်း။

ဂေါက်ကွင်း၌ မောင်မြဦးထံမှ ကြားခဲ့ရသကဲ့သို့ သံအမတ်ကြီးမှာ ပင်စင်ယူလာသည် မဟုတ်။ အမှန်က ပြုတ်လာခဲ့သည်။ ငွေအလွဲသုံးစားမှုလိုလို။ ဘာလိုလို။ ယခု တက်လာသော ပ–ထ–စ အစိုးရနှင့် မတည့်၍ အပြစ်ရှာခံရသလိုလိုလည်း ဆိုကြ၏။ ဟုတ်ကဲ့. . . သိုသိပ်လေသည်မှာ မဆန်း။

သံအမတ်ကြီးကို ကျွန်တော် စိတ်မဝင်စားပါ။ ကျွန်တော် စိတ်ဝင်စားသည်က ကားအပြာကြီး. . .။ ပြီးတော့. . .။

အချိန် သိပ်မရှိတော့ပါ။ မနက်ဖြန်ဆိုလျှင် ရန်ကုန် ပြန်ရတော့မည်။ စာမေးပွဲကလည်း နီးပြီ။ ရိုးရိုးစာမေးပွဲတွင် မဟုတ်။

တောက်. . . သည်သေနတ်ကိစ္စတွေနှင့် ရဲတွေ ရှုပ်လို့။

ကျွန်တော်သည် ကားကို ပြင်းပြင်းလေး မောင်းသည်။

ဖောက်(စ်)ဝက်ဂွန်း ဆိုသည့် ကောင်ကလည်း ပြင်းပြင်း မောင်းရလေ ကြိုက်လေ။

ကျွန်တော်သည် မင်းလမ်းမကြီးအတိုင်း မြောက်ဘက်သို့ မောင်းလာခဲ့သည်။

တောင်ကြီးမှာက မြေနေရာ ရှားသထက် ရှားလာပြီ။ အရှေ့ဘက်တောင်ခြေမှာ အာဏာရှိသူ တန်ခိုးရှိသူတွေနှင့် သူတို့နှင့် အကြောင်းအပေါင်းသင့်သူတွေက မြေသစ် ဝယ်၊ အိမ်သစ် ဆောက်လုပ်ကြသည်။ တောင်ခြေတောတို့ကို ထိခိုက်သည် မထိခိုက်သည်ကို သူတို့ ဂရုမစိုက်။



အဲသည်ဘက်မှာ ဝယ်ရန် နောက်ကျသူတွေက မြို့မြောက်ဘက် အစွန်းနားရှိ သစ်တော်ခြံတွေကို ဝယ်ပြီး တိုက်ဆောက်နေကြသည်။

ကျွန်တော်က သည်ဘက်ကို ဦးတည်မောင်းနေခြင်း ဖြစ်သည်။

မင်းကွန်း ဖေတဝန် ဝိပဿနာရိပ်သာအနီး ရောက်သော် မင်းလမ်းမကြီးမှ ကျွန်တော် အနောက်ဘက်သို့ ဖဲ့ဆင်းလိုက်၏။

အဆင်းလမ်းလည်း ဖြစ်သည်။ ကျွန်တော့်ကားကလည်း အရှိန်များသည်။ မျက်နှာချင်းဆိုင်မှ ကားကလည်း ရုတ်တရက် ပေါ်လာသည်။

ကားနှစ်စီးမှာ ဦးချင်း တေ့ဆိုင်တိုက်မိလုလု ဖြစ်သွား၏။

သူကလည်း ရှောင်၊ ကိုယ်ကလည်း ရှောင် ဘာမျှတော့ မဖြစ်လိုက်ကြ။

မြေကပ် မြေဝပ် ကောင်းသော ကျွန်တော့် ဖောက်(စ်)ဝက်ဂွန်းသည် လူးပင် မလူးလိုက်ဘဲ တစ်ဖက်ကား၏ ဘေးမှ သီသီလေး မပွတ်ရုံ လွတ်ထွက်သွား၏။

ကျွန်တော့်ဦးခေါင်းက သတိပြုမိမီ နောက်သို့ လှည့်မိလျက်သား ဖြစ်သွားသည်။

ဟိုကားက ကားပြာ. . . ကောင်ဆယ်(လ်) အမျိုးအစား ကားပြာ။

ကျွန်တော် သတိလက်လွတ်ပြီး ခေါင်းလှည့်ကြည့်မိသည်မှာ စက္ကန့်ပိုင်းလေးသာ ဖြစ်၏။ ဟိုကားကြီး မင်းလမ်းမကြီးပေါ် ရောက်၍ တောင်ဘက်ကွေ့ပျောက်သွားသည်ကို မြင်လိုက်ရသည်မှာလည်း စက္ကန့်ပိုင်းသာ ဖြစ်၏။ ကျွန်တော့် ခေါင်း ပြန်လှည့်လိုက်မိသည်မှာလည်း စက္ကန့်ပိုင်းသာ ဖြစ်၏။

ကျွန်တော့် ညာခြေဖဝါးက ဘရိတ်နင်းပြားပေါ် ရှောက်ဖြစ်အောင်တော့ ရောက်သွားလိုက်ပါသေး၏။

သို့သော်. . . စက္ကန့်ပိုင်းကလေးပင် နောက်ကျသွားသည်။

အဲသံတော့ ထွက်သည်။ သိပ်တော့ မကျယ်ပါ။

ကျွန်တော့်ဦးခေါင်းက ရှေ့သို့ ငိုက်ကျသွားသည်ကို မှတ်မိသည်။ ရင်ဘတ်၌ အောင့်ခနဲ ဖြစ်သွားသည်ကိုလည်း သိလိုက်သည်။ တုံ့ခနဲ ကားရပ်သွားသည်ကိုလည်း သတိပြုမိသည်။ နောက်. . .။

ကျွန်တော်သည် ကားပေါ်မှ ဒယီးဒယိုင် ဆင်းလိုက်၏။

ကားဦးက ခြံဝင်းတစ်ခု အဝင်ဝရှိ အုတ်ခုံကို ဖေ့ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်က အောင့်ဆဲ...။ ကျွန်တော့် ကိုယ်က ကိုင်းဆဲ။ ကိုယ်က ကိုင်းတော့ လက်က ကားဦးဖုံးပေါ် အားယူထောက်ထားရသည်။

ဆွတ်ဆွတ်ဖြူသော ကားဦးဖုံးပေါ်တွင် အနီကွက်ကလေးတစ်ခု ပေါ်လာသည်။ နောက်တစ်ကွက်... ဟော... နောက်တစ်ကွက်... သြော်...။

"သြော်..."

သည်သြော်က ကျွန်တော့်အသံ မဟုတ်ပါ။ ယောကျ်ားသံလည်း မဟုတ်ပါ။

"ဘာဖြစ်သွားသလဲဟင်... ဘယ်ထိသွားသလဲ"

ဦးခေါင်းက ငိုက်လျက် အနေအထားမို့ မြေကို အရင် မြင်ရသည်။ ပြီးတော့ ဝင်းဝင်းဝါဝါနှင့် နုသော ခြေထောက်ကလေးများ။ နက်ပြာရောင် ဖိနပ်သဲကြိုးလေးများ ထင်းနေ ရှင်းနေအောင် ပေါ်လွင်စေသည့် ခြေထောက် ဝင်းဝင်းဝါဝါကလေးများ။

သည်တစ်ခါတော့ ထဘီက အပြာရောင်။ မိုးကောင်းကင်၏ အပြာရောင်။ အင်္ကျီကတော့ အဖြူရောင်ပင်။ ဆွတ်ဆွတ်ဖြူသော အဖြူရောင်ပင်။

အုပ်ကောင်းသော ဆံပင်တွေက နက်မှောင်နေ၏။ သည်ဆံပင်တွေကို တစ်ပတ်လျှိုပင် ထုံးထားပြီး ရှေ့ရင်မှာ ချထား၏။

ဝါဝင်းသော လက်တစ်ဖက်က ဆံပင်ကဲ့သို့ပင် နက်မှောင်လှသော ပစ္စည်းတစ်ခုကို ကိုင်ထား၏။

စိပ်ပုတီးလေး တစ်ကုံးပါ။

အသံတစ်ခုသည် ကျွန်တော့်ရင်မှာ ပေါ်လာပြီး လည်ချောင်းကို ဆန်တက်သည်။ သို့ရာတွင် နှုတ်မှမူ ဘာမျှ ထွက်မလာ။

သြော်... တွေ့ပါလေပြီ။ ရှာရတုန်းက ခက်ခဲသား။ ဆုံမိပြန်တော့လည်း အလွယ်ကလေး။

ဟိုတစ်နေ့ အဝေးက မြင်ရကတည်းက အင်မတန် လှသည်ဟု ကျွန်တော် အသိအမှတ်ပြုပြီးပါ။ ယခု မျက်နှာ သွယ်သွယ်လေးကို အနီးကပ် မြင်ရသောအခါ ကျွန်တော့်မှာ ထပ်၍ အပိုပြောစရာ စကား မရှိပါ။

ကျွန်တော်က စိုက်ကြည့်၍သာ ကြည့်နေသည်။ မလှုပ်ဘဲလည်း ငြိမ်နေသည်။

ကြည်လဲ့သော မျက်လုံး နှစ်စုံကလည်း ကျွန်တော့်ကို ပြန်စိုက်ကြည့်နေသည်။ စိမ်းမြမြ မျက်မှောင်လေး နှစ်ခုကတော့ အနည်းငယ် တွန့်နေ၏။



"သတိမှ ကောင်းကောင်း ရသေးရဲ့လား... ဟင်။ ဒီက မမ ပြောတာကိုကော... ငါ့မောင် ကြားရဲ့လား"

ရုပ်လှသူတိုင်း အသံ လှပါသလား။ အသံကိုကော လှသည်ဟု သုံးနိုင်ပါသလော။ သုံးနိုင်လျှင်တော့ ယခု ကျွန်တော်သည် အလွန်လှသော အသံကို ကြားနေရ၏။

လာရင်းကိစ္စသည် ကျွန်တော့်ခေါင်းတွင်း ပြန်ပေါ်လာ၏။ ထိုခဏမှာပင် ကျွန်တော့်ကိုယ်သည် မတ်သွား၏။

"ကိစ္စမရှိပါဘူး၊ ဘာမှ မဖြစ်ပါဘူး"

ကျွန်တော်သည် ကားကို စစ်ကြည့်၏။

ကားလည်း ဘာမျှ မဖြစ်ပါ။ ဂျာမန်တို့ ဂုဏ်ယူသော သံမဏိရွှံ့ကာသည် ဘာမျှ မဖြစ်ပါ။ အုတ်ခုံမှ အင်္ဂတေသာ ကွဲပဲ့ကျနေ၏။

မိန်းမလှက ပြုံးသည်။ ကရုဏာပြုံး ဆိုသည်မျိုးလော။

"ခေါင်းမှာ ခိုက်မိထားတာကော သိရဲ့လား"

ကျွန်တော်က ဘောင်းဘီအိတ်အတွင်းမှ လက်ကိုင်ပဝါကို ယူပြီး နဖူးမှ သွေးတို့ကို သုတ်၏။

"ကိစ္စမရှိပါဘူး၊ နည်းနည်းလေးရယ်ပါ"

"နည်းနည်းလေးရယ်ပါပဲ၊ ဒါပေမဲ့ ပိုးဝင်သွားရင် မကောင်းဘူး။ ဥပမာ... တိုင်တင်းနစ်ခ် ဆိုပါတော့။ နားလည်တယ် မဟုတ်လား"

"နားလည်ပါတယ်"

"အိမ်ထဲ ခဏလိုက်ခဲ့လေ၊ ထွေထွေထူးထူးတော့ မရှိဘူး။ မင်သော် လီတ်တက်စပစ်ရစ်နဲ့ ဘောဒစ်အက်ဆစ်ပေါင်ဒါ ရှိတယ်"

"အင်း... ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်"

မိန်းမလှက ရှေ့က သွားသည်။ ကျွန်တော်က အချိုးကျလှသော နောက်ပိုင်းကို သတိပြုမိရင်း နောက်က လိုက်၏။

ဒရဝမ်ဆော... မာလီလော... မသိသော ဂေါ်ရခါးလူမျိုးတစ်ဦးကလည်း နောက်မှ ကပ်လိုက်ပါလာ၏။

"ဒီမှာ ထိုင်ဦးနော်... ခဏ..."

ကျွန်တော်က အမွေးပွဆိုဖာတစ်ခုပေါ်ဝယ် ထိုင်၏။

မိန်းမလှက အခန်းတွင်း ဝင်သွားသည်။ ဂေါ်ရခါးက ကျွန်တော့်ကို မျက်စောင့်ကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တအောင့်အကြာ၌ ဆေးပုလင်းများကို ကိုင်ပြီး မိန်းမလှ ပြန်ပေါ်လာ၏။ နောက်ပါး၌လည်း ရေနွေးဇလုံ ကိုင်လျက် အိမ်ဖော်မလေးတစ်ဦး ပါလာသည်။

ကျွန်တော်က ငြိမ်ကြည့်နေသည်။

ဘယ်သူက ဘာလုပ်မည်နည်း။

ဩော်... ဂွမ်းစကို ရေနွေး၌ နှစ်ပြီး မိန်းမလှကိုယ်တိုင် ကျွန်တော့် နဖူးမှ ဒဏ်ရာကို ဆေးပေးသည်။

နဖူးက ဒဏ်ရာကို ဆေးပေးနေတော့ လူချင်းမှာလည်း ကပ်နေသည်။ သည်တော့ မျက်လုံးကသာ အာရုံကို သိသည် မဟုတ်။ နှာခေါင်းက အာရုံကို သိနေသည်။

ဆံပင်ကလော... မွှေညင်းကလေးတွေ ရှိမ်းနေသည့် မျက်နှာကလော...။ သို့မဟုတ် ဝင်းဝါသည့် တစ်ကိုယ်လုံးကပဲလော...။ မွှေးပျံ့သည်။ သင်းသင်း မွှေးပျံ့သည်။

ဒဏ်ရာကို ဆေးကြော စပစ်ရစ် သုတ်၊ ဆေးမှုန့် သိပ်ပေးပြီးသော အခါ မိန်းမလှသည် အိမ်ဖော်မလေးနှင့် အတွင်းခန်းသို့ ဝင်သွားပြန်၏။

ဂေါ်ရခါးကမူ ရပ်နေမြဲ ရပ်လျက်။

ဧည့်ခန်းကို ကျွန်တော် မျက်လုံး ကစားကြည့်သည်။

ဆင်ပြင်ထားပုံက သပ်ရပ်ခေတ်မီသည်။ ပြတင်းမှ ခန်းဆီးရောင်နှင့် ကြမ်းမှ ကော်ဇောရောင်သည် တမင်ရွေးချယ် မိတ်ဖက်ထားဟန် လိုက်ဖက်သည်။ ကျွန်းသားကို လှရုံ ထည့်ပြီး မှန်သား များသော ဗီရိုနိမ့်ကလေးတွင်း၌ စာအုပ်တွေ အတော်စုံသည်။

အခန်းတစ်ထောင့်မှာတော့ မဟော်ဂနီရောင် မတ်ရပ် ပီယာနိုတစ်လုံး ရှိ၏။ ပီယာနိုထက်တွင်ကား နီစွေးသော ပန်းပွား။ အနက်ခံတွင် ကျောက်မျက်နှင့် ရွှေရောင် လက်နေသော စောင်းကောက်တစ်လုံး ရှိနေ၏။

သည်ဟာ တစ်ခုကတော့ ထူးခြားသည်။ တောင်ကြီးလို မြို့မှာ ပီယာနိုသည် အဆန်း မဟုတ်။ စောင်းကောက်ကတော့ ဆန်းသည်။ သည်မြို့ပေါ်မှာက ဘောင်းဘီနှင့် ဂျာကင် ကြီးစိုးသကဲ့သို့ ဂစ်တာနှင့် အကော်ဒီယံ ခေတ်စားသည်။ စောင်းကောက် ဆိုသည်မျိုးကို ဧည့်ခန်း မဆိုနှင့် မင်္ဂလာပွဲနေ ပွဲထိုင်မှာပင် တွေ့ခဲပါဘိခြင်း။

မိန်းမလှ ပြန်ထွက်လာပြီး မျက်နှာချင်းဆိုင်ရှိ ဆိုဖာပေါ်၌ ဝင်ထိုင်၏။



"ဩော်... ရခေး..."

မိန်းမလှက ဂေါ်ရခါးကို လှမ်းပြောခြင်း ဖြစ်၏။

"ကိစ္စမရှိပါဘူး လုပ်စရာရှိတာ သွားလုပ်ပါ"

ဂေါ်ရခါး ပြန်ထွက်သွား၏။ မိန်းမလှက ကျွန်တော့်မျက်နှာဆီ ကြည့်သည်။

ကဲ... တွေ့ကြပြီ၊ တွေ့ကြပါပကော... ငစောထွေး... ဘာလုပ်မလဲ၊ မင်း ဘာလုပ်မလဲ။

ကိုယ့်ကိုယ်ကိုယ် ဆဲဆိုချင်သည်။ တွေ့ဖို့ ထွက်လာခဲ့သည်။ တွေ့လျှင် ဘာပြောမည်နည်း။ ဘာလုပ်မည်နည်း။ ကျွန်တော့်မှာ ဘာမျှ ကြိုတင်ပြင်ဆင်မှု ပါမလာခဲ့။

ယခု တွေ့နေရပြီ။ မျက်နှာချင်းဆိုင်လျက်သား တွေ့နေရပြီ။ အဖြစ်ကလည်း ကျေးဇူးတင်စကား ပြော၍ ပြန်လေရမည့် အဖြစ်မျိုး၊ အမယ်မင်း...။

မိန်းမလှက စမေးပြီ။

"တောင်ကြီးကပဲလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခဏပြန်လာတာ"

"ကျောင်းသား ထင်တယ်၊ တက္ကသိုလ် ကျောင်းသားပေါ့နော်"

"ဟုတ်ပါတယ်"

"စာမေးပွဲတွေ နီးရောပေါ့နော်"

"နီးပါပြီ၊ ဒါပေမဲ့ မပြန်ရင် မဖြစ်လို့ ပြန်လာရပါတယ်"

ကျွန်တော်က ရှင်းပြသည်။ အကွက်ဝင်လာသောကြောင့် အမေး မရှိဘဲ ရှင်းပြသည်။

"ဟိုတစ်နေ့က ကျွန်တော့်အစ်ကို သေသွားတယ်လေ။ သူ့ကိုယ်သူ သတ်သေသွားလို့"

လာပါပြီ... ပြန်လာပါပြီ။ ကျွန်တော့်ရင်တွင်း၌ ချွန်မြမြ ဝေဒနာ ပြန်လာပါပြီ။

ကျွန်တော့် မျက်လုံးများက မိန်းမလှ၏ မျက်နှာကို စိုက်ကြည့်ထားသည်။ သည်တစ်ခါတော့ အလှကို မကြည့်။ အဲသည်အလှကိုကော ဘာလုပ်ဖို့ ကြည့်ရမည်နည်း။

ကျွန်တော် တွေ့လိုရာကို မြင်ရပါသည်လေ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းမလှ၏ မျက်နှာသည် မသိမသာလေး ဖျက်သွား၏။ ခေါင်းလည်း အနည်းငယ် ငိုက်သွား၏။ မျက်တောင်ကော့များလည်း အောက်သို့ စင်းကျသွား၏။

"ကျွန်တော့် အစ်ကိုနာမည်ကို ပြောပြဦးမယ်။ သူ့နာမည်က ထွန်းနောင်တဲ့။ ကိုထွန်းနောင်တဲ့. . .။ ဘာပြုလို့လဲ မသိဘူး။ သူက ဒီလောကကြီးကို မုန်းပြီး သူ့နှလုံးဆီ ပွိုင့်တူးတူး ကျည်ဆန်တစ်ခု ပစ်ထည့်လိုက်တယ်။ ကံဆိုးရှာတယ်။ ဒီလောက က သူ ထင်သလို မြန်မြန်ကြီး ထွက်မသွားရရှာပါဘူး။ ဆေးရုံကြီးပေါ်မှာ ဝေဒနာ ခံစားသွားရရှာပါသေးတယ်။ အဲဒီဝေဒနာနဲ့ ဒီ့အရင် ခံခဲ့ရတဲ့ ဝေဒနာဟာ ဘယ်ဒင်း ပြင်းလဲလို့ သူ့ကို မေးခွင့်တော့ ကျွန်တော် မရခဲ့ပါဘူး"

သည်စကားတွေသည် ကျွန်တော့် နှုတ်ဖျားမှာ ဘယ်လို ပေါ်လာပါသလဲ။ ဘယ်လို ပေါ်လာ ပေါ်လာ သည်စကားတွေကို ပြောရ၍ ကျွန်တော် ကျေနပ်သည်။ အလိုလေး. . . အရသာများပင် ရှိလိုက်သေး။

"ဒါပေမဲ့ မျှော်လင့်ချက် ဆိုတဲ့ မျက်လုံးလေးကို ဖွင့်ပေးလေတဲ့ ပရိယာယ် ရောင်ခြည် တစ်ခုအကြောင်းတော့ ကျွန်တော့်အစ်ကိုက သွယ်သွယ်ဝိုက်ဝိုက် ကျွန်တော့်ဆီ စာရေးဖူးပါတယ်"

ကျွန်တော် ဆက်ပြောနေ၏။ မိန်းမလှ၏ ခေါင်းကတော့ ပြန်မော့မလာပါ။

"ကျွန်တော်က မေးချင်တယ်လေ။ ဒီမျက်လုံးလေးကို ဖွင့်ပေးပြီးမှ ဘာလို့ ထာဝရ မှိတ်အောင် လုပ်ရက်လိုက်တာလဲ။ ဘယ်အမုန်း ဘယ်အငြိုး ဒါမှမဟုတ် ဘယ်ဝါသနာနဲ့. . . လို့. . ."

အမယ်လေး. . . သည်လိုတော့လည်း အလွယ်သား၊ ပြောချင်သည်ကို ပြောချလိုက်ဖို့က အလွယ်သား။

မိန်းမလှ၏ ခေါင်းသည် ဖြည်းညင်းစွာ မော့လာသည်။ လှသော မျက်နှာလေးက ရွှမ်းနေသည်။ ရွှမ်းရမည်လေ။ ရွှမ်းရမည်ပေါ့။

"ကိုထွန်းနောင်ရဲ့ ညီ ဆိုတော့ ဒီက မောင့်နာမည်က အငယ်ပေါ့၊ ဟုတ်လား. . ."

"ဩော်. . . စောထွေးဟာ အငယ်လို့ ခင်ဗျား သိနေတယ်ပေါ့နော်"

"သိတာပေါ့ အငယ်ရယ်၊ သိတာပေါ့၊ ဒါပေမဲ့ အငယ်. . . အငယ့်စကားတွေက နာကြည်းလှပါကလား။ အငယ့်အမုန်းကလည်း ကြီးလှချည်ပါလား။ အငယ်. . . မင်း မမသက်ကို အခုထိ မုန်းနေတုန်းပဲလား"



မြတ်စွာဘုရား. . . သည်တစ်ခါ မိုးကြိုးအပစ်ခံရသူက ကျွန်တော်ပါ။ စောထွေးရယ်ပါ. . . အငယ်ပါ. . .။

"ဘာ. . . မမသက်. . . ခင်ဗျားက သက်. . . ဟုတ်လား"

"ဟုတ်ပါတယ် အငယ်၊ ခင်ဗျားမျက်နှာ ဖြူဖြူကလေးကို ထောပတ်သီးမှည့်လို ညိုသွားအောင် ကျုပ် ခဲနဲ့ ထုချင်တယ်လို့ တစ်ခါက ကြိမ်းခဲ့တဲ့ သက်ပါ"

ကျွန်တော့် တစ်ကိုယ်လုံးမှာ ပူသွားသည်။ သွေးဆူလာသည် ဆိုသည်မှာ ဒါကို ခေါ်သလား။

ကျွန်တော်က သက်၏ မျက်နှာဖြူဖြူ သို့မဟုတ် ဝင်းဝင်းကလေးကို စိုက်ကြည့်သည်။

". . . မိ မဆုံးမ ဖ မဆုံးမ၊ အလေနတ္တောလေးတွေ၊ ဆေးလိပ်သမသား ခွေးကြမ်းပိုးလေးတွေ. . ."

သည်အသံက အဝေးကြီးမှ လာသည်။ ဟိုး. . . အဝေးကြီးမှ လာသည်။ အမှောင်တွင်းမှ လာသည်။

". . . ကြောက်ပါပြီဗျာ. . . ကြောက်ပါပြီ၊ အမယ်လေးဗျာ. . . သေပါပြီ၊ မလုပ်တော့ပါဘူး၊ နောက်. . . မလုပ်တော့ပါဘူး"

အဲဒါက ကိုကို့အသံ။ ကျွန်တော့်အသံ မဟုတ်။ ကျွန်တော်က မငိုပါ။ ဘယ်တော့မှ မငိုပါ။ နာသည်လေ. . . နာလိုက်သည်မျိုးကတော့။ ဒါပေမဲ့ မငိုပါ။ ကြောက်လည်း မကြောက်ပါ။ လုပ်ပေါ့. . . လုပ်နိုင်တုန်း လုပ်ကြပေါ့။ ကိုယ်က ပြန်လုပ်နိုင်သည့် တစ်နေ့ကျတော့လည်း အနည်းဆုံး ဂြိုဟ်မွှေသည့် ကိုကို့မျက်နှာကို လက်သီးနှင့် စွတ်ထိုးဦးမည်။ သည်. . . သက် ဆိုသည့် ဂြိုဟ်ကောင်မလေးကိုလည်း. . .။

ယခု ကျွန်တော်က သက်၏ မျက်နှာလှလှကို စိုက်ကြည့်နေသည်။ သည်မျက်နှာကိုတော့ ဘာမျှ မလှုပ်ချင်တော့ပါ။ ဩော်. . . မျက်နှာကို ဘာကြောင့် လက်စားချေရမည်နည်း။

အေးချမ်းသော အသံကသာ ဆက်ထွက်လာ၏။

"အငယ်. . . မင်း ကြည့်နေပုံက ကြောက်စရာပါလား။ မင်း မမသက်ကို ရန်တွေ့ဖို့ လာတာလား၊ ဒါမှမဟုတ် စွပ်စွဲဖို့ လာတာလား"

"အဲဒါကို ကာယကံရှင်က ပိုသိလိမ့်မယ်"

"မင်း ဘာဆိုလိုတာလဲ အငယ်"

www.burmeseclassic.com

www.burmeseclassic.com



လာပြီ‌. . မိန်းမဆိုတာ ဒါမျိုးပဲ ဖြစ်သည်။ ရှုပ်လှလှ မလှလှ ဒါမျိုးပဲ ဖြစ်သည်။ ဘာမျှ မသိသယောင်၊ ဘာမျှ အပြစ်မရှိသယောင်ယောင်။ ကလေးလေး တစ်ယောက်လို သနားစရာ ဖြူစင်နေသယောင်ယောင်။ ကြောက်စရာ ကောင်းလိုက်ပါသည့် အမျိုး။

ကျွန်တော်က ပြုံးသည်။ ပြုံးလိုက်သည် ဆိုခြင်းထက် နှုတ်ခမ်းကို တွန့်လိုက်သည် ဆိုခြင်းက ပိုမှန်လိမ့်မည် ထင်သည်။

"ကျွန်တော် ဘာဆိုလိုသလဲ ဟုတ်လား. . အဲ မမသက်။ ဘိုးတော်ဘုရား လက်ထက်က အဟောင်းဆုံး လက်သုံးစကားနဲ့ပဲ ပြောမယ်။ မမသက် ခင်ဗျား. . ကျွန်တော်ဟာ အိပ်ချင်ယောင်ဆောင်နေသူ တစ်ယောက်ကို လာနှိုးနေပါတယ် ခင်ဗျား"

ကျွန်တော့်ကိုယ် ကျွန်တော် အလွန်ကျေနပ်သွားသည်။ သူ့အနာ တည့်တည့်ပေါ်ကို တုတ်နှင့် ရိုက်ချလိုက်နိုင်သူ တစ်ဦးကဲ့သို့ ကျေနပ်သွားသည်။

သက်၏ ကိုယ်လေးသည် မတ်လာ၏။ မျက်လုံးများကလည်း ကျွန်တော့်ကို စိုက်ကြည့်သည်။ အခြား ဘယ်ကိုမျှ မကြည့်။ ကျွန်တော့် မျက်လုံးများကိုသာ တည့်တည့် ပြန်စိုက်ကြည့်နေသည်။ ဘာကြောင့် မသိ။ သည်လိုမိန်းမသားတစ်ဦးက ကိုယ့်ကို တည့်တည့်နှင့် စိမ်းစိမ်းကြီး စိုက်ကြည့် နေပြန်တော့ ကျွန်တော် အနည်းငယ် အနေရအထိုင်ရကျပ်သွားသည်။

ထိုစဉ်မှာပင် သက်က ပြုံးသည်။ အလို. . မသိနားမလည်သော ကလေးတစ်ယောက်ကို ပြုံးပြသည့် လူကြီးတစ်ယောက်၏ အပြုံးမျိုးပါတကား။

"ဩော်. . အငယ် အငယ်. . တစ်ယောက်နဲ့ တစ်ယောက် မတွေ့ခဲ့ကြတာ အချိန်တွေ ကြာလှပါပြီ။ ဒါပေမဲ့ ငါ့မောင်. . မင်း ဘာမှ မပြောင်းလဲသေးပါကလား။ မင်းနာမည်ဟာ အငယ် ဆိုတဲ့အတိုင်း မင်းဟာ ငယ်ငယ်တုန်းက ဘဝမှာပဲ နေနေတုန်းပါလား အငယ်ရယ်"

ကျွန်တော့်ကိုယ်သည် ဆိုဖာပေါ်မှ မြောက်မသွားရုံတစ်မည် ရှိသည်။

စော်ကားလိုက်သည့် စကား။ ကျွန်တော့်ကို စော်ကားလိုက်သည့် စကား။

"အဲဒါ. . ဘာ. . ဘာပြောတာလဲ"

"မင်းဟာ ဘာမှ မပြောင်းလဲသေးဘူးလို့ မမသက် ပြောနေပါတယ်"

"ဒါ စော်ကားတာ၊ ခင်ဗျား ကျွန်တော့်ကို စော်ကားတာ"



"ကိုယ့်ဘက်ကျတော့ ကိုယ် သိလှချည်လား အငယ်၊ ဒါပေမဲ့ မမသက် မေးပါရစေ၊ ဘယ်သူက ဘယ်သူ့ကို လာစော်ကားနေပါသလဲ၊ ဒါက ဘယ်သူ့အိမ်ပါလဲ၊ ပြီးတော့. . ဘယ်သူက မိန်းမသား ဘယ်သူက ယောက်ျား တစ်ယောက်ပါလဲ၊ ဖြေပါဦး အငယ်. ."

သွားပြီ. . ကျွန်တော့် ထိုးစစ် ပျက်သွားပြီ။ သည့်တစ်ခါ ခံစစ် အလှည့်။

"မင်း မဖြေတော့ဘူးလား အငယ်၊ အင်းလေ. . မဖြေပါနဲ့ မမသက်ကပဲ ပြောပါ့မယ်၊ အငယ့်စိတ်ထဲ ဘာဖြစ်နေတယ် ဆိုတာကို မမသက် ကိုယ်ချင်းစာကြည့်နိုင်ပါတယ်၊ ဒါကြောင့်မို့လည်းပဲ အငယ့်ကို မမသက် ခွင့်လွှတ်လိုက်ပါတယ်၊ ဒီစကားကို မကြိုက်ရင် မမသက် ပြင်ပြောပါ့မယ်၊ မမသက် စိတ်မဆိုးပါဘူးလို့. . ဟုတ်လား"

လုပ်ပေး. . ကြိတ်ပေး. . အပေါ်စီးရသည့် အလှည့်ကိုး။

"မမသက်ကို မင်း ဘာတွေ လာစွပ်စွဲနေတယ်ဆိုတာ မမသက် ရိပ်မိပါပြီ၊ မင်း ဘာတွေ ယုံလာခဲ့တယ် ဆိုတာကိုလည်း မမသက် သိတယ် ထင်တယ်၊ မမသက်အနေနဲ့ကတော့ ဖြေစရာက ရှင်းရှင်းလေးပဲ၊ ကိုထွန်းနောင်ခုလို ဖြစ်သွားတဲ့အတွက် မမသက်လည်း သိပ်အံ့ဩမိတယ်၊ ခင်မင်တဲ့ လူ တစ်ယောက် ဖြစ်တဲ့အတွက် သိပ်လည်း ယူကျုံးမရ ဖြစ်မိတယ်၊ မမသက် အနေနဲ့တော့ ဒါပဲ ပြောစရာရှိတယ်၊ မင်း ဘာတွေ မေးစရာ ရှိသေးသလဲ"

အမူအရာက တည်ငြိမ်လှသည်။ ပြောဟန်ကလည်း လေအေးကလေးနှင့် ဖြစ်သည်။

ကျွန်တော့်အခြေအနေ ယိုင်စပြုလာပြီကို ကျွန်တော် နားလည်လာသည်။

ကျွန်တော့်မှာ မေးစရာတွေတော့ ရှိပါသည်။ သို့ရာတွင် မိုက်ရိုင်းမှု ဟူသည့် အံကျန့်အသတ်က ရှိနေသည်။ ဒေါသထွက်နေတုန်း မိုက်ရိုင်းနိုင်စွမ်းသည်က တစ်ကဏ္ဍ။ ပြီးတော့ သူက ဘုမှိ ကိုယ်က ဘောက်လုပ်ရမည် ဆိုကလည်း မခက်။ ယခုတော့. . .။

အပြင်ဘက်က ကားဟွန်းသံ ကြားရသည်။ ပထမတော့ တစ်ချက်၊ နောက်. . ဆက်ကာ ဆက်ကာ ဒေါသတကြီး ပေါ်ထွက်လာသည်။

ရခေးဟု ခေါ်သော စောစောက ဂေါ်ရခါး ပြန်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ... ကားဝင်မယ် လုပ်တယ်နော် မရဘူး၊ နင့်ကားနော်... ပိတ်နေတယ်"

ကျွန်တော်သည် အပြင်ဘက်သို့ ထွက်ကြည့်၏။

ကားပြာက အပေါက်ဝမှာ၊ မောင်းသူကတော့ အသက် ၄၀ ခန့် ယောက်ျားတစ်ဦး၊ ကားဘေး မြေပေါ် ဆင်းပြီး ဟွန်းကို အဆက်မပြတ် နှိပ်နေသူကတော့ ဆံပင် ကုပ်ဝဲနှင့် မချောလေး တစ်ဦး။

ကျွန်တော်က ခြံပေါက်ဝဆီ လျှောက်သွား၏။

စောစောကမှ ထူထူပူပူနှင့်မို့ သတိမပြုမိခဲ့။

အုတ်ခုံကို ဝင်ငွေ့ထားသော ကျွန်တော့် ကားဦး တစ်ခြမ်းက ခြံအဝင် လမ်းပေါ် အနည်းငယ် စွန်းထွက်နေသည်။

ကောင်ဆယ်လ် ကားပြာက ကြီးသည်။ ခြံအဝင်ပေါက်ကလည်း ကားတစ်စီး ဝင်သာရုံ ကျယ်သည်။ ပြီးတော့ ထောင့်မှန်တစ်ဆစ်ချိုး ကွေ့ဝင်ရမည်။ သည်တော့ ကျွန်တော့် ကားဦးနှင့်က မလွတ်။

သူတို့ ကားအနီး ကျွန်တော် အရောက်တွင် မချောလေးက ခါးထောက်ပြီး ဆို၏။

"ရှင်တို့ တောင်ကြီးက လူတွေဟာ နေ့ခင်းကြောင်တောင် အရက်သောက်ပြီး ကားမမောင်းပါဘူးနော်"

အလဲ့... ချီလိုက်ပုံက ယဉ်သကိုး။

"အမိက ကျုပ်ကို အရက်သောက်ထားတယ်လို့ စွပ်စွဲနေတာလား"

"အဲဒါကို ကာယကံရှင်က ပိုသိမှာပေါ့"

ကျွန်တော့် ရင်ထဲ၌ ထောင်းခနဲ ဖြစ်သွား၏။ စောစောက သည်စကားနှင့် သက်ကို ကျွန်တော် နှံခဲ့သည်။ ယခု ကျွန်တော့်ကို တွယ်သူ ပေါ်လာပါပကော။

"အမိ စိတ်ရနံ့ ရှင်းသွားအောင် ကျုပ် ပါးစပ် လာနမ်းကြည့်ပါလား"

"ဒါ ဘာစကား ပြောတာလဲ"

"အမိက စွပ်စွဲသူ၊ ဖြေရှင်းရမှာက ကျုပ်တာဝန်၊ ဒါကြောင့် သေချာအောင် လာနမ်းကြည့်လို့ ပြောရတာ၊ တခြား ကျုပ် ဘာပြောလို့လဲ"

ဆံတိုကုပ်ဝဲမကလေး ဆတ်ဆတ်ခါသွားသည်။

သူ့ကိုယ် ကြော့ကြော့လေးကို ပိုကော့သွားအောင် ရင်ကို ချီလိုက်ပြီး ကျွန်တော့်ဆီ ခြေတစ်လှမ်း တိုးတက်လာခဲ့၏။ အင်း... ကြည့်လို့တော့ အလှသား။



နောက်ပါးမှ သက်၏ အသံ ပေါ်လာ၏။

"မိုးမိုး... လွန်မယ် ဒါ ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမလဲ၊ စောစောကလည်း အထွက်မှာ ကားချင်း ဝင်ပွတ်သွားတယ်၊ အစ်ကိုမျိုးက သူ့ဂေါက်ကွင်း ရောက်ဖို့ လောနေလို့ပေါ့၊ နို့မို့ရင် အဲဒီကတည်းက ရန်တွေ့တယ်၊ အခု ကားချင်း မတိုက်ရလို့ အိမ်က အုတ်ခုံ ဝင်ဆောင့်ထားတယ်၊ ဒါကြောင့် မူးပြီး မောင်းတာလားလို့..."

ကြိုက်ပြီ... ကျွန်တော်က ဒါမျိုး ရှာနေသည်။ သက်နှင့်တုန်းကတော့ ကျွန်တော် တစ်ယောက်တည်းသာ ဒေါသကြီးရသည်။ ရန်ဖြစ်ရသည်မှာ မစိုပြည်။ ယခု အဖော်ကောင်း ရပြီ။

"အမိက ဒီစကားချည်းပဲ ထပ်ပြောနေတယ်၊ မယုံရင် စမ်းတဲ့နည်းကို ကျုပ် ပြောတော့လည်း အမိ မစမ်းရဲဘဲနဲ့"

ကျွန်တော်က မထီမဲ့မြင်ဟန်နှင့် ကျွန်တော့်ကားတွင်း ဝင်ထိုင်၏။

မချောလေး ကပ်လိုက်လာသည်။

ပြည့်ဖောင်းသော နှုတ်ခမ်းနီနီ ရဲရဲကလေးများမှာ ဒေါသကြောင့် တုန်နေ၏။

"ရှင်... ရှင်... ယောက်ျားလား မိန်းမလား"

"အဲဒါလည်း ကိုယ်တိုင် စမ်းကြည့်နိုင်တယ်"

မချောလေးက သူ့ကိုယ်သူ မထိန်းနိုင်ဘဲ ကျွန်တော့် ကားကို ခြေထောက်နှင့် ကန်၏။

ကန်ပါစေ... ကျွန်တော့် ကားက မနာတတ်ပါ၊ နာတတ်သော မချောလေးကို ကျွန်တော်က နှုတ်နှင့် ကလိရပြီးပြီ မဟုတ်ပါလော။ ကျွန်တော် ... အဟင်း... သည်းညှည်းခံနိုင်ပါသည်။

သက်သည် ကျွန်တော်တို့အနီး ရောက်လာ၏။

"အငယ်... မင်းကလည်း တော်တော့၊ မိုးမိုးလည်း တော်တော့၊ ပြီးတော့ မိုးမိုး၊ အငယ်ဟာ မမသက်ရဲ့... အဲ... မိတ်ဆွေ"

"မမသက်ရဲ့ မိတ်ဆွေထဲမှာ ဒီထက် ယဉ်ကျေးသူတွေ ရှိသေးသလား"

ကျွန်တော့်ကို မနိုင်သော မချောလေးက သူ့အစ်မကို ပြန်ပက်သည်။

သက်၏ တည်ငြိမ်သော မျက်လုံးများ... ကျွန်တော် မိုက်ရိုင်းပြနေတုန်းကလည်း သည်မျက်လုံးများ၊ ယခုလည်း ဒေါသူပုန်ထနေသော ညီမကို စိုက်ကြည့်နေသော သည်မျက်လုံးများ...။

www.burmeseclassic.com

www.burmeseclassic.com



သည်မျက်လုံးများ၏ ထူးခြားမှုကိုတော့ ကျွန်တော် သတိပြုမိပြီ။

"မိုးမိုး. . . မမကို ခံမပြောနဲ့၊ ညီမက အစ်မကို ခံပြောတာ မမ ဘယ်တုန်းက ကြိုက်ဖူးလို့လဲ"

သည်လိုတော့လည်း အပိုင်သား။ မချောလေး ငြိမ်ကျသွားသည်။

ကျွန်တော်က ကားကို နောက်ဆုတ်သည်။ ပြီးတော့မှ ဂငယ်ကွေ့ ကွေ့သည်။

ထွက်မလာခဲ့မီ ကျွန်တော်က သမင်လည်ပြန် လှည့်ကြည့်၏။

အစ်မနှင့် ညီမ. . . ခြံဝမှာ ရပ်နေကြသည်။ ရုပ်ချင်း ဆင်သည်။ အလှချင်းက တူသည်။

ကျွန်တော့်မှာသာ တစ်ယောက်တည်း။ လုပ်ချင်သည့် အလုပ်၊ လျှောက်လုပ်၊ အပြီးသတ်ကျတော့ ဘာမျှ မထူး။ ကျွန်တော်သာ တစ်ယောက်တည်း၊ သည်ကမ္ဘာမှာ ကျွန်တော်သာ တစ်ယောက်ထီးတည်း။

အိမ်ရောက်သော် ကျွန်တော့်အခန်းတွင်း ကျွန်တော် တန်းဝင်သည်။

ကျွန်တော့်အခန်းက ဟာနေသည်။ ကိုကို မရှိတော့သော ကျွန်တော့် အခန်းက ဟာမြဲ ဟာနေသည်။

အပြင်ဘက်ကို ကျွန်တော် ငေးကြည့်သည်။

ညနေစောင်းမို့ နှင်းမှုန်တွေ ဆိုင်းနေသည်။ တောင်ကြီး၏ နွေဦးမှာ နှင်းမပျောက်သေးပါ။

ရန်ကုန်ကို ကျွန်တော် ပြန်ရမည်၊ အမြန်ဆုံး ပြန်ရမည်။ ဟိုကျတော့. . .။

"နှင်း. . ."

ဩော်. . . ကျွန်တော့်ရင်မှာ နွေပါ၊ နွေဦးပါ။

နွေဦးမို့ ကြွေပါ။ ကြွေချင်သည်တို့ ကြွေပါ။

နှင်းတော့ မပျောက်ပါ၊ နှင်းတော့ ကျန်ပါသေးသည်၊ ကျန်ပါလေသေးသည်။

# ☞ အခန်း - ၆

သထုံကျောင်းဆောင် မျက်နှာစာအပိုင်း အလယ်ထပ်ရှိ ကျွန်တော့်အခန်းမှနေ၍ တောင်ဘက်ဆီ ငေးမျှော်ကြည့်လိုက်လျှင် ပိတောက်ပင်များမှ ရွက်ဝါများ တဖွဲဖွဲ ကျနေသည်ကို မြင်ရ၏။

ကျွန်တော့်အခန်း၏ လက်ဝဲဘက်ရှိ အခန်းတွင်းမှ တောင်ငူသား တင်မောင်နောင်၏ အသံဝါကြီးနှင့် ကဗျာရွတ်သံ ပေါ်ထွက်လာ၏။

"ရင့်မြရွှေကျန်၊ ရွက်မပွန်တည့်၊ ဝါကြန်နီမောင်း၊
ပင်တိုင်းပြောင်းက၊ သက်ပေါင်းထင်ရှုံ၊ လှနီတုံလည်း၊
ပန်းစုံရောယှက်၊ ထုံးမြရွက်နှင့်. . ."

သံနေသံထားနှင့် ရွတ်ဆိုရာမှ စိတ်ဘယ်ပုံ ဖောက်လာသည် မသိ၊ သံကြောင်နှင့် ကုန်းအော်ပြန်သည်။

"ရွက်ဝါတွေ ကြွေကုန်ပြီ၊ အမေရေ. . . ရွက်ဝါတွေ ကြွေကုန်ပြီ"

ကျွန်တော့် လက်ယာဘက် အခန်းဆီမှ ကျော်အံ့၏ မေးသံ ဆက်လိုက်လာသည်။

"ဟေ့ ကျော်သေညီ၊ ရွက်ဝါကြွေတာနဲ့ အမေ တ,ရသလား"

www.burmeseclassic.com

www.burmeseclassic.com



"အမေ မတ,လို့ ဘယ်သူ တ,ရမှာလဲ၊ ကိုယ် အခု အော်တာက လွမ်းလို့ မဟုတ်ဘူးဟေ့"

"သိပ်မကြာအနဲ့ ကိုယ့်လူ၊ မောင်ရင့် အရပ်အမောင်းနဲ့ လွမ်းစရာဆို မူးလို့တောင် ရှူစရာ မရှိတာ တစ်ဆောင်လုံးသိ။ တက္ကသိုလ် တစ်ခုလုံး သိ။ ခွေးသိ ဝက်သိ"

"အေး. . . မင်း သိတာ ဝန်ခံရင် ပြီးရော"

ကျော်အုံ့မှာ သူ့စကားနှင့်သူ ပြန်အတွယ်ခံရသောကြောင့် ထင်သည်၊ ငြိမ်ကျသွား၏။

ကျွန်တော်က အင်္ကျီအသစ် လဲနေရာမှ လှမ်းမေး၏။

"ဆိုပါဦး ကိုမောင်နောင်နောင်၊ မလွမ်းဘဲနဲ့ ဘာလို့ ရွက်ဝါကြွေတာကို အော်ရတာလဲ"

"စိတ်ချောက်ချားလို့ကွ၊ စိတ်ချောက်ချားလို့၊ တောက်. . . စာမေးပွဲနီးပြီဆို လုပ်ပြီ၊ ဒီသောက်ရွက်တွေ ကြွေပြီ။ အဟဲ. . . ဖိုးစောထွေး၊ ပြောသာပြောရတယ်၊ ရွက်ဝါတွေများ ကြွေမှဖြင့် ဆိုရင်လေ. . . ကုန်လွန်ခဲ့တဲ့ အတိတ်တွေကို ပြန်အလွမ်းသား"

"ဘယ်လို အတိတ်တွေများလဲ ကိုယ်တော်လေးရဲ့"

"အဟီး. . . ငယ်ငယ်တုန်းက ရွာဦးကျောင်းမှာ တံမြက်စည်း လှည်းရတာ"

အကောင်း မှတ်၍ နားထောင်နေသည်ကို တင်မောင်နောင်က ဖောက်၏။

"တကယ်ပဲ ဖိုးစောထွေး. . . ကိုယ်တို့ ဆရာတော်က ကျောင်းဝင်းထဲမှာ အမှိုက်ဆို သစ်ရွက်ကလေး တစ်ရွက် ရှိတာတောင် မကြိုက်ဘူး။ ဒါကြောင့်မို့ ဂိမာန်နွေဦး လေရူးကလေး နက်လို့ သစ်ရွက်ရော်ရီ ကုက္ကိုတို့ မြေဆီ ကျပြုတ် အမှိုက်ကလေးတွေ ရှုပ်လာပြီဆိုမှဖြင့်ရင်လေ. . . ဤဖေကိုယ် ကိုရင်နန္ဒိယ ဘွဲ့တော် သ,တဲ့ ကဗျာဆရာလောင်းခမျာ တံမြက်စည်းတစ်ချောင်းနဲ့ ကောင်းကောင်း လှည်းခဲ့ရတယ်။ ဩော်. . . အတိတ်တွေ. . . အတိတ်တွေ. . မမေ့နိုင်တဲ့ ဘုန်းမောင်နောင်နောင့် အတိတ်တွေ. . ."

"ဟေ့ စောထွေး. . . အရှုံးနဲ့ချည်း ဖက်စကားပြောမနေနဲ့၊ အချိန်နီးနေပြီ"



ကျော်အုံ့၏ သတိပေးသံ ကြားသောကြောင့် ကျွန်တော်က ပြန်ပြောသည်။

"အဆင်သင့်ပဲဟေ့၊ မင်းသာ ပြီးပြီလား"

"အေး. . . ပြီးပြီ"

တစ်ဖက်ခန်းမှ ဝုန်းဒိုင်းနှင့် ပြေးထွက်သံ ပေါ်လာ၏။

အရပ်က ပုပု၊ ခေါင်းနှင့် ကိုယ်နှင့် မလိုက်အောင် ကြီးသည်။ မျက်မှန်ကလည်း မျက်နှာနှင့် မလိုက်အောင်ပင် ကြီး၏။ ယင်းသတ္တဝါက ကျွန်တော့်အခန်းရှေ့ ရပ်လာဘိသည်။ ကျတ်သေညီ ခေါ် ကိုမောင်နောင်နောင် ခေါ် ကိုတင်မောင်နောင်တည်း။

သူ့နာမည်ရင်းက တင်မောင်၊ နတ်သျှင်နောင်ကို ဂုဏ်ပြုသည် ဆိုကာ ရှေ့က နောင် ထည့်ထားသည်။ သူငယ်ချင်းတွေက နောက်ပြီး ကိုမောင်မောင်နောင် ဟုလည်း ခေါ်ကြသည်။ နတ်သျှင်နောင်နှင့် ဆန့်ကျင်ဘက် ကျတ်သေညီ ဟုလည်း ဘွဲ့ပေးထားကြ၏။

တစ်ဖက်ခန်းမှ အဝတ်လဲပြီး ထွက်လာသော ကျော်အုံ့ကို လည်းကောင်း၊ အဝတ်လဲပြီး ဖြစ်နေသည့် ကျွန်တော့်ကို လည်းကောင်း မျက်နှာထားစူစူဖြင့် ကြည့်၍ တင်မောင်နောင်က မေး၏။

"ဒါက ဘယ်သစ္စာဖောက်တို့ သွားမြဲလမ်းကို ကြွကြမလို့လဲ"

အရပ်ရှည်သော ကျော်အုံ့က တင်မောင်နောင်၏ ထိပ်ကို ပုတ်ပြီး ဖြေ၏။

"လူကြီးတွေထဲ ကလေး ဝင်မရှုပ်စမ်းနဲ့"

တင်မောင်နောင်၏ မျက်နှာကြီးသည် ရှုံ့မဲ့သွား၏။ အမှန်က ကျွန်တော်တို့ သုံးယောက်တွင် သူ အကြီးဆုံး။

သူက ကျော်အုံ့ကို တစ်စုံတစ်ခု ပြန်ပြောတော့မည် ပြုရာမှ ကျွန်တော့်စားပွဲပေါ်ရှိ ပုစွန်ခြောက်တို့ကို မြင်ညွှသွား၏။

ချက်ချင်းပင် သူ့အမူအရာက ကလေးတစ်ကောင်လို ဖြစ်သွား၏။

"အဲယီး. . . ရှင်ထဲက စထရော်ဘယ်ရီသီးတွေက ဘာတွေရဲ့"

"ဟား. . . ဒုက္ခပါပဲ၊ ဘယ်လိုလုပ် ဖြေရမလဲ"

"အင်းယား တွားပီး နှင်းဆီ ရောက်ရင် ဘယ်ဒူ့ ပေးမယ်ရဲ့"

"မင်းကြီးတော် ပေးမလို့. . . ကဲ"

"ဟင့်အင်း. . . ခရေး ရှာတယ်၊ ခရေး ရှားမယ်၊ ကု ရှားမယ်"

www.burmeseclassic.com

www.burmeseclassic.com



သည်ကောင် အလွန်မြန်သည်။ စထရော်ဘယ်ရီ တစ်ခြင်းကို ဆတ်ခနဲ ဆွဲယူကာ သူ့အခန်းဆီ ပြေးတော့၏။

"ဟိုက်‥ ပါသွားပြီ"

ကျွန်တော်နှင့် ကျော်အုံ့က အနောက်မှ လိုက်၏။

တင်မောင်နောင်က သူ့အခန်းတံခါးကို အတွင်းမှ ချက်ချပြီးပြီ။

"ဟေ့‥ ကျွတ်သေညီ၊ မင်တော်နဲ့၊ ညက မင်းတို့ကို ငါ ကျွေးပြီးပါရောလား"

"အဟီး‥ အဟဲ‥ နို့‥ ဝမှ မဝသေးတာ"

"ဝဝ မဝဝကွာ‥ ပေး ပြန်ပေး"

"ဟိုမှာ တစ်ခြင်း ကျန်သေးတာပဲဟာ"

"အဲဒါက နှင်းဖို့‥ မင်း ယူသွားတာက ကျော်အုံ့က မြတ်ကို ပေးမလို့"

"ငါကတော့ ဘယ်သူ့မှ မပေးရတော့ဘူးလား"

"တန်ရာတန်ရာ ပြောမှပေါ့ကွ။ မင့် ပေးစရာ ဘယ်သူရှိလို့လဲ"

"အေး‥ ဒီတော့ ငါပဲ စားမယ်"

ကျော်အုံ့သည် မျက်နှာချိုသွေး၍ လေပျော့နှင့် ချော့၏။

"ရက်စက်တော့မှာလား အစ်ကိုရယ်၊ ကိုယ့်ညီလေးတွေကို မသနားဘူးလား"

"ဘာ အခုမှ အစ်ကိုတွေ ညီတွေ လုပ်နေလဲ၊ စောစောတုန်းက လူကို ကလေးဆို"

"အစ်ကိုကလည်း‥ ချစ်လို့ ကျီစားတဲ့ဥစ္စာ၊ လူပဲ တိုမှပေါ့၊ စိတ်ပါ လိုက်တိုလို့ ဘယ်ကောင်းမလဲ"

"ဒါဖြင့် နေဦး၊ ငါပါ လိုက်မယ်၊ မင်းတို့ချည်း သွားလို့ ဘယ်ရမလဲ"

တင်မောင်နောင်သည် သူ့စွပ်ကျယ်အကျီပေါ် ကိုယ်လိမ်းပေါင်ဒါ ဖြူးသည်။ မျက်နှာကို မျက်နှာသုတ်ပဝါနှင့် ပွတ်ပစ်ပြီး မိုးပွင့် လိမ်းလိုက်သေး၏။

"ကလေးမသား‥ မြန်မြန်လုပ်ကွာ၊ ၄ နာရီခွဲတော့မယ်"

"အံမယ်‥ လောလိုက်ကြတာ၊ ရည်းစားဆီ သွားမယ့်အတိုင်းပဲ၊ အချိုးချိုး အထင်ကြီးအောင် လုပ်မနေကြနဲ့"

တင်မောင်နောင်သည် အဝတ်အစား အကျအန လဲပြီးမှ ထွက်လာ၏။

"တောက်‥ ရေမွှေးလေးတောင် မဆွတ်လိုက်ရဘူး"



"အံမာ‥ ကြီးကျယ်လို့၊ မောင်ရင့်မှာ အနားကပ် စကားပြောစရာ ဘယ်သူ ရှိလို့လဲ"

"အံမာ‥ ရှိတယ်"

"ဘယ်သူလဲ"

"ကြူတိုရီးရဲကလပ်စ်တုန်းက မင်းတို့ မမြင်ဘူးလား"

"ဆိုပါဦး‥ ဘယ်သူလဲ"

"အဟီး‥ ဆရာမလေး‥"

"ခွေးကောင် မြေမျိုလိမ့်မယ်"

"ဟ‥ ငါက ဘာပြောလို့လဲ၊ အနားကပ် စကားပြောတဲ့ လူရှိလို့‥ အရှိကို အရှိအတိုင်း ပြောတာ"

"တော်စမ်းပါ စကားတောင်စား။ ကဲ‥ ပေးတော့ ခြင်းကို"

"မင်းတစ်ယောက်တည်း ဆွဲရတော့ လက်ညောင်းပါမယ် ကျော်အုံ့ရယ်။ တစ်ယောက် တစ်လဲပေါ့။ ဟို အင်းဝဂိတ်အထိ ငါ ကူဆွဲခဲ့ပါမယ်"

"သြော်‥ သာဓု‥ သာဓု‥ အစ်ကိုက အဲဒါလေးတွေ ချစ်စရာကောင်းတာ"

ကျွန်တော်တို့ သူငယ်ချင်း သုံးဦးသည် ဗဟိုကျောင်းဆောင်များကို ဖြတ်၍ လာခဲ့ကြသည်။ ကျွန်တော်က နှင်းအတွက် ခြင်းကလေးကို ဆွဲလာသည်။ တင်မောင်နောင်က မြတ်အတွက် ကျော်အုံ့၏ ခြင်းကို ကူဆွဲလာ၏။

တင်မောင်နောင်၌ အသိ ပေါသည်။ လမ်းတွင် မကြာခဏ သူ့ကို နှုတ်ဆက်ကြ၏။

"ဟာ‥ ကိုတင်မောင်နောင် ဘယ်လဲ"

"ဟေ့‥ ကိုမောင်နောင်နောင် လက်ထဲက ဘာတွေလဲဗျ"

"အလို‥ ကဗျာဆယောင်ကြီး လက်ဆောင်တွေ ဘာတွေနဲ့ ဘယ်လဲဗျ"

ထိုအခါမျိုးတွင် တင်မောင်နောင်သည် ခြင်းကလေးကို မြှောက်မြှောက်ပြပြီး–

"အင်းလျားကိုဗျ၊ အင်းလျားကို" ဟု ဝင့်ကြွားစွာ ဖြေတတ်သည်။

ကျော်အုံ့က မျက်စောင်းထိုးပြီး ဆို၏။

"ခွေးသူခိုး‥ အစက ငါက စေတနာကောင်းနဲ့ ကူဆွဲလာတယ် မှတ်တယ်၊ အချောင် လူအထင်ကြီးခံရအောင်ကိုး"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲ. . . လူအထင်ကြီးခံရအောင် လုပ်ယူတတ်ရတယ်။ ဒါ ငါ ဟိုနိုင်ငံရေးကျောင်းသားတွေဆီက ရထားတဲ့ ပညာ"

"ပေးတော့. . . မြှောက်မြှောက် ပြတာက အရေးမကြီးဘူး။ လွတ်ကျ လို့ အရည်တွေ ထွက်ကုန်ဦးမယ်"

"မကျပါဘူးကွာ၊ ငါက ရိုရိုသေသေ ကိုင်လာတာ။ အံမယ်. . . ဒါလေး ကိုင်ရင်း ငါ့ရှေ့ဉာဏ်တော် ကဗျာတစ်ပုဒ်တောင် ကွန့်မြူးလာတယ်"

"ဘယ်လိုတဲ့လဲ လုပ်စမ်းပါဦး"

"နတ်သျှင်နောင်က စပ်ဖူးတယ်။ ဘာတဲ့. . . အဲ. . . ချစ်ပိုင်ဆက် ရာ၊ လက်ဆောင်လျာမူ၊ သက်သာဖြစ်သင့်၊ ပေထိုက်တင့်ဟု. . . တဲ့။ ကိုယ်က တော့ ဒီလို. . . ချစ်ပိုင်ဆက်သော်၊ လက်ဆောင်တော်မူ၊ စထရော်ဘယ်ရီ ဖြစ်လို့၊ သောက်ပင်းဆို့. . . ဟု"

"ကောင်းပါ့ဗျာ. . . ကောင်းပါ့၊ ဒါကြောင့်လည်း ကျတ်သေညီ ကျတ်သေညီနဲ့ အကျော်ဒေးယျ ဖြစ်နေတာပဲ"

"ကိုယ့်လူတို့. . . ကျတ်သေညီလို့ ခေါ်တာတော့ ကိုယ်က သိပ်စိတ် မဆိုးဘူး၊ ဟိုဟာကြီးတော့ မခေါ်ကြနဲ့ကွာ"

"ဘယ်ဟာကြီးလဲ"

"ဘယ်ဟာကြီးရမလဲ၊ ကိုမောင်နောင်နောင် ဆိုတာကြီး၊ ဒါကြီး ခေါ်သံ ကြားရရင် လက်တွန်းလှည်းကလေးနဲ့ ငွေးချိုသီးတို့၊ ဖီးသီးတို့ ရောင်း တာ မျက်စိထဲ မြင်မြင်လာလို့ ကိုယ့်ပဋိသန္ဓေစိတ်ကို သိပ်သိပ်ခိုက်တာ"

ကျော်အံ့နှင့် ကျွန်တော်က ရယ်ကြသည်။

ရယ်ရင်းက ကျွန်တော်သည် တင်မောင်နောင်ကို ကျေးဇူးတင်မိ၏။

ရှုးသလို ပေါသလိုသာ လုပ်နေသော်လည်း သည်ကောင်သည် လူ့ စိတ်သဘောကို အလွန်နားလည်သည်။ ကျွန်တော် စိတ်ထိခိုက်နေသည်ကို သူ သိ၏။ စိတ်ထိခိုက် ပြေအောင်ဟု ဖျောင်းဖျခြင်း၊ နှစ်သိမ့်ခြင်းတို့ကို တမင် မလုပ်၊ ခါတိုင်းကဲ့သို့ပင် ရယ်စရာမောစရာသာ လုပ်နေသည်။ သြော်. . . သည်တော့. . . ခါတိုင်းလိုလိုပင် အင်း. . .။

အင်းဝဆောင် အရောက်၌ တင်မောင်နောင်နှင့် ကျော်အံ့တို့ ခြင်းတောင်း လက်ပြောင်းကြ၏။

"ဟော့ကောင် အဲဒီတောင်းကလေး မြတ်ကို ပေးရင် ခုနက ငါ စပ်တဲ့ ကဗျာလေးကို ရွတ်ပြဖို့ မမေ့နဲ့နော်"



"တော်သလင်း မင့်အချိန်ကျမှ မင်းဘာသာ အူပြ"

သည်လိုနှင့် အင်းလျားဆောင် ဆင်ဝင်အောက်သို့ ကျွန်တော်တို့ ရောက်လာကြသည်။

စေတမန် ဒရဝမ်ကြီး၏ ကျေးဇူးကြောင့် နှင်းနှင့် မြတ်တို့ မကြာမီ အတူတကွ ရောက်လာကြ၏။

စာကျက်နေကြသောကြောင့် ထင်သည်။ နှစ်ဦးစလုံး ကပိုကရိုနှင့်၊ ကပိုကရိုလေးတွေပင် နှစ်ဦးလုံး လှနေကြသည်။ စထရော်ဘယ်ရီခြင်းများကို ဝမ်းသာပျူငှာစွာ လက်ခံယူကြ၏။

နှင်းထက် နှုတ်သွက်သော မြတ်က ဆို၏။

"ကိုတင်မောင်နောင်ကြီးကတော့ ဘယ်သူ့အတွက်မှ မယူခဲ့ဘူးလား"

"တင်မောင်နောင်လည်းလေ လောကီသားမို့ ယူတော့ ယူခဲ့ချင်သပေါ့၊ စောထွေးက တောင်ကြီးကနေ နှစ်ခြင်းထဲ ယူလာခဲ့တယ်။ အဲဒါလေး ခွဲပေးရ မှာ အမယ်လေး. . . သူတို့ အသည်းခွဲပေးရတော့မယ့်အတိုင်းပဲ။ ဒါကြောင့် ကျွန်တော်က ခွဲမယူတော့ပါဘူး။ တော်တော်ကြာ ဝဋ်လိုက်နေဦးမယ်"

သည်ကောင်ကြီးက သည်ဟာတွေ ချစ်စရာ ကောင်းသည်၊ သူငယ်ချင်း ကောင်း ပီသစွာ 'ပို့'ဖြစ်အောင် ပို့ပေး၏။

နှင်းက အရှက်ပြေ ဝင်ပြော၏။

"ကျွန်မတို့က ဒီလောက် မနှမြောတတ်ပါဘူး၊ ကဲ ပြော ဘယ်သူ့ ခွဲပေးလိုက်ရမလဲ"

"ဟာ. . . ဒီလိုဆို ကျေးဇူးပဲ၊ တစ်ဆိတ် ခွဲပို့ပေးကြပါ"

ကျွန်တော်နှင့် ကျော်အံ့ မျက်လုံးပြူးသွားကြသည်။ တင်မောင်နောင် ဆိုသည့် ကောင်က အစိုးမရ။ ထင်ရာ မိန်းကလေးတစ်ယောက်ယောက် နာမည် စွတ်ပြောလိုက်၍ အကယ် သွားပေးလျှင် ချောက်ကျလိမ့်မည်။

"ပြောလေ. . . နာမည် ဘယ်သူ၊ အခန်းနံပါတ် ဘယ်လောက်လဲ"

"ဟိုဒင်း. . . ဦးစန္ဒိမာ. . . အဘိဓရောဇဂုရု ကျွန်းချောင်းဆရာတော် ဘုရားမှတစ်ဆင့် တောင်ဖူးဆို ရောက်ပါတယ်။ ကျွန်တော့် ဘဒ္ဒေးဘုန်းကြီးပါ"

ကျွန်တော်တို့ အားလုံး ရယ်ကြရသည်။ နှင်းက တင်မောင်နောင်ကို မျက်စောင်းလေး ထိုးပြီး ဆို၏။

"လုပ်ပြီ. . . အကောင်းမှတ်လို့ နားထောင်နေတာ၊ ဟောဒီ ကိုတင်မောင်နောင်ကြီး ပါးစပ်က အကောင်းကို မထွက်ဘူး"

www.burmeseclassic.com



"ထွက်ပါတယ်ဗျာ၊ လမ်းမှာတောင် ကဗျာလေးတစ်ပုဒ်"

"ဟော့ကောင် တင်မောင်နောင် တော်တော့ကွာ"

တင်မောင်နောင်က ပါးစပ်ကြီး ဖြဲရယ်နေ၏။

မြတ်က ဗိုက်ခေါ်၏။

"ကဲ လာကြလေ၊ ထိုင်ကြဦး"

တင်မောင်နောင်က ရှုံ့ကာ မဲ့ကာနှင့် လက်ကာပြီး ဝင်ဖြေ၏။

"အမယ်လေး... ထိုင်ရမှာဆို ကြောက်၊ သိပ်ကြောက်။ သုံးယောက်လုံး နေ့ မအိပ် ည မအိပ် ထိုင်စာကြည့်ထားကြတာ၊ လူတွေကို ညောင်းပြီး ခေါင်းတွေကို အုံလို့၊ လေကောင်းလေသန့် ရအောင် လမ်းလျှောက်ကြမလို့၊ အမိတို့လည်း ကုပ်ပြီး စာချည်းပဲ ကြည့်မနေကြနဲ့၊ လမ်းလျှောက်ချင် လိုက်ခဲ့ကြ၊ စေတနာနဲ့ ခေါ်တာ"

ထိုအခါကျမှ ကျွန်တော်နှင့် ကျော်အုံ့က "ဟုတ်သားပဲ" ဝင်ဖြေ၏။

မြတ်နှင့် နှင်းက တစ်ဦးမျက်နှာ တစ်ဦး ကြည့်ကြပြီး မြတ်က ဖြေ၏။

"ဒါဖြင့် ခဏနေဦး။ မြတ်တို့ ဒါလေးတွေ သွားထားလိုက်ဦးမယ်"

နှင်းနှင့် မြတ်တို့ အပေါ်ထပ်ဘက် ပြေးကြ၏။

ကျော်အုံ့က ကြိတ်ပြီး ပြော၏။

"ဩော်... တင်မောင်နောင်၊ တင်မောင်နောင်... တစ်ခါတလေ မောင်ရင့်ကို ထိုင်ထိုင်ရှိခိုးချင်တယ်"

"ဘာ အခုမှ ရှိခိုးချင်ရတာလဲ၊ အစတုန်းက နှစ်ယောက်တည်း လစ်လာမလို့ မဟုတ်လား"

"အစ်ကို့ကို စတာပါ၊ ဘယ်တုန်းက ကျွန်တော်မျိုးများ အစ်ကို့ကို ထားပစ်ခဲ့ကြဘူးလို့လဲ"

သည်တော့မှ တင်မောင်နောင်သည် ပြုံးပြီး ပြော၏။

"မင်းတို့ မယုံရင် ကြည့်၊ မချောလေးတွေ မှုန်နည်းနည်း သ,လာလိမ့်မယ်"

"ဟုတ်ကဲ့ပါ ဆရာကာလီ"

နှင်းနှင့် မြတ် ဆင်းလာကြသည်။ တင်မောင်နောင် ဟောကိန်းထုတ်ထားသည့်အတိုင်းပင် အနည်းငယ် မှုန်သ အလှပြုပြင်လာကြ၏။

▣



ပြည်လမ်းတစ်လျှောက်၌ လည်းကောင်း၊ အင်းလျားဏ် ကျွန်းတွေပေါ်၌ လည်းကောင်း၊ ပင်အို ပင်ပျိုတို့ ရွက်ကြွေလဲနေသည်။ ပုရစ်နုဆင်သည့် အပင်ကလည်း ဆင့်ထားပြီ။

ညသြသံချိုချိုသည် လေးလေးမှန်မှန် ပေါ်ထွက်နေ၏။

လေပြည် လိုမ့်၍ လှိုင်းငြိမ့်တွေ ပြေးပြေးသော ကန်ရေပြင်သည် ဆည်းဆာ၏ အရောင်တွေကိုလည်း ပြန်ဟပ်နေ၏။

ဘွဲ့နှင်းသဘင်အနီး ကျွန်းဆွယ်တွင် ကျွန်တော်တို့ ထိုင်နေကြ၏။

မြတ်နှင့် ကျော်အုံ့က မလှမ်းမကမ်းမှာ ကျွန်တော်နှင့် နှင်းက တစ်နေရာ၊ တင်မောင်နောင်ကတော့ လမ်းလျှောက်လာကြသော ကျောင်းသားတစ်သိုက်နှင့် စကားရောဖောရော ဝင်လုပ်ပြီး 'ဗမ်းမ်'ဘက် လိုက်သွား၏။

ကျွန်တော်က နှင်း၏ မျက်နှာလေးကို ခိုးကြည့်သည်။

နှင်းသည် ကျောင်းသူသစ်လွင်မလေး မဟုတ်ပါ။ ကျွန်တော်နှင့် အတန်းတူ ပထမနှစ် (ယခုခေတ် အခေါ်အားဖြင့် ဒုတိယနှစ်) ဝိဇ္ဇာကျောင်းသူဖြစ်၏။ သို့ရာတွင် နှင်း၏ မျက်နှာလေးသည် နုသည်၊ အရိုးအဆက် ကျပုံလှသော သည်မျက်နှာသွယ်လေးသည် ကြည့်၍ မရိုးနိုင်အောင် ယဉ်လည်းယဉ်၏။ မဖြူလွန်း မညိုလွန်းသော အသားလတ်သည် မွေးညှင်းဖုံဖုံ လွှမ်း၍ ရှိမ်းမြမြလေး ရှိဘိသည်။

ဩော်... အမြင်အေးပါဘိတော့သည်။ သည်ကြောင့်မို့များ နှင်းဟု သူ့မိဘများက အမည်ပေးထားလေရော့သလား။

စာကျက်နေချိန်မို့ မျက်နှာလေးသည် အနည်းငယ်တော့ လျှပါးနေ၏၊ သည်ပုံကပင် တစ်မျိုး ကြည့်ကောင်းနေ၏။ ချစ်ဖွယ် သနောင့်သနားတည်းဟု စာ၌ ဆိုသည်မှာ သည်ပုံမျိုးပင် ဖြစ်လေမည်။

"နှင်းမျက်နှာလေး နည်းနည်း ချောင်သွားတယ်၊ စာသိပ်ကျက်တယ် ထင်တယ်"

"စာကျက်ရလို့ နှင်းကတော့ ထားပါတော့၊ ကိုစောထွေးလည်း တော်တော်ပိန်ကျသွားတယ်။ ခါတိုင်း တောင်ကြီးက ပြန်လာရင် မျက်နှာက ပြည့်ပြီး ဝနေတာ"

စကားကလေးများ... နှလုံးသား၏ နိမိတ်ပုံ လက်ာစကားကလေးများ။

ကျွန်တော့်ပေါ် နှင်းတစ်ယောက် အစဉ် မေတ္တာရှုပြုနေသည်။ သည်မြစ် ဘယ်လိုများ ကျွန်တော်က အမိဖွာယ်လျှော့ပြီး ကောက်ရပါသည်နည်း။

www.burmeseclassic.com

www.burmeseclassic.com



''ကိုယ် တကယ်ပဲ ပိန်သွားသလား၊ အင်းလေ.. တောင်ကြီးမှာ ကိုယ် သိပ်စိတ်ပန်းခဲ့ရပါတယ် နှင်း''

''နှင်းလည်း စိတ်မကောင်းပါဘူး၊ အတန်းထဲ မမြင်လို့ မေးမှ ကိုကျော်အုံ့က ပြောတယ်၊ အစ်ကို ရုတ်တရက် ဆုံးလို့တဲ့၊ ကိုစောထွေးတို့မှာ ညီအစ်ကို နှစ်ယောက်တည်းပဲ ရှိတယ်ဆို''

''ဟုတ်ပါတယ် နှင်း၊ ဒါကြောင့်လည်း တစ်ယောက်နဲ့ တစ်ယောက် သိပ်ချစ်ကြပါတယ်''

''အစ်ကိုက ဘယ်အရွယ် ရှိပြီလဲ''

''အသက်အစိတ်ပဲ ရှိသေးတယ်''

''အို.. ငယ်ငယ်လေး ရှိသေးတယ်၊ ဘာဖြစ်လို့..''

ကျွန်တော် မဖြေချင်ပါ။ ရင်က နာ၏။ သို့ရာတွင် အမေးက ရှိနေပြီ။

''ဆူဆိုက်ဒ်ပါ နှင်း''

''အိုး.. ဆူဆိုက်ဒ်၊ ဖြစ်ရလေ.. ဘာဖြစ်လို့တဲ့လဲ ဟင်''

''လူ့ဘဝမှာ မပျော်တော့လို့ပေါ့ နှင်းရယ်၊ လူ့ဘဝမှာ မပျော်ဘူး ဆိုတာကလည်း သူ့အသက်ထက် မြတ်နိုးတာကို ဆုံးရှုံးရလို့ ဖြစ်မှာပေါ့''

နှင်းသည် ကျွန်တော့်ကို တွေတွေလေး စိုက်ကြည့်ပြီး လေသံလေးဖြင့် သာ မေး၏။

''အချစ်ကြောင့်လား''

''ဒါကြောင့်ပဲလို့ ထင်တယ်၊ အို.. ထင်တာ မဟုတ်ပါဘူးလေ သေချာပါတယ်၊ ကိုစောထွေး သိပါတယ်''

ကျွန်တော့်အသံက အနည်းငယ် တုန်နေ၏။ ရင်မှာလည်း ချွန်မြမြ ဝေဒနာ ပေါ်လာပြန်၏။

''သူ့ချစ်သူက သူ့အပေါ် သစ္စာဖောက်သွားလို့လား၊ ဟုတ်လား''

''ဒီလိုတော့ အတပ် မပြောနိုင်ပါဘူး၊ ပြီးတော့ သစ္စာဖောက်တယ် ဆိုတာကကော ဘာကို ခေါ်တာလဲ''

''ကိုစောထွေး ဘာပြောတာလဲ''

''သစ္စာဖောက်တယ်၊ အင်း..ဒါက တစ်မျိုးပေါ့။ ဒါပေမဲ့ ဥပမာ အစကတည်းက သစ္စာဆိုတာဟာ မရှိခဲ့တာ ဆိုရင်ကော ဘယ်လို ခေါ်ရမလဲ နှင်း''

''အို.. နှင်းက ဘယ်လိုလုပ် သိမလဲ''



''လှည့်စားတာပေါ့ နှင်းရယ်၊ လှည့်စားတာပေါ့၊ လှည့်စားခြင်းဟာ သစ္စာဖောက်ခြင်းထက် ဆိုးတယ်၊ သစ္စာဖောက်ရတာမှာ ခွင့်လွှတ်နိုင်ဖွယ် အကြောင်း ရှိချင် ရှိလိမ့်ဦးမယ်၊ လှည့်စားတာမှာတော့ မူလကတည်းက ရက်စက်တဲ့ စေတနာ ရှိနှင့်နေတယ်''

နှင်းသည် ငိုင်ငိုင်လေး ဖြစ်သွား၏။ ခဏကြာမှ သက်ပြင်းလေး ရှိုက်ပြီး မပြုံးတပြုံးဖြင့် ဆို၏။

''ကိုစောထွေးက စိတ်ပညာဂုဏ်ထူးကြိုတန်းသမားမို့ မေးရဦးမယ်၊ လှည့်စားတာနဲ့ စေတနာဟာ ဝေဒနာ ဖြစ်ရပုံဟာ ဘာကွာခြားသလဲ''

''ဟာ.. နှင်း မေးခွန်းက ခက်တယ်၊ ကိုယ်က စိတ်ပညာ ဒီလောက် မတတ်သေးပါဘူး၊ တစ်ခုတော့ ရှိတယ်လေ၊ လှည့်စားတာလား၊ စေတနာ ဝေဒနာ ဖြစ်ရတာလား ဆိုတာက အကြောင်းအရာ အချက်အလက်တွေပေါ်မှာ မူတည်လိမ့်မယ် ထင်တယ်''

''သူ့အကြောင်း.. ကိုယ့်အကြောင်း ဟုတ်လား''

''နှင်း ဘာပြောနေတာလဲ''

''နှင်းကို မအုံ့သြနဲ့နော်၊ ဆူးဆိုက်ဒ်ကေ့စ် ဆိုတော့ စိတ်ဝင်စားတယ်၊ အဲ.. အချစ်အကြောင်း ပါလာတော့ ပိုစိတ်ဝင်စားလာတာပေါ့၊ စိတ်မကောင်း စရာ ကိစ္စမှာ နှင်းက ဝင်စပ်စုသလိုများ ဖြစ်နေမလား''

''ကိစ္စမရှိပါဘူး နှင်း၊ ကိုယ်ကလည်း မကျေနပ်လို့ အဖြေရှာနေရ သူပါ''

နှင်းသည် စကားမဆက်သေးဘဲ စဉ်းစားသယောင် ငြိမ်နေ၏။

''ပြောလေ နှင်း..''

''နှင်း..ဘယ်လို ပြောရမှန်းလည်း မသိဘူး''

''သြော်.. ခက်ရချည့်ရဲ့''

နှင်းသည် မရယ်ချင့် ရယ်ချင်ဟန်ဖြင့် ဟင့်ခနဲ တစ်ချက် ရှိုက်ရယ်၏။

''မိန်းမသားချင်းမို့ ကိုယ်ချင်းစာမိတယ်၊ ကိုစောထွေးရဲ့ အစ်ကို ဟာ.. သူ့ချစ်သူရဲ့ အလှည့်စားခံရတယ် ဆိုတာဟာ တကယ်ပဲလား''

သည်အမေးကိုတော့ ကျွန်တော် ရုတ်တရက် မဖြေနိုင်။ ကျွန်တော့်မှာ ဘာအထောက်အထားတွေ ရှိနေပါသနည်း။

''အခိုင်အလုံရယ်လို့တော့ မပြောနိုင်သေးဘူး၊ ဒါပေမဲ့ ဟို.. ဖိုးစိန် ကြီး ဆိုတဲ့ သီချင်းလိုပဲ၊ ဒွေးနှစ်ဖော် သံဝါသို့စဉ်က၊ မပြေးသော် ကန်ရာရှိ

www.burmeseclassic.com

www.burmeseclassic.com



ပေလိမ့်၊ တန်ပါ အမိ မဘို့မယ်... ဆိုတာလေ၊ မပြေးသော်လည်း ကန်ရာ တွေက ရှိနေတယ်''

နှင်းသည် မရယ်မပြုံးဘဲ ကျွန်တော့်မျက်နှာကို ညို့ညို့ကလေး ကြည့်မေး၏။

''အဲဒီမိန်းမကို ကိုစောထွေး တော်တော် မုန်းနေသလား''

''မုန်းတယ်''

နှင်းသည် အတန်လေးကြာအောင် ငိုင်သွားပြန်၏။

ကျွန်တော်က နှင်းကို အားမလိုအားမရ ဖြစ်သွားမိ၏။ စိတ်တွင်း၌လည်း ဖဝေဖဝါ ဖြစ်လာမိ၏။

''နှင်း ဘာပြုလို့ မေးတာလဲ''

''နှင်းတို့ မြို့မှာ တစ်ခါ ကြုံဖူးတယ်၊ အမျိုးသမီးကတော့ နှင်းတို့ အသိထဲကပေါ့၊ ရုပ်ကလည်း သိပ်လှပါတယ်''

''အခု ဒီမိန်းမကလည်း ရုပ်သိပ်လှတယ်''

''တစ်ခါတလေ ရုပ်သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ဟာ သိပ်ကံဆိုးတတ်တယ်၊ ကိုယ်က တစ်ယောက်တည်း၊ ပိုင်းချစ်ကြတာက အများကြီး ဆိုတော့ ဘာလုပ်ရမလဲ၊ မကျေနပ်သူတွေကတော့ ပိုင်းစွပ်စွဲကြတာပေါ့၊ လှဂုဏ်မောက်သူ မာနရှင် မစိမ်းပင် အသည်းစားဘုရင်မ စုံလို့ပဲ၊ ခုနက မိန်းမခမျာ ဒီအတိုင်းပဲ ခံရရှာတယ်၊ ဒီတုန်း ဒီမိန်းမနဲ့ နီးစပ်ရင်းနှီးတဲ့ လူငယ်တစ်ဦးဟာ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတယ်၊ ဒီလူငယ်ကိုတော့ ဝိုင်းသနားကြတာ၊ မိန်းမသားကိုတော့ တစ်မြို့လုံး ဝိုင်းအပြစ်ပြောလိုက်တာ၊ ဒါပေမဲ့ နီးစပ်တော့ နှင်းက သိတယ်၊ ခမျာလည်း မျက်ရည်နဲ့ မျက်ခွက်''

''အခု ကိုစောထွေးတို့ရဲ့ မိန်းမကတော့ အပြုံးတောင် မပျက်ပါဘူး''

''အပြုံး မပျက်တိုင်း စိတ်ထဲမှာ ဘာဖြစ်နေတယ် ဆိုတာ သိနိုင်ရဲ့လို့လား ကိုစောထွေးရယ်''

နှင်းက သည်စကားကို အေးအေးနှင့် ညည်းညည်းလေး ပြောသည်။ စကားသံက နားမှာ ညင်ညင်သာသာပင် ထင်လာပါ၏။ သည်ကြားထဲက ကျွန်တော် ထိတ်လန့်သွားသည်။

''နှင်း...''

''ဘာလဲ ကိုစောထွေး...''

''နှင်းကို ကိုစောထွေး သိပ်အံ့ဩတာပဲ''



''ဘုရားရေ... ဘာအံ့ဩရတာလဲ''

''နှင်း စိတ်မဆိုးနဲ့နော်''

''မောာရှင်... ဘာကို စိတ်မဆိုးရမှာလဲ''

''နှင်း ပြောတာကလေ ဟိုဒင်း... တစ်စုံတစ်ယောက်ကို အကာအကွယ်ပေးနေသလိုပဲ''

''ကိုစောထွေး ဒီလိုပဲ ထင်သလား''

ခက်ပြီ... နှင်း စိတ်ဆိုးသွားလေသလော။

သို့ရာတွင် အေးချမ်းသော နှင်း၏ မျက်နှာကလေးက ချစ်စဖွယ် သိမ်မွေ့မြဲ သိမ်မွေ့လျက်။

ကျွန်တော် စကားမပြန်နိုင်သည်ကို တွေ့သောအခါ နှင်းသည် ပြုံးပြ၏။

''အထင်မလွဲပါနဲ့ ကိုစောထွေးရယ်၊ နှင်းက တွေးစလေး ရတာကို ပြောပြတာပါ၊ တကယ်လို့ တစ်စုံတစ်ယောက်ကို အကာအကွယ်ပေးသလို ဖြစ်နေရင်လည်း အဲဒီ တစ်စုံတစ်ယောက်ဟာ တခြားသူ မဟုတ်ပါဘူး၊ ကိုစောထွေးကိုပါ''

''ဘယ်လို... ကိုစောထွေးကို''

''ဟုတ်တယ်၊ စောစောက ကိုစောထွေး ပြောနေဟန်မှာ အမုန်းရှိန်ဟာ သိပ်ကြီးနေတယ်၊ ပြီးတာဟာ ပြီးပြီပဲ၊ ကိုယ့်ရင်ထဲမှာ မီးကြွင်းမထားပါနဲ့ ကိုစောထွေး၊ အမုန်း ဆိုတာဟာ မီးပဲ၊ မကောင်းပါဘူး အင်းလေ...''

နှင်းသည် စကားကို မဆက်ဘဲ ရပ်ပစ်လိုက်၏။

''နှင်းစကားက မဆုံးသေးဘူး''

''ဘာမဆုံးသေးလို့လဲ''

''အင်းလေ... ဆိုပြီး ဆက်မှ မပြောတာ''

နှင်းသည် သက်ပြင်းလေး ရှိုက်လိုက်ပြန်၏။

''မောာ... သက်ပြင်းချနေပြန်ပါပြီ၊ ဘာပြောမလို့လဲ၊ ပြောလေ...''

''ဒီလောက် နားထောင်ချင်ရင်တော့ ပြောရတာပေါ့၊ အမုန်းဆိုတာဟာ မကောင်းဘူး၊ ဒီလိုပဲ... အချစ်ဆိုတာဟာလည်း အင်း... မကောင်းဘူး''

''ဘယ်လို... အချစ်ဆိုတာဟာလည်း မကောင်းဘူး''

''ဟုတ်တယ်၊ အချစ် အမုန်းလို့သာ ခွဲခြား ပြောနေကြတယ်၊ အမုန်းက အချစ်နဲ့ အမုန်းဟာ သဘောတရား တစ်ခုတည်းရဲ့ အစွန်းနှစ်ဖက်က

www.burmeseclassic.com

www.burmeseclassic.com



အသွင်တွေပါ၊ ရေဆူမှတ်နဲ့ ရေခဲမှတ်တွေဟာ ပြဒါးတစ်တိုင်ထဲမှာ နေသလို ပေါ့၊ မဟုတ်ဘူးလား''

''အဲဒီအချစ် အဘိဓမ္မာကို နှင်းတို့ ဖီလိုဆိုဖီကလပ်စ်မှာ သင်ပေးသလား''

''ဒီအဘိဓမ္မာကို နှင်းက ဖီလိုဆိုဖီကလပ်စ်မှာ သင်ရတာ မဟုတ်ဘူး၊ ဘုရားဟော ဓာတ်ထဲက တတ်လာတာ၊ ဆဒ္ဒန်ဆင်မင်း ဝတ္ထုထဲက''

''အဲဒီဝတ္ထုထဲမှာ ခံရသူက ဆဒ္ဒန်ဆင်မင်း... ယောက်ျားပါ''

''စူဠသုဘဒ္ဒါလည်း ရင်ကွဲပြီး သေရပါတယ် ကိုစောထွေးရယ်၊ နှင်းက ယောက်ျားပဲ မိန်းမပဲလို့ ခွဲခြား အပြစ်တင်နေတာ မဟုတ်ပါဘူး၊ အချစ်နဲ့ အမုန်းဆိုတဲ့ ပြဒါးတိုင်တစ်ခုထဲက လောင်စေ ကျွမ်းစေ ပျက်စေ ကြွေစေတတ်တဲ့ အစွန်းနှစ်ခုရဲ့ ကြောက်စရာကိုသာ ပြောနေတာပါ''

နှင်းက ကျွန်တော့်ကို ငေးငေးလေး စိုက်ကြည့်နေ၏။ ကျွန်တော်ကလည်း နှင်း၏ မျက်လုံးတွင်းများဆီ ပြန်ငေးကြည့်သည်။

နှင်း၏ မျက်လုံးများတွင် အချစ်ကိုတော့ တွေ့ရသည်။ ကျွန်တော်ထင်သည်။ အချစ်တွင်မက ထူးဆန်းသော ကြေကွဲမှုတစ်ရပ်ကိုလည်း မြင်လိုက်ရသည် ထင်၏။

နှင်းက မျက်လုံး လွှဲသွားပြီး ကန်ရေပြင်ဆီ ငေးကြည့်နေ၏။

ကျွန်တော်က ကျော်အံ့နှင့် မြတ်တို့ဆီ လှမ်းကြည့်၏။

မြတ်က ခေါင်းငုံ့ထား၏။ ပါးလေးတွေ ရဲနေသည်။ ကျော်အံ့ကတော့ တတွတ်တွတ်နှင့် ဆီမန်း မန်းသကဲ့သို့ ဘာတွေ ကပ်ပြောနေသည် မသိ။

နှင်းနှင့် ကျွန်တော်ကဲ့သို့ပင် အချစ်အဘိဓမ္မာတစ်ရပ်ကို ဆွေးနွေးနေကြပါသလော။

နှင်းသည် ဘာစိတ်ကူးပေါက်သည် မသိ။ ပြုံးလိုက်ပြီး ရုတ်တရက် ဆို၏။

''နှင်း တစ်ခု မေးမယ်''

''မေးလေ နှင်း၊ မေးပါ''

''ကိုစောထွေးမှာ ချစ်သူ ရှိတယ် ဆိုပါတော့၊ အဲဒီချစ်သူက သစ္စာဖောက်သွားရင် ကိုစောထွေးရော ကိုယ့်ကိုယ်ကိုယ် သတ်သေမလား''

ကျွန်တော် ရုတ်တရက် မဖြေပါ။ ပြုံးတော့ ပြုံးနေမိသည်။

''ဖြေလေ... ဘာပြုံးနေတာလဲ''



''တကယ်လို့ ကိုစောထွေး ဖြေမယ့် အဖြေကို ကိုစောထွေးရဲ့ ချစ်သူ (တကယ်လို့ ရှိနေရင်ပေါ့လေ) သာ ကြားရရင် ကိုစောထွေးကို ဘယ်လိုများ ထင်မလဲ မသိဘူး''

''ဘာဖြစ်လို့...''

''ချစ်သူတစ်ယောက်က သစ္စာဖောက်ရုံနဲ့တော့ ကိုယ့်အသက်ကိုယ် သတ်မသေနိုင်ပါဘူး နှင်း၊ သည်လောကကြီးမှာ အချစ်တစ်ခုတည်းဟာသာ ကိုးကွယ်ရာ မဟုတ်ပါဘူး၊ အချစ် ဆိတ်သုဉ်းတာနဲ့ တစ်လောကလုံးဟာလည်း ဆိတ်သုဉ်းသွားရပါတယ် ဆိုတဲ့ စိတ်ကူးယဉ် ကဗျာဆရာတွေ ပြောကြတာမျိုးကို ကိုစောထွေးတော့ မယုံပါဘူး၊ အင်းလေ... အနည်းဆုံး အခု အခြေအနေမှာပေါ့၊ နောက်ဆိုရင်တော့ မသိဘူး''

''နောက်ဆိုရင် ဆိုတာက ဘာကို ပြောတာလဲ''

''ဩော်... နှစ်ကိုယ်တူ ချစ်ရတဲ့ ချစ်သူ ဆိုတာ ရှိလာရင်ပေါ့''

နှင်းသည် ကျွန်တော့်ကို ငေးငေးလေး ကြည့်ပြန်သည်။ လာပြန်ပြီ၊ သည်အကြည့်။

ကျွန်တော့် နှုတ်က တစ်စုံတစ်ခု ပြောတော့မည် အပြုတွင်ပင် နှင်းသည် နေရာမှ ထလိုက်၏။

''စကားက ကောင်းနေတယ်၊ နေတောင် အတော်ကျသွားပြီ၊ ပြန်ကြစို့ ကိုစောထွေး''

တစ်ဆက်တည်းမှာပင် နှင်းသည် မြတ်တို့ဘက် လှမ်းပြော၏။

''မြတ်ရေ... ပြန်ကြစို့ ဝင်းတံခါး ပိတ်ခါနီးပြီ''

မြတ်သည်လည်း နေရာမှ ထ၏။ မြတ် ထတော့ ဟိုကောင်လည်း ထရ၏။

မြတ်၏ မျက်နှာလေးမှာ တစ်စုံတစ်ရာ ရှက်ရွံ့ရွံ့ဟန် ပြနေ၏။ သို့ရာတွင် ပြုံးပွင့်လည်း အဝေသား။ ကျော်အံ့ကြီးကတော့ ပီတိနှင့်အပြည့်။ ကျေနပ်မှုနှင့် အပြည့်။

ကျွန်တော်တို့ လေးဦးသားသည် လမ်းလျှောက် ပြန်လာခဲ့ကြသည်။ စကားတော့ မဆိုမိကြ။ အတွေးကိုယ်စီ ဟူသည်မှာ သည်ဟာမျိုးကို ခေါ်သည် ထင်၏။

ထိုစဉ် နောက်ပါးမှ တဖုတ်ဖုတ်နှင့် ပြေးလိုက်လာသံကို ကြားရ၏။

''ဟာ... ဟာ... နေကြပါဦး၊ ငါ့ စောင့်ကြပါဦး၊ အမယ်မင်း... ဒီမှာ ငါကိုယ်တော်မြတ် အကောင်လိုက်ကြီး ကျန်နေသေးတယ်ဟ''

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၄

နွေဦး၏ ရွက်ဝါတွေ ကြွေနေသကဲ့သို့ စာမေးပွဲရက်များသည်လည်း တဖြည်းဖြည်း သက်လျှောပြောင်းကုန်လာသည်။

သာမန် ဝိဇ္ဇာတန်းအတွက် ဖြစ်သော စာမေးပွဲ၏ နောက်ဆုံး မေးခွန်းလွှာကို ဖြေဆိုခဲ့ကြပြီးသော တစ်ညနေတွင် ကျော်အုံ့နှင့် ကျွန်တော်သည် အဓိပတိလမ်းအတိုင်း လျှောက်၍ အဆောင်ဆီ ပြန်လာကြ၏။ အင်္ဂလိပ်စာပေ၊ နိုင်ငံရေးသိပ္ပံ၊ စိတ်ပညာ ဘာသာတွဲ သုံးခုစလုံး ယူရာ၌ ကျော်အုံ့နှင့် ကျွန်တော်တို့ တူကြသည်။ ထို့ကြောင့် စာမေးပွဲ ပြီးချိန်လည်း တူကြသည်။ စာမေးပွဲ အခန်း တစ်ခန်းတည်းလည်း ကျ၏။ တင်မောင်နောင်နှင့် ကျန်သော ဘာသာ နှစ်ခု ယူရာတွင် တူကြသော်လည်း တင်မောင်နောင်က စိတ်ပညာ မယူ၊ မြန်မာစာပေ ယူသည်။

ကျွန်တော်တို့ လျှောက်လာကြစဉ် ကျော်အုံ့က ရုတ်တရက် မေး၏။

"ညနေ အင်းလျား သွားဦးမယ်၊ မင်း လိုက်ဦးမလား"

"ငါက စာ ဆက်ကျက်ရဦးမယ်၊ မလိုက်သေးဘူးကွာ"

"တစ်ညနေကလေးနဲ့ကွာ..."



"မလုပ်နဲ့ မောင်ရင်၊ ဒါက သေရေးရှင်ရေး။ ဒါ ကျရင် ဂုဏ်ထူးတန်း ပြုတ်မှာ၊ ပြီးတော့ ငါက ဟိုတလောက စာကျက်လည်း ပျက်ထားတာ"

ပထမနှစ် ဝိဇ္ဇာတန်း၌ ရှိနေစဉ် မိမိ ဝါသနာပါရာ ဘာသာတွင် ဂုဏ်ထူးတန်းတက်ခွင့် ရရှိရန် လျှောက်ထားရသည်။ အရည်အချင်းမီသော ကျောင်းသားကို 'ပရိုဗေးရှင်းနား' ခေါ် ဂုဏ်ထူးတန်းကြို ကျောင်းသားအဖြစ် ယာယီ လက်ခံထားသည်။ သင်တန်းအပိုတစ်ခု တက်ရသည်။ စာမေးပွဲ အပိုတစ်ခု သီးသန့် ဖြေရသေးသည်။ ယင်းကိုရော၊ ရိုးရိုးသာမန် စာမေးပွဲကိုပါရော၊ အမှတ်ကောင်းကောင်းနှင့် အောင်ပါမှ နောင်နှစ်ခါတွင် ဂုဏ်ထူးတန်းတက်ခွင့် ရမည်။

ကျော်အုံ့က သတိရဟန် ခေါင်းညိတ်ပြီး ဆို၏။

"အေးလေ... ဟုတ်သားပဲ၊ ဒါဖြင့် မင်း နှင်းဆီကို ဘာမှာလိုက်ဦးမလဲ"

"ဘယ်နေ့ ပြန်မလဲ မေးခဲ့ကွာ။ မပြန်ခင်တော့ ငါ နှုတ်ဆက်ချင်သေးတယ်"

"နှုတ်ဆက်ရုံတင်ပဲလား"

"အေးပေါ့ကွ... နို့ ဘာလုပ်ရမလဲ"

ကျော်အုံ့က "အဟီး" ဟု ရယ်သည်။

"ဘာသဘောကျနေလဲ"

"တင်မောင်နောင်တော့ မင်း သွားပြောမနေနဲ့ဦးနော်။ ဒီကောင့်ပါးစပ်က လန့်ရတယ်"

"အေးပါကွ၊ ဘာလဲ"

"ဟိုတစ်ညနေက အခွင့်အရေး ရတာနဲ့ ငါ အတင်းတွန်းတာ၊ မြတ်ဆီက ကတိတစ်ခု ရခဲ့တယ်"

"ဘာကတိလဲ"

"စာမေးပွဲ ပြီးရင် အဖြေပေးမယ်တဲ့"

"ဟယ်... တကယ်လား... ဝမ်းသာစရာကြီး"

"အေး... ဒါပေမဲ့ ငါ့ရင်တွေ အတော်ခုန်နေတယ်၊ ဒါထက် မင်း ဒီညနေ ငါ သွားမယ် ဆိုတာလည်း ကျတ်သေညီကို သွားမပြောနဲ့ဦး။ စိတ် မထင်ရင် အတင်းကပ်လိုက်နေလို့ အလုပ်မပြီး ဖြစ်နေဦးမယ်"

"အေးပါ၊ ငါ နားလည်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အဆောင်နား ရောက်လာသောအခါ ဒိုးပတ်သံ၊ လင်းကွင်းသံများကို ကြားရ၏။

ကျွန်တော်တို့ခေတ်ကား တက္ကသိုလ်နယ်မြေတွင် ဒိုးပတ်သံ စိုးမိုးသော ခေတ် ဖြစ်၏။

ပျော်ပွဲရွှင်ပွဲလည်း ဒိုးပတ် ပါသည်။ ဆန္ဒပြပွဲတွင်လည်း ဒိုးပတ် ပါသည်။ သပိတ် တားရာတွင်လည်း ဒိုးပတ် ပါ၏။

ယခု ဒိုးပတ်ဝိုင်းက တစ်မျိုး။

အဆောင်ရှေ့ မြက်ခင်းပေါ်တွင် ဝိုင်းတော်သားတွေက တီးမှုတ်နေကြသည်။ သူတို့၏ ရှေ့ဆုံးတွင်ကား တင်မောင်နောင်သည် ကွေးနေအောင် ကနေ၏။

ပုဆိုးကို သူ့တင်ပါး မည်းမည်းပြောင်ပြောင်ပေါ် လိပ်တင်ပြီး ခါးတောင်း ကျိုက်ထား၏။ မျက်နှာသုတ်ပဝါ တစ်ထည်ကို ခါးပုံစရှည် လုပ်ထား၏။ ခေါင်းပေါ်တွင် ခါးပတ် ပတ်ထားပြီး ယပ်တောင်တစ်ခု စိုက်ထား၏။

ကျွန်တော်တို့ကို မြင်သော် တင်မောင်နောင်သည် အက ရပ်လိုက်ပြီး ခါးပုံစကို ကိုင်ပြလျက် လေပြည်ထိုးသည်။

"ငယ်ကျွန်များ..."

"ဖယား..."

"တို့ တက္ကသိုလ်ပြည်မှာ ဟောဒါကို ဘယ်လို ခေါ်သလဲ"

"အမိန့်ရှိပါ ကိုယ်တော်လေး"

"မှတ်ထားကြ၊ နက်ကတိုင် ခေါ်တယ်"

တင်မောင်နောင်သည် ခါးပုံစကို ပေါင်ကြားညှပ်ပြီး စပ်ဖြဲဖြဲ လုပ်နေ၏။

"ကဲပါ... မင်းသား အဆိုလေး အဆိုလေး..."

တင်မောင်နောင်သည် ချွဲဟန့်လျက် ဟန်ပါပါနှင့် ဆို၏။

"သွားတော့မယ်ဆို... နေတယ်လို့ ဖြစ်ဘူး..."

"မဖြစ်ဘူး..."

"ဩော်... သွားတော့မယ်ဆို နေတယ်လို့ ဖြစ်ဘူး"

"ဘာတဲ့ ဘာတဲ့..."

"အလို... သွားတော့မယ်ဆို... နေတယ်လို့ ဖြစ်ဘူး"

"ကိုယ်တော်လေးရေ..."



"အမယ်.. သွားတော့မယ်ဆို... နေ..."

အနောက်မှ တစ်ယောက်က ခြေနှင့် ကန်၏။

"သွားတော့မယ်ဆိုပြီး ရှေ့ကို မဆက်တော့ဘူး"

"ဟ... သွားတော့မယ် ဆိုပြီး သွားလို့ရတာ မဟုတ်ဘူး၊ အိမ်ကမှ ငွေမရောက်သေးဘဲ"

အားလုံး ဝိုင်းရယ်နေခိုက် ကျွန်တော်က ကျော်အံ့ကို မျက်စိမှိတ်ပြ၏။ ကျော်အံ့က မယောင်မလည်နှင့် အဆောင်ပေါ် တက်သွားသည်။

တင်မောင်နောင်က ဂရုပြုမိဟန်မတူဘဲ ဆက်ဟဲ့ရန် ပြင်၏။

"ဒီတစ်ခါ တကယ် ဆိုမယ်"

"မဟုတ်တာ လုပ်ရင်တော့ အသိပဲနော်"

"နားထောင်ကြ... နားထောင်ကြ၊ အခုက ဘယ်အချိန်လဲ"

"ညနေ ၃ နာရီခွဲ"

"မင့်အမေကြီး ၃ နာရီခွဲ၊ ရာသီကို မေးနေတာ"

"ဩော်... ဩော်... နွေ ခင်ဗျ.. နွေ"

"အဲ... နွေဆို တောင်လေတိုက်တော့ ကုက္ကိုလ်များ မြောက်ကို လှည့်ပြီ၊ ကုက္ကိုလ် မြောက်ကို လှည့်ခါမှ ပြန်ခဲ့မယ် ရွှေညာသူရဲ့ ဘာရဲ့... ညာရဲ့နဲ့ ရေးက စာဆိုတယ်"

"မှန်ပါ့ ခင်ဗျ၊ မှန်ပါ့"

"ကျွန်တော်ကလည်း ခပေါင်းရေ... စန်းငွေဥတဲ့ နန်းကေတုမတီ တောင်ငူဖွား စာဆိုအလောင်းအလျာ အကောင်းစားလေးမို့လား..."

"အောင်မယ်လေး... ဆိုမှာ မဆိုသေးဘဲ ကိုယ့်ကိုယ်ကိုယ် သိဒ္ဓိတင်နေပြန်ပါပြီ၊ ဒီသောက်ရုပ်...ဒီသောက်ဝါသနာနဲ့များ..."

"သိပ်မချီးမွမ်းပါနဲ့၊ ကျွန်တော်က အမြောက် ကြိုက်တယ်နော်..."

"ကဲပါ... ဆိုပါ"

"တောင်ငူ ဆိုတာက အညာ မဟုတ်ဘူး၊ မြေလတ်။ ပြန်ဖို့ကလည်း ကုက္ကိုလ်သော၊ ဖြောင့်ကသော မလိုဘူး၊ ရွှေမန်းလွင် ရထားကြီးနဲ့၊ ဒီတော့ ခေတ်နဲ့အမီ ဆိုပြမယ်"

တင်မောင်နောင်သည် လူပုသမျှ အောင်မြင်သော အသံဝါနှင့် ဟစ်၏။

"ရွှေမန်းလွင်... မိုင်းကျော် မမှောက်ပါမှ၊ ပြန်ရောက်မယ် မြေလတ်သူရဲ့... ငွေပြတ်သူ တစ်ဦး..."

www.burmeseclassic.com

www.burmeseclassic.com



''ဟား. . ဟား. . ဟား. . ချမ်းသာတာတွေ ကြွားနေတယ်''

ပရိသတ်က ကောင်းချီးပေးရာ တင်မောင်နောင်က ဆက်ဟဲ၏။

''ဆီးကြိုလှည့်နော်. . ညည်းဖို့ဆို ဟဂုာတွေ ထန်းခေါက်ဖာနဲ့ တစ်လုံးပါပဲ''

''လက်ဆောင်တွေလားဗျ''

''အကုံးဆို ဟိုတရုတ်ရယ်ကား. . စုတ်တံငယ်ချို့. . ရုပ်သဏ္ဍာန်တူပုံကြီးလှတယ်၊ အမယ်မင်း. . ဘွားသီး ငါးပေါင်းကျော် စပါယ်ရှယ် အထူး''

ပုလွေဆရာက ဝိုခြင်းအချ တီးပေး၏။

တင်မောင်နောင်က ကွေးနေအောင် ပျော်ပျော်ရွှင်ရွှင်ကြီး ကနေ၏။

''ကဲ. . လာကြဟေ့. . ဗဟိုကျောင်းဆောင်တွေ တစ်ပတ်''

မင်းသား တင်မောင်နောင် ခေါင်းဆောင်သော ဒိုးပတ်ဝိုင်းတော်သားများသည် ဆူဆူညံညံ ပျော်ပျော်ရွှင်ရွှင်နှင့် ထွက်သွားကြ၏။

ကျွန်တော်က အဆောင်ပေါ် တက်လာခဲ့သည်။

ခုတင်ပေါ်တွင် လှဲရင်း ခေတ္တနား၏။

တင်မောင်နောင်ကဲ့သို့ စိတ်လွတ်လက်လွတ် ပျော်ချင်မိသည်။ ကျော်အံ့နှင့်အတူ အင်းလျားကို လိုက်သွားချင်သလိုလည်း ဖြစ်မိသည်။ သို့ရာတွင် စိတ်သွားတိုင်း ကိုယ် မပါနိုင်သေး။

ကျွန်တော်သည် လှဲရာမှ ထပြီး စားပွဲပေါ်ရှိ သီအက်ရီးစ်အော့ဖ်လန်းနင်း ခေါ် ပြဋ္ဌာန်းစာအုပ်ကို ကိုင်ကြည့်သည်။ သယ်ယူခြင်းဆိုင်ရာ သဘောတရားများကို ဖော်ပြထားသည့် စာအုပ်ကြီး ဖြစ်၏။

စိတ်ပညာဟူသည် လူ့အကြောင်းကို လေ့လာသော ဘာသာ ဖြစ်သည်။ စိတ်ဟူသည်က မြင်ရ ကြားရ တွေ့ထိ၍ရသော ပစ္စည်းမျိုး မဟုတ်။ အပြုအမူကိုသာ မြင်နိုင် တွေ့နိုင် တိုင်းတာနိုင် စမ်းသပ်နိုင်သည်။ ထို့ကြောင့် ခေတ်သစ် စိတ်ပညာသည် စိတ်ဟူသော သဘောကို မပယ်လင့်ကစား သိပ္ပံနည်းကျ လေ့လာရေးအတွက် အပြုအမူကိုသာ ကိုင်တွယ်ဖြေရှင်းသည်။ (ဝါ) ပစ္စုပ္ပန္နာန်ပြုသည်။ ခေတ်သစ် စိတ်ပညာကျမ်းများတွင် စိတ် သို့မဟုတ် နာမ်ဟူသော စကားကိုပင် အလွယ်တကူ ရှာမရသောကြောင့် 'စိတ်ပျောက်နေသော စိတ်ပညာ' ဟု အချို့ပညာရှင်တို့က သုံးသပ်ကြသည်။

အပြုအမူဟူသည်ကလည်း ပြောင်းလဲနေသည်။ မွေးသည်မှ သေသည်အထိ ပြောင်းလဲနေသည်။ အပြုအမူ၏ ပြောင်းလဲခြင်းကလည်း နှစ်မျိုး ရှိ



သည်။ ခန္ဓာဓာတ်တို့၏ သဘာဝရကြောင့် ပြောင်းလဲခြင်းက တစ်မျိုး။ သည်မှာတော့ ဇီဇ (ဝါ) ဂျင်းက အဓိကဓာတ်ဆရာ (ဝါ) ပစ္စယအကြောင်းပြုသည်။ ဥပမာ– အချိန်တန်လျှင် ကလေးတို့ လေးဖက်သွားရာမှ လမ်း စ,လျှောက်ခြင်း အပြုအမူမျိုး။ အပြုအမူ၏ ပြောင်းလဲခြင်း တစ်မျိုးကား အပြုအမူကြောင့်ပင် ပြောင်းလဲရခြင်း ဖြစ်၏။ တစ်နည်းဆိုတော့ ပတ်ဝန်းကျင်နှင့် အညမညပြု၍ တုံ့ပြန်ရာမှ ပြောင်းလဲခြင်း ဖြစ်၏။ လူ့သဘာဝ လူ့စရိုက် လူ့ဓမ္မတာဟု ယေဘုယျ အများ ပြောဆိုနေကြသော အပြုအမူများမှာ ယင်းသို့သော ပြောင်းလဲခြင်း၏ အကျိုးဆက်များသာ ဖြစ်ကြ၏။ ယင်းပြောင်းလဲမှုကို 'သင်ယူခြင်း' ဟု စိတ်ပညာက ခေါ်ဆိုသည်။ သင်ယူခြင်း၏ နိယာမများကို နားလည်ရေးသည် ခေတ်သစ် စိတ်ပညာ၏ အဓိကအကျဆုံးသော ကြိုးပမ်းအားထုတ်မှု ဖြစ်၏။

နိယာမတရား ဟူသည်မှာ အကြိမ်ကြိမ်အထပ်ထပ် စမ်းသပ်ကြည့်ရှု၍ မဖောက်မပြန်ဘဲ ဆောင်ရွက်မြဲ ကိစ္စကို ဆောင်ရွက်ပါမှ နိယာမတရားမည်သည်။ သည်လို နိယာမတရားဟု အပိုင် ကိုင်ဆုပ်၍ မသမုတ်နိုင်သေးသော သဘောတရားတို့ကိုမူ 'သီအက်ရီ' ဟုသာ ခေါ်သည်။ သီအက်ရီဟူသည် 'ခန့်မှန်းခြေ သစ္စာတရား'မျှသာ ဖြစ်သေးသည်။ ပြီးမြောက်ပြည့်စုံသည့် မဖောက်မပြန်သော နိယာမ ဓမ္မသစ္စာ မဟုတ်သေး။ ခန့်မှန်းခြေသစ္စာတရားများမျှသာ ဖြစ်ကြသော သီအက်ရီတို့အနက် အချင်းချင်း အညမညထောက်ပံ့နေကြသည်လည်း ရှိသည်။ ဆန့်ကျင်ဘက် ဝိရောဓိ ဖြစ်နေကြသည်လည်း ရှိသည်။ ထိပ်တိုက် ပဋိပက္ခ ဖြစ်နေသည်တို့လည်း ရှိကြ၏။

စိတ်ပညာနယ်မှ သင်ယူခြင်းဆိုင်ရာ သီအက်ရီများတွင်လည်း သည်သဘောများ ရှိနေကြသည်။ ဉာဏ်၏ ကိစ္စ၊ ပညာ၏ အနှစ်သာရပိုင်း သဘောတွေ ဖြစ်သောကြောင့် လေးနက်သည်။ ခက်ခဲသည်။

ကျွန်တော်၏ဆရာ ဒေါက်တာဦးလှသွင်သည် အင်္ဂလိပ်ဘာသာစကားကို အလွန်လှပသပ်ရပ် ရှင်းလင်းစွာ ပြောနိုင်သည်။ အသင်အပြလည်း အံ့လောက်ဖွယ် တော်သည်။ ဆရာ့ကျေးဇူးကြောင့် ခက်ခဲသော သီအက်ရီများကို ကျွန်တော် ကောင်းစွာ သဘောပေါက် နားလည်နေပြီ။

ခက်သည်ကား. . သဘောပေါက် နားလည်သည်က တစ်ကဏ္ဍ။ ထိရောက်စွာ ရေးဖြေပြနိုင်သည်က တခြား။

အင်း. . စာကျက်ရဦးမည်။ စာတွေ ကျက်ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



ပင်ပန်းနွမ်းနယ်မှု ပြေရန် ကျွန်တော် ရေသွားချိုးသည်။ ကျွန်တော် ရေချိုးပြီး ပြန်လာသောအခါ အဝတ်အစား ကြော့ကြော့လှလှ၊ ခေါင်းလိမ်း ဆီနံ့။ ရေမွှေးနံ့ တကြိုင်ကြိုင်နှင့် ကျော်အံ့ကို လှေကားထိပ်၌ သွားတွေ့၏။

"ဂွတ်လတ်ခ်... သူငယ်ချင်းရေ..."

"အေးဟေ့... သတင်းကောင်း မျှော်နေ.."

ကျွန်တော်သည် အခန်း ပြန်ရောက်သောအခါ အဝတ်အစား လဲပြီး ထမင်း မစားမီ စာအနည်းငယ် ကျက်ရန် စာအုပ်ကို ကိုင်၏။

စိတ်ပညာနယ်တွင် အပြုအမူကို လေ့လာရေး၏ ပစ္စုပ္ပန် ဆက်စပ် ရှုဖွယ်အဖြစ် သတ်မှတ်အားထုတ်ကြသူများကို 'ဗီဟေးဗီးယားရစ်' (ဝါ) အပြုအမူဝါဒီများဟု ခေါ်သည်။

အပြုအမူဝါဒ မျိုးကွဲများစွာ ရှိသကဲ့သို့ အပြုအမူဝါဒီတို့လည်း များစွာ ရှိ၏။ ထင်ရှားသူများကား ဝဒ်ဆွန်၊ ဟားလ်၊ တိုးလ်မင်း၊ စကင်နား တို့ ဖြစ်ကြ၏။

ကျွန်တော်က ယခု တိုးလ်မင်း၏ အပြုအမူဝါဒ ရှုထောင့်မှ ရှင်းသည့် သင်ယူခြင်းဆိုင်ရာ သီအက်ရီကို စဖတ်သည်။

တိုးလ်မင်းက သူ့ဝါဒကို 'ရည်ရွယ်ချက် ပံ့ကိုင်ရှိသော အပြုအမူဝါဒ' ဟု ကင်ပွန်းတပ်ထား၏။ ဝဒ်ဆွန်ကဲ့သို့သော ရှေးဦး အပြုအမူဝါဒီတို့၏ ရုပ် ယန္တရားဆန်သော အပြုအမူဝါဒကို ဆန့်ကျင်ထားသည်။

တိုးလ်မင်း၏ အယူအဆမှာ အပြုအမူတိုင်း၌ (စိတ်မှတ်မဲ့ တုံ့ပြန်မှု များမှတစ်ပါး) ဦးတည်ချက် ရှိသည်။ အပြုအမူသည် မျှော်မှန်းချက်ကို ကြိုးကိုင် ထားသည်။ သင်ယူမှုဟူသည် မျှော်မှန်းချက် ပြည့်ဝခြင်း မပြည့်ဝခြင်း ဟူသော ကမ္မဖလ အကျိုးအပြစ်ပေါ် မူတည်၍ သိမြင်ခြင်း ပြောင်းလဲချက်အဖြစ် ကြိုးစားသက်သေပြ၏။ ဦးတည်ချက်၊ မျှော်မှန်းချက်၊ ရည်ရွယ်ချက်၊ သိမြင် ခြင်း ဟူသည်တို့ကိုလည်း နာမ်ဝါဒ စကားလုံးများ မဖြစ်စေဘဲ တိုင်းတာစမ်းသပ် ကိုင်တွယ်၍ ရသော သဘောများ ဖြစ်လေအောင် အနက်အဓိပ္ပာယ် ဖွင့်ရသေး သည်။

စာဖတ်ခြင်းကို ရပ်၍ ကျွန်တော်က ခေတ္တ စဉ်းစားသည်။

သိပ္ပံနည်းဥပဒေများကို ခေတ္တဖယ်ထား။ သိပ္ပံပညာသုံး ဝေါဟာရ တည်ဆောက်မှုကို ခေတ္တမေ့ထား။ လမ်းပေါ်က လူ (ဝါ) လူတိုင်းထဲက လူလို တွေးလိုက်တော့ လူ၏ အပြုအမူမှာ ရည်ရွယ်ချက်က ရှိနေရိုး။ ဆန္ဒ ဆိုသည် က ရှိနေရိုး။ သည်တော့ မျှော်လင့်ချက် ဆိုသည်လေးကလည်း ရှိနေရိုး။



ကိုကို ရေးခဲ့သကဲ့သို့ မျှော်လင့်ချက်ဟူသည်မှာ လင်းရောင်ခြည်ကလေးပါ။ မပီမသ မသဲမကွဲ မရေမရာသော မှုန်မှုန်ဝါးဝါး လင်းရောင်ခြည်ကလေးပါ။ ထိန်လင်း၍လည်း လာနိုင်သည်။ ချုပ်ငြိမ်း၍လည်း သွားနိုင်သည်။ တစ်စုံတစ်ခု သော အခြင်းအရာ၏ နိဒါန်းလည်း ဖြစ်နိုင်သည်။ နိဂုံးလည်း ဖြစ်နိုင်သည်။

ဩော်... အရုဏာ။

လူတိုင်း၏ ရင်မှာ မျှော်လင့်ချက်တွေနှင့်။ အရုဏာရောင်ခြည်ကလေး တွေနှင့်။ ထို့ကြောင့်လည်း တချို့ ကဗျာဆရာတွေက ဘဝဟူသည် မျှော်လင့် ရခြင်းပါဟု ဖွဲ့ဆိုကြသည်။

သတင်းကောင်းကို မျှော်နေဟု မှာကာ အင်းလျားဆီ သွားလေသော ကျော်အံ့မှာ မျှော်လင့်ချက်နှင့်။ တင်မောင်နောင်လို သတ္တဝါ၌ပင် အိမ်က ရောက် လာမည့် ပိုက်ဆံအတွက် မျှော်လင့်ချက်နှင့်။ အင်း... ကျွန်တော့်မှာလည်း...။

အဆောင် အောက်ထပ်မှ ဒိုးပတ်သံ၊ လင်းကွင်းသံ၊ ပုလွေသံ၊ လူသံများ ပြန်ပေါ်လာသည်။ သို့ရာတွင် စည်းစည်းရုံးရုံး ညီညီညာညာ မဟုတ် တော့။ မောကြပြီ ထင်သည်။

မကြာမီ ဖိနပ်သံနှင့် အသက်ရှူသံ ရောလျက် ကျွန်တော့် အခန်းဝ တွင် တင်မောင်နောင် ပေါ်လာ၏။

တင်မောင်နောင်သည် ခါးတောင်းကျိုက် မဖြုတ်သေးဘဲ ကျွန်တော့် ခုတင်ပေါ်၌ ကျကျနန တင်ပလ္လင်ခွေလျက် ထိုင်၏။ ခေါင်း၌ ပတ်ထားသော ခါးပတ်ကြားမှ ယပ်တောင်စုတ်ကို ဖြုတ်ယူလိုက်ပြီး ချွေးတို့ဖြင့် ရွှဲနေသော ခန္ဓာကိုယ်ကို ခတ်နေ၏။

"ဗိုး... သောက်ရူးထရတာ အပင်ပန်းသား၊ မောလိုက်တာ"

"ဩော်... သနားစရာ၊ မင်းကို ဘယ်သူက ထခိုင်းလို့လဲ"

"မင်း... အဲဒီလို ကျေးဇူးကန်းစကား မပြောနဲ့"

"အလို... ဘာပြောတယ်"

"ဒီမှာ... လောကကြီးမှာ လူတွေဟာ ငိုချင်ကြလား၊ ရယ်ချင်ကြ လား... ကဲ... ဖြေ"

"ငိုချင်တဲ့အခါ ငိုချင်တယ်၊ ရယ်ချင်တဲ့အခါ ရယ်ချင်တယ်"

"မင်း အဲဒါ သက်သက်ခွပြောတာ၊ ရယ်ချင်ကြတယ်ကွ၊ ပျော်ချင်ကြ တယ်၊ ငိုချင်ကြရင် မသာလိုက်ငှားပြီး အသုဘလုပ်တမ်း ကစားနေကြပါလား၊ ဒီဒွန်နရာကြီးမှာ အသုဘလုပ်တမ်း ကစားတာ... ငါ့ရှင် ဘယ်မှာ မြင်ဖူးလဲ"

www.burmeseclassic.com



"ထွိ.. တောက်တီးတောက်တဲ့တွေ၊ ကြိုကြိုဖန်ဖန် အသုဘလုပ်တမ်း ကစားရမယ်လို့"

"အဲ.. မင်း ဝန်ခံပြီ မဟုတ်လား၊ လူဆိုတာ ရယ်ချင်နေတာပဲ၊ ခက်တာက အဲဒီလူတွေကပဲ ရှုတည်တည်နဲ့ နေတဲ့လူကျတော့ သမာဓိ ရှိတယ်တဲ့၊ မျက်နှာသေနဲ့ လူကျတော့ ဣန္ဒြေရှိပြန်သတဲ့၊ တို့လို ကောင်မျိုးကတော့ သောက်ပေါတဲ့၊ အမှန်က တို့လို ကောင်မျိုးတွေ ရှိလို့ ဒီလို လောကကြီး စိုပြည်နေတာ"

တင်မောင်နောင်သည် စားပွဲပေါ်မှ ဆေးပေါ့လိပ် တစ်လိပ်ကို ကောက်ယူ မီးညှိ ဖွာရှိုက်လိုက်ပြီး ဆက်ကန်နေပြန်၏။

"ငါ ကုလသမဂ္ဂ တက်ပြီး အဆိုတစ်ခု တင်ချင်တယ်"

"ဩော်.. တန်ရာ တန်ရာတွေ ပြောနေပြန်ပါပြီ"

"တကယ် ပြောတာ၊ အထွေထွေညီလာခံ ဆုံးဖြတ်ချက်နဲ့၊ ဒီကမ္ဘာမှာ လူသေရင် မငိုရဘူး၊ ရယ်ရမယ်၊ အဲဒီလို ပြဋ္ဌာန်းလိုက်ရင် ဘယ်လောက်ကောင်းမလဲ၊ မင်း စဉ်းစားကြည့်စမ်း၊ မသာလေးကို ပါးကွက်ကလေး နှုတ်ခမ်းနီလေး ဘာလေးနဲ့ ပြင်ဆင်ထား၊ မသာရှင်တွေက အနားမှာ တခွိခွိလုပ်နေ၊ အသုဘရှု လာတဲ့ လူတွေက စပ်ဖြဲဖြဲနဲ့လာ၊ အသုဘချတော့ ဓာတ်ဆီ ဓာတ်စံ ပြက်လုံးတွေ ကျယ်ကျယ်ဖွင့်ပြီး ဟားတိုက် လိုက်ပို့၊ ဒီကမ္ဘာလောကကြီး ဘယ်လောက် သာယာစိုပြည်သွားမယ် ထင်သလဲ"

"တော်စမ်းပါကွာ.. မဟုတ်တာတွေ၊ အိုက်ရ ပူရတဲ့အထဲ"

"အေး.. ဟုတ်ပါရဲ့၊ ထမင်း မြန်မြန်မျိုပြီး ကန်စောင်း သွားလေသလပ်ခံကြမလား"

"မင်း သွားခံချည်၊ ငါ စာကျက်စရာ ရှိသေးတယ်"

"ဟိုကောင် ကျော်အံ့ရော"

"သွားပြီ၊ အင်းလျားကို"

"ကြည့်စမ်း၊ ငါ့ ဘာလို့ မခေါ်လဲ"

"မင်း ပေါနေတာကို ပါရမီဖျက်ရာ ကျမစိုးလို့"

တင်မောင်နောင်သည် သူ့ကို နှိမ်ပြောလိုက်ခြင်းကို ပမာမပြုဘဲ အလွန်လေးနက်သော မျက်နှာထားနှင့် ပြော၏။

"ငါ မင်းကို နှစ်ခု မေးချင်တယ်"

"ဘာလဲ.."



"မင်းတို့နှစ်ကောင် ဒီကောင်မလေး နှစ်ယောက်ကို တကယ် ကြိုက်တာလား၊ အလကား ကြိုက်တာလား"

"ဘာပြောတာလဲ ပညာရှိရဲ့၊ နားမလည်ဘူး"

"တကယ် ကြိုက်တယ်ဆိုတာက ဒီကောင်မလေးနဲ့သာ ရရင် လူ့ဘဝ ဆုံးပါစေ၊ ကလေးအဖေ ဖြစ်ရ ဖြစ်ရ၊ ကိုယ်နဲ့ ဘာမှမတော်တဲ့ သူ့အဖေနဲ့ အမေကို ကိုယ်ပိုင် အနန္တောအနန္တ ငါးပါးထဲ အပိုဆုအဖြစ်နဲ့ နှစ်ပါး ထပ်တိုးပြီး အနန္တ ခုနစ်ပါးအဖြစ် တစ်သက်လုံး ထိုင်ရှိခိုးဖို့ ကာယကံ ဝစီကံ မနောကံတွေ အကုန်လုံး ရယ်ဒီ အဆင်သင့်၊ အဲဒါမျိုးကို ခေါ်တာ။ လွယ်တာမျိုး မဟုတ်ဘူးနော်"

"အလကား အလကား ကြိုက်တယ် ဆိုတာကကော"

"အဲဒါက မဆာဘဲနဲ့ အဖော်ကောင်းလို့ လှည်းတန်းထိပ် ဘူးသီးငါးပေါင်းကြော် သွားစားတာမျိုး၊ အိပ်ခါနီး ရေသောက်မထားဘဲ အကျင့်ပါနေလို့ အိမ်သာထွက် သေးပေါက်မိတာမျိုး။"

"ဟာ.. စုတ်ပဲ့တဲ့ကောင်"

"စုတ်ပဲ့တာ မဟုတ်ဘူး၊ တို့ တက္ကသိုလ်မှာ ဒီလို ငနဲတွေ အများကြီး ရှိတယ်၊ မင်းတို့ကော ဘယ်အထဲကလဲ"

"ငါတို့ ဒီလို မဟုတ်ပါဘူး"

"ဒါဖြင့် ငါ ခုနကပြောတဲ့ ကာယကံ ဝစီကံ မနောကံတွေ အားလုံး ရယ်ဒီပေါ့"

"ငါ ဒီထိအောင် မစဉ်းစားရသေးပါဘူး"

"ဟ.. စဉ်းစားရတယ်ဟ စဉ်းစားရဲတယ်၊ ငါဆို စဉ်းစားမိလွန်းလို့ ဘယ်ကောင်မလေးကိုမှ ဩော်.. ဒါလေးဟာ ကြိုက်ချင်စရာလေးပါလားလို့တောင် စက္ခုပဟာ ရုပနဲ့ သံဝါသမပြုမိသေးဘူး"

"တန်နိုစမ်းပါ၊ မင်း ပိုးလို့ကော ဘယ်သူ့စွံမလဲ"

"အံမာ.. မခံချင်တာနဲ့ ငါ ရှာန်လျှောပြလိုက်ရင် မကောင်းဖြစ်ကုန်ရော့မယ်၊ မိန်းကလေးတစ်ယောက် ကျလောက်အောင် လုပ်ရတာ အိမ်ပိုက်ဆံ လိမ်မှာရတာလောက် မခက်ပါဘူး"

"ကဲ.. စကားတောင်စား ဘာရည်ရွယ်ချက်နဲ့ ဘာတွေ လာမွှမ်းနေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ မေးပါပကောလား၊ မင်း ဒီ နှင်းဆိုတဲ့ ကောင်မလေးကို တကယ် ကြိုက်သလားလို့"

"အေး . . ကြိုက်တယ်၊ ဘာပြုလဲ"

"ကြိုက်ရင်လည်း မြန်မြန်လုပ်၊ အချိန် သိပ်မရှိတော့ဘူး"

"ဘာ အချိန်မရှိတာလဲ"

"စတုတ္ထနှစ်အထိ စောင့်မနေနဲ့တော့၊ အဲဒီကျမှဆိုရင် ကြိုက်လည်း ကြိုက်ကြရော ကျောင်းက ထွက်ရပြီး မောင်တစ်ရွာ မယ်တစ်မြို့လည်း ဖြစ်ကြရော၊ ဘာမှ အစိုးမရတော့ဘူး၊ အဲဒီကြားထဲ မိဘ ပေးစားသူ ယူလိုက်ရပါတယ် ဆိုရင် မှတ်ကရော၊ တတိယနှစ်မှာ ကိစ္စပြီးထားရင် အစစ အဆင်ပြေတယ်၊ ကိုယ့်ချစ်သူကို မျက်စိအောက်က အပျောက်မခံရဘဲ ဒီဥစ္စာ ငါ့ပစ္စည်း၊ ဒီဥစ္စာ ငါ့ပစ္စည်း ဆိုပြီး ပီတိသုခ တစ်နှစ်ကြီးများတောင် ခံစားနိုင်သေးတယ်၊ လူ့ဘဝမှာ ချစ်သူတွေ ဘဝဟာ အသာယာဆုံးပဲတဲ့၊ ကလေးအဖေ ဒုက္ခတို့ ယောက္ခမတောဝါတို့က အဝေးကြီးမှာ ရှိသေးတယ်၊ အိပ်ရတာထက် ငိုက်ရတာက ပိုဇိမ်ရှိတယ်၊ ညားရတာထက် ချစ်နေရတာက ပိုအရသာရှိတယ်၊ မင်း ကြုံဖူးမှာပေါ့၊ အိပ်မက်ထဲ ရေငတ်ပြီး ရေသောက်ရတာ ဘယ်လောက် အရသာရှိသလဲ။ လန့်နိုးပြီး ရေ တကယ်ထသောက်လိုက်တော့ ဘာကောင်းလို့လဲ၊ ဗိုက်ကြီးသာ ကယ်လာတာ"

"မင်း သိပ်မြှောက်ပေးမနေနဲ့နော်၊ နဂိုကမှ ငါ့စိတ်က တဲတဲလေး ရယ်"

"တဲတဲလေး ဖြစ်နေမှတော့ ဖြုတ်လိုက်၊ ဆက်ထားလို့လည်း နိုင်တော့မှာမှ မဟုတ်ဘဲ"

"ဒါပေမဲ့ ငါ ကြောက်နေတယ်"

"ဘာလဲ၊ စောစောက ငါ ပြောတဲ့ ကာယကံ ဝစီကံ . . တွေကိုလား"

"ကျတ်သေညီ . . ငါ တကယ် အကောင်းပြောမလို့"

"အဲလေ ပြောပါ . . ဒါမျိုးဆို ကောင်းကောင်း နားထောင်နိုင်တဲ့ ပါရမီ ငါ့မှာ ရှိပါတယ်"

တင်မောင်နောင်သည် မျက်နှာပိုးသတ်လိုက်၏။ မီးသေနေသော ဆေးပေါ့လိပ်ကို ပြန်ညှိဖွာပြီး မျက်တောင် ပုတ်ခတ် ပုတ်ခတ် လုပ်ပြနေ၏။

"ငါ တကယ် ကြောက်နေတယ်၊ ဘာကို ကြောက်သလဲ ဆိုတော့ လက်လွှတ်ဆုံးရှုံးရမှာကိုပဲ၊ နှင်းအပေါ် အစက ငါ ဘယ်လောက် သံယောဇဉ်



ရှိနေမှန်း မသိခဲ့ဘူး၊ ဒါပေမဲ့ တောင်ကြီးမှာ ကိုကို ဆုံးလို့ ငါ့စိတ်တွေ သိပ်ထိခိုက်နေတုန်း နှင်းကို သတိရမိတယ်၊ သတိရမိရုံမကဘူး တမ်းတမိတယ်၊ တင်စားပြီး ပြောမယ်၊ ငါ့ရင်ထဲ နွေခေါင်ခေါင်မှာ နှင်းတစ်ယောက်ဟာပဲ ဆောင်းရဲ့ လက်ကျန်၊ နှင်းကို ဆုံးရှုံးလိုက်ရရင် ငါ့ရင်ဟာ အပြင်က နွေထက် ပူလောင်လိမ့်မယ်၊ ဒါကို ငါ ကြောက်နေတယ်"

"အေးလေ . . ဒါကြောင့်ပဲ လက်မနှေးနဲ့လို့ ငါ တိုက်တွန်းနေတာယ် မဟုတ်လား"

"ဆုံးအောင် နားထောင်ဦး၊ ဟိုတစ်နေ့က နှင်းနဲ့ ငါ စကားတွေ ပြောကြတယ်၊ ပြောကြတာကတော့ အများကြီးပေါ့၊ ဒါပေမဲ့ နှင်းက တစ်ခု ပြောတယ်၊ အမုန်းလိုပဲ အချစ်ဆိုတာဟာ မကောင်းပါဘူးတဲ့၊ အမုန်းနဲ့ အချစ်ဆိုတာဟာ ပြဒါးတိုင်တစ်ခုထဲက အစွန်းနှစ်ဖက် သဘောမျိုးတွေတဲ့၊ အချစ်ကို အလိုမရှိတဲ့ သဘောပေါ့ကွာ"

"အဲဒါနဲ့ ဘာဖြစ်သလဲ"

"ဘာဖြစ်ရမလဲ၊ ငါ ကြောက်တာပေါ့"

"ဒါလောက်လေး ပြောတာများ ကြောက်စရာလား"

"အချစ်ကို အလိုမရှိတဲ့လူကို အချစ် ပေးမိရင်၊ မပေးလိုသူဆီက အချစ်ကို တောင်းခံမိနေရင် ဘယ့်နှယ် လုပ်မလဲ"

"တော်စမ်းပါကွာ၊ အချစ်ဟူသည် ပေးခြင်း၊ အချစ်ဟူသည် ယူခြင်း၊ ဒါတွေက သောက်ရှုစကားတွေပါ၊ မှတ်ထား . . အချစ်ဆိုတာ အလုပ်လုပ်တာ၊ အလုပ်ဖြစ်အောင် လုပ်တာ၊ ပေးချင် ပေး ယူချင် ယူ ငှားချင် ငှား ချေးချင် ချေး၊ အရေးကြီးတာက အလုပ်ဖြစ်ရမယ်၊ အဲလေ . . အဲဒါ ထားပါတော့၊ မင့်ကောင်မလေးက အဲဒါလောက်လေး ပြောတာနဲ့ စိတ်ထိခိုက်မနေနဲ့"

"ဘာ့ဖြစ်လို့"

"ဟ . . မိန်းကလေးတစ်ယောက် ပါးစပ်က လျှောက်ပြောနေတာဟာ သူ့စိတ်ထဲက ဟာတွေ့လို့ ဘယ်ပညာရှိက ပြောနိုင်လို့လဲ၊ မှတ်ထား၊ ဘယ်လောက် ရိုးသားပွင့်လင်းတဲ့ မိန်းကလေးဖြစ်ဖြစ် အချစ်နဲ့ ပတ်သက်လာရင် နည်းနည်းတော့ မူလကျိတွန့်နတိ လုပ်ပြသေးတာပဲ၊ အဲဒါကို လူ့ယဉ်ကျေးမှုလို့ ခေါ်သကွ၊ အထီးက ခွပ်တာက်ပြပြီး အတောင် တစ်ဖက်ဆန့် ထော့နင်း ထော့နင်းနဲ့ တစ်ပတ် ပတ်ပြလိုက်ရုံကလေး ရှိသေး ကတော့ဆို ခေါင်းပုပေး

www.burmeseclassic.com



တာဟာ ကြက်မတွေမှာသာ ရှိတယ်၊ လူမ,မှာ မရှိသေးဘူး၊ အဟီး. . . အဲဒါ စိတ်ပညာကွ. . . မင်း သင်ရပြီလား"

"အကောင်း ပြောကွာ မဖောက်နဲ့"

"အကောင်း ပြောနေတာပဲ၊ ကဲ. . . ငါ မေးမယ်၊ လမ်းလျှောက်ဖို့ ခေါ်တော့ မင့်ကောင်မလေး မင်းနဲ့ မလိုက်ဘူးလား"

"လိုက်တယ်"

"နှစ်ယောက်တည်း ထိုင်ရော စကားမပြောဘူးလား"

"ပြောတယ်"

"နို့ ဘာလိုသေးလဲ၊ မင့် ခေါ်ရာနောက် လိုက်နေတာက နိဗ္ဗာန်ရောက်ကြောင်း တရားနာချင်တယ်လို့များ ရွှေဥာဏ်တော် စူးရောက်နေသလား"

"အေး. . . မင်း တွေးတာ မဆိုးဘူးကွ"

"ချီးမွမ်းတာများ တိုရေမိုရေ မဆိုးဘူးလို့၊ မဆိုးတာ မဟုတ်ဘူး၊ ပြေးကြည့်လို့ ဒက်ခနဲမြင်တာ ပညာရှိကွ"

ဆေးပေါ့လိပ်လည်း တိုသွားပြီ၊ လေလည်း ကုန်သွားဟန်တူသည်။ တင်မောင်နောင်သည် ထိုင်ရာမှ ထ၏။

"ပါစကာ ဝမ်းမီးက လှုပ်လာပြီ၊ ငါ ရေသွားချိုးလိုက်ဦးမယ်၊ ထမင်းစားသွားဖို့ ငါ့ စောင့်ဦးနော်"

"အေး. . . မြန်မြန်လုပ် ငါလည်း ဆာပြီ"

တင်မောင်နောင်က အထွက်၊ ကျော်အုံ့က ပြန်အရောက် ကျွန်တော့်အခန်းရှေ့တွင် ဆုံမိကြ၏။

ကျော်အုံ့၏ မျက်နှာကြီးသည် ပြုံးနေ၏။ တမင်ပြုံးထားသည် မဟုတ်ဘဲ အပြုံးက လူကို နိုင်ပြီး ရပ်မရဆိုင်းမရ ပြုံးနေသော အပြုံးကြီးမျိုး ဖြစ်၏။

ကျော်အုံ့က ကျွန်တော့်အခန်းတွင်း ဝင်သောအခါ တင်မောင်နောင်ပါ ပြန်ဝင်လိုက်လာ၏။

ကျွန်တော်က တင်မောင်နောင်ကို ပြော၏။

"ဟော့ကောင်. . . မင်း ရေချိုးမလို့ဆို၊ သွားချိုးလေ"

"ဟင့်အင်း. . . ခွေးနဲ့ ပြန်ချမ်းသွားပြီ"

"ဒါဖြင့်လည်း အဝတ်သွားလဲချေ၊ ထမင်းစားကြမယ်"

"ထမင်းလည်း မဆာတော့ဘူး"



ကျော်အုံ့က ကျွန်တော့် ခုတင်ပေါ် ထိုင်မိပြီ။ မျက်နှာကြီးက အပြုံးမပျက်သေး။

တင်မောင်နောင်က ကျော်အုံ့၏ မျက်နှာကို စေ့စေ့ အကဲခတ်ကြည့်ပြီး ဆို၏။

"၃၂ ချောင်းသော သွားတို့လည်း ပေါ်နေ၏။ အင်းလျားမှလည်း ပြန်လာ၏။ တန်တော့. . . မြတ်က အိမ်အပြန် သင်္ဘောပေါ် အရောက် ထဘီသေတ္တာ ထမ်းပို့ခွင့်ပြုလိုက်ပြီနဲ့ တူတယ်၊ ဟုတ်စ"

သည်တော့မှ ကျော်အုံ့က လှုပ်ရှားလာပြီး တင်မောင်နောင့်ကို ခြေနှင့် ကန်၏။

"ခွေးတိရစ္ဆာန်. . . မျက်နှာ သေသေချာချာ ကြည့်ထား။ ထဘီသေတ္တာ ထမ်းမယ့် ရုပ်မျိုး မဟုတ်ဘူး"

"ဟုတ်ကဲ့. . . ဖာလောက်ပဲ ခေါင်းပေါ် ရွက်မှာ"

အကျိုးအကြောင်း သိချင်လှပြီ ဖြစ်သော ကျွန်တော်က မနေနိုင်တော့ဘဲ ပြောရ၏။

"ကျော်အုံ့. . . အရှူးနဲ့ ဖက်ပြင်းမနေနဲ့ကွာ၊ ဘယ့်နှယ်လဲ ဟန်ကျခဲ့လား"

"အေး. . . အဟေး. . ."

"အဖြေရခဲ့ပြီပေါ့"

"အင်း. . . အဟီး"

"ဘယ်လို ဖြေလဲ"

"အဟဲ. . . ရိုးရိုးလေးကွ"

"ချစ်ပါတယ်တဲ့၊ ဒီလိုလား"

"ဟင့်အင်း. . ."

"နို့ ဘယ်လိုလဲ"

"ရိုးရိုးလေး. . ."

"လာပြန်ပြီ ဒီရိုးရိုးလေး"

ကျော်အုံ့သည် ဝမ်းသာခြင်းကို မထိန်းနိုင်တော့ဘဲအလား အားရပါးရ အော်ရယ်သည်။

"တောက်. . . တကယ်ပဲကွာ၊ ဝမ်းသာလိုက်တာ ပြောသွားပုံလေးနားထဲက မထွက်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး... ဘယ်လိုပြောလဲ"

"အဟီး... ဖြေဖို့ လိုသေးလား တဲ့"

ဘေးမှ နားထောင်နေသော တင်မောင်နောင်သည် သဘောပေါက်သွားဟန် တူသည်။

ပထမတော့ မျက်လုံး ပြူးပြူး၏။ နောက်တစ်ခဏအကြာ၌မူ လက်ခုပ်လက်ဝါး တီး၍ ရယ်၏။

"ဖြေဖို့ လိုသေးသလားတဲ့၊ အား ဟား ဟား... ဟီး... အမေရေ ... ဖြေဖို့ လိုသေးသလားတဲ့၊ အား ဟား ဟား ... အဟီး..."

တင်မောင်နောင်သည် အခန်းတွင်းမှ ခုန်ပေါက်ထွက်ပြေးပြီး အဆောင်စင်္ကြံပေါ်၌ ဆက်အော်ရယ်၏။

"အား ဟား ဟား... ဖြေဖို့ လိုသေးသလား တဲ့... အားဟား ဟား အဟီး... အရပ်ကတို့ရေ... ကျော်အုံ့ရယ်... ဖြေဖို့ လိုသေးသလား တဲ့... အား ဟား ဟား အဟီး"

ကျော်အုံ့မှာ မျက်လုံးပြူး မျက်ဆန်ပြူးနှင့် တင်မောင်နောင်ကို ပြန်ဆွဲခေါ်သွင်းလာ၏။ တင်မောင်နောင် ယက်ကန်ယက်ကန်နှင့် ပြန်ပါလာ၏။

"ဟော့ကောင်... ကျွတ်သေညီ၊ တိုးတိုးတိတ်တိတ် လုပ်စမ်းပါ၊ ငါ့နှယ် သေချင်ရော"

"မောင်ကျော်အုံ့လေး"

"ဘာလဲ..."

"ရှိရှိသေသေ တူးပါ၊ မောင်ကျော်အုံ့လေး"

"ခင်ဗျာ..."

"ကြောက်တယ်မို့လား"

"ကြောက်ပါတယ် အစ်ကိုရယ်"

"ကြောက်ရင်... ငါ ဆရာတော်ကို ဆွမ်းဦးကပ်"

"ဘာဆွမ်းဦးလဲ"

"မင်္ဂလာဆွမ်းဦး၊ မင်္ဂလာသတင်း ကြားရတဲ့အတွက်"

"လာလေ... ဒိုင်းနင်းဟော သွားမယ်"

"ဒီလို ဘယ်ရမလဲ၊ အနည်းဆုံး လှည်းတန်းထိပ်"

ကျော်အုံ့က သူ့နဖူးသူ ထု၏။

"ကဲ ကဲ... ကြွ ကြွ၊ မြန်မြန်သွားအဝတ်အစားလဲ"



တင်မောင်နောင် ထွက်သွားမှ ကျော်အုံ့က ကျွန်တော့်နားကပ်၍ တိုးတိုး ပြောသည်။

"နှင်းနဲ့ မြတ်က အတူတူပြန်ကြမှာ၊ ပရက်တီကယ် မပြီးသေးတဲ့ ဆိုင်းယင့်စ်က သူငယ်ချင်းမတွေ စောင့်ရလို့ နောက် ၃ ရက် နေကြရဦးမတဲ့၊ ကိုယ့်လူ၊ ဒီတစ်ခါ မင်းအလှည့်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၈

သည်တစ်ညနေမှာတော့ တင်မောင်နောင် မပါခဲ့ပါ။ သည်ကောင်က ငွေရောက်သဖြင့် မြို့တွင်းထွက် ရုပ်ရှင်ကြည့်သွားရာ ပြန်မလာသေး။

လမ်းမှာ လူသူရှင်းသည်။ ညနေမှာလည်း ခါတိုင်းထက် တိတ်ဆိတ်နေ၏။

လူရှင်းခြင်း၊ တိတ်ဆိတ်ခြင်း၊ သစ်ရွက်တွေ ကြွေနေခြင်း။ သည်အခြေအနေ သုံးရပ် ပေါင်းစပ်လိုက်သောအခါ နွေဦး၏ ညနေသည် သာယာသယောင်နှင့် ဆိတ်သုဉ်းနေသည်။ ကြည်နူးဖွယ်ယောင်ယောင်နှင့် လွမ်းဖွယ်ရှိနေ၏။

တစ်နေ့က နေရာလေးမှာပင် ကျွန်တော်တို့ ထိုင်ကြ၏။ တစ်နေ့ကကဲ့သို့ပင် မြတ်နှင့် ကျော်အုံ့တို့က တစ်တွဲ။ ကျွန်တော်နှင့် နှင်းတို့က တစ်တွဲ။ တစ်နေ့ကကဲ့သို့ပင် တစ်တွဲနှင့် တစ်တွဲ ခပ်လှမ်းလှမ်းစီ။

ကျော်အုံ့နှင့် မြတ်တို့ကတော့ တတွတ်တွတ် စကားပြောနေကြသည်။

တစ်ခါတစ်ရံ မြတ်သည် ရယ်၏။ တစ်ခါတစ်ရံ မျက်နှာလေးကို ရှုထားသည်။ တစ်ကြိမ်မက ကျော်အုံ့၏ လက်မောင်းကို သူ့လက်ကလေးများနှင့် ထု၏။



ကျွန်တော်နှင့် နှင်းကသာ ငြိမ်နေကြ၏။ လမ်းတုန်းကလည်း စကားတစ်လုံး နှစ်လုံးသာ ပြောမိကြသည်။ ထိုင်မိကြပြီးသည်နောက်တော့ တစ်လုံးမှ မပြောမိကြသေး။

ကျွန်တော့်ကိုယ် ကျွန်တော် ပြန်အံ့ဩမိသည်။ ကျွန်တော့်မှာ ထင်သလောက် သတ္တိမရှိ။ သတ္တိမရှိရုံမက ကြောက်ရွံ့ပင် နေသည်။ ရင်က ခုန်နေ၏။ လက်များပင် မသိမသာ တုန်ယင်နေသည်။ အသံဟူသည်ကို လည်ချောင်းမှ မည်သို့ ထုတ်လေရမှန်း မသိ။

နှင်းလွှာကလေးကဲ့သို့ သိမ်မွေ့သော နှင်းမှာ ဘာများ ကြောက်စရာရှိပါသနည်း။ မျက်တောင်ကော့ ရံအပ်သည့် ပျော့ပျောင်းရီဝေသော မျက်လုံးလေးများမှာ ဘာရက်စက်မှုများ လာနိုင်ပါသနည်း။ သနော့်သနားဖွယ် အမူအရာဝယ် ခက်ထန်ခြင်းကို ဘယ်မှာ တွေ့ပါသလဲ။

သည်ကြားထဲက ကျွန်တော် ကြောက်နေမိသည်။

စိတ်အားသည် နောက်သို့ ဆုတ်နေ၏။ အခြေအနေ အရပ်ရပ်ကို သည်တိုင်း ထားချင်လို့လာသည်။

ဟုတ်သည်။ သည်အတိုင်း။ သည်လိုပဲ နှင်းနှင့် တွေ့ကြမည်။ သည်လိုပဲ လမ်းလျှောက်ကြမည်။ သည်လိုပဲ သည်မှာ ထိုင်ကြမည်။ သည်လိုပဲ ဘေးတိုက်မှ မြင်နေရသော နှာတံတန်းတန်းလေးနှင့် မျက်နှာသွယ်လေးကို ခိုးကြည့်နေမည်။

သည်အတိုင်း. . သည်လိုပဲ ဘာမျှ မပြောင်းဘူးဟု ဆိုလျှင် ကျေနပ်မနေသင့်ဘူးလား။ ဘာမှတော့ မမြတ်ဘူးလေ။ ဒါပေမဲ့ ဘာမှလည်း မရှုံးနိုင်ဘူး။

သည်အတိုင်း. . . ခုနေအတိုင်း. . .။

ခဏမှာပင် ကြောက်ရွံ့ခြင်းနှင့် ခြားနားလှသော စိုးရိမ်စိတ်က ဝင်သည်။ နှမြောခုံမင်မှုက လှုံ့ဆော်လာသည်။ ပိုင်ဆိုင်လိုခြင်းက တိုက်တွန်းလာ၏။

ကျွန်တော့်ရင်တွင်း လွန်ပွဲတစ်ခု ဖြစ်ပေါ်နေ၏။

"နှင်း. . ."

"အင်. . ."

"မနက်ဖြန် နှင်း ပြန်တော့မယ်နော်"

"ဟောရှင့်. . . သိရက်သားနဲ့ ထပ်မေးနေပြန်ပါပြီ"

"သိတော့ သိတယ်လေ. . . ဒါပေမဲ့ အင်း. . . သိပ်ခက်တာပဲ"

"ဘာတွေ သိပ်ခက်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



“ဘယ်လို ပြောရမလဲ၊ ဒုက္ခပါပဲ၊ ကိုစောထွေးတော့ ဒုက္ခပဲ”

“အို. . . ညည်းလုချည်လား ဆရာကြီးရယ်”

“ဟုတ်တယ်. . . ညည်းတယ်၊ ဟောဒီကျောင်းကြီးဟာ မပိတ်ဘဲ နေရင် သိပ်ကောင်းမှာပဲ”

“အို. . . အဲဒီတော့ နှင်းတို့လည်း တစ်သက်လုံး စာချည်းပဲ ထိုင်ကျက်နေရတော့မှာပေါ့”

“နှင်းနဲ့သာ အတူတူဆိုရင် ကိုစောထွေး တစ်သက်လုံး မပျင်းဘဲ စာထိုင်ကျက်နေနိုင်တယ်”

နှင်း ငိုင်ကျသွား၏။ ပြုံးနေသော မျက်နှာကလေးမှာလည်း တည်သွား၏။

မထူးတော့ပြီ။ ဖြစ်ချင်သည် ဖြစ်လေရော့။

“နှင်းကို ကိုစောထွေး တစ်ခု ပြောပါရစေ”

နှင်း တုန်လှုပ်သွားသည်။ နှင်းတစ်ကိုယ်လုံး တုန်လှုပ်သွားသည်ကို ကျွန်တော် မြင်လိုက်ရပါ၏။

နှင်းသည် မျက်လွှာလေး လှန်ပြီး ကျွန်တော့်ကို ကြည့်သည်။ မျက်လုံးတွေမှာက မျက်ရည်တွေ ဝဲနေသည်။ နွမ်းလိုက် နယ်လိုက်ပါသည့် မျက်နှာကလေးကလည်း. . .။

ကျွန်တော့်ရင်မှာ ကရုဏာတရားတွေ ဝေသွားသည်။ နှုတ်မှ ထွက်တော့မည့် စကားကိုလည်း မပြောရက်တော့။

ဪ. . . မိန်းမသားသည် ချစ်ပါသည် ဟူသော စကားကို ကြားရမည်ကို ဤမျှ ကြောက်လန့်ပါသလော။

ကျွန်တော် တွန့်ဆုတ်နေခိုက် နှင်းက တောင်းပန်သည်။

“မပြောပါနဲ့တော့ ကိုစောထွေးရယ်၊ ကိုစောထွေး ဘာပြောမယ် ဆိုတာကို နှင်း သိပါတယ်၊ ဒါပေမဲ့ မပြောပါနဲ့တော့၊ နှင်း မကြားပါရစေနဲ့တော့”

“နှင်းက တောင်းပန်နေတော့ ကိုစောထွေး အပြောခက်လှတယ်၊ ဒါပေမဲ့ နှင်းရယ်၊ သိနေတဲ့ စကားကို ဘာလို့ မကြားချင်ရတာလဲ”

နှင်းသည် အံကြိတ်လိုက်၏။ တစ်စုံတစ်ရာကို ဆုံးဖြတ်ရန် ကြိုးစားနေသည့်ဟန် ငြိမ်နေ၏။ မေးရိုးလုလုလေးများပင် တင်းနေ၏။

အတန်ကြာမှ ခေါင်းကလေး မော့လာ၏။



“နှင်း ပြောမယ့်စကားကို ကိုစောထွေး သေသေချာချာ နားထောင်စေချင်တယ်။ ပြီးတော့မှ နှင်းအပေါ်မှာ ကိုစောထွေး ကြိုက်သလို ဆုံးဖြတ်၊ ဟုတ်လား”

“နှင်း ဘာပြောတာလဲ၊ ကိုစောထွေးက ဘာကို ဆုံးဖြတ်ရမှာလဲ”

“မမေးနဲ့ဦးလေ၊ နှင်းကို ပြောခွင့်ပြုဦး”

“ကဲလေ. . . ပြောပါ၊ နှင်း ပြောပါ”

“ဟိုတစ်ညနေက ကိုစောထွေးနဲ့ စကားပြောပြီး အပြန်ကတည်းက နှင်း စဉ်းစားခဲ့တယ်။ ကိုစောထွေးရယ်. . . နှင်း အများကြီး စဉ်းစားခဲ့ပါတယ်။ ငိုလည်း ငိုမိတယ်။ သိလား. . . စာမေးပွဲ ပြီးပြီးချင်း ဘယ်သူ့ကိုမှ မစောင့်တော့ဘဲ နှင်းတစ်ယောက်တည်း ပြန်ပြေးမယ်လည်း စိတ်ကူးမိရဲ့၊ ဒီညနေတောင် ကိုစောထွေး လာတော့ ဆင်းမတွေ့တော့ဘူးလို့ စိတ်ကူးမိပြန်သေးတယ်၊ ဒါပေမဲ့ နှင်း မဖြစ်စေချင်ဆုံးဟာတွေ ဖြစ်လာမှာ စိုးလွန်းလို့ ကိုယ့်အပြစ်နဲ့ကိုယ် ကိုယ့်ဇာတ်လမ်းကို ရှင်းမယ်ဆိုပြီး နှင်း ဆင်းခဲ့တာ”

နှင်းက ကျွန်တော့်ကို မော့ကြည့်ပြန်သည်။ သည်အကြည့်မှာ ချော့မော့ဟန်လည်း ပါသည်။ အားငယ်ဟန်လည်း ပါသည်။

ကျွန်တော့်စိတ်မှာလည်း ညှိုးလာသည်။ ရင်တွင်း၌ နေရောင် ရှပ်သိမ်းစ ညနေပမာ ဝေဒနာတစ်မျိုး ခံစားရသည်။

နှင်းက စကားဆက်၏။

“မိန်းမသားတွေဟာ စိတ်မခိုင်ဘူးဆိုတဲ့ စကားကို အစက နှင်း မခံချင်ခဲ့ဘူး။ အခု ကိုယ်တွေ့ကြုံတော့ နှင်း ဝန်ခံရတော့မယ်။ နှင်းဟာ ဒီ တက္ကသိုလ်မှာ တက်နေကြတဲ့ မိန်းကလေး အများစုလိုပါပဲ၊ ပညာတွေ ဘယ်လောက် တတ်တတ် မိဘဆွေမျိုး အသိုင်းအဝိုင်းကို ဆန့်ကျင်လွန်ဆန်ဝံ့သူ မဟုတ်ပါဘူး။ နှင်းတို့ လျှောက်ရမယ့် လမ်းကြီးကို မိဘဆွေမျိုးက ဖောက်ပေးပြီး သားပါ။ ဒီကြားထဲက နည်းနည်းလောက် ဖဲ့ဆင်းကြည့်ချင်သေးတယ်၊ ကိစ္စ မရှိတန်ပါဘူးဆို. . . ပထမတော့ တစ်လှမ်း နောက် နှစ်လှမ်း. . . သုံးလှမ်း လောက် လှမ်းပြီးတော့ ဆက်မသွားရဲတော့ဘူး။ အဲဒီကျမှ ငိုရတော့တယ်။ ငိုတာက လွဲပြီးတော့လည်း ဘာမှ မတတ်နိုင်တော့ဘူး”

ကျွန်တော့် ရင်တွင်းမှာ ချွန်မြမြ ဝေဒနာ ပေါ်လာသည်။ လာပြီ. . . သူ ပြန်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ပန်းရောင် ဇာပုဝါလေးကို မြင်ယောင်လာသည်။ ဇာပဝါအောက်မှာက ကိုကို့မျက်နှာ။ သည်မျက်နှာက ပြုံးသယောင်ယောင်။ ဘာလို့ ပြုံးရသလဲ။ ဘာလို့ ပြုံးနိုင်ရပါသလဲ။

နှင်း၏ အသံကိုတော့ ကြားနေရသည်။ သို့ရာတွင် သည်အသံက အဝေးမှ လာနေသည် ထင်ရ၏။

"ကိုစောထွေးအပေါ်မှာ နှင်းဟာ လှည့်စားခဲ့သလို ဖြစ်နေတယ်။ နှင်း ကိုစောထွေးကို မလှည့်စားခဲ့ပါဘူး။ လှည့်စားခဲ့ခြင်း လှည်းစားရင် နှင်းဟာ နှင်းကိုယ်ကိုသာ နှင်း လှည့်စားခဲ့တာပါ။ တစ်နည်းအားဖြင့် နှင်းရဲ့ အသည်းနှလုံးကို နှင်း မနိုင် ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ မမျှော်လင့်ဘဲ အမှန်တရားကို ရင်ဆိုင်ရမယ့် အချိန်ဟာ စောပြီး ရောက်လာခဲ့တယ်။ အစကတော့ ဒီလိုနဲ့ပဲ တစ်နည်းတစ်ဖုံ ပြီးသွားမယ် ထင်ခဲ့တယ်။ သူတကာတွေ ဖြစ်မြဲလို့... တသ,စရာကလေးတွေကို ဒီတက္ကသိုလ်မှာပဲ ချန်ထားခဲ့ပြီး ကိုယ့်လမ်းကိုယ် သွားရလိမ့်မယ် ထင်ခဲ့တယ်။ အခုတော့ မဟုတ်တော့ဘူး။ ဟိုနေ့က ကိုစောထွေးဆီက ကိုစောထွေးရဲ့ အစ်ကို ဖြစ်ရပုံကို ကြားရတော့ နှင်း သိပ်တုန်လှုပ်သွားတယ်"

ကျွန်တော်လည်း တုန်လှုပ်သွားသည်။ နှင်းက ကိုကို့အကြောင်း ပြောနေပြန်ပါပကော။

"အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်မှာကို နှင်း ကြောက်လာတယ်။ အစ်ကိုစောထွေးလည်း တစ်ခုခု ဖြစ်သွားရင်လေ... နှင်း မစဉ်းစားရဲဘူး။ နှင်း နှင်း... နှင်း ရင်လည်း ကွဲမှာပါပဲ။ နှင်း ဘာလုပ်ရမလဲ မသိဘူး။ အမှန် ဖွင့်ပြောရင် စိတ်ဆင်းရဲနေတဲ့ ကိုစောထွေးကို နှင်း ထပ်ဆင့်ညှဉ်းဆဲရာရောက်တော့မယ်။ အေးအေးဆေးဆေးနဲ့ နောင်နှစ်ခါကျမှပဲ ဖွင့်ပြောရမလား။ အဲဒီထိအောင်ကျတော့လည်း ကြားမှာ ဘာတွေ ထပ်ဖြစ်လာကြဦးမလဲ။ ကိုယ့်အသည်းနှလုံးကိုကော ကိုယ်က ဘယ်လောက် နိုင်မှာလဲ။ ဒီတော့မှ လှည့်စားရက်လေခြင်းလို့ နှင်းကို ကိုစောထွေး ခွင့်မလွှတ်နိုင်အောင် ဖြစ်တော့မယ်။ အခုနေက နှင်းတို့ မလွန်ကြသေးပါဘူး။ နှင်းတို့ ခင်ခင်မင်မင်နဲ့ပဲ ခွဲကြပါစို့"

ခွဲကြပါစို့... သည်စကားကိုမူ ပီပီသသ ပြတ်ပြတ်သားသားကြီး ကျွန်တော် ကြားလိုက်ရသည်။ ရင်တွင်း၌လည်း စူးခနဲ ဖြစ်သွား၏။ လွယ်လှချည်လား။ နှင်း ပြောပုံကလေးက လွယ်လှချည်ကလား။

ကျွန်တော်သည် ရင်ရော လူပါ လှုပ်ရှားလာ၏။



"နှင်းရဲ့ စကားတွေက ကိုစောထွေး မျှော်လင့်ထားတာနဲ့ ဖီလာကြီးမို့ အံ့လည်း အံ့ဩမိတယ်။ ယုံလည်း မယုံမိဘူး။ ကိုစောထွေး ထပ်မေးပါရစေ။ နှင်း အခု တကယ် ပြောနေတာလား။ ဒါမှမဟုတ် ကိုစောထွေးရဲ့ စိတ်ကို စမ်းနေတာလား။ ကိုစောထွေးရဲ့ အချစ်ကို နှင်း မယုံလို့လား ဟင်"

"ကိုစောထွေးကို နှင်း ယုံပါတယ်။ မယုံရင်မှ ကောင်းလေသေး။ ငြင်းပယ်တဲ့ စကားကို မုန်းလို့ ပြောရရင် အကောင်းသား။ ခုတော့ နှင်း ရင်လည်း သိပ်နာပါတယ် ကိုစောထွေး"

"နှင်းက ရင်နာတယ်၊ ကိုစောထွေးမှာတော့ အသည်းနှလုံးကို ရေနွေးပူနဲ့ အပက်ခံရသလိုပဲ၊ အဲဒါကို နှင်း သိရဲ့လား"

နှင်းသည် မျက်လုံးလေး ဝိုင်း၍ ကျွန်တော့်ကို မော့ကြည့်သည်။

"ကိုစောထွေး နှင်းကို စိတ်နာသွားပြီလား။ မုန်းသွားပြီလား ဟင်"

"နှင်းကို ကိုစောထွေး ဘယ်လိုလုပ် မုန်းနိုင်မှာလဲ။ အချစ်နဲ့ အမုန်းဟာ အသွင်ခြားတဲ့ တစ်ခုတည်းသော သဘောတရား ဆိုတဲ့ နှင်းရဲ့ လောကအမြင်ကို ကိုစောထွေး လက်မခံနိုင်ပါဘူး။ ကိုစောထွေးကတော့ နှင်းကို ချစ်တယ်။ ချစ်မိတာဟာ ချစ်မိတာပဲ။ ချစ်လို့လည်းလေ မခွဲချင်ဘူး။ ခွဲရဖို့ဆိုရင်လည်း ဘာလို့ အစကတည်းက ချစ်ရမလဲ။ အချစ်ကို မကိုးကွယ်ဘူးလို့ ကိုစောထွေး ပြောခဲ့ပါတယ်။ ဒါပေမဲ့ အချစ်ကိုတော့ မဆုံးရှုံးပါရစေနဲ့။ နှင်းနဲ့လည်း မခွဲပါရစေနဲ့"

နှင်းက သက်ပြင်းရှိုက်သည်။ သက်ပြင်းသံကို ကျွန်တော် ကြားမိအောင် ရှိုက်သည်။

"ချစ်တာနဲ့ မခွဲကြရဘူးလို့ ဒီလူမှုလောကကြီးက သဘောမနောကောင်းစွာနဲ့ ဥပဒေတစ်ရပ် ချပေးထားတာမှ မဟုတ်ဘဲ ကိုစောထွေးရယ်။ ချစ်ရက်နဲ့ ခွဲရတာဟာ မချစ်ဘဲနဲ့ ပေါင်းရတာထက် ဒီလောကကြီးမှာ ပိုများပါတယ်။ နှင်းတို့ အဖြစ်ဟာလည်း ဒီအတိုင်းပဲလို့ စိတ်ဖြေပြီး ကိုစောထွေး နှင်းကို ခွင့်လွှတ်ပါတော့"

နှင်းသည် နေရာမှ ဆတ်ခနဲ ထလိုက်၏။

ကျွန်တော်လည်း ထလိုက်သည်။ ထရုံမက နှင်း၏ ကိုယ်လေးဆီသို့ တိုးကပ်သွားသည်။

နှင်းက နောက်ဆုတ်ခွာလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါပြီ ကိုစောထွေးရယ်၊ နှင်းကိုသာ ခွင့်လွှတ်ပါ။ အို... ခွင့်မလွှတ်နိုင်လည်း နှင်းကို မုန်းပစ်လိုက်ပါ၊ မုန်းပစ်လိုက်ပါတော့..."

မျက်နှာကို လက်ဝါးလေး နှစ်ဖက်ဖြင့် အုပ်လိုက်ပြီး နှင်းသည် ချာခနဲ လှည့်၍ နေရာမှ ထွက်ပြေး၏။

မြတ်၏ ထိတ်လန့်တကြား အော်ခေါ်သံ ပေါ်လာ၏။

"နှင်း... နှင်း ဘာဖြစ်လို့လဲ"

မြတ်သည် ကျွန်တော့်ကို ကြည့်လိုက်၊ နှင်း သွားရာကို ကြည့်လိုက်နှင့် ခေတ္တကြောင်နေရာမှ နှင်းနောက်သို့ ပြေးလိုက်သည်။

ကျော်အုံမှာ မြတ် နောက်သို့ သုံး လေးလှမ်း လိုက်သွားပြီးမှ ကျွန်တော့်ဆီ ပြန်လှည့်လာသည်။

"စောထွေး... ဘာဖြစ်တာလဲ၊ မင်း နှင်းကို ဘာလုပ်လိုက်သလဲ"

ကျွန်တော့်ရင်မှာက ဆို့နင့်နာကျင်နေသည်။ ကျော်အုံ၏ မေးခွန်းကြောင့် ရှက်စိတ်နှင့် ဒေါသလည်း ပေါ်လာ၏။

"နှင်းကို ငါ ဘာမှ မလုပ်ရပါဘူး၊ နှင်းကသာ ငါ့ကို လုပ်သွားတာ"

"ဘာ... မင်း ဘာပြောတာလဲ"

"ငါ့ကို မေးမနေနဲ့ ကျော်အုံ။ ငါ အခု ဘယ်လိုမှ မင်း နားလည်အောင် မပြောတတ်ဘူး။ ဟိုမှာ မိန်းကလေး နှစ်ယောက်တည်း။ မြတ်တို့နောက် လိုက်သွားပါ ကျော်အုံ။ ငါ့ကို ထားခဲ့ပါ၊ ဒီနေရာမှာ ထားခဲ့စမ်းပါ"

ချီတုံချတုံ ဖြစ်နေရာမှ ကျော်အုံက ဆို၏။

"အေး... မကောင်းဘူး၊ ငါ လိုက်သွားလိုက်ဦးမယ်။ မင်းလည်း ဘယ်မှ ထွက်မသွားနဲ့ဦးနော်၊ စောင့်နေ... ငါ ပြန်လာခဲ့မယ်"

ကျော်အုံသည် ခြေလှမ်းကျဲကြီးများနှင့် မြတ်တို့နောက် လိုက်သွား၏။

ကန်စောင်းမှာ ကျွန်တော် တစ်ယောက်တည်း ရပ်ကျန်ရစ်သည်။

ဘာလုပ်ရပါမည်နည်း။ ဘယ်ကို သွားရပါမည်နည်း။

လေအဝှေ့လိုက်တွင် ရွက်ဝါတို့ ကျွန်တော် ရပ်နေသော မြေပြင်မှာ လွင့်ပါးရုပ်တိုက်ပြေးကြ၏။ ပြေးကြရင်းကလည်း အသံပြုသွားကြသေးသည်။

"စောထွေးရယ်... မင်းချည်းပဲ မဟုတ်ပါဘူး၊ တို့လည်း ရှိပါသေးတယ်"

သည်လိုများ ပြောသွားကြလေသလား။

အနောက်ဘက် မိုးကောင်းကင်မှာတော့ နေစဝင်ပြီ။



ရောင်လျှံမျိုးစုံပေမဲ့ အနီရောင်က လွှမ်းကဲနေသည်။

သြော်... အရုဏ်... နေ့နိဂုံး... ညနိဒါန်း...။

ည၏ နိဒါန်း...။

www.burmeseclassic.com

## အပိုဒ်း – နှစ်

## စိန်ပန်းပြာနှင့်တူသော မိန်းကလေး

အသွင်လှပေမဲ့
မင်းဘဝ စိန်ပန်းပြာ
သုံးခွမာယာ။

အပွင့်က ကြောင်လျှာ
ရွက်လွှာက စိန်ပန်း။

အသီး ရှေ့ပိတောက်ရယ်မို့
ယုံလောက်ဖွယ် ဘာကို ကိုးရမယ်
ရိုးပုံနဲ့ ဆန်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၉

တောင်ကြီးရှိ နေအိမ်၏ ကျွန်တော့်အခန်း ခုတင်ပေါ်မှ ကျွန်တော် ဆင်းလိုက်သည်။

အခြား ခုတင်တစ်လုံးပေါ်မှ ချထားသည့် ဇာခြင်ထောင်ဖြူအတွင်း၌ အိပ်နေသူသည် လှုပ်ပင် မလှုပ်သေး၊ ခြေရော ခေါင်းပါ စောင်ထူကြီးနှင့် အလုံ ဖုံးထားသောကြောင့် စောင်လိပ်ကြီး တစ်လိပ် လျောင်းနေသည်နှင့်သာ တူနေ၏။

ပြတင်းဆီ လျှောက်သွားပြီး ကျွန်တော်သည် မှန်တံခါးချပ်များကို ဖွင့်လိုက်၏။

နံနက်ခင်း၏ သန့်ရှင်းလတ်ဆတ်သော လေက တိုးဝင်လာသည်။ ယူကလစ်တက်(စ်)နှင့် ထင်းရှူးနံ့များ ငွေ့ငွေ့ကြိုင်ပါလာနေ၏။

နေရောင်က ကြည်လင်သည်။ မြက်များထက်မှ နှင်းရည်ဥတို့ တဖျတ်ဖျတ် ဝင်းလက်နေသည်။

ခြံစည်းရိုးအတွင်း၌ တန်းစီ၍ ညီအောင် စိုက်ထားသော စိန်ပန်းပြာနှင့် ငုစပ်ပင်တို့ထက် အပွင့်တွေ ဝေနေ၏။

www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပြာပင်တို့ထက် အရွက်ဟူ၍ မရှိတော့။ အပြာဟုသာ သုံးကြသည်။ စင်စစ်မူ ခရမ်းနုရောင် ဖြစ်သော ပန်းဆုပ်ပန်းလွှာတို့သည် ပင်ကိုင်းပင်ရိုးတို့ကို ဖုံးအောင် လွှမ်းပွင့်နေကြသည်။

ငုစပ်ပင်တို့ထက်ကား ဖက်ဖူးရောင်နုနု ရွက်သစ်ပေါက်များသည် ပန်းနုသွေးရောင် ပွင့်ဆုပ်များနှင့် ရော၍ ထွက်နေကြသည်။

ပန်းက ခြယ်ပြသော သဘာဝပန်းချီ။ သည်လို ဆိုရမည်လော၊ သဘာဝက ခြယ်ပြသော ပန်းအလှ ပန်းချီ။ သည်လို ဆိုက ပိုမှန်မည်လော။ ပန်းချီတော့ မှန်၏။ နုလွင်သော အရောင်သုံးပါးနှင့် ခြယ်ပြထားသည့် ပန်းချီတည်း။

ပြတင်းဝ၌ အတန်ကြာ ရပ်ငေးကြည့်နေမိပြီးမှ ကျွန်တော်သည် တစ်ဖက် ခုတင်အနီးသို့ ကပ်သွား၏။

"ဟေ့ကောင် တင်မောင်နောင်… ထတော့"

စောင်ပုံကြီးက အနည်းငယ် လှုပ်လာသည်။ ပျင်းတိပျင်းရွဲ အသံလည်း ပေါ်လာ၏။

"အစောကြီး ရှိသေးတယ်၊ ကျီးတောင် မနိုးသေးဘူး"

"မင်းဘိုးအေ… တောင်ကြီးမှာ ကျီး မနည်းလိုက်ရှာရတာ၊ ဘယ်အသံ ကြားမလဲ၊ ထတော့… ခုနစ်နာရီ ထိုးပြီးပြီ"

စောင်အောက်မှ ခေါင်း ပေါ်လာသည်။ မျက်စိကျိန်းဟန် ဖွင့်လိုက် ပိတ်လိုက် လုပ်နေပြီးမှ တင်မောင်နောင်က ဆိုသည်။

"အယ်… မိုးက အဟုတ်ကြီး တကယ် လင်းနေတာကိုး"

သူက မိုးလင်းနေသည်ကို မယုံသင်္ကာဟန် စူးစမ်းကြည့်နေပြီးမှ–

"အဟီး ဟီး… ချမ်းလိုက်တာ… အဲဒါ နွေတဲ့"

ဟု ဆိုလျက် ထထိုင်သည်။ ကိုယ်ပေါ်မှ စောင်ကိုတော့ မခွာသေး။

"မချမ်းပါဘူးကွ၊ ရေချိုးမလား"

"မလုပ်ပါနဲ့ကွာ၊ ချမ်းလို့ ရှိသမျှ ပစ္စည်းတွေ တိုနေအောင် ကွေးထားရတဲ့ကြား"

တင်မောင်နောင်သည် ခုတင်အနီး စားပွဲပုကလေးပေါ်၌ ဒေါ်လေးက အဆင်သင့် ပေးထားသည့် သံဘူးတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူမီးညှိဖွာ၏။ ဖွာရင်းက ပြော၏။



"မင်း မှတ်ထား… အိပ်ရာထထချင်း ဆေးလိပ် သောက်ရတာရယ်၊ လူပျို ထထချင်း အဲလေ… လူပျိုပေါက်ပေါက်ချင်း ချစ်ကြည့်လိုက်ရတာရယ် ဘာနဲ့မှ မတူဘူး။ သိပ်အရသာ ရှိတယ်၊ နောက်အခါတွေကတော့ သိပ်မနိုပ်တော့ပါဘူး၊ အားလုံး ဟိုဒင်း ထမင်းစား ရေသောက် ကိစ္စတွေ ဖြစ်သွားကုန်တာပဲ"

"ကျတ်သေညီး… မင့်အချစ်အဘိဓမ္မာတွေ တော်တော့၊ ငါတော့ လန့်သွားပြီ"

"အဟဲ… ခံလိုက်ရစ,မှိပါ။ တော်တော်ကြာတော့ ငါ ပြောသလိုပဲ။ ထမင်းစား ရေသောက် ဖြစ်သွားလိမ့်မယ်"

"ကဲ… ဟေ့ကောင်… ငါ မျက်နှာ သွားသစ်ချေဦးမယ်။ တစ်ရေး ထပ်အိပ်မနေနဲ့ဦးနော်"

"မအိပ်ပါဘူးကွာ၊ ငါက ကျီးမနိုးခင် ထတတ်ပါတယ်"

ကျွန်တော် အပြင်ထွက်၍ ရေချိုးခန်းရှိ ကြွေခွက်၌ သွားတိုက်မျက်နှာသစ်သည်။ ပြီး၍ အခန်းတွင်း ပြန်ရောက်သောအခါ ပြတင်းဝနားတွင် ရပ်လျက် တစ်စုံတစ်ရာကို ငေးကြည့်နေသော တင်မောင်နောင်ကို တွေ့ရ၏။

"ကိုယ့်လူ… ဘာငေးနေတာလဲ"

"ချယ်ရီပန်းတွေ…"

"ဟာ… တောက်တီးတောက်တဲ့ နွေကြီး… ချယ်ရီပန်း ဘယ်ရှိမလဲ"

"ဒါ့… ဟိုဟာတွေက ဘာလဲ"

"အဲဒါတွေက ကက်ဆီယာတွေ ငုစပ်လို့ ခေါ်ကြတယ်"

"ငါ တွေ့ဖူးတဲ့ ငုက အဝါ၊ ငုနီတော့ ကြားဖူးတယ်။ မမြင်ဖူးသေးဘူး။ ဒါ ငုနီပေါ့ ဟုတ်လား"

"ငုနီလည်း မဟုတ်ဘူး။ ငုစပ် ဒါက… ကက်ဆီယာရင်နီးဂျာရာမျိုး၊ မင်း ပြောတဲ့ ငုဝါ၊ ငုရွှေလည်း ခေါ်တယ်။ အဲဒါကိုတော့ ကက်ဆီယာ ဖစ်ကြူလာလို့ ခေါ်တယ်"

"ငုစပ် ဆိုတာက ဘာလဲ၊ မျိုးစပ်ထားလို့လား"

"မျိုးစပ်ထားလို့တော့ မဟုတ်ဘူး၊ အင်းလေ… မစပ်ဘူးလည်း အပြောရခက်သား၊ ကက်ဆီယာတွေအကြောင်း ပြောရင် မိန်းမတစ်ယောက်အကြောင်း ပြောသလိုပဲ မဆုံးနိုင်ဘူး"

www.burmeseclassic.com



"ဘာ.. မိန်းမတစ်ယောက် အကြောင်းလိုပဲ.. ဒါဖြင့် ပြောစမ်းပါ၊ ငါ ဝါသနာပါလို့"

"နောက်တော့မှ ပြောမယ်ကွာ.. သွား.. မျက်နှာသစ်ချေဦး"

"သွားပါ့မယ်.. နေဦး..ဟိုပန်းအပြာလေးတွေကကော.."

"အဲဒါတွေက ဂျက်ကရင်းဒါးတွေ၊ စိန်ပန်းပြာလို့ ခေါ်ကြတယ်၊ အမှန်က စိန်ပန်းလည်း မဟုတ်ဘူး"

"ဟေ.. စိန်ပန်း မဟုတ်ဘဲ စိန်ပန်းပြာ ခေါ်ကြတယ်၊ ဘာပြုလို့"

"ပြောရမှာ ရှည်တယ်ကွ၊ သွား မျက်နှာသစ်ချေဦး၊ လက်ဖက်ရည်သောက် နေမြင့်နေဦးမယ်"

တင်မောင်နောင် ထွက်သွား၏။ တစ်ခဏအကြာတွင်မှ ရေတစ်ခွက်နှင့် ဆပ်ပြာခွက် ကိုင်လျက် ပြန်ရောက်လာ၏။

"အဲဒါတွေက ဘာလုပ်ဖို့ ယူလာရတာလဲ"

"မင်းတို့ ရေချိုးခန်းထဲမှာက မှန်မှ မရှိဘဲ"

"မင်းရုပ်က လှလွန်းလို့ မျက်နှာသစ်ရင်း မှန်ကြည့်ချင်တာလား"

"ဟုတ်တယ်၊ ရှမ်းမလေးတွေလို ငါ့ပါးအို့တွေများ နီလာပြီလားလို့ ချမ်းတယ် မဟုတ်လား"

"မင်း ပါးအို့တော့ နီမှာ မဟုတ်ဘူး၊ ထောပတ်သီးမှည့်လိုသာ ညိုပုပ်လာမှာ"

"ထောပတ်ဆိုတာ အပင်က သီးလို့လား"

"ရှည်မနေနဲ့ စကားတောင်စား။ ဒါတွေက ဘာလုပ်ဖို့ ယူလာရတာလဲ"

"မြေကောင်း မှန်လျှင် ပတ္တမြား ထွက်၏။ တောင်ကောင်း မှန်လျှင် စန္ဒကူးထွက်၏။ ယောက်ျားကောင်း မှန်လျှင် မုတ်ဆိတ်မွေး ထွက်၏။ ငါ့မုတ်ဆိတ် ပယ်ဖို့ မှန် လိုတယ်လေ"

မှန်ရှေ့ သွားပြီး တင်မောင်နောင်သည် မုတ်ဆိတ်ရိတ်ရန် ပြင်ဆင်သည်။

သူ့ကိစ္စက အများသား။ ပထမ ရှေးဦးစွာ ထိုးထိုးထောင်ထောင် ထနေသော နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတို့ထက် ဆပ်ပြာပါးပါး လူးသည်။ သည်အပေါ်မှာ ပါမိုလစ်ဗ် မုတ်ဆိတ်ရိပ် မိုးပွင့် ပွတ်လိမ်း၏။ ပြီးတော့မှ မုတ်ဆိတ်ရိတ်ဓားကို ရေဆွတ်ကာ ဆွတ်ကာနှင့် စတင် ရိတ်သည်။ ရိတ်ရင်းကလည်း လေပန်းသေး၏။



"မုတ်ဆိတ်ကို ပြီးကပစ် ရိတ်လည်း ပြီးတာပဲ၊ အခမ်းအနားလေးနဲ့ ရိတ်တော့လည်း.. အဟဲ.. လူ့ယဉ်ကျေးမှု ဆိုတာကြီးတစ်ခု ဖြစ်သွားတာပေါ့။ စာတတ် စကားတတ်တိုင်းသာ လျှောက်ပြောနေကြတယ်။ အမှန်က လူ့ယဉ်ကျေးမှုဆိုတာဟာ မလုပ်မဖြစ်တဲ့ ကိစ္စတွေကို မလိုဘဲ အခမ်းအနားလေးနဲ့ လုပ်တာကို ခေါ်တာကွ၊ မင်္ဂလာဆောင်တာကို ကြည့်လေ၊ ဒါမှမဟုတ် မသာချတာကို ကြည့်.."

"ဟော့ကောင်.. စောစောစီးစီး မသာချတာ ပြောမနေနဲ့"

"အေး..ဒါဖြင့် မင်္ဂလာဆောင်တာပဲ ပြောမယ်၊ အမှန်က မင်္ဂလာဆောင်တယ်ဆိုတာ မလုပ်မဖြစ်တာကို.. အဲ.. လုပ်ကြမလို့ဘဲ နော.. ဒါပေမဲ့ အခမ်းအနားလေးနဲ့ အဟီး.. သောက်ရှက်တော့ အတော်နည်းရတဲ့ ကိစ္စကြီးပဲ၊ လူပုံအလယ်မှာ ငုတ်တုတ်ကလေးတွေ ထိုင်နေကြရတယ်၊ ဒါပေမဲ့ သူတို့လည်း သိတယ်၊ လာသမျှ လူတွေလည်း သိတယ်၊ မလုပ်မဖြစ်တဲ့ ကိစ္စကြီးလို့ အဟင်း.. ဟော့ကောင် စောထွေး.. မင်း မိန်းမယူရင် အဲဒီလို ပိုက်ဆံအကုန်ခံပြီး မျက်နှာပူတမ်း ကစားမလား"

"ငါ မင်္ဂလာလည်း မဆောင်ဘူး မိန်းမလည်း မယူဘူး"

"ငါလည်း ၁၆ နှစ်သားတုန်းက တစ်ခါ ဒီလို စိတ်ပေါက်ဖူးတယ်၊ ဒါပေမဲ့ အချစ်ဆိုတာက ခက်သားကလား၊ မုတ်ဆိတ်မွေးနဲ့ အင်မတန် တူတာ"

"အချစ်ဆိုတာ မုတ်ဆိတ်မွေးနဲ့ တူတယ်၊ ကြံကြံဖန်ဖန် ပြောရော့မယ်"

"စာရေးဆရာတွေ ကဗျာဆရာတွေ.. တောက်တီးတောက်တဲ့ စိတ်ကူးယဉ်ပြီး အချစ်ဆိုတာ ဘာနဲ့ တူသလေ၊ ညာနဲ့ တူသလေ ဆိုတာတွေကို မင်းက အဟုတ်မှတ်နေလို့လား၊ မှတ်ထား.. တရားဆိုတာဟာ ကိုယ်မှာ ကပ်ရှမှ အမှန်မြင်တာ၊ မုတ်ဆိတ်မွေးထက် ကိုယ်နဲ့ နီးတာ ဘာရှိသေးသလဲ"

"ကဲပါ.. အဆိုအမိန့်ကို ရှင်းတော်မူ"

"မုတ်ဆိတ်မွေးဟာ ငယ်ငယ်တုန်းက ဘယ်သွားအောင်းနေသလဲ မသိဘူး၊ အရွယ်ရောက်တော့ အချစ်လိုပဲ အဲ.. အချစ်နဲ့အတူ ထိုးထိုးထောင်ထောင် ပြူထွက်လာတယ်၊ မလွှဲသာတဲ့ အချိန်ကျတော့ ရိတ်ပစ်ရရော၊ ရိတ်ရကတော့ ပြောင်လို့.. စိမ်းလို့၊ ဘာမှ မကျန်တော့သလိုပဲ၊ နောက်တစ်နေ့ မိုးလင်းတော့ ပြန်ထွက်လာတာပဲ၊ လူ့ဘဝရဲ့ ရှုန်းကန်မှုမှာ မုတ်ဆိတ်မွေး ရိတ်တာလည်း ပါတယ်၊ ရှည်လာလိုက်.. ရိတ်လိုက်၊ နောက်တစ်နေ့ ပြန်

www.burmeseclassic.com



ထွက်လာလိုက် ရိုက်လိုက်၊ မသေမချင်း မှတ်ဆိတ်မွေးကတော့ ရှည်ထွက်နေတာပဲ''

''အဲဒါနဲ့ အချစ်နဲ့ ဘာဆိုင်သလဲ''

''ဆိုင်ပါသော်ကောဗျာ၊ အချစ်ဆိုတာဟာလည်း ရှည်ထွက်လာရင် စိတ်နာခြင်း ဆိုတဲ့ ဓားနဲ့ ရိုက်ပစ်တဲ့လူက ရိုက်ပစ်တယ်၊ အိမ်ထောင်ကျခြင်း ဆိုတဲ့ ဓာဂနာနဲ့ နုတ်ပစ်တဲ့လူက နုတ်ပစ်တယ်၊ ရိုက်ရိုက် နုတ်နုတ် လူမသေသမျှ အချစ်ဆိုတဲ့ မုတ်ဆိတ်မွေးက မသေဘူး၊ ခဏတော့ ပြောင်သလို စင်သလိုနဲ့ တော်တော်ကြာ ပြန်ရှည်ထွက်လာတာပဲ''

''မင်းက ငါ့ စောင်းပြောနေတာလား''

''တရားဆိုတာ စောင်းမဟောဘူး၊ တည့်တည့် ဟောတယ် ငါ့ရှင်''

''ခွေးကောင်... တော်ပြီ၊ ငါ ဆာလှပြီ၊ မြန်မြန်လုပ်''

တင်မောင်နောင်သည် သူ့မုတ်ဆိတ် မဂ်လာအခမ်းအနားကို အဆုံးသတ်၏။

အားလုံး ပြီးစီးသောအခါ ထမင်းစားခန်းဆီ သွားကြပြီး လက်ဖက်ရည်နှင့် မုန့်များ စားသောက်ကြ၏။

အတူတကွ စားသောက်နေကြစဉ် ကျွန်တော်သည် သူငယ်ချင်းကောင်းတန်ဖိုးကို လေးနက်စွာ အောက်မေ့နေမိသည်။

ကိုကို ဆုံးသည့်အတွက် ကျွန်တော့်ရင်မှာ နွေပမာ ဖြစ်ခဲ့ရသည်။ သည်နွေမှာ နှင်းပါ ထပ်ပျောက်ခဲ့ရပြန်သည်။

နှင်းနှင့် ဖြစ်ခဲ့ရသည့် အမှုတွင် သူ့ပယောဂမကင်းဟု တင်မောင်နောင်က မှတ်ယူသည်။ ကျွန်တော့် စိတ်ဆင်းရဲမှု သက်သာစေရန် သူပင် အစီအစဉ်ဆွဲသည်။

ကျောင်းမှ အပြန်တွင် ကျွန်တော့်ကို တောင်ငူသို့ ဖွတ်ဆွဲခေါ်သွားသည်။ တောင်ငူမြို့ကြီးက စိုလန်းသာယာသည်။ ရှုဖွယ်လည်းဖွယ် သမိုင်းဝင်စေတီပုထိုးတို့နှင့် နေရာဒေသ ပေါသည်။ တင်မောင်နောင်၏ အိမ်သားတို့မှာလည်း သူ့အဖေက အစ သူ့လိုပင် ပျော်တတ်ရွှင်တတ်ကြသူများ ဖြစ်ကြ၏။

တောင်ငူတွင် သင်္ကြန်ကျပြီးသည်အထိ နေ၍ တောင်ကြီးသို့ ပြန်အတက်တွင် တင်မောင်နောင်ကို ကျွန်တော်က ဆွဲခေါ်လာပြန်သည်။

သည်ကောင် ပါလာတော့ ပျော်ရသည်။ ဟိုတစ်ခေါက် အပြန်က ဆိတ်သုဉ်းနေသော အိမ်မှာ ယခု သာယာစိုပြည်နေ၏။



စားသောက်ပြီးကြသောအခါ ကျွန်တော်တို့ ခြံတွင်း ဆင်းကြ၏။ တင်မောင်နောင်က ဒုစပ်ပင်များကို မော့ကြည့်ပြီး ဆို၏။

''ဟေ့ကောင်... စောစောက စကား ပြန်ဆက်လေ''

''ဘာလဲ...''

''မိန်းမတစ်ယောက်နဲ့ တူတယ်ဆိုတဲ့ ဒုစပ်တွေအကြောင်း၊''

''သြော်... အေး အေး... ပန်းပန်ထားတဲ့ မိန်းကလေးတစ်ဦးဟာ လှသလို၊ ပန်းပွင့်တဲ့ အပင်တွေနဲ့ ပြည့်စုံတဲ့ မြို့ဟာလည်း လှတယ်။ ကမ္ဘာ့မှာ မြို့လှဖို့ ပန်းပွင့်တဲ့ အပင်တွေကို ရွေးပြီး တမင်စိုက်ကြရတယ်။ အဲဒီလို မြို့ကို တန်ဆာဆင်တဲ့ အပင်မျိုးတွေထဲမှာ ဒုစပ်လို့ ခေါ်ကြတဲ့ ပင့်ခ် ကက်ဆီယာတွေဟာ သိပ်ကျော်ကြားတယ်။ ပန်းနုရောင် ပွင့် ဒုမျိုးတွေပေါ့ကွာ။ တို့မြန်မာပြည် အပါအဝင် အာရှတောင်ပိုင်းက ဇာတိသား အပင်တွေ။ ရုက္ခဗေဒ အမည်ပေးပုံ စနစ်သစ်အရတော့ မျိုးရင်းအမည်က လက်ဂူမိနိုးဆီး။ မျိုးရင်းခွဲ အမည်က ဆီဆဲလ်ပင်နီး။ မျိုးစုအမည်က ကက်ဆီယာ။ မျိုးစိတ်တွေကတော့ အများကြီးပဲ''

''အလို့... မင့်ဟာက ဒုသျှတ္တရပါလား။ အေး... လုပ်ပါဦး''

''အသွေးအရောင် အလှဆုံး ပန်းနုရောင်ပွင့် ဒုတွေကိုတော့ ပင့်ခ် ကက်ဆီယာလို့ စုပေါင်းခေါ်ကြတယ်။ ကက်ဆီယာ ဂရင်းဒစ် ဆိုတဲ့ မျိုးစိတ်က အပင်ကြီးတယ်။ အပွင့် ပွင့်ချိန် အစောဆုံးပဲ၊ ဖေဖော်ဝါရီလောက်က စပွင့်တယ်။ အကိုင်းတွေက ရွက်ဟောင်းနေရာမှာ အပွင့်ထွက်ပြီး ပွင့်ညှာက တိုတယ်။ အကိုင်းမှာ အဆုပ်လိုက် ကပ်ပြီး စုအုံပွင့်တတ်တယ်။ ကက်ဆီယာနိုဒိုးဆား ဆိုတာက မတ်လလောက်မှာ ပွင့်တယ်။ ကက်ဆီယာ ဂျာဗားနီးကားနဲ့ ကက်ဆီယာ ရင်နီးဂျာရာတွေက ဧပြီလမှာ ပွင့်တယ်။ ကက်ဆီယာမာဂျင်နေးတား ဆိုတာက ဖွန်လလောက် ပွင့်တယ်။ အဲဒီကက်ဆီယာကမှ ဒုနီအစစ်။ ကျန်တာတွေက နီသွေး အမျိုးမျိုး စပ်နေတဲ့ ပန်းရောင်တွေ''

''မျိုးစိတ်တွေက များလှချည်လား''

''အေး... များတယ်၊ လေ့လာမှု မရှိရင် တစ်မျိုးနဲ့ တစ်မျိုး ခွဲတတ်ဖို့ မလွယ်ဘူး။ အားလုံး ပန်းရောင်ချည်းပဲမို့ အတူတူ ထင်ရတယ်။ ဒါပေမဲ့ သေသေချာချာ ကြည့်ရင် အပင် အရွယ်ချင်း ကွာတယ်၊ အပွင့်ထွက်ပုံ ကွာတယ်၊ တချို့က အကိုင်းမှာ သဖန်းသီးသလို ကပ်ပြွတ်ပွင့်တယ်၊ တချို့က ပွင့်ညှာတံ ရှည်ရှည်ညွတ်ညွတ်နဲ့၊ တချို့က ပန်းရောင်နုနုကနေ သန္တာရောင်

www.burmeseclassic.com

www.burmeseclassic.com



ရဲရဲအထိ အသွေးရှိတယ်။ တချို့က ပန်းရောင် ဖျော့ဖျော့ကနေ အဖြူဘက် လှသွားတဲ့ အသွေးမျိုးနဲ့၊ တချို့က ပွင့်ဖတ်အပြင်က ပန်းရောင်အတွင်းက အစိမ်းနု၊ တချို့က အပွင့် ပွင့်ချိန်မှာ အရွက် လုံးဝမရှိဘူး။ တချို့က ရွက်နု လှလှလေးတွေနဲ့ ရောပွင့်တယ်"

တင်မောင်နောင်က ခြံအတွင်းမှ အပင်တွေကို မော့ကြည့်ပြီး–

"ဒါမျိုးတွေပေါ့နော်. . ." ဟု မေးသည်။

"အေး. . . ဟုတ်တယ်၊ အဲဒါက ကက်ဆီယာ ရင်းနီးဂျရာ။ မြန်မာ ပန်းနုရောင်ပွင့်ငု လို့ ကျော်ကြားတယ်။ မင်း ကြည့်လေ. . . ရွက်သစ်နုနုလေး တွေနဲ့ ပန်းရောင်ဖျော့ဖျော့ အပွင့်ဦးတွေရောနေပုံ ဘယ်လောက် လှလဲ"

တင်မောင်နောင်က ခေါင်းညိတ်ပြပြီး မှတ်ချက်ချ၏။

"ပိတောက်ချင်းတော့ မတူပါလေ. . . ဆိုတာလို ငုချင်းတော့ မတူ ပါလေ. . . လို့ စာဖွဲ့ရမလို ဖြစ်နေပြီ။ အင်း. . . ဟုတ်တယ်ကွ၊ ငုတွေဟာ. . . မိန်းမတွေလိုပဲ လှတာ တစ်ခုတော့ တူရဲ့၊ မတူဘဲ ကျန်တာတွေ အများကြီးပဲ။ အဲ. . . သူတို့ မရှိလည်း လောကက မလှဘူးနော်"

"အဲဒီစကားကို ငါ မထောက်ခံနိုင်ဘူး။ ထားပါတော့လေ၊ ဟောဒီ ဂျက်ကရင်းဒါးကိုလည်း ကြည့်စမ်း"

"အေး. . . စိန်ပန်း မဟုတ်တဲ့ စိန်ပန်းပြာဆို၊ အဲဒါ မင်း ဘာပြော တာလဲ"

"သိပ်လှတဲ့ မိန်းကလေးတစ်ယောက်ရဲ့ ပရိယာယ်ကို နားလည်ဖို့ ခက်သလို စိန်ပန်းပြာရဲ့ သဘာဝကို နားလည်ဖို့လည်း ခက်တယ်။ ကြည့်တော့ ရိုးရိုးလှလှလေး။ ဒါပေမဲ့ ဘာတဲ့. . . ဣတ္ထိယကလိမ်ချုံကို မောင် မယုံနိုင်ဘူး ဗျလေး. . . ဆိုတာလို စိန်ပန်းပြာကို ဘာရယ်လို့ ပုံပြီး ယုံလိုက်ရဖို့ ခက်တယ်"

တင်မောင်နောင်က မျက်လုံးပြူးပြ၏။

"ဆိုလိုက်တဲ့ စာ၊ မင်းက အသားလွတ် စိန်ပန်းပြာကိုပါ မုန်းနေ လား"

"မမုန်းပါဘူး။ ဒါပေမဲ့ သဘာဝကို ပြောပြရတာ၊ ကဲ. . . မင်း စဉ်းစားကြည့်၊ စိန်ပန်းပြာလို့သာ ခေါ်တယ်၊ စိန်ပန်းပွင့်နဲ့ သူနဲ့က တခြားစီ"

"အရောင်မတူတာလား"

"ဘာမှ မတူတာ၊ ဂျက်ကရင်းဒါးဟာ တို့နိုင်ငံရဲ့ ဇာတိပင်လည်း မဟုတ်ဘူး။ သူ့ဇာတိက ဘရာဇီးလ်နိုင်ငံက၊ အပွင့်ပွင့်ပုံ လှတာမို့ လူကြိုက်များ



ပြီး ကမ္ဘာအနှံ့ ပျံ့လာတယ်၊ တို့ မြန်မာပြည်ကို ဘယ်အချိန်က စရောက်သလဲ တော့ မသိဘူး။ သူ့အရွက်က စိန်ပန်းနီရွက်နဲ့ တူတာမို့ စိန်ပန်းပြာလို့ ခေါ် ကြတယ် ထင်တယ်၊ အမှန်က စိန်ပန်းနီက ငုနဲ့ မျိုးရင်းရော၊ မျိုးရင်းခွဲရော အတူတူပဲ။ လက်ဂူမီနိုးဆီး၊ ဆီဆဲပင်နီး၊ ဒါပေမဲ့ ကက်ဆီယာတော့ မဟုတ်ဘူး။ သူက ဒီလွန်နစ်ဇ်မျိုးစုထဲက စိန်ပန်းနီကို ဒီလွန်နစ်ဇ်ရက်ဂီယာ လို့ ခေါ်တယ်"

"စိန်ပန်းပြာကတော့ကော. . ."

"စိန်ပန်းပြာ (ဝါ) ဂျက်ကရင်းဒါးက ဘစ်ဂနိုနီးယားဆီး ဆိုတဲ့ မျိုးရင်းက ကြောင်လျှာမျိုးရင်းပေါ့၊ စိန်ပန်းပြာအပွင့်က ကြောင်လျှာပွင့်နဲ့ တူတယ်။ အဲ. . . အသီးကျတော့ ပိတောက်သီးလို အဝိုင်း"

"ဟော. . . ဘယ့်နှယ်"

"ဒါကြောင့် ငါ ပြောတယ်။ စိန်ပန်းပြာကို ဘယ်လို ယုံပြီး ပုံသတ်မှတ် ရမလဲလို့၊ အရွက်က စိန်ပန်း၊ အပွင့်က ကြောင်လျှာ၊ အသီးက ပိတောက်"

တင်မောင်နောင်သည် ဂျက်ကရင်းဒါးများကို မော့ကြည့်၏။

"လှတော့ လှတယ်နော. . ."

"အေး. . . လှပါတယ်"

"ငါ ရှင်မဟာမောဂ္ဂလာန် အလောင်းရဲ့ အမေ ညည်းတာ သွားသတိ ရတယ်"

"ဘယ်လိုလဲ"

"ရှင်မဟာမောဂ္ဂလာန် အလောင်းဟာ မယား သွေးဆောင်မှုကြောင့် မိခင်ကို နှိပ်စက်ခဲ့ဖူးတာ မင်း သိတယ်နော်"

"အေး. . . ကြားဖူးတယ်"

"မိခင်ကြီးခမျာက မျက်စိ မမြင်ရှာဘူးတဲ့၊ တစ်ခါမှာ ရှင်မဟာ မောဂ္ဂလာန်အလောင်းက သံပရာသီးကို ကြိုးကြာဥလို့ လိမ်ပြီး မိခင်ကို ကျွေး တယ်။ မသိရှာတဲ့ မိခင်ခမျာဟာ ညည်းရှာတယ်။ ရွှေကြိုးကြာရယ်လေ. . . အသံလေး ချိုသမျှ. . . ဘယ်ဝိပါကကြောင့် ဥကျတော့ ချဉ်ရရှာသလဲ ရွှေကြိုးကြာ. . . တဲ့"

"အဲဒါနဲ့. . ."

"အဲဒီလိုပဲ ငါလည်း ဆိုချင်တယ်၊ စိန်ပန်းပြာရယ်၊ အပွင့်လေး လှ သမျှ. . . မျက်နှာများတဲ့ မင့်သဘာဝက ဘယ်လိုတုံးလို့"

"စိန်ပန်းပြာက ပြန်ဖြေမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုတဲ့လဲ"

"မိန်းမသား တစ်ယောက်နဲ့ တူမိလို့ပါတဲ့"

"စောထွေး..."

"ဘာလဲ"

"မင်း မိန်းမတွေကို သိပ်စိတ်နာသွားပြီလား"

"သူတို့မှာ ချစ်စရာ ဘာရှိလို့လဲ"

တင်မောင်နောင်သည် သူ့မေးစေ့ကို လက်နှင့် စမ်းပြရင်း စပ်ဖြဲဖြဲ လုပ်ပြနေ၏။

"ဒါက ဘာအဓိပ္ပာယ်လဲ"

"အဟဲ.. မုတ်ဆိတ်မွေး ရိတ်ပြီးစတော့ ဒီလို ပြောမှာပဲ နော်.."

"တော်စမ်းပါ၊ မင့်မုတ်ဆိတ်မွေး အဘိဓမ္မာကို"

တင်မောင်နောင်သည် မျက်နှာပိုး သတ်လိုက်ပြီး ဆို၏။

"မင်း ပြောနေတာ နားထောင်ရင်းနဲ့ ငါ ဝတ္ထုတစ်ပုဒ် ရေးဖို့ နာမည်တောင် ရလာတယ်"

"ဘယ်လိုတဲ့လဲ.."

"စိန်ပန်းပြာနှင့် တူသော မိန်းကလေးတစ်ယောက်လို့.."

ကျွန်တော်လည်း အပြုံးကို ရပ်လိုက်မိ၏။ အမှတ်မထင် ပြောလေသလော မသိ။ တင်မောင်နောင်၏ စကားက ကျွန်တော့်ရင်မှ တစ်နေရာကို ထူးဆန်းစွာ လာခိုက်၏။

"ကဲ.. ဟောကောင် အဝတ်အစားလဲ၊ မြို့ထဲ ငါ လိုက်ပြမယ်"

"ဘာတွေ ပြမလဲ"

"မင်းက ဘာကြည့်ချင်သလဲ"

"အဟီး.. စိန်ပန်းပြာနဲ့တူသော မိန်းကလေး"

"အေး.. တွေ့အောင် ရှာကြည့်၊ ဒါမှ မင့်မုတ်ဆိတ်မွေးတွင်မကဘူး၊ အသည်းနှလုံးကိုပါ နုတ်ယူသွားလိမ့်မယ်"

ကျွန်တော် အိမ်ဘက် ထွက်လာ၏။

တင်မောင်နောင်က စပ်ဖြဲဖြဲနှင့် နောက်မှ လိုက်လာသတည်း။

# အခန်း - ၁၀

ကျွန်တော်သည် စိတ်ပညာယူသော ကျောင်းသားတစ်ဦး ဖြစ်ပါသည်။ စိတ်ပညာကို ယူစမို့ နက်နဲဆန်းကြယ်သော စိတ်၏ အကြောင်းတွေကိုတော့ မသိသေးပါ။ စိတ်ဟူသည် မဆင်းရဲအင်ကြောင်းလောက်တော့ နားလည်ပါသည်။ စိတ်ဆင်းရဲမှုကို မွေးမြူပိုက်ထွေး ယုယထားခြင်းသည် မှားယွင်းကြောင်းလောက်ကိုလည်း သိထားပါသည်။ စိတ်ချမ်းသာမှုကို ကြိုးပမ်းအားထုတ်ခြင်းသည် ဘဝ၏ တာဝန်တစ်ရပ်မှန်းလောက်တော့လည်း သဘောပေါက်ထားပါသည်။

ကျွန်တော့် ရင်မှာ ချွန်မြမြ ဝေဒနာ ပေါ်လာလျှင် ကျွန်တော် မကြိုက်ပါ။ သည်ဝေဒနာကို ကျွန်တော် ကြောက်ပါသည်။ သည်ဝေဒနာကို ကျွန်တော် ဖျောက်ပစ်ချင်ပါသည်။

တင်မောင်နောင်နှင့်အတူ နေရစဉ် သည်ဝေဒနာက ပျောက်သည် မဟုတ်တိုင်စေ ငုပ်နေ၏။ ငုပ်နေလျှင်ပင် ကျေနပ်ပါပြီ။ ကျေနပ်ရပါပြီ။

ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်သည် တောင်ကြီးတစ်ဝိုက် လျှောက်လည်ကြသည်။ အင်းလေးကိုတော့ မရောက်မဖြစ်။ ပင်းတယ‌ဂူကိုလည်း ချန်ထား၍ မရ။

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြီး၌ တင်မောင်နောင် နေသားကျသွားပြီး ရေချိုးရန် မကြောက်တော့သော တစ်နေ့တွင် ဟိုပုန်း ရေထွက်သို့ သွားရန် ကျွန်တော်တို့ ပြင်ဆင်ကြ၏။

ကျွန်တော်တို့ တောင်ကြီး မြို့သူမြို့သားများသည် တောင်ထိပ်ပေါ်မှာ နေသော်လည်း ရေကူးရန် ဝါသနာပါကြသည်။ ပူအွေးသော နွေရာသီကို ကျွန်တော်တို့ စောင့်မျှော်ကြသည်။ အဲသည် နွေရာသီ ရောက်ပြီဆိုလျှင် ဟိုပုန်း ရေထွက်ဆီ တပျော်တပါး သွားကြသည်။ ရေထွက်အောက်က သဘာဝ စမ်းအိုင်တွင် ရေကူးလိုက် နေပူစာလှုံလိုက်။ ရေပြန်ဆင်းကူးလိုက်နှင့် တစ်နေကုန် နေကြသည်။ နေစောင်း၍ တောင်တန်းတွေပေါ် မီးခိုးရောင် မြူတွေ လွှမ်းလာမှ တောင်ကြီးဆီ ပြန်တက်ကြသည်။

တင်မောင်နောင်နှင့် ကျွန်တော်တို့ နှစ်ယောက်တည်း မဖြစ်ရန် ကျွန်တော်က မြို့ခံ သူငယ်ချင်းများကို အဖော်လိုက်ညှိရသည်။

ဂီတ တက္ကသိုလ်မှ ကိုခင်မောင်ယဉ် လိုက်မည်။ သူ ပါတော့ စောင်း ပါမည်။ တင်မောင်နောင်က အဆိုရ၏။ အောင်ထွန်း၊ အောင်နိုင်၊ ဘသန်းအေး သူတို့လည်း လိုက်မည်။ သည်ကောင် သုံးကောင်က ဂေါက်သီးရိုက်သမားတွေ ဖြစ်သည်။ အားလျှင် ဂေါက်ကွင်းက ခွာလိုသူတွေ မဟုတ်ကြ။ သို့ရာတွင် တောင်ကြီးသားတွေပီပီ ပူအွေးသော နွေရာသီမှာ ဟိုပုန်း ရေထွက်ဆီ တစ်ခေါက်တော့ မရောက်ဘဲ မနေနိုင်ကြသူတွေချည်း ဖြစ်၏။

လူစီးရန်က ကားနှစ်စီး။ ကျွန်တော့် ဖောက်စ်ဝက်ဂွန်း အဖြူနှင့် အောင်ထွန်း၏ ဖောက်စ်ဝက်ဂွန်း အနီ ဖြစ်သည်။ စားဖွယ်သောက်ဖွယ်နှင့် အိုးခွက် ပန်းကန်များကိုမူ ကျွန်တော့်အိမ်မှ ဂျစ်ကားပေါ် တင်ကြသည်။ ချက်ပြုတ်ရန် ဒေါ်လေးက လူနှစ်ဦး ထည့်ပေးသည်။ ဂျစ်ကားကို ကြိုတင်လွှတ်၏။ ကျန်ကား နှစ်စီးဖြင့် နံနက် ၉ နာရီတွင် ကျွန်တော်တို့ တောင်ကြီးမှ ထွက်ကြ၏။

တောင်ကြီး တစ်မြို့လုံးမှာတော့ စိန်ပန်းပြာရောင် ဖုံးနေသည်။ ငုစပ်တွေလည်း ထိန်နေသည်။ တောင်ဆင်းလမ်း တောတစ်ခိုတွင်ကား စွယ်တော်ပွင့်ဖြူတို့ လွှလွှဖွေးနေဘိသည်။

ကျွန်တော့် ကားပေါ်တွင် တင်မောင်နောင်နှင့် ကိုခင်မောင်ယဉ် ပါကြသည်။

တင်မောင်နောင်သည် စွယ်တော်ပွင့်တွေကို လက်ညှိုးညွှန်ပြပြီး မေး၏။



"အဲဒါတွေကကော ဘာပန်းတွေလဲ"

"ငါ့အချစ်ဆုံး ပန်းတွေ"

"ဘယ်လို့. . ."

"ငါ့အချစ်ဆုံး ပန်းတွေ. . . စွယ်တော်တွေကွ"

"စွယ်တော်တွေ. . . ငါ့မျက်စိထဲ တစ်မျိုး ဖြစ်နေသလားလို့"

"ဘယ်လို တစ်မျိုးလဲ"

"ငါ တွေ့ဖူးတာက ဆွတ်ဆွတ်ဖြူ၊ အခုက အရောင်နည်းနည်း ရှိသလားလို့"

"အေး. . . ရှိတယ်၊ စွယ်ကော်ကို မောင်းတိန်းအက်ဗိုနီလို့ အင်္ဂလိပ်လို ခေါ်တယ်။ သူ့မလည်း မျိုးစိတ်တွေ အများကြီးပဲ။ မျိုးစိတ်အလိုက် အပွင့်အရောင် ကွဲတယ်။ ခရမ်းရင့်ရောင် ရှိတယ်။ မရမ်းနုရောင် ရှိတယ်။ ပန်းရောင် ရှိတယ်။ အဖြူရောင် ရှိတယ်။ အဖြူရောင်ပွင့်မှာ အဝါစင်း ပါပြီး ကျန်အရောင်တွေကျတော့ အနီစင်း ပါတယ်။ အခု ဟောဒီစွယ်တော်တွေက အဖြူသွေး များပေမဲ့ ပန်းနုရောင်ရိပ်ရိပ်လေး ခိုနေတယ်။ အနံ့လေးကလည်း သင်းသင်းလေးရယ်"

"မင်းက ဘာလို့ စွယ်တော်ကို အချစ်ဆုံးလို့ ပြောရတာလဲ"

"ပန်းတိုင်း မလှဘူး၊ လှတိုင်း မမွှေးဘူး။ ဥပမာ စိန်ပန်းပြာတို့၊ ချယ်ရီတို့ရောပေါ့။ စွယ်တော်ကျတော့ မွှေးလည်း မွှေးတယ်။ ပြောရဦးမယ်၊ စွယ်တော်ပွင့်က စားလည်း စားရတယ်၊ တို့ တောင်ကြီးမှာ စွယ်တော်ပွင့်ကို ပြုတ်ပြီး ထမင်းနဲ့ မြှုပ်စားကြတယ်"

"အဲဒါနဲ့ မင်းက စွယ်တော်ပွင့်ကို အချစ်ဆုံး ဖြစ်ရသလား"

"ဆုံးအောင် နားထောင်ဦး၊ စွယ်တော်ကို ငါ ချစ်ရတာက တို့ညီအစ်ကို နှစ်ယောက်နဲ့ တူလို့"

"ဘယ်လို့. . ."

ကားကို တောင်ဆင်းလမ်းကွေ့အတိုင်း အလိုက်သင့် လျှောမောင်းရင်း ကျွန်တော်သည် ကိုကို့ကို သတိရလာပြန်သည်။

နွေရောက်တိုင်း ကျွန်တော်တို့ ညီအစ်ကို ဟိုပုန်း ရေထွက်ကို လာမြဲ ဖြစ်၏။ ဘယ်သူပါပါ မပါပါ၊ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်တော့ လာမြဲ။ ချမ်းသာ၍ ကားစီးနိုင်ကြမှ မဟုတ်။ ငယ်ငယ် ဆင်းရဲစဉ်က ကုန်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပင် လျှောက်ကြသည်။ ကားကြုံတွေ့လျှင် လက်ပြစီးကြ၏။ ရပ်မပေးလျှင် ကုန်းကြောင်း။ တစ်ကား မဟုတ် တစ်ကားကတော့ ရပ်ပေးသည်။

တင်မောင်နောင်က သတိပေးသည်။

"ဟော့ကောင်... စကားမဆက်ဘဲ ဘာငိုင်သွားတာလဲ"

"ကိုကို့ကို သွားသတိရမိလို့ပါ။ အေး... ငါ ဆက်ပြောပါ့မယ်။ စွယ်တော်ရဲ့ ရုက္ခဗေဒနာမည်က ဘော်ဟီးနီးယားတဲ့။ ၁၆ ရာစုနှစ်က ထင်ရှားတဲ့ ရုက္ခဗေဒပညာရှင်လို့ပဲ ခေါ်ရမယ် ထင်တယ်။ ဟတ်ဖဲလ်စ်တွေပေါ့။ အဲ... ပညာရှင် ညီအစ်ကို ရှိတယ်။ အမြွာပူး ညီအစ်ကို။ တစ်ယောက် နာမည်က ယန်းဘော်ဟင်း။ အခြားတစ်ယောက် နာမည်က ကက်စပါးဘော်ဟင်း။ ဘော်ဟင်း အမြွာညီနောင်ပေါ့။ စွယ်တော်ရွက်ကလည်း အမြွာရွက်။ နှစ်လွှာပေါင်းပြီး တစ်ရွက် ဖြစ်နေတာ။ ဘော်ဟင်း အမြွာညီနောင်ကို ဂုဏ်ပြုပြီး သိပ္ပံပညာရှင်တွေက စွယ်တော်ကို ဘော်ဟီးနီးယားလို့ နာမည်ပေးထားတယ်"

တင်မောင်နောင်က သဘောပေါက်သွားဟန် ခေါင်းညိတ်ပြပြီးမှ ဆို၏။

"မင်းကို ငါ အံ့ဩတာ တစ်ခု ရှိတယ်"

"ဘာကိုလဲ..."

"မင်းက ဝိဇ္ဇာကျောင်းသား၊ စိတ်ပညာ ယူတယ်။ ဒါပေမဲ့ အပင်နဲ့ ပန်းတွေကို ရုက္ခဗေဒနာမည်က စပြီး သိနေလို့"

"ဒါက မဆန်းပါဘူး။ တို့ တောင်ကြီးမြို့ ဇာတိသား စစ်စစ်တွေဟာ ပန်းလည်း ချစ်တယ်၊ အပင်ကိုလည်း ချစ်တယ်။ ပန်းပင် သစ်ပင် စိုက်ဖို့လည်း ဝါသနာကြီးတယ်။ တကယ့် တကယ် စိုက်ချင်ရင် စာဖတ်ရတယ်။ ကိုကိုနဲ့ ငါဟာ စရိုက်ချင်း သိပ်မတူဘူး။ ဒါပေမဲ့ ပန်းပင်သစ်ပင် စိုက်တာမှာတော့ တို့ညီအစ်ကိုဟာ ဘော်ဟင်း ညီနောင်ပဲ။ စာအုပ်တွေလည်း အိမ်မှာ အများကြီး ရှိတယ်။ မင်းတို့လို မြန်မာစာပေ ကျောင်းသားတွေ လေ့လာသင့်တဲ့ စာအုပ်ကြီး တစ်အုပ်တောင် ရှိသေးတယ်"

"ဘာစာအုပ်ကြီးလဲ"

"ဒီဗွီကိုဝင် ရေးတဲ့ အိန္ဒိယပြည်ရှိ အပွင့် ပွင့်သော အပင်များအကြောင်း ဆိုတာ၊ အပင် တော်တော်များများဟာ တို့ မြန်မာပြည်မှာလည်း ပေါက်ပါတယ်။ အဲဒီစာအုပ်ကြီးထဲမှာ အပွင့်တွေ... အပင်တွေကို ရောင်စုံဓာတ်ပုံတွေ ပန်းချီတွေနဲ့ အသေးစိတ် ဖော်ပြထားတယ်"



"အဲဒါနဲ့ တို့ မြန်မာစာပေ ကျောင်းသားတွေက ဒီစာအုပ်ကြီးကို လေ့လာသင့်ရတာလဲ"

"မြန်မာစာပေနဲ့ ကဗျာတွေဟာ ပန်းနဲ့ မကင်းဘူး။ ဒီတော့ ပန်းတွေအကြောင်း စနစ်တကျ သိထားရင် ကောင်းမှာပေါ့၊ စကားစပ်လို့ ပြောရဦးမယ်၊ တို့ တောင်ကြီးနဲ့ ရှမ်းပြည်နယ်က လူတွေက ချယ်ရီပန်းကို မြတ်နိုးကြတယ်၊ အဲဒါကို ခပ်ကြောင်ကြောင် စာရေးဆရာတချို့က နိုင်ငံခြားပန်း ချစ်ရမလားလို့ အပြစ်တင်ချင်သလိုလို ရေးတယ်၊ ချယ်ရီ ဆိုတဲ့ နာမည်က အင်္ဂလိပ်နာမည် ဖြစ်ပေမဲ့ အပင်နဲ့ ပန်းက တို့မြေရဲ့ ကိုယ်ပိုင်အပင်နဲ့ ကိုယ်ပိုင်ပန်း။ စိန်ပန်းပြာလို သွင်းကုန်ပင် သွင်းကုန်ပန်း မဟုတ်ဘူး"

"ဘာ... ချယ်ရီဟာ တို့ရဲ့ ကိုယ်ပိုင်ပန်း"

"ဟုတ်တယ်၊ ချယ်ရီဟာ ရှမ်းကုန်းပြင်မြင့်မှာ ပဝေသဏီကတည်းက ရှိနေတာ၊ ချယ်ရီမှ မဟုတ်ဘူး။ ရိုဆေးဆီးပင်တွေဟာ ဒီမှာ သဘာဝပေါက် ဒေသခံအပင်တွေ၊ ရိုဆေးဆီး ဆိုတာက မျိုးရင်းနာမည်။ နှင်းဆီမျိုးရင်းလို့ ဘာသာပြန်ကြတယ်။ ချယ်ရီ၊ သစ်တော်၊ ပင်စိမ်း၊ မက်မွန်၊ မက်မန်း အားလုံးဟာ ရိုဆေးဆီး မျိုးရိုးပင်တွေ၊ တို့ဆီက ချယ်ရီနဲ့ နိုင်ငံခြား ချယ်ရီဟာ မျိုးစိတ်အရ ကွဲတယ်၊ အရောင်လည်း မတူဘူး၊ အရွယ်လည်း မတူဘူး၊ ပွင့်ချိန်လည်း မတူဘူး။ ဥပမာ– ဂျပန်က မျိုး ရတဲ့ ဝါရှင်တန်က ချယ်ရီတွေဟာ ဧပြီလမှာ ပွင့်တယ်၊ တို့ ချယ်ရီက ဒီဇင်ဘာ လလယ်မှာ ပွင့်တယ်၊ တောင်ကြီးက တောတွေထဲ လျှောက်ကြည့်၊ တော တောင် မဟုတ်ပါဘူး၊ ဂေါက်ကွင်းထဲ သွားကြည့်၊ သစ်တော် အရိုင်းပင်လေးတွေကို တွေ့ရမယ်၊ သူနဲ့ ညီအစ်ကိုတော်တဲ့ ပင်စိမ်းပင်နဲ့ တစ်ထေရာတည်းပဲ၊ ချယ်ရီနဲ့လည်း ဆင်တာပဲ၊ သစ်တော်ရိုင်းနဲ့ ချယ်ရီဟာ တစ်ချိန်တည်း ပွင့်တယ်၊ အပွင့်ချင်းလည်း အားလုံးဆင်တူ၊ အရောင်သာ ကွဲတယ်၊ ချယ်ရီက ပန်းရောင်၊ သူက အဖြူ၊ သစ်တော်အရိုင်းသီးလေးတွေဟာ ပွင့်ချိန်အထိ ကျန်နေကြသေးတယ်၊ အဲ... စားလို့တော့ ဖန်တယ်၊ အရွယ်ကလည်း ဇီးသီး အသေးစားလောက် ရှိတယ်"

"နို့... တို့ စားကြတဲ့ သစ်တော်သီးကြီးတွေကကော... တောင်ကြီးက ထွက်တယ်ဆို"

"ဟုတ်တယ်..."

နောက်မှ ကားဟွန်းသံလိုလို ကြားရသဖြင့် နောက်ကြည့်မှန်မှ ကျွန်တော် ကြည့်သည်။ ကားတစ်စီးကို မြင်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



အောင်ထွန်းတို့ ကားက ရှေ့မှ သွားနှင့်ပြီ။ ဂျစ်ကိုလည်း ကြိုဖင် လွှတ်ထား၏။

တောင်ဆင်း တောင်ကွေ့လမ်းမှာ ကားဖယ်ပေးရမည်ကို ကျွန်တော် ဝန်လေး၏။ ဖောက်စ်ဝက်ဂွန်း ဆိုသည့် ကောင်ကလည်း မြန်ချင်လျှင် အခြား ကား လိုက်မမီအောင် မြန်၍ရ၏။ ပြီးတော့ ရှေ့တစ်ကွေ့ နှစ်ကွေ့ ဆိုလျှင် ဟိုပုန်း လွင်ပြင်မြေပြန့်သို့ ရောက်တော့မည်။

တမင် ညစ်သည်တော့ မဟုတ်ပါ။ ကျွန်တော်သည် နောက်ကားကို ကျော်တက်ခွင့်မပေးဘဲ ကျွန်တော့်ကားကိုသာ အရှိန်မြှင့်လိုက်၏။

ဖောက်စ်ဝက်ဂွန်းသည် အကြိုက်တွေ့သွားသောကြောင့် ဝပ်ပြီး တအား ပြေး၏။ မှန်၌ နောက်ကားကို မမြင်ရတော့။

စကားနည်းသော ကိုခင်မောင်ယဉ်က ပြော၏။

"မောင်ရင်တို့က စကားကောင်းလာတာကိုး၊ သူ လမ်းတောင်းတာ နှစ်ခါ မကဘူး"

"ဟုတ်လား... ကျွန်တော်လည်း စကားထဲ အာရုံ ရောက်နေလို့"

တင်မောင်နောင်က တိုက်တွန်း၏။

"မောင်းလည်း မောင်း၊ မင်းစကားလည်း ပြန်ဆက်ပါဦး"

"အေး... ဘယ်ရောက်သွားပါလိမ့်၊ သြော်... သြော်... သစ်တော် သီးအကြောင်း၊ တောင်ကြီးက ထွက်တဲ့ အခွန်ထူထူနဲ့ ညိုဝါဝါအသီးကြီးတွေ လေ၊ အဲဒါက နိုင်ငံခြားမျိုး၊ ဒါပေမဲ့ အစေ့ စိုက်ယူရတာ မဟုတ်ဘူး၊ နိုင်ငံ ခြားမျိုးကို တို့ဆီက သစ်တော်ရိုင်းပင်မှာ ကိုင်းဆက်စနစ် မျိုးကူးပြီး ပွားယူ တာ၊ ချယ်ရီကိုတောင် ဒီလိုလုပ်ဖို့ ကြံနေကြတယ်၊ ငါ ပြောချင်တာက ချယ်ရီ သစ်တော် စတဲ့ ရိုးရာဆီး မျိုးရင်းအပင်တွေဟာ တို့ မြေရဲ့ ကိုယ်ပိုင်အပင် တွေပါ၊ နိုင်ငံခြား အပင်တွေ မဟုတ်ဘူး"

"အေးကွ... ငါ မင်းစာအုပ်ကြီး အပြန်ကျမှ ကြည့်ဦးမယ်"

"ကြည့်ပေါ့၊ နေဦး... မင်းတို့ မြန်မာစာပေက လူတွေ သိဖို့ အပင်တစ်ပင်လည်း ရှိသေးတယ်"

"ဘာပင်လဲ"

"ညောင်ပိန္နဲပင်"

"ဘာဖြစ်လို့..."



"ဘာသာပြန် မမှားအောင်ပါ။ ငါလည်း ကိုကို ထောက်ပြလို့ သိရ တာ။ ဦးထွန်းငြိမ်း အင်္ဂလိပ်-မြန်မာ အဘိဓာန်မှာ အမှားတစ်ခု ပါနေတယ်"

"ဟေ... ဘာအမှားလဲ"

"ဗင်နီယင် ဆိုတဲ့ အင်္ဂလိပ်စကားကို ညောင်ဗောဓိလို့ ဦးထွန်းငြိမ်း အဘိဓာန်က ပြန်ထားတယ်၊ အမှန်က ညောင်ပိန္နဲ။ ညောင်ဗောဓိကို ဘိုးထရီး လို့ပဲ ခေါ်တယ်။ ညောင်တွေဟာ ပိန္နဲနှင့် မိုရေးဆီး ဆိုတဲ့ မျိုးရင်းအားဖြင့် တူတယ်။ ဒါပေမဲ့ မျိုးခွဲအားဖြင့်တော့ မတူတော့ဘူး။ ညောင်ပိန္နဲ၊ ညောင်ဗောဓိ ဟာ မျိုးစိတ်သာ ကွဲပြီး မျိုးစုမှာပါ တူတယ်၊ သူတို့က ဖစ်စ်ကက်စ် ဆိုတဲ့ မျိုးစုက၊ တည်သီး မျိုးစုပေါ့။ ညောင်ပိန္နဲကို ရုက္ခဗေဒအားဖြင့် ဖစ်စ်ကက်စ် ဘင်ဂလင်ဆစ် လို့ ခေါ်တယ်။ ညောင်ဗောဓိကိုတော့ ဖစ်စ်ကက်စ် ရဲလီဂျိုယိုဆား လို့ ခေါ်တယ်။ ဘာသာရေး (ဂ) ဗုဒ္ဓနဲ့ ပတ်သက်နေတဲ့ အပင်။ တို့ ရှမ်းပြည်နယ် တစ်ခွင်မှာတော့ ညောင်ပိန္နဲ ပေါတယ်။ အပင်ကြီးတွေလည်း အားကြီး ကြီး တယ်။ အရိပ်လည်း သိပ်ကောင်းတယ်၊ ပင်လုံတို့ ပင်းတယတို့ဟာ စခန်းကြီး တွေပဲ၊ ညောင်ပိန္နဲရိပ်စခန်းကြီးတွေ"

နောက်ခန်းမှ ကိုခင်မောင်ယဉ်က ကျွန်တော့် ပခုံးကို တို့၍ သတိပေး သည်။

ထိုအခါကျမှ ဟွန်းသံ ကြားပြန်သည်။ သည်တစ်ကြိမ်မူ သာမန် လမ်းတောင်းသော ဟွန်းသံ မဟုတ်၊ ဆင့်ကာ ဆင့်ကာ နှိပ်သော အဆဲဟွန်းသံ ဖြစ်၏။

မြေပြန့်စပြုပြီ၊ ဟိုပုန်းမြို့တွင်း ဝင်ခါနီးပြီ။

ကျွန်တော်သည် ကားကို ဘေးကပ် ရှောင်ပေးလိုက်၏။

နောက်ကားသည် ကျွန်တော့်ကားကို ကျော်တက်သည်။

မောင်းသူက မိန်းကလေး၊ ဆံတိုလည်ဝဲ၊ ကားကြီးက ကောင်ဆယ်လ် အပြာ။

ကားပြာကြီးသည် အတန်လှမ်းလှမ်း၌ လမ်းလယ်ခေါင်ခွလျက် ထိုး ရပ်သွား၏။

ကျွန်တော့်ကားကိုလည်း ဘရိတ်နင်းရပ်လိုက်ရ၏။ လူလည်း အောက် ဆင်းလိုက်မိသည်။

ကားပြာ၏ ရှေ့ခန်းတံခါး ပွင့်လာပြီး မချောလေး ဒေါနှင့်မာနှင့် ဆင်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



အကျီက မရမ်းနုရောင်၊ ထဘီက မရမ်းရင့်ရောင်၊ ကိုယ်လုံးလေးက ကြော့သည်။ အသားလေးက ဖြူသည်။ မျက်နှာလေးက ငေးကြည့်လောက်သည်။

သို့ရာတွင်...

"ဩော်..."

"ဩော..."

"ရှိုင်းစိုင်းလှချည်လား အောက်မေ့တယ်၊ လက်စသတ် ရှင်ပဲကိုး"

"ခင်ဗျာ..."

"လူတကာကို ဒီလို လျှောက်ရိုင်းနေတာလား။ ဒါမှမဟုတ်... ကျွန်မမှန်း သိလို့ နှမချင်းမစာ တမင် စော်ကားတာလား"

"အလို... အလို... အမိ ပုဒ်မက ကြီးလှချည်လား"

"ကြီးတယ်... ဟိုပုန်း ရောက်ရင် ရဲဌာနာ ဝင်တိုင်မယ် သိလား"

"ဩော ဟော့... ဒီလိုဆို ပျော်စရာကြီးပဲ"

ကားကြီးဆီမှ လူရွယ်တစ်ဦးနှင့် မိန်းမချောတစ်ဦး ဆင်းလိုက်လာကြသည်။

အင်း... တွေ့ကြရပြန်ပါပြီ။

မချောလေးက ခါးထောက် အံကြိတ်ပြီး မေး၏။

"ဘာပြောလိုက်တယ်"

"ရဲတိုင်လို့ ရုံးရောက်ရင် မကြည့်ချင်တဲ့ မျက်နှာတွေ အကြာကြီး ရင်ဆိုင်ရမယ်၊ ပျော်စရာကြီးပဲ"

"ရှင် ဘာလူပါးဝတာလဲ"

ကျွန်တော် ဘာမျှ ထပ်မပြောလိုက်ရမီ သက်၏ အသံ ပေါ်လာ၏။

"ဩော်... တွေ့နေကြပြန်ပြီ မိုးမိုးနဲ့ အငယ်"

ညီမက ဒေါသကြီးသမျှ အစ်မက တည်ငြိမ်အေးချမ်းလှသည်။

လူရွယ်၏ မျက်နှာထားက အနည်းငယ်တော့ တင်းသည်။ စကားသံကမူ ယဉ်ကျေးပါ၏။

"ကိုယ့်ညီတို့ကလည်း ဟုတ်တယ်၊ လမ်းတောင်းတာကို ဖယ်မှ မပေးဘဲ၊ စိတ်ဆိုးစရာ ဖြစ်နေတာပေါ့"

သူက အပြစ်တင်သော်လည်း ခံသာအောင် အပြစ်တင်သည်။ လူကြီးလူကောင်းဆန်သူ တစ်ဦးကိုတော့ ကျွန်တော် ဆန့်ကျင် မရှိုင်းနိုင်ပါ။



"ကျွန်တော် စကားကောင်းပြီး သတိမထားမိလို့ပါ။ ကျွန်တော့်အမှားကို တောင်းပန်ဖို့ အဆင်သင့်ပါ။ သူက တောင်းပန်ခွင့်မပေးဘဲ ရန်အရင်တွေ့တော့ ကျွန်တော် ဘာလုပ်ရမလဲ"

သက်က သူ့ညီမဘက် လှည့်ပြီး ဆို၏။

"ဟုတ်သားပဲ မိုးမိုးကလည်း၊ အချင်းချင်းတွေ စိတ်မဆိုးပါနဲ့"

"မိုးမိုးက စိတ်ဆိုးတာ မဟုတ်ဘူး၊ သူက ဆိုးအောင် လုပ်တာ"

"အေးလေ... ခုနင်က သူ တောင်းပန်ပြီ မဟုတ်လား"

"အဲဒါ တောင်းပန်တာမှ မဟုတ်ဘဲ၊ လူလည်လုပ် ပြောတာ"

"တော်တော့ကွယ် မိုးမိုး၊ ပျော်ချင်လို့ ထွက်လာတယ်ဆို၊ ဟောဟိုမှာ ဖေဖေတောင် ဆင်းလာပြီ"

ကားပြာကြီး၏ နောက်ခန်းမှ လူကြီးတစ်ဦးက ဆင်းစပြုနေ၏။

လူရွယ်က မိုးမိုး၏ ပခုံးကလေးကို ကိုင်ကာ ဆွဲခေါ်၏။

"လာပါ မိုးမိုးရယ်၊ သူက အခု လမ်းဖယ်ပေးထားတယ် မဟုတ်လား၊ ကျေနပ်တော့ နော်..."

လူရွယ် ခေါ်ရာ ကားဆီသို့ မိုးမိုး ပြန်ပါသွားသည်။

သက်က ခေတ္တနောက်ချန်နေရစ်ပြီး ကျွန်တော့်ကို ပြုံးပြုံးကြည့်နေ၏။

ဘာကြောင့် ပြုံးကြည့်နေရပါသနည်း။ ဘာကြောင့် သည်အပြုံးက ကော လှရပါသနည်း။ ဘာကြောင့် သည်အပြုံးကို လှသည်ဟုလည်း ကျွန်တော်က အသိအမှတ် ပြုရပါသနည်း။

ကျွန်တော့်ရင်သည် လှိုက်လာ၏။ ချွန်မြမြ ဝေဒနာလည်း ပေါ်လာသည်။ အခြား အမည်မဖော်တတ်သော ဝေဒနာစုံလည်း ပေါ်လာ၏။

ကျွန်တော်သည် ကိုယ်ကို ချာခနဲ လှည့်ပြီး ကျွန်တော့် ကားပေါ် တက်၏။

ကားပေါ် ရောက်မှ ပြန်ကြည့်လိုက်ရာ သက်က ကျွန်တော့်ကို ကြည့်နေဆဲပင် ဖြစ်၏။ မျက်နှာ၌ အပြုံးမူ မရှိတော့ပါ။ ညှိုးသွားပါသလား။ အိုး... ပရိယာယ်တွေ... မိန်းမ့ပရိယာယ်တွေ၊ ကျွန်တော့်ကိုပါ ဘာများ ပြုစားချင်ပါသေးသလဲ။

သက် ကားဆီ ပြန်ရောက်သွား၍ ကားပြာကြီး ထွက်သွားသည်အထိ ကျွန်တော် မလှုပ်မယှက် ငြိမ်နေသည်။

တင်မောင်နောင်၏ အသံက ကျွန်တော့်ကို လှုပ်နှိုး၏။

www.burmeseclassic.com

www.burmeseclassic.com



''အမယ်မင်း.. မေ့တော့ကြီး ငုတ်သွားတယ် ဆိုတာ ဒါမျိုး ဘုရား ... ဘုရား..''

ကျွန်တော်က ကားစက်နှိုး ဂီယာသွင်းပြီး ဖြည်းညင်းစွာ စ,မောင်း၏။

''စောထွေး..''

''အင်း..''

''ငါ တွေ့ချင်တဲ့ မိန်းကလေးတော့ တွေ့ရပြီ''

''ဘာမိန်းကလေးလဲ''

''စိန်ပန်းပြာနှင့် တူသော မိန်းကလေး''

ကျွန်တော်က မရယ် မပြုံးဘဲ ကားကို ဆက်မောင်းနေ၏။ ကိုခင်မောင်ယဉ်ကသာ ဝင်မေး၏။

''ဘယ်သူ့ကို ပြောတာလဲ ကိုတင်မောင်နောင်၊ အကြီးလား.. အငယ်လား..''

''အငယ်ကို ပြောတာပေါ့၊ အကြီးကတော့.. အဟင့်..ဟော့ကောင် စောထွေး''

''ဘာလဲ..''

''တကယ်လို့ မင်းက မှတ်သျှင်နောင် ဆိုပါတော့၊ ခုနက ပြုံးပြုံးလေးနဲ့ စိုက်ကြည့်သွားလေတဲ့ ငါကိုယ်တော်ပင် ရျာန်လျှောချင်အောင် လှရှာသူကြီးက ဓာတုကလျာ ဆိုပါတော့.. မင်း ဘယ်လို ကဗျာစပ်မလဲ''

''ဘယ်လိုမှ မစပ်ဘူး''

''မင်း မစပ်ချင်နေ၊ ငါတော့ ဟောဒီလို စပ်မယ်''

တင်မောင်နောင်က သံနေသံထားနှင့် ရွတ်ပြ၏။

''အစ်မအရွယ်
မိုကြင်ဖွယ်တည့်
ခင်တွယ်မြတ်နိုး
နှဲ၍ဆိုးမည်
ပြစ်မျိုးမသန်း
စွယ်တော်ပန်းကို..''

အကောင်း ဆိုနေရာမှ ရပ်လိုက်ပြီး တင်မောင်နောင်က ဖောက်သည်။

''စောထွေး.. အဲဒီစွယ်တော်ပန်းကြီးကို မပြုတ်ဘဲ မင်း အစိမ်းလိုက် ဟိုး.. ပါးစပ်ထဲ ငုံမထားချင်ဘူးလား''



''ငုံလည်း မထားချင်ဘူး၊ ဝါးလည်း မစားချင်ဘူး၊ စွယ်တော်ပန်းလည်း မဟုတ်ဘူး''

''နို့.. ဘာပန်းလဲ''

''အဆိပ်ပန်း၊ လူသလောက် ကြောက်စရာကောင်းတဲ့ အဆိပ်ပန်း''

ကျွန်တော်သည် မဆီမဆိုင် ကားလီဗာကို ဒေါနှင့် ဖိနင်း၏။

တင်မောင်နောင်ကမူ စပ်ဖြဲဖြဲနှင့် မုတ်ဆိတ်ကို ပွတ်ပြနေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၁

ဟိုပုန်း ရေတွက် ရောက်ရန် ဟိုပုန်းမြို့ကို လွန်သွားရသည်။

မြို့က လွင်ပြင်မှာ တည်ထားသည်။ လွင်ပြင်၏ အရှေ့ဘက် နယ်နိမိတ်မှာကား တောင်တန်းကြီး။

မိုင်းပွန်သို့ သွားသော ကားလမ်းရှည်ကြီးသည် ပထမ တောင်တန်းကို ဦးတိုက် မော့တက်၏။ ပြီးမှ လက်ယာဘက်ကို တစ်ဆစ်ချိုးကာ တောင်တန်းကို အလျားလိုက် မော့တက်ပြန်၏။ တစ်ဆစ်ချိုးထောင့် အောက်တည့်တည့်တွင် ရေတွက် ရှိနေ၏။

ရေတွက်ဟူသည်မှာ တောင်ကမ်းပါးရံမှ ရေစိမ့်ထွက်ရာကို ခေါ်သည်။ စိမ့်ထွက်သော ရေသည် စန်းပေါက်၍ စီး၏။ ကဗျာဆန်ဆန် အမည်ပေးရလျှင်ကား ရေတွက် ဟူသည်မှာ 'စမ်းရေလျှဉ်ဦး' ပေတည်း။

တောင်ကြီးတစ်ပိုက်တွင် ရေတွက် အများ ရှိ၏။ တောင်ကြီးမြို့ကို ရေပေးသော ထီဆိုင်ရွေးကန်သည် ရေတွက်မှပင် ရေရ၏။ တောင်ကြီးမြို့၏ ကျက်သရေဆောင် တောင်ချွန်းကို မြောက်ဘက်မှ တက်လျှင် တောင်ခုလပ်၌ ဆင်တဲစခန်းကို ဝင်ရမည်။ ဆင်တဲစခန်း၌လည်း ရေတွက် ရှိသည်။



ဟိုပုန်း ရေတွက်ကတော့ ကြီးသည်။ ရေတွက်အောက်၌ သဘာဝ ကျောက်ရေအိုင် ရှိနေသည်။ ကျောက်ရေအိုင်သည် ပြန့်ကျယ်သွားပြီး သဲနုံးနုနု ကြမ်းခင်းသည့် ရေကန်တိမ် ဖြစ်သွား၏။ ရေကန်မှသည် စမ်းချောင်းငယ်တို့ ဖြာလျက် အနောက်ဘက် လွင်ပြင်ဆီ စီးဆင်းသည်။

မိုးအခါဆိုလျှင် ရေနောက်၍ ချောင်းပေါက်သည်။ နွေမှာတော့ ရေသည် စိမ်းမြ၍ စမ်းချောင်းကလေးများကလည်း ယဉ်ကျေးလိမ္မာနေသည်။

ကျွန်တော်တို့ ရောက်သွားချိန်၌ ရေတွက်ဝန်းကျင်တွင် ကား ၁၀ စီးခန့် ရှိနေပြီ။ လူလည်း စည်နေပြီ။

လမ်းတောင်ဘက် အနိမ့်ပိုင်း၌ ကျွန်တော်က ကားကို ဝင်ထိုး၏။

အင်း.. ဖြစ်ရလေ.. ကားပြာကြီးနှင့် ယှဉ်လျက်သား။ သြော်.. ရေစက်။

ကြိုတင်လွှတ်ထားနှင့်သော အိမ်မှ လူက ကျွန်တော်တို့ဆီ လျှောက်လာ၏။

"ကိုလှထွန်း.. ဘယ့်နှယ်လဲ နေရာကောင်း ရရဲ့လား"

"အို.. မရမရှိ၊ ရတောင့်ရခဲ"

"ဒီလိုဆို ဟန်တာပေါ့၊ ကဲ.. လာ သွားကြမယ်"

ကျွန်တော်တို့က ကားလမ်းပေါ် ပြန်တက်ရသည်။ ဖြတ်လျှောက်သွားရန်ကား ရေကန်နှင့် စမ်းကျယ်များက ခံနေသည်။

တစ်ဆစ်ချိုးကို လွန်ပြီးမှ တောင်ကမ်းပါးရံရှိ ခြေနင်းလမ်းကျဉ်းကျဉ်း အတိုင်း ခြေကို ကုပ်ကာ ချုံကို ဆွဲကာနှင့် အောက်သို့ ခက်ခက်ခဲခဲ ပြန်ဆင်းရသည်။

ကျွန်တော်က ရှေ့မှ ဆင်းရသည်။ စောင်းကောက်ကြီးကို ပိုက်လျက်နှင့် ကိုခင်မောင်ယဉ်က အလယ်က။ တင်မောင်နောင် အဲသည် အနောက်က။ အိမ်မှ လူက နောက်ဆုံးမှ။

ကိုခင်မောင်ယဉ်က အတန်လေး ဝသည်။ ပြီးတော့ အနုပညာသမား ပီပီ ပုဆိုးလေး ရှည်ရှည်နှင့်။ လက်တစ်ဖက်ကလည်း သုဖေလုဝကြီးကို ပိုက်ထားသေးသည်။

ကျွန်တော်က တစ်ဆင့် ဆင်းလိုက်၊ ရပ်စောင့်လိုက်၊ ကိုခင်မောင်ယဉ်ဆီ လက်တစ်ဖက် ကမ်း၍ ကူလိုက်နှင့် ဆင်း၏။

အတက်အဆင်း၏ အလယ်လောက်တွင် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ကိုယ်စောင်း ရပ်ပြီး ဆင်ခြေလျှောကို ခြေနှင့် ကား၍ ကန်ထား၏။ ဘယ်လက်နှင့် ချုံငယ်တစ်ခု၏ အကိုင်းကို အားပြုဆွဲထား၏။ ညာလက်ကို ကိုခင်မောင်ယဉ်ဆီ လှမ်းပေးသည်။

လက်ချင်းက မဆက်မိ။

''နေဦး… ကျွန်တော် တိုးပေးမယ်''

ကျွန်တော်က ခြေအနေအထား ပြင်သည်။ ဘောင်းဘီဝတ်ထားသည်မို့ ကျွန်တော်က ရှူးဖိနပ် စီးထားသည်။ မြေပေါ်မှ ကျောက်ခဲလေးတွေကြောင့် ခြေက မမြဲချင်။ ခြေလှမ်းအပြင်တွင် သစ်ကိုင်းက လက်မှ လွတ်ထွက်သွား၏။ ဖိနပ်နှင့် နင်းထားရာမှ ကျောက်ခဲလေးတွေ လိမ့်သည်ကိုလည်း ခံစားလိုက်ရ၏။

''ဟယ်…''

လျှောခနဲ ဖြစ်ပြီး ကျွန်တော် အရှိန်နှင့် ကျသည်။ လိမ့်ကျသည်တော့ မဟုတ်။ လူကိုယ်ဟန်ရင်း ကိုးရိုးကားရား။ ပုံပျက်ပန်းပျက်နှင့် မတ်ရပ်ပြေးဆင်းသကဲ့သို့ ကျသည်။

ရိပ်ခနဲတော့ မြင်လိုက်ရသည်။ အဲ… သိလိုက်ရသည်၊ တွယ်လိုက်ရော၊ ဖက်လိုက်ရော… သည်တော့ တွယ်ပစ်လိုက်သည်၊ ဖက်ပစ်လိုက်သည်။

တွယ်ရင်း ဖက်ရင်း သူရော ကျွန်တော်ပါ ဆက်ကျကြ၏။ သည်တစ်ခါတော့ ဘယ်လိုမျှ ဟန်၍ မရ၊ လိမ့်ပြီး ကျ၏၊ လုံးထွေးပြီး ကျ၏။

နှစ်ယောက်သား စမ်းချောင်းလေးဘေး သဲဖြူမြေမှ မြက်ခင်းစိမ်းပေါ် ရောက်၏။

ကျွန်တော်က ပက်လက်၊ သူက မှောက်လျက်၊ ကိုယ်ချင်းတော့ မထပ်မိ၊ ရင်ချင်းကတော့ အပ်လျက်သား။ မျက်နှာချင်းကလည်း ကပ်လျက်သား။ ကျွန်တော့် ကိုရွှေလက်များက သူ့ကျောကလေးကို ရစ်ကာပတ်ကာ ဖက်လျက်သား။

အဘယ်မျှ ကြာမည်နည်း။ တစ်စက္ကန့်… နှစ်စက္ကန့်… သုံးစက္ကန့်အလွန်ဆုံး လေးစက္ကန့်… ငါးစက္ကန့်။

သည်လောက် အချိန်လေးမှာပင် အာရုံတရားတွေက သိလိုက်ပုံများလှသည်။ စုံလှသည်။

မျက်တောင်ကော့ကြီးတွေ စွင့်ကားလျက်၊ မျက်လုံးကလေးများက အပြူးသား။ အသားက ဖြူပြီး ကြည်နေသည်။ ပါးပြင်မှာမူ အကြောစိမ်းကလေးတွေနှင့်။ နှင်းဆီသွေးကလည်း လျှမ်းစ တက်စ…။



မျက်နှာဆီ ဝဲကျနေသော ဆံပင်တွေက မွှေးသလော၊ မျက်နှာလေးကပင် မွှေးသလော၊ တစ်ကိုယ်လုံးကပင် မွှေးသလော။ ကျွန်တော့် နှာခေါင်းမှာတော့ မွှေးလိုက်သည့်အမျိုး၊ မွှေးလိုက်ပါသည့် အမျိုး။

သူက ရုန်းပြီး ကိုယ်ကို ခွာမှ ကျွန်တော်က ဖက်ထားမိသော လက်များကို လွှတ်လိုက်၏။

ကိုယ်ငွေ့လား… အတွေ့ ဆိုသည်လား၊ လက်များမှာ စွဲကျန်ရစ်သည်။

ကျွန်တော်က လဲနေရာမှ ထထိုင်လိုက်၏။ သူကလည်း ပုဆစ်တုပ်ကာ ကျုံ့ကျုံ့ထိုင်လျက်၊ မျက်နှာချင်းက ဆိုင်မိအောင် ဆိုင်နေသေး၏။

ပါးများ ပိုရဲလာသည်၊ မျက်လုံးများမှာ လဲ့လဲ့ဝင်းလာသည်။ နှုတ်ခမ်းနီနီလေးများ ဆတ်ဆတ် လှုပ်နေ၏။

ကျွန်တော်က အဆင်သင့် ပြင်ထား၏။ ဒေါသခဲမလေး၏ ရန်တွေ့သံကို တုံ့ပြန်ရန် အားလုံး အဆင်သင့် ပြင်ထားသည်။

နှုတ်ခမ်းတွေသာ ဆတ်ဆတ် လှုပ်နေသည်၊ အသံက ထွက်မလာ။ မျက်လုံးများ၌သာ မျက်ရည်များ ပြည့်လျှမ်းလာသည်။

စ,စကားပြောမိသူက ကျွန်တော်ပါ။ စောထွေးပါ။

''ကိုယ် တောင်းပန်တယ်၊ မတော်လို့ပါ။ အရှိန်နဲ့ ကျလာတော့ ဘယ်လိုမှ ဘာမှ လုပ်လို့မရဘူး''

မချောလေးက စကားမပြန်။ ကျွန်တော့်ကို စိုက်ကြည့်မြဲသာ ကြည့်နေသည်။

''မင်း သိပ်စိတ်ဆိုးလို့ ကိုယ့်ကို ဘာလုပ်ချင်သလဲ၊ ပါးတော့ မရိုက်နဲ့၊ တခြား လုပ်ချင်သလို လုပ်''

မချောလေးက အံကြိတ်ပြီး ပြော၏။

''သူများ နာရတဲ့အထဲ ဘာတွေ လျှောက်ပြောနေတာလဲ''

''ဪ… မသိဘူးလေ… ဘယ်နား နာသွားသလဲ''

''ဘာလုပ်မလို့လဲ၊ နှိပ်ပေးမလို့လား''

''မင်းက နှိပ်ပေးဆို နှိပ်ပေးမယ်၊ ကိုယ်က ကိုယ့်အပြစ်နဲ့''

''ဘယ်နား နာသွားတယ် ဆိုတာ သိလို့လား''

''ကိုယ်က ဘယ်လိုလုပ် သိနိုင်မလဲ''

''ခြေမျက်စိက နာနေတာ၊ သိရဲ့လား''

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က လက်ကို မ,လိုက်သည်။ မချောလေး တွန့်သွားပြီး သူ့ခြေမျက်စိ တစ်ဖက်ပေါ်သို့ သူ့လက်ကလေးများနှင့် အုပ်ထားလိုက်၏။

ကျွန်တော် ပြုံးမိသည်။ ကျွန်တော်ကလည်း တကယ် နှိပ်ပေးမည် မဟုတ်ပါ။

မချောလေးက နေရာမှ ကြိုးစား ထ၏။ ဘယ်ဘက် ခြေကို ညွှတ်ထောက်ထားပြီး မျက်နှာလေး အနည်းငယ် မဲ့နေ၏။

ကျွန်တော်လည်း ထိုင်ရာမှ ထလိုက်၏။

"ကိုယ် ဘာကူရမလဲ"

"မလိုပါဘူး"

"စောစောက မင်းအပေါ် ပြန်တက်မယ် လုပ်တယ် မဟုတ်လား၊ ဘာယူမလို့လဲ၊ ကိုယ် သွားယူပေးရမလား"

မချောလေးက သူ့လက်ကို သူ ငုံ့ကြည့်သည်။ လက်မှာ သံမဏိဖြူနန်းကြိုးရှည် တပ်ထားသော ကားသော့ ရှိနေသည်။ နန်းကြိုးက လက်ကို ပတ်ထားသောကြောင့် စောစောက လွင့်ပြီး မပျောက်ဟန်တူသည်။

"ဒါဖြင့် သွားယူပေး၊ ကားနောက် အံဖုံးထဲမှာ၊ လက်သာကော့စ်အနက်ကလေး၊ မိုး... လို့ လေဘယ် ရှိတယ်၊ ရော့... သော့"

ကျွန်တော်က သော့ကို ယူပြီး တောင်ကမ်းပါးရံကို ပြန်တက်မည် အပြု၌ တင်မောင်နောင်နှင့် ကိုခင်မောင်ယဉ်လည်း အနီးသို့ ရောက်လာ၏။

တင်မောင်နောင်က မျက်စိတစ်ဖက် မှိတ်ပြပြီး ဆို၏။

"မြန်တယ်... နော်..."

"ဘာပြောတာလဲ"

"ချော်လဲ ရောထိုင်... အဲလေ... ချော်လဲပြီး လှိမ့်ချရတာ အောက်အရောက်မြန်တယ်၊ တို့တော့ လမ်းသစ် ရှာကွေ့ဆင်းနေရလို့ အခုမှပဲ အောက်ကြီးများ ရောက်ဖြစ်တော့တယ်၊ အဟီး..."

ကျွန်တော်သည် ဘာမျှ ပြန်မပြောတော့ဘဲ အပေါ်သို့ ကုတ်ကတ်တက်လာခဲ့၏။

ကားပြာကြီး၏ နောက်အဖုံးကို သော့လှည့်၍ ကျွန်တော် ဖွင့်သည်။ ဖွင့်မိစဉ် ကျွန်တော် ခေတ္တတွေသွားမိ၏။

သည်ကားပြာကြီးကို ကျွန်တော် စတွေ့သည်မှာ ကိုကို့ ရှာပနန္ဒေက ဖြစ်သည်။ သည်ကားပြာကို နောက်တော့ ကျွန်တော် လိုက်ရှာခဲ့ရသည်။



သည်ကားပြာ... သည်ကားပြာရှင်တွေ၊ ကိုကို၊ ကိုကို သေဆုံးရမှု၊ ဒါတွေက အားလုံး ဆက်စပ်နေသည်။

ယခု သည်ကားပြာ၏ သော့က ကျွန်တော့် လက်တွင်း ရောက်နေသည်။

ကျွန်တော်သည် သော့ကို ပြန်လှည့်ထုတ်ယူလိုက်ပြီး စေ့စေ့ ကြည့်မိ၏။

သော့... သော့ဟူသည်က ဖွင့်သည့် အရာပါ။ ဖွင့်နိုင်သည့် အရာပါ။ ဘာကို ဘယ်လို ပိတ်ထားမလဲ။ သော့က ဖွင့်နိုင်သည်။ သော့ရလျှင် ဖွင့်နိုင်သည်။

ညံ့လိုက်သည့် ကျွန်တော်၊ စောစောက ဘာကြောင့်များ မိုက်မိုက်ကန်းကန်းတွေ လျှောက်လုပ်မိနေခဲ့ပါလိမ့်။ ဦးနှောက်တွင်းမှာ အကြံဉာဏ်ဆိုသည်က ဘာကြောင့်များ မပေါ်ခဲ့ရပါလိမ့်။

သော့ကို စေ့စေ့ကြည့်ပြီး ကျွန်တော် ပြုံးသည်။ ကျေနပ်စွာပင် ပြုံးမိသည်။

ကျွန်တော်က သော့တံကို သော့ပေါက်တွင်း သွင်းပြီး အံဖုံးကို ဖွင့်၏။

မိုး... ဟု အမည်ထိုးထားသော သားရေလက်ဆွဲအိတ် အနက်ကလေးကို လွယ်ကူစွာပင် ကျွန်တော် တွေ့ရပါ၏။

▣

မိုးမိုးနှင့် ကျွန်တော် တွဲ၍ ရောက်လာခြင်းကို အားလုံးက တအံ့တသြ လှမ်းကြည့်ကြသည်။

အားလုံး ဆိုသည်မှာ ကျွန်တော်တို့ အဖွဲ့သားများနှင့် မိုးမိုး တို့ အဖွဲ့သားများ ဖြစ်ကြ၏။

ကြည့်ကြသည်မှာ မဆန်း။

ကျွန်တော် ဆင်းအလာကို မိုးမိုးက ကမ်းပါးရံအောက်မှ စောင့်နေခဲ့သည်။ မိုးမိုးက အိတ်ကို လှမ်းယူသော်လည်း ကျွန်တော်က မပေးခဲ့။

"ကိုယ်ပဲ ဆက်ဆွဲလာခဲ့ပါ့မယ်၊ မိုးက လျှောက်လိုက်ခဲ့"

အမိ... မင်း... ဟု သုံးနေရာမှ မိုး ဟု ကျွန်တော်က ချွေဉီးစွာ ပြောင်းလဲခေါ်ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးမိုးက အားနာဟန်ဖြင့် ကျွန်တော့်ကို ကြည့်သည်။

"အဲဒီထဲမှာ ဘာတွေလဲ၊ သိလို့လား"

"ကိုယ် ဘယ်လိုလုပ် သိမလဲ၊ ဘာတွေလဲ"

"ရေကူးဝတ်စုံရယ်.. ပြီးတော့.."

မိုးမိုးက စကားမဆက်ဘဲ လျှာလေးတစ်လစ် လုပ်ထား၏။

"ပြီးတော့ ထဘီရယ်.. ဟုတ်တယ်မို့လား"

မိုးမိုးက ဟင့်ခနဲ တစ်ချက် ရယ်သည်။ သည်လို ဆိုပြန်တော့ ကလေးတစ်ဦးသဖွယ်... အင်း.. ချစ်ဖွယ်...။

"သားရေအိတ်နဲ့ ဆွဲလာတာ၊ ပြီးတော့ လူမြင်တာ မဟုတ်ဘူး။ ကဲ.. လာ သွားကြမယ်"

မိုးမိုးက ခြေတစ်ဖက် ထော့နင်း ထော့နင်းနှင့် ရှေ့က သွားသည်။ ကျွန်တော်က နောက်မှ သားရေအိတ် ဆွဲ၍ လိုက်သည်။

တောင်ဘက်မှာ မြေနိမ့်ချိုင့်ဝှမ်းတစ်ခု ရှိသည်။ သရက်နှင့် ပေါက်ပင်များ ရှိ၍ အရိပ်လည်း ကောင်းသည်။

အဝေးမှ လှမ်းကြည့်ရုံနှင့် အခြေအနေကို ကျွန်တော် နားလည်သည်။

ချိုင့်ဝှမ်း တစ်နေရာကို သက်တို့က အပိုင်စားထားသည်။ အခြားတစ်နေရာကို ကျွန်တော်တို့ အဖွဲ့က ယူထားသည်။ ယှဉ်လျက်.. ကပ်လျက်။

ချိုင့်ဝှမ်းတွင်း ဆင်းသော လမ်းကို ရေတိုက်စားသဖြင့် ပေါ်နေသော သစ်မြစ်ကြီးတို့က ဖိလာ ဆီးကာထားကြသည်။

သည်အဆီးအတားကို ကျွန်တော်က အရင် ကျော်ဆင်းသည်။ ပြီးတော့မှ မိုးမိုးကို လက်ကမ်းပေးသည်။ ကျွန်တော့် လက်ကို ဆွဲယူဆုပ်ကိုင်အားပြုပြီး မိုးမိုး ဆင်းရ၏။

သည်တော့.. အားလုံးက ဝိုင်းကြည့်နေကြသည်မှာ မဆန်း။

သက်က ဆီးကြိုသည်။

"ကြည်စမ်း မိုးမိုး.. ခြေထောက် ဘာဖြစ်လာသလဲ"

"မိုး ချော်လဲလာလို့"

"ဖြစ်ရမယ် မိုးမိုးကတော့.. အငယ်နဲ့ ဘယ်လို ပြန်တွေ့လာကြလဲ"

မိုးမိုးက မဖြေဘဲ ရှက်ပြုံး ပြုံးနေသောကြောင့် ကျွန်တော်က ရှင်းပြရ၏။

"ကျွန်တော်နဲ့ ဝင်တိုက်မိလို့ လဲတာပါ။ ဒီတစ်ခါတော့ ရန်မဖြစ်အောင် ကျွန်တော်က တောင်းပန်ပြီး ဟောဒါပါ အဆစ် ယူပေးလာရတယ်"



သက်သည် မျက်တောင်ကော့ကြီးများကို အနည်းငယ်လေး စင်းပြီး ပင်ကိုပြုံးမျက်နှာနှင့် ကျွန်တော့်ကို တည့်တည့် စူးစိုက်ကြည့်၏။

ကျွန်တော်က မျက်လုံး လွှဲလိုက်၍ လက်ကိုင်အိတ်ကို ချထားပြီး ကျွန်တော့်အဖွဲ့သားများဆီ လျှောက်ခဲ့၏။

သက်တို့ကားနှင့် ပါလာသော လူရွယ်က အောင်ထွန်း၊ အောင်နိုင်၊ ဘသန်းအေးတို့နှင့် ရင်းရင်းနှီးနှီး စကားလက်ဆုံကျနေ၏။

"ဟုတ်တယ်.. ကျွန်တော် စလိုက်စ်ကြီးပဲ ထွက်နေတယ်၊ ဒါတောင် ကျွန်တော် စတန့်စ်ကို ကလို့စ် အမြဲ သတိထားတယ်"

လူရွယ်က ဤသို့ ပြောသည်ကို နားထောင်ပြီး အောင်နိုင်က ဝါးလုံးတစ်ချောင်းဖြင့် နည်းပြ၏။

"ရိုက်စ,မှာ စထရောင်းဂရစ်ပ်သာ သုံးပါ၊ ဘယ်က သရိုးနတ်ကယ်လ်ထား၊ ညာက တုတ်အောက် တော်တော်ကျအောင်ထား၊ လန်သလို ဖြစ်ချင်ဖြစ်နေမယ် ကိစ္စမရှိဘူး"

အောင်နိုင်သည် ဝါးလုံးကို ဂေါက်ရိုက်တံအလား ကျကျနန ဆုပ်ကိုင်ပြီး ပြနေ၏။

ဘသန်းအေးကမူ သူ၏ ရှည်သွယ်ညွတ်ပျောင်းသော ကိုယ်ကို ယိမ်းယိမ်းပြုပြီး ဆို၏။

"ကိုယ် မပါဘဲ လက်ကြီးပဲ ရိုက်ရင်လည်း အောက်ဆိုက်ဒ်အင်ဖြစ်ပြီး ဆလိုက်စ်လာတာပဲ၊ ကိုယ် လိုက်ပေး၊ ဒေါင်းဆွင်းမှာ ကျွန်တော်တော့ ညာဒူးကို ပစ်ထည့်လိုက်တာပဲ၊ ဒီလို..ဒီလို.."

အောင်ထွန်းမှာလည်း သူ့သီအက်ရီနှင့် သူ။

"ဟင်ဒီကက်.. ဒီလောက်ဆို ဖန်ဒမင်တယ်လ်တွေတော့ နားလည်ပြီးရောပေါ့။ ခက်တာက သတိလွှတ်တတ်တယ်။ စတန့်စ် ယူရင် ခြေခွဲတာတော့ မှန်နေမယ်။ လူ ၁၀၀ မှာ ၉၀ က ပခုံးကို သတိမပြုမိဘူး၊ ပခုံးဟာ တားဂက်လိုင်းရဲ့ ဘယ်ကို ချိန်ထားမိရင် ရှူးဝါးဆလိုက်စ်ပဲ"

လူရွယ်က ဝါးလုံးကို လှမ်းယူသည်။ အောင်နိုင်က လက်ကိုင်ပုံပြင်ပေး၏။ လူရွယ်က ဂေါက်ရိုက်မည့် အနေအထားဖြင့် ရပ်သောအခါ ပခုံးအနေ၊ ဒူးအနေတို့ကို အောင်ထွန်းနှင့် ဘသန်းအေးတို့က ဝိုင်းပြင်ပေးနေကြ၏။

ကျွန်တော်က သူတို့ကို ကြည့်ပြီး သဘောကျမိ၏။

www.burmeseclassic.com



ဂေါက်သမားတို့ မည်သည် နေရာမရွေး၊ လက်နှင့် မရိုက်ရလျှင် ပါးစပ်နှင့် ရိုက်ကြသည်တကား။

အောင်နိုင်က ကျွန်တော့်ကို လူရွယ်နှင့် မိတ်ဖွဲ့ပေး၏။

"ကိုမျိုးဝင်း. . ဒါ ကျွန်တော်တို့ သူငယ်ချင်း ကိုစောထွေး၊ ရန်ကုန်တက္ကသိုလ်က စိတ်ပညာ ဂုဏ်ထူးတန်းသားပါ။ ကိုစောထွေး. . ဒါက ကို. . အဲ. . ဦးမျိုးဝင်း (. . . . .) ဌာန လက်ထောက်အတွင်းဝန်ပါ"

ဦးမျိုးဝင်းက ကျွန်တော့်ကို လက်ကမ်းပေးရင်း ဆိုသည်။

"တွေ့ရတာ ဝမ်းသာပါတယ်၊ အဟဲ. . လမ်းမှာလည်း တွေ့ခဲ့ကြပြီးပြီပဲ"

"ဟုတ်ပါတယ်၊ အခု မိုးမိုးနဲ့လည်း မိတ်ဆွေ ဖြစ်သွားပါပြီ"

"ခုနက တွေ့လိုက်ပါတယ်၊ ကောင်းတယ်၊ ကောင်းတယ်၊ ကျွန်တော်က ခင်ဗျားတို့ နှစ်ယောက် ဒီမှာ ဆုံမိပြီး ဆက်ရန်ဖြစ်နေမှာ စိုးရိမ်နေတာ"

အောင်ထွန်းက "ဘာဖြစ်ခဲ့ကြလို့လဲ" ဟု ဝင်မေး၏။

ဦးမျိုးဝင်းက ရယ်ပြီး ဖြေ၏။

"သြော်. . မိုးမိုးက သူ ကားမောင်း ဘယ်လောက် ကျင်လည်တယ်ဆိုတာ တောင်တက် တောင်ဆင်းလမ်းမှာ မောင်းပြမယ် ဆိုပြီး အလာက မောင်းလာတယ်။ အဲဒါ. . ဟောဒီ ကိုစောထွေးကို လမ်းတော်တော်နဲ့ ဖယ်မပေးရကောင်းလား ဆိုပြီး ဆင်းရန်တွေ့လို့လေ"

"ဟုတ်တယ်. . ကျွန်တော်ကလည်း ကျွန်တော်ပဲ၊ စကားကောင်းလာတာနဲ့ ဟွန်းသံ မကြားမိဘူး"

ဤသို့ ခေတ္တပြောကြအပြီး ဦးမျိုးဝင်းက ဝါးလုံးကို ပြန်ကိုင်သည်။ ဂေါက်သင်တန်း ပြန်စ,လေပါပြီ။

ကျွန်တော်က တင်မောင်နောင်တို့ဆီ ထွက်လာခဲ့၏။

မြေပေါ်တွင် ရွက်ထည်လိပ် ဖြန့်ခင်းထား၏။ အခင်းထက် ခွထောက်ပေါ် တင်လျက် စောင်းကို ချထား၏။ စောင်းအနီးတွင် ကိုခင်မောင်ယဉ်က ကိုယ်တစ်ဝက် လှဲလျက် ထိုင်နေ၏။ တင်မောင်နောင်ကမူ တင်ပလ္လင်ချိတ် ထိုင်ရင်း ဒူးနှံ့နေ၏။

ကျွန်တော်ပါ ဝင်ထိုင်သောအခါ တင်မောင်နောင်က မေး၏။

"မင်း ဦးပုညရဲ့ ဆဒ္ဒန်ဆင်မင်းဝတ္ထု မှတ်မိတယ် မဟုတ်လား"

"မှတ်မိတာပေါ့ကွ"



"အေး. . ဒါဖြင့် ငါ မေးမယ်။ ဆဒ္ဒန်ဆင်မင်းဟာ မူလက စိတ်ဆိုးနေရာကနေ နောက်တော့ ဘာလို့ သောနုတ္တိုရ်ကို အစွယ်ဖြတ်ခွင့် ပေးရတာလဲ"

"ဘုရားဆု လိုချင်လို့ပေါ့ကွ"

"ဒါလည်း ပါတာပေါ့ကွာ၊ တခြားအကြောင်းလည်း ရှိသေးတယ်"

"ဘာလဲ"

"စူဠသုဘဒ္ဒါလေးပေါ် အမျက်မထားနိုင်ဘဲ ကရုဏာ ဝေသွားလို့. ."

"အဲဒါ ဘာဖြစ်သလဲ"

"အဟက်. . ဟဲ့. . မင်းကော မင့်စူဠသုဘဒ္ဒါလေးပေါ် အမျက်တော် ပြေပြီး ကရုဏာလေး ဘာလေး မေ့ပစ်လိုက်ပြီးပြီလား"

ကျွန်တော်က ဘာမှ မပြော၊ တစ်ခါတစ်ရံ သည်ကောင်နှင့် ဖက်မပြောသည်က ဘေးကင်းရန်ကင်း ရှိသည်။

စူဠသုဘဒ္ဒါ၊ ဆဒ္ဒန်ဆင်မင်း. . ကျွန်တော့် ရင်တွင်း၌ မှိုင်းညို့ညို့ ဖြစ်သွား၏။

အချစ်အဘိဓမ္မာနယ်ဆီ သည်ဝတ္ထုကို သွတ်သွင်း စပြောလာသူမှာ နှင်းပါ. . ယခုအခါ ကျွန်တော့်အတွက်တော့ မုဆိုးတစ်ပိုင်း မိန်းမရှိုင်းကြီး ဖြစ်သွားလေသူ နှင်းရယ်ပါ။

စူဠသုဘဒ္ဒါခမျာလည်း ရင်ကွဲရရှာပါသည်ဟု မိန်းမချင်းမို့ ကိုယ်ချင်းစာ ပြောလေသူ မရွှေနှင်း၊ ယခုအချိန် ဘယ်လို ရှိနေပါစ။ ပုံဝတ္ထုထဲတွင် မဟုတ်ဘဲ အပြင်ဘက်မှာ မိန်းမသားတစ်ယောက်သည် ရင်ကွဲနိုင်ပါသလော၊ ရင်ကွဲရသည် ဆိုလျှင်ကော. . ယုံလိုက်ရပါမည်လော။

ကျွန်တော်ကတော့ ရင်မကွဲပါ။ ဘယ်တော့မှ ရင်မကွဲပါ။ အဲ. . ရင်ထဲတော့ အနာပေါက်နေသည်။

အတွေးက သည်လို ပေါက်နေခိုက် မျက်လုံးများကမူ တစ်ဖက်နေရာဆီ ရောက်နေ၏။

ပေ ၂၅ ခန့်တော့ ကွာသည်။ ဟိုဘက် အရိပ်အောက်၌ ဖျာကြမ်းခင်းထားသည်။ ဖျာကြမ်းပေါ်၌ ကောဇောနှစ်ထည် ခင်းထား၏။ သည်ပစ္စည်းတွေကို ကားပြာပေါ် တင်၍တော့ ယူမလာနိုင်။ ကျွန်တော်တို့ကဲ့သို့ပင် ကြိုတင်လူလွှတ်ခိုင်းထားနှင့်သည် တူ၏။

ကော်ဇော တစ်ချပ်ထက်တွင် ခေါင်းအုံးနှစ်လုံး ဆင့်၍ အသက် ၅၀ ကျော်ခန့် လူကြီးတစ်ဦးသည် သက်သောင့်သက်သာ လဲလျောင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



လူကြီး၏ အနီးတွင် ကျွန်တော် ရှိရာသို့ ဘေးတိုက်ပေး၍ သက်သက် ကျုံ့ကျုံ့လေး ပုဆစ်တုပ် ထိုင်နေ၏။ မိုးမိုးကိုတော့ မတွေ့ရ။

ရှိသင့်သည့် အခြားတစ်ယောက်ကိုလည်း မတွေ့ရ။

အရေးပိုင်ကတော်ကြီး... ဟိုတုန်းကတော့ သည်လိုပဲ ခေါ်ခဲ့သည်။ ယခု သက် အနီးမှ သံအမတ်ကြီးသည် ဟိုတုန်းက အရေးပိုင်ကြီး။ သက်တို့ အမေ သူ့ဇနီးက အရေးပိုင်ကတော်ကြီးမို့ မာနက ကြီးသည်။ ယခု ဘယ်မှာ နည်း။ အသံကတော့ ကျွန်တော့်နားတွင်းမှ မထွက်။ ဘယ်တော့မျှ ထွက်မည် မဟုတ်။

"... မိ မဆုံးမ ဖ မဆုံးမ အလေလေတောလေးတွေ၊ ဆေးလိပ် သမသား ခွေးကြမ်းပိုးလေးတွေ..."

ကြိမ်ရိုက်သံ တရွှမ်းရွှမ်းသည်ပါ နားမှ မထွက်။

"... ကြောက်ပါပြီဗျာ... ကြောက်ပါပြီ... အမယ်လေးဗျာ... သေပါပြီ"

ကျွန်တော့် ရင်တွင်းမှာ စူးခနဲ ဖြစ်လာ၏။ မီးရဲအောင် ဖုတ်ထားသော သံချွန်တစ်ခုကို ရင်ခေါင်းတစ်ခုလုံး အဆုံးအထိ ထိုးသွင်းသည့်ပမာ ခံစားရ၏။

မမေ့ပါ... စောထွေး မမေ့ပါ။ သေအထိ မမေ့ပါ။

"ဟော့ကောင်..."

"အယ်... ဘာလဲ... မင်းကလည်း အလန့်တကြားကွာ"

"ဟတ် ဟတ် ဟတ် ဟား... လူမိတာ နာတယ်နော"

"မင်းဘိုးအေ လူမိတာလား"

"ငါ့ဘိုးအေကို မဟုတ်ဘူး၊ မင်းကို မိတာ"

"ငါ့ ဘာမိလို့လဲ"

"စိုက်လိုက်တာကြီးကို ငေးလို့။ အေးလေ... ငေးလိုက်တာကြီးကို စိုက်လို့"

"ဟယ်... မတော်တရော်တွေ"

"တော်ပါတယ်၊ လျော်ပါတယ်။ ကြီးတော့ မှီရသတဲ့၊ ဟော့ကောင် စောထွေး..."

"ဘာလဲကွ"

"မင်း အမှန် ဝန်ခံမလား"

"ဘာတွေ ဝန်ခံခိုင်းနေတာလဲ"



"မင်းက စူဠသုဘဒ္ဒါလေးကို မေ့ပြီး မဟာသုဘဒ္ဒါကြီးကို မမှိတ်မသုန် ရှုရင်း ဘုရားဆုပန်ချင်စိတ်တွေ တဖွားဖွား ပေါ်နေတယ် မဟုတ်လား"

"ဟယ်... ဒီကောင်. တောင်ပေါ် တကူးတကန့် လာပြီး မြေမျိုခံ ချင်တယ် ထင်တယ်"

"သစ္စာစကား ဆိုရင် မြေမျိုတတ်သလား... ဆဒ္ဒန်ဆင်မင်းရဲ့"

"ကဲ... မင်း ထင်ချင်သလို ထင်ကွာ၊ ကြည့်တယ်၊ ဟောဒီမှာ ကြည့်တယ်၊ ဘာဖြစ်လဲ"

"ဘာမှ မဖြစ်ပါဘူး၊ ဖြစ်သွားမှာစိုးလို့ သတိပေးရတာ၊ အဲ... မုတ်ဆိတ်ရိတ်ချင်ရင်တော့ မားငှားနော်၊ အားမနာနဲ့"

ငြိမ်နေရာမှ ကိုခင်မောင်ယဉ်က နားမလည်ဟန် ရိုးသားစွာ ဝင်မေး၏။

"ဘာ မုတ်ဆိတ်မွေး ရိတ်ချင်ရမှာလဲ"

"အဲ... အဟီး... ဒီကောင်က မုတ်ဆိတ်မွေး တုံးသွားတာ သန်ချင် လို့တဲ့၊ အဲဒီရောဂါ ပေါ်လာတာ မကြာသေးဘူး မနက်ကမှ"

အပြည့်အစုံ နားမလည်သော်လည်း တစ်စုံတစ်ရာ သဘောပေါက် ဟန်နှင့် ကိုခင်မောင်ယဉ်က ရယ်နေ၏။

သက်တို့ နေရာနှင့် မလှမ်းမကမ်းရှိ ချုံကွယ်တစ်ခုမှ မိုးမိုး ပေါ်လာ သည်။

မိုးမိုးသည် ခြေသလုံး အလယ်အထိ ဖုံးသော မျက်နှာသုတ်ပဝါသား အမွေးပွ ရေလဲဝတ်ရုံကို ဝတ်ထား၏။

မိုးမိုးက ဦးမျိုးဝင်းကို လှမ်းခေါ်၏။

"အစ်ကိုမျိုး ရေကူးကြမယ်"

"သြော်... အေး အေး လာပြီ"

ဦးမျိုးဝင်းသည် လက်တွင်းမှ ဝါးလုံးကို လွှတ်ချပြီး သူတို့နေရာ ပြန်လျှောက်သွား၏။

အောင်နိုင်တို့ တစ်သိုက်လည်း ကျွန်တော်တို့ဆီ လာ၏။

"ဟေ့... တို့လည်း ကူးကြစို့"

ကျွန်တော်တို့ အားလုံး အဝတ်အစား လဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၂

ရေကန်နှင့် ရေအိုင်ထဲတွင် လည်းကောင်း၊ ပတ်ပတ်လည်တွင် လည်းကောင်း ရေချိုးသူ၊ ရေကူးသူ၊ နေပူစာလှုံသူတွေနှင့် စည်ကားနေ၏။

လူမျိုးလည်း စုံသည်။ ရှမ်း၊ ဗမာ၊ အင်း၊ ပအိုဝ် စသော တိုင်းရင်းသားများလည်း ရှိသည်။ မုတ်ဆိတ်မွေး၊ ရင်ဘတ်မွေးတို့နှင့် ပန်ချာပီကြီးတွေ၊ ဆာဒီဝတ် ပန်ချာပီမတွေ၊ သူတို့လည်း ရှိသည်။ တရုတ်နှင့် တရုတ်မတွေလည်း မကျန်ပါ။ စစ်စံထွန်းဆေးရုံကြီး၌ လာရောက် အမှုထမ်းနေကြသော ရုရှားလူမျိုး မောင်နှံစုံများ၊ ကလေးများလည်း ရှိနေကြသေး၏။

အမျိုးသား အားလုံးသည်မှု ရေကူးဘောင်းဘီတို သို့မဟုတ် ရိုးရိုးဘောင်းဘီတိုနှင့် ရေကူးကြသည်။ အမျိုးသမီးတွေအနက် တိုင်းရင်းသူတွေနှင့် တရုတ်မများက ထဘီရင်လျားနှင့် ချိုးကြသည်။ ပန်ချာပီမများကမူ ဆာဒီဝတ်လျက်ပင် ချိုးကြ၏။ ရေကူးဝတ်စုံ ဝတ်သူ အမျိုးသမီးဟူ၍ ရုရှားအမျိုးသမီးများသာ ရှိသည်။ သူတို့က မဆန်း။

မိုးမိုးကိုတော့ ဝိုင်းကြည့်ကြသည်။



မိုးမိုးက အပြာနုရောင် အမွေးပွ ရေလဲဝတ်စုံကို ဝတ်ထားပြီး ရေအိုင်၏ ကမ်းထိပ်မှာ ရပ်နေ၏။ လက်ထဲတွင် ရောင်စုံ ဘောလုံးကြီး တစ်ခုကို ကိုင်ထား၏။

မိုးမိုးသည် ဘောလုံးကြီးကို ရေအိုင်တွင်းသို့ ပစ်ချလိုက်၏။ ပြီးတော့ ဝတ်ရုံပြာကို ချွတ်ချွာလိုက်သည်။ ပန်းနုရောင် အသွေး ရေကူးဝတ်စုံ ဆင်မြန်းထားသည့် ဖြူဝင်းလှပကြော့ရှင်း အချိုးကျလှသော ကိုယ်လေး ပေါ်လာ၏။

လှသည်... ဘာပဲပြောပြော လှသည်ကတော့ အမှန်။

ငှက်ကလေးများ ကြွပျံဝဲဆင်းသကဲ့သို့ မိုးမိုးသည် ဘောလုံးကြီး ရှိနှင့်ရာ ရေပြင်ဆီသို့ လှပစွာ ဒိုင်ဗင်ထိုးဆင်းသွား၏။

“ဟီး...”

ကျွန်တော့်ဘေးရှိ တင်မောင်နောင်ထံမှ အသံ ထွက်လာခြင်း ဖြစ်၏။

“ဘာဖြစ်တာလဲ”

“အဟဲ... အောင့်ထားတဲ့ အသက်ကြီး ဆောင့်ထွက်သွားတာ”

ကျွန်တော်ရော အောင်နိုင်တို့ပါ ရယ်ကြသည်။ သူများတော့ မသိ၊ ကျွန်တော်က လိပ်ပြာ မလုံသောကြောင့် ရယ်ပစ်ခြင်း ဖြစ်၏။

ဦးမျိုးဝင်းက ရေထဲတွင် ရောက်နှင့်နေပြီ ဖြစ်၏။

မိုးမိုးနှင့် ဦးမျိုးဝင်းသည် ရေထဲ၌ ကူးရင်း ဘောလုံးကို မြှောက်ပစ်ကစားနေကြ၏။

ကျွန်တော်က အောင်ထွန်းကို မေး၏။

“ဦးမျိုးဝင်းနဲ့ မင်းတို့ သိကြတာ ကြာပြီလား”

“ဂေါက်ကွင်းမှာ သိကြတာ၊ သူက ရန်ကုန်က...”

“အင်းလေ... ဒါပေမဲ့ သူ ဒီရောက်တာ ကြာပြီ ထင်တယ်”

“မဟုတ်ဘူး၊ လာလိုက်သွားလိုက်ပါ၊ ခုတစ်ခါတော့ ခွင့်ရှာစ်လ ယူခဲ့တာတဲ့”

“သံအမတ်ကြီးနဲ့ အမျိုး ထင်တယ်”

ဘသန်းအေးက ပြုံးစိစိနှင့် ဝင်ပြောသည်။

“အမျိုးတော်ဖို့ ကြိုးစားနေတယ် ထင်တယ်၊ အဟဲ...”

အောင်နိုင်က သတိပေးသည်။

“နေ့ပြော နောက်ကြည့်တဲ့၊ ဟိုမှာ လာနေပြီ”

www.burmeseclassic.com

www.burmeseclassic.com



သံအမတ်ကြီးက ပုဆိုးစည်းလျက် ဖြစ်သော်လည်း အင်္ကျီချွတ်ထားသောကြောင့် ရေချိုးမည်မှာ သေချာသည်။ သက်ကမူ မည်သို့မျှ အဝတ်အစားလဲမထား။ နဂိုအတိုင်းပင် လက်တွင်ကား ရေလဲပုဆိုး၊ မျက်နှာသုတ်ပဝါ၊ စွပ်ကျယ်အင်္ကျီ၊ ဆပ်ပြာခွက် စသည်တို့ကို ကိုင်လာ၏။

ရေကန်အနီး ရောက်သော် သံအမတ်ကြီးက ပြော၏။

"နေနည်းနည်း ပူတယ်။ ပစ္စည်းလေးတွေ ထားခဲ့ပြီး သမီး ပြန်ချည်လေ၊ ဒီမှာ မောင်မျိုးဝင်းနဲ့ ဟောဒီ သူငယ်တွေလည်း ရှိသားပဲ"

သက်က ကျွန်တော်တို့ အားလုံးဆီ မျက်လုံးဝိုက်၍ ခြုံကြည့်သည်။

နှုတ်သွက်သော တင်မောင်နောင်က လောကဝတ် ဝင်ပြု၏။

"ဟုတ်သားပဲ။ ။ မမသက်၊ ထားခဲ့ ထားခဲ့၊ ကျွန်တော်တို့ ရှိပါတယ်"

ခွေးကောင်၊ သွက်သည်။ မမသက်ဟုပင် တရင်းတနှီးကြီး ကြိတ်ပစ်လိုက်၏။

သက်က ပြုံးပြီး "ကျေးဇူးတင်ပါတယ် ရှင်"ဟု ညင်သာစွာ ပြော၍ ပစ္စည်းလေးများကို ချထားခဲ့ကာ ပြန်ထွက်သွား၏။

ကျွန်တော်တို့ အားလုံးလည်း ရေဆင်းကူးကြသည်။

ဦးမျိုးဝင်းနှင့် မိုးမိုးတို့ ဆော့ကစားနေရာမှ ပန်းဝိုက်ပြီး ကျွန်တော်သည် ရေထွက်ဦး ရှိရာဘက် ကူးလာခဲ့သည်။

အမှန်က ရေအိုင်သည် ရှည်လှသည် မဟုတ်။ ရေနက်ရာ မျက်နှာပြင်မှာ အလွန်ဆုံး ပေ ၂၅ ခန့်သာ ရှိမည်။

ရေထွက်ဦးအခြေနားရှိ သစ်မြစ်ကြီးတစ်ခုပေါ်တွင် ကျွန်တော် တက်ထိုင်လိုက်၏။

ဆော့ရသဖြင့် မောဟန်တူသော မိုးမိုးသည် ကျွန်တော့်ဆီသို့ ဘောလုံးကို ပစ်ပေးလိုက်ပြီး နောက်မှ ကူးလိုက်လာ၏။

ရေထဲမှ မိုးမိုးက လက်ကမ်းပေးလိုက်သဖြင့် ကျွန်တော်က လှမ်းဆွဲယူရသည်။

မိုးမိုးသည် ကျွန်တော့် လက်ကို အားပြုပြီး သစ်မြစ်ပေါ် တက်ထိုင်၏။

ဦးမျိုးဝင်းကမူ ကမ်းဘက် ပြန်ကူး၍ သံအမတ်ကြီးဆီ ကပ်သွားသည်။

ရေကူးဝတ်စုံ ဝတ်ထားသော မိန်းကလေးတစ်ဦးနှင့် ကပ်ထိုင်နေရသောကြောင့် ကျွန်တော် အနည်းငယ် အနေရအထိုင်ရ ကျပ်သည်။ မိုးမိုးကမူ မည်သို့မျှ ထူးခြားဟန် မပြ။



"ရေက သိပ်ကြည်တာပဲနော်"

"ဟုတ်တယ်"

"တစ်နှစ်လုံး ကြည်သလား"

"မိုးတွင်းပိုင်းတော့ နောက်တယ်။ ပြီးတော့ ခုလို အိုင်နဲ့ ကန်နဲ့ ဖြစ်မနေဘူး၊ ရေပြင်ကြီးပေါ့"

"တစ်နှစ်လုံး ကြည်နေရင် ဘယ်လောက် ကောင်းမလဲ"

"ဒါပေမဲ့ ။ ။ ဆောင်းတွင်းကျတော့ ကြည်နေလည်း ဘယ်ကူးနိုင်မလဲ။ သိပ်အေးပြီး ကြွက်တက်တတ်တယ်"

ကျွန်တော်က မိုးမိုးကို ရဲရဲ ကြည့်ဝံ့သွားပြီ။ ကြည့်ဝံ့သွားတော့လည်း အင်း ။ ။ ကြည့်မိသည်။

ရေစိုထားသဖြင့် အသားလေးများမှာ လက်နေ၏။ ဝတ်စုံမှ ပန်းနုသွေးသည့် အသားလေးများဆီလည်း လျှပ်ပြေးနေ၏။

"နာမည် ဘယ့်နှယ် ခေါ်သလဲ"

"စောထွေး ။ ။"

"အငယ် ။ ။ လို့ကော ဘာလို့ ခေါ်ကြသလဲ"

ကျွန်တော် မပြောချင်သော မေးခွန်းကိုမှ မေးဘိသည်။

"ညီအစ်ကို နှစ်ယောက် ရှိတယ်လေ၊ ကိုယ်က အငယ်မို့ပါ"

ကျွန်တော့် ရင်က နင့်သည်။ မိုးမိုး ဆက်မေးမည်ကို ကြောက်၏။ တော်ပါသေး၏။ မိုးမိုးက စကားဦး လွှဲသွားသည်။

"ယူက တက္ကသိုလ်မှာနော် ။ ။"

"ဟုတ်ပါတယ်၊ မိုးကော ဘယ်အတန်းမှာလဲ"

"မိုး ။ ။ ဂျီစီအီးအောင်ပြီးပြီ၊ ရန်ကုန်တက္ကသိုလ်ဝင်ခွင့် ရဖို့ အခု ဘားမိစ် တစ်ဘာသာတည်း ဖြေထားတယ်"

"တက္ကသိုလ် ရောက်ရင် ဘာယူမလဲ မိုး"

မိုးမိုးက ဟာက်ခနဲ တစ်ချက် ရယ်ပြီး ဖြေ၏။

"အဲဒါ မစဉ်းစားရသေးဘူး"

ကျွန်တော်တို့ ထိုင်နေရာမှ အရိပ်ကျသောကြောင့် အနည်းငယ် စိမ့်လာ၏။

"မိုး ချမ်းလာပြီ၊ ရေထဲ ပြန်ဆင်းတော့မယ်"

www.burmeseclassic.com



မိုးမိုးသည် ရေတွင်းသို့ ပြန်လျှောဆင်းသွား၏။ ကျွန်တော်လည်း လိုက်ဆင်းသည်။

မိုးမိုးနှင့် ကျွန်တော်သည် ရေထဲ၌ ဘောလုံးလုတမ်း ကစားကြ၏။

တစ်ခါတစ်ရံ လူချင်း တိုက်မိသည်။ တစ်ခါတစ်ရံ လူချင်း ပူးမိသည်။ လက်ချင်းကတော့ မကြာခဏ ယှက်လိမ်ထိခိုက်မိကြ၏။

တစ်နာရီကျော် ဆော့ကစား၍ အားရကြမှ ကုန်းပေါ် ပြန်တက်ခဲ့ကြသည်။ ကျွန်တော်တို့ နှစ်ဖွဲ့တွင် ကျွန်တော်တို့ နှစ်ဦး နောက်ဆုံးတည်း။

ထမင်းစားကြသောအခါ၌ကား ရင်းနှီးကုန်ကြပြီ ဖြစ်သောကြောင့် နှစ်ဖွဲ့ ပေါင်းပြီး တစ်ဝိုင်းတည်း စားကြ၏။

စားသောက်ပြီးကြသောအခါ အောင်နိုင်က ပွဲတောင်း၏။

"နောက်တစ်ခါ ရေမကူးခင် အပန်းဖြေရအောင် ကိုခင်မောင်ယဉ် က ချော့သိပ်ဗျာ"

ကိုခင်မောင်ယဉ်က ရယ်၏။

"မင်းတို့ ချော့သိပ်ဖို့ နေနေသာသာ ငါပါ မျက်တောင်စင်းနေပြီ"

ဦးမျိုးဝင်းက အောင်နိုင့်ဘက်မှ ဝင်ထောက်ခံသည်။

"ဟုတ်တယ် ကိုခင်မောင်ယဉ် လုပ်ဗျာ၊ ပြီးရင် ကျွန်တော်တို့ အလှည့်"

အောင်နိုင်က ဦးမျိုးဝင်းကို မေး၏။

"ခင်ဗျားတို့ထဲက ဘယ်သူက ဘာရလဲ"

ဦးမျိုးဝင်းက ပြုံးပြီး သက်ဆီသို့ မေးငေါ့ပြ၏။

"သက်လည်း စောင်း တီးတတ်တယ်၊ အဆိုလည်း ရသဗျ"

ကျွန်တော်က သက်ကို လှမ်းကြည့်သည်။ ဟိုတစ်နေ့က အိမ်တွင် စောင်းကောက်ကြီး တွေ့ခဲ့သည်ကို သတိရ၏။

ကိုခင်မောင်ယဉ်က စောင်းကို ကောက်ကိုင်သည်။ သီချင်းဆိုရမည် ဆိုလျှင် နေရာမရွေး အချိန်မရွေးသော တင်မောင်နောင်က ကိုခင်မောင်ယဉ် လှမ်းပေးသော စည်းနှင့် ဝါးကို ဟန်ကျပန်ကျ ကိုင်၏။

"ဘာဆိုမလဲ ကိုတင်မောင်နောင်"

"အဟဲ... ကျွန်တော်က ပတ်ပျိုးမှ နိုင်ချင်တာ။ အကြီးဆုံး အထူးထူးက စမယ်ဗျာ"

"တကယ်လား"



"အလကား နောက်တာပါဗျာ၊ မကပ်နိုင်သေးပါဘူး၊ သာဆန်းရဂုံရွှေ လုပ်ကြရအောင်၊ ရာသီစာလေး၊ ဘယ့်နှယ်လဲ"

"လုပ်လေ..."

မန္တလေး ပန်တျာကျောင်းထွက်။ စောင်းကို ဆရာဖြစ် တတ်သော ကိုခင်မောင်ယဉ်၏ လက်သံက နွဲ့သည်။ နုသည်။ တင်မောင်နောင်၏ အသံဝါ က ဆွဲချင်သလို လှည့်ချင်သလို ဆွဲ၍ လှည့်၍ရ၏။

ရွက်ဝါကြွေသော နွေကို ဖွဲ့ထားသည့် သီချင်းကလည်း ရာသီနှင့် ရော ပတ်ဝန်းကျင်နှင့်ပါ ကိုက်ညီဟပ်စပ်နေ၏။

သံအမတ်ကြီးက လဲလျောင်းနေ၏။ ဖခင်အနီးတွင် ကျုံ့ကျုံ့လေး ထိုင်ရင်း သက်က သီချင်းသံကို အာရုံပြုနေဟန် ရှိသည်။ တစ်ခါတစ်ရံတွင် ရွက်ဝါတွေ ကျန်နေသေးသော တောတစ်ခွင်ဆီ ငေးငေးကြည့်၏။

မိုးမိုးသည်လည်း သူ့အစ်မအနီးတွင် ကပ်ထိုင်နေသည်။ သီချင်းကို နားထောင်နေဟန် တူသော်လည်း တစ်ချီ တစ်ချီ၌ အိပ်ချင်ဟန် သမ်း၏။

တင်မောင်နောင် သီဆိုသည် ဆုံးသွားသောအခါ ဦးမျိုးဝင်းက စောင်း ကို လာယူပြီး သက်ကို အတင်းပေး၏။ သက် ခေါင်းခါပြသည်ကို ကျွန်တော် လှမ်းတွေ့ရ၏။ ဦးမျိုးဝင်းက တစ်စုံတစ်ရာ ဆက်ပြောနေ၏။ ခဏတွင် ဦးမျိုးဝင်းက ပြုံးပြီး ကျွန်တော်တို့ဘက် လှမ်းပြော၏။

"စောင်းဆရာတစ်ဦးရဲ့ လက်သံကို မီအောင် သက်က လိုက်မတီးနိုင် ပါဘူးတဲ့၊ ဒါပေမဲ့ နားထောင်ချင်ရင် သီချင်းဆိုပြပါမယ်တဲ့၊ ဆရာဦးခင်မောင်ယဉ် ဒီဘက် ကြွပါ ခင်ဗျာ"

အောင်နိုင်တို့ တစ်သိုက်က လက်ခုပ်တီးပေးကြ၏။

ကိုခင်မောင်ယဉ်က စည်းနှင့် ဝါး ယူပြီး တစ်ဖက် နေရာဆီ ကူး သွား၏။

ကိုခင်မောင်ယဉ်နှင့် သက်တို့ ခေတ္တစကားပြောကြသည်ကို တွေ့ရ၏။ ကိုခင်မောင်ယဉ်က ခေါင်းညိတ်ပြသောအခါ သက်က စည်းနှင့် ဝါးကို ကိုင်၏။

ပတ်ပျိုးခံ စောင်းသံအဆုံး၌ သက်၏ သီဆိုသံ ထွက်လာသည်။

"နှံ့သာနီ... တောင်..."

ကျွန်တော့်အနီးမှ တင်မောင်နောင်က "အယ်..." ဟု တိုးတိုး ညည်းသည်။

"ဘာညည်းတာလဲကွ"

www.burmeseclassic.com



''နှံ့သာနီတောင်. . . တဲ့။ ဒီလောက် လှတဲ့ မိန်းမတစ်ဦး ရွေးတဲ့ သီချင်းကလည်း မင်း ဆက်နားထောင်''

ကျွန်တော်က ဆက်နားထောင်ပါသည်။

''ကမ္ဘာရှည်. . . အောင်၊ ဖန်ဆိုးနှင့် လဲဝတ်. . . ကြောင်။

ကေဥသျှောင်ပယ်လို့း ဈာန်နှင့်နီး။ ပုတီး. . . လက်တွင် ဆောင်။ ခရီးမဂ္ဂင်ဖောင်''

တင်မောင်နောင်က ဘယ့်နှယ်လဲဟု မေးဟန်ဖြင့် ကျွန်တော့်ကို မေးဆတ်ပြ၏။

''စိန်ကျောက်ရောင် ပြောင်လင်း။ တောင်များ မင်း၊ ပယင်း. . . နန်းရွှေကူ။ တလင်းယ. . . ပန်းမဉ္ဇူ။ နန္ဒမူပတ်ဝိုင်း။ ယာညွှတ်ကိုင်း။ တံတိုင်း ကျောက်နီလာ၊ ကသိဏ်းယ. . . ဆောက်တည်ရာ။ မကြာလေ. . . ဖန်ဝတ်နှင့် သွား။ ဘာဝနာ ဈာန်လွှတ်လို့ပွား။ စုံခြေတောဖျား။ ကျင့်တရား။ ပတ္တမြား နှင်းဆီခြံ။ စကားပွင့် သင်းကြည်လျှံ. . .''

နှံ့သာနီတောင် ပတ်ပျိုးကို ယခင်က ကျွန်တော် မကြားဖူးပါ။ ရှိမှန်း ပင် မသိ။ ကျွန်တော့်မှာ ဂီတဗဟုသုတကလည်း အနည်းသား။

ယခု ပထမဆုံး ကြားဖူးသည်။ ကြားဖူးသည့် ခဏမှာပင် ရင်တွင်းမှာ လှိုက်၍ ကြိုက်သည်။ တရားသံဝေဂ ရသလိုလို၊ ငိုချင်သလိုလိုလည်း ဖြစ်မိ သည်။

ပတ်ပျိုးက တစ်ပုဒ်ပြီး တစ်ပုဒ် ကူးသွားနေသည်။

စောင်းသံသည် နွဲ့နွဲ့လေးနှင့် ခန့်သည်။ ခန့်ခန့်လေးနှင့် ညည်းနေ သယောင်လည်း ရှိ၏။

''ကြေညွှတ်ဟန် ညာတိုင်းကွေး။ ရွှေဝန္တံ တတိုင်းမွေး။ စမှာယ်လေ ချပ်အေး။ မြတ်လေးနှင့် ကံ့ကော်။ ပန်းစုံတဲ့ မြိုင်ဟေမော်။ ပန်းစွယ်တော် ခွာဇလတ်ကယ်က။ လှမ်းမယ်နော်. . . ညာပြာသာဒ်ကိုတဲ့။ ဝါတော်မြတ် ဆောက်တည်ကာ. . .''

သက် ဆိုနေပုံက ဘာမျှ အားမထုတ်ရသယောင် သက်သက်သာသာ နိုင်လှ၏။ စည်သည် ခေါ်ရမည်လော။ ဝေသည် ခေါ်ရမည်လော။ သက်၏ အသံသည် ကြည်လည်း ကြည်သည်။ ပီလည်း ပီသည်။ တည်လည်း တည်၏။ ဩော်. . . အေးလည်း အေးချမ်း၏။

ကျွန်တော်သည် သက်ကို ငေးကြည့်နေသည်။



ယခုမှ သတိပြုမိသည်။ သက်၏ ထဘီရောင်က အဝါလေး။ နုလည်း မနု၊ ရင့်လည်း မရင့်သည့် စကားပန်းဖြူပေါ် သမ်းထားသည့် အဝါမျိုး။ အသားအရောင်ကလည်း သည့်လိုပင် အဝါမျိုး။ အင်္ကျီကသာ အဖြူ။ စွယ်တော် ပန်းဖြူကဲ့သို့ အဖြူ။ နက်မှောင်သော ဆံပင်ကို တစ်ပတ်လျှို ပတ်ထုံးပြီး ပခုံးကျော်၍ ရင်မှာ ချထားသည်။

တဘက်ကလေးသာ လိုတော့သည်။ ယောဂီတဘက်ကလေးသာ လို တော့သည်။ တဘက်ကလေးသာ ပါလျှင်. . . ပါခဲ့လျှင်. . .။

ကျွန်တော့် တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ ဟစ်၍လည်း ငို လိုက်ချင်၏။

''မြိုင်သနင်း၊ ကြိုင်သင်းလေပါလှပါလှ၊ ပန်းစုကာတဲ့ ဆန်းမူရာ၊ ဆန်းမူရာတဲ့ ပန်းစုကာ၊ တရားသုံး၊ ပွားပုန်းရှောင်ခွာ၊ ဖန်လျှော်တေနှင့်သာ၊ ပျော်နေမယ့် တောကန္တာ''

သီချင်းအဆုံးမှာ သဖြန်က လာ၏။ သဖြန်ကျမှ သက်၏ အသံက ပို၍ နားထောင်ကောင်းနေသည်။

''သလင်း၊ မယွင်းအောင် ဘာဝနာနှင့်၊ ခါတရာပွား၊ သစ်သီးကို ရှာ၊ ပုတီးဖန်ဝါဝါနှင့်၊ ပန္နမာမြိုင်ညိုကြီးမှာ၊ မှီးရ တရား''

သက်၏ နောက်ဆုံး အသံသည် လေထဲတွင် ပဲ့တင်ထပ် ကျန်ရစ် သည်။ အမှန်ကို ဝန်ခံရလျှင် အင်း. . . ကျွန်တော့်ရင်တွင်းမှာလည်း ပဲ့တင် ထပ် ကျန်ရစ်သည်။

မတိုင်ပင်ကြဘဲ အားလုံး ပြိုင်တူ လက်ခုပ်တီးမိကြ၏။

ဘာက ဆွဲဆောင်ထားသည် မသိ။ သက်ထံမှ ကျွန်တော့် မျက်လုံး များကို လွှဲခွာ၍ မရပါ။ သည်တော့ သက်က လှမ်းအကြည့်မှာ ကျွန်တော်တို့ မျက်လုံးချင်း ဆုံမိကြ၏။

သက်သည် ငေးငေးလေး ကျွန်တော့်ကို မျက်လုံးလွှဲမပစ်ဘဲ ဆက် ကြည့်နေပါသည်။ နှုတ်ခမ်းလေးများက မသိမသာပင် ပြုံးလိုက်သည် ကျွန်တော် ထင်၏။

''အဟမ်း. . . အားဟမ်း. . .''

တမင် ညှစ်ဖျစ်လုပ်ယူသော တင်မောင်နောင်၏ ချောင်းဟန့်သံမှန်း လည်း ကျွန်တော် သိပါသည်။ သိ၍ပင် လှည့်မကြည့်။ သည်တော့ သည်ကောင် တစ်မျိုး ထွင်၏။

www.burmeseclassic.com

www.burmeseclassic.com



“သက် ဆိုတာသိပ်ကောင်း၊ ဦးစိန်ကတုံးကြီး ဆိုတာလည်း တကယ်ကောင်း”

“ဘယ်က ဦးစိန်ကတုံးကြီးက ပါလာရပြန်တာလဲ”

“အာသခါဇာတ်မှာ ဦးစိန်ကတုံးကြီးက ဆိုတာ ကြားဖူးလား”

“မင့်ဘိုးအေ… ဦးစိန်ကတုံးကို ငါမှ မီတာ မဟုတ်ဘဲ၊ မင်းကကော မီလို့လား”

“မီတော့ မမီဘူးပေါ့၊ သူများ ပြောတာ ကြားဖူးတာ”

“ဘာကြားဖူးတာလဲ”

“သီချင်းလေ… ဘာတဲ့ အဲ… အာသခါရယ်လေ… ငါ မြင်တာ နှစ်ခါ ရှိပါပေါ့တဲ့ အဟဲ”

တိရစ္ဆာန်၊ သည်အလုံးမျိုးတွေက သူ့ခေါင်းတွင်း အမြဲရှိ၏။

ကျွန်တော် ရယ်နေသောအခါ တင်မောင်နောင်က ဆက်ပြော၏။

“ဒါပေမဲ့ ထင်သာ ထင်၊ မဝင်ဘူး ကျောင်းအမရေ”

“ဘာတွေ မဝင်ရပြန်ပါပြီလဲ”

“မင်း သက် သီချင်းဆိုသွားတာ ဘယ်လို နားလည်သလဲ”

“ဩော်… ပညာရှိကလည်း တစ်မှောင့်။ ဘာကို နားလည်ရမှာလဲ”

“သက်က တစ်စုံတစ်ယောက်ကို တစ်ခုခု အဖြေပေးနေသလိုပဲ”

“ဘာအဖြေလဲ”

“ဟာ… ဒါတော့ ပညာရှိ ဖြစ်ပေမဲ့ နေရာတကာ အကုန် ဘယ်လျှောက်သိနိုင်မှာလဲ”

“မသိနိုင်လည်း မပြောနဲ့တော့၊ ငါ မိုက်လေးတယ်၊ နည်းနည်းမှိန်းလိုက်ဦးမယ်”

“အေး… မှိန်း မှိန်း၊ မင်း အိပ်မက်ကောင်းအောင် ဟိုဘက်ကူးသွားသီချင်းဆိုလိုက်ဦးမယ်”

“ကြွ ကြွ… မြန်မြန်ကြွ”

ကျွန်တော်သည် အခင်းပေါ်၌ လှဲအိပ်သည်။

ကူးနေကျ မဟုတ်တော့ ရေကူးထားရသည်မှာ အမောသား။ ထမင်းဝင်သွားတော့ ဗိုက်က လေးပြီး မျက်စိက မှေးလာ၏။

ကျွန်တော် မျက်လုံးပိတ် မှိန်းသည်။



စောင်းသံနှင့် တင်မောင်နောင်၏ သီချင်းသံ ပေါ်လာသည်။ သည်တစ်ခါတော့ ပပဝင်းဝင်း။ မယ်ဖွဲ့ အလှဖွဲ့…။

ဩော်… ယောကျ်ားဟူသည် လှတော့ ချစ်တတ်သည်။ ချစ်သမှအသက်ကို ပုံလိုက်ချင်သည်။ ဘဝကို နှင်းလိုက်ချင်သည်။ ဟိုတစ်ဖက်က လှသလောက် ရက်စက်ပြလိုက်မှ၊ ဥပမာ… နှင်းလို… ပြီးတော့…။

မေ့ခနဲ ကျွန်တော် အိပ်ပျော်သွားသည်။

ကျွန်တော် နိုးလာသောအခါ စောင်းသံလည်း တိတ်နေပြီး အနီး၌လူသံတွေလည်း ဆိတ်နေပြီ။

ကျွန်တော်က ထထိုင်ပြီး ကြည့်သည်။

ကိုခင်မောင်ယဉ်နှင့် တင်မောင်နောင် အပါအဝင် ကျွန်တော်တို့တစ်ဖွဲ့သားလုံး အိပ်နေကြ၏။ ဟိုဘက် နေရာတွင်လည်း သံအမတ်ကြီးရောဦးမျိုးဝင်းပါ အိပ်နေကြ၏။ သူတို့နှစ်ဦးနှင့် ခပ်ကွာကွာ၌ကား ကိုယ်အောက်ပိုင်းကို စောင်ပါးလေး လွှမ်းကာ မိုးမိုးလေး ခွေခွေလေး အိပ်ပျော်နေ၏။

သက် တစ်ယောက်သာ နေရာမှာ မရှိ။

ကျွန်တော်က နာရီကို ငုံ့ကြည့်၏။ နှစ်ချက်ထိုးသာ ရှိသေး၏။

ကျွန်တော်သည် တောင်ဘက်သို့ ထွက်လာခဲ့၏။

သည်ဘက်မှာက ချုံထူသည်။ တောထိုင်၍ ကောင်း၏။

ကိစ္စပြီးသောအခါ ကျွန်တော်က နေရာသို့ မပြန်သေးဘဲ တောင်ကမ်းပါးရံကို မော့ကြည့်၏။

အောက်မြေက မသိမသာ မို့၍ ခုံးလာသော နေရာမှ ကမ်းပါးယံက မမြင့်တော့။ သည်ကမ်းပါးရံ၏ အထက်၌ ကားလမ်း ရှိသည်။ ကားလမ်းပေါ်မှ ရပ်ကြည့်လျှင် ရှုခင်းလှလှ မြင်ရကြောင်းကို ကျွန်တော် သိပြီးပြီ။

ကမ်းပါးရံကို တွယ်ပြီး ကျွန်တော် တက်လာခဲ့၏။

ကားလမ်းဘေး၌ ရပ်ပြီး အနောက်ဘက်ဆီသို့ ကျွန်တော် ငေးကြည့်၏။

ဟိုအဲဝေးမှာတော့ တောင်တန်းပြာ။ တောင်တန်းပြာဆီမှ မျက်ကြောကို ရုပ်၍ နောက်ဆုတ် ဈေ့ျာလာလျှင် တတ်နိုင်သမျှ ပြန့်နေသည့် လွင်ပြင်။ သည်တောင်ခြေအနီး ရောက်လာတော့။

ကျွန်တော့် မျက်လုံးများ ကျယ်လည်းသွား၏။ စိုက်လည်း သွား၏။

တောင်ခြေ၌ စမ်းချောင်းသည် ဖြောင့်ဖြောင့်လေး တောင်ဘက်သို့ စီးဆင်းနေသည်။ စမ်းချောင်း၏ ဟိုဘက် ကမ်းတစ်လျှောက် ဘေး၌ ဝါးလုံး

www.burmeseclassic.com

www.burmeseclassic.com



တန်း ခြံစည်းရိုး ခတ်ထားသည့် ယာတစ်ကွက် ရှိသည်။ ယာကွက်မြေက စို နေသည်။ ဖက်ဖူးနုရောင် ပင်ပေါက်ကလေးများလည်း ထနေ၏။

စမ်းချောင်း၏ သည်ဘက်ကမ်းမှာတော့ သစ်ခြောက်တစ်ပင် ရှိသည်။ သစ်ခြောက်ပင်က မြေငူမို့မို့လေးပေါ်မှာ ပေါက်နေသည်။ သစ်ခြောက် ဆိုသော် လည်း တစ်ပင်လုံးတော့ မခြောက်သေး။ အောက်ဆုံး တစ်ကိုင်းက အရွက် ဖြာကာ အရိပ်ပေးနေဆဲတည်း။

အဲသည် သစ်ခြောက်ပင်ရိပ် မြေအငူမို့မို့ပေါ်၌ သက်က ခြေလေး တွဲလောင်းချလျက် ထိုင်နေသည်။ သက်၏ ခြေထောက်ကလေးများက စမ်းချောင်းဆီ ကျနေသည်။ ရေပြင်နှင့်တော့ မထိကြ။

ဘာတွေ လာငိုင်၍ ငေးနေပါသနည်း။ မဟုတ်ပါ။ သက်၏ လက် တွင်းမှ ပစ္စည်းကလေးတစ်ခုက ရှိနေသေး၏။

စိပ်ပုတီးတစ်ကုံးပါ။

ကြည့်၍ပင် ကောင်းသေးတော့။ ပန်းချီများပင် ဆန်သေးတော့။

မြင်ကွင်းကျယ်ကို နောက်ခံကားပြုလျက် ယာမြေအနီး စမ်းချောင်း လေး ဘေး သစ်ခြောက်ပင်ရိပ်မြေငူမှာ ထဘီက ဝါဝါ။ အသားက ဝင်းဝင်း။ ပခုံးကျော်လျက် ရင်ခွင်ဆီသို့ ပတ်လျော့ဆံကြာ။ ကျတိုင်းသာနှင့် မိန်းမလှ တစ်ဦး ပုတီးစိပ်နေသည်။

လှလှပပ ငယ်ငယ်ရွယ်ရွယ်နှင့် ဘာတွေကို တရားရနေပါသနည်း။ ဒါမှမဟုတ် ဘာတွေကို နောင်တရ ဖြေဖျောက်နေရပါသနည်း။ နောင်တရ ဖြေဖျောက်လိုက်လျှင် အပြစ်ဆိုသည်တွေက ကျေသွားရောလား။ ပျောက်သွား ရောလား။ အဲသည်လိုဆိုတော့ ခွင့်လွှတ်လိုက်ရရောလား။ ပြီးတော့ သနားပြီး ချစ်ကော ချစ်လိုက်ရဦးမှာလား။

မချစ်ဘူး မမသက်။ ခင်ဗျားကို ကျုပ် မချစ်ဘူး၊ မုန်းတယ်။ မုန်း တယ်ဗျ. . . သိလား။

မြင်ကွင်းထဲတွင် လူတစ်ယောက် ထပ်ပေါ်လာပြန်သည်။

ဦးမျိုးဝင်း. . .

ဦးမျိုးဝင်းက ခေတ္တခဏ ရုတ်တရက် မြင်မိသည့်ဟန် သက်ကို ရပ်ကြည့်နေ၏။ ထိုနောက် သက်ဆီကို လျှောက်သွားသည်။

သူတို့ စကားပြောနေကြပြီ။



သက်ကတော့ မြေငူပေါ်မှာပဲ ထိုင်လျက်။ ခြေလေး တွဲလောင်းချလျက်။ လက်မှာ စိပ်ပုတီး ကိုင်မြဲ ကိုင်လျက်။

ဦးမျိုးဝင်းကတော့ မြေငူ၏ အောက်အခြေမှာ။ အောက်ခြေကဆိုတော့ မော့ပြောရသည်။

သူတို့ ဘာတွေ ပြောနေကြပါသနည်း။ ဘာတွေ ပြောနေကြ ပြောနေ ကြ ကျွန်တော်နှင့်က ဘာဆိုင်ပါသနည်း။

ဆိုင်သည်။ အခြား တစ်ယောက်ယောက်ကကော သက်ကို သည်ပုံ မျိုး မပြောခဲ့ဖူးဘူးလော။ သည်လိုပဲ သက်က အမြင့်က။ သူက အနိမ့်က။ သည်မှာတော့ မဟုတ်ဘူး။ ဟိုမှာ. . . လွမ်းစေတီကုန်းမှာ။

ပေါ်လာပြန်ပြီ။ ကျွန်တော့် မိတ်ဆွေကြီး ပေါ်လာပြန်ပြီ။ ချွန်မြမြ ဝေဒနာ၊ ကျွန်တော့်ရင်တွင်းမှ ဝေဒနာ။

ဟော. . . မိုးမိုးပါ ပေါ်လာပြန်ပြီ။

သည်ကောင်မလေးက အိပ်ရာက ထလာစ,မို့ ထင်သည်။ ဆံပင်တွေ က မသပ်မရပ်၊ ကပိုကရို ဖြစ်နေသည်။ ကပိုကရိုနှင့်ပင် အလှသား။ ဟိုး တစ်ညနေက နှင်းကဲ့သို့ပင် ကပိုကရိုနှင့် အလှသား။

မိုးမိုးသည် ကျောက်ရုပ်ကဲ့သို့ ငြိမ်ရပ်ပြီး သူ့အစ်မနှင့် ဦးမျိုးဝင်းတို့ကို ကြည့်နေသည်။

မိုးမိုး ရပ်နေရာက ကျွန်တော် ရပ်နေရာနှင့် မဝေး။ မိုးမိုး၏ မျက်နှာ ထားကို ကျွန်တော် ကောင်းစွာ မြင်နေရသည်။

မျက်နှာထား. . . ဟုတ်သည် မျက်နှာထား. . .။ တစ်စုံတစ်ရာကို မကျေမနပ်ဟန် စူစူလေး ဖြစ်နေသော မျက်နှာထား။ ရပ်နေပုံကလည်း ကျောက်ရုပ်လေးပမာ. . . ပမာ. . .။

ကျောက်ရုပ်လေး လှုပ်ရှားလာသည်။ ချာခနဲ လှည့်ပြီး လာလမ်း အတိုင်း ပြန်ပြေးသည်။

ကမ်းပါးထက်မှ ကျွန်တော် ဆင်းလာခဲ့သည်။ ချုံတောတွေထဲမှ ဖြတ် ပြီး နေရာသို့ ပြန်လာခဲ့၏။

နေရာမှာ ဟိုကောင်တွေလည်း နိုးနေကြပြီ။

“မင်း ဘယ်က ပြန်လာတာလဲ”

ဟု တင်မောင်နောင်က မေး၏။

“ရေထပ်ကူးမလို့၊ ဝိတ်လျှော့ပြန်လာတာ”

www.burmeseclassic.com

www.burmeseclassic.com



"အယ်. . အဲဒါလည်း ဘဝရဲ့ အရေးကြီးသော ကိစ္စကြီးတစ်ရပ်ပဲ၊ ငါလည်း ပြေးလိုက်ဦးမယ်"

သူတွင်မဟုတ် တစ်ဖွဲ့လုံး ပြေးကြသည်။

ကျွန်တော်က ရေကူးရန် အဝတ်လဲ၏။

တစ်ဖက် နေရာတွင် သံအမတ်ကြီးကား အိပ်နေဆဲလော၊ မှိန်းနေဆဲလော မသိ။ လျောင်းရာမှ မထသေး။

မနက်တုန်းကကဲ့သို့ပင် အနီးရှိ ချုံကွယ်မှ မိုးမိုး ထွက်လာသည်။ မနက်တုန်းကကဲ့သို့ပင် ဝတ်ရုံပြာကို ဝတ်ထား၏။ လက်တွင်းမှာလည်း ဘောလုံးကြီးကို ကိုင်ထား၏။

"ယူ. . ရေထပ်ကူးတော့မလို့လား"

"ဟုတ်တယ်၊ မိုးကော. ."

"မိုးလည်း ကူးမလို့၊ လာလေ. . သွားကြမယ်"

"ဦးမျိုးဝင်းကို မစောင့်တော့ဘူးလား"

"အိုး. . သူပါမှ ကူးလို့ရတာ မဟုတ်ဘူး"

"ကဲ. . ဒါဖြင့် သွားကြမယ်"

မိုးမိုးနှင့် ကျွန်တော်သည် ရေအိုင်ဆီသို့ အတူ ပြေးသွားကြသည်။

ကျွန်တော်က ရေအိုင်တွင်း အရင် ခုန်ဆင်းသည်။

မိုးမိုးက ကျွန်တော့်ဆီ ဘောလုံးကြီးကို ပစ်ပေး၏။

ပြီးတော့. . ဝတ်ရုံပြာကို ချွတ်ချလိုက်ကာ ပန်းနုရောင် ၄က်မယ် လေးပမာ ကျွန်တော့်ဆီ ဝဲပျံဆင်းကျလာသတည်း။

▣

ကျွန်တော်တို့အားလုံး တောင်ကြီး ပြန်တက်ကြသောအခါ တောင်တန်းပြာထက် နေလုံးကြီး နီနေပြီ။ မီးခိုးရောင် မြူတွေလည်း ဆိုင်းအုံ့လာပြီ။

ကားပြာကြီးက ရှေ့ဆုံးမှ ဖြစ်သည်။ သူ့နောက်က ကျွန်တော့်ကား။ ကျွန်တော့်ကားနောက်မှ အခြားကားတွေ။

ကားချင်း လှမ်းအောင် မမောင်းသောကြောင့် ကားပြာကြီး၏ နောက်ပိုင်း ကျွန်တော် မြင်နေရသည်။

အဲသည်နောက်ပိုင်းမှာ နံနက်က ကျွန်တော် ဖွင့်နိုင်ခဲ့သော အံပုံးရှိ၏။ ရှိ၏. . ။

# ☞ အခန်း - ၁၃

ဟိုတစ်ချိန်. . ဘာမျှ မကြာလှသေးသော ဟိုတစ်ချိန်ကလေးကမူ တောင်ကြီးကို ဘယ်လို ပြန်ရပါမည်နည်းဟု ရင်လေး စိတ်မောခဲ့ရသည်။ တောင်ကြီးပြန်ရောက်လျှင် နေ့တွေ ရက်တွေကို ဘယ်လို ကုန်လွန်ပစ်ရမည်နည်းဟု အားငယ် စိတ်ပန်းခဲ့ရသည်။

ယခုတော့ ရက်တွေ နေ့တွေ ကုန်မှန်းမသိ ကုန်သွားသည်။

ဟိုပုန်း ရေထွက်မှ ပြန်လာပြီးကတည်းက တင်မောင်နောင်နှင့် ကျွန်တော် ခြေပိုများကြသည်။

ရပ်ဝေး ထွက်လည်စရာကတော့ ကုန်ပြီ။ သို့ရာတွင် တောင်ကြီးမြို့နယ်နိမိတ်အတွင်းမှာပင် လည်စရာတွေက အများ ရှိနေသည်။

တောင်ချွန်းပေါ်၊ ဘုရားတောင်ပေါ်၊ မုန်ထဝဂူဆီ။ ကျွန်တော်တို့ လည်ပြီး ပျော်ပွဲစားထွက်ကြသည်။ ကျွန်တော်တို့ သွားလေရာ မိုးမိုးလည်း ပါလာတော့သည်။ သက်ကတော့ မလိုက်။ ဦးမျိုးဝင်းကတော့ ဟိုပုန်း ရေထွက်မှ အပြန် ၃ ရက်ခန့်၌ ရန်ကုန် ပြန်သွားသည်။

အခြား ဘာမှ လုပ်စရာမရှိလျှင် အောင်ထွန်းတို့နှင့် ဂေါက်ကွင်းလိုက်ပြီး ဂေါက်ရိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂေါက်ရိုက်ရာ၌ သံတုတ် နံပါတ် ၅ က အလွယ်ဆုံးဟု ဆိုသည်။

ကျွန်တော်တို့ သုံးဦးကို အောင်ထွန်းတို့ သုံးကောင်က သံတုတ် နံပါတ် ၅ တစ်ချောင်းစီ ပေးထားကြသည်။ ဘောလုံး တစ်ပတ်ရစ် တစ်ဒါဇင် ကိုလည်း လှူဒါန်းကြသည်။ ယင်းတစ်ဒါဇင်မှာလည်း ချုံထဲ ပျောက်၊ ရေထဲကျ နှင့် ခဏမှာပင် ကုန်သည်။ ကုန်ပြန်တော့ သူတို့က နောက်ထပ် တစ်ဒါဇင် ထုတ်ပေးကြပြန်၏။

စိန်ပန်းပြာပင်တို့ထက် နီလာပွင့်တွေ စင်သွားပြီ၊ ရွက်သစ်တွေပင် ရင့်လာပြီ၊ ငုစပ်တွေကတော့ တချို့အပင်တွေမှာ ကျန်သေးသည်။

မေလ တစ်ဝက်ကျိုးလျှင်ပင် တောင်ကြီး၌ မိုးကျ၏။

မြင်းခွာရွက်တွေ ထသန်သော မြေရိုင်းမြေလွတ် လမ်းဘေး မြက်ခင်းတွေမှာ ပန်းနုရောင်စပ် မိုးခြိမ်းပန်းတွေလည်း ထိုးထောင်ပေါ်လာ၏။

တက္ကသိုလ် အောင်စာရင်းများလည်း ထွက်လာ၏။

ကျွန်တော်၊ တင်မောင်နောင်၊ ကျော်အုံ၊ မြတ်နှင့်. . . အင်း. . . နှင်းပါ အားလုံး အောင်ကြပါသည်။ ကျွန်တော်ကမူ ဂုဏ်ထူးတန်းတက်ခွင့် ရကြောင်း ပါမောက္ခထံမှ စာကိုလည်း ရ၏။

တက္ကသိုလ်သို့ ပြန်ဖို့ ကျွန်တော်တို့ ပြင်ဆင်ကြသည်။

နည်းနည်းတော့ ကျွန်တော်တို့ ကြိုဆင်းရမည်။ တောင်ငူ ထပ်ဝင်ကြပြီး တင်မောင်နောင်တို့ အိမ်မှာ ၅ ရက်ခန့်တော့ ပြန်နေကြရဦးမည်။

သည်တော့မှ ကိုကို့ထံသို့ ကျွန်တော်သွားရန် ပြင်ဆင်သည်။ ဩော်. . . ယခုမှလည်း စိတ်က ကြံ့ခိုင်တန်သမျှ ကြံ့ခိုင်လာပြီ ဖြစ်သည်။

ကျွန်တော်က စံပယ်ပန်းတွေ ဝယ်ပြီး လက်ဆွဲခြင်း တစ်ခုတွင်းမှာ ထည့်၏။

"တင်မောင်နောင်ရေ. . . မင်းလည်း လိုက်ခဲ့ဦးကွာ"

"လိုက်မှာပေါ့ကွ၊ ဒါမှ ငါလည်း ကြွားစရာ ရမှာ"

"ဘာကြွားစရာလဲ"

"တင်မောင်နောင်တို့ သစ္စာ ဘယ်လောက် ရှိတယ် မရှိတယ်၊ သူငယ်ချင်းက ခေါ်ရင် သချိုင်းတောင် လိုက်တယ်လို့"

သည်ကောင်က မဖောက်သာဖောက်သာ ဖောက်လိုက်သေးသော ကြောင့် ကျွန်တော် ပြုံးရသည်။



သချိုင်းမုခ်ဝအထိ ကျွန်တော်တို့ ကားနှင့် သွားကြ၏။ အတွင်းဆီ တော့ ခြေကျင် လျှောက်ကြ၏။

"ပေး. . . မင့်ခြင်း၊ ငါလည်း ကူဆွဲခဲ့မယ်"

"နေပါစေကွာ. . . ပေါ့ပေါ့လေးဟာ"

"စထရော်ဘယ်ရီ ခြင်းတုန်းကလည်း ပေါ့ပေါ့လေးပဲ"

သည်တစ်ခါတော့ ကျွန်တော် မပြုံးနိုင်၊ ရင်မှာသာ လာခိုက်၏။

"မင်းကို ငါ တစ်ခု တောင်းပန်ချင်တယ် သူငယ်ချင်း"

"ရှိရှိသေသေပါလား. . . ဘာများလဲ. . . ဆို"

"မင်း ကျန်တာတွေမှာ နောက်ချင်တာ နောက်၊ နှင်းနဲ့ ပတ်သက်တာ တွေတော့ မနောက်နဲ့ကွာ"

"ဘာလဲ. . . မင်းက နှင်း ဆိုတာ ဒီလောကကြီးမှာ မရှိတော့ဘူးဆို မေ့ပစ်ချင်တယ်ပေါ့"

"အေး. . ."

"ဒါပေမဲ့ နှင်းက လောကကြီးထဲမှာ အကောင်လိုက်ကြီး ရှိနေသေး တယ်ကွ"

"ရှိရှိ. . ."

"ဟာ. . . တစ်စုံတစ်ရာကို မမေ့နိုင်ဘဲ ဖွတ်မေ့မပစ်ရဘူး၊ မင်းတို့ စိတ်ပညာကပဲ ဟောတာ"

သည်ဟာတော့ သည်ကောင် မှန်နေသည်။

"ငါက မေ့ပစ်ချင်တာရယ်လည်း မဟုတ်ပါဘူး"

"သတိမရချင်တာလို့များ လှည့်ပြောဦးမလို့လား"

"မဟုတ်ပါဘူး. . . မုန်းချင်တာ မုန်းပစ်ချင်တာ. . . သိပလား ကဲ. . ."

တင်မောင်နောင်က ခွက်ထိုးခွက်လန် အော်ရယ်သည်။

"မှော့ကောင် သချိုင်းထဲမှာ ဒီလောက် အော်ရယ်ရသလား"

"ကိစ္စမရှိဘူး၊ တစ္ဆေတွေက ငိုတာတွေချည်း တွေ့နေရလို့ ရယ်နည်း မေ့ချင် မေ့နေကြမှာ၊ အတုယူကြပါစေ"

"ဒုက္ခပါပဲ၊ ဒါထက် မင်းက ဘာရယ်တာလဲ"

"ရယ်တာပေါ့ကွ၊ မင်းက မုန်းပစ်ချင်တယ် ဆိုတာကို"

"ဒါ ရယ်စရာလား"

www.burmeseclassic.com

www.burmeseclassic.com



''ရယ်စရာပေါ့၊ မင်းက အသည်းနှလုံးကို ကူလီကူမာ သွားလုပ်လို့ မရဘူး၊ အသည်းနှလုံးကသာ လူကို ကူလီကူမာ လုပ်တာ''

''အဲဒါ ဘာစကားလဲ၊ နားမလည်ဘူး ပညာရှိ''

''ရှင်းရှင်းလေးရယ်... တက္ကသိုလ်မှာသာ နာမည်ပြောင်းလို့ ရတာ၊ အမြို့တွဲကနေ စောဘုန်းမြင့်၊ အမိနာကနေ စန်းလှဲ့ရီ၊ သာဂိကနေ မျိုးမင်းထွဋ်နိုဝ်မယ် ထင်သလို ပစ်အုပ်၊ ငွေ ၅ ကျပ် ပေးရင် ရတယ်၊ အဲ... အသည်းနှလုံးမှာတော့ မှတ်ပုံတင် ပြောင်းလို့ မရဘူး၊ ချစ်ပြီးပြီလား၊ ပြီးရင် အချစ်ပဲ၊ အမုန်း လုပ်လို့ နိမ်းပဲ... အမိနာဟာ အမိနာပဲ၊ စန်းလှဲ့ရီ ဖြစ်မလာဘူး၊ ရှင်းရဲ့လား''

''ရှင်းပါရဲ့၊ ဆက်ပါဦး''

''စိတ်ချ၊ ဆက်မယ်၊ ချစ်ပြီးရင် မုန်းလို့ မရဘူး၊ ရတယ် ပြောသူဟာလည်း စိတ်လှည့်စားနေတာ၊ စူဠသုဘဒ္ဒါဟာ မုန်းတယ် ထင်ပြီး ဆဒ္ဒန်ဆင်မင်းအစွယ်ကို ဖြတ်ခိုင်းတယ်၊ ရလာတော့ ဘာဖြစ်သွားသလဲ၊ ပက်လက်... အဲ... ရင်ကွဲပက်လက်၊ လွမ်းတာပေါ် နာတာနဲ့ ဆို့... ဆိုတာက ဇာတ်ထဲမှာ ပြောတဲ့ စကား၊ မင်း အပြင်မှာ တကယ်ဆို့ကြည့်ပါလား၊ လွမ်းတာက သတ်သတ်၊ နာတာက သတ်သတ်၊ ခေါင်းကိုက် ပျောက်အောင် ဗိုက်နာကြည့်ပါလား၊ အထက်ကိုက် အောက်နာချည်းပဲ ဖြစ်မှာ ကိုယ့်လူ၊ မယုံ စမ်းကြည့်''

သည်သတ္တဝါ ကြီကြီဖန်ဖန် ပြောသည်။ သူ့ဟာတွေကို ငြင်းရလည်း အခက်။

ကျွန်တော်လည်း သချိုင်းထဲတွင် ရယ်မိ၏။

''ဒါဖြင့် ဘာလုပ်ရမလဲ၊ သူ့ကိုပဲ တသသ သတိရနေရမလား''

''ဒီလိုလည်း မဟုတ်ဘူး၊ သူ့အရှိန်လေးနဲ့ သူ သွားပါစေ၊ အချိန်တန်ရင် ရပ်သွားလိမ့်မယ်၊ မင်းတို့ ခု... တောင်ကြီးမှာလိုပေါ့၊ အချိန်တန်တော့ စိန်ပန်းပြာတွေ ပျောက်သွားတယ်၊ မိုးခြိမ်းပန်းတွေ ဝေါက်တောက် ထွက်လာတယ်၊ မင်း ရင်ထဲလည်း အချိန်တန်ရင် မိုးခြိမ်းပန်း ဝေါက်တောက် ထွက်လာလိမ့်မယ်၊ အဟီး... မပူနဲ့''

စကား တပြောပြောနှင့် လာကြသည်မှာ ကိုကို့ဂူနား ရောက်လာ၏။

တစ်မိုး မကြုံရသေးသော ဂူသစ် ဖြစ်သောကြောင့် ကိုကို့ဂူမှာ တောက်တောက်ပပပင် ရှိနေ၏။



တင်မောင်နောင်နှင့် စကားပြောလာစဉ်က ရွှင်ကြည်နေသော စိတ်မှာ ဂူကို မြင်တော့ ပြန်လည်ညှိုးမှိုင်းလာ၏။

အဟောင်းကိုတော့ အသစ် ဖြစ်လာကုန်သည်။ ယမ်စဉ်ကတည်းက မခွဲတဲ နေလာခဲ့ရသူတစ်ယောက်သည် ဂူအောက်အခြေ မြေထဲမှာ ဖုံဖုံလွှမ်းလွှမ်း ဆိတ်ဆိတ်သုဉ်းသုဉ်း နေရပြီကို သတိပြုမိတော့ ရင်က နာသည်။ မျက်ရည်က ဝဲ၏။ ဩော်... သည်ဟာကြောင့်လည်း ဝိပဿနာသမားအချို့က ဂူသွင်း သင်္ဂြိုဟ်ခြင်းကို အနိစ္စကို နိစ္စပြုသည်ဟု ဝေဖန်ပြစ်တင်ကြဟန် ရှိသည်။

ကျွန်တော်သည် ကိုကို့ဂူပေါ်တွင် စံပယ်ပန်းများကို မွှေ့ရာကျင်းသည့်နှယ် ခင်းဖြန့်၏။ တင်မောင်နောင်သည် တည်ကြည်သော မျက်နှာထားနှင့် ကျွန်တော့်ကို ကြည့်၏။

ပန်းခင်းပြီးသောအခါ ကိုကို့ဂူခြေရင်း မြေတွင် ထိုင်၍ ကျွန်တော် လက်အုပ်ချီ ကန်တော့သည်။

''ကိုကိုရေ... ကိုကို့အပေါ်မှာ အငယ် ဆိုးခဲ့တာတွေ၊ ပြစ်မှားကျူးလွန်ခဲ့မိတာတွေကို ခွင့်လွှတ်ပါ၊ သူတစ်ပါး ချစ်ခြင်းကို ခွင်းတဲ့ အကုသိုလ်အလုပ်မျိုးတွေကိုလည်း အငယ် မလုပ်တော့ပါဘူး၊ အငယ့်မှာ ရှိသမျှ ကုသိုလ်တွေကိုလည်း အမျှပေးဝေပါတယ်၊ ကိုကိုရေ... အမျှ အမျှ အမျှ...''

စိမ့်ထွက်လာသော မျက်ရည်တို့ကို သုတ်ပစ်ပြီး ကျွန်တော် ထိုင်ရာမှ ထလိုက်၏။

ဂူခေါင်းရင်းပိုင်းတွင် တင်မောင်နောင်သည် တစ်စုံတစ်ရာကို စိတ်ဝင်စားစွာ ငုံ့ကြည့်နေ၏။

''မင်း... ဘာကြည့်နေတာလဲ တင်မောင်နောင်''

တင်မောင်နောင်က ကျွန်တော့်ဘက် လှည့်ကြည့်ပြီး ဖြေ၏။

''သစ်ပင်လေး စိုက်ထားတာကိုကွ''

''ဘာရယ်...''

''သစ်ပင်လေး... စွယ်တော်ပင်လေး... မင်းတို့ တောင်ကြီး သချိုင်းက ဂူမှာ သစ်ပင် စိုက်ပေးသလား''

''ကြီကြီဖန်ဖန်''

''သိဘူးလေ... နိုင်ငံခြားမှာ ဂူတွေဘေး ပန်းစိုက်ပေးကြတာ ရုပ်ရှင်ထဲ တွေ့ဖူးတယ်။ မင်းတို့ မြို့ကလည်း ဥရောပဆန်ဆန် မြို့မို့ နိုင်ပဲ လုပ်ပေးထားသလားလို့''

www.burmeseclassic.com



"မဟုတ်ပါဘူး၊ အလေ့ကျပေါက်နေတာ ဖြစ်မှာပါ"

တင်မောင်နောင်က ခေါင်းခါသည်။

"ဤဖေစကိုယ်ရဲ့ အရည်အချင်းကောင်း မြောက်မြားစွာအနက် ရှားရှားစွာ မြင်တတ်သော စွမ်းရည်သတ္တိလည်း တစ်ခု အပါအဝင်ပဲ။ ဒါ စိုက်ထားတာ..."

"ဩော်... အရေးထဲ သချိုင်းကုန်း လာပြီး ကိုယ့်ကိုယ်ကိုယ် သိဒ္ဓိတင်နေပြန်ပါပြီ။ မှန်း... ကြည့်ရအောင်"

တင်မောင်နောင် ပြောသည်မှာ မှန်၏။

စွယ်တော်ပင်လေးမှာ ၃ ပေခန့် မြင့်သည်။ အပင်ကို ဝိုင်း၍ ဝါးခြမ်း ကြားကာပေးထားသည်။ ပင်စည် မတ်ရန် မြေစိုက်တိုင်နှင့်ပင် ပူးနှောင်ပေး ထား၏။

"အေး... ဟုတ်တယ် ဒါ စိုက်ထားတာပဲ"

"ငါ ပြောရင် မလွဲပါဘူး၊ မင့်ဒေါ်လေးများ လာစိုက်ထားတာလား။ အေး... ဟုတ်သားပဲ မင့်ဒေါ်လေးက အပျိုကြီးဥစ္စာ"

"ဘာဆိုင်လဲကွ အပျိုကြီးနဲ့"

"စိတ်ကူးမယဉ်တတ်လို့ အပျိုကြီး ဖြစ်နေရရှာတာပေါ့ကွ..."

"တော်စမ်းပါ၊ ဘယ်လိုကောင်လဲ။ သူ့ဘာသာသူ အပျိုကြီး လုပ်နေတဲ့ သူကိုလည်း ချမ်းသာမပေးဘူး"

ကျွန်တော်သည် စွယ်တော်ပင်ကလေးကို သေချာစွာ ကြည့်မိပြန်သည်။ ထိုခဏ၌ ကျွန်တော် မျက်လုံးပြူးသွားမိ၏။

"ဟယ်... ဒါဟာ တို့အိမ်က အမျိုး"

"မင့်အစ်ကိုကို ပြောတာလား၊ အေးပေါ့... အစ်ကိုဆိုတာ အမျိုး အရင်းကြီး ရှိသေးတာ"

"မင်း ဘိုးအေ အရင်းကြီး ရှိသေး၊ ငါ ပြောတာက စွယ်တော်ပင်ကို ပြောတာ"

"အဲဒီလို အစက ရှင်းရှင်း ပြောပါလား၊ ကဲ... ဆိုစမ်းပါဦး။ ဘယ်လို မင်းတို့အိမ်က အမျိုးလဲ"

"တို့ တောင်ကြီးမှာ အလေ့ကျပေါက်တာက အနီသမ်းတဲ့ စွယ်တော်။ ကိုကိုက ဆွတ်ဆွတ်ဖြူမျိုး လိုချင်လို့ ငါ ဖက်စ်ယီးယားတုန်းက တို့ တက္ကသိုလ် ထဲက မျိုး ယူလာတာ။ အရွက်ချင်းလည်း မတူဘူး။ ဒီက အရွက်တွေက



နည်းနည်းလေး ရှည်တယ်။ ပြီးတော့ နည်းနည်းပိုကြမ်းတယ်။ ဟိုက ပိုဝိုင်း တယ်။ နူးလည်း ပိုနူးညံ့တယ်။ အခု ဒီအပင်က အဲဒါမျိုး..."

တင်မောင်နောင်က သူ့နှဖူး သူ ရိုက်သည်။

"ငါ တစ်ချီ လွဲသွားပြန်ပြီ"

"ဘာလွဲတာလဲ"

"မင်း ဒေါ်လေး စိတ်ကူးမယဉ်တတ်တာ ဟုတ်မယ် ပြောမိတာ"

"ဘာဖြစ်လို့..."

"ဟာ... မင့်ကြီးတော်ကြီး အဲလေ... ဒေါ်လေး စိတ်ကူးမယဉ် တတ်ဘဲနဲ့ ဒီအပင်က ဒီ ဘယ်လိုလုပ် ရောက်နေရမလဲ"

ဤသည်မှာလည်း စဉ်းစားဖွယ်ပင် ဖြစ်၏။

"အေး... အိမ်ကျမှ ဒေါ်လေးကို မေးကြည့်ရမှာပဲ"

ကျွန်တော်တို့သည် ဂူအပါးမှ ခွာလာခဲ့ကြသည်။

မှဝ်ဝဘက် လျှောက်လာစဉ် စိန်ပန်းပြာပင်အနီး ရောက်သော် ကျွန်တော်သည် ခေတ္တရပ်လိုက်မိ၏။

"ဘာလဲကွ... ဘာဖြစ်တာလဲ"

ကျွန်တော်က ပြုံးမိသည်။ ဘာကြောင့် ပြုံးမိမှန်းလည်း မသိ။

"ပြောလေကွာ... ဘာလဲ"

"ငါ သက်ကို စ,တွေ့တာ ဒီသစ်ပင်အောက်မှာ"

"ဒီသချိုင်းကုန်းထဲက ဒီသစ်ပင်အောက်မှာ... လုပ် လုပ် လုပ်... လုပ်စမ်းပါဦး၊ ကြားချင်တယ်နော..."

"ကိုကို့ ဈာပနနေ့က တခြားလူတွေ ပြန်ကုန်ပြီ။ ငါက ဦးလေးစံတင် နဲ့ ဂူကြမ်း ကိုင်တာ စောင့်ကြည့်နေတယ်။ ငါက အဲဟို ဂူအဟောင်းမှာ မှီပြီး ရပ်နေတယ်။ သက်က ဒီသစ်ပင်အောက်မှာ"

"သက်က ဘာလုပ်နေတာလဲ"

"ကိုကို့ဂူဘက်ကို ကြည့်နေတယ်။ ငါ ကောင်းကောင်း မှတ်မိတယ်။ ထဘီက အဝါရှင်းရှင်းလေး။ အင်္ကျီက အဖြူ... ဆွတ်ဆွတ်ဖြူ။ ဆံပင်ကို တော့ မင်း ဟိုနေ့က တွေ့တဲ့အတိုင်းပဲ။ တစ်ပတ်လျှိုပြီး ပခုံးကျော်လို့ ရင်မှာ ချထားတယ်။ ပြီးတော့... ပခုံးပေါ်မှာက တဘက်ကလေးနဲ့၊ ယောဒီးရောင် တဘက်ကလေးနဲ့၊ ငါ အမှန် ပြောပါမယ်။ အဲဒီတုန်းကတော့ ရင်မှုနေတဲ့ကြား

www.burmeseclassic.com

www.burmeseclassic.com



က လှလွန်းလို့ ငါ ငေးကြည့်မိခဲ့တယ်။ နေရောင်ဖျော့ဖျော့ဟာလည်း ရွှေရောင်လို ကျနေတယ်။ သက်ရဲ့ ကိုယ်ပေါ်မှာ ကျနေတယ်''

တင်မောင်နောင်သည် ကျွန်တော့်မျက်နှာကို အလွန်အံ့သြလှဟန်ဖြင့် ကြည့်နေပြီးမှ မေး၏။

''စောတွေး… ဒါတွေကို မင်း စိတ်ကူးယဉ်ပြီး ပြောနေတာ မဟုတ်ပါဘူးနော်''

''ငါက ဘာလို့ စိတ်ကူးယဉ်ပြီး ပြောရမှာလဲ။ နေတော့… နား မထောင်ချင်ရင်''

''သြော်… ဒေါသချည်းပဲ။ ဒါပေမဲ့… ငါ ထပ်မေးဦးမယ်။ မင်း ခုနက ပြောတာတွေကို မင်း ဘယ်စာအုပ်ထဲမှာမှ မဖတ်ဖူးဘူး။ ဘယ်သူကမှ တစ်ဆင့် ပြောပြတာလည်း မဟုတ်ဘူး။ ဟုတ်တယ် နော်''

''ဘာလဲ… မဟုတ်ဘူး ဟုတ်တယ် ဆိုတာ''

''ဟော… ဟိုဒင်း… မင်း ခုနက ပြောနေတာတွေ''

''ခက်ရချည်ရဲ့… ငါ ပြောတာတွေ မင်း မယုံဘူးလား''

''မယုံတာ မဟုတ်ဘူး။ မယုံလောက်အောင် ငါ အံ့သြနေတာ။ မြတ်စွာဘုရား ကိုယ်တော့်မြတ်ကြီး… ရာဇဝင်ဘီးဟာ ပြောင်းပြန်များ တစ်ပတ် ပြန်လည်တာလား။ ဒါမှမဟုတ် တစ်ပတ် ပြန်စေ့လို့ ဇာတ်ကြောင်း ထပ်တာလား''

''ဟေ့ကောင်… ဘာတွေ ကြီးကြီးကျယ်ကျယ် ညည်းနေတာလဲ''

''ညည်းနေတာ မဟုတ်ဘူး၊ အံ့သြနေတာ''

''ဘာအံ့သြနေတာလဲ''

''မင်း သိရဲ့လား၊ မင်း ခုနက ပြောနေတာဟာ နတ်သျှင်နောင်နဲ့ ဓာတုကလျာ စတွေ့ကြရပုံအတိုင်းပဲ။ အေး… တစ်ထေရာတည်း နီးပါးပဲ''

''တကယ်…''

''တကယ်… အဟုတ်''

''မင်း ဘယ်လိုလုပ် သိသလဲ''

တင်မောင်နောင်သည် မခံချင်ဟန်ဖြင့် ရင်ကော့ကာ လက်မနှင့် ထောက်ပြ၏။

''ငါ မြန်မာစာပေ ကျောင်းသားကြီး၊ ပြီးတော့ ကေတုမတီ တောင်ငူသား အစစ်၊ ငါ့နာမည် တင်မောင် ရှေ့က နောင် ပါတယ်''



''အင်းပါ… ဒါတွေက သိပြီးသားတွေပါ၊ မိန့်မှာကိုသာ ဆက်မိန့်ပါ''

''အေး… ဒီနေရာမှာတော့ မြန်မာစာပေရဲ့ ဖခင်ကြီးတစ်ဦး ဖြစ်တဲ့ လယ်တီပဏ္ဍိတ ဦးမောင်ကြီးကို ငါ ဝေဖန်ရလိမ့်မယ်။ ဦးမောင်ကြီးက နတ်သျှင်နောင် ဝတ္ထုကြီးကို ရေးခဲ့တယ်။ ဝတ္ထုကို ရသမြောက်အောင် တစ်ခုတည်းသာ အာရုံပြုခဲ့တော့ သမိုင်း အချက်အလက်တွေ လွဲနေခဲ့တယ်။ သူ့ဝတ္ထုထဲမှာ နတ်သျှင်နောင်နဲ့ ဓာတုကလျာဟာ အစောကြီးကတည်းက ကြိုက်နေပုံ ရေးထားတယ်။ ဒီတုန်း ဟံသာဝတီဘုရင် ငါးဆူဒါယကာရဲ့ သား အိမ်ရှေ့မင်းက ဓာတုကလျာ ဖွတ်သိမ်းပိုက်ပုံ။ အဲဒါကို နတ်သျှင်နောင်က မကျေလို့ အကောက်ကြံတာမို့ ယိုးဒယား အချီမှာ အိမ်ရှေ့မင်း ကျရပုံ၊ အဲဒီသဘောမျိုး လူတွေက သိနေကြတယ်၊ အမှန် သမိုင်းအချက်တွေနဲ့ လွဲနေတယ်''

''ဘယ်လို လွဲနေတာလဲ''

ဓာတုကလျာ မွေးတဲ့ နှစ်၊ အိမ်ရှေ့မင်းက ခမည်းတော် ယိုးဒယား ချီတုန်း ဓာတုကလျာကို ဖွတ်သိမ်းပိုက်တယ် ဆိုတဲ့ နှစ်၊ အိမ်ရှေ့မင်း ကျတဲ့ နှစ်၊ နတ်သျှင်နောင်ရဲ့ မွေးသက္ကရာဇ်၊ အဲဒါတွေ အားလုံးဟာ သမိုင်းမှာ ရှာလို့ တွေ့တယ်။ ဒီတော့ ဘာဖြစ်နေသလဲ ဆိုတော့ ဓာတုကလျာကို အိမ်ရှေ့မင်းက သိမ်းပိုက်တယ်ဆိုတဲ့ နှစ်မှာ နတ်သျှင်နောင်ဟာ အရွယ်မရောက်သေးတဲ့ ကလေးတစ်ယောက်ပဲ ရှိနေသေးတယ်။ ကလေးတစ်ယောက်က ရည်းစား ဘယ်လို ထားမလဲ''

''အေး အေး… ဆိုပါဦး''

''အမှန် ဖြစ်ရပ်က ဓာတုကလျာကို မုဆိုးမလေး ဖြစ်မှ နတ်သျှင်နောင် တွေ့ဖူးရရှာတာ၊ စတွေ့တာကလည်း ဈာပနမှာ''

''ဟော… ဈာပနမှာ''

''ဟုတ်တယ်၊ အိမ်ရှေ့မင်း ယိုးဒယားချီတော့ တောင်ငူတပ်နဲ့ နတ်သျှင်နောင် ပါရတယ်။ အိမ်ရှေ့မင်း ကျလို့ ဆုတ်ရတဲ့အခါမှာ တောင်ငူတပ်တွေက နောက်ခံ အသေခံတပ်တွေအဖြစ်နဲ့ ဆုတ်စစ် အောင်အောင် တိုက်ခဲ့ကြရတယ်။ ဟံသာဝတီ ပြန်ရောက်ကြတော့ အိမ်ရှေ့မင်းရဲ့ အလောင်းတော်ဘေးမှာ ဂုဏ်ပြုခံတပ်မှူး မင်းသားတစ်ပါးအဖြစ်နဲ့ နတ်သျှင်နောင် လိုက်ရတာပေါ့။ အိမ်ရှေ့မင်းရဲ့ ရုပ်ကလာပ် ဖြစ်ပေမဲ့ ထုံးတမ်းစဉ်လာအရ အလောင်းကို မြို့တွင်း မသွင်းရဘူး။ ဓာတုကလျာဟာ ကြင်ယာတော်ရဲ့ ရုပ်ကလာပ်ကို မြို့ပြင် ထွက်ပြီး ဆီးကြိုဖူးမြော် ကန်တော့ရရှာတယ်။ အဲဒီအချိန်မှာ…''

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နောင်သည် စကားလုံး ရွေးချယ်ဟန် ခေတ္တနားလိုက်၏။

"ရင့်မြရွှေကျန်၊ ရှက်မပွန့်တည့်၊ ဝါကြန်နီမောင်း ပင်တိုင်းပြောင်းက၊ ဆိုတဲ့ စာအရ ရွှေဦး ဖြစ်ပေလိမ့်မယ်။ ဓာတုကလျာဟာ အမူမလုပ်ဘဲ အပူရှုပ်ကလေးနဲ့ ဆံပင်ကို ထူးထူးထွေထွေမှ မပြုပြင်နိုင်၊ ပတ်လျောဆံကြာ၊ ကျတိုင်းသာကလေးနဲ့ပေါ့၊ ရွှေဝါပိတ်ရှင်း ကိုယ်ဝတ်တော် ဝင်းဝင်းကလေးကို ရိုးရိုးလေး ဆင်လို့၊ ကျနေကလေးကလည်း လှဲ့လှဲ့လေးများ ထိုးမလား မသိဘူး။ ပဝါလေးတစ်ထည်လည်း ပါပေမှာ မလွဲဘူး။ အဲဒီလို သနောင့်သနားဖွယ် အမူအယူနဲ့ ဓာတုဆွေကို နတ်သျှင်နောင်ဟာ ရှေးဦးစွာ ပထမအနေနဲ့ စတွေ့ခဲ့လေတယ်။ ကဲ… မင်းတို့ စတွေ့ကြရပုံနဲ့ မတူလား"

ကျွန်တော်က တုန်လှုပ်စွာနှင့် ငြင်း၏။

"ဘာဆိုင်လို့လဲကွ"

"တွေ့ကြတာတွေ တူတာကို ပြောပြတာ"

"အေး… အဲဒါ တစ်ခုပဲ တူတယ်။ ကျန်တာ ဘာမှ မတူဘူး"

"နောင်တော့ တူချင် တူလာမှာပေါ့။ ဟိုဒင်း… မင့်ရင်ထဲ မိုးခြိမ်းပန်းတွေ ပွင့်တဲ့အချိန်"

"တော်စမ်းပါ၊ လာ ပြန်ကြမယ်"

အိမ်ပြန်ရောက်လျှင် ရောက်ကြချင်း ကျွန်တော်တို့သည် ဒေါ်လေးဆီ တန်းသွားကြ၏။

ဒေါ်လေးကိုပါမက အဆင်သင့်ပင် ဦးစံတင်ကိုပါ တွေ့ရသည်။

"ဒေါ်လေး… ကိုကို့ဂူနားက အပင်ဟာ ဒေါ်လေး စိုက်ထားတာလား"

"ဘာလဲ… ဘာအပင်…"

"ဟိုဒင်း… စွယ်တော်ပင်၊ ကျွန်တော်တို့ ခြံထဲက အဖြူမျိုး"

"နှင့်ခြံထဲက အပင်တွေက ပွင့်မှ မပွင့်သေးဘဲ၊ သေးသေးလေးတွေဟာ…"

"ဟုတ်ပါတယ်၊ အဲဒီအမျိုးကို ပြောတာ၊ ကိုကို့ဂူနားမှာ ကျကျနန တစ်ပင် လာစိုက်ထားတယ်။ အဲဒါ ဒေါ်လေး စိုက်ထားတာလား"

"ကြီးကြီးစည်ရာတော် ကျုပ်က ဘာလုပ်ဖို့ စိုက်ရမှာလဲ"

တင်မောင်နောင်က လွဲပဟော့ဟု ဆိုဟန် မျက်လုံးပြူးပြ၏။

"ဒါဖြင့် ဦးလေးများ သွားစိုက်ထားလား"



ဦးစံတင်က ခေါင်းခါ ငြင်း၏။

"စွပ်စွပ်စွဲစွဲကွာ… သင်္ချိုင်းကုန်းသွား စွယ်တော်ပင် စိုက်ရမယ်လို့ မင်းက လူ အရူးမှတ်လို့လား"

"ဒါဖြင့် ဘယ်သူ သွားစိုက်ထားသလဲ"

"ဘယ်သိမလဲကွ၊ နေပါဦး။ မင်း မြင်ခဲ့တာ သေချာရဲ့နော်"

"ဩော်… မြင်ခဲ့ပါတယ်ဆိုမှ"

"ဟုတ်မှ လုပ်စမ်းပါ အငယ်ရာ။ ဒီမှာဟော့ မောင်တင်မောင်နောင် နောင်မောင်၊ မင့်နာမည်ကလည်း အခေါ် ခက်လိုက်တာ"

"တင်မောင်နောင်နောင်မောင် မဟုတ်ဘူး ဦးလေးရ၊ ကျွန်တော့် နာမည် တင်မောင်နောင်"

"အေးလေ… မောင်နောင်နောင်ရဲ့၊ မင့်သူငယ်ချင်းက မရှိတာတွေ မြင်ချင် မြင်တာ၊ ဟိုတစ်ခါတုန်းကလည်း သင်္ချိုင်းထဲ မိန်းမလှလှတစ်ယောက်တဲ့၊ ငါ လိုက်ကြည့်တော့လည်း မတွေ့ဘူး"

"အခု တစ်ခါက တကယ် တွေ့ခဲ့တာပါ၊ ကျွန်တော်လည်း တွေ့တယ်"

"အယ်… ဒါဖြင့် မင်းတို့ သူငယ်ချင်း နှစ်ယောက်စလုံး ဟုတ်မှ ဟုတ်ကြသေးရဲ့လားကွာ"

တင်မောင်နောင် အခန်းတွင်းမှ လစ်တော့၏။ ကျွန်တော်ပါ သူ့နောက် ပြေးလိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၄

ကိုကို့ ဂူဆီ ရန်ကုန်သို့ ပြန်ခါနီးမှ ကျွန်တော် သွားဝံ့ခဲ့သည်။

ထိုနည်းတူစွာ ရန်ကုန်သို့ မပြန်မီ တစ်ရက်အလိုကျမှ မမြနွဲ့တို့ အိမ်သို့ သွားလည်ရန် ကျွန်တော် စိတ်ဆုံးဖြတ်သည်။

အမှန်က မမြနွဲ့တို့ အိမ် သွားလည်ရမည့် ဝတ္တရားကို ကျွန်တော် မမေ့ခဲ့ပါ။ သွားလည်ရမည်ကို စိတ်တွင်း၌ တွန့်နေမိခြင်းသာ ရှိသည်။

မမြနွဲ့တို့အိမ်ဆီ သွားရခြင်းမှာ ကျွန်တော့်အတွက် ငယ်ငယ်က ဘဝဟောင်းသို့ ပြန်သွားရသည်ကဲ့သို့ အမြဲ ခံစားရသည်။ ယခင်ကတော့ ယင်းသို့ ခံစားရသည်ကို ကြည်နူးမိသောကြောင့် မကြာခဏ သွားခဲ့သည်။ ယခုတော့ ယင်းသို့ ခံစားရမည်ကို ကြောက်သောကြောင့် သွားရန် တွန့်ဆုတ်နေမိခဲ့သည်။

ဘဝဟောင်းနှင့် တူရာသို့ ပြန်သွားလေလေ... ကိုကို့ကို သတိရမိလေလေ ဖြစ်မည်။ မောင်မြဦးနှင့် မောင်ညီတို့၏ ဘဝကို မြင်လျှင် ကျွန်တော်တို့ ညီအစ်ကို၏ ဘဝကို ပိုလွမ်းမိလေမည်။

သို့ရာတွင် တစ်ခေါက်မှ မသွားပြန်ကလည်း ခမျာ မိသားစုတို့ ဝမ်းနည်းရှာကြလေဦးမည်။



မမြနွဲ့ကို အိမ်တွင် တွေ့နိုင်သော ညနေပိုင်း၌ သွားလည်ရန် စီစဉ်သည်။

ကျွန်တော်တို့ တိုက်မှ ထွက်မည့်အလုပ်တွင် သတင်းစာများ ရောက်လာသည်။

တင်မောင်နောင်က သတင်းစာတစ်စောင် ကောက်ကိုင်သည်။

"ဟော့ကောင်... သွားခါနီး လာခါနီးကွာ... ပြန်လာမှ ဖတ်"

"ခဏလေးပါကွ၊ မက်ထရစ် အောင်စာရင်း ပါသလားလို့"

"အမယ်... မင်းက ဘာလုပ်မလို့လဲ"

"မိုးမိုးအတွက်လေ... မိုးမိုး ဖြေထားတယ် မဟုတ်လား"

"ဂျီစီအီးသမားက တစ်ဘာသာတည်း ဖြေထားတာ၊ အောင်စာရင်းထဲ ပါမလားကွ"

"ပါလိုပါငြားပေါ့ကွာ"

တင်မောင်နောင်သည် သတင်းစာကို ဟိုလှန်သည်လှန် လှန်ကြည့်နေရာမှ 'ဟိုက်' ဟု ရုတ်တရက် အော်လိုက်၏။

"ဘာလဲကွ... အလန့်တကြား"

တင်မောင်နောင်က သတင်းစာ စာမျက်နှာကို ဖုံးပစ်မည်ပြုသေးသည်။ ထိုနောက်မှ–

"ဟယ်... မထူးတော့ပါဘူး ရော့ ကြည့်" ဟု ဆိုကာ လှမ်းပေးသည်။

ကျွန်တော်က သတင်းစာကို လှမ်းယူပြီး ကြည့်၏။

"ဩော်..."

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မောင်လှခင် (အမ်ဘီဘီအက်စ်)

နှင့်

နှင်း (ဝိဇ္ဇာ နောက်ဆုံးနှစ်)

သည့်အောက်မှာတော့ မိဘဆွေမျိုး ဂုဏ်ထူးဝိသေသများနှင့် ရှည်လျားသော စာကြောင်းများ။

သို့ရာတွင် ကျွန်တော့်အတွက် ရှေ့ဆက် ဖတ်ရန် မလိုတော့ပါပြီ။

နှင်း... စေ့စပ်ကြောင်းလမ်းလိုက်ပြီ။

လုံလောက်ပါပြီ၊ သည့်အပြင် ဘာပိုသိဖို့ လိုပါသေးသနည်း။

ဩော်... စိတ်သည် ထင်သည်ထက် ပျော့ပါသေးတကား။

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်တော့ပါ၊ ပြီးပြတ်ပါပြီ၊ သည်လို ဆုံးဖြတ်သည့်ကြားက သည် ကြော်ငြာ မြင်တော့ ရင်က ဆို့ချင်၊ အသည်းက နင့်ချင်သား။

တင်မောင်နောင်က အကဲခတ်သည့်ဟန် ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။

ကျွန်တော်က မချိပြုံး ပြုံးပြရ၏။

"ဝတ္ထုတစ်ပုဒ် ဆုံးရင်.. ဆုံးလိုက်ရုံနဲ့ မပြီးဘူး၊ စာရေးဆရာက ပြီးပါပြီ လို့ ရေးထည့်ရတယ်။ ဒီသဘောပါပဲကွာ။ ကဲ လာ.. တို့ သွားစရာ ရှိတာ သွားကြမယ်"

သည်တစ်ကြိမ် ကျွန်တော်တို့ ကားနှင့် မသွားကြ။ လမ်းလျှောက်ကြသည်။

မူလကတော့ ခွဲခွာရမည့် တောင်ကြီးမြေဝယ် တစ်ဝ လမ်းလျှောက်ချင်သည်ဟု တင်မောင်နောင်က ပြောထားသောကြောင့် ဖြစ်သည်။ ယခု ကျွန်တော်ကိုယ်တိုင်လည်း လမ်းလျှောက်ချင်သည်။ စိတ်လှုပ်ရှားနေခိုက် ကားမောင်းရသည်ထက် လမ်းလျှောက်ရခြင်းက ပို၍ ဘေးကင်းသည့်၊ စိတ်ကိုလည်း လွှင့်ချင်ရာ လွှတ်ထားနိုင်၏။

လမ်းဘေးတစ်လျှောက် မြက်တောတွေထဲတွင် မိုးခြိမ်းပန်းတွေ ဖြိုင်ဖြိုင် ပေါက်နေကြသည်။ လမ်းတစ်ဖက်တစ်ချက်မှာ ပန်းမွေ့ရာ ထူထူခင်း ထားလေဘိသည့်အလား။

စကား မပြောမိဘဲ အတန်ကြာ လျှောက်လာကြပြီးမှ တင်မောင်နောင်က မေးသည်။

"စောထွေး၊ မင်း သိပ်စိတ်ထိခိုက်သွားသလား"

"ငါ မညာပါဘူး၊ ထိခိုက်တယ်၊ အင်း.. ကိုကို့အလောင်းကို ခေါင်းသွင်းချိန် သွားသတိရလိုက်တယ်"

"ဘယ်လို.."

"သေပြီး အလောင်းပြင်ထားတဲ့အထိတော့ လုံးလုံး မဆုံးသေးဘူးလို့ စိတ်ကို လှည့်စားထားလို့ရတယ်၊ ခေါင်းသွင်းပြီ ဆိုတော့မှ အမှန်တရားက အလဲထိုး အနိုင်ယူလိုက်တယ်၊ အခုလည်း ဒီလိုပဲ၊ အေးလေ.. သူများ မင်္ဂလာကို ငါက အမင်္ဂလာနဲ့ မနှိုင်းလိုတော့ပါဘူး"

အောင်ချမ်းသာရပ်ကွက် ရောက်၍ မမြနွဲ့တို့ ဝင်းကလေးအတွင်း ဝင်လိုက်သောအခါ မောင်ညီက ထုံးစံအတိုင်း ကစားနေသည်။ ပြတင်းမှ



ကိုယ်တစ်ခြမ်း ထွက်ကာ ရပ်နေသော မမြနွဲ့က ဝမ်းသာအားရ လှမ်းအော်သည်။

"ဟော.. ကိုစောထွေး၊ မြနွဲ့ ထင်သားပဲ၊ တစ်ခေါက်တော့ လာဖြစ်အောင် လာမှာပဲလို့၊ လာ လာ တက်ကြ"

ကျွန်တော်တို့ အပေါ်ထပ် ရောက်သောအခါ မမြနွဲ့က ကုလားထိုင်များ ထိုးပေးသည်။ ပြီးတော့ ထုံးစံအတိုင်းပင် အိမ်တွင်းခန်းသို့ ဝင်သွား၏။

တင်မောင်နောင်က တိုးတိုး မှတ်ချက်ချ၏။

"သိပ်ယဉ်တယ်.. နော"

ကျွန်တော်က ပြုံးရုံ ပြုံးနေ၏။

မမြနွဲ့သည် အဖန်အိုးနှင့် ပန်းကန်များ ယူ၍ ပြန်ထွက်လာ၏။

မမြနွဲ့က မျက်နှာတွင် သနပ်ခါး ရေကျဲလေးသာ လူးထား၏။ ညက်သော အသားသည် စိုဝင်းနေ၏။ ချည်ထဘီ၊ ချည်အင်္ကျီ ဝတ်ထားလျက်က ပြည့်တင်း အချိုးကျသော ကိုယ်၏ အလှသည် ပေါ်ထင်နေ၏။

မမြနွဲ့က မျက်လွှာချထားခိုက်၌ တင်မောင်နောင်က ရွှန်းရွှန်းစားစား ကြည့်နေသည်။

ကျွန်တော်က အိမ်လေးကို အကဲခတ်ကြည့်သည်။

ထရံများက အသစ် ဖြစ်နေ၏။ အတွင်းခန်းကတော့ သုံးထပ်သားနှင့် ဖြစ်နေပြီ။ ကြမ်းမှာလည်း လျှာထိုးအကြမ်းစားတည်း။

"မောင်မြဦးကော.."

"အစော ရှိသေးတာ၊ ဂေါက်ကွင်းက ဘယ်ပြန်လာဦးမလဲ"

တင်မောင်နောင်နှင့် ကျွန်တော်တို့သည် လက်ဖက်ရည် အဖန် တစ်ခွက်စီ သောက်ကြ၏။

"မမြနွဲ့ရေ.. ခုမှ လာရတာကို ခွင့်လွှတ်နော်"

"ကိစ္စမရှိပါဘူး ကိုစောထွေးရယ်၊ တစ်ခေါက် ရောက်ရင် မြနွဲ့တို့က ကျေနပ်ပါပြီ၊ ဘယ်တော့ ပြန်မှာလဲ"

"နက်ဖြန်"

"အို.. ကပ်နေပြီပဲ"

မမြနွဲ့၏ အသံ၌ ဝမ်းနည်းမှု ငွေ့ငွေ့ ပါသည်။ ကျွန်တော် ထင်၏။

"အိမ်ပြင်ထားတာတော့ ကျွန်တော် မြင်ပြီ၊ ကျွန်တာကော ကျွန်တော် ပြောသလို ရပ်ထားရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"မြနွဲ့ ငွေစုလက်မှတ် ဝယ်ထားပါတယ်"

"အင်း အင်း… ကောင်းတယ်၊ ကောင်းတယ်"

ရောက်အောင်သာ လာခဲ့ရသည်။ ကျွန်တော့်မှာ အထူး စကားပြောစရာ မရှိ၊ ထွက်လာခါနီး ကပ်ကြုံခဲ့ရသော စိတ်ထိခိုက်ဖွယ်ရာကြောင့် ကျွန်တော့်လျှာကလည်း မထွက်နိုင်တော့။

နာရီဝက်ခန့် စကားပြောပြီး ကျွန်တော်တို့ မမြနွဲ့ကို နှုတ်ဆက်ထွက်လာကြသည်။

ဩော်… လွမ်းစေတီကိုတော့ ဝင်ရဦးမည်။

လွမ်းစေတီကုန်းကို လျှောက်တက်လာစဉ် တင်မောင်နောင်က ဆို၏။

"စကားပြောပုံမှာ နည်းနည်းလေး ဝဲတာ သိပ်နားထောင်ကောင်းတယ်၊ ဘာလူမျိုးလဲ"

"အင်း… ခနေ"

"ယောကျ်ား မရှိဘူး ထင်တယ်"

"အေး…"

"အပျိုပေါ့ နော်…"

"မဟုတ်ဘူး၊ မုဆိုးမ"

"နောက်မနေစမ်းပါနဲ့ကွာ"

"ဩော်… ခက်ရချည်ရဲ့၊ ကလေးနှစ်ယောက် အမေဟ"

"ဟာ… တောက်တီးတောက်တဲ့"

"ဒုက္ခပါပဲ၊ ဒီကောင် ဘာဖြစ်တာလဲ"

"မင်းက ငါ့ လိုမ့်လို့ တင်မောင်နောင် လူကဲခတ် မညံ့ဘူးကွ"

"အေး… ဒါဖြင့်လည်း ပြီးရော"

သည်ကောင် ဖြစ်ပုံကို ခါတိုင်းဆိုလျှင် ကျွန်တော် ဟားမိမည်။ ယခုတော့ ပျော်ရွှင်နောက်ပြောင်ရန်မှာတော့ ကျွန်တော့်စိတ်တွေက နွမ်းလွန်းနေ၏။

"ဒါ… ဘာစေတီလဲ"

"လွမ်းစေတီ"

"ကွာ… ခွာခါနီးမှ မင်းက လွမ်းရမယ့်နေရာ ခေါ်လာတယ်"

ကျွန်တော်က တိမ်တောက်၍ ရောင်မျိုးတွေ စုံနေသော အနောက်ဘက် တစ်ခွင်ဆီ ငေးကြည့်မိ၏။



တင်မောင်နောင် ညည်းလိုက်သော စကားသံက ကျွန်တော့်နား၌ ပွဲတင်ထပ်နေ၏။

ခွာခါနီးမှ… လွမ်းရမည့် နေရာ…။

ဩော်… သည်လောကမှ အပြီးအပိုင် ခွာခါနီး ကိုကိုလည်း သည်နေရာမှာ လွမ်းမိရှာပါသေးသလော၊ ကိုကို လွမ်းမိသူသည် နောက်ဆုံးအဖြစ် တမ်းတသွားလောက်အောင် ဘာများ မြတ်နိုးဖွယ်တွေ ရှိနေပါသနည်း။ သူတို့အပေါ် မြတ်နိုးမိသူ ကိုယ်က ဘာများ အစိုးရပါသနည်း။

သူတို့… သူတို့…။

ငေးကြည့်နေသော ကျွန်တော်၏ မျက်လုံးများက ကားပြာကြီးကို လှမ်းမြင်သည်။

ကားပြာသည် တောင်အောက်ခြေရှိ လမ်းမှ သည်ဘက်ကို ရွေ့ရှလာနေသည်။

ကျွန်တော် ရုတ်တရက် လှုပ်ရှားလာ၏။ ဦးခေါင်းအတွင်း အကြံတစ်ခုလည်း ဖျတ်ခနဲ ဝင်လာ၏။

ကျွန်တော်က တင်မောင်နောင်ကို အတင်းဆွဲပြီး ဘုရားအုတ်ခုံဖိနပ်တော် အကွယ်၌ ပုန်း၏။

"ဘာလဲကွ… မင်းက အလန့်တကြား"

"တိုးတိုး… နောက်မှ ငါ ပြောမယ်"

ကုန်းမြင့်ရှိ ဘုရားအုတ်ခုံ ဖိနပ်တော် အကွယ်မှ ချောင်းကြည့်နေသော ကျွန်တော်တို့က ကုန်းအခြေတွင် ဆိုက်လိုက်သော ကားပြာကြီးကို ကောင်းစွာ မြင်ရ၏။

ကားပေါ်မှ သက် ဆင်းလာ၏။

"စောထွေး… သက် တစ်ယောက်တည်းရယ်"

ကျွန်တော်က ဟိုဟိုသည်သည် ဆက်ပုန်းစရာ ကြည့်၏။

ကံကောင်း၏။ အုပ်ကောင်းလှသော တောင်မဲဇလီ ချုံကြီး တစ်ချုံကို တွေ့၏။

ကျွန်တော်က တင်မောင်နောင်ကို အတင်းဆွဲကာ ချုံကြီး၏ နောက်ကွယ်ဆီ ပြေးပြီး မြေမှာ ဝပ်၏။ တင်မောင်နောင်ကိုလည်း ဝပ်ခိုင်းရ၏။

"မင်းဟာ ဘာလဲကွ။ ပုန်းနေပြီးမှ တူတူရေ ဝါး… ဆို သက်ကို အလစ်ဖက်မလို့လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှိခိုးပါရဲ့ကွာ၊ တိတ်တိတ်လေး ငြိမ်နေစမ်းပါ။ ငါ နောက်တော့ ရှင်းပြပါမယ်"

တင်မောင်နောင်က မကျေနပ်ဟန်နှင့် ငြိမ်ဝပ်နေ၏။

ကုန်းပေါ်သို့ သက် ရောက်လာသည်။

သက်၏ လက်တစ်ဖက်တွင် မြေပန်းအိုးတစ်လုံးကို ဆွဲလာ၏။ ပန်းအိုး အတွင်းမှာက သစ်ပင်လေး တစ်ပင်။ သက်၏ အခြားလက်တစ်ဖက်က သံဖြူ ပုံးလေး တစ်ပုံးကို ဆွဲထား၏။

တင်မောင်နောင်က မျက်စမျက်နှင့် ဘာသဘောလဲဟု မေးနေ၏။

သက်သည် မြေပေါ်တွင် ဒူးထောက် ထိုင်ချလိုက်၏။ ထိုနောက် မြေပန်းအိုးကို တစ်စုံတစ်ခုနှင့် ရိုက်ခွဲသည်။ အပင်လေး ပေါက်လျက်ရှိသည့် ပန်းအိုးပုံ ကျန်ခဲ့သော မြေစိုင်ခဲကို အဆင်သင့် တူးနှင့်ပြီးသား ဖြစ်ဟန်တူသော ကျင်းတစ်ခုတွင်းသို့ ညင်သာစွာ ချမြှုပ်၏။ ဘေးမှ မြေသားများကိုပါ သယ်ယူ ဖုံးပြီး သံဖြူပုံးတွင်းမှ ရေနှင့် လောင်း၏။ လက်ကိုလည်း ဆေးသည်။

ကိစ္စအားလုံး ပြီးသွားသောအခါ သက်သည် ထလိုက်၏။

သက်သည် မတ်တတ်ရပ်ပြီး ခေါင်းလေးကို မော့ကာ မျက်လုံးလေး များ ပိတ်လျက်ရှိ၏။ တစ်စုံတစ်ရာကို ဆုတောင်းနေပါသလော။ အဓိဋ္ဌာန်နေ ပါသလော။

တစ်ခဏအကြာတွင်မူ ကြည်လွင်သော အသံကလေးသည် ပီပီသသ ပေါ်ထွက်လာသည်။

"ကိုထွန်းနောင်ရေ... သက် ပြုပြုသမျှ ကုသိုလ်အဖို့ကို အမျှ အမျှ အမျှ ဒီဘဝ ဒီမျှနဲ့ပဲ ပြီးပါစေတော့၊ ပြီးပါစေတော့"

စိတ်ညို့ခံထားရသူပမာ ကျွန်တော် ငိုင်ကြည့်နေခိုက် သက်သည် သံဖြူပုံးကလေးကို ကောက်ကိုင်လိုက်ကာ ကုန်းတော်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသွား၏။

ကားပြာကြီး ထွက်သွားသံ ကြားပြီး အတန်ကြာမှ ကုန်းပေါ် ကျွန်တော် ပြေးတက်သည်။ တင်မောင်နောင်လည်း ကပ်ပါလာ၏။

ကျွန်တော်က အပင်လေးကို ငုံ့ကြည့်သည်။

စွယ်တော်ပင်ကလေးပါ။ ကိုကို့ဂူနားက အပင်မျိုးလေးပါ။

ကျွန်တော့်ရင်မှာ ခံစားမှုမျိုးစုံက ပြည့်သိပ်လာသည်။ ပြည့်သိပ်လွန်း အားကြီးတော့ ကျွန်တော် အော်ရယ်သည်။



"ဟော့ကောင် စောထွေး... ဘာတွေလဲ၊ ဘာအဓိပ္ပာယ်လဲ"

"ဘာအဓိပ္ပာယ်လဲ... ဟုတ်လား... ဟား ဟား... မင်း မသိဘူး လား တင်မောင်နောင်။ ငါ့အစ်ကိုရဲ့ အသက်ကို တိုစေလိုက်တာဟာ အဆိပ် ပန်း။ သက် ဆိုတဲ့ မိန်းမလှ အဆိပ်ပန်း"

"ဟား ဟား ဟား ... ဟား ဟား ဟား ..."

www.burmeseclassic.com

www.burmeseclassic.com

## အပိုဒ် – သုံး
## ကိုယ်က စိန်ခေါ်သည်

အချစ်ဆိုတဲ့ ဖားဖိုမှာ။

အသည်းကို သံလိုလုပ်
မီးဖုတ်လို့ ထုလေပါ။

ရက်စက်မှု တူပမာ
စိမ်းတာက ပေအလား။

သံမဏိရယ်သို့
ခံချိသူ ကိုယ် မာကျောတော့ရင်
မောနဲ့ မဖုရား။ ။

www.burmeseclassic.com

www.burmeseclassic.com

# ☞ အခန်း - ၁၅

စိတ်ပညာ ဓာတ်ခွဲခန်း၏ မှန်ပြတင်းများကို မိုးရေပေါက်များ စဉ်ပက်လာနေသည်။

အပြင်ဘက်၌ ဇူလိုင်လ၏ မိုးသည် အတန် သည်းသည်းလေး ရွာနေဟန် တူသည်။ တံခါးတွေ အလုံပိတ်ထူထားသောကြောင့် ဓာတ်ခွဲခန်းတွင်း၌မူ မိုးသံ လေသံ မဆူညံ။

စကင်နားဗောက်စ် ခေါ် လေးထောင့်သေတ္တာ ကိရိယာအတွင်း၌ ကြွက်ဖြူလေးတစ်ကောင်သည် ဖွဲ့ ဝီရိယကောင်းစွာ အလုပ်များနေ၏။

သေတ္တာ၏ နံရံတစ်ဖက်၌ သတ္တုချောင်း ဘားတံလေး တစ်ခု ရှိသည်။ ယင်းဘားတံကလေးကား စင်စစ်မူ ခလုတ် (ဝါ) မောင်းတံ ဖြစ်၏။ နှိပ်လိုက်သော် မောင်းတံသည် အောက်ကျလာ၏။ လွှတ်လိုက်သော် အထက် ပြန်တက်လာ၏။

ကြွက်ဖြူလေးသည် သေတ္တာ၏ ကြမ်းပြင်ပေါ်၌ နောက်ခြေ နှစ်ချောင်းနှင့် ရပ်ပြီး ရှေ့ခြေနှစ်ချောင်းဖြင့် မောင်းတံကို အဆက်မပြတ် နှိပ်နေသည်။

မောင်းတံ ဆင်းသံ တက်သံသည် တချောက်ချောက် ထွက်ပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်းတံကို စားပွဲတင်နာရီသဏ္ဌာန် ရှိသော လျှပ်စစ် ရေတွက်စက်နှင့် ဆက်သွယ်ထားရာ ကြွက်ဖြူကလေး နှိပ်သမျှ အကြိမ်ပေါင်းကို ရေတွက်စက်က မှတ်သားပြနေ၏။

ယခု အကြိမ် ၂၀ ရှိတော့မည်။

ကျွန်တော်သည် ဘိုင်စကယ် ဘောလုံးအရွယ် လုံးထားသော ဒိန်ခဲလေး တစ်ခဲကို အဆင်သင့် ကိုင်ထား၏။

ကြွက်ဖြူလေးက ၂၅ ကြိမ်မြောက် နှိပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော်က ဒိန်ခဲလုံးလေးကို ချပေးလိုက်သည်။

ကြွက်ဖြူလေးက ဒိန်ခဲလုံးလေးကို စားနေခိုက် ကျွန်တော်က တစ်စက္ကန့်၏ အပုံ ၁၀၀ လျှင် တစ်ပုံကိုပင် ပြနိုင်သော နာရီကို ကြည့်ပြီး အချိန်ကို မှတ်သည်။

ကျွန်တော့်ရှေ့ရှိ စာရွက်ပေါ်မှ ဇယားတွင် သွင်းထားချက်တို့ကို ကြည့်ပြီး ကြွက်ဖြူလေး၏ စုစုပေါင်း နှိပ်ချက်၊ နှိပ်ချက်နှုန်း၊ အနှေး အမြန် ပြောင်းလဲချက် စသည်တို့ကို ကျွန်တော် တွက်ချက်နိုင်သည်။ လန်းနင်းကာ့ဗ် ခေါ် သင်ယူမှုမျဉ်းကွေး တစ်ခုကိုလည်း ကျွန်တော် ဆွဲကြည့်နိုင်သည်။ သည်မျဉ်းကွေးကို သုံးသပ်ဆင်ခြင်ပြီး အပြုအမူ ပြောင်းလဲခြင်းကို ကျွန်တော် လေ့လာနိုင်သည်။

ဒိန်ခဲကို ကုန်အောင် စားပစ်ပြီးနောက် ကြွက်ဖြူကလေးသည် မောင်းတံကို တစ်ချက် နှစ်ချက် နှိပ်သည်။ ထို့နောက် မောင်းတံဆီမှ ခွာကာ ဟိုလျှောက် သည်လျှောက် လုပ်သည်။ ရှေ့ခြေနှစ်ဖက်ဖြင့် နှုတ်သီးကို အကြိမ်ကြိမ် ပွတ်သည်။ နီရဲသော ပတ္တမြားစေ့သဏ္ဌာန် မျက်လုံးလေးများက ဟိုကြည့် သည်ကြည့် လုပ်၏။ နှာခေါင်းကလည်း ပွစိပွစိ လုပ်၏။

လုပ်ချင်သည် လုပ်ပါစေ၊ မကြာမီ မောင်းတံဆီ သူ ပြန်လာပြီး နှိပ်ဦးမည်။ ဇယားကို ကြည့်ပြီး သူ ဘယ်လောက် အကြာကို ဘယ်နှုန်းနှင့် နှိပ်မည်၊ ဘယ်အခိုက်အတန့်မှာ နှေးပြီး ဘယ်အခိုက်အတန့်မှာ မြန်မည်။ ဤသည်တို့ကို ကျွန်တော် အကြမ်းဖျင်း မှတ်တမ်းတင် ပြောနိုင်ပြီ။

သိပ္ပံပညာဟူသည်မှာ ထူးဆန်းလှသည်တော့ မဟုတ်ပါ။

ပထမအဆင့်အနေနှင့်က ရှုကြည့်သည်။ အဖြစ်ကို အဖြစ်အတိုင်း၊ အရှိကို အရှိအတိုင်း ရှုကြည့်သည်။ သစ္စာရှိစွာ ရှုကြည့်သည်။ ဆန္ဒစွဲမပါဘဲ ရှုကြည့်သည်။ ရှုကြည့်ဖွယ်သည် ဓမ္မသဘောအားဖြင့် ရှိနေသော်လည်း သတ္တ



လောက၊ ဩကာသလောကတို့တွင် သာမန် ဖြစ်ရိုးဖြစ်စဉ်တစ်ရပ်အဖြစ် မဖြစ်မနေ မပေါ်နေဘူးဆိုလျှင် လူသည် လိုအပ်သော အခြေအနေတွေကို အသိဉာဏ်၏ အထိန်းအချုပ်ဖြင့် ဓာတ်ခွဲခန်း၌ ဖန်တီးပြီး ဖြစ်စေသည်။ ပေါ်စေသည်။ ဖြစ်ပေါ်လာသည်ကို သစ္စာရှိစွာ ကြည့်ရှုရပြန်သည်။ သည်လို ရှုကြည့်နည်းကို 'ထိန်းချုပ်ရှုကြည့်ခြင်း' ဟု ခေါ်သည်။ အင်္ဂလိပ်ဘာသာအားဖြင့်တော့ အိက်စပဲရမင့်ဟု ခေါ်သည်။

သည်လို အဖန်ဖန် အထပ်ထပ် ကြည့်ရှုရာမှ ဒေးတား ခေါ် အခြေခံအချက်အလက်များကို စုဆောင်းမိသည်။ ယင်းအခြေခံအချက်အလက်များကို ဆင်ခြင်သုံးသပ်ရာမှ သီအက်ရီနှင့် နိယာမများကို ထုတ်ဖော်နိုင်သည်။ နိယာမများကို ထုတ်ဖော်နိုင်လျှင် ကြိုတင်ဟောနိုင်သည်။ ကြိုတင်ဟောနိုင်ပြန်တော့ လိုရာ ထိန်းချုပ်ဖန်တီးနိုင်သည်။ သည်အခါမှာ လူ (ဝါ) သိပ္ပံပညာရှင်သည် သိဒ္ဓိမြောက်လာ၏။ အဏုမြူအားကို နိုင်းစေသည်။ အာကာသကို ခရီးပြုသည်။

ရှုကြည့်ခြင်း၊ ကြိုတင်ဟောခြင်း၊ လိုရာ ထိန်းချုပ်ဖန်တီးခြင်း ယင်းတို့မှာ သိပ္ပံပညာ၏ ကိစ္စကြီး သုံးရပ် ဖြစ်သည်။ စိတ်ပညာ၏ ကိစ္စကြီး သုံးရပ်လည်း ဖြစ်၏။

ကျွန်တော့် ကြွက်ဖြူလေးက မောင်းတံကို မရပ်မနား နှိပ်နေပြီး ၂၅ ကြိမ် တစ်ချီမြောက်၌ ကျွန်တော်က ဒိန်ခဲလုံးကို ပေးလိုက်ပြန်သည်။ သူ စားနေချိန်တွင် ကျွန်တော်က … သည်ကို မှတ်ပြန်၏။

စိတ်ပညာဟူသည်ကို ပဋ္ဌလက်ပညာလိုလို၊ ဝိညာဉ်ဝါဒီ၊ နာမ်ဝါဒီ၏ လုပ်ငန်းလိုလို၊ ဘာလိုလို ညာလိုလို မှတ်ထင်ထားသူတွေအတွက်မူ ကြွက်ဖြူတစ်ကောင်၊ ခလုတ်မောင်းတပ် သေတ္တာတစ်လုံး၊ တိုင်းတာရေး ကိရိယာအစုံတို့ဖြင့် အလုပ်များနေသော ကျွန်တော့်ကို နားလည်နိုင်မည် မဟုတ်။

ကျွန်တော် လုပ်နေသည်မှာ လန်းနင်းဗိုင် ကွန်ဒစ်ရှင်းနင်း ခေါ် အကြောင်း ဆက်သွယ်သင်ယူမှုကို လေ့လာနေခြင်း ဖြစ်၏။

အကြောင်း ဆက်သွယ်သင်ယူမှုကို စတင်တွေ့ရှိသူမှာ ပတ်ဗလော့ဗ် အမည်ရှိ ရုရှားသိပ္ပံပညာရှင်ကြီး ဖြစ်၏။

မူလ၌ ပတ်ဗလော့ဗ်သည် ခွေးတစ်ကောင်၏ အစာကြေကျက်ခြင်းကို ထိန်းချုပ်ရှုကြည့်နေခြင်း ဖြစ်၏။ စိတ်ပညာ လေ့လာမှု မဟုတ်၊ ဇီဝဓာတ်ဗေဒ လေ့လာမှုသာ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခွေး၏ လည်ချောင်းကို အပေါက်ဖောက်ပြီး ဖန်ပြွန်တစ်ချောင်း တပ်ထားသည်။ အစာကို မြင်သော ခွေးသည် သွားရည်ကျ၏။ သွားရည်သည် ဖန်ပြွန်မှတစ်ဆင့် ကျလာသောအခါ သွားရည်၏ ပမာဏကို တိုင်းတာနိုင်သည်။

လုပ်ရင်းကိုင်ရင်းက အစာမှ မဟုတ် အစာပေးချိန်နှင့် နီးစပ်သော အရာများကလည်း ခွေးကို သွားရည်ကျစေမှန်း ပတ်ဗလော့ဗ် တွေ့ရှိသည်။ ဥပမာ အစာကို မပြမီ ခေါင်းလောင်းသံလေး ပေးလိုက်ပါ၊ ခွေးသည် ကြိုတင် သွားရည်ကျနေ၏။

အစာမြင်၍ သွားရည်ကျခြင်းကား (လူပြိန်းစကားနှင့် ဆိုရသော်) 'သဘာဝ' ဖြစ်၏။ သိပ္ပံပညာ အသုံးအနှုန်းအရ ဆိုလျှင် ရီဖလက်စ် ခေါ် စိတ်မှတ်မဲ့ အာရုံကို တုံ့ပြန်ခြင်း ဖြစ်၏။ အစာက အာရုံဝတ္ထု၊ ရုပ်ပစ္စည်း။ သွားရည်ကျခြင်းက တုံ့ပြန်မှု၊ အပြုအမူ၊ ခေါင်းလောင်းသံသည် 'သဘာဝ' အားဖြင့် သွားရည် မကျစေတတ်။ အဲ.. နားရွက်ကိုမူ အသံဖမ်း အနေအထား ပြောင်းစေနိုင်သည်။ ယခု သွားရည်ကျသွားပြီး ခွေး ဘာဖြစ်သွားသနည်း။

ခွေးသည် သင်ယူသွား၏။ အကြောင်း ဆက်သွယ် သင်ယူသွား၏။ ပတ်ဗလော့ဗ်က ဤသို့ ရှင်းပြ၏။

ခွေး၏ သင်ယူမှုပမာဏကို သွားရည်၏ ပမာဏနှင့် တိုင်းတာပြသည်။

သင်ယူမှု၊ တွေးတောမှု၊ စဉ်းစားမှု စသည်ကို ရှေးအခါက နာမ်ဟူသည်က ထိ၍မရ၊ ကိုင်၍ မရ၊ တိုင်းတာ၍ မရ၊ သိပ္ပံပညာမှာက တိုင်းတာ၍ ရမှ ဖြစ်သည်။ အတိုင်းအတာသည် သိပ္ပံပညာ၏ အသက် ဖြစ်၏။

ပတ်ဗလော့ဗ်က သင်ယူမှုကို တိုင်းတာပြလိုက်၏။ နိုဗယ်လ်ဆုကြီး ကိုလည်း ရယူသွားသည်။

ဘားထရန်ရပ်ဆဲလ်က ပတ်ဗလော့ဗ်ကို သိပ္ပံပညာ တံခါးကြီးကို ဖွင့်သူ ပညာရှင်ကြီး သုံးဦးအနက် တစ်ဦးဟု ချီးမွမ်း၏။ ကျန်နှစ်ဦးကား ဂယ်လီလီယိုနှင့် နူးတင် တို့ ဖြစ်ကြ၏။

စိတ်ပညာနယ်ပယ်တွင် တိုင်းတာနည်းစနစ် တစ်ခုပြီး တစ်ခု ပေါ်လာသည်။ စိတ်ပညာသည်လည်း သိပ္ပံ ဖြစ်သည်ထက် ဖြစ်လာ၏။

ပတ်ဗလော့ဗ် တွေ့ရှိသော အကြောင်း ဆက်သွယ်သင်ယူမှုကို ကွန်ဒစ်ရှင်းဒ်ရီဖလက်စ်လန်းနင်းဟု ခေါ်သည်။ စိတ်မှတ်မဲ့ တုံ့ပြန်မှု၏ အကြောင်း ဆက်သွယ်ပြောင်းလဲမှု ဖြစ်သည်။



ခက်သည်ကား သတ္တဝါ.. အထူးသဖြင့် လူ၏ အပြုအမူ အများစု ကြီးမှာ သွားရည်ကျခြင်း၊ နှလုံးခုန်ခြင်း စသည်တို့ကဲ့သို့ မွေးကတည်းက ပါ လာကြသော စိတ်မှတ်မဲ့ တုံ့ပြန်မှုများ မဟုတ်ကြ။

စိတ်မှတ်မဲ့ တုံ့ပြန်မှုတို့၌ မူလဘူတ မူသေအာရုံဝတ္ထု တစ်ခု သီးသီး ခြားခြား ပြတ်ပြတ်သားသား တစ်ခု ရှိသည်။ ဥပမာ.. သွားရည်ကျစေသည့် အစာ၊ မျက်လုံး သားငယ်အိမ်ပေါက်ကို ကျဉ်းစေကျယ်စေသော အလင်းရောင်၊ ကြက်သီးထစေသည့် အအေးဓာတ် စသည်တို့တည်း။ ဒါ ပေါ်လျှင် ဒါ ဖြစ်သည်။ ယန္တရားဆန်သည်။

လူသည် ပန်းချီ ဆွဲသည်။ စာရေးသည်။ ကားမောင်းသည်။ ကော်ဖီ ဖျော်သည်။ ဂြိုဟ်တု လွှတ်သည်။ ငါးခြောက် လုပ်သည်။ နှလုံးအစားထိုး ကုသည်။ ဂီတ တီးသည်။ ဗုံးကြဲသည်။ အဲသည် အပြုအမူတွေက သွားရည်ကျသည်ကဲ့သို့ မွေးကတည်းက ပါလာကြသည် မဟုတ်။ သင်ယူမှ တတ်လာသည့် အပြုအမူတွေသာ ဖြစ်သည်။ သည်အပြုအမူတွေ ပေါ်လာရန် စက်ခလုတ် ပမာ ဖြုတ်လွှတ်ပေးလိုက်သော မူသေအာရုံဝတ္ထုဟူ၍ မည်မည်ရရ လက်ညှိုး ထိုးပြစရာ မရှိ။

ယင်းသို့သော အပြုအမူမျိုးကို အော့ပရေးရင့်-ရက်စပွန့်စ် (ဝါ) အလုပ် တုံ့ပြန်မှုဟု အမေရိကန် စိတ်ပညာရှင် စကင်နားက အမည်ပေးသည်။

အလုပ်နှင့် လှုပ်ရှားမှုကို ခွဲခြားသိရမည်။ အလုပ်ဟူသည် လှုပ်ရှားမှု ဖြစ်သော်လည်း လှုပ်ရှားမှုတိုင်းသည် အလုပ် မဟုတ်။ အလုပ်ဟူသော လှုပ်ရှား မှုမျိုးသည် အကျိုးအပြစ် တစ်ခုခုကို ဖြစ်ပေါ်လာစေ၏။ မြင်နိုင် တွေ့နိုင် တိုင်းတာနိုင်သော အကျိုးအပြစ်ကား ပတ်ဝန်းကျင်၌ ပြောင်းလဲသွားမှု ဖြစ် သတည်း။ မရှိသော အရာသည် ရှိလာ၏။ ရှိသော အရာသည် မရှိ ဖြစ်သွား၏။ ဤကား အခြေခံကျသော ပတ်ဝန်းကျင် ပြောင်းလဲမှုနှစ်မျိုး ဖြစ်ကြ၏။

ယင်းအကျိုးအပြစ်သည် အလုပ် (ဝါ) အပြုအမူကို တစ်ဖန် ပြုပြင် ၏။ အပြုအမူကို ခိုင်မြဲ ကြီးမားခြင်းကို ဖြစ်စေ၊ အားနည်းဆုတ်ယုတ်ခြင်းကို ဖြစ်စေ ပြုတတ်၏။ (ဝါ) ဆောင်တတ်၏။

အပြုအမူ ပြောင်းလဲမှုကို ယင်းသဘောတရားနှင့် ရှင်းပြသော သီအိုရီကို ရီအင်ဖို့စ်မင့်တ် သီအိုရီဟု စိတ်ပညာနယ်၌ ခေါ်ဆို၏။ အကျိုး အပြစ် သီအိုရီဟု ဘာသာပြန်ရမည် ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ကျွန်တော်၏ ကြွက်ဖြူလေးကို ကြည့်ပါ။ ခလုတ်မောင်းတံကို တဂျောက်ဂျောက် နှိပ်နေသည်။

ကြွက်ဖြူဟူသည် 'သဘာဝ'အားဖြင့် ခလုတ်မောင်းတံကို မနှိပ်၊ ခလုတ်မောင်းတံကလည်း 'သဘာဝ'အားဖြင့် နှိပ်ခြင်းဟူသော တုံ့ပြန်မှုကို မစေ့ဆော်တတ်၊ အစာနှင့် သွားရည်ကျခြင်းတို့ကြား ဆက်စပ်မှုမျိုး မရှိ။

ကြွက်ဖြူကလေးကို ကျွန်တော်က ၂၄ နာရီတိတိ အစာငတ်ထားခဲ့သည်။ ပြီးတော့ သည်သေတ္တာတွင်း ထည့်သည်။

ဟိုလုပ် သည်လုပ်ရာမှ ကြွက်ဖြူကလေးသည် ခလုတ်မောင်းတံကို ဖိမိသွားသည်။ ထိုအခါ ဒိန်ခဲလေးတစ်လုံး ကျလာသည်။ မရှိမှ အရှိ ဖြစ်လာခြင်းတည်း။ အစဦး၌ ကြွက်ဖြူကလေးသည် ဒိန်ခဲလုံးလေးကို စားပြီးပြီးချင်း ခလုတ်မောင်းတံကို ပြန်မနှိပ်သေး၊ ဟိုလုပ် သည်လုပ်ပင် အတွေ့တွေ့ လှုပ်ရှားမှုသာ ပြုသည်။ ခလုတ်မောင်းတံကို ဖိမိသွားပြန်၏။ ဒိန်ခဲတစ်လုံး ကျလာပြန်၏။ သည်ဟာမျိုး ဖြစ်ကြိမ်များသွားသောအခါ ကြွက်ဖြူလေးသည် အခြား အတွေ့တွေ့ လှုပ်ရှားမှုမပြုတော့။ ခလုတ်ကိုသာ နှိပ်တော့သည်။

ကျွန်တော်က နည်းမျိုးစုံ စမ်းသပ်နိုင်သည်။ တစ်ကြိမ် နှိပ်လျှင် တစ်လုံးပေး၊ သည်ပုံ တစ်နည်း။ မည်မျှနှိပ်နှိပ် တစ်စုံတစ်ရာသော အချိန်ကြာမှ တစ်လုံးပေး၊ သည်ပုံလည်း တစ်နည်း။ မည်မျှ ကြာကြာ နှိပ်နှိပ်. . . သို့မဟုတ် မည်မျှ မြန်မြန်နှိပ်နှိပ်. . . တစ်စုံတစ်ရာသော အကြိမ်စေ့မှ တစ်လုံးပေး။ ဤသည်ပုံကလည်း တစ်နည်း။

အကျိုး အပြစ် လာပုံနည်း ပြောင်းသကဲ့သို့ အပြုအမူ၏ အားလည်း ပြောင်းသည်။ သည်ပြောင်းလဲမှုတွေကို လေ့လာခြင်းဖြင့် အပြုအမူအကြောင်းကို ကျွန်တော်တို့ နားလည်နိုင်သည်။

ကြွက်ဖြူလေးတစ်ကောင် ခလုတ်မောင်းနှိပ်နေခြင်းမှာ သေးသေးဖွဲ့ဖွဲ့ ကိစ္စဟု ထင်ဖွယ်ရှိသည်။ စိတ်ပညာနယ်မှာတော့ မသေးဖွဲ့ပါ။ သည်ကိစ္စကလေးသည် ခေတ်သစ် သိပ္ပံပညာလောက၏ 'အသက်ဖူး' ဖြစ်သော 'မော်ဒယ်လ်' ကိစ္စ ဖြစ်၏။ ခန့်မှန်းခြေ အမှန်တရားပုံစံငယ်တစ်ခု ဖြစ်၏။

ကြီးမားလှသော စကြဝဠာကို လေ့လာ လေ့လာ၊ သေးငယ်လှသော အဏုမြူကို လေ့လာ လေ့လာ၊ နက်နဲလှသော စိတ် သို့မဟုတ် အပြုအမူကို လေ့လာ လေ့လာ။ ခန့်မှန်းခြေ အမှန်တရား ပုံစံငယ်တစ်ခုတော့ ရှိရမည်။ ရှုံးသော၊ ရှင်းသော၊ အသိဉာဏ်၏ အထိန်းအချုပ်အောက်မှာ ရှိသော သည်လို



ပုံစံငယ်လေးမှ စတင်ကာ ဆန်းကြယ်သော ရှုပ်ထွေးသော၊ အသိဉာဏ်၏ နယ်နိမိတ် ဟိုမှာဘက်မှာ ရှိနေသေးသော တရားတွေ အမှန်တွေ သစ္စာတွေကို သိလာအောင် နားလည်လာအောင် ကြိုးပမ်းရသည်။

ယခု ကျွန်တော်က ကြွက်ဖြူကလေးကို အခါ ၂၅ နှိပ်မှ တစ်လုံး ပေးသည်။ တစ်ခါ နှိပ် တစ်ခါ မရသော်လည်း ကြွက်ဖြူလေးသည် အလျှော့ မပေး နှိပ်သည်။

လူတွေကိုလည်း ကြည့်ပါ။ ဓာတ်မီးခြစ်ကို တစ်ခါ ခြစ်တိုင်း တစ်ခါ မီး ထမတောက်ပါ။ သို့ရာတွင် မီး ထတောက်သည်အထိ ခြစ်တတ်သည်။ နေ့စဉ် အလုပ်ဆင်း၏။ နေ့စဉ် လခ မရပါ။ တစ်လ တစ်ခါမှ ရသည်။ သို့ရာတွင် နေ့စဉ် အလုပ်ဆင်း၏။ တိုက်ပွဲတစ်ပွဲ နိုင်ရုံနှင့် စစ်ပွဲကြီးတစ်ပွဲ မပြီးပါ။ သို့ရာတွင် တိုက်ပွဲတွေ ဆက်တိုက်၏။ ပြီးတော့. . .

အင်း. . . ပြီးတော့. . . မိန်းကလေးတစ်ဦးကို ချစ်ရေးဆိုသည်။ တစ်ကြိမ်နှင့် မစွံ၊ နှစ်ကြိမ်နှင့် မစွံ။ တစ်ယောက်နှင့် မစွံ၊ နှစ်ယောက်နှင့် မစွံ။ အဲသည်တော့ သတ္တဗေဒ ငနဲသား လူကောင်အထီးသည် ဆန့်ကျင်ဘက် လိင်ကို ဆက်၍ မချဉ်းကပ်တော့ဘူးလော။

ကျွန်တော်သည် သက်ပြင်းလည်း ရှိုက်မိသည်။ ပြုံးလည်း ပြုံးမိသည်။ တင်မောင်နောင်၏ မှတ်ဆိတ်မွေး အဘိဓမ္မာကိုလည်း သွားသတိရမိသည်။

ကြွက်ဖြူလေး အလုပ်လုပ်နေသည်ကို ငေးစိုက်ကြည့်ရင်း ကျွန်တော်က နှင်းကို သွားသတိရသည်။ နှင်းကိုသာမက. . . အင်း. . .။

ကျွန်တော်သည် မိမိကိုယ်ကို မကျေမနပ် ဖြစ်မိ၏။

မိန်းမတွေအကြောင်း ကျွန်တော် ဘာသိပါသနည်း။ ဥပမာ– နှင်းအကြောင်း။ မိုးမိုးအကြောင်း။ သက်. . . ဆိုသည့် လှသလောက် ကြောက်စရာကောင်းသော မိန်းမတစ်ယောက်အကြောင်း။ ကျွန်တော် ဟုတ်တိပတ်တိ ဘာသိပါသနည်း။ သိပြီးသမျှကိုလည်း ဘာနားလည်ပါသနည်း။ မသိသည့်အတွက် သူတို့ကို လက်ဓမြှောက် အရှုံးပေးလိုက်ရမလား။

မိန်းမတွေအကြောင်း နားလည်ဖို့ကလည်း သည်လောက်တောင်များ ခက်ပါသလား။ ကျွန်တော့်ရှေ့မှ ကြွက်ဖြူလေးကို နားလည်ဖို့ထက်များ ပိုခက်ပါသေးသလား။

ကြွက်ဖြူလေးက စကား မပြောတတ်ပါ။ သည်တော့ သူ့စိတ်ထဲ ဘာရှိသည်၊ ဘာဖြစ်နေသည်၊ ဘာကြံနေသည်. . . စသည်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်ပါ။ သို့ရာတွင် သူ ဘာလုပ်မည်။ ဘယ်လိုလုပ်မည်။ ဘယ်တော့ လုပ်မည်. . . ဒါကို ကျွန်တော် သိသည်။ ဘာကြောင့် ဆိုသည်ကို ကျွန်တော် သိဖို့မလို။ သိပ္ပံပညာ မှန်သမျှကလည်း ဘာ. . . ဘယ်လို. . . ဘယ်တော့။ သည်သုံးခုသော မေးခွန်းကိုသာ ဖြေဖို့ ကြိုးစားသည်။ ဘာကြောင့် ဆိုသည်ကို စိတ်မဝင်စား။ ဖီလိုဆိုဖာဟု ခေါ်သော ဒဿနိကဗေဒပညာရှင်တွေ ကြိုးစား ပါစေ။ ကြိုးစားရင်း ငြင်းကြပါစေ။ သိပ္ပံပညာကတော့ ရှိတာကို ရှိနေသည့် အတိုင်း သိအောင် ကြိုးစားမည်။ အရှိတရား၏ သည်ဘက်ကမ်းမှ ဟိုဘက် ကမ်းကို အရမ်း ခုန်မကူးချင်။

ကြွက်ဖြူလေး၏ ရှေးအခြေအနေနှင့် ယခု မျက်မှောက်အခြေအနေ တွေကို ကျွန်တော် သိသည်။ အချို့ အခြေအနေတွေမှာ ကျွန်တော့်လက်တွင်း၌ပင် ရှိနေသည်။ သည်တော့ ကြွက်ဖြူလေး. . . ဘာကို. . . ဘယ်လို. . . ဘယ်တော့ လုပ်မည်ကို ကျွန်တော် သိသည်။ ကြွက်ဖြူလေး၏ စိတ်ကို ကျွန်တော် သိဖို့ မလို။ ကြွက်ဖြူလေးမှာ စိတ်ရှိသည် မရှိသည်ကိုပင် ပြဿနာလုပ်ပြီး ကျွန်တော်က ထည့်စဉ်းစားနေရန် မလို။

အင်း. . . မိန်းမတွေကိုလည်း သည်အတိုင်း ကျွန်တော် ကြည့်နိုင်စွမ်း ရှိလျှင် ကောင်းလေစွ။

မိန်းမတွေကို ကြွက်ဖြူအတိုင်း. . .။ ကျွန်တော့် အသိပညာ တိုးတက် ရေးအတွက် ကြွက်ဖြူလေးလို အစမ်းသပ်ခံ သတ္တဝါမျိုး။

အပြင်ဘက်၌ မိုးအနည်းငယ် စဲသွားဟန် တူသည်။ အတန်းပြောင်း လျှပ်စစ်ခေါင်းလောင်းသံသည် ဓာတ်ခွဲခန်းအတွင်းသို့ ခွင်းဝင်လာသည်။

ကြွက်ဖြူလေးကို စမ်းသပ်နေခဲ့သည်မှာလည်း တစ်နာရီ ဈေးတော့မည်။

နောက်ဆုံးအချီ ၂၅ ကြိမ် အစေ့၌ အစာတစ်လုံး ချပေးပြီး လက်တွေ့ စမ်းသပ်ခြင်းကို ကျွန်တော် ရပ်လိုက်၏။

ကျွန်တော်သည် သေတ္တာတွင်းမှ ကြွက်ဖြူကလေးကို ဆွဲထုတ်လိုက် ပြီး တံခါးဆီ လျှောက်လာ၏။

တံခါးတစ်ဖက်ရှိ အခန်းတွင်း၌ ကြွက်လှောင်အိမ်များ ရှိသည်။

လှောင်အိမ်တစ်ခုအတွင်းသို့ ကြွက်ဖြူလေးကို ကျွန်တော် ထည့်နေစဉ် နောက်ပါးမှ ခြေသံ ကြား၏။

"ပြီးသွားပြီလား ဆရာ"



"သြော်. . . ကိုသန်းတင်၊ ပြီးသွားပါပြီ၊ အစာကျွေးချင် ကျွေးတော့၊ ဒါပေမဲ့ နက်ဖြန် ၁၂ နာရီတိတိက စပြီး ဘာမျှ မကျွေးပါနဲ့၊ သန်ဘက်ခါ ဆက်လုပ်ရဦးမယ်"

"စိတ်ချပါ ဆရာ. . . ဒီဘက်က နှစ်ကောင်ကိုကော. . ."

"ဟောဒီကောင်က ၁၀ နာရီက စမကျွေးပါနဲ့၊ ဒီကောင်က ၁၁ နာရီက စမကျွေးနဲ့၊ သူတို့ကို စခိုင်းမယ့်အချိန်မှာ သုံးကောင်စလုံး အစာမစား ရချိန် ၂၄ နာရီ တစ်ပြေးညီ တူတာ ကျွန်တော် လိုချင်တယ်"

"ကောင်းပါပြီ ဆရာ၊ ဒီသုံးကောင်ကို ကျွန်တော်ကိုယ်တိုင် ကိုင်ပေး ပါ့မယ်။ ဓာတ်ခွဲခန်းလက်ထောက်တွေနဲ့တောင် လွှဲမထားပါဘူး"

ကိုသန်းတင်ကား ဓာတ်ခွဲခန်းမှူး ဖြစ်၏။ လက်တွေ့ စမ်းသပ်ရေး၌ ကွန်ထရိုး ခေါ် အခြေအနေကို တစ်ပြေးညီ ထိန်းချုပ်ထားမှု အရေးကြီးခြင်းကို နားလည်ပြီးသူ ဖြစ်၏။

"ကျေးဇူးပါပဲ ကိုသန်းတင်၊ ဒါထက် ကျွန်တော် ညောင်းလည်း ညောင်း ဆာလည်း ဆာမို့ လက်ဖက်ရည်ဆိုင် သွားမလို့၊ လိုက်ဦးမလား"

"တော်ပါပြီ ဆရာ၊ ညနေပိုင်း ပထမနှစ်သမားတွေ လက်တွေ့သင်တန်း ရှိတယ်၊ ကျွန်တော် ပြင်ဆင်ပေးရဦးမယ်"

ကိုသန်းတင်ကို နှုတ်ဆက်ပြီး ဓာတ်ခွဲခန်းတွင်း ကျွန်တော် ပြန်ဝင်ကာ စာရင်းဇယား စာရွက်စာတမ်းများကို သိမ်းဆည်း၏။

ထိုစဉ်က စိတ်ပညာဌာနသည် လူမှုရေးသိပ္ပံ အဆောက်အအုံ (ယခု စီးပွားရေးတက္ကသိုလ်) သစ်ကြီး၌ တည်ရှိသည်။

ကျွန်တော်သည် ဆင်ဝင်ကြီးအောက်၌ ခေတ္တရပ်ပြီး မိုးရိပ်မိုးခြည်ကို ကြည့်သည်။

မိုးဖွဲဖွဲလေး ကျနေသည်။ ကောင်းကင်က ညှို့မှိုင်းနေ၏။

ကျွန်တော်က ထီးဖွင့်ဆောင်းပြီး ဘွဲ့နှင်းသဘင်လမ်းကို ဖြတ်ကူး လျက် ဂျုဒ်ဆင် အဆောက်အအုံများဘက်သို့ လျှောက်လာသည်။

သည်ဘက်မှာတော့ စွယ်တော်ပင်တွေ ရှိသည်။

မိုးအခါမို့ စွယ်တော်ရွက်တွေ ပို၍ စိမ်းမြနေသည်။ မြရွက်ပေါ်၌ မိုးရေပေါက် ကြည်ကြည်တွေ ဥနေသည်ကိုပင် မြင်ရ၏။

ဂျုဒ်ဆင် လက်ဖက်ရည်ဆိုင်သို့ ကျွန်တော် ဝင်သည်။

www.burmeseclassic.com



ကျွန်တော်က ထမင်းသုပ်တစ်ပွဲ မှာစား၏။ ထမင်းသုပ်ကို ကျွန်တော် ကြိုက်သည်။ အထူးသဖြင့် သည်ဆိုင်က ထမင်းသုပ် ကောင်း၏။

ကျွန်တော်က ထမင်းသုပ်ကို ဖိမ်ဆွဲစားသည်။ ပြီးသော် လက်ဖက်ရည် တစ်ခွက် မှာ၍ သတင်းစာ ဖတ်ရင်း သောက်သည်။

အပြင်ဘက်၌ မိုးသဲလာ၏။ ကျွန်တော်က နာရီကို ငုံ့ကြည့်သည်။ ၂ နာရီထိုးတော့မည်။

ငွေရှင်းပြီး ဆိုင်တွင်းမှ ကျွန်တော် ထွက်လာခဲ့၏။

ဂျဒ်ဆွန်အက်ဆင်ဗလီ ခန်းမဆောင် အထွက်တွင် မမျှော်လင့်ဘဲ သူ့ကို သွားတွေ့၏။

မိုးမိုး. . .

ကျွန်တော့်ရင်သည် ထိတ်ခနဲ ခုန်သွား၏။ ခဏ၌ပင် ရင်ခုန်မိသည့်အတွက် ကိုယ့်ကိုယ်ကိုယ် မကျေမနပ် ဖြစ်မိသည်။

မိုးမိုးသည် ကျွန်တော့်အတွက် ရင်ခုန်စရာပါလော။ မိုးမိုးသာ မဟုတ်။ မိန်းမတွေသည် ကျွန်တော့်အတွက် ရင်ခုန်စရာပါလော။ ယခု ခုန်သောရင်ကလည်း ဘာအဓိပ္ပာယ် ရှိပါသနည်း။

မိုးမိုးကတော့ ကျွန်တော့်ကို မမြင်။

မိုးမိုးသည် စာအုပ်ကလေးများကို လက်တစ်ဖက်ဖြင့် ကိုင်ကာ ဆံပင်ရေမစိုရန် ကာကွယ်သည့်အလား ခေါင်းထက် မနီ့တရိ တင်ထားသည်။ အခြား လက်တစ်ဖက်ကမူ ထဘီလေးကို ခြေသလုံးလေး ပေါ်အောင် မ, ထားသည်။ ဟန်ပန်အမူအရာ ချိုတုံ့ချတုံ့ ဂျက်ဆွန်ဆင်ဝင်မှ ထွက်ကာ မိုးရေထဲတွင် ဖြတ်ပြေးသင့် မပြေးသင့် ချင့်ချိန်နေဟန်တူသည်။

ကြည့်၍မှ အလှသား. . . အင်း. . .

အင်္ကျီလေးက အပြာနုရောင် ထူထူလေး၊ ထဘီက အပြာရင့်ရောင်။ နက်မှောင်သော ဆံပင်တို့က ကုပ်မှာ ဝဲလျက်။ ကိုယ်လေးက ကြော့ကြော့ရှင်းရှင်း။ ခြေသလုံးသားလေးများကလည်း ဖြူဖြူဝင်းဝင်း။

ကျွန်တော်က ကျောခိုင်းပြီး ပြန်လှည့်ပြေးမည် ကြံသည်။

ထိုအခိုက်တွင်ပင် မိုးမိုးက စိတ်လျှော့လိုက်ဟန်ဖြင့် ခြေလှမ်း ပြန်ရုပ်ပြီး ကိုယ်ကို ကျွန်တော့်ဘက် လှည့်လိုက်၏။

"ကြည့်စမ်း. . . ယူ၊ ကိုစောထွေး"



မျက်သား ပြာသော ကလေးမ၏ မျက်လုံးလေးများက လဲ့သည်။ ပြုံးလျက်သားမို့ ပေါ်လာသော သွားဖြူဖြူသွယ်သွယ်လေးများကလည်း လက်သည်။

ကျွန်တော်က ပြန်ပြုံးရသည်။ ဟုတ်သည်. . . ပြုံးပြရသည်။ ဘာကြောင့် မသိ။ အားယူပြီး ပြုံးယူရခြင်း ဖြစ်၏။

မိုးမိုးအနီးသို့ ကျွန်တော် ချဉ်းကပ်မိသောအခါ မိုးမိုးက မေးသည်။

"ယူ. . . မိုးကို မမှတ်မိဘူးလား"

"အို. . . အား. . . မှတ်မိတာပေါ့၊ ဘာဖြစ်လို့ မေးတာလဲ"

"မေးတာပေါ့၊ မိုး လှည့်ကြည့်မိတော့ ယူက ငြိမ်ငြိမ်ကြီး ရပ်နေတာကိုး၊ မိုးကို ဘာလို့ လှမ်းမခေါ်ရသလဲ"

"ဟို. . . ဟိုဒင်း. . . ကိုယ် နည်းနည်းအံ့အားသင့်သွားတယ်"

"ဘာ အံ့အားသင့်တာလဲ"

"ဟိုဒင်းလေ. . . မမျှော်လင့်ဘဲ တွေ့လိုက်ရတာ မဟုတ်လား"

"မိုးကို မမျှော်လင့်ဘူး၊ ဟုတ်လား. . . မိုး ဒီတက္ကသိုလ်မှာ လာတက်တာ ယူ မသိဘူးလား၊ ကိုတင်မောင်နောင်ကြီးနဲ့ မိုး ခဏခဏ တွေ့ပြီးဥစ္စာ"

"အဲဒါတော့ သိပါတယ်၊ ကိုယ် ပြောတာက ဒီနေရာ ဒီအချိန်မှာ ခုလို တွေ့ရတာကိုပါ၊ ဒါထက် မိုး ဟိုဘက် ကူးမလို့လား"

"ဟုတ်တယ်၊ လောဂျစ်ကြူတိုရီရဲ စောပြီးလို့ မိုးတစ်ယောက်တည်း ရယ်၊ ထီးလည်း မပါလာဘူး"

စကားအဆုံး၌ မိုးမိုးက ကျွန်တော့်လက်တွင်းမှ ထီးကို ကြည့်သည်။

ကျွန်တော်က ထီးကို လှမ်းပေး၏။

"ရော့လေ. . . ဖွင့်ဆောင်းသွား. . ."

"အို. . . ယူကတော့စော"

"ကိစ္စမရှိပါဘူး၊ ကိုယ် လျှောက်လိုက်ခဲ့ပါ့မယ်"

"အိုး. . . မဟုတ်တာ၊ ယူ့ စိုကုန်မှာပေါ့၊ ဒီလိုလုပ်၊ ထီးက ကြီးသားပဲ၊ ယူ့အရပ်က ရှည်တယ်၊ ယူ ဖွင့်ဆောင်း၊ မိုး ကပ်လိုက်ခဲ့မယ်"

ကျွန်တော်က မိုးမိုးကို တစ်ချက် ကြည့်မိ၏။

မိုးမိုး၏ မျက်နှာလေးမှာ အပြစ်ကင်းသော ကလေးငယ်တစ်ဦး၏ မျက်နှာပမာ ဖြူစင်ကြည်လင်သန့်ရှင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဒါဖြင့် လာ၊ သွားကြမယ်"

ကျွန်တော်က ထီးဖွင့်ဆောင်း၏။ မိုးမိုးက ကိုယ်လေး ယို့ပြီး ကျွန်တော့် အနား ကပ်၍ ထီးအောက် ဝင်သည်။

ဂျဒ်ဆင် ဆင်ဝင်၏ လက်ယာဘက် လမ်းအတိုင်း ကျွန်တော်တို့ လျှောက်လာကြ၏။

မြက်ခင်းပြင်နှင့် လမ်းပေါ်တွင် မိုးပေါက်ကလေးတွေ ခုန်နေ၏။ ဂျဒ်ဆွန် တောင်ဘက် အစွယ်ဘေး ကပ်ပေါက်နေသော စွယ်တော်ရွက်တွေ ထက်လည်း မိုးပေါက်တို့ ကျဆင်းနေ၏။

မိုးအခါမို့ အပွင့်တို့ မရှိ။ ပွင့်လျှင်မူ အဖြူခံတွင် ရွှေရည်ရိပ်ပြေးလျက် ရှိမည်။ ရနံ့လေးတွေလည်း သင်းနေမည်။ ယခုမူ စွယ်တော် မပွင့်။

သို့ရာတွင် ကျွန်တော့်နှာဝတွင် သင်းပျံ့ပျံ့ ရနံ့ ကြိုင်နေသည်။ စွယ်တော်နံ့သို့ သင်းသင်းလေး ပျံ့ကြိုင်နေသည်။

ကျွန်တော်က ခိုးကြည့်သည်လည်း မမည်။ ရဲရဲကြည့်သည်လည်း မဟုတ်သော စောင်းစောင်းအကြည့်ဖြင့် မိုးမိုးကို ကြည့်မိသည်။

ကျွန်တော် မြင်ရသည်ကတော့ စွယ်တော်ပန်း အလှပမာပါ။ သန့်သန့် ဆွတ်သော အဖြူခံမှာ ရွှေရည်ရိပ်ရိပ် ပြေးသော အလှမျိုးပါ။

မိုးထဲတွင် ခေါင်းကို စာအုပ်ဖြင့် မိုး၍ ဖြတ်ပြေးကြသော ကျောင်းသား များ ရှိကြသည်။ ကိုယ့်ကိစ္စနှင့် ကိုယ် ပြေးသည်ကို ရပ်ပြီး ကျွန်တော်နှင့် မိုးမိုးကို ကြည့်သူက ကြည့်ကြသည်။ အတော်လှမ်းလှမ်း ရောက်သည်အထိ သမင်လည်ပြန် လှည့်ကာ လှည့်ကာ ကြည့်သူလည်း ကြည့်ကြသည်။

မိုးမိုးက ဘာကိုမျှ ဂရုပြုပုံမရ။ ထဘီလေးကို လက်တစ်ဖက်ဖြင့် မ ကာ လမ်းပေါ်တွင် တင်နေသော ရေကွက် ရေအိုင်ကလေးများကို မနင်းမိ ရန် သတိထား လျှောက်နေသည်။

အဓိပတိလမ်းကို ကျော်မိသောအခါ မိုးမိုးက ဟက်ခနဲ တစ်ချက် ရယ်၏။

"ဘာရယ်တာလဲ"

"မိုး တစ်ခု သွားသတိရလို့ပါ၊ ကဗျာလေး... မိုးရေထဲမှာ လမ်း လျှောက်ခြင်း... ဆိုတာ"

"မိုးက မိုးရေထဲ လမ်းလျှောက်ရတာ သဘောကျလို့လား"



"ကျတာပေါ့၊ ကလေးဘဝတုန်းက လျှောက်တာပဲ၊ ဒါပေမဲ့... ခုနေ ထီးမပါ ဘာမပါ လျှောက်ရင် အရူးလို့ ပြောကြမှာ"

စကားအဆုံး၌ မိုးမိုးက ရယ်သည်။ ဘာမျှ မှတ်ချက်ချဖွယ် မရှိသော ကြောင့် ကျွန်တော်လည်း ရယ်လိုက်ရ၏။

ကျွန်တော်တို့သည် တက္ကသိုလ်ရုံးဆင်ဝင်အောက်သို့ ရောက်လာကြ သည်။

ကျွန်တော်က ထီးကို ပိတ်ပြီး ရေစစ်နေသည်ကို လှေကားထစ်များ ထိပ်မှ မိုးမိုးက ရပ်စောင့်နေ၏။

ကျွန်တော် တက်လာသောအခါ မိုးမိုးက ကျွန်တော်နှင့် ယှဉ်တွဲ လျှောက်ရင်း မေးသည်။

"ယူ ကလပ်(စ်) ရှိသေးလား"

"အင်း... တစ်ချိန် ကျန်နေသေးတယ်"

"မိုးတော့ ပြီးပြီ၊ အခန်း ပြန်တော့မလို့၊ ဩော်... မိုး အင်းလျားမှာ နေတာ ယူ သိတယ်နော်"

"အင်း... သိ... သိပါတယ်"

မိုးမိုးသည် ကျွန်တော့်ကို တစ်ချက် စူးစိုက်ကြည့်ပြီး တစ်စုံတစ်ရာ ပြောတော့မည့်ဟန်ဖြင့် နှုတ်ခမ်းလေး ပြင်သည်။ သို့ရာတွင် မပြောဘဲ ရယ်၍ နှုတ်ဆက်၏။

"ယူ ကလပ်(စ်)ရှိရင် အချိန်နီးနေပြီ၊ မိုးလည်း သွားတော့မယ်၊ ဩော်... ထီးရိပ်ခိုခွင့်ပေးတာ ကျေးဇူး၊ အများကြီး ကျေးဇူး"

မိုးမိုးက သွက်လက်ပေါ့ပါးစွာ ထွက်ခွာသွား၏။

ကျွန်တော် ရပ်ငိုင်ကျန်ရစ်သည်။ မျက်လုံးများက ခါးသေးသမျှ ဖွံ့သင့်သည်တို့ ဖွံ့လှသော မိုးမိုး၏ နောက်ပိုင်းကို ရည်ရွယ်ချက်မဲ့ ကြည့်နေမိ သည်။

ရင်မှာ ပထမ ဆွေးဆွေးမြည့်မြည့် ဖြစ်မိသည်။ တစ်စုံတစ်ရာကို လွမ်းလွမ်းဆွတ်ဆွတ် သတိရမိသည်။

နှင်းကိုပါ... တစ်ချိန်က ချစ်ခဲ့ရပါသော နှင်းကိုပါ။

သည်တက္ကသိုလ်၏ စင်္ကြံများမှာ ယခင်က နှစ်ကိုယ် ယှဉ်ပြီး လျှောက် ခဲ့ရဖူးသည် ဆိုသည်မှာ နှင်းနှင့်ပါ။ ယခုတော့...။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်သည် မသိမသာ နာသွားသည်။ ချွန်မြမြဝေဒနာသည် လည်း ရေးရေးရိပ်ရိပ် ထင်လာသည်။

သည်စဉ်မှာပင် အခြားတစ်ယောက်က အာရုံတွင် ပေါ်လာပြန်၏။

ကျွန်တော်သည် မဲ့ပြုံး ပြုံးမိသွား၏။

မိန်းမတွေ.. ခြောက်..လှသတဲ့လား။ ချစ်စရာကောင်းသတဲ့လား။ အမယ်မင်း.. ကြောက်ပါရဲ့.. လန့်ပါရဲ့...။

"အိစလောင်ဝေဝေ.. အိစလောင်ဝေဝေ.. အိစလောင်ဝေးဝေ လပျောင်နောင်တဲ့နယ်၊ လပျောင်နောင်နယ်တဲ့နယ်၊ လပျောင်နောင်.. ဗေဒိုး ဗေဒိုးပျောင်"

အောင်မင်္ဂလာချီ မန္တလေးမြို့ဖွဲ့ ယိုးဒယားသီချင်းမှ 'အလျှံဝေဝေ' အပိုဒ်၏ အလိုက်အသွားအတိုင်း မတော်မတည့် ဖျက်ဆိုသံ နောက်မှ ပေါ်လာ၏။

ကျွန်တော် လှည့်ကြည့်လိုက်သောအခါ မျက်မှန်နှစ်ကွင်း အဝင်းသား နှင့် ပါးစပ်ကြီး ဖြဲပြနေသော တင်မောင်နောင်ကို တွေ့ရသည်။ သူ့ဆံပင်များ ကမူ မိုးရေနှင့် ရွှဲနေ၏။

"ကျုတ်သေညီ.. ဘာမတော်မနမ်း အူရတာလဲ"

တင်မောင်နောင်သည် ဘာမျှ ပြန်မပြောသေးဘဲ ကျွန်တော့်အနီး ကပ်လာ၏။

မိုးထဲ ဖြတ်လျှောက်လာကြစဉ်က မိန်းကလေးကို မိုးလုံစေချင်သော ကြောင့် ထီးကို သူ့ဘက် ယိုင်လှ၍ ကျွန်တော် ဆောင်းပေးခဲ့မိသည်။ ထို့ကြောင့် ကျွန်တော့် လက်မောင်းတစ်ဖက်မှာ မိုးရေနှင့် စိုရွှဲနေသည်။

တင်မောင်နောင်က ယင်းစိုရွှဲနေသော လက်မောင်းကို ပွတ်သပ်ပြီး မှ ဆို၏။

"အိစလောင်ဝေပြီး လျှံကျလို့ မင့်လက်မောင်းကို ရွှဲနေတယ်နော..."

"ဒါမျိုးတော့ အားကြီး မြင်တတ်တယ်၊ မင်း ဘယ်ချောင်က ချောင်း ကြည့်နေတာလဲ"

တင်မောင်နောင်က လက်တွင်းမှ စာအုပ်တစ်အုပ်ကို ပြ၏။ စာအုပ် အမည်မှာ 'ဘင်ဂျမင်ဖရင်ကလင်၏ စာများ' ဟု ဖြစ်၏။

"ဘာသဘောနဲ့ ဒီစာအုပ် ပြရတာလဲ"

"နတ်သျှင်နောင်လို ကိုယ့်ထက် အသက်ကြီးတဲ့ မိန်းမ ယူထိုက် ကြောင်း ခိုင်လုံသက်သေ အထောက်အထား ကမ္ဘာစာပေမှာ လိုက်သုတေသန



ပြုတာ၊ ဒီမှာ တွေ့ခဲ့ပြီ၊ အဲ..ဤကား စကားချပ်၊ ဒီစာအုပ်ငှားပြီး လိုင်ဘရေရီ က အထွက်မှာ မချောင်းရဘဲ တည့်တည့်ကြီး မြင်လိုက်ရတယ်၊ ထီးတစ်လက် တည်း နှစ်ယောက်ခိုလို့.. ပြုံးပြုံးရယ်ရယ် ကြည်လို့..ဟင်း သေချင်းဆိုး အစကတော့ မိန်းမဆို မုန်းပြီဆို၊ ဝတ္ထုရေးအရ အင်းလျား သွားတွေ့ရအောင် ဆို ဟိုတုန်းကလည်း ပိုးဖလံမျိုး မီးကို မတိုးဘူးဆို၊ တိုးမယ့် တိုးတော့လည်း မိုးထဲ လေထဲမှာ ပခုံးချင်းကို ထိ..လို့၊ ငါ့ကို မှန်မှန်ဖြေစမ်း၊ မင့်မှတ်ဆိတ် မွေး ဘယ်တုန်းက အသစ် ထပ်ထွက်လိုက်သလဲ"

"တောက်တီးတောက်တဲ့တွေ လျှောက်ပြောမနေနဲ့၊ မမျှော်လင့်ဘဲ ကြုံတာ၊ မိုးကလည်း ရွာနေတဲ့ဥစ္စာ"

"အေးလေ... ဒါနဲ့ မင်းကလည်း ရူဋသုဘဒ္ဒါလေးအပေါ် ကရုဏာ ဝင်စွေလိုက်ရတယ် ဆိုပါတော့"

"ဟာ... ခက်တော့တာပဲ၊ အေး... ထင် ထင်... ထင်ချင်သလို ထင်၊ လူမိုက်နဲ့ ဖက်မငြင်းရဘူးတဲ့"

"အဟက် ဟဲ... ပြောပါ ပြောပါ၊ စိတ်ဆိုးပါဘူး၊ အနာဆိုတာမျိုး က တုတ် တည့်တည့်လာကျရင် အခံရခက်တယ်နော"

"ကဲ... စကားတောင်စား၊ တော်ပြီ၊ ငါ ကလပ်(စ်) ရှိသေးတယ်၊ မင်းကော..."

"ဟိုက်... ရှိတယ်၊ ဟိုးဘက် ဂျဒ်ဆွန်ဘက်မှာ၊ မင်းတို့ လိုက်ချောင်း ရတာနဲ့ ဒီဘက် ရောက်လာတယ်၊ ဒုက္ခပဲ၊ မိုးထဲ ပြန်ဖြတ်ပြေးရဦးမယ်၊ အာ... အတော်ပဲ မင်းထီး ငါ့ ခဏပေးလိုက်"

"မပေးဘူး မင့်အကုသိုလ်နဲ့ မင်း"

ကျွန်တော်သည် ထီးကို တမင်မပေးဘဲ ဖွတ်ပြေးခွာလာခဲ့၏။

ကျွန်တော့်သင်တန်းအခန်း ရှိရာ လျှောက်လာခဲ့စဉ် ကိုယ် သွားရမည့် နေရာ မသွားဘဲ သူများနောက် လိုက်ချောင်းဖမ်းသဖြင့် မိုးထဲ ရေထဲ နှစ်ကြိမ် ဖြတ်ပြေးရမည့် တင်မောင်နောင်၏ အဖြစ်ကို သဘောကျမိသည်။

ကျွန်တော်တို့ ဂုဏ်ထူးတန်းသမားများသည် ဂုဏ်ထူးတန်း တက်ခွင့် ရသည့်နှစ်မှ စ၍ မိမိ ဂုဏ်ထူးယူသော ဘာသာတစ်ခုတည်းကိုသာ လေ့လာ ကြရတော့သည်။ 'ဆပ်ဆစ်ဒိုင်အာရီ' ခေါ် အရန်ဘာသာအဖြစ် ယူရသော အင်္ဂလိပ်ဘာသာမှတစ်ပါး အခြား ဘာသာသင်တန်းများကို တက်ရန် မလိုတော့၊ စိတ်ပညာ ဂုဏ်ထူးယူသော ကျွန်တော်သည် စိတ်ပညာဌာနရှိရာ သုမှုရေးသိပ္ပံ

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံကြီးဘက်၌သာ နေ့စဉ် အချိန်ကုန်သည်။ ဤဘက်သို့ ရောက်ခဲ့သည်။ တစ်ပတ်လျှင် တစ်ကြိမ်သာ ရှိသော အင်္ဂလိပ်စာသင်တန်းအတွက် ယခု ကူးလာရခြင်း ဖြစ်သည်။

အင်္ဂလိပ်စာသင်တန်းက ရူပဗေဒဌာန အဆောင်စွယ်နှင့် ဆက်လျက်ရှိသော အနောက်ဘက် အဆောင်စွယ်ကြီး၏ အလယ်ထပ် အခန်းတစ်ခန်း၌ရှိသည်။

အောက်ဆုံးထပ် စင်္ကြံအတိုင်း အလယ်ထပ်သို့ တက်သည့် လှေကားဆီသို့ ကျွန်တော် ရှေးရှု လျှောက်နေ၏။

ကျွန်တော့် ခြေလှမ်းက သွက်နေ၏။ တင်မောင်နောင် ဖြစ်ပုံကို သဘောကျပြီး ကျွန်တော့်မျက်နှာလည်း ပြုံးနေ၏။

သို့ရာတွင် တစ်ခဏ၌ပင် ကျွန်တော့်ခြေလှမ်းရော၊ အပြုံးပါ ရပ်သွား၏။

စင်္ကြံဘေးတစ်လျှောက်ရှိ ပြတင်းကြီးများက ကျယ်သည်။ ကျွန်တော် လျှောက်နေရာမှသည် အနောက်ဆောင်အစွယ်ကြီး၏ အောက်ဆုံးထပ် စင်္ကြံတစ်လျှောက် လျှောက်လာကြသော ကျောင်းသူတစ်သိုက်ကို လှမ်းမြင်ရသည်။

နှင်းနှင့် အဖော်တစ်သိုက်။

နှင်းတို့က သိပ္ပံဘာသာတွဲ ယူကြသူများ မဟုတ်ကြ။ ထို့ကြောင့် ရူပဗေဒဌာနဆီသို့ သွားကြမည် မဟုတ်။ သည်ဘက်သို့သာ ချီးလာကြမည်မှာ သေချာသည်။ သည်ပုံဆိုလျှင် ကျွန်တော် ရှေ့ဆက်သွားပါက သည်စင်္ကြံပေါ်မှာတွင် ဖြစ်စေ၊ ဟိုထောင့်ချိုးမှာတွင် ဖြစ်စေ၊ ရင်ဆိုင် တိုးမိတော့မည်။

မြတ်စွာဘုရား. . . ယခုမှ ခက်ကချေပြီ။

နှင်းကို မတွေ့လိုပါ။ မမြင်လိုပါ။ ရင်မဆိုင်လိုပါ။

စေ့စပ်ကြောင်းလမ်းပြီးနောက် လက်မထပ်သေးဘဲ နှင်းတစ်ယောက် တက္ကသိုလ်သို့ ပြန်ရောက်လာခဲ့သည်ကို ကျွန်တော် မသိ မဟုတ်။ သိသည်။ သိရုံမက အဝေးကပင် သုံး လေးကြိမ် လှမ်းမြင်ဖူးသည်။ မြင်သည့် ခဏ၌ပင် ကျွန်တော် မျက်လုံးကို လွှဲပစ်သည်။

ပက်ပင်းရင်ဆိုင်မိလျှင်ကား အခက်သား။ ယခု ခက်ရတော့မည်။

ကျွန်တော်က နောက်ပြန်လှည့်လိုက်သည်။ မပြေးရုံ တစ်မည် ခြေလှမ်းများဖြင့် ဘီ–စီအာရ် ခေါ် ယောကျ်ားလေးများ နားနေခန်းတွင်းသို့ ဝင်ပုန်းမိသည်။



ကျွန်တော့်ရင်တွင်း၌ ပြင်းထန်စွာ လှုပ်ရှားနေသည်။ မောသည်လည်း ပါသည်။ စိတ်နာသည်လည်း ပါသည်။ ဝမ်းနည်းသည်လည်း ပါသည်။ ရှက်သည်လည်း ပါ၏။

နှင်းနှင့် တွဲလာသော မိန်းကလေးများကို ကျွန်တော် သိသည်။ သူတို့ကလည်း ကျွန်တော့်ကို သိသည်။ အထူးသဖြင့် နှင်းနှင့် ကျွန်တော့် အကြောင်းကို သိကြသည်။ အနည်းဆုံး နှင်းနှင့် ကျွန်တော် တွဲခဲ့ကြဖူးသည်ကို သိကြသည်။ ယခုဆိုလျှင် သူတို့က ဘယ်လို မျက်လုံးမျိုး. . . ဘယ်လို စိတ်ကူးမျိုးနှင့် ကျွန်တော့်ကို ကြည့်ကြမည်နည်း။

မခံချင်မှုသည် ကျွန်တော့်ရင် တစ်ခုလုံးကို လွှမ်းမိုးသွားသည်။ ဒေါသကလည်း ကပ်လိုက်ပေါ်လာ၏။

မိမိကိုယ်ကို ဒေါသထွက်မိသည်။ သည်လောက်ပဲ ပျော့ရသလား၊ သည်လောက်ပဲ ညံ့ရသလား။

စောစောတုန်းက မိုးမိုးကို တွေ့စဉ်ကလည်း နောက်ဆုတ် လှည့်ပြေးမည် ကြံခဲ့သေးသည်။ ယခုလည်း နောက်ဆုတ် ပုန်းမိနေပြီ။

မိန်းကလေး ဆိုတာတွေက သည်လောက်တောင် ကြောက်စရာလား။ သည်လိုပဲ ကြောက်စရာ လိုသလား၊ သည်လို နောက်ဆုတ်ပုန်းပြီး သူတို့ကို လက်မြှောက် အရှုံးပေးနေရမှာလား၊ ပြီးတော့ သူတို့ လုပ်သမျှ ကိုယ်ကပဲ ခံနေရမလား။ ကိုယ် ဆိုတာက ယောကျ်ား. . . ယောကျ်ားရင့်မကြီး။

ကျွန်တော့် မျက်စိတွင်း၌ ကြွက်ဖြူကလေး ပေါ်လာသည်။ စမ်းသပ်ကိရိယာ လှောင်အိမ်တွင်းမှ ကြွက်ဖြူကလေး. . .။ အခြေအနေတွေ အားလုံးကို ကျွန်တော် (ဝါ) ကျွန်တော်၏ အသိဉာဏ်က ထိန်းချုပ်ထားသည်။ သည်တော့ ကြွက်ဖြူကလေးမှာ ကျွန်တော့်လက်ခုပ်တွင်း ကျွန်တော် ပြုသမျှ နရမည်။ ကျွန်တော့်ကို သူက မသိပေမဲ့ သူ့ကို ကျွန်တော်က သိသည်။ သူ ဘယ်တော့. . . ဘာကို. . . ဘယ်လိုလုပ်မည်ကို ကျွန်တော်က သိနှင့်သည်။ ကျွန်တော်က စိုးမိုးသူ၊ ခြယ်လှယ်သူ၊ အရှင်. . .၊ သခင်. . .။

လောက ဆိုသည်ကိုလည်း ဘာကြောင့် ဓာတ်ခွဲခန်းပမာ ကျွန်တော်က သဘောမထားနိုင်ရပါသနည်း။ အနည်းဆုံး သည်လောကတွင်းက မိန်းမ ဆိုတာတွေကို ကြွက်ဖြူလေးပမာ။

ကျွန်တော်သည် ပြုံးနိုင်သွား၏။ ကျေကျေနပ်နပ်ပင် ပြုံးနိုင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဘီ–စီ–အာရ်အတွင်းမှ ကျွန်တော် ထွက်လိုက်၏။ စောစောက ပြန်ဆုတ်လာခဲ့သော စကြံအတိုင်း ပြန်လျှောက်သည်။

နှင်းတို့ အသိုက်ကလည်း စကြံအတိုင်း ကျွန်တော် ရှိရာသို့ မျက်နှာမူ၍ လျှောက်လာနေကြပြီ။

ကျွန်တော်က ခေါင်းကို မငုံ့၊ မျက်လုံးများကို တည့်တည့်ထားသည်။ မျက်နှာကို ပြုံး၍ပင် ထားလိုက်သေး၏။

ရင်ဆိုင်မိပြီ. . .။ လူချင်း ပူးကပ်မသွားပေမဲ့ အသည်းနှလုံးချင်းကမူ ထိပ်တိုက် ဝင်တိုက်မိသွားသည် ထင်သည်။ တုံ့ခနဲ ရပ်သွားသော ခံစားမှုတစ်ရပ်ကို ကျွန်တော် ခံစားလိုက်ရသည်။

ကျွန်တော်က ငြိမ်မတ်စွာ ရပ်နေလိုက်၏။ ဘယ်သူ လှုပ်မည်နည်း။

နှင်းတစ်ယောက် သွက်သွက်ခါသွားသည်ကို ကျွန်တော် ကောင်းစွာ . . . ဟုတ်ကဲ့. . . ကောင်းစွာ တွေ့လိုက်ရပါ၏။

နှင်းလည်း ရပ်သွားပါ၏။ ရပ်သွားသည် ဆိုခြင်းထက် ရှေ့ဆက်ခြေမလှမ်းတော့ပါ ဆိုခြင်းက ပိုမှန်ပေလိမ့်မည်။ ခြေထောက်ကလေးများက ရုတ်တရက် ငြိမ်မသွားပါ။ ခြေဦးလေးများသည် ဟိုလှည့် သည်လှည့်၊ ဟိုရွှေ့ သည်ရွှေ့နှင့် စက္ကန့်ပိုင်းအတွင်း အလုပ်များသွားကြရှာသည်။ ပြေးမလွတ်၊ ရှောင်မရမှန်း သိလေမှ ခြေစုံလေး ရပ်ဘိသည်။

နှင်း ရပ်တော့ သူ့အဖော်များလည်း ရပ်ကုန်ကြသည်။ သူတို့မျက်လုံးများက ကျွန်တော့်ဆီ တစ်လှည့်၊ နှင်းဆီ တစ်လှည့် လူးလာပြန်နေကြသည်။

ကျွန်တော်သည် ဖြည်းညင်းစွာ နှင်းကို ပြုံးပြ နှုတ်ဆက်သည်။ သည်အပြုံးမှာ သနားမှု ငွေ့ငွေ့လေး ပါသွားမှန်း ကျွန်တော် သိဖြစ်အောင် သိလိုက်ပါသည်။

သြော်. . . နှင်းရယ်. . . ချစ်ခဲ့မိရပါသော နှင်းရယ်။

နှင်း၏ မျက်နှာ သွယ်သွယ်လေးသည် ချစ်စဖွယ် သနောင့်သနား တည်းဟု ကျွန်တော် ဆိုခဲ့ပြီးပါပြီ။

ယခုလည်း ကြည့်ပါ၊ ချစ်ဖွယ် သနောင့်သနားတည်း။

ကျွန်တော့်ထက် ဦးခေါင်းတစ်လုံးမျှ အရပ်နိမ့်ရှာသောကြောင့် ကျွန်တော့်ကို မော့မော့လေး ကြည့်နေရှာသည်။ မော့မော့လေး ကြည့်ရသော့ကြောင့် မျက်တောင်ကော့ကြီးများက ပွင့်ပျံ့နေသည်။ ဝိုင်းဝန်းသော မျက်လုံးလေးများက လည်နေသည်။ မျက်ရည်ကြည်များလည်း ဝေ့နေ၏။ နှုတ်ခမ်း



နီနီလေးများက မငုံ့တင့်နှင့် တုန်နေသည်။ နှုတ်ခမ်းလေးများနည်းတူ ကိုယ်လေးလည်း တုန်နေ၏။

ကော့သော မျက်တောင်၊ ဝန်းသော မျက်လုံးတို့နှင့် ဖွေးညင်း ရှိမ်းရှိမ်း လွှမ်းသည်ကြောင့် ပြာလက်မွတ်စင်သည် ဆိုရမည့် သနောင့်သနားဖွယ် သည် မျက်နှာလေးကို ကျွန်တော် အနီးကပ် မြင်ခွင့် မရခဲ့သည်မှာ ကြာပါပြီ။

ယခု မြင်ရပြန်တော့. . . မြင်ရပြန်လေတော့. . .။

ကျွန်တော့်ရင်မှာ နာလာပြန်သည်။ နမြောတသခြင်းသည် ဆုံးရှုံးပြီးရခြင်း၏ အသိစိတ်နှင့် ပေါင်း၍ ကျွန်တော့်ကို နှိပ်စက်ဘိသည်။

အလကား. . . .အလကား. . . ဘယ်မှာလဲ သနားစရာတွေ. . . ဘယ်မှာလဲ. . . မိန်းမတစ်ယောက်အတွက် သနားစရာတွေ. . .။

ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြသွားမိသည်။

သြော်. . . ကျွန်တော်လည်း ဟန်ဆောင်တတ်ပါတကား။ ဟန်ဆောင်ရသည်မှာလည်း ထင်သလောက် မခက်ပါတကား။

ကျွန်တော်သည် ရွှင်ရွှင်ပျပျပင် ထပ်ပြုံးလိုက်ပြီး ခံစားမှု အထူးမရှိသည့် လေသံဖြင့် ပြော၏။

"ကိုယ် မအားတာနဲ့ နှင်းကို လာတွေ့မယ်. . . တွေ့မယ်နဲ့ မတွေ့ဖြစ်ဘူး၊ နှင်းကို ကိုစောထွေး ရန်တွေ့ရဦးမယ်"

နှင်း၏ မျက်လုံးလေးများ ပိုပြူးကျယ်သွားကြသည်။

"နှင်းကို. . . ရန်. . . ရန်တွေ့မလို့"

"ဟုတ်တယ်လေ. . . သတင်းကောင်းသာ ကြားရပြီး ကိုယ် ဘာမှ မစားရသေးဘူး၊ ဒီမှာ. . . နှင်းက အင်ဂေ့ရှ်လုပ်ပြီးမှ ခင်ဗျားတို့ကို ဘာများ ကျွေးပြီးပြီလဲ"

နောက်ဆုံး စကားများကို ကျွန်တော်က ဘေးမှ နှင်း၏ အဖော်မိန်းကလေးများဆီ လှည့်၍ ပြောလိုက်ခြင်း ဖြစ်သည်။

ဟာ ဟာ့. . . မိန်းမတွေ မိန်းမတွေ. . . အမယ်လေး မိန်းမတွေ . . . သူတို့က လက်ဦးလျှင် သူတို့က အပေါ်စီးရလျှင် သူတို့က အရှုံးလုပ်မည်၊ သရော်မည်၊ လှောင်မည်။ ယခုတော့ ကျွန်တော်က လက်ဦးသည်။ ကျွန်တော်က အပေါ်စီးရသည်။ အဟက် ဟဲ. . . ကျွန်တော်က သူတို့ကို အရှုံးလုပ်သည်။ သည်တော့ ဘာတတ်နိုင်ကြပါသနည်း။

www.burmeseclassic.com



သူတို့ တစ်ယောက်မျှ ကျွန်တော့်အမေးကို မဖြေနိုင်ကြ။ သိုးမလေးတွေလို့. . တစ်ယောက် မျက်နှာ တစ်ယောက် လှည့်ကြည့်ကြသည်။ ပြီးတော့ မျက်လွှာလေးတွေ ချ ငြိမ်နေကြသည်။

နှင်းက သက်ပြင်းလေး ချပြီး ပြုံးပြရှာသည်။ သည်အပြုံးမှာ အားမရှိကြောင်း၊ သည်အပြုံးသည် အလွန်ကြိုးစားပြီးမှ ပြုံးလိုက်ရသော အပြုံးဖြစ်ကြောင်း ကျွန်တော် သိသည်။

''ကိုစောထွေးက ဘာစားချင်လို့တုံး''

အင်း. . . အဟင်း. . . နှင်းလည်း ဟန်ဆောင်နိုင်သားပါတကား။

''အလကား နောက်တာပါ နှင်း၊ ကိုယ်က အခု မစားချင်သေးပါဘူး၊ လက်ထပ်ပွဲကျမှ. . . အဲ. . . လက်ထပ်ပွဲကျရင် ကိုစောထွေးတို့ကို ဖိတ်ဖို့ မမေ့နဲ့နော် ဒါပဲ''

နှင်းသည် ကွက်ခနဲ ကျွန်တော့်ကို စိုက်ကြည့်သည်။ သည်အကြည့်မှာ ဟန်ဆောင်မှု မပါ။ သည်အကြည့်က ဝမ်းနည်းသော အကြည့်၊ ပြီးတော့ စူးစမ်းသော အကြည့်။

တော်ပါပြီ. . . တော်လောက်ပါပြီ. . . နှင်းထံမှ အဖြေကို ကျွန်တော် မလိုပါ။

ကြွက်ဖြူလေးတွေကို ကျွန်တော် စမ်းသပ် အသုံးပြုလျှင် ကျွန်တော် စချင်သည့် အချိန် စသည်၊ ပြီးချင်သည့် အချိန် ပြီးသည်။ ကျွန်တော့်လုပ်ငန်း၏ စခြင်း၊ ပြီးခြင်းကို ကြွက်ဖြူလေးတွေက ဘာအဆုံးအဖြတ်မျှ ဝင်ပေးခွင့် မရှိပါ။

ယခုလည်း ကျွန်တော်၏ စမ်းသပ်ခြင်း လုပ်ငန်းတစ်ခု ပြီးပြီ၊ ထို့ကြောင့် ကျွန်တော်က နှုတ်ဆက်၏။

''ကိုစောထွေးရဲ့ ကလပ်(စ်)အချိန် နီးနေပြီ၊ သွားလိုက်ဦးမယ်၊ ဩော်. . . အားလုံးပဲ သွားဦးမယ် ခင်ဗျ''

ကျွန်တော်က သူတို့ထံမှ ခွာကာ ဆက်လျှောက်သည်။

အလယ်ထပ် အခန်းတွင်းသို့ ကျွန်တော် ရောက်ချိန်၌ ဆရာပရဲယားက စာအုပ်ကို ဖွင့်ဖတ်လျက် ရှင်းပြသင်ကြားနေပြီ။

ပြဒ္ဒါန်းစာအုပ်ကား ကမ္ဘာကျော်စာပေကြီးများမှ ကောက်နုတ်စုပေါင်းထားသည့် ဟင်းလေးအိုး စာအုပ်တစ်မျိုး ဖြစ်သည်။



ကျွန်တော်က နောက်ကျသည့်အတွက် ဆရာ့ကို ခါးညွတ် အလေးပြုတောင်းပန်ပြီး ခုံတွင် ဝင်ထိုင်၏။

ယနေ့ သင်ယူရသည်မှာ ပဏ္ဍစ်နေရူး၏ 'ဒစ်စကားဗရီးစ် အော့ဖ် အင်းဒီးယား' ခေါ် 'အိန္ဒိယပြည်ကြီး၏ တွေ့သိခြင်းများ' စာအုပ်မှ အခန်းတစ်ခန်း ဖြစ်သည်။

ဆရာ ရှင်းပြသည်ကို နားထောင်ရင်း စိတ်တွင်း၌ ကျွန်တော် ပြုံးမိသည်။

ပဏ္ဍစ်နေရူး ဆိုသည်မှာ ကျွန်တော့်ထက် အဆများစွာ ကြီးကြယ်မြင့်မြတ်သော လူသားကြီးတစ်ဦးပါ။ သူ ပြောပြသော အိန္ဒိယပြည်ကြီး၏ တွေ့သိမှုများကလည်း သိမ်မွေ့လေးနက်လှပါ၏။

သို့ရာတွင်. . . ယနေ့ ကျွန်တော်လည်း တစ်စုံတစ်ရာကို 'တွေ့သိ' ခဲ့သည်။

ကြွက်ဖြူလေးကို အသုံးချကြည့်တော့ တွေ့သိရသော မိန်းမတို့အကြောင်း. . .။

အဟင်း. . . မိန်းမတို့အကြောင်း. . . အကြောင်း. . .။

www.burmeseclassic.com

# အခန်း - ၁၆

ည ၉ နာရီခန့် ရှိပြီ။

ကျွန်တော့် အခန်းတွင်းရှိ စားပွဲ၌ ကျွန်တော် စာကျက်နေသည်။ စာကျက်နေသည် ဆိုခြင်းထက် ဘာသာတရားတစ်ရပ်ကို ဉာဏ်ပေါက်အော ကြိုးစားနေရသည် ဆိုခြင်းက ပိုမှန်ပေလိမ့်မည်။

ဖြစ်နိုင်ခြေ သီအက်ရီ... သင်္ချာပညာသီအက်ရီတစ်ခု ဖြစ်သည်

တစ်စုံတစ်ရာ၏ ဖြစ်နိုင်ခြင်း၊ မဖြစ်နိုင်ခြင်း သို့မဟုတ် တစ်စုံတစ် ၏ ဖြစ်လာမည် ဖြစ်ခြင်း၊ မဖြစ်လာမည် ဖြစ်ခြင်းတို့ကို ထိုအရာ၏ 'ဖြစ်နိုင်ခြေ ဖြင့် ခန့်မှန်းဆုံးဖြတ်ရသည်။

မိုးရွာမည့် ဖြစ်နိုင်ခြေမှာ သုည ဖြစ်၏။ တစ်နေ့တွင် ကျွန်တော် သေရမည့် ဖြစ်နိုင်ခြေမှာ ၁၀၀ သို့မဟုတ် ၁၀၀ ရာခိုင်နှုန်းအပြည့် ဖြစ်၏ ပိုက်ဆံ တစ်ပြားကို လေထဲ မြှောက်လိုက်လျှင် ခေါင်းကျမည့် ဖြစ်နိုင်ခြေမှ ၅၀ ရာခိုင်နှုန်း၊ ပန်းကျမည့် ဖြစ်နိုင်ခြေမှာ ၅၀ ရာခိုင်နှုန်း။ ဤလောကတွ ဖြစ်နေသော အဖြစ်အချို့၏ ဖြစ်နိုင်ခြေမှာ အဆိုပါ ဖြစ်နိုင်ခြေ ၃ မျိုးအနက် တစ်မျိုးမျိုး ဖြစ်၏။ သို့ရာတွင် ဤလောက၌ ဖြစ်နေသော အဖြစ်အများစုကြ



မှာ ယင်း ၃ မျိုးလောက် မတိကျသော ဖြစ်နိုင်ခြေမျိုးနှင့် ဖြစ်နေကြခြင်း ဖြစ်သည်။

မည်သို့ဖြစ်စေ... သဘောတစ်ခုကို အဖြစ်ဟူ၍ သတ်မှတ်လိုက်သည်နှင့် တစ်ပြိုင်နက် ယင်းအဖြစ်မှာ ဖြစ်နိုင်ခြေ ရှိလာသည်။ သာမန်အားဖြင့် မဖြစ်နိုင်ဟု ဆိုရမည့်အဖြစ်၌ပင် ဖြစ်နိုင်ခြေ ရှိသည်။ ဥပမာ– လူတစ်ယောက်သည် အသက် ၁၀၀၀ ကျမှ သေသည်ကို အဖြစ်တစ်ခုဟူ၍ ထား... လူတစ်ယောက်သည် အသက် ၁၀၀၀ ကျမှ သေခြင်း၏ ဖြစ်နိုင်ခြေ မည်မျှ ရှိမည်နည်း။ လမ်းမပေါ်မှ လူတစ်ယောက်အနေနှင့် ဖြေရလျှင် 'ဟာ... တောက်တီးတောက်တဲ့ မဖြစ်နိုင်တာ...' ဟု ဆိုမည်။ မေးသူကို အရူးဟု ထင်ချင်လည်း ထင်မည်။ သင်္ချာ ဖြစ်နိုင်ခြေ တွက်နည်းအရမူ ဖြစ်နိုင်ခြေ ရှိသည်။ လူတစ်ယောက် အသက် ၁၀၀၀ ကျမှ သေမည့် ဖြစ်နိုင်ခြေကား အပုံပေါင်း ၁၀ ကို ၁၀ နှင့် ၁၀ ကြိမ် ဆက်မြှောက်ခြင်း ပေါင်း ၃၆ လီ ပြု၍ ရလာသော ကိန်းဂဏန်း၏ တစ်ပုံ ရှိသည်။ ယင်းမှာ သင်္ချာနည်း ဖြစ်နိုင်ခြေ ဖြစ်၏။ လက်တွေ့အားဖြင့် ယင်းဖြစ်နိုင်ခြေမျိုးကို မဖြစ်နိုင်ဟု အဓိပ္ပာယ် သက်ရောက်သည်ဟု ကောက်ချက်ချ အသုံးပြုရသည်။

သင်္ချာပညာ ဖြစ်နိုင်ခြေ သီအက်ရီသည် တန်ခိုးကြီးလှ၏ (ဝါ) အသုံးပြုရန် အစွမ်းထက်လှ၏။ ယနေ့ သိပ္ပံပညာတကာတွင် သူ မပါမဖြစ်။ ရူပဗေဒသိပ္ပံမှာပဲဖြစ်ဖြစ်... လူမှုရေးရာ သိပ္ပံတွေမှာပဲဖြစ်ဖြစ် သူ ပါလာ၏။

စိတ်ပညာ၌လည်း ဖြစ်နိုင်ခြေ သီအက်ရီနှင့် ယင်းသီအက်ရီပေါ် အခြေပြု၍ တည်ဆောက်ထားရသော သင်္ချာနည်းစနစ်များကို လက်နက်အဖြစ် သုံးစွဲရသည်။

ကျွန်တော်သည် ဗီလျံဖဲလား ရေးသားပြုစုသော 'ဖြစ်နိုင်ခြေ သီအက်ရီနှင့် ယင်း၏ အသုံးချနည်းများ' စာအုပ် ပထမတွဲကို ဖတ်ရှုလေ့လာနေသည်။ သင်္ချာတွေ ပါသောကြောင့် ခေါင်းတော့ အတန် ရှုပ်ရသည်။

ဖက်လည်း လေ၊ လူလည်း ညောင်းမှ ခေတ္တနားလိုက်၏။ ထိုအခါကျမှ တစ်ဖက်ခန်းမှ တင်မောင်နောင်၏ တတွတ်တွတ် ရွတ်သံကို စကြားမိ၏။

"ပနညောင်... ပနညောင်... ပနညောင်... ပနညောင်..."

သည်ကောင်ကား စိတ်ကူးပေါက်လျှင် တစ်ချိန်တွင် တစ်ခုခု မဟုတ်တာ လုပ်နေတတ်သည်။ ယခုလည်း ဘာအရူးထနေသည် မသိ။

www.burmeseclassic.com

www.burmeseclassic.com



"ပနညောင်း... ပနညောင်း... ပနညောင်း... ပညောင်း... ပညောင် ... ပညောင်း... ပင်ညောင်း... ပင်ညောင်း... ပင်ညောင်"

ညောင်အဖျားသတ်သော ရွတ်ဆိုသံများသည် အဆက်မပြတ် ထွက်ပေါ်လာနေ၏။ ရွတ်ဆိုမှု အရှိန်နှုန်းကလည်း မြန်သည်။

ကျွန်တော်က ရယ်ချင်လာ၏။ သိချင်စိတ်လည်း ကဲလာ၏။

ကျွန်တော်က ကျွန်တော့်အခန်းမှ ထွက်ပြီး သူ့အခန်းဆီ ကူးခဲ့၏။

သူက စာရေးစားပွဲ ကုလားထိုင်တွင် ထိုင်ရင်း မျက်စိမှိတ်လျက် စိတ်ပါလက်ပါ ရွတ်နေခြင်း ဖြစ်၏။

"ပင်ညောင်း... ပင်ညောင်း... ပင်ညောင်း... ပြင်ညောင်း... ပြင်ညောင်း... ပြင်ညောင်း..."

သူက မျက်စိ ဖွင့်အကြည့်၌ ကျွန်တော့်ကို မြင်သောအခါ တညောင်ညောင် ရွတ်နေခြင်းကို ရပ်၍ သွားဖြီပြသည်။

"ဘယ်လိုလဲ ကျတ်သေညီ... ကျတ်ဘဝက စုတေမနေ သေလွန် ပြီး ကြောင်ဖြစ်လို့ တညောင်ညောင် အော်နေတာလား"

"မင့်ဘိုးအေကြီး ကြောင်ဖြစ်ရမှာလား၊ ငါက အခု သုတေသန လုပ်နေတာ"

"ဪ... တညောင်ညောင် အော်နေတာ သုတေသန လုပ်နေတာ၊ လင်းစမ်းပါဦး"

ကျွန်တော်တို့ အသံ ကြားရသောကြောင့် ထင်သည်။ ကျော်အုံ့လည်း ကူးလာ၏။

"ဘာလဲ စောထွေး... မင်းလည်း ကြောင်အော်သံ မခံနိုင်လို့လား"

"အေးကွ... သူ့ရောဂါက ဘာမှန်း မသိဘူး။ တညောင်တည်း ညောင်နေတာ၊ မေးတော့ ကြီးကြီးကျယ်ကျယ် သုတေသန လုပ်နေတာတဲ့လေ"

ကျော်အုံ့က တင်မောင်နောင်ကို ကြည့်ပြီး...

"ဘာလဲ... ဒိုင်းနှင်းဟောလ်မှာ ကြွက်တွေ ပေါလို့ ဝါဒင်က မင်းကို ကြောင်လို အော်နည်း သုသေတန လုပ်ခိုင်းထားသလား၊ မလုပ်နဲ့ မောင်ရင် တော်တော်ကြာ တင်မောင်နောင် နာမည် ပျောက်ပြီး တင်မောင်ကြောင် ဖြစ်သွားလို့ လူနဲ့ နာမည်နဲ့ သိပ်လိုက်သွားဦးမယ်..." ဟု ဆိုသည်။

"အေး... နှိမ်ကြ... နှိမ်ကြ... ပြောမယ့် အဖိုးတန်စကား ငါ မပြောတော့ဘဲ စိတ်ကောက်ပစ်လိုက်မယ်... ဟင်း..."



"ပညာရှိ လုပ်ပြီး စိတ်မကောက်ပါနဲ့လေ၊ လူပုတာလေးကို အားနာပါဦး"

"ဟော့ကောင်တွေ... ဒါပဲနော်... ငါ တကယ် စိတ်ကောက်တော့ မယ်၊ တစ်... နှစ်... သုံး..."

ကျော်အုံ့ကလည်း အလျှော့မပေး။

"အစ်ကို တကယ် စိတ်ကောက်တော့မလို့လား။ စိတ်မကောက်ခင် ပညာရှိပီပီ တစ်ခု စဉ်းစားပါဦး"

"ဘာစဉ်းစားရမှာလဲ"

"ဪ... စိတ်ကောက်တာတော့ ဟုတ်ပါရဲ့... ဒါပေမဲ့ ငါ စိတ်ကောက်ရင် ဒီလောကကြီးမှာ ချော့မယ့်လူ ရှိရဲ့လား... လို့"

တင်မောင်နောင်သည် ဆက်လက် စိတ်ဆိုးဟန်မဆောင်နိုင်တော့ဘဲ "ဟီး..." ဟု ရယ်ချလိုက်၏။

"အေး... ဝအောင် နှိမ်ထားလိုက်ကြဦးပေါ့၊ တစ်နေ့ကျမှ တင်မောင်နောင့် အစွမ်း မြင်ကြရလိမ့်မယ်၊ ဟိုတလောက မင်းတို့ နှစ်ကောင်လုံးကို အခန်းထဲ အဝင်မခံဘဲ တံခါးချက်ထိုးပြီး ငါ ဘာလုပ်နေတယ် ထင်သလဲ"

"အစ်ကို စာရေးနေတာလေ"

"အေး... ဘာစာတွေ ရေးနေတယ် ထင်သလဲ"

"မကောင်းသူ ထိပ်၊ ကောင်းသူထိပ်၊ တစ်ယောက် မစွံ တစ်ယောက်စွံ ဆို... အဓိဋ္ဌာန်နဲ့ ရည်းစားစာ သက်စေ့ ရေးနေတာ မဟုတ်လား"

တင်မောင်နောင်က နေရာမှ ထပြီး ကျွန်တော်တို့ နှစ်ဦးကို တွန်းထုတ်သည်။

"ကဲ... သွားကြ သွားကြ... ထွက်ကြတော့၊ မင်းတို့နဲ့ အလဇ္ဇီတွေ ပြောနေရလို့ ငါ့အချိန်ကုန်တယ်၊ ငါ့ သုတေသန ပျက်တယ်"

သည်ကောင်က တကယ် တွန်းထုတ်နှင်နေသောကြောင့် ကျွန်တော်က ချော့ရ၏။

"အလကားနော်... ကျော်အုံ့က နောက်တယ်၊ တင်မောင်နောင်... မင့် သုတေသန ဆက်ရှင်းကွာ"

"မရှင်းဘူး။ တော်ပြီ"

"မရှင်းရင်တော့ မင်း ဘာကြောင့် တညောင်ညောင် အော်နေရတဲ့ အဖြစ်ကို တို့ ဘယ်လိုလုပ် သိတော့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မသိလည်း နေကြ"

"အဲ... မနေဘဲ တင်မောင်နောင်တစ်ယောက် ဘာရောဂါ ဖြစ်မှန်း မသိဘူး၊ တညောင်ညောင် အော်နေတယ်လို့ တို့က လျှောက်ပြောမိရင် ဘယ့်နှယ် လုပ်မလဲ၊ ခုနက ကျော်အုံ့ ပြောသလို တင်မောင်နောင် အနောက်က နောင် ပျောက်ပြီး ကြောင် ရောက်လာရင် စဉ်းစားကြည့်လေ... မင်းအတွက်လည်း မကောင်းဘူး၊ မင်းနဲ့ ပေါင်းသင်းနေရတဲ့ တို့အတွက်လည်း မကောင်းဘူး၊ မဟုတ်ဘူးလား ကျော်အုံ့ရာ..."

"အေး... ဟုတ်တယ်... တင်မောင်ကြောင် ဆိုတဲ့ ဘွဲ့ဟာ..."

ကျော်အုံ့ စကား မဆုံးလိုက်ရ။ တင်မောင်နောင်က ကျော်အုံ့၏ ပါးစပ်ကို လက်ဝါးနှင့် ပိတ်၏။

"ရှုကြီး ခိုးပါရဲ့ကွာ... အဲဒါကြီး ထပ်မခေါ်စမ်းပါနဲ့၊ ကဲ... ထိုင်ကြ ထိုင်ကြ... အမယ်မင်း... ငါ... တယ်... ဒီပါးစပ်ကလည်း ကြကြဖန်ဖန် မညောင်ဘဲ မနေနိုင်ဘူး"

ကျွန်တော်နှင့် ကျော်အုံ့က ခုတင်ပေါ်တွင် ထိုင်ကြ၏။ တင်မောင်နောင် က ကုလားထိုင်ပေါ်တွင် စိတ်ပျက်ဟန်ဖြင့် ဒူးတစ်ဖက် ကွေးထောင်ပြီး ထိုင် လျက် ဆေးပေါ့လိပ် ဖွာနေ၏။

"ပြောလေကွာ... မင့်သုတေသန၊ ဘာသုတေသနလဲ"

"ဘာသုတေသနရမှာလဲ၊ မင်းပဲ စ,တာ၊ ညောင်... ညောင်... ညောင်... ညောင်..."

"ဟော... ကြောင်ပြန်ပြီ... အဲလေ... အော်ပြန်ပြီ..."

"မနောက်ပါနဲ့ ကျော်အုံ့ရာ... ဆိုစမ်းပါဦး... ဘယ်လို ငါက စ,တဲ့ သုတေသနလဲ"

"တောင်ကြီးတုန်းက မင်းပဲ... တို့ မြန်မာစာယူတဲ့ ကျောင်းသား တွေဟာ သစ်ပင်တွေအကြောင်း၊ ပန်းတွေအကြောင်း ကောင်းကောင်း လေ့လာ သင့်တယ်လို့ ပြောခဲ့တာလေ၊ အေး... သိပ်မှန်တယ်ကွ၊ ရှေးမြန်မာကဗျာ ဆရာကြီးတွေဟာ သစ်ပင် ပန်းပင်တွေအကြောင်း သိပ်နားလည်ကြတယ်၊ ငါလည်း ကြိုးစားမယ်ဆိုပြီး... အဲ ကြိုးစားတာ... မင်းတို့ ခု မြင်တဲ့အတိုင်း တညောင်ညောင် အော်နေရတဲ့ ဘဝကို ရောက်ကရော..."

"ဘုရားရေ... ဘယ်လိုကြောင့်..."



"ဦးထွန်းငြိမ်း အဘိဓာန်ကပဲ စတယ်၊ မင်း ပြောခဲ့သလိုပဲ... အဲဒီ အဘိဓာန်မှာ ဗင်နီယင်ကို ညောင်ဗောဓိလို့ ဆိုထားတယ်။ ဒါကတော့ မှား တယ်။ ဒါပေမဲ့ အဲဒီအဘိဓာန်မှာပဲ ဖစ်စ်ကက်စ် ဆိုတဲ့ စာလုံးကို ငါ လိုက်ရှာ တော့ ဗင်နီယင်ရဲ့ ရုက္ခဗေဒ အမည် ဖြစ်တဲ့ ဖစ်စ်ကာက်စ် ဘင်ဂလင်ဆစ် ကို ဖော်ပြထားပြန်တယ်၊ မြန်မာလို ပညောင်လို့ အနက်ပေးထားတယ်။ အသံ ထွက်တော့ ပြင်ညောင် လို့ ထွက်ကြောင်းလည်း ဖော်ပြထားတယ်။ ဦးထွန်းငြိမ်း ဟာ ဗင်နီယင်ကို အနက်ပေးတဲ့အခါမှာ သတိလစ်မိသွားတယ် ထင်တယ်၊ ထားတော့... ဗင်နီယင်ဟာ ပညောင်ပဲ၊ မင်း ပြောသလို ညောင်ပိန္နဲတော့ မဟုတ်ဘူး၊ ညောင်ပိန္နဲက သတ်သတ်၊ ပညောင် (ဝါ) ပြင်ညောင်က သတ်သတ်"

"မင်းက ဘယ်လိုလုပ် သိသလဲ"

"ဒီလိုလေ... မင်း တိုက်တွန်းတာနဲ့ အပင်တွေ ပန်းတွေရဲ့ ရုက္ခ ဗေဒကို နားလည်ဖို့ ငါ ကြိုးစားတယ်၊ ရုက္ခဗေဒ ဂုဏ်ထူးတန်း တက်နေတဲ့ ငါ့သူငယ်ချင်းမ မြမြ ဆိုတာ ရှိတယ်၊ စကားစပ်မိတာနဲ့ မြမြက ငါ့ကို စာအုပ်တစ်အုပ် ပေးတယ်၊ ပြုစုသူတွေက ဟင်ဒ်လေနဲ့ ချစ်ကိုကို၊ စာအုပ် နာမည်က လစ်စ်အော့ဖ်ထရီးစ် ရှရပ်ဗ်စ်ဟပ်ဗ်စ် အင်ဒ်ပရင်စီပယ်လ် ကလိုင်းဗား တဲ့၊ မြန်မာပြည်မှာ ပေါက်တဲ့ သစ်ပင် ချုံပင် နွယ်ပင်တွေအကြောင်း ပေါ့၊ စုံသပေါ့၊ အပင်တိုင်းကို ရုက္ခဗေဒအမည်၊ မြန်မာအမည်၊ ရှမ်းအမည်၊ ကချင်အမည်... စတဲ့ ဒေသခံ အခေါ်အဝေါ်တွေနဲ့ ဖော်ပြထားတယ်၊ စာအုပ် က အင်္ဂလိပ်လို ဖြစ်နေတယ်၊ မြန်မာလို ရှိရင် သိပ်ကောင်းမှာ၊ နေဦး... ဘွဲ့ရပြီးရင် ငါ ဘာသာပြန်မယ်"

"ပညောင်နဲ့ ညောင်ပိန္နဲအကြောင်း ဆက်ဦးလေ"

"အေး... အဲဒီစာအုပ်ထဲ ကြည့်မှ ညောင်မျိုးတွေက ဗမာနာမည်နဲ့ တွင် မနည်းဘူး၊ ညောင်သဖန်း၊ ညောင်ပိန္နဲ၊ ပညောင်၊ ညောင်သပြေ၊ ညောင်ကြတ်ပေါင်၊ ညောင်ပန်း၊ ညောင်ချဉ်၊ ညောင်ကျတ်၊ ညောင်ဗောဓိ၊ ညောင်ဖြူ၊ ညောင်အုပ်၊ ကဲ... နည်းသလား၊ အဲဒီစာအုပ်မှာ ဗင်နီယင်ဟာ ပညောင်လို့ တိတိကျကျ ပြထားတယ်၊ ညောင်ပိန္နဲဆိုတာက ပညောင်နဲ့ မျိုးစိတ် မတူဘူး၊ တခြားစီ၊ ညောင်ပိန္နဲလို့ မြန်မာလို ခေါ်တဲ့ ညောင်ပင်တွေဟာ ရုက္ခဗေဒအားဖြင့်တော့ မျိုးစိတ် သုံးစိတ်တောင် ရှိတယ်၊ တစ်စိတ်က ဖစ်စ် ကက်စ် အာလ်တစ် ဆီမာ၊ တစ်စိတ်က ဖစ်စ်ကက်စီနာဗိုးဆား၊ တစ်စိတ်က

www.burmeseclassic.com

www.burmeseclassic.com



ဖစ်စ်ကက်စ် မိုင်ဆိုရင်းဆစ်စ်၊ အဟဲ… စောထွေး ငါလည်း မဆိုးဘူး၊ မင်းလိုပဲ ရွတ်ဖတ်ပြနိုင်ပြီ''

''အေး… မဆိုးဘူး၊ ငါက တစ်ခါက ငသျှုတ္တရဖွင့်ပြသလို မင်းက အခု ညောင်သျှုတ္တရ ဖွင့်နေပြန်ပြေ၊ ဒါထက် တို့ တောင်ကြီးနဲ့ ရှမ်းပြည်နယ်အနှံ့ ပေါက်တဲ့ ပိန္နဲရွက်မျိုးနဲ့ ညောင်ပင်ကြီးတွေဟာ ညောင်ပိန္နဲ မဟုတ်ဘူး။ ပညောင် … ဟုတ်လား''

''အေး… ပညောင်တွေပဲ၊ အရွက်ကတော့ ညောင်ပိန္နဲလို ပိန္နဲရွက်ပဲ…၊ အဲ… ပညောင်နဲ့ ညောင်ပိန္နဲ ဆက်သွယ်မှု သုတေသန လုပ်မိတာနဲ့ ငါ တညောင်ညောင် အော်နေမိတာ''

ကျော်အုံ့က–

''ဟုတ်မှလည်း ဖြီးနော်၊ ကိုယ့်ပါးစပ်က မနေနိုင် မထိုင်နိုင် အော်မိတာကို သုတေသနနဲ့ မကာကွယ်နဲ့'' ဟု ဝင်ဆိုသည်။

တင်မောင်နောင်က ကျော်အုံ့ကို မျက်စောင်းထိုးသည်။

''ဖြီးနေတာ မဟုတ်ဘူး၊ အသံပူး အသံကူး အသံပြောင်း လက်တွေ့ လေ့လာနေတာ''

ကျော်အုံ့က မျက်နှာ ရှုံ့ပြပြီး မေး၏။

''လာပြန်ပြီ… အဲဒါတွေကလည်း ဘာတွေလဲ''

''ဘာတွေရမလဲ… နားထောင်၊ မျက်စိ အမြင်အားဖြင့် ပညောင်နဲ့ ညောင်ပိန္နဲဟာ အရွယ်ချင်း ကွာတာက လွဲပြီး ကျန်တာ တူနေတယ်၊ ဒီတော့ ငါက စဉ်းစားကြည့်တယ်၊ ပညောင် ဆိုတဲ့ စကားဟာ ပိန္နဲညောင် ဆိုတဲ့ စကားကနေ အသံပူး အသံကူး အသံပြောင်းသွားသလားလို့၊ နု နဲ့ ည ဟာ အခြေခံ အသံတူတွေပဲ၊ ဒီတော့ ကပ်နေရင် ပူးသွားတတ်တယ်၊ ပိန္နဲညောင်ကနေ… ပနညောင်၊ ပနညောင်ကနေ… ပညောင်၊ ပညောင်ကနေ… ပြင်ညောင် အဲ… အဲဒီလို ဖြစ်သွားသလားလို့ ငါက လက်တွေ့ အော်ပြီး စမ်းကြည့်နေတာ၊ ရှင်းပြီလား''

ကျော်အုံ့က ပြုံးဖြီးဖြီး လုပ်နေ၏။ ကျွန်တော်ကမူ တင်မောင်နောင် တွေးခေါ်ပုံကို အမှန်သဘောကျ၍ ချီးမွမ်းသည်။

''တင်မောင်နောင်… မင်း ချဉ်းကပ်ပုံ မဆိုးဘူး''

တင်မောင်နောင်က လက်ကာပြပြီး ဆက်မှတ်၏။



''ချီးမွမ်းဖို့ ချန်ထားဦး၊ ဒီ့ထက် လေးနက်တဲ့ ချဉ်းကပ်နည်း တစ်မျိုး ငါ ပြောဦးမယ်၊ ဘာသာစကားကို ပြည်ထောင်စုစိတ်ဓာတ်နဲ့ ချဉ်းကပ်နည်း…''

''အယ်… ကြီးကျယ်တော်မူလိုက်တာ''

''ကြီးကျယ်တာ မဟုတ်ဘူး ကျော်အုံ့၊ လိုအပ်ချက် တစ်ရပ်ကွ၊ မြန်မာစကားရဲ့ အရင်းအမြစ်တွေကို ရှာရာမှာ ပါဠိလို နိုင်ငံခြားစကားမှာ ကြိုကြိုဖန်ဖန် မရှာဘဲ တိုင်းရင်းသား စကားတွေမှာ ရှာကြည့်ဖို့ သိပ်လိုနေတယ်၊ ငါ့ ပညောင်ကို ပြန်ကောက်မယ်''

''ကောက်… ကောက်…''

''ပညောင်ဟူသည် ပိန္နဲညောင်မှ အသံပူး အသံကူး အသံပြောင်းစနစ်နဲ့ ဖြစ်ပေါ်လာသည့် ဝေါဟာရလော…၊ ဒါက ပညာရှိတို့ ချဉ်းကပ်ပုံ တစ်မျိုး၊ နတ်ပသတဲ့ ညောင်မို့ ပညောင် ဆိုတာမျိုးတော့ တင်မောင်နောင်တို့က ပယ်တယ်၊ ဒီညောင်မျိုးမှာမှ နတ်ပသတာ မဟုတ်ဘဲ၊ ဗမာဆိုတာက ညောင်ပင် မှန်သမျှ ရုက္ခစိုးရှိတယ် ယုံပြီး ပသနေကြတာ၊ ဒီတော့ နောက်တစ်မျိုးက… ပညောင် (ဝါ) ပြင်ညောင် ဆိုတာဟာ ရှမ်းစကားနဲ့ ဗမာစကား စပ်ပေါင်းထားတဲ့ ဝေါဟာရများလား၊ စာပေတွေမှာ ပညောင်၊ ပြင်ညောင်လို့ နှစ်မျိုး ရေးတာ တွေ့ရတယ်၊ ဘယ်လိုရေးရေး ပြင်ညောင်လို့ပဲ အသံထွက်ရတယ်၊ ဟော့ကောင်… စောထွေး… ပင် ဆိုတာ ရှမ်းလို ဘာအဓိပ္ပာယ်တဲ့လဲ''

''ပင် ဆိုတာ ရှမ်းလို စခန်းကို ခေါ်တာ၊ ဘာပြုလို့လဲ''

''တို့ ရှမ်းပြည်နယ် ရောက်တုန်း လျှောက်လည်ကြတော့ ပင်လုံတို့ ပင်းတယတို့ စတဲ့ နေရာမှာ ရှေးကနေ ခုအထိ လူည်းတွေ စုနားနေနိုင်တဲ့ စခန်းကြီးတွေ တွေ့ခဲ့ရတယ်၊ အဲဒီစခန်းကြီးတွေ မှန်သမျှဟာလည်း ပညောင် ပင် စခန်းကြီးတွေချည်းပဲ၊ နေပြောက် မထိုးနိုင်အောင် အရိပ်ကောင်းတယ်နော်၊ မြမြဆီက ငါ ငှားရတဲ့ ရုက္ခဗေဒကျမ်း တစ်ကျမ်းမှာ တချို့ ပညောင်ပင်ကြီး တွေဟာ တစ်ပင်တည်းရဲ့ အရိပ်အောက်တွင် လူ ၁၀၀၀ နီးပါး စခန်းချနိုင် အောင် ကြီးတယ်လို့ ဖော်ပြထားတယ်၊ အဲ… ဆိုလိုတာက စခန်းနဲ့ ပညောင် ဟာ အမြဲ ဆက်စပ်နေတယ်၊ နေဦး… စောထွေး တောင်ကြီးကို မီးရထားနဲ့ တက်တော့ တောင်တန်းနဲ့ မြေပြန့်ကြားက ပြင်ညောင်ဘူတာကို မှတ်မိတယ် မဟုတ်လား''

''အေးလေ… ဘူတာရှိတဲ့ ရွာကလည်း ပြင်ညောင်ရွာပဲဟာ''

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ပြင်ညောင်မှာ ပညောင်ပင်ကြီးတွေ တွေ့ရပြန်တယ်၊ အချုပ်ပြောရရင် စခန်းပေါ့ ဆိုရင် ပညောင်ပင် တွေ့တော့တာပဲ၊ ဒီတော့ ငါ တွေးတာက ပညောင် (ဝါ) ပြင်ညောင်ဆိုတဲ့ စကားဟာ ရှမ်းစကား 'ပင်' (စခန်း) နဲ့ ဗမာစကား ညောင် ပေါင်းဖြစ်လာသလား၊ စခန်းညောင် ဆိုတဲ့ အဓိပ္ပာယ်ပေါ့ကွာ၊ အဟဲ. . . အဲဒါက ပြည်ထောင်စုစိတ်ဓာတ်နဲ့ ချဉ်းကပ်နည်း အံမယ်. . . ရှမ်းပြည်နယ် တစ်ခေါက် သွားလာခဲ့ရတာလည်း ငါ့အတွက် အများကြီး မြတ်သပေါ့"

တင်မောင်နောင်သည် မီးသေနေသော ဆေးပေါ့လိပ်ကို မီးပြန်ညှိ၍ ကုလားထိုင်ပေါ်တွင် ကျကျနန တင်ပလ္လင်ခွေထိုင်လျက် တစ်စုံတစ်ရာကို ကျေနပ်နေဟန်ဖြင့် ဒူးတစ်ဖက်ကို လှုပ်ကာ လှုပ်ကာ ဆေးလိပ်ဖွာရှူနေတော့၏။

ကျော်အံ့က ကျွန်တော့်ဘက် လှည့်ပြောသည်။

"ဒီကောင် ရှမ်းပြည်နယ်မှာ ဘာသဘောခွေ့လာတယ် မသိဘူး၊ ပြန်ရောက်ကတည်းက ရှမ်းပြည်နယ်အကြောင်းချည်း ပြောနေတယ်"

ကျွန်တော် မဖြေရခင် တင်မောင်နောင်က ဝင်ဖြေ၏။

"ရှမ်းတို့ဒေသ. . . လွမ်းလို့ဖြေမရ. . . တဲ့၊ ရှမ်းပြည်နယ်မှာ ဖြစ်တဲ့ ဇာတ်လမ်းလေးတွေဟာ လွမ်းစရာလေးတွေချည်းပဲ၊ တချို့များ လွမ်းစရာ ကောင်းလွန်းလို့ ဇာတ်လမ်းကို ဒီတက္ကသိုလ်အထိ ပြန်သယ်လာပြီး ဆက်ရန် ရှိသေးသည် လုပ်နေကြတယ်"

တင်မောင်နောင်၏ စကားမြွားဦး ဘယ်သို့ လှည့်လာမှန်း ကျွန်တော် သိသည်။ သည်ကောင်နှင့် ပေါင်းလာသည်မှာ ကြာပြီ ဖြစ်သောကြောင့် သည် အခါမျိုးတွင် နှုတ်လုန်မထိုးဘဲ ဆိတ်ဆိတ်နေခြင်းသည် ဘေးအကင်းဆုံး ဖြစ်ကြောင်း ကျွန်တော် နားလည်သည်။ ထို့ကြောင့်လည်း ဘာမျှ ပြန်မပြောဘဲ ကျွန်တော် ငြိမ်နေလိုက်၏။

ကျော်အံ့ကသာ မကျေမနပ်ဖြင့် ဆို၏။

"ခွေးကောင် နှစ်ကောင်၊ ရှမ်းပြည်နယ်မှာ ဘာတွေ ဖြစ်လာကြသလဲ၊ ငါ့ ဘာမှ မပြောဘဲ လျှို့ဝှက်ထားကြသလား"

တင်မောင်နောင်က ခေါင်းခါခါ လည်ခါခါနှင့် ငြင်း၏။

"တို့များတော့ ဘာမှ လျှို့ဝှက်စရာ မရှိပါ ခင်ဗျာ၊ အဲ. . . တချို့တော့ မသိဘူး"

ကျော်အံ့က ကျွန်တော့်ကို မသင်္ကာဟန်ဖြင့် လှည့်ကြည့်၏။



"ငါ့ မကြည့်နဲ့ ကျော်အံ့၊ မင်းက အရှူးစကား ယုံမလို့လား"

တင်မောင်နောင်က သဘောမနော ကောင်းလှဟန်ဖြင့်–

"ထားပါကွာ. . . ထားပါကွာ. . ." ဟု ခွင့်လွှတ်စကား မြည်ပြ၏။

သို့ရာတွင် ကျော်အံ့က ကျွန်တော့်ပခုံးကို ဆုပ်ကိုင်ပြီး စွပ်စွဲသည်။

"အရူးက ပြောတာ မဟုတ်ဘူး၊ မင်းကို ငါကိုယ်တိုင် မိထားပြီ၊ မင်း ဘာစိတ်ကူးနဲ့ ဘာတွေ လျှောက်လုပ်နေတာလဲ"

"အလို. . . ဘာတွေများ စွပ်စွပ်စွဲစွဲ. . ."

"စွပ်စွဲတာ မဟုတ်ဘူး၊ ညနေက ငါ မြတ်ဆီ ရောက်ခဲ့တယ်"

"အဲဒါ အဆန်းလား၊ ညနေတိုင်း မင်း မြတ်ဆီ သွားတာဟာ"

"အေး. . . ဒီနေ့တော့ ဆန်းတယ်၊ မြတ်က ငါ့ကို ပြောလိုက်တယ်"

"ဘာပြောလိုက်လဲ"

"မင်း ဒီနေ့ နှင်းနဲ့ တွေ့ခဲ့တယ်ဆိုတာ. . ."

ကျွန်တော်က ရုတ်တရက် အဖြေမပေးဘဲ ငြိမ်နေ၏။ တင်မောင်နောင်က သူ့ပါးစပ်မှ ဆေးပေါ့လိပ်ကို ဆွဲချွတ်လိုက်ပြီး တင်ပလ္လင်ခွေကိုလည်း ဖြေလိုက်ကာ ရှေ့သို့ ကိုယ်ကို ကိုင်းလိုက်၏။ ပါးစပ်ကိုရော မျက်လုံးများကိုပါ ဖြဲပြထား၏။

ကျော်အံ့ကသာ စစ်ဆေးသည့် လေသံဖြင့် မေး၏။

"ဖြေလေကွ. . ."

ကျွန်တော်က ပြုံးမိသည်။ ကျော်အံ့ မေးသည်ကို မဖြေဘဲ စားပွဲပေါ်မှ ဆေးပေါ့လိပ်တစ်လိပ်ကို လှမ်းဆွဲသည်။ အလွန်လည်း သိချင်ဟန် အလွန်လည်း အံ့ဩဟန်ဖြင့် တင်မောင်နောင်က မီးခြစ် ခြစ်ပေးပြီး ကျွန်တော်၏ ဆေးပေါ့လိပ်ဦးဆီ ကိုင်တို့ပေး၏။

ကျွန်တော်က ဆေးပေါ့လိပ်ကို သုံး လေးခါ ဖွာပြီးမှ ပြန်မေး၏။

"မင်းရဲ့ မြတ်က နှင်းရဲ့ ခံစားမှုအကြောင်း ရင်ဖွင့်သံလေးတွေကော မင်းကို ပြန်မပြောလိုက်ဘူးလား"

"ဘာရယ်. . . ဘာပြောတယ်ကွ"

"ဥပမာဆိုပါတော့. . . သူ အရူးလုပ်ခဲ့တဲ့ လူတစ်ဦးဟာ မမှတ်သေးဘဲ သူ့ဆီ ပြန်ဒူးထောက်ဖို့ ကြိုးစားတာကို ကျေနပ်တဲ့ လေသံမျိုး၊ ငါ ပြန်ကြွ ရရင် မစားရ ဝခမန်း ဖြစ်မယ်၊ မဖြစ်နိုင်လို့ မချစ်နိုင်ပေမဲ့ သူ့မှာ သနားခြင်း ကရုဏာ မကုန်သေးဘူးဆိုတဲ့ လေသံမျိုး. . ."

www.burmeseclassic.com

www.burmeseclassic.com



"စောထွေးရယ်... မင်း ဒီလို မပြောထိုက်ပါဘူး၊ မြတ်ဆီက သိရသမျှ ငါ အကြိမ်ကြိမ် ပြန်ပြောပြီးပြီ၊ နှင်းဟာ မင်း ထင်သလို မင်းပေါ် လှည့်စားခဲ့တာ မဟုတ်ပါဘူး၊ သူ့ဘဝက မိဘဆွေမျိုးတွေပေါ် မလွှန်ဆန်တဲ့ ဘဝမို့ပါ၊ ဒီကိစ္စမျိုးက တို့ယောကျ်ားလေးတွေအတွက်သာ လွယ်တာ၊ မိန်းကလေးတွေအတွက်က သိပ်ခက်တယ်၊ မင်းကို နှင်း နောက်ဆုံး ပြောပြခဲ့တဲ့ စကားလေးတွေကလည်း ရှင်းသားပဲ"

"အေးလေ... ထားပါတော့၊ ပြီးတာ ပြီးပြီပဲဟာ"

"အေး... အဲဒါပဲ ပြောနေတာပေါ့၊ ပြီးတာဟာ ပြီးပြီ၊ ဒါပေမဲ့ မင်းက ဒီနေ့ နှင်းနဲ့ ဘာလို့ တွေ့သလဲ"

"နှင်းနဲ့ ငါ တမင်တွေ့တာ မဟုတ်ဘူး၊ မတော်တဆ တွေ့တာလည်း မဟုတ်ဘူး၊ ရင်ဆိုင်မိတာကို ရှောင်မပြေးဘဲ တည့်တည့် နှုတ်ဆက်တာ"

"အေးလေ... အဲဒါ ဘာပြုလို့"

"ဘာမှ မပြုဘူး၊ နို့ ဘာလုပ်ရမလဲ၊ နှင်းကို ငါက ရှောင်ပုန်းနေရမှာလား၊ နှင်းနဲ့ မိန်းမ ဆိုတာတွေကို ငါက ကြောက်ပြီး ခေါင်းငုံ့ခံနေရမှာလား၊ ဒါမှမဟုတ် ခွေးလေးများ ဒဏ်ရာကို လျှာနဲ့ လျက်ပြီး ခွေနေသလို ဘာတဲ့.. ဟိုဆရာတွေ ရေးသလို အလွမ်းရင်မှာ ပိုက်ပါလို့.. ငိုရှိုက်ခါပဲ..ဟုတ်လား၊ အဲဒီလို နေရမှာလား ဝေးသေးဟေ့... ကျော်အုံ့ရေ... ဝေးသေး"

တင်မောင်နောင်က နေရာမှ ခုန်ပေါက်ထပြီး လက်ခုပ်တီးရင်း

"ဟီး ဟား... ဟီး ဟား... စောထွေးရေ.. ကြိုက်ပြီကွ"

ဟု ဩဘာပေး၏။

ကျော်အုံ့က တင်မောင်နောင်ကို မျက်စောင်းထိုးပြီး ဟောက်၏။

"အရေးထဲ အရှူးက ဝင်မြှောက်ပေးနေပြန်ပါပြီ"

"မြှောက်ပေးတာ မဟုတ်ဘူးကွ၊ မှန်သော ရပ်တည်ချက်မို့ အားပေးရတာ၊ နေဦး... စောထွေး၊ မင်း ဒီနေ့ မိုးမိုးနဲ့ ထီးတစ်လက်တည်း နှစ်ယောက်တည်း ဆောင်းပြီး ကြည်လာ... အဲလေ အဆင်ပြေလာကြတာဟာလည်း ခုနက မင်း တင်ပြတဲ့ တွေးခေါ်မြော်မြင်မှုရဲ့ လမ်းညွှန်ခြင်းကို ခံယူပြီး မိုးရေထဲ လမ်းလျှောက်ခြင်းလား"

"ဟာ.. အဲဒါကတော့ တကယ် မတော်တဆပါ"

ကျော်အုံ့လည်း မိုးမိုးကို သိပြီး ဖြစ်၏။ မိုးမိုး၊ သက်၊ ကိုကိုနှင့် ကျွန်တော်တို့အကြောင်း သိတန်သမျှ သိပြီးပြီ။



"မိုးမိုးဟာ အင်မတန် လှတာပဲ၊ စောထွေး၊ မင်း ဒီကောင်မလေးနဲ့ တကယ် ထီးတစ်လက်တည်း အတူတူ ဆောင်းခဲ့သလား"

"ဟာ... ကျော်အုံ့ရေ... ငါ ပြောပြီးပါရောလား၊ မတော်တဆပါလို့"

တင်မောင်နောင်က ခေါင်းတဆတ်ဆတ် ညိတ်ပြီး မှတ်ချက်ချ၏။

"မတော်တဆ... အင်း... မတော်တဆ... သိပ္ပံပညာသမိုင်းမှာ မတော်တဆကနေ ပွင့်လာတဲ့ သစ္စာတွေဟာ တမင် ကြံဆယူရတဲ့ သစ္စာတွေထက် တန်ခိုး ထက်မြက်လာတတ်တာ တစ်ပုံကြီးပဲ၊ မင်းတို့ကော... ခုလို မတော်တဆကနေ သစ္စာများ ပွင့်ဖြစ်အောင် ပွင့်ကြဦးမှာလား"

"အေး..ပွင့်ချင်လည်း ပွင့်ပေါ့၊ ဘယ်လို သစ္စာပွင့်မယ် ဆိုတာက မိန်းမတွေကို ငါက ဘယ်လို ရှုကြည့်တယ် ဆိုတဲ့အပေါ်မှာ တည်တယ်"

"မင်းက ဘယ်လို ရှုကြည့်လဲ"

"မိန်းမတွေကို ငါက ကြောက်စရာအဖြစ်လည်း မရှုကြည့်ဘူး၊ ချစ်စရာလည်း မရှုကြည့်ဘူး၊ မုန်းစရာအဖြစ်လည်း မရှုကြည့်ဘူး"

"အယ်...ဒါဖြင့် ဘာလုပ်စရာလို့ ရှုကြည့်သလဲ၊ မ...မဟုတ်တာတော့ မင်း မပြောနဲ့နော်"

"ငါက မိန်းမတွေကို ကြွက်ဖြူလေးတွေအဖြစ်ပဲ ကြည့်တော့မယ်"

တင်မောင်နောင်က မျက်လုံးပြူးပြပြီး ပြော၏။

"ဟာ.. ကြွက်ဖြူကလေးတွေက ချစ်စရာကောင်းတယ်၊ ပြီးတော့ ကိုင်လို့ ပွေ့လို့လည်း ကောင်းတယ်နော..."

"အဲဒါက မင်းတို့တွေအတွက်၊ တို့ စိတ်ပညာသမားတွေအတွက်တော့ ကြွက်ဖြူ ဆိုတာဟာ ဟိုသတ္တဗေဒကျောင်းသားတွေ ခွဲစိတ်လေ့လာတဲ့ ဖားတို့၊ ပုးတို့၊ ယုန်တို့လို စမ်းသပ်စရာ သတ္တဝါ၊ အစမ်းသပ်ခံ သတ္တဝါ၊ ဒါပဲ၊ ဒါထက် ဘာမှ မပိုဘူး၊ ကဲ... လေဖန်းလို့ ကောင်းနေကြတယ်၊ ၁၀ နာရီ ကျော်ပြီ၊ ငါ စာတွေ ကျက်စရာ ရှိသေးတယ်၊ ပြန်ပြီဟေ့..."

ကျွန်တော်က အခန်းပြန် စာကျက်သည်။

ကျော်အုံ့လည်း ပြန်သွားပြီးနောက် တင်မောင်နောင်၏ အခန်းမှာ တိတ်ကျန်ရစ်သည်။

အတန်ကြာမှ တင်မောင်နောင်၏ အသံ ပြန်ပေါ်လာသည်။

"ပနညောင်... ပနညောင်... ပညောင်... ပညောင်...တိမ့်ဗူနဲ့ပျောင်၊ တိမ့်ဗူနဲ့ပျောင်...၊ မိန်းမဆိုတာ ကြွက်ဖြူပမာညီ၊ အတွင်းသဘောအတို အရှည်၊ စမ်းကြည့်ရမည်...."

www.burmeseclassic.com

## အခန်း - ၁၇

အချို့က ပြောကြသည်။ အငိုတိတ်၍ မျက်ရည်စဲစ ချစ်သူ၏ မျက်နှာလေးသည် တစ်မျိုးတစ်ဖုံ လှသည် ဟူသတတ်။

ချစ်သူ... အင်း... တွဲပြန်သော ချစ်သူဟူ၍ ကျွန်တော့်မှာ မရှိဖူး။ သည်တော့ အငိုတိတ်၍ မျက်ရည်စဲစ ချစ်သူ၏ မျက်နှာကို မြင်ဖူးရန်က ဝေလာဝေး။ လှ မလှကိုလည်း ဘယ်ပုံမျှ မဆိုတတ်။

မိုးတိတ်သွားစ ညနေခင်း လှသည်ကား အမှန် ဖြစ်၏။

ပတ်ဝန်းကျင်ရှိ အလင်းရောင်မှာ ဝါလည်း မဝါ၊ နီလည်း မနီ။ ရေဆေးကြောထားသော မှန်ရောင်မျိုး ကြည်ကြည်လင်လင် နေ၏။

အင်းလျားလမ်းအတိုင်း ကျွန်တော် တစ်ယောက်တည်း ဖြည်းဖြည်း မှန်မှန် လျှောက်လာနေ၏။ ဩော်... လောစရာ အကြောင်းက မရှိ။ ခရီး အဆုံးတစ်ဖက်မှာ ကျွန်တော့်ကို မျှော်နေမည့်သူ၊ သို့မဟုတ် ကျွန်တော် မမြင်ရ မနေနိုင် ဖူးချင်လွန်းလှသော ရွှေမျက်နှာတော် ပပဝင်း လမင်းပမာ မည်သူမျှ မရှိ။

သည်လို ဆိုပြန်တော့ ရင်ထဲမှာ လွမ်းချင်သလိုလို... ဆွေးချင်သလိုလို...။



ဟို ယခင်နှစ်များက ဆိုလျှင် သည့်လမ်းက အသွားတွင် ကျော်အံ့ ရော ကျွန်တော်ပါ ခြေသွက်ကြသည်။ တွေ့ရတော့မည်လေ... နှင်းကို...။ ကျွန်တော့်ရင်ကို နှင်းလို အေးစေ မြစေ လန်းစေပါသည့် ချစ်ရသူ... ဟုတ်ကဲ့... ကျွန်တော်ကသာ တစ်ဖက်သတ် ချစ်ရပါသော ချစ်ရသူ နှင်းကို။

ယခုတော့...

လမ်းဘေး ဝဲ ယာရှိ ခြံများထဲတွင် ပန်းအချို့ ပွင့်နေကြသည်။ လမ်းမပေါ်မှာတော့ ပန်းမရှိ။ အင်းလေ... လမ်းမပေါ်မှာ ပန်း ဘယ်ပွင့်နိုင်ပါမည်နည်း။ ပန်းဟူသည်က ခြံတွင်းမှာ ပွင့်သည်။ ဟောသည်ခြံတွေကလည်း ကျွန်တော့်ခြံ မဟုတ်။ သူများ ခြံ... သူ့ခြံ။ ပန်းတွေက သူ့ခြံတွင်းမှ ပန်း။ သူ့ခြံတွင်းပေမို့ လဲ့ဝင်းကို အယူခက်တယ်... ဆိုသည့် ကိုယ်နှင့် မဆိုင်သော သူ့ပန်း။

နှင်း ဆိုသည်မှာ ယခုအခါတော့ သူပိုင် ပန်း။

ကျွန်တော့်ရင်တွင်းမှာ ကျွန်တော် မုန်းသော ချွန်မြမြ ဝေဒနာ ပေါ်လာပြန်သည်။

ဟိုခြံတစ်ထောင့်မှာ စွယ်တော်တစ်ပင်ကို မြင်ဖြစ်အောင် လှမ်းမြင် လိုက်သေးသည်။

စွယ်တော်... ပွင့်လျှင် နုနုဖတ်ဖတ် ဖြူသည်၊ ကြည်ကြည်လေး ဝင်းသော ရွှေရည်ရိပ်ရိပ် ပြေးနေဦးမည်။ ဟိုဒင်း... သက်ရဲ့ အသားမျိုး၊ ထဘီ ဝါဝါနုနုလေး ဝတ်တတ်သော သက်၏ အသားရောင်မျိုး။

သက်... သက်သက်... သူ့ကိုယ်သူ မမသက်တဲ့... အင်း... အဟင်း... မမသက်... သက်...။

မုန်းလိုက်ပါသည့် အမျိုး။ မုန်းသူကိုမှ သတိရပလေ။ အဆိပ်အပြင်း ဆုံး မိန်းမတစ်ဦးကိုမှ အပြစ်အကင်းဆုံး စွယ်တော်ပန်းနှင့် နှိုင်းယှဉ်မိပလေ။

ရင့်မှ ချွန်မြမြဝေဒနာသည် ဒေါသတစ်မျိုး ဖြစ်မှန်း ကျွန်တော် နားလည်မိပြီ၊ ဘယ်သူ့အတွက် ဒေါသနည်း။ သက်အတွက်လော... ပါတော့ ပါသည်၊ သို့ရာတွင် သည်စာက်မကသေး။

ကိုကို ဆိုသည့် ကိုကိုက သည်သက် ဆိုသည့် မိန်းမကိုမှ ဘာကြောင့် ရွေးပြီး ချစ်ရပါသနည်း။ လောကတွင် မိန်းမ ဆိုသည် ဘယ်လောက်များ ရှားပါး၍နည်း။ မိန်းမတွေကို မချစ်ရ၍ ဘာဖြစ်သနည်း။ ဘာဖြစ်သနည်း။ အောင်မယ်လေး... ကိုကိုရာ... ဘာဖြစ်သနည်း၊ သူတို့က မချစ်ဘူးဆိုရုံ

www.burmeseclassic.com



နှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေရသတဲ့လား၊ ညံ့လိုက်တာ ကိုကိုရာ.. ညံ့လိုက်တာ။

မော်တော်ကားတစ်စီးသည် ကျွန်တော့်ဘေးမှ ကပ်ပွတ်ဖြတ်မောင်းတက်သွားသည်။ ကပ်ပွတ်ဖြတ်သွားသည်မှာ ကျွန်တော့် ကိုယ်နှင့် ထိလုခမန်းဖြစ်၏။

ကျွန်တော်က ဒေါသနှင့် ကား၏ နောက်ပိုင်းကို လှမ်းကြည့်သည်။

ဖောက်စ်ဝက်ဂွန် တစ်စီး..။

သည်တော့မှ ကျွန်တော် ပြုံးမိသည်။

တောင်ကြီးမှာတော့ ကျွန်တော်လည်း ဖောက်စ်ဝက်ဂွန် မောင်းသည်။ သည်ကားမျိုးက သည်လိုပင် မြန်မြန်မောင်းရသည်။ မြန်မြန် မောင်းရတော့ တစ်ပါးသူကို ပွတ်ကာသီကာ ဖြတ်မိတတ်သည်။ ရှိပါစေတော့.. ပြီးတော့ မောင်းသွားသူ သတ္တဝါသည် အလျင်လိုရှာပေမည်။ အင်းလျား ခေါ် စံနန်းတော် ပေါ်မှ မဖုရား တစ်ပါးပါးထံ အချိန်မီ ရောက်ရန် စိတ်စောနေရှာဟန် တူသည်။ ရှုစားပါဘိခြင်း၊။

ကျွန်တော်က ပတ်ဝန်းကျင်ကို မျက်စိ စိုက်ကြည့်မိပြန်သည်။

တရုတ်စကားပင်တို့မှာ အရွက်တွေရော၊ ကံ့ကော်ရွက်တွေရော စိမ်းမြနက်မှောင်နေသည်။ မိုးရေက ဆေးကြောပေးထားသောကြောင့် တောက်ပြောင်၍လည်း နေကြသည်။

ကတ္တရာလမ်းသည်ပင် နက်ပြောင်ကာ သစ်လွင်နေသည်။ လမ်းဘေးမှ မြေသည်လည်း အစိုဓာတ်ကလေးနှင့် ဆိုတော့ နုပျိုနေသယောင်။

မိုးသည်.. သည်လိုပင် အစွမ်းထက်သည်။ သူနှင့် ထိလျှင် အားလုံး စိုပြည်လာသည်။ လန်းရွှင်လာသည်၊ နုပျိုလာသည်။

မိုး.. ဆိုပြန်တော့..။

ကြိကြိဖန်ဖန် တိုက်ဆိုင်လာသည်။

တစ်ယောက်က နှင်း.. တစ်ယောက်က မိုး။

အင်း.. အဟင်း.. ဓာတ်တွေကတော့ အေးသည့် ဓာတ်တွေ။ သို့ရာတွင် နှင်းကတော့ ဟိုး ရေခဲကန္တာရမှ နှင်းမျိုး.. မြက်တွေ အပင်တွေကို သေစေသည့် နှင်းမျိုး။ နှာသီးဖျား နားရွက်ဖျားတွေကို ကြွေစေပြတ်စေသည့် နှင်းမျိုး။

မိုးကတော့ကော..။



ကျွန်တော်က ပြုံးလိုက်မိသည်။

ကျွန်တော်သည် အင်းလျားကျောင်းဆောင်ဂိတ်မှ ဝင်လာခဲ့၏။

ဩော်.. သည်အဆောင်ဆီ မရောက်သည်မှာ ကြာပြီ။

'ခေတ်တွေ ဘယ်လောက် ပြောင်းပြောင်း နိုင်း(လ်)မြစ်ကြီးက စီးမြဲ' ဟူသော စကားပုံကဲ့သို့ပင် ညနေမှာ အင်းလျားဆောင်က စည်မြဲ စည်လျက်။ တစ်ပါးခွာ တစ်ပါးလာနှင့် မဖုရားလေးများက မပြတ်။ အမေ ပေးသည့် အသည်းပလ္လင်တွင် သူ့သမီးကို ငှါးသခင်အဖြစ် နန်းတင်လိုသည့် သူကောင်းသား (ဝါ) ချစ်ငွေားလေးများလည်း မပြတ်။ သည်တော့ ညနေ၌ အင်းလျားဆောင်မှာ လူစည်မြဲ စည်နေ၏။

ကျွန်တော့် မိတ်ဆွေ ဒရဝမ်ကြီးက ကျွန်တော့်ကို ပြန်တွေ့ရသောကြောင့် ဝမ်းသာမှုကို ပြသည်။ ဝမ်းသာပေမည်။ ကျွန်တော်သည် သူ့ကို ဘောက်ဆူးကောင်းကောင်း ပေးခဲ့သူ မဟုတ်ပါလော။

ကျွန်တော်က ခေါ်ပေးရမည့်သူ၏ အမည်နှင့် အခန်းနံပါတ်ကို ပြောသောအခါ ဒရဝမ်ကြီးမှာ အံ့သြသွားပုံရသည်။ သို့ရာတွင် သူ့တာဝန်မှာ နိုင်းရာကို ကျေပွန်ဖို့မှန်း သူ အသိဆုံး ဖြစ်၏။

ဒရဝမ်ကြီး ထွက်သွားသောအခါ ကျွန်တော်က အဆောင်တွင်း၌ ရပ်စောင့်ကျန်ရစ်၏။

အတွေ့ခံသူ မဖုရားနှင့် လာဖူးမြော်သူ သူကောင်းသားတို့၏ အထွေထွေသော ရင်းနှီးမှု အခြေအနေအမျိုးမျိုးကို တွေ့ဆုံကြသည့် နေရာ၊ တွေ့ဆုံကြသည့် မူဟန်များကို ကြည့်၍ အကြမ်းဖျင်း ခန့်မှန်းနိုင်သည်။

မြောက်ဘက်ရှိ ပါလာ ခေါ် ညှိခံ ခန်းမအတွင်း၌ အချို့က စကားပြောနေကြသည်။ ရှိုးရိုးတည်တည် ပြောနေကြသူများလည်း ရှိသည်။ ထောင့်ကျကျ နေရာတွင် မျက်နှာချင်းကပ်၍ လူချင်း ပူးလုလု ပြောနေကြသူများလည်း ရှိသည်။ ပါလာတွင်း မဝင်ဘဲ အဆောင် အပေါ်ထပ် တက်သည့် လှေကားရင်း တစ်ဝိုက်တွင် ရပ်လျက် ဆဏာတစ်ဖြုတ်မျိုး ပြောနေကြသူများ ရှိသကဲ့သို့ အဆောင် အပြင်ဘက် မြက်ခင်း မြေပြင်တွင် လွတ်လွတ်လပ်လပ် ပြောင်ပြောင်တင်းတင်း အေးအေးလူလူ ပြောနေကြသူများလည်း ရှိသည်။ တစ်တွဲစီ ဖြစ်စေ.. တစ်တွဲမက ဖြစ်စေ၊ ဝင်းပြင် ထွက် လျှောက်သွားသူတို့လည်း သွားနေသည်။

www.burmeseclassic.com



ကျွန်တော်က လှေကားရင်းနှင့် မလှမ်းမကမ်း အပေါက်ဝတွင် ရပ်နေခြင်း ဖြစ်၏။

ကျွန်တော် ရပ်နေရာမှ လှေကားကို ကောင်းကောင်း မြင်နေရသည်။

မချောလေးတွေ လှေကားတွင် တက်သူ တက်၊ ဆင်းသူ ဆင်းနှင့် အလုပ်ရှုပ်နေကြသည်။ အသံလေးတွေကလည်း တစာစာ တစီစီ..။

သူများထက် ထူးစွာ အေးဆေးတည်ငြိမ်သော ကြွေခြေဖြင့် ကျောင်းသူ တစ်ဦးသည် လှေကားမှ ဆင်းလာနေ၏။ ဆင်းလာပုံလေးကလည်း တည်ငြိမ်သည်။ မျက်နှာထားလေးကလည်း တည်ငြိမ်သည်။

သို့ရာတွင် သည်တည်ငြိမ်မှုတွေက ခဏတွင် ပျောက်ကွယ်ကုန်သည်။

လှေကားခုလတ်မှနေ၍ ကျွန်တော့်ကို လှမ်းမြင်လိုက်သည် ခဏ၌ ပါးစပ်ကလေးက ဟသွားသည်။ မျက်လုံးလေးများ ဝိုင်းဝိုင်းလည်သွား၏။ ခေတ္တကြောင်ကြည့်နေပြီးနောက် လှေကားမှ အပြေးကလေး ဆင်းကာ ကျွန်တော့် အနီးသို့ ရောက်လာ၏။

"ကို.. ကိုစောထွေး.. ဘာ ဘာလာလုပ်တာလဲ..ဟင်"

ကျွန်တော်က အေးချမ်းတည်ငြိမ်စွာ ပြုံးပြီး ဖြေ၏။

"ဩော်.. နှင်းရယ်.. နှင်းတို့ရဲ့ အင်းလျားဆောင်ကို ကိုစောထွေး မလာရတော့ဘူးလား"

ခက်သည်.. ခက်ဘိသည်၊ သင်းတို့ မိန်းကလေး မျက်နှာကို မှန်စွာ အဓိပ္ပာယ်ဖော်တတ်ဖို့ ခက်ဘိသည်။

နှင်း၏ မျက်နှာလေးမှာ ဝမ်းသာမှုနှင့် ဝမ်းနည်းမှု ရောနေပါသလော၊ သို့မဟုတ် ကျွန်တော်ကပင် လိုရာဆွဲ ထင်နေပါသလော။

နှင်း၏ မျက်နှာလေးတွင် အပြုံးငွေ့ကိုလည်း တွေ့ရသည်။ ပင်ပန်းရိပ်ကိုလည်း မြင်ရသည်။

နှင်းက သက်ပြင်းလေး ရှိုက်လိုက်ပြီး မေး၏။

"နှင်းကို လာတွေ့တာလား.. ဟုတ်လား"

သည်အမေးကိုတော့ အပြုံးမပျက်ဘဲ ခေါင်းခါခြင်းဖြင့် ကျွန်တော် အဖြေပေးသည်။

"ဩော်.. နှင်းကို လာတွေ့တာ မဟုတ်ဘူး၊ ဒါဖြင့်.. ဘယ်သူ့လာတွေ့တာလဲ"



ကျွန်တော် မဖြေရပါ။ သွက်လက်သော ခြေသံလေးများနှင့်အတူ ကြည်လင်သာယာသော အသံလေးတစ်ခု ပေါ်လာ၏။

"ဟော.. ကြည့်စမ်း ယူ၊ အစစ် တကယ်ကိုး၊ လာပြောတော့ မိုးက အစ မယုံဘူး သိလား"

ရွှင်ရွှင်ပျပျနှင့် မိုးမိုးသည် ကျွန်တော့်အနီး ချဉ်းကပ်လာသည်။

ကျွန်တော်က မိုးမိုးကို ပြုံးပြရင်း နှင်းကိုလည်း တစ်ချက် လှမ်းကြည့်မိသည်။

စောစောက ပြုံးရိပ်ယောင်ယောင်များ နှင်း၏ မျက်နှာမှ ပျောက်ကွယ်ကုန်သည်။

နှင်းသည် မိုးမိုးကို ခြေဆုံးခေါင်းဆုံး တစ်ချက် ကြည့်ပြီး ကျွန်တော့်ဘက် လှည့်၍ မျက်နှာထားတည်တည်ဖြင့် နှုတ်ဆက်သည်။

"နှင်း သွားဦးမယ် ကိုစောထွေး"

"ဩော်.. ဟုတ်ကဲ့"

နှင်း ထွက်သွားသည်ကို မိုးမိုးက သာမန်သာ ကြည့်ပြီး အထူးအလေး မထားဟန်ဖြင့် ကျွန်တော့်ကို ပြောသည်။

"ကဲ.. ဆို၊ ဘာစိတ်ကူးနဲ့ ခုမှ ဘယ်လို ခြေဦးလှည့်လာတာလဲ"

"မိုးဆီကို တမင် လာလည်တာ"

မိုးမိုးက မယုံပေါင်ဟု ဆိုဟန် ပြုံးမဲ့မဲ့လေး လုပ်ပြ၏။

"နှစ်အစတုန်းကတော့ ဘာလို့ မလာသလဲ၊ တစ်မြို့တည်းက လာကြရက်နဲ့ စိမ်းတယ်လို့ မိုးက ထင်နေတာ"

"ကိုယ် အမှန်ပြောမယ်၊ မိန်းကလေးတစ်ယောက်နဲ့ ရင်းနှီးရမှာ ကိုယ် ကြောက်တယ်"

မိုးမိုး၏ လှပသော မျက်ခုံးလေးတစ်ဖက်သည် တွန့်တက်သွားပြီး မျက်လုံးလေးများက ကျွန်တော့်ကို စူးစမ်းဟန် စိုက်ကြည့်သည်။

"မိုးကိုတော့ မကြောက်ဘူးပေါ့၊ ဟုတ်လား.."

"ခုချိန်ထိတော့ မိုးမှာ ကြောက်စရာ တစ်ခုမှ ကိုယ် မတွေ့သေးဘူး"

မိုးမိုးသည် ဟက်ဟက်ပက်ပက်ကလေး ရယ်၏။

မိုးမိုး၏ ရယ်ပုံကို ကျွန်တော်က လေ့လာသရုပ်ခွဲကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



တမင်လုပ် ဟန်ဆောင်၍ ရယ်သလော၊ ကျင့်ထားသည့်မို့ သဘာဝပမာ ဖြစ်နေသလော၊ သို့မဟုတ် အမှန်တကယ် သဘာဝအစစ်လော... ကျွန်တော် မသိပါ။

ရယ်ပုံလေးသည် လှသည်၊ အပြစ်ကင်းသော လှခြင်းဖြင့် လှသည်။ ကလေးငယ်၏ ရိုးသားခြင်းမျိုးနှင့် တင့်တယ်သည်။

"အဲဒီလို ပြောလို့ ယူ့ကို မိုး ကျေးဇူးတင်တယ်။ မိုးကို ယူ အမြဲ အဲဒီလို ထင်နိုင်ပါစေ"

"အဲဒီလို အမြဲ ထင်နိုင်ဖို့ ကိုယ်လည်း ကြိုးစားပါမယ်"

မိုးမိုးက ကျေနပ်နှစ်သိမ့်ဟန် ပြုံးပြပြီး မေး၏။

"မိုးတို့ ပါလာထဲ သွားထိုင် စကားပြောမလား"

"ဟင့်အင်း... အပြင်ဘက် ထွက်ပြောကြရအောင်"

"ကဲ... လာလေ... ဒါဖြင့်"

မိုးမိုးနှင့် ကျွန်တော်တို့သည် အဆောင်ရှေ့သို့ ထွက်လာကြသည်။

မျက်လုံးအစုံ တော်တော်များများက ကျွန်တော်တို့ကို ကြည့်နေကြမှန်း ကျွန်တော် သိသည်။ မိုးမိုးလည်း သိပေမည်။ သို့ရာတွင် မိုးမိုး၏ အမူအရာလေးမှာ ထုံးစံအတိုင်း လွတ်လပ်သည်။ ပေါ့ပါးသွက်လက်သည်။

အဆောင်ရှေ့ ပန်းခင်းနှင့် အတန်လှမ်းရာတွင် ကျွန်တော်တို့ ရပ်ကြ၏။

စိမ်းမှောင်သော အရွက်များ နောက်ခံ၌ တရုတ်စကားဖြူတို့ ဖွေးဖွေးလှအောင် ပွင့်နေကြသည်။

တရုတ်စကားဖြူလည်း နုနုဖတ်ဖတ် ဖြူသည်။ စွယ်တော်ပွင့်ဟူလည်း နုနုဖတ်ဖတ် ဖြူသည်။ မိုးမိုး၏ အသားလေးကလည်း နုနုဖတ်ဖတ်ပင် ဖြူသည်။ ရွှေရည်လည်း လွှမ်းလွှမ်းတွင် အကြောစိမ်းကလေးများကလည်း ယှက်သန်းနေပြန်သောကြောင့် ကလေးမ၏ အသားဖြူက ပန်းအလှဖြူဖြူထက် တစ်မူ ဆန်း အလှပိုသည်ဆိုက အင်း... ဆိုနိုင်မည် ထင်သည်။

မိုးမိုးက ကျွန်တော့်ကို သတိပေးသည်။

"ယူ စကားမပြောဘဲ ဘာငိုင်နေတာလဲ"

"အာ...အယ်... ကိုယ် မငိုင်ပါဘူး"

"နို့... ဘာလို့ ငြိမ်နေတာလဲ"

"ငြိမ်နေရင် လူဟာ စဉ်းစားနေတာပေါ့။ ကိုယ်လည်း စဉ်းစားနေဟာ"



"ယူ ဘာတွေ စဉ်းစားနေသလဲ"

"ဩော်... မိုးနဲ့ ကိုယ် စတွေ့ခဲ့ကြပုံတွေပါ"

မိုးမိုးက အသံထွက်အောင် ရယ်သည်။

"အဲဒီတုန်းက ယူ မိုးကို မမုန်းဘူးလား"

"မိုးကော... ကိုယ့်ကို မမုန်းဘူးလား"

"မုန်းပေါ့၊ သိပ်မုန်း၊ ယူလေ... အားကြီး မုန်းအောင် လုပ်တတ်တယ်"

ကျွန်တော်က ရယ်နေသည်။ ရယ်ရင်းကလည်း ဖြစ်ခဲ့သမျှကို ပြန်သတိရမိသည်။ အထူးသဖြင့် ဟိုပုန်း ရေထွက်တုန်းက ဖြစ်ပုံတွေ။

တောင်ကမ်းပါးရံ ခြေရင်းက စမ်းချောင်းလေးဘေး သဲဖြူမြေမှ မြက်ခင်းစိမ်းပေါ်မှာပါ။ သည့်တုန်းက ကျွန်တော်က ပက်လက်၊ မိုးမိုးက ကိုယ်တစ်ခြမ်း ကျွန်တော့်အပေါ်မှာ။ ရင်ချင်းက အပ်လျက်သား။ မျက်နှာချင်းကလည်း ကပ်လျက်သား။ ကျွန်တော့် ကိုရွှေလက်များကလည်း မိုးမိုး၏ ကျောကလေးကို ရစ်ကာ ပတ်ကာ ဖက်လျက်သား။

မိုးမိုး၏ အသံ ပေါ်လာပြန်သည်။

"ဟော... ယူ ငြိမ်သွားပြန်ပါပြီ၊ စဉ်းစားပြန်တာပဲလား"

"အင်း... အဟင်း... ဟိုပုန်း ရေထွက်တုန်းက ကိုယ်တို့ လိမ့်ကျတာ သွားသတိရလို့"

လွှတ်ခနဲ ပြောမိပြီးမှ ကျွန်တော်က စကားမှားသွားသည်ကို အမှတ်ပြုမိသည်။ ဖြစ်ခဲ့ရပုံက အစပြန်ဖော်၍ မကောင်း။

မိုးမိုး၏ အပြုံးကလေး လျှောကျသွားသည်။ ပါးပြင်ကလေး ရဲရဲနီလာသည်ကို မြင်ရ၏။ အင်းလေ... ဘယ်လောက် ရဲတင်းလွတ်လပ်သော မိန်းကလေး ဖြစ်စေ... ကြုံခဲ့ရပုံက တွေးမိလျှင် ရှက်ရှာပေမည်။

ဂိတ်ဝမှ အနက်ရောင် အိုပယ်လ်ကားတစ်စီး ဝင်လာ၏။

ကားကို လှမ်းကြည့်ပြီး မိုးမိုးက...

"ဟော... အစ်ကိုမျိုးရယ်..." ဟု ဆိုသည်။

ဦးမျိုးဝင်းကလည်း ကျွန်တော်တို့ကို မြင်သည်။ သူက ကျွန်တော်တို့ကို လက်ပြနှုတ်ဆက်ပြီး ကားကို တစ်နေရာတွင် ရပ်ထားလိုက်၏။ ထို့နောက် ကျွန်တော်တို့ဆီ လျှောက်လာခဲ့၏။

"မတွေ့ရတာ ကြာပြီ၊ နေကောင်းတယ်နော်... ကိုဇော်ထွေး"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့... ကောင်းပါတယ်"

ကျွန်တော်က လေးလေးစားစားပင် အဖြေပေး၏။

ဦးမျိုးဝင်းမှာ လူချောတစ်ဦးတော့ မဟုတ်ပါ။ မွန်ရည်သည်ဟုမူ ဆိုနိုင်သည်။ လက်ထောက် အတွင်းဝန်တစ်ဦး ဖြစ်သော်လည်း မာနကြီးပုံ မပေါ်။ တည်ငြိမ်သော ဣန္ဒြေလည်း ရှိသည်။

ဦးမျိုးဝင်းက မိုးမိုးဘက် လှည့်ပြီး ဆို၏။

"စနေနေ့က မလာဖြစ်လို့ အစ်ကိုမျိုးကို စိတ်ဆိုးနေသေးသလား"

"အို... တော်ပါ၊ အစ်ကိုမျိုး လာခေါ်မှတဲ့လား"

မိုးမိုးက ဦးမျိုးဝင်းကို မျက်နှာလေး စူ၊ မျက်စောင်းလေးထိုးပြီး ဆို၏။ စိတ်ဆိုး စိတ်ကောက်သူတို့၏ စိတ်မှတ်မဲ့ သဘာဝဟန်အတိုင်း မိုးမိုးသည် ဦးမျိုးဝင်း ရှိရာဘက်မှ ကိုယ်ကို ယိုင်ယိုင် ခွာ၏။ ထိုအခါ မိုးမိုးသည် ကျွန်တော့်ဘက် ပိုနီးလာ၏။

ဦးမျိုးဝင်းကမူ အေးချမ်းစွာ ရယ်မော၏။

"စနေနေ့က ဘိုင်စကုပ် လိုက်ပြမယ် ဆိုပြီး မလာမိလို့ စိတ်ကောက်နေတာ ကိုစောထွေးရေ့၊ တကယ် မအားတာ မိုးမိုး၊ ဝန်ကြီးက အစည်းအဝေး မပြီးဘူး၊ အစ်ကိုမျိုး ဘယ်လိုလုပ် ထွက်မလဲ"

"အင်းပါလေ... မိုး ပြောပါရောလား၊ အစ်ကိုမျိုး မလာကော ဘာဖြစ်သေးသလဲ"

ဦးမျိုးဝင်းက မိုးမိုးရော ကျွန်တော့်ကိုပါ အကဲခတ်သယောင် တစ်ချက် ကြည့်၏။

"ထားတော့လေ... ဒီစနေတော့ အစ်ကိုမျိုး ဆက်ဆက်လာခဲ့ပါမယ်၊ ဟုတ်ပြီလား"

"အိုး... ဆောရီး၊ ဒီစနေအတွက်လည်း မိုးမှာ အက်ပွိုင့်မင့်ထ် ရှိပြီးနေပြီ"

ဦးမျိုးဝင်းက စိတ်ပျက်သယောင်နှင့် သက်ပြင်းရှိုက်ပြ၏။

"ကဲ... ဒါဖြင့် ကားလိုက်စီးဦးမလား၊ နို့အေးဘား သွားမယ်လေ၊ ဂိတ်မပိတ်ခင် အမီ အစ်ကိုမျိုး ပြန်ပို့ပေးမယ်"

ဘာကြောင့် မသိ။ သွက်လက်သော မိုးမိုးမှာ တွန့်တွန့်ဆိုင်းဆိုင်းလေး ဖြစ်သွား၏။ ပြီးတော့မှ အားနာပါးနာဟန် လေပျော့ကလေးနှင့် ဆို၏။



"မိုး မလိုက်တော့ဘူး၊ မိုးက ကိုစောထွေးနဲ့ ဟိုဒင်း... လမ်းလျှောက် ထွက်ကြမလို့"

ကျွန်တော့် မျက်လုံး အတန်ပြူးသွားမည် ထင်သည်။ ကြားလိုက်ရသော စကားအတွက် ကိုယ့်နား ကိုယ် မယုံ။

လုပ်ပေး... ကြိတ်ပေး... ဩော်... အင်း... အပြီးသတ်ကျတော့ မိုးမိုးသည် အဟင်း... မိန်းမတစ်ဦးပါတကား။ အင်း... မိန်းမတစ်ဦး။

ကျွန်တော့်ရင်တွင်း၌ တစ်စုံတစ်ရာ ကျေနပ်နှစ်သိမ့်သွားသည်။ တိုးတိုးလေး ကြိတ်၍ပင် ရယ်လိုက်ချင်သည်။

ကျွန်တော့် နှုတ်ခမ်းများ၌ အပြုံးတစ်ရပ် ခိုတွဲနေမည် ထင်သည်။ သည်လို ရှိမည့် မျက်နှာပေးနှင့် ကျွန်တော်က ဦးမျိုးဝင်းကို ကြည့်သည်။

ဣန္ဒြေရှိသူ ဖြစ်လင့်ကစား ဦးမျိုးဝင်း၏ မျက်နှာထားမှာ ပုံမှန် တည်ကြည်မှုမှ အနည်းငယ် လျော့နေသည်။

ဦးမျိုးဝင်းက မိုးမိုးကို မကြည့်တော့ဘဲ ကျွန်တော့်ကို ကြည့်ကာ တောင်းပန်သော လေသံနှင့် ပြော၏။

"ဩော်... လမ်းလျှောက်ထွက်ကြမလို့ကိုး၊ ဒီလိုဆို နောက်တောင် ကျနေပြီ ထင်တယ်၊ ကဲလေ... ဒါဖြင့် သွားကြ သွားကြ၊ ကျွန်တော်လည်း အကြောင်းထူး မရှိပါဘူး၊ ကြုံတုန်း လှည့်ဝင်လာတာ၊ မိုးမိုးကိုလည်း တောင်းပန်စရာ ရှိလို့"

ကျွန်တော်က မိုးမိုးကို အကဲခတ်ကြည့်သည်။

မိုးမိုးက မတုန်မလှုပ်ကလေး ရပ်နေသည်။ မျက်နှာလေးကလည်း ဘာခံစားမှုကိုမျှ မပြ။

ဦးမျိုးဝင်းက နောက်ထပ် နှုတ်ဆက်စကား တစ်လုံး နှစ်လုံး ပြောပြီး ကားဆီ ပြန်ကာ မောင်းထွက်သွား၏။

မိုးမိုးထံမှ ရယ်သံလေး ထွက်ပေါ်လာ၏။ ကျေကျေနပ်နပ် နှစ်နှစ်သိမ့်သိမ့်နှင့် ရယ်မောသံပါ။

ကျွန်တော်က မိုးမိုး အရယ် ရပ်သည်အထိ ဘာမျှ ဝင်မပြော၊ ဝင်မမေးဘဲ ငြိမ်ရပ်နေ၏။

ရယ်၍ အားရမှ မိုးမိုးက ကျွန်တော့်ဘက် လှည့်လိုက်သောအခါ ကျွန်တော်က အေးဆေးစွာဖြင့် ခေါ်သည်။

"ကဲ... မိုး... သွားကြစို့"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဘယ်ကိုလဲ"

"လမ်းလျှောက်လေ..."

"အို... လမ်းလျှောက်"

"ဟုတ်တယ်၊ လမ်းလျှောက်ထွက်မယ်လို့ မိုးပဲ ပြောခဲ့တာ"

"အဲဒါက အစ်ကိုမျိုးကို... ဟိုဒင်း... တမင် ပြောလိုက်တာ"

"အင်းလေ... ပြောပြီးရင် လုပ်ရတယ် မိုး"

"အို... ဘာဖြစ်လို့"

"ဘာဖြစ်လို့လဲ ဆိုတော့... မိုးနဲ့ လမ်းလျှောက်ထွက်မယ်လို့ ကိုယ်က အထင်ခံလိုက်ရပြီ၊ အထင်ခံရပြီးမှ မဟုတ်တော့ အင်း... ကိုယ့်ဘ၀က ၀မ်းနည်းစရာကြီး"

ပြုံးမလို မဲ့မလို မျက်နှာလေးဖြင့် မိုးမိုးက မေးသည်။

"အဲဒီလောက်တောင်ပဲလား"

"မကသေးဘူး မိုး"

"ဘာရယ်... မကသေးဘူး၊ ဘယ်လို မကသေးတာလဲ"

"မိုးကို ကိုယ်က ကြောက်စရာကောင်းတဲ့ မိန်းကလေးလို့ မှတ်သွားမယ်"

မိုးမိုးသည် ချစ်စဖွယ် ခစ်ခနဲ ရယ်၏။ ချစ်စဖွယ်လည်း ဆိုသည်။

"အစက မသိဘူး၊ ယူ တော်တော်ပိုတယ်၊ သိပ်ကို ပိုတတ်တာပဲ၊ ဟင်း... ကဲ... လာ သွားကြမယ်"

မိုးမိုးနှင့် ကျွန်တော်သည် အဆောင်ဂိတ်မှ ထွက်လာခဲ့ကြသည်။

"ယူရေ... ဘယ်ဘက်ကို လျှောက်ကြမလဲ"

"ကန်စောင်းဘက်ပဲ လျှောက်ကြတာပေါ့"

ကျွန်တော်တို့သည် ဂိတ်၏ လက်ဝဲဘက်သို့ ကွေ့ကာ လျှောက်ကြ၏။

အမှတ်မထင်... သမင်လည်ပြန်ဖြင့် အဆောင်ဆီ ကျွန်တော် တစ်ချက် ပြန်ကြည့်မိသည်။

လသာဆောင်ပေါ်မှာ... နှင်းက ရပ်နေ၏။ မတုန်မလှုပ်ကလေး ရပ်နေ၏။ မိုးမိုးနှင့် ကျွန်တော့်ဆီ စိုက်ကြည့်ရင်း ရပ်နေ၏။

ကျွန်တော် လှည့်ကြည့်သည်ကို မြင်သောအခါ နှင်းသည် ချာခနဲ လှည့်ထွက်သွား၏။

ကျွန်တော့်ဘေးမှ မိုးမိုးကသာ ရယ်ပြီး မေး၏။



"ယူ... မိုးကို ကြောက်စရာကောင်းတယ်လို့ ပြောဦးမလား"

"မပြောပါဘူး၊ မိုးက ကြောက်စရာမကောင်းပါဘူး၊ ကြောက်စရာ မကောင်းတဲ့အပြင်..."

ကျွန်တော်က စကားကို ရပ်ပစ်လိုက်၏။

"ပြောလေ... ကြောက်စရာ မကောင်းတဲ့အပြင် ဘာဖြစ်လဲ"

ကျွန်တော်က သက်ပြင်းကို ရှိုက်လိုက်၏။ သို့ရာတွင် အခက်အခဲ မရှိဘဲ လွယ်ကူချောမောစွာပင် ပြောချလိုက်၏။

"ကြောက်စရာ မကောင်းတဲ့အပြင် မိုးဟာ ချစ်စရာကောင်းတယ်၊ သိလား၊ မိုးဟာ ချစ်စရာကောင်းတယ်"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၈

"...မြန္မဲ့ရဲ့ စာဟာ ကိုစောထွေးဆီ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်မယ် ထင်ပါတယ်။ အမှန်က မြန္မဲ့ ဘယ်သူ့ဆီမှ စာမရေးဖူးဘူး။ ရေးဖို့ အကြောင်းတွေက ပေါ်လာတယ်။ ဒါတောင် မြန္မဲ့ အတန်တန် စဉ်းစားသေးတယ်။ နောက်ဆုံးတော့ ကိုစောထွေး သိထိုက်တယ် ထင်လို့..။

လွမ်းစေတီ..အဲ..အခု တောင်ကျောင်းကြီးဆရာတော်ဘုရားက လွမ်းစေတီကို ပြုပြင်မွမ်းမံတည်ဖို့ ကြိုးစားနေတယ်၊ ဒီနေရာမှာ တန်ခိုးကြီး စေတီတစ်ဆူ ပေါ်ရမယ်လို့ ဦးခန့်က ကြိုပြီးနိမိတ်ဖတ်ထားတာလည်း ရှိတယ်လေ။ ဒါတော့ ကိုစောထွေးလည်း သိပြီးသားပဲ၊ ဘွဲ့ကိုလည်း 'ဆုတောင်းပြည့် အောင်တော်မူ' လို့ ပြင်မယ်တဲ့၊ ထားပါတော့လေ.. အဲဒီလွမ်းစေတီပေါ်မှာ မြန္မဲ့ သက်ကို တွေ့တယ်၊

ပြောရဦးမယ်၊ သက်က သိပ်လှတာပဲနော်။ မြန္မဲ့တို့ မိန်းမချင်းတောင် ငေးကြည့်ရတယ်။ ပြီးတော့ စိတ်နှလုံး သိပ်အေးချမ်းတာပဲ၊ သံအမတ်ကြီး သမီးဆိုပြီး မာန လုံးဝမရှိဘူး။ အင်းလေ.. စိတ်လှတော့ ရုပ်ပိုလှတာ ဖြစ်မှာပေါ့။



ဆန်းတော့ အဆန်းသား။ လွမ်းစေတီကုန်းပေါ်က စွယ်တော်ပင်လေးတစ်ပင်ကို သက်က လာခြံကလေး ခတ်ပေးတာ တွေ့မိတာက အစ မြန္မဲ့နဲ့ သက် ခင်သွားကြတာ။ သက်က ပြောတယ်။ ကိုထွန်းနောင်ဟာ သက်ရဲ့ ငယ်ငယ်ကတည်းက သူငယ်ချင်းတဲ့၊ ကိုထွန်းနောင် ကွယ်လွန်သွားတဲ့အတွက်လည်း စိတ်ထိခိုက်မိတယ်တဲ့။ ဪ.. ကိုစောထွေးကိုလည်း ငယ်ငယ်ကတည်းက သက်က သိပါတယ်တဲ့။

သက်နဲ့ မြန္မဲ့ ခဏခဏ တွေ့ပြီး ခုတော့ ခင်နေကြပြီ။ သက်က လွမ်းစေတီဆီ မှန်မှန် လာတတ်တယ်။ လာတိုင်း မြန္မဲ့တို့ဆီ ဝင်တယ်လေ။

တစ်ခုကတော့.. မြန္မဲ့ ဘယ်လို ရေးပြရမှန်းလည်း မသိဘူး။ မြန္မဲ့ဆီကို လူတစ်ယောက်ဆီကနေ မဂ္ဂဇင်းတစ်စောင် ပို့လိုက်တယ်။ စာဆိုရှင် မဂ္ဂဇင်းလေ၊ အဲဒီလူ ဘယ်သူမှန်းလည်း မြန္မဲ့ မသိဘူး။ မဂ္ဂဇင်းထဲမှာ 'မုဆိုးမလေး မောင့်ချစ်သူ' ဆိုတဲ့ ဝတ္ထုရှည် တစ်ပိုဒ် ပါလာတယ်။ စာရေးဆရာ နာမည်က 'တက္ကသိုလ်မိုးမြင့်သူ့နောင်' တဲ့။ ဘာမှန်း မသိပေမဲ့ ဝတ္ထုနာမည်က အဆန်းသားမို့ မြန္မဲ့ ဖတ်မိတယ်။ အရေးအဖွဲ့က တစ်မျိုးလေးပဲ။ ကောင်းတယ် ဆိုပါတော့လေ။ ဇာတ်လမ်းကလည်း သနားစရာ ရင်ဆို့စရာလေ။ ခက်တာက မြန္မဲ့ ဘယ်လို ပြောရမှန်း မသိဘူး။ ကိုစောထွေး မဖတ်ရသေးရင် ရှာဖတ်ကြည့်လေ၊ အဲဒီတော့.. မြန္မဲ့ ဘာပြောချင်တယ်ဆိုတာ ကိုစောထွေး သိမှာပဲ။

မြန္မဲ့ စာရှည်နေပြီလား မသိဘူး။ မြဦးနဲ့ မောင်ညိုကလည်း ကိုစောထွေးကို သတိရကြပါတယ်။ ညည မချမ်းတော့တာမို့ မောင်ညို အခု သိပ်ပျော်နေတယ်"

ကျွန်တော့် တစ်သက် ရဖူးသော စာများတွင် အဆန်းဆုံးစာ၊ မမြန္မဲ့ဆီမှ စာ။

မမြန္မဲ့ဆီမှ မမျှော်လင့်ဘဲ ရသည့် စာမို့ ဆန်းနေသည်။ မမြန္မဲ့ ၏ အရေးအသား ကောင်းသည်မို့လည်း ဆန်းနေသည်။ စာပါ အကြောင်းအရာတွေကြောင့်လည်း ပိုဆန်းနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သက်အကြောင်းက ပါလာသည်။ လွမ်းစေတီနှင့် စွယ်တော်ပင်လေး အကြောင်းလည်း ပါလာသည်။

သက် ဆိုသည့် မိန်းမက ဘာတွေ လျှောက်လုပ်နေပါသနည်း။ လှည့်စားရက်စက်ပြီးမှ နောင်တတရားကို ဖြေဖျောက်နေပါသလား။

ဖြေပေါ့. . . ကိုယ့်စိတ်ကို ဖြေပေါ့. . . ဒီမှာ သက်. . . ကျုပ်ကတော့ မကျေဘူး. . . သိလားဗျ။

အမှန် ဝန်ခံရလျှင် စာ၌ ပါသည့် သက်အကြောင်းထက် ဝတ္ထု၏ အကြောင်းက ကျွန်တော့်ကို ပိုစိတ်ဝင်စားစေသည်။

ကြံကြံဖန်ဖန် ဝတ္ထုနာမည်က မှဆိုးမလေး မောင့်ချစ်သူ. . . တဲ့။ ပြီးတော့ သည်ဝတ္ထု ပါသည့် မဂ္ဂဇင်းကို မမြန္မာ့ ပို့လိုက်သည်။ အယ်. . . မမြန္မာ့ ကလည်း မုဆိုးမလေး တစ်ဦး။ လှသော မုဆိုးမလေးတစ်ဦး။ စာရေးဆရာ အမည်က တက္ကသိုလ်မိုးမြင့်သူ့နောင်. . . ရှည်လိုက်ဘိ၊ ဒါပေမဲ့ နောင်. . . နောင်. . . နောင်. . . ။

ကျွန်တော်က လှည်းတန်း အဝိုင်းကြီးဆီ ပြေးပြီး မိတ်ဆွေကြီး ကိုသန်း ဆိုင်၌ မဂ္ဂဇင်းကို မေး၏။

"ကုန်သွားပြီဗျ၊ ဒီအပတ် ဝတ္ထုရှည်က ကောင်းတော့ အရောင်းရ အတော်သွက်တယ်၊ နေဦး. . . ကျွန်တော့်မိန်းမ ကိုယ်ပိုင်များ ရှိသေးလား မသိဘူး၊ ရှိရင် ခဏငှားလိုက်မယ်လေ"

ကိုသန်း မိန်းမ၏ ကိုယ်ပိုင်မဂ္ဂဇင်းကို ငှားရသောအခါ စိတ်ဝင်စားမှု အပြည့်ဖြင့် အဆောင်သို့ ကျွန်တော် ပြန်လာခဲ့၏။

သူ့အခန်း၌ တင်မောင်နောင် မရှိ၊ ယခုတစ်လော အားလျှင် သည် ကောင် မြို့ထဲ ထွက်ထွက်နေတတ်သည်။ ဘိုင်ကျပုံလည်း မပေါ်၊ မြို့ထဲ ထွက်လျှင် ယခင်ကကဲ့သို့ မဟုတ်။ တိုက်ပုံကို စတစ်ကော်လာအင်္ကျီနှင့် သပ်သပ် ရပ်ရပ် ဝတ်ထွက်သည်။ ရှူးနှင့် ဂိုက်ကလည်း တစ်မျိုး။

ကျော်အံ့ကတော့ အခန်းတွင် ရှိနေသည်။

ကျွန်တော်က မဂ္ဂဇင်းကို ကျော်အံ့အား ပြသည်။

ကျော်အံ့က မှတ်ချက်ချ၏။

"အေး. . . ဝတ္ထုက လူပြောတော့ အများသား။ ဒါပေမဲ့ ငါတော့ မဖတ်ဘူး။ ဘယ့်နှယ်ကွာ. . . နာမည်က စိတ်ကူးယဉ်တာ ရိုးရိုးယဉ်တာ မဟုတ်ဘူး၊ သောက်ရူးထ ယဉ်တာ။ မုဆိုးမကိုမှ ကြံကြံဖန်ဖန်ကွာ. . . ဖွီး. . ."



"မင်းကလည်း စာတစ်ခုကို မဖတ်ခင် ကြိုတင်ပယ်ရသလား"

"ကွာ. . . နာမည်ကြီးကိုလည်း ကြည့်ဦးလေ"

"အေး. . . ကလောင်နာမည်ကိုလည်း ကြည့်ဦးလေ"

ကျော်အံ့က ကလောင်နာမည်ကို သေချာစွာ ကြည့်၏။ ထိုနောက်မှ မျက်လုံးပြူးပြီး ပြော၏။

"မင်း. . . မင်း. . . ဆိုလိုတာက. . ."

"နေဦးလေ. . . တို့ ဖတ်ကြည့်ရအောင်"

ကျွန်တော်က ကျွန်တော့်အခန်း ပြန်သောအခါ ကျော်အံ့လည်း လိုက် လာသည်။

ကျွန်တော် အဝတ်အစား လဲပြီးနောက် ကျော်အံ့နှင့်အတူ ကျွန်တော့် ခုတင်ပေါ်ထွင် နှစ်ယောက် လှဲလျက် ဝတ္ထုကို ဖတ်ကြသည်။

ဝတ္ထုက စကတည်းမှ ရှမ်းပြည်နယ်၏ တောင်တန်းပြာကြီးများ နောက်ခံနှင့် ဖွင့်သတည်း။

▣

ခြေသံ တဖျပ်ဖျပ် ကြားရသည်။ ထိုနောက် အခန်းသော့ဖွင့်သံ. . . ။

တစ်အောင့်အကြာ၌ သီချင်းသံ ပေါ်လာသည်။

"လှဲ့လှဲ့ကြီးညို့. . . သည်ရွှေကိုယ်မှာ ဆည်မတည့်နိုင်လို့ နွေးရန် အပြု. . . ။

စောရွှေဆုံ. . . အမယ်လေး. . . မုဆိုးမလေး. . . စောရွှေဆုံငယ်. . . မယုံ မပုံရသည်မို့. . . ငယ်ကျွန်တို့ရေ. . . သော သော. . . သောကတောင် ထု. . . ပု. . . ပု. . ."

ကျော်အံ့နှင့် ကျွန်တော်တို့က သူ့အခန်းဆီ ကူးလာကြသည်။

သူ့ခုတင်ပေါ်တွင် တင်မောင်နောင်က ပက်လက်။ တိုက်ပုံတော့ ချွတ်ပြီးပြီ။ ရှပ်အင်္ကျီတော့ မချွတ်သေး၊ လည်ပင်း ကြယ်သီးတော့ ဖြုတ်ထား သည်။

ပက်လက်လှန်လျက် နဖူးပေါ် လက်တင်ရင်း သီချင်း ဟဲနေခြင်း ဖြစ်၏။

ကျော်အံ့က စတင်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခွေးကောင်. . . ငွေမ်းစရာ ရှားလို့ မုဆိုးမကို လွမ်းနေရတာလား"

တင်မောင်နောင်က ထထိုင်ရင်း ပြော၏။

"ငါ့ မမေးနဲ့၊ မြဝတီမင်းကြီး သွားမေး၊ ဒါက သူ စပ်တာ"

ကျွန်တော်က မှင်သေသေနှင့် ဝင်ပြော၏။

"မုဆိုးမ ဆိုလို့. . . ဒီလ စာဆိုတော်မဂ္ဂဇင်းက မုဆိုးမကလေး မောင့်ချစ်သူ ဆိုတဲ့ ဝတ္ထု အတော်နာမည်ကြီးနေတယ်"

တင်မောင်နောင်က ကြွန္တြေမပျက်ဘဲ ပြန်မေး၏။

"နာမည်လေးက မဆိုးဘူးဟ၊ စောထွေး. . . မင်း ဖတ်ပြီးပြီလား၊ ဘယ့်နှယ်လဲ ကောင်းလား"

"ငါလည်း မဖတ်ရသေးဘူး၊ ကျော်အုံး ဖတ်ပြီးပြီ"

တင်မောင်နောင်က ကျော်အုံးကို လှမ်းကြည့်သောအခါ ကျော်အုံးက မျက်နှာရှုံ့ပြ၏။

"ထွတ်. . . စာရေးဆရာက သောက်ရူးနဲ့ တူပါတယ်ကွာ၊ သူ့ ဇာတ်လိုက်က အူတူတူနဲ့. . . မုဆိုးမကိုများ ကောင်းကောင်းကန်းကန်း လုပ်ကြိုက်ရသတဲ့၊ ပြီးတော့ မုဆိုးမလေးနဲ့ လွဲရလို့ အသည်းကွဲသေးသတဲ့၊ တကယ် ပေါတဲ့ ငတိကွ"

"မုဆိုးမကို ကြိုက်တာနဲ့ မင်းက အူတူတူလို့. . . ဘာကြောင့် ပြောရသလဲ၊ ကြိုက်ချင် ကြိုက်မှာပေါ့၊ ဥပမာကွာ. . . မင်းနဲ့ မြတ် ရကြတယ် ဆိုပါတော့၊ မင်းက ဘီအေ အောင်ပြီး စစ်ထဲ ဝင်သွားတယ် ဆိုပါတော့၊ တိုက်ပွဲမှာ မင်း ကျပြီး မြတ်က မုဆိုးမ ဖြစ်တယ် ဆိုပါတော့၊ မြတ်ကို ငါက ဖြစ်စေ. . . စောထွေးက ဖြစ်စေ သနားချစ်ကလေးနဲ့ ချစ်မိတယ် ဆိုပါတော့"

"မင့်ဘိုးအကြောင့် မြတ်က မုဆိုးမ ဖြစ်ရမှာလား"

"ငါ့ဘိုးအကြောင့် မဟုတ်ဘူး၊ မင်း သေလို့၊ မင်းကြောင့် မုဆိုးမ ဖြစ်ရမှာ"

ကျော်အုံးက တင်မောင်နောင်ကို ခြေထောက်နှင့် ထကန်သည်။ တင်မောင်နောင်က စိတ်မဆိုးဘဲ တဟဲဟဲ ရယ်နေသည်။ ရယ်တော့ သူ့ပါးစပ်မှ ယမကာနံ့ ခပ်သင်းသင်း ထွက်လာ၏။

ကျွန်တော်က မသင်္ကာသဖြင့် စစ်သည်။

"လတစ်ဝက် ကျိုးနေပြီ၊ အိမ်က ငွေလာပြီးတာလည်း ကြာပြီ၊ ဘယ်က ပိုက်ဆံနဲ့ ကိုယ့်လူ သောက်တော်ခေါ်လာသလဲ"



တင်မောင်နောင် မဖြေမီ ကျော်အုံးက–

"အေး. . . ဟုတ်တယ် ငါလည်း အနံ့ရတယ်၊ နေဦး"

ဟု ဆိုကာ နံရံတွင် ချိတ်ထားသော တင်မောင်နောင်၏ တိုက်ပုံအကျႌ ကို ထယူသည်။

တင်မောင်နောင်က ကျော်အုံးကို တားရန် ထသော်လည်း သူ့ပုဆိုးစကို ကျွန်တော်က ဆွဲထားသဖြင့် ယက်ကန် ယက်ကန် ဖြစ်နေ၏။

ကျော်အုံးက အကျႌအတွင်းအိတ်ထဲမှ ငွေစက္ကူတစ်ထပ်ကို ဆွဲထုတ် လိုက်၏။

"ဟေ. . . ကော်တာပဲ၊ ငွေတွေ. . . ငွေတွေ. . ."

"ဟော့ကောင်တွေ မလုပ်ပါနဲ့ကွ၊ ၁၅၀ တည်းပါ၊ ရှိုးနိုးပါရဲ့"

"၁၅၀ ဆိုတာ နည်းလားဟ"

"အဟဲ. . . တကယ်ရှိုးနိုးပါတယ်ကွာ၊ မလုပ်ကြပါနဲ့ ဒီငွေက အိမ်က ပို့တာ မဟုတ်ဘူး၊ ကိုယ့်အစွမ်းအစလေးနဲ့ ကိုယ် ရခဲ့တာ"

ကျွန်တော်က ရုတ်တရက် ကောက်မေး၏။

"မင်း ဒါ စာမူခ ရခဲ့တာ မဟုတ်လား"

"ဘယ်လို. . . ဘယ်လို. . . စာမူခ"

"လှည့်မနေနဲ့၊ တက္ကသိုလ်မိုးမြင့်သူ့နောင် ဆိုတဲ့ မတန်မရာ ဘွဲ့ကြီးဟာ မင့်ပစ္စည်းကြီး မဟုတ်လား"

"အလိုဗျာ. . . စွပ်စွပ်စွဲစွဲ၊ နောင် ပါတိုင်း ငါလို့ လူတကာကို လိုက်အထင်ကြီးနေလို့ ဘယ်ဖြစ်မလဲ"

တင်မောင်နောင်က မရမက ကိုယ့်ကိုယ်ကိုယ် သိဒ္ဓိတင်မိအောင် တင်လိုက်သေး၏။

"စွပ်စွဲတာ မဟုတ်ဘူး၊ ဝတ္ထုက တောင်ကြီးမှာ နောက်ခံထားတယ်၊ မုဆိုးမလေးက ဆေးလိပ်သမ၊ ကူညီကုန်းမှာ နေတယ်၊ ကလေးနှစ်ယောက် အမေ၊ အင်း. . . ခနုချောချော၊ မြန္မွလို့ နာမည်မပေးရုံပဲ ကျန်တော့တယ်၊ အဲ. . . ဇာတ်လိုက်ကသာ မတန်မရာ ဖြစ်နေတယ်"

"ဘာမတန်မရာလဲ"

"ဇာတ်လိုက်က အရပ်ရှည်ရှည်၊ ချောချော၊ မင့်သောက်ရုပ်နဲ့က တခြားစီပဲ"

တင်မောင်နောင်က မငြင်းတော့ဘဲ တဟီးဟီး ရယ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျော်အံ့က မကျေမချမ်းနှင့် မေး၏။

"မင်းက ဝတ္ထုရေးတာ ရွံသွားတာ၊ ဘာလို့ တိုက်ကို အပ်ထားရတာလဲ"

"မအပ်လို့ ဖြစ်မလား၊ မစွဲရင် မင်းတို့က ငါ့ ဟားမှာ၊ ဒီမှာ.. ဒီဝတ္ထုက ငါ့အသည်းနှလုံးနဲ့ ရင်းပြီး ရေးထားတာ"

"အမယ်..ကြီးကျယ်လိုက်တာ၊ ထားပါတော့.. မင်း တံဆိပ်ခေါင်းဖိုးကော ဘယ်လောက် ကုန်သေးလဲ"

"မကုန်ပါဘူး..စာမူကို ငါက တိုက်ကို လူကိုယ်တိုင် သွားပေးတာ"

"အဲဒါ ပြောတာ မဟုတ်ဘူး၊ မင့်ချစ်သူ မုဆိုးမလေးဆီ မဂ္ဂဇင်းတင်ပို့လိုက်တာ"

တင်မောင်နောင် မျက်လုံးပြူးသွား၏။

အယ်.. မင်း ဘယ်လိုလုပ် သိသလဲ"

"ငါ မြနွဲ့ဆီက စာရတယ်"

"ဟော့..တကယ်၊ ဘယ်မှာလဲ.. ဘယ်မှာလဲ"

"မင့် ငါ ဘာလို့ ပြရမှာလဲ"

"ကွာ.. ဟိုဒင်း.. မြနွဲ့ လက်ရေးကလေးက ဘယ်လိုနေလဲလို့ သိချင်လို့"

"ဘာလဲ.. မုဆိုးမလေး မောင့်ချစ်သူရဲ့ လက်ရေးတော်လေးကို ဖူးချင်တယ် ဆိုပါတော့"

တင်မောင်နောင်က ဘာမျှ ပြန်မပြောဘဲ ရယ်ဖြဲဖြဲ လုပ်နေ၏။

ကျော်အံ့က အလစ်တွင် တင်မောင်နောင်၏ တိုက်ပုံအင်္ကျီကို ချိုင်း၌ ညှပ်လျက် အခန်းတွင်းမှ ထွက်ရန် ပြင်ရာ တင်မောင်နောင်က ခြေထိုးပြီး တားသည်။

"ကျော်အံ့ရာ.. ရှိခိုးပါရဲ့၊ ငါ အဆောင်ကြေး ကြွေးတင်နေတာ သွင်းစရာ ရှိလို့ပါ"

"ခွေးကောင်.. လူတကာကျတော့ မင်း လိုက်ညှဉ်းတယ်၊ မင်းအလှည့်ကျတော့ သဝန်တိုသလား"

"မတိုပါဘူးကွာ၊ ကဲ.. အဲဒီထဲက ၆၀ နှုတ်ပြီး ငါ့ပေး၊ ကျန်တာ မင်းတို့ ကြိုက်သလိုသုံး"

"မင်း တကယ် ပြောတာလား"



"တကယ် ပြောတာ၊ မင်းတို့ကို ကျွေးချင် မွေးချင်လွန်းလို့ ဒီငွေတွေ ဒီလောက် မြန်ပါလာတာ၊ နို့မို့ရင် ငါ့အိတ်ထဲ ငါ့ငွေ ဘယ်တုန်းက ကြာကြာ ထားဖူးလို့လဲ"

သည်စကားကိုတော့ ကျွန်တော် ယုံသည်။ တင်မောင်နောင်သည် ငွေ ရှိလျှင် ရှိသလို သုံးပစ်ပြီး မရှိလျှင်လည်း ဖြစ်သလို ပျော်ပျော်နေတတ်သည်။

ကျော်အံ့လည်း ယုံပုံရသည်။ သူက ရယ်ပြီး–

"မင်းစိတ် စမ်းကြည့်တာပါကွာ"

ဟု ဆို၍ အင်္ကျီကို တင်မောင်နောင်ထံ ပစ်ပေးသည်။ တင်မောင်နောင်က အင်္ကျီကို ခုတင် ခေါင်းရင်း၌ ထားလိုက်ပြီး ကျွန်တော့်ဘက် လှည့်၏။

"ကဲ.. ပြတော့လေ"

"ဘာပြရမှာလဲ"

"မြနွဲ့ဆီက စာလေ"

"အမယ်... မြနွဲ့တဲ့၊ ခေါ်ပုံက၊ မင့်အမေလောက် ရှိတာ"

"မင်း.. အဲဒီလိုတော့ မနိမ်နဲ့ စောထွေး၊ အလွန်ဆုံး ငါ့အစ်မလောက်နီးပါးကလေး ရှိတာ၊ နတ်သျှင်နောင်ဆို ဘယ့်နှယ်လုပ်မလဲ၊ ဓာတုကလျာက ၁၉ နှစ်တောင် ကြီးတာ၊ အရီးအရွယ်၊ အေးလေ.. တကယ်လည်း အရီးပဲ"

"ဟကောင်ရ.. မမြနွဲ့က အသက်တင် ကြီးတာ မဟုတ်ဘူး၊ မုဆိုးမဟ"

"အေးလေ.. ဓာတုကလျာလည်း နတ်သျှင်နောင်နဲ့ ရတော့ မုဆိုးမ ပဲဟာ"

"ဒုက္ခပါပဲ.. ဒီနတ်သျှင်နောင်ရောဂါကလည်း ရှုးစရာ မရှိ ကြံဖန် ရှုးတယ်"

"ရှုးတာ မဟုတ်ဘူး၊ ထူးတာပါ၊ နေပါဦး.. မင်းတို့က မိန်းမရွေး နည်းများ ဘယ်လောက် တတ်လို့လဲ၊ သောက်ရမ်း ရွေးလို့ တစ်ခါလည်း စိန်ရ ပြီးပြီ မဟုတ်လား"

"ဘာဆိုင်လို့လဲ"

"ဆိုင်တယ်.. နေဦး.. ငါ သေသေချာချာ ရှင်းပြမယ်"

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နောင်က စားပွဲပေါ်မှ စာအုပ်တစ်အုပ်ကို ထယူသည်။ စာအုပ်မှာ ဟိုတစ်နေ့က သူ စာကြည့်တိုက်မှ ငှားလာသော ဘင်ဂျမင်ဖရင်ကလင်၏ စာအုပ် ဖြစ်သည်။

"ဘင်ဂျမင်ဖရင်ကလင်က– အင် အက်ဒ်ဗိုက်စ် တူ အေ ယန်းဂ် မင်း. . . ဆိုတဲ့ စာမှာ မိန်းမရွေးနည်း သေသေချာချာ ပြထားတယ်၊ သူက ကိုယ့်ထက် အသက်ကြီးတဲ့ မိန်းမကို ရွေးတဲ့။ ယုယမှု၊ ကြင်နာမှု၊ စိတ်ရှည်မှု စသည်. . . စသည်မှာ ရေစိမ်ခံ၊ အကြမ်းခံ၊ အာမခံ. . . အေး. . . တို့မြန်မာ ပညာရှိ စကားလည်း ရှိသားပဲ၊ ကြီးရင် မှီ. . . ငယ်ရင် ချီ. . . တဲ့"

ကျော်အုံ့က ဝင်ဖောက်သည်။

"အေးလေ. . . မင်းကတော့ ဘယ်ချီနိုင်မလဲ၊ မှီရမယ့်ဟာ ရှာရမှာ ပေါ့"

"ကျော်အုံ့. . . ဆွမ်းဆန်ထဲ ကြွက်ချေး ဝင်မရောစမ်းပါနဲ့၊ ငါ အဟုတ်ပြောနေတာ၊ ဖရင်ကလင်က အသက်ကြီးတာနဲ့ အရွယ်ကျတာကို သုတေသနပြုပြီး ခွဲခြားရှင်းထားတယ်၊ ကဲ. . . မင်းတို့ ဒါ နားလည်သလား"

"ဘာကို နားလည်သလားလဲ"

"အသက်ကြီးတာနဲ့. . . အရွယ်ကျတာ. . ."

"ဟ. . . အသက်ကြီးလာရင် အရွယ်ကျတာပေါ့"

"မင်းတို့ အဲဒါတွေ နားမလည်တာ၊ ကဲ. . . ငါ မေးဦးမယ်၊ အပေါ်ပိုင်းနဲ့ အောက်ပိုင်း အို့နှုန်းရော တူသလား"

"ထွတ်. . . ဘယ်က ညစ်တီးညစ်ပတ်တွေ ဝင်လာတာလဲ"

"ညစ်တီးညစ်ပတ် မဟုတ်ဘူး၊ ငါ ပြောတာလည်း မဟုတ်ဘူး၊ မင်း ဂျမင်ဖရင်ကလင် ပြောတာ၊ ညစ်တီးညစ်ပတ် ဆိုရင် တက္ကသိုလ်စာကြည့်တိုက်မှာ တရိုတသေ ထားပါ့မလား။ ထားပါလေ. . . အသက်ကြီးတာနဲ့ အရွယ်ကျတာကိုပဲ ငါ ရှင်းပြမယ်၊ အသက်ကြီးပေမဲ့ အရွယ်ကျချင်မှ ကျတယ်၊ အသက်ငယ်ငယ်နဲ့ အရွယ်ကျချင်လည်း ကျတယ်၊ ဒီသဘော နားမလည်တဲ့ ငတီတွေ အဘွားကြီးကလေးတွေနဲ့ အောင့်အည်း ပေါင်းနေရတာ တစ်ပုံကြီးပဲ"

"ဘယ်လို. . . ဘယ်လို. . . အဲဒါတော့ ကျွန်တော်များ ဉာဏ်မမီဘူး ခင်ဗျ"

"ငါ မေးမယ်. . . မင့်ရဲ့ မြတ်က လှသလား"

"လှတယ်. . . ဘာဖြစ်သလဲ"



"ဟော့ကောင် စောထွေး. . . နှင်းရော လှသလား"

"မင့်ဘိုးအေမို့ ဒီနာမည်ကို ပြောရတာလား"

"အာ. . . ဘွာ ဘွာ. . . ဟိုဒင်း. . . မိုးမိုးကော လှလား"

"ခွေးကောင်. . . ငါ ထ,တီးမိမယ်နော်"

"အေးပါ. . . မင်း မပြောချင်နေ၊ ငါ ကျော်အုံ့ကိုပဲ မေးတော့မယ်၊ ဒီမှာ ကျော်အုံ့. . . မင်းက မြတ်ကို လှတယ်လို့ ဆုံးဖြတ်တာဟာ ဒီကောင်မလေးရဲ့ အခု မြင်ရတဲ့ ပကတိ အခြေအနေအတိုင်း အရှိကို အရှိအတိုင်း ကြည့် ဆုံးဖြတ်တာ မဟုတ်လား"

"နို့. . . ဘာကို ကြည့် ဆုံးဖြတ်ရမှာလဲ"

"အဟဲ. . . မင်း သူ့အမေကြီးကို ကြည့်ပြီးမှ ဆုံးဖြတ်ရင် အမှန်တရားနဲ့ ပိုနီးစပ်လိမ့်မယ်"

"ဟာ. . . ခွေးကောင် သူ့အမေကြီးက ဘယ်က ပါလာရပြန်သလဲ"

"သူ့အမေကြီးက အင်မတန် အရေးကြီးသော ကဏ္ဍက ပါလာတယ်၊ မိန်းကလေးတစ်ယောက်ကို ကြိုက်မယ် ကြံရင် မကြိုက်နဲ့ဦး. . . သူ့အမေကြီးကို အရင်ကြည့်၊ သူ့အမေကြီးဟာ သူ့အမေကြီး ဖြစ်နေတဲ့ အရွယ်အထိ နုတုန်း လှတုန်း စိုပြည်တုန်း၊ မင်း နှစ်သက်တာတွေ အကုန်ရှိတုန်း ဆိုရင်. . . အဲ. . . ကြိုက်ပေတော့"

"ဘာ. . . သူ့အမေကြီးကို ကြိုက်ရမယ်"

"ဟာ. . . ဒီကောင် နားဝေးလိုက်တာ. . . သူ့အမေကြီး ဘာလုပ်ရမှာလဲ၊ သူ့သမီးကို ကြိုက်တော့လို့ ပြောတာ"

"မင်းက အဲဒီလိုမှ ရှင်းရှင်း မပြောဘဲ"

"ဒီ့ထက် ရှင်းရဦးမလား၊ ဗီဇလိုက်တယ် ဆိုတာ ရှိတယ်၊ အမေ အရွယ်တင်ရင် သမီးလည်း အရွယ်တင်မယ်၊ အမေ အရွယ်ကျလွယ်ရင် သမီးလည်း အရွယ်ကျလွယ်တယ်၊ တောက်. . . ဟောဒီတက္ကသိုလ်က ကောင်မလေးတွေကို ပိုးရတာ အဲဒါ တစ်ပန်း ရှုံးနေတာ"

"ဘာတစ်ပန်း ရှုံးနေတာလဲ"

"မင့်ဘိုးအေ. . . သူတို့အမေကို မင်း မြင်ဖူးလို့လား၊ သူတို့ရဲ့ ပကတိအခြေအနေအတိုင်း အရှိကို အရှိအတိုင်း ကြည့်နိုပ်နေရတာ၊ နေရာတကာမှာ ပကတိ အခြေအနေအတိုင်း အရှိကို အရှိအတိုင်း ရှုကြည့်ရတာ မဟုတ်ဘူး၊ သောက်လွဲ ဖြစ်တတ်တယ်၊ ငါ့ကိုယ်တွေ့. . ."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး.. ကိုယ်တွေ့လေး"

"ငါ ၈ တန်း ၉ တန်း ၁၀ တန်းတုန်းက ဟိုက်စကူးမှာ ငါ အသည်းရော နှလုံးရော တစ်ကိုယ်လုံးနဲ့ ပစ်ခဲ့ပြီး သောက်ရမ်းကြိုက်ဖူးတဲ့ ကောင်မလေး သုံး လေးယောက် ရှိတယ်၊ အဲဒီတုန်းကတော့ လှလိုက်ကြတာ ကွာ၊ သောက်မာနလေးတွေကလည်း ကြီးလိုက်ကြတာ၊ နောက်.. ငါ တက္ကသိုလ် ရောက်လာတယ်၊ သူတို့ကတော့ လင်ယူ သားမွေးပြီး မြို့မှာ ကျန်ရစ်တယ်၊ အခု ပြန်တွေ့တော့ အမယ်လေးလေး.. ဘာမှ မရှိတော့ဘူး၊ ကုန်ပြီ.. တင်ချွန်းကလေးတွေ၊ ဗိုက်စူကလေးတွေ၊ လက်ပြင်ကုန်းကလေးတွေ၊ ပုလွေရိုး ခြေတံရှည်ကလေးတွေ ဖြစ်ကုန်ပြီ။ ဒီတော့မှ.. အဲဒီတုန်းက ငါ မစွံမိတာ ကံကောင်းလေစွတကားလို့ ဥဒါန်းများ ကျူးရင့်မိရသေးတော့၊ တကယ်.."

"ဥဒါန်းကျူးရုံပဲလား၊ အမယ်လေး.. စပျစ်သီးက ချဉ်လိုက်တာ ဆိုပြီး ခွေး.. အဲ မြေခွေးလို လေးဖက်ထောက်ပြီး အူမိသေးသလား"

"မင်းတို့သာ အူရမှာ.. ငါက ချဉ်လာမယ့် စပျစ်သီးလား၊ ဆက် ချိုမယ့် စပျစ်သီးလား၊ ခွဲခြားတဲ့နည်းကို သိလို့ ပြောပြနေတာ"

"မင့်မုဆိုးမလေးကတော့ ဆက်ချိုနေတယ်ပေါ့ ဟုတ်လား"

"အဟီး.. အဲဒါ ပြောမလို့ မြနွဲ့က ကလေးနှစ်ယောက် အမေသာ ဆိုတယ်.. မသိရင် အပျိုပဲ၊ မယုံရင် စောထွေးကို မေးကြည့်၊ မဟုတ်ဘူး လား ဟေ့ကောင်"

သည်အမေးကိုတော့ ကျွန်တော် မငြင်းနိုင်၊ မမြနွဲ့၏ အလှကို တစ်ကြိမ်က ကျွန်တော် သတိပြုမိခဲ့ဖူးသည်။

"မင်း မငြင်းနိုင်ဘူး မဟုတ်လား။ မုဆိုးမ ကလေးနှစ်ယောက် ရှိတာ ဘာဖြစ်သလဲ၊ ကလေးနှစ်ယောက်က အဟဲ.. ငါ့အတွက်တော့ ဆာတီ ဖီကိတ်ပဲ"

"ဘာရယ်.."

"အလှတည်မြဲမှု အာမခံ ဂရန်တီ.. ဆာတီဖီကိတ် လက်မှတ်၊ ဒီ့ထက် စိတ်ချစရာ လက်မှတ် လိုသေးသလား၊ မင်းတို့ ကောင်မလေးတွေ အတွက် တက္ကသိုလ်ရုံးက ဒီလို ထောက်ခံစာ ပေးရဲလို့လား"

"ခွေးတိရစ္ဆာန်.. တက္ကသိုလ်က ကောင်မလေးတွေကို မင်း ပိုးလို့ ကော စွံမှာမို့လား"



"ပါရမီရှင်မှန်း ခုတ်သိရင် နတ်မိမယ်တောင် မပယ်မယ့် တင်မောင်နောင်ပါကွာ၊ ဒါပေမဲ့ ကိစ္စမရှိဘူး။ မဟော်သဓာဟာ နန်းတော်တွင်း မှာ ကြင်ယာ မရှာဘူး၊ တင်မောင်နောင်လည်း တက္ကသိုလ်မှာ လျှောက်လှာ လက်မခံဘူး"

ကျော်အုံ့က စိတ်မရှည်ဟန်ဖြင့် နေရာမှ ထသည်။

"စောထွေး.. အရှူးစကားတွေ အဟုတ်မှတ် နားထောင်မနေနဲ့၊ ဒီညနေ ဘဲဥဟင်းတဲ့၊ အဆောင်မှာ ဟင်းမကောင်းဘူး။ သူ့မုဆိုးမလေး ပေးစာကမ်းစာနဲ့ မြို့ထဲ ထွက်စားကြမယ်၊ အဝတ်လဲဟေ့"

တင်မောင်နောင်က ပိုက်ဆံ ထည့်ထားသော သူ့အင်္ကျီကို ကပျာကယာ ကောက်ယူ၍ ခေါင်းအုံးအောက် လျှိုပြီး ကိုယ်နှင့် ဖိထားလိုက်၏။

ကျော်အုံ့က ကန့်ကွက်၏။

"ဒါပဲနော် ကျုတ်သေညီ.. ကတိမဖျက်နဲ့"

"အေးပါ မဖျက်ပါဘူး၊ ဒါပေမဲ့ ငါ တောင်းတာလည်း ပေးဦး"

"ဘာပေးရမလဲ"

"မြနွဲ့ဆီက စာလေ"

သည်ကောင် အဖြစ်သည်းပုံကို ကျွန်တော် ရယ်ချင်လာသည်။ ယုံရ ခက် မယုံရ ခက်လည်း ဖြစ်မိသည်။

ကျွန်တော်က အိတ်တွင်း၌ အဆင်သင့် ပါလာသော မမြနွဲ့၏ စာကို ထုတ်ပေးသည်။

တင်မောင်နောင်က စာကို လှမ်းယူ၏။

"ကဲ.. သွားကြ၊ အဝတ်အစား လဲကြ၊ ဖြည်းဖြည်းလဲ၊ ငါ စာကို ဖိမ်နဲ့ ဖတ်လိုက်ဦးမယ်"

ကျွန်တော်သည် အခန်းပြန် အဝတ်အစားလဲသည်။

အဝတ်အစား လဲနေစဉ် တင်မောင်နောင်၏ အဖြစ်၊ တင်မောင်နောင် ၏ စကားတို့ကြောင့် ပြုံးမိနေရာမှ တစ်စုံတစ်ခုကို သတိရမိပြီး ကျွန်တော် ငိုင်သွား၏။

သက်..

မမြနွဲ့၏စာတွင် သက်အကြောင်းက ပါသည်။ စွယ်တော်ပင်လေး အကြောင်းလည်း ပါသည်။

ကျွန်တော်က စာကြည့်စားပွဲဆီ လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်မှာက ကိုကို့ခေတ်ပုံ ရှိသည်၊ မရယ် မပြုံးသော ကိုကို့ ခေတ်ပုံ။

ကျွန်တော် အံကြိတ်လိုက်သည်။ ကိုကို့ခေတ်ပုံကို ကြည့်ပြီး တိုးတိုး ပြောမိသည်။

"အငယ် မမေ့ပါဘူး ကိုကို၊ အငယ် ဘာတွေ လုပ်နေနေ မမေ့ဘူး၊ ဘယ်တော့မှလည်း မကျေဘူး သိလား ကိုကို"

## အခန်း - ၁၉

ခရီး အစမှ ခရီးအဆုံးအထိ လမ်းကို တစ်ဖြောင့်တည်းလည်း ဖောက်မထား၊ ကွေ့ကောက်သော လမ်းတွင် လမ်းခွဲ လမ်းမြွာ လမ်းတိုလေးများကလည်း ရှိနေသည်။ လမ်းခွဲ လမ်းမြွာ လမ်းတိုကလေးများအတိုင်း မှားလိုက်မိပါက လိုရာ မရောက် တဝဲလည်လည် ရှိတတ်သည်။ သည်လို ခရီးလမ်းမျိုးကို ဝက်ပါခရီးလမ်းဟု ခေါ်ကြသည်။

ကြွက်ဖြူလေးတစ်ကောင်သည် ဝက်ပါလမ်း၌ လျှောက်သွားနေသည်။

ကြွက်ဖြူလေးအတွက် ဝက်ပါလမ်းကို သစ်သားတန်းလေးများနှင့် တည်ဆောက်ပေးထားသည်။

အင်္ဂလိပ်အက္ခရာ 'တီ'ပုံ ရှိသော ကိရိယာကို ကြမ်းမှာ ထောင်ထား လိုက်ပါ။ ခြေတံသည် တိုင် ဖြစ်၍ လက်တံသည် ပြေးလမ်း ဖြစ်၏။ သည်ကိရိယာ မျိုးလေးတွေကို ဆက်စပ်၍ မိမိ အလိုရှိသော ဝက်ပါခရီးလမ်းမျိုးကို တည်ဆောက် နိုင်သည်။

ခရီးအဆုံးတွင် စားရန် အစာကို ထားသည်။ အစာငတ်ခံထားသော ကြွက်ဖြူလေးကို ခရီးအစ၌ ထားလိုက်သည်။ ကြွက်ဖြူလေးသည် ခရီး စ,လျှောက်သည်။ ဟိုကွေ့လိုက် သည်ဝင်လိုက်၊ နောက်ဆုတ်လိုက်၊ ရှေ့တိုးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် စမ်းတဝါးဝါး လျှောက်သည်။ နောက်ဆုံး ခရီးဆုံးဆီ ဆိုက်ရောက်လျှင် ဒိန်ခဲလေးတစ်လုံးကို တွေ့ပြီး စားရသည်။ စားပြီးသည်နှင့် တစ်ပြိုင်နက် လူက ကြွက်ဖြူကလေးကို မ ယူပြီး ခရီးအစ၌ ပြန်ထားသည်။ ကြွက်ဖြူလေး ခရီး စပြန်လေဦးတော့။

ကြွက်ဖြူလေး လမ်းခွဲ လမ်းမြှောင်တို့အတွင်း ဝင်သည့် အကြိမ်ရေကို လူက မှတ်ထားသည်။ ခရီးအစမှ ခရီးအဆုံးအထိ ကြာသောအချိန်ကိုလည်း မှတ်ထားသည်။ အမှား ကြိမ်ရေသည် လည်းကောင်း၊ အချိန်သည် လည်းကောင်း ကြွက်ဖြူလေး၏ သင်ယူခြင်းကို တိုင်းတာပြသည်။

အမှားကြိမ်ရေ လျော့လာခြင်းသည် သင်ယူမှု တိုးတက်လာခြင်းကို ပြသည်။ အချိန်တိုလာခြင်းသည်လည်း သင်ယူမှု တိုးတက်လာခြင်းကို ပြ၏။

ကြွက်ဖြူလေးသည် အမှားလမ်းများတွင်းသို့ တစ်ကြိမ်မျှ မဝင်တော့ဘဲ ကွေ့ကောက်သော လမ်းမှန်အတိုင်း မှန်မှန် ချိုးကွေ့ကာ ခရီးဆုံးသို့ ရောက်လာလျှင် ကြွက်ဖြူလေး သင်ယူတတ်မြောက်သွားပြီဟု သတ်မှတ်သည်။ ယင်းသို့ အမှား မရှိဘဲ ခရီးဆုံး ရောက်ခြင်း ၁၀ ကြိမ် ဆက်တိုက် ပြုနိုင်မှ လက်တွေ့စမ်းသပ်ခြင်းကို ရပ်သည်။

ကျွန်တော် စမ်းသပ်နေရာနှင့် မလှမ်းမကမ်းရှိ စားပွဲတွင် ကုလားထိုင်ထက် မိုးမိုးက ထိုင်နေသည်။ မိုးမိုး၏ လက်တစ်ဖက်တွင် စတော့ပ်ဝတ်ချ်ခေါ် အချိန်မှတ် နာရီလေး တစ်လုံးကို ကိုင်ထားသည်။ အခြား လက်တစ်ဖက်က ဖောင်တိန်လေးကို ကိုင်ထား၏။ ရှေ့ရှိ စားပွဲပေါ်တွင် စာရွက်တစ်ရွက် ရှိ၏။

ကျွန်တော် စမ်းသပ်နေသည်မှာ တစ်နာရီ ပြည့်တော့မည်။ ကျွန်တော့် ကြွက်ဖြူလေးလည်း အမှား မရှိ စ,ပြေးတတ်ပြီ။

ကြွက်ဖြူလေးက တာမှ ထွက်ကာ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် သွက်သွက်ကလေး ပြေးလာနေသည်။ ခရီးဆုံး ရောက်၍ ဒိန်ခဲကလေးကို စ,ကိုက်လိုက်ချိန်တွင် မိုးမိုးထံမှ ချောက်ခနဲ နာရီပိတ်သံလေး ထွက်ပေါ်လာ၏။

ကြွက်ဖြူလေးကို မ ယူပြီး ကျွန်တော်က လှည့်အကြည့်တွင် မိုးမိုးက ပြုံးပြုံး ခေါင်းညိတ်၏။ မိုးမိုး၏ အသွင်မှာ စိတ်ဝင်စားဖွယ် ကစားမှုတစ်ရပ်ကို ပြုနေရသူ ကလေးတစ်ဦး၏ ကျေနပ်ပုံမျိုး ပေါ်နေသည်။

ကျွန်တော်က ကြွက်ဖြူလေးကို ခရီးစ,၌ ချပေးလိုက်ပြန်သည်။ ကြွက်ဖြူလေးကလည်း ပြေးပြန်ပြီ။



ဝက်ပါခရီးတွင် လမ်းအမြှောင်များ ရှိသည်အနက် အမှားဘက် မကွေ့ဘဲ အမှန်ဘက် ကွေ့သော ကြွက်ဖြူကလေး၏ အပြုအမူသည် အမြင်အားဖြင့် ရိုးလှ လွယ်လှသော်လည်း သိပ္ပံနည်းကျ ရှင်းရန်မှာ မရိုးပါ၊ မလွယ်ပါ၊ လမ်းခွဆုံ၌ ပြုရမည့် အပြုအမူကို ဗီဟေးဗီးယား အက်တ် အေ ချွိုက်စ်ပွိုင့်ဟု ခေါ်သည်။ ရွေးချယ်ခြင်းချက်၌ အပြုအမူ ဟု ပြန်ဆိုရမည် ထင်သည်။ ယင်းချက် (ဝါ) ယင်းနေရာ ရောက်လျှင် ပြုနိုင်သော အပြုအမူ နှစ်ခုအနက် တစ်ခုကို ရွေးချယ်ပြုလုပ်တော့မည်။ မှန်သော အပြုအမူကို အဆက်မပြတ် ရွေးချယ်ပြုမူသွားလျှင် ကြွက်ဖြူကလေးသည် သင်ယူတတ်မြောက်သွားသည်ဟု ကောက်ချက်ချသည်။ ကောင်းပါပြီ . .၊ ကြွက်ဖြူလေးသည် ဘာကို သင်ကြားတတ်မြောက်သွားပါသနည်း။

ပါမောက္ခဟားလ်က လှုပ်ရှားမှု (ဝါ) ကြွက်သားဖြင့် တုံ့ပြန်မှုကို သင်ယူတတ်မြောက်သွားသည် ဆို၏။ ပါမောက္ခတိုးမင်းလ်ကမူ သိနားလည်မှု ပြောင်းသွားသည်ဟု ဆိုသည်။ အငြင်းပွားဆဲ သီအက်ရီ နှစ်ခု ဖြစ်၏။

ကြွက်ဖြူလေးသည် ခရီးဆုံး ရောက်၍ အစာ စားပြန်ပြီ။

ထိုစဉ် မိုးမိုးထံမှ အချက်ပေး ခေါင်းလောင်း နှိပ်သံ ပေါ်လာ၏။

"အမှားမဲ့ ပြေးကြိမ် ၁၀ ကြိမ် ရှိသွားပြီလား မိုး"

"ယက်စ် . . ရှိသွားပြီ"

မိုးမိုးသည် စားပွဲမှ အပြေးလေး ထလာကာ ကြွက်ဖြူကလေးကို ကောက်ယူပွေ့ချီပြီး ယုယစွာ ပွတ်သပ်ပေးနေ၏။

"ကြည့်စမ်း . . သူ့ခမျာ မောနေပြီ၊ ယူ သူ့ကို သိပ်နှိပ်စက်တာပဲ၊ အစာလည်း အငတ်ထားတယ်။ ပြေးလည်း ပြေးခိုင်းတယ်။ ရိုးရိုး မဟုတ်ဘူး။ ကွေ့ကွေ့ကောက်ကောက်တွေထဲမှာ ယူ မသနားဘူးလား"

"နှိပ်စက်တာမှ မဟုတ်ဘဲ၊ ပညာအတွက် လေ့လာတာ၊ ဦးနှောက်နဲ့ သင်ကြားမှု ဆက်သွယ်ပုံ လေ့လာတဲ့ စမ်းသပ်မှုဆိုရင် ဒီ့ထက် ဆိုးသေးတယ်"

"ဘယ်လို လုပ်လို့လဲ"

"အစစ တူညီတဲ့ ကြွက်ဖြူလေးတွေ ရွေး၊ ခုလိုပဲ ဝက်ပါ ပြေးနည်း သင်ပေး။ သင်ယူမှု တူညီတဲ့ ကြွက်ဖြူလေးတွေကို အုပ်စုလေးတွေ ခွဲ ပြီးတော့ ကြွက်ဖြူလေးတွေရဲ့ ဦးခေါင်းခွံကို ဖောက်ပြီး ဦးနှောက်လေးတွေ ထုတ်ယူ၊ ထုတ်ယူတဲ့ ဦးနှောက် ပမာဏဟာ တစ်စုနဲ့ တစ်စု မတူစေနဲ့၊ ဒဏ်ရာကျက်တဲ့ အချိန်ကျတော့ ကြွက်ဖြူလေးတွေကို ဝက်ပါ ပြန်ပြေးခိုင်း၊ တတ်ပြီးသား

www.burmeseclassic.com



ဘယ်လောက် ပြန်မေ့သွားတယ် ဆိုတာ မှတ်တမ်းပြု၊ နှိုင်းယှဉ်ကြည့်တဲ့အခါမှာ ထုတ်ယူခံရတဲ့ ဦးနှောက်ပမာဏနဲ့ မေ့ခြင်းပမာဏတို့ရဲ့ ဆက်သွယ်မှုကို သိနိုင်တယ်''

ကျွန်တော် ရှင်းပြနေသည်ကို မိုးမိုးက မျက်နှာလေး ရှုံ့ပြီး နားထောင်နေသည်။

''ကြွက်ဖြူကလေးတွေ သေမကုန်ဘူးလား''

''မသေပါဘူး''

''အို... ဒါပေမဲ့ သနားစရာ''

''ကိုယ် ပြောပါရောလား... နှိပ်စက်တာမှ မဟုတ်ဘဲ၊ ပညာတိုးတက်မှုအတွက် လေ့လာတာ''

မိုးမိုးက ကြွက်ဖြူလေးကို ပွတ်သပ်ရင်း မျက်နှာရှုံ့၍ ခေါင်းခါနေ၏။

ကျွန်တော်က စားပွဲပေါ်မှ စာရွက်စာတမ်းများနှင့် ကိရိယာများကို သိမ်းဆည်းပြီးသောအခါ ခေါ်၏။

''ကဲ... လာ သွားကြမယ် မိုး''

ဓာတ်ခွဲခန်းတွင်းမှ ကျွန်တော်တို့ ထွက်လာခဲ့ကြသည်။

လှောင်ချိုင့်များ ရှိရာ အခန်းသို့ ရောက်သောအခါ မိုးမိုးက ပိုက်ယူလာသော ကြွက်ဖြူလေးကို လှောင်ချိုင့်တွင်းသို့ ယုယစွာ ထည့်ထားလိုက်၏။ ထို့နောက် ကိုသန်းတင် အဆင်သင့် လုပ်ပေးထားသော ထမင်းနှင့် ကန်စွန်းရွက်များကို ကြွက်ဖြူလေးကို ကျွေး၏။ ပုလင်းတစ်လုံးတွင်းမှ နွားနို့ကို ကြွက်ဖြူလေး သောက်ရန် လှောင်ချိုင့်တွင်းရှိ ခွက်ကလေးတွင်းသို့ ထည့်ပေး၏။

မိုးမိုး လုပ်ကိုင်နေသည်ကို ကြည့်ပြီး ကျွန်တော်က မေး၏။

''မိုး... ကြွက်ဖြူလေးကို ချစ်လား''

''ချစ်တာပေါ့၊ ယူကတော့ မချစ်ဘူး မဟုတ်လား''

''ကိုယ်က လေ့လာသူ၊ လေ့လာသူမှာ ချစ်တာလည်း မရှိဘူး။ မုန်းတာလည်း မရှိဘူး''

''ရဟန္တာကြီးပေါ့... ဟုတ်လား''

ကျွန်တော်က ရယ်လိုက်၏။

''ထားပါတော့၊ ကဲ...ကိုယ်တို့ ယူနီယံမှာ တစ်ခုခု သွားစားရအောင်''

''နေဦးလေ... ယူ့ကတိ မေ့ပြီလား''



''သြော်... အင်း ကဲ လာ''

ကျွန်တော်က ပါမောက္ခရုံးခန်းနှင့် ကပ်လျက်ရှိသော အခန်းတစ်ခုဆီ မိုးမိုးကို ခေါ်ဆောင်ခဲ့၏။

ကျွန်တော်တို့ စိတ်ပညာ ဓာတ်ခွဲခန်းသုံး ပစ္စည်းတော်တော်များများကို လူများ စိတ်ဝင်စားကြသည်။ ဥပမာ စာဖွဲ့သာ တွေ့ဖူးကြသော လိုင်းဒီတက်တာ ခေါ် လိမ်ပြော ပြောခြင်းကို အမိဖမ်းစက်၊ လျှပ်တစ်ပြက်အတွင်း လူတစ်ဦး မြင်သိနိုင်သော အရာဝတ္ထု အရေအတွက်ကို စမ်းသပ်သည့် ကိရိယာ၊ လူ၏လက် တည်ငြိမ်မှု ရှိ မရှိ တိုင်းသည့် ကိရိယာ၊ မှတ်ဉာဏ်တိုင်းတာရေး ကိရိယာ၊ ဉာဏ်ရည်တိုင်း ကိရိယာ၊ အထုံစမ်းသပ်ကိရိယာ၊ မြင်ခြင်း ကြားခြင်း စသည်တို့နှင့် ပတ်သက်သော ကိရိယာ။ ယင်းကိရိယာများကို စိတ်ဝင်စားကြသည်။ နှစ်စဉ် ကျင်းပသော သိပ္ပံပညာ ပြပွဲကြီးတွင် စိတ်ပညာပြခန်းသည် လူအစည်ဆုံးပြခန်းတစ်ခု ဖြစ်၏။ သာမန်အချိန်များတွင်လည်း စိတ်ပညာ မယူသော ကျောင်းသား ကျောင်းသူများသည် စိတ်ပညာ ဓာတ်ခွဲခန်းသို့ လာလည်ကာ အခွင့်ရလျှင် ကိရိယာများကို ကြည့်ကြသည်။ ဖြစ်နိုင်လျှင် ကိုင်တွယ်ကြည့်ကြသည်။

ကျွန်တော် လက်တွေ့ စမ်းသပ်လုပ်ကိုင်ရာ၌ တစ်ခါတစ်ရံ တစ်ဦးတည်းနှင့် မဖြစ်။ ဓာတ်ခွဲခန်း အကူများ ရှိသော်လည်း သူတို့မှာ အလုပ်များသောကြောင့် အမြဲအားကိုး၍ မရ။ ကိုယ့်အတွက် အကူကို ကိုယ် ရှာရသည်။

မိုးမိုးနှင့် ခင်မင်ခဲ့ကြပြီးနောက် မိုးမိုးသည် အားလပ်လျှင် ကျွန်တော့်ကို လာကူညီတတ်သည်။ ကျွန်တော့် စမ်းသပ်ရေး လုပ်ငန်း အများမှာလည်း စိတ်ဝင်စားဖွယ် ကောင်းသည်။ ကျွန်တော့်ကို ကူပြီးလျှင် မိုးမိုးသည် ဓာတ်ခွဲခန်းတွင်းရှိ ထူးထူးဆန်းဆန်း ပစ္စည်းများကို ပြနိုင်းလေ့ ရှိ၏။

ပစ္စည်းတော်တော်များများကို မိုးမိုးက မြင်ဖူးပြီ။ မနေ့တုန်းကမူ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာစနစ်ဖြင့် လူ့စိတ်ကို သရုပ်ခွဲသည့် ကလင်းနစ်ခ်ခေါ် ကုခန်းကို ကြည့်ချင်သည် ဆိုခဲ့၏။ ပြသမည်ဟုလည်း ကျွန်တော်က ကတိပြုခဲ့၏။

ယခု မိုးမိုးကို ယင်းကုခန်းသို့ ကျွန်တော် ခေါ်လာသည်။

သာမန်အားဖြင့် ကြည့်လျှင် ကုခန်းအတွင်း၌ ထူးထူးဆန်းဆန်း ဘာမျှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် အိပ်နိုင်သော ခုတင်တစ်လုံး ရှိသည်။ ခေါင်းအုံးနှင့် မွေ့ရာကို အနက်ရောင် သားရေပြောက် တစ်ဆက်တည်း ဖုံးထားသည်။ ခုတင်၏ ခြေထောက်များကို မမြင်နိုင်။ ခုတင် လေးဖက်လေးတန်၌ အဖုံး အကာများ ရှိနေသောကြောင့် ဖြစ်သည်။

ခုတင် ခေါင်းရင်းအနီးတွင် စားပွဲပုလေးတစ်လုံး ရှိ၏။ စားပွဲပုလေး ပေါ်တွင် အလှပြအိမ်လေးတစ်လုံး ရှိ၏။

ခုတင်ဘေးတွင်ကား လူထိုင်ရန် ကုလားထိုင်တစ်လုံး ရှိ၏။

ပစ္စည်းဟူ၍ ထိုမျှသာတည်း။

မိုးမိုးက စိတ်ပျက်သွားဟန်ဖြင့်–

''ဟင်... ဘာမှ ထူးထူးဆန်းဆန်း မရှိဘူး'' ဟု ဆိုသည်။

''အင်းလေ... ဘာမှလည်း ထူးထူးဆန်းဆန်း မလိုဘူး၊ လူနာက ဟောဒီခုတင်ပေါ်မှာ ပက်လက် အိပ်တယ်၊ ပြီးတော့ စိတ်ထဲရှိတာ မှန်သမျှ ဘာမျှ မခြွင်းချန်ဘဲ လွတ်လွတ်လပ်လပ် ပြောရတယ်၊ မပြောအပ်တာရယ်လို့ လည်း မရှိဘူး။ ပြောချင်တာ ပြော၊ ဘာမှ ပြောစရာ မရှိရင် အိပ်မက်တာတွေ ပြော၊ ဟိုး ငယ်ငယ်တုန်းက အကြောင်းတွေ ပြော၊ စိတ်ပညာဆရာက ဟောဒီ ကုလားထိုင်ပေါ် ထိုင်ပြီး နားထောင်တယ်၊ ကမ္ဘာပေါ်မှာ စိတ်အရှည်ဆုံး နားထောင်သူတစ်ဦးအဖြစ်နဲ့ နားထောင်တယ်၊ လိုအပ်တဲ့ နေရာမှာ တစ်လုံး နှစ်လုံး ဝင်ထောက်တာက လွဲပြီး ဘာမှ ဝင်မပြောဘူး''

''ဒါပဲ''

''အင်း... ဒါပဲ''

''အဲဒါနဲ့ စိတ်ရောဂါက ဘယ်လို ပျောက်သလဲ''

''ခွဲခြမ်းစိတ်ဖြာ စိတ်ပညာကို ကိုယ် မသင်ရသေးဘူး။ နောင်နှစ်မှ ဆရာဦးသောင်းထိုက် အမေရိကားက ပြန်လာရင် အထူးဘာသာခွဲအဖြစ် သင်ရမယ်လို့ ပါမောက္ခက ပြောတယ်၊ ယေဘုယျတော့ ကိုယ် နည်းနည်းပါးပါး ပြောတတ်တယ်''

''ယူ သိသလောက် ပြောလေ''

''ခုနက ကိုယ် ဆိုခဲ့တဲ့ လူနာက စကား လွတ်လွတ်လပ်လပ် ပြောတာကို ဖရီးအက်ဆိုဆီယေးရှင်း လွတ်လပ်စွာ ဆက်စပ်ခြင်းလို့ ခေါ်တယ်။ ပြောရင်းကနေ မသိစိတ်က ဖုံးလွှမ်းထားတဲ့ ပြဿနာကို ဖော်မိတတ်တယ်။



အဲဒီပြဿနာရဲ့ အရင်းအမြစ်ကို စိတ်ပညာဆရာရဲ့ အကူအညီနဲ့ လူနာဟာ သဘောပေါက်သွားရင် ရောဂါဟာ ပျောက်သွားတယ်၊ ခုထိတော့ ကိုယ် ဒီလောက်ပဲ သိသေးတယ်''

မိုးမိုးသည် ငြိမ်နားထောင်နေရာမှ ခစ်ခနဲ ရယ်လိုက်၏။

''ပြောချင်တာတွေ ပြောလို့ ရတယ်၊ ဟုတ်လား''

''အင်း...''

မိုးမိုးသည် ဘာမပြော ညာမပြောနှင့် ခုတင်ပေါ် တက်ကာ ပက်လက် ကလေး အိပ်လိုက်၏။

''မိုး... ဒါ ဘာလုပ်တာလဲ''

''အဟဲ... မိုးက ရောဂါသည်မလေးလေ၊ ယူက စိတ်ပညာဆရာ''

ကျွန်တော်လည်း သဘောကျသွား၏။

''ဒါဖြင့် ခဏနေဦး''

ကျွန်တော်က နံရံတွင် ရှိသော ပန်ကာခလုတ်ကို ဖွင့်သည်။

''ဘာလုပ်တာလဲ၊ အိုက်မှ မအိုက်ဘဲ''

''ဒါဖြင့်လည်း ကိုယ် ပိတ်လိုက်ပါ့မယ်''

ကျွန်တော်က ပန်ကာခလုတ်ကို ပြန်ပိတ်လိုက်ပြီး ခုတင်ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်၏။

''ကဲ... မိုး ပြောတော့မယ်နော်''

''ပြော... ပြော...''

''ယူက စိတ်ပညာဆရာကြီး ဟုတ်လား... ဒါပေမဲ့ ယူ့ကို မိုး သိပ်ရယ်ချင်တာပဲ၊ ယူက ဒေါသကြီးတတ်တယ်၊ ယူ ဒေါသကြီးရင် ယူ့ကို မိုး သိပ်မုန်းတယ်၊ အခုတော့ ယူက ဒေါသတော့ မကြီးပါဘူး။ ဒါပေမဲ့ ယူက တစ်ခါတလေ ရှုတည်တည်နဲ့ အပေါ်စီးက နေချင်တယ်၊ ဒါပေမဲ့လည်း ယူ့ကို မိုးက မကြောက်လေးမှ မကြောက်။ ယူ သတ္တိမရှိပါဘူး။ ယူက သနားစရာ ကောင်းတယ်၊ ယူ တစ်ခုခုကို ဖုံးကွယ်ထားတယ်၊ ဖုံးကွယ်တယ်ဆိုတာ ကြောက်တာပေါ့ ဟုတ်ဘူးလား... ယူက မိန်းမလေးတွေကို ကြောက်တယ်တဲ့၊ မိန်းမလေး တစ်ယောက်ယောက်က ယူ့ကို ဘာလုပ်သွားသလဲ၊ အသည်းမှာ ဒဏ်ရာ ရှိသလား၊ စိတ်နာတာကို စိတ်ပညာက ဘာရောဂါလို့ ခေါ်သလဲ၊ ယူ ကျွဲမြီးတိုနေပြီ မဟုတ်လား၊ မတိုပါနဲ့ ဆရာကြီးရယ်... မိုးက စ,တာပါ''

www.burmeseclassic.com

www.burmeseclassic.com



အစဉ်တော့ ကျွန်တော်သည် ပေါ့ပေါ့ပါးပါး နားထောင်နေခြင်း ဖြစ်၏။ သို့ရာတွင် တဖြည်းဖြည်းနှင့် မိုးမိုး၏ စကားများက ကျွန်တော့်ကို တုန်လှုပ်ချောက်ချားစေသည်။

ကျွန်တော်က မိုးမိုးကို စိုက်ကြည့်မိသည်။

နှံ့သာရောင် အင်္ကျီ၊ ခရမ်းနုခံတွင် ပန်းရောင် အပွင့်လေးများ ရိုက်ထားသော ထဘီနှင့် မိုးမိုးသည် ကြော့ကြော့လေး အိပ်နေသည်။

မိန်းကလေးတစ်ဦး အိပ်နေသည်ကို ကျွန်တော် အနီးကပ် တစ်ခါမျှ မမြင်ဖူး။ ယခု မြင်ရတော့ အင်း… အချို့အလှတွေသည် ပိုလှနေပါတကား။ ရင်ဖိုဖွယ်လည်း ကောင်းစွတကား။

မိုးမိုးကတော့ မျက်လုံးလေးများကို ပိတ်၍ ပြောနေခြင်း ဖြစ်၏။ မျက်လုံး ပိတ်ထားသောကြောင့် မျက်တောင် ကော့ရှည်ကြီးများက ပိုထင်ရှားနေသည်။ အသား ဝင်းဝင်းကလေးတွင် နှုတ်ခမ်းနီနီလေးများ လှုပ်ရှားနေပုံက ချစ်စဖွယ်… အင်း… ချစ်စဖွယ်…။

မိုးမိုး စကားပြော ရပ်သွား၏။ မျက်တောင်ကော့များလည်း ပွင့်ပျံလာ၏။ သွားဖြူဖြူ ညီညီလေးများ ပေါ်အောင် သဘောကျစွာ ရယ်ပြုံးပြီး ကျွန်တော့်ကို ကြည့်နေ၏။

မိုးမိုးက အိပ်နေရာမှ ထပြီး ခုတင်တွင် ခြေတွဲလောင်းလေး ချထိုင်၏။

"မိုး ဘာတွေ လျှောက်ပြောတာလဲ"

"အို… ဘယ်သိမလဲ၊ ယူကပဲ ပြောချင်တာ လျှောက်ပြောဆို၊ ပါးစပ်ထဲ တွေ့တာ မိုးက လျှောက်ပြောတာ"

ကျွန်တော့်အတတ်နှင့် ကျွန်တော် ပြန်ရှုးပြီ။

ကျွန်တော်က နေရာမှ ထပြီး ပန်ကာ ဖွင့်ပြန်သည်။

"လုပ်ပြန်ပြီ… ဒီပန်ကာကို"

ကျွန်တော်က ပန်ကာကို ပြန်ပိတ်သည်။

"မိုး ကုလားထိုင်ပေါ်မှာ ထိုင်၊ ကိုယ် ပြစရာ ရှိတယ်"

မိုးမိုးက ကုလားထိုင်ပေါ် ထိုင်သောအခါ ကျွန်တော်က ခုတင်ဘေးမှ အံဖုံးကို ဖွင့်ပြီး ဟိုနှိုက် သည်နှိုက် ဟိုဖြုတ် သည်ဖြုတ် လုပ်သည်။ ထိုနောက် အတွင်းမှ တစ်စုံတစ်ခုကို ဆွဲထုတ်ယူလိုက်သည်။

မိုးမိုးက– "ဟယ်… ရက်ကော့ဒါကြီး…" ဟု အော်သည်။



ကျွန်တော်က ရက်ကော့ဒါကို အခန်းတစ်ထောင့်ရှိ စားပွဲပေါ် တင်လိုက်၏။ ဓာတ်ကြိုးကို နံရံရှိ ပလပ်ပေါက်တစ်ခု၌ ထိုးပြီး ခလုတ်နှိပ်၍ ရီဝိုင်းဒ်လုပ်၏။ ပြီးသော် ဖွင့်ပြ၏။

ကြည်လွင်သော မိုးမိုး၏ အသံကလေး ပေါ်ထွက်လာသည်။

"ယူက စိတ်ပညာဆရာကြီး ဟုတ်လား… ဒါပေမဲ့ ယူ့ကို မိုး သိပ်ရယ်ချင်တာပဲ၊ ယူက ဒေါသကြီးတတ်တယ်၊ ယူ ဒေါသကြီးရင်…"

မိုးမိုးသည် အံ့ဩဟန်ဖြင့် မျက်လုံးလေး ပြူးပြ၏။

"ဒီတစ်ခါတော့ ယူ့မျက်လှည့် သိပ်ကောင်းတာပဲ၊ ယူ ဘယ်လို ဖမ်းယူလဲ"

"ခုနက ကိုယ် ပန်ကာ ထဖွင့်တယ် မဟုတ်လား၊ အဲဒါက ဟန်ပါ။ ဝှက်ထားတဲ့ ရက်ကော့ဒါအတွက် ခလုတ်ကို ဖွင့်တာ"

"မိုက်ကရော…"

ကျွန်တော်က ခုတင် ခေါင်းရင်းအနီးရှိ စားပွဲလေးပေါ်မှ အလှပြ အိမ်လေး၏ အမိုးကို ဖြုတ်ပြသည်။ အိမ်လေးအတွင်း၌ အသံဖမ်းမိုက်ခွက် ရှိ၏။

"ဘာလို့ အဲဒီလို လုပ်ထားတာလဲ"

"အထပ်ထပ် ခွဲခြမ်းစိတ်ဖြာ လေ့လာ နားထောင်ဖို့လည်း လူနာရဲ့ အသံကို ဖမ်းထားရတယ်၊ စိတ်ပညာဆရာ ဘေးကင်းအောင်လည်း ဖမ်းထား ရတယ်"

"ဘယ်လို စိတ်ပညာဆရာ ဘေးကင်းလဲ"

"လူနာက မိန်းမ ဖြစ်နေရင် တော်တော်ကြာ မတော်လို့ စိတ်ပညာ ဆရာက သူ့ကို ရည်းစားစကား ပြောပါတယ်၊ သွေးဆောင်ပါတယ် စသည်ဖြင့် စွပ်စွဲရင် အကာအကွယ် ရအောင် လုပ်ထားရတာ၊ အမှန်က ဒီလောက်နဲ့ မလုံလောက်သေးဘူး။ မိန်းမတစ်ဦးကို ဒီနည်းနဲ့ ကုသနေရင် အထဲကို မြင်နိုင်တဲ့ မှန် ခြားထားတဲ့ အပြင်ဘက်မှာ သက်သေတစ်ဦး ရှိနေရသေးတယ်။ အသံဖမ်းတာကို ဝှက်ထားတာကတော့ လူနာဟာ လွတ်လွတ်လပ်လပ် ပြောစေချင်လို့ပဲ၊ အသံဖမ်းမှန်း သိရင် ချုပ်တည်းထားတတ်တယ်"

ကျွန်တော်က ရက်ကော့ဒါ တိပ်ခွေမှ မိုးမိုး၏ အသံများကို ဖျက်ပစ်သည်။

"ဘာလို့ ဖျက်ပစ်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ.. ပါမောက္ခ သိရင် ကိုယ့်ကို ဆူလိမ့်မယ်။ အမှန်က ဒီအခန်းထဲ ဝင်တာ ဆရာက သိပ်မကြိုက်ဘူး"

ကျွန်တော်သည် ရက်ကော့ဒါကို နေရာတကျ ပြန်သွင်း၏။

"ကဲ.. လာ သွားကြစို့"

မိုးမိုးနှင့် ကျွန်တော်တို့သည် သမဂ္ဂအဆောက်အအုံရှိ စားသောက်ဆိုင်ဆီ လျှောက်သွားကြသည်။ ခရီးက အတန်လေး လှမ်းသော်လည်း စကားတပြောပြောနှင့်မို့ သိပ်လျှောက်လိုက်ရမှန်း မသိ။

ဂုဏ်ထူးတန်း ရောက်မှ နေ့လယ်စာကို အဆောင်ပြန်၍ မှန်မှန်မစားနိုင်၊ ကျွန်တော့်အချိန်ကို ကျွန်တော် အစိုးမရ၊ ကိစ္စမရှိပါ။ ကျွန်တော့်အတွက် မုန့်နှင့် လက်ဖက်ရည်ကို သူ့အတွက်ပါနှင့် ပေါင်း၍ တင်မောင်နောင်ကြိတ်လိမ့်မည်။

မိုးမိုးနှင့် ကျွန်တော်က လက်ဖက်ရည်နှင့် မုန့်များ မှာယူစားသောက်ရင်း စကားပြောကြသည်။

"နက်ဖြန် စနေနေ့၊ မိုးမှာ ဘာအစီအစဉ် ရှိသေးလဲ"

မိုးမိုးက ပြုံးသည်။

"ယူက မိုးကို ပစ်ချာ ပြဦးမလို့လား"

"မိုး သဘောလေ.. မိုး ကြည့်ချင် ကိုယ် ပြမယ်"

"မိုး တစ်ခု မေးမယ်၊ ယူတို့ ယောကျ်ားလေးတွေက ကိုယ့်ဘာသာကိုယ် ပစ်ချာကြည့်ရင် ရိုးရိုးအတန်းကပဲ ကြည့်တယ်ဆိုတာ ဟုတ်လား"

"ဟုတ်တယ်လေ.. တင်မောင်နောင် ဆိုရင် ဘိုင်ကျတဲ့အခါ ငါးမူးတန်းကတောင် သွားကြည့်တာ"

"မိန်းကလေး ပါရင် ဘာလို့ ဒီစီက ပြကြသလဲ"

"ဒါတော့.. မိန်းကလေးတွေကလည်း ကြေးကိုင်တယ်၊ ယောကျ်ားလေးတွေကလည်း အထင်ကြီးခံချင်ကြတယ်"

"ဒီစီက ရုပ်ရှင် ကြည့်တာဟာ အထင်ကြီးစရာလား"

"ဒါတော့ ကိုယ် မသိဘူး"

"မြန်မာပြည်က လူတွေဟာ တချို့နေရာတွေမှာ ဟိုဒင်း.. စနော့ဘစ်ရှ် အဲ.. ဘယ်လို ပြောရသလဲ"

"ဂုဏ် မဟုတ်တာမှာ ဂုဏ်ယူတာ"



"ဟုတ်တယ်၊ ဂုဏ် မဟုတ်တာမှာ ဂုဏ်ယူချင်ကြတယ်၊ ရုပ်ရှင်ကို အပေါ်ထပ်က ကြည့်တာဟာ ဂုဏ်ယူစရာလား။ နိုင်ငံခြားမှာတော့ ဘယ်နေရာက ကြည့်ကြည့် တစ်ဈေးတည်းပဲ၊ ဆေးလိပ် သောက်ရင်း ကြည့်ချင်တဲ့ လူတွေသာ အပေါ်ထပ်က ကြည့်ကြတယ်"

"မိုး.. ဘယ်တိုင်းပြည်တွေမှာ နေခဲ့ဖူးလဲ"

"အမေရိကား.. ဖရန့်စ်.. အင်္ဂလန်.. ဂျပန်.. မိုး ငယ်ငယ်လေးကတည်းက လျှောက်ရောက်တာ"

"အဲဒီ တိုင်းပြည်တွေမှာ မိုး ပျော်သလား"

"အိုး.. ပျော်.. သိပ်ပျော်.. ဒီမှာသာ ပျင်းတာ"

"အို.. ကိုယ့်တိုင်းပြည်မှာ ကိုယ် ပျင်းတယ်"

"ပျင်းတယ်.. ဒီမှာက ဘာမှ မလုပ်ရဘူး။ မိန်းကလေးတွေက ဘာမှ မလွတ်လပ်ဘူး။ ကိုယ် ခင်တဲ့ ယောကျ်ားလေးနဲ့ ကိုယ် တွဲတာတောင် မေးငေါ့ချင်သလိုလို ဘာလိုလို.."

"မိုး အခု မေးအငေါ့ခံနေရပြီလား"

"မသိဘူး၊ ဂရုလည်း မစိုက်ပါဘူး၊ ဒါထက်.. ယူ့မှာ ကားရှိသလား"

"တောင်ကြီးမှာတော့ ရှိတယ်"

"အိုး.. ဒါတော့ မိုး သိပြီးသားပဲ၊ မိုး ပြောတာက ယူ ဒီမှာ ကားငှားလို့ ရသလား၊ တိုင်စီစတင်းကဟာ ပြောတာ မဟုတ်ဘူး"

"ငှားစရာ ရှိပါတယ်၊ ရှိလို့ပဲ ဟိုစနေနေ့က မိုးတို့ ရုပ်ရှင်ကြည့်ဖို့ လာခေါ်တော့ ကိုယ် ယူလာခဲ့သားပဲဟာ"

"အဲဒီလို ခဏ မဟုတ်ဘူး၊ တစ်နေ့လုံး ဒါမှမဟုတ် နှစ်ရက် ကြိုက်သလို သုံးနိုင်တာ"

"ရပါတယ်.. ဘာလုပ်မလို့လဲ"

မိုးမိုးက သဘောကျဟန် အားရပါးရ ပြုံးသည်။

"မိုး.. ဒီညနေ့ဟောလ်က ခွင့်ယူပြီး အန်ကယ်လ်တို့ အိမ် ပြန်အိပ်မလို့၊ ဆက်တာဒေးကျ ယူ ကားယူလာမလား"

"ယူခဲ့စေချင်ရင် ယူခဲ့မယ်၊ ဘာလုပ်မလို့လဲ"

"မိုး ကားလျှောက်မောင်းချင်လို့၊ မိုးက ကားမောင်းရတာ သိပ်ပျော်တယ်၊ မိုး ရန်ကုန်မြို့ထဲ မမောင်းဖူးသေးဘူး၊ မောင်းကြည့်ချင်တယ်။ မိုးမှာ

www.burmeseclassic.com

www.burmeseclassic.com



လိုင်စင် ရှိပါတယ်။ အန်ကယ့်လ်အိမ်မှာလည်း ကား ရှိပေမဲ့ မိုးကို ပေးမမောင်းဘူး။ ဒက်ဒီကတော့ ပေးမောင်းတယ်။ ယူ တောင်ကြီးတုန်းက တွေ့သားပဲ"

ကျွန်တော်က အဖြေမပေးဘဲ ခေတ္တငြိမ်နေမိ၏။

"ဘာလဲ... ယူကလည်း မိုး ကားမောင်းမှာ မကြိုက်ဘူးလား"

"မဟုတ်ဘူးလေ... တစ်ခု ရှိတယ်၊ ရန်ကုန်မြို့ထဲ ကားမောင်းတာဟာ ထင်သလောက် မလွယ်ဘူး"

"အင်းလေ... အဲဒါကြောင့် မောင်းကြည့်ချင်တာပေါ့"

"ကောင်းပြီလေ... ဒါပေမဲ့ မိုး တစ်ခုတော့ ကတိပြုရမယ်"

"ဘာကတိလဲ"

"မိုး တစ်ခုခု ဖြစ်ရင် ကိုယ့်တာဝန် ဖြစ်မယ်၊ ဒီတော့ ကိုယ့်စကား မိုး နားထောင်ရမယ်၊ မိုး ကားမောင်းတုန်း မိုးဘေးမှာ ကိုယ် ထိုင်နေရင် ကိုယ့်ကိုယ် ကိုယ်လို့ သဘောမထားရဘူး"

"အို... ဘယ်လို သဘောထားရမှာလဲ"

"ရဲအရာရှိတစ်ယောက်လို သဘောထားရမယ်"

မိုးမိုးက ခစ်ခနဲ ရယ်၏။

"ယူက ဘေးကနေ အော်ဒါတွေ ဘာတွေ ပေးမယ် ဆိုပါတော့"

"အစစ်ပဲ... နားမထောင်ရင် ထရိန်နင် ရပ်ပစ်မယ်"

"နားထောင်ရင် ယူ ခဏခဏ ရဲအရာရှိ လုပ်ပေးမလား"

"စိတ်ချ၊ လုပ်ပေးမယ်"

"အိုကေ... ကဲ သွားကြမယ်။ မိုး ညနေပိုင်း ကလပ်စ်တစ်ခု ရှိသေးတယ်"

ငွေပေးရှင်းပြီးနောက် မိုးမိုးနှင့် ကျွန်တော်တို့သည် ကျောင်းကြီးဘက်သို့ ပြန်လျှောက်လာကြ၏။

ဆင်ဝင်ကြီးအောက်၌ မခွဲကြမီ မိုးမိုးက မှာသည်။

"ယူ... နက်ဖြန် မမေ့နဲ့နော်"

"စိတ်ချပါ... ဘယ်အချိန် လာခဲ့ရမလဲ"

"တင်းနီလောက် လာခဲ့"

"ကောင်းပြီလေ..."

ကျွန်တော်က စိတ်ပညာဌာနဆီသို့ ပြန်လျှောက်ခဲ့သည်။

ကြွက်ဖြူလေးတွေနှင့် ဆက်လုပ်စရာ ရှိသေးသည်။



ကျွန်တော်က ပြုံးမိသည်။

စနေနေ့တွင်လည်း ကြွက်ဖြူလေး တစ်ကောင်နှင့် လုပ်စရာ ရှိသေးသည်။

ကြွက်ဖြူလေး တစ်ကောင်... မိုးမိုး ဆိုသည့် ကြွက်ဖြူမလေး တစ်ကောင်နှင့်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂၀

စနေနေ့တွင် ဘုန်းကြီးလမ်းရှိ ကိုထွက်ထွန်းတိုက်မှ ဗီးယက်ကားကို ကျွန်တော်
သွားယူသည်။

ကိုထွက်ထွန်းမှာ တောင်ကြီး ဇာတိသား ဖြစ်၍ ပအိုဝ်-ဗမာ ကပြား
ဖြစ်သည်။ ရန်ကုန်ရှိ ကျွန်တော်တို့၏ ကိုယ်စားလှယ် စီးပွားဖက်များ
ဖြစ်၏။

ရှမ်းဆေးပေါ့လိပ်များမှာ ထင်ရှား၍ လူကြိုက်များနေသည်။ သနပ်ဖက်
ထွက်ရာ ဒေသ ဖြစ်သောကြောင့် တောင်ကြီးရှိ ဆေးလိပ်ခုံများသည်
လက်ရွေးစင် စိတ်ကြိုက် ဖက်ကိုသာ သုံးကြသည်။ အထူးသဖြင့် ကျွန်တော့်
ဒေါ်လေးသည် ချေးအထူဆုံး ဖြစ်သည်။ ဒေါ်လေး ခုံမှ ထွက်သော ဆေးပေါ့
လိပ်လေးများသည် စီးကရက်ပမာ ညီညာချောမွတ်သည်။ တောင်ကြီးမှာ
ဆိုလျှင် ဒေါ်လေး၏ ဆေးလိပ်လေးများတွင် စက္ကူပတ်တံဆိပ် မပါ။ သို့ရာတွင်
အသွေးအရောင် ညီညာသန့်စင်မှု၊ လိပ်ထားပုံ သေသပ်လှပမှု၊ အရသာ
တည်မြဲမှန်ကန်မှု စသော ပင်ကိုအရည်အသွေးနှင့် အရည်အချင်းတို့က မလွဲမှား
နိုင်သော ဒေါ်လေးရှင်၏ အမှတ်တံဆိပ်ပင် ဖြစ်သည်။ နိုင်ငံခြားရှိ မြန်မာ



သံရုံးများအတွက်ပင် အထူးတင်ပို့ရသော ဆေးပေါ့လိပ်အဖြစ် ဒေါ်လေးက
ဂုဏ်ယူလေ့ရှိသည်။

ရန်ကုန်နှင့် မန္တလေးတွင် ဖြန့်ချိရန်အတွက်ကား ရွှေပတ်တံဆိပ်
တပ်ပေးထားသည်။ အမည်ကတော့ ရိုးရိုးပင် ဒေါ်လေးရှင် ရသာတည်း။

ကိုထွက်ထွန်းမှာ ရန်ကုန် မြစ်ဝကျွန်းပေါ်နှင့် သံရုံးများအတွက်
ကျွန်တော်တို့၏ ဖြန့်ချိရေး ကိုယ်စားလှယ် ဖြစ်သည်။ အောင်မြင်သော ဆေးလိပ်
လုပ်ငန်းရှင်တို့ ဓမ္မတာအတိုင်း ချမ်းသာသည်။ ကား နှစ်စီး ရှိသည်။ ထို့ကြောင့်
သူ့ထံမှ ကားတစ်စီးကို အချိန်မရွေး ကျွန်တော် ဆွဲယူသုံးနိုင်သည်။

ယနေ့ သူ့ထံမှ ကားယူသောအခါတွင်မူ ကိုထွက်ထွန်း စပ်စု၏။

"အငယ်. . . ဒီတလော ကား တယ်သုံးပါကလား"

"ခုပါမှ သုံးခါ ရှိပါသေးဗျာ"

"ခါတိုင်းနှစ်နဲ့ မတူဘူးလေ။ ဘာလဲ. . . ထမင်းစား ချိမယ့် မျက်နှာ
တွေ့နေပြီလား"

"မဟုတ်ရသေးပါဘူးဗျာ. . . ဘာလဲ ခင်ဗျားနဲ့ မမမြင့်တုန်းက
ဒီလိုပဲ ထမင်းစား ချိသလား"

"ဟဲ. . . ဟဲ. . . ချိသကိုး။ ထမင်းစားလို့လည်း ချိ၊ ရေသောက်လို့
လည်း ချိ။ အံမယ်. . . တံတွေး မျိုရတာတောင် ချိတယ်နော"

ကိုထွက်ထွန်း၏ စကားကို သဘောကျ၍ ရယ်မောပြီး ကျွန်တော်
ကားယူလျက် ထွက်ခဲ့၏။

မိုးမိုး၏ ဦးလေးမှာ ညွှန်ကြားရေးဝန်တစ်ဦး ဖြစ်ပြီး ကမ္ဘာအေးစေတီ
လမ်းတွင် ကိုယ်ပိုင်ခြံနှင့် ဝင်းနှင့် နေ၏။ တက္ကသိုလ် မရောက်သေးသော
သမီး နှစ်ဦးနှင့် သားတစ်ဦး ရှိသည်။ သူတို့ အိမ်သို့ ကျွန်တော် တစ်ခေါက်
သာ ရောက်ဖူးသေးသည်။ အင်းလျားဆောင်သို့ လာလည်ကြစဉ် မကြာခဏ
တွေ့ဖူး၍ လူချင်းတွေ့နှင့်မူ သိကျွမ်းခင်မင်ပြီးပြီ။

တက္ကသိုလ်အဆောင်၌ နေသော မိန်းကလေးတစ်ဦးသည် မိဘ၏
စာဖြင့် လက်မှတ်ထိုး ခွင့်ပြုထားသော မြို့တွင်းရှိ အိမ်၌ စနေ၊ တနင်္ဂနွေနေ့
များတွင် ညဥ့်အိပ် သွားနေခွင့် ရှိ၏။

၁၀ နာရီကျော်စတွင် အိမ်သို့ ကျွန်တော် ရောက်သွား၏။

မိုးမိုးက ဗီးလီမ်းပြင်ဆင်ပြီး အဆင်သင့် စောင့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကားမောင်းချင်လှပြီတူသော မိုးမိုးက ဗာဟီရ မချဲ့တော့ဘဲ ကားပေါ်တက်၏။

မိုးမိုး၏ အဒေါ်နှင့် ညီအစ်မနှစ်ဦးက ဘာမျှ မပြောဘဲ ရပ်ကြည့်နေကြသည်။

"အန်တီ... မိုးမိုးတို့ ဗိုလ်ချုပ်ဈေးနဲ့ ဟိုနား ဒီနားတွင်ပဲ"

"အေး အေး... ဘယ်တော့ ပြန်ရောက်မလဲ"

"ရုပ်ရှင်ကြည့်ဖြစ်ရင်တော့ ညနေကျမှပေါ့။ မကြည့်ဖြစ်ရင် စောမယ်"

မိုးမိုးက မှင်သေသေဖြင့် ဖြေ၏။ မိုးမိုး၏ အဒေါ်မှာ ရိုးအ,ပုံ ပေါ်၍ သဘောလည်း အေးချမ်းဟန် တူသည်။

ကျွန်တော်က ကားမောင်း ထွက်လာခဲ့ပြီး အတန်လှမ်းလှမ်း ရောက်မှ မေးသည်။

"အဖော် မပါဘဲ အခုလို မိုးတစ်ယောက်တည်း ကိုယ်နဲ့ လိုက်လာတာ ဘာမှ မပြောကြဘူးလား"

"ဘာပြောကြရမှာလဲ"

"ဟိုဒင်းလေ... အဲ... ကြိုက်မှ ကြိုက်ကြပါ့မလား"

"မိုးက ကလေးလည်း မဟုတ်ဘူး။ ယူက ကြမ်းပိုးလည်း မဟုတ်ဘူး။ မဟုတ်တာ ထွက်လုပ်တာလည်း မဟုတ်ဘူး။ မဟုတ်တာ ထွက်လုပ်ချင်ရင် သူတို့ သိဖို့ လိုသေးလား။ မိုးတို့ဘာသာ ကျောင်းက ထွက်သွားလုပ်တော့ ဘယ်သူတွေ ဘာလာသိမှာလဲ"

ကျွန်တော်က အသံထွက်အောင် ရယ်မိသည်။

"ယူ ဘာရယ်တာလဲ"

"မဟုတ်တာ မလုပ်ဘူးသာ ဆိုတယ်၊ ဗိုလ်ချုပ်ဈေးလိုလို ဘာလိုလို ပြောခဲ့ပြီး... တကယ်က ကားလျှောက်မောင်းမှာ"

မိုးမိုးက ဟက်ခနဲ တစ်ချက် ရယ်၏။

"ဒါကတော့ မုသားမပါ လက်မချောတဲ့၊ ကားလျှောက်မောင်းတာဟာ မဟုတ်တာ လုပ်တာလား၊ ကဲ... မရှည်နဲ့၊ ယူ ဖယ်ပေးတော့"

ကျွန်တော်က ကားကို လမ်းဘေး၌ ရပ်ပေး၏။ ထိုနောက် နေရာပြောင်းထိုင်ကြသည်။

"မိုး ကတိ မိုး မှတ်မိတယ်နော်"

"မှတ်မိပါတယ်၊ တကတဲ ကြေးကိုင်လိုက်တာ လွန်ရော"



"ကဲ... ဒါဖြင့် မြို့ထဲဘက် မမောင်းနဲ့ဦး၊ တက္ကသိုလ်ရိပ်သာလမ်းကျ ညာချိုး၊ ပြီးတော့ ဒင်း လျားလမ်း ရောက်ရင် ဝင်ဒါမီယာဘက် ဆက်မောင်း... နားလည်ပြီလား"

"ဘာလို့ မြို့ထဲ တစ်ခါတည်း မမောင်းရမှာလဲ"

"မိုး ကားမမောင်းတာ ကြာနေပြီ၊ ပြီးတော့ ကားကလည်း ကိုင်နေကျ မဟုတ်ဘူး၊ အစစ ကျက်သားကျမှ မြို့ထဲ မောင်းရမယ်"

"အစ်... သ... . အင်နံ... အော်ဒါ"

"ဟုတ်တယ်... ဒါ ကိုယ့်အမိန့်"

"အိုကေ... စွာအော့ဖစ်ဆာ"

မိုးမိုးသည် ကားကို စမောင်း၏။

ဖြေးဖြေးစွာ ကမ္ဘာ့အေးစေတီလမ်းအတိုင်း မောင်း၏။ ထိုနောက် ကျွန်တော် ညွှန်ကြားသည့်အတိုင်း တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ချိုး၍ အနောက်ဘက် ဆက်မောင်းသည်။

"ယူ့အစီအစဉ် မဆိုးဘူး၊ မောင်းစ,မို့ နည်းနည်းကြောင်ချင်တယ်"

"တင်မောင်နောင် ပြောသလို ပြောရမလား"

"ဘယ်လိုလဲ"

"ပညာရှိဆိုတော့ သတိအစဉ်ရှိတယ်"

မိုးမိုးက ရယ်ပြီး ကားကို ဆက်မောင်းနေ၏။

အစတော့ ကျွန်တော်က မိုးမိုး ကားမောင်းပုံကိုသာ ဂရုပြုကြည့်သည်။ ဂီယာ အပြောင်းအလဲ လုပ်ပုံ၊ ကလပ်ရှိလွှတ်ပုံ၊ ဘရိတ်နင်းပုံ၊ ကျော်တက်ပုံ၊ လမ်းပေးပုံ၊ အချက်ပြပုံ၊ ရှေ့နောက် သတိထားပုံ စသည်... စသည်...။

မိုးမိုးသည် ကားမောင်းခြင်းအတတ်ကို စနစ်တကျ သင်ယူထားဟန်တူသည်။ မောင်းနှင်ပုံ ကိုင်တွယ်ပုံတို့၌ အပြစ်က တစ်စုံတစ်ရာ မရှိ။ အချို့နေရာတွင် ကျွန်တော့်ထက်ပင် သာနေသည်။ သို့မဟုတ် စိတ်ရှည်သည်။ အင်း... ယာဉ်ကို မောင်းနှင်ကိုင်တွယ်ရာ၌ မိန်းမသားများသည် ယောကျ်ားများထက် သာသည်ဟု ပါရဂူအချို့ကလည်း ဆိုထားသည် မဟုတ်လော။

ကားမောင်းပုံကို ကြည့်လာရာမှ ကားမောင်းသူ၏ သဏ္ဌာန်ကို တဖြည်းဖြည်းနှင့် ကျွန်တော် အာရုံစူးစိုက်မိလာသည်။

နုသည်... ပျိုသည်... လန်းဆန်း သန့်စင်သည်။ ဖြူဝင်းသော လက်များပေါ်ရှိ မွေးညှင်းကလေးများသည် လေသိမ်းရာ ယိမ်းယိုင်နေသော

www.burmeseclassic.com

www.burmeseclassic.com



ကောက်ပင်များသဖွယ် တင့်တယ်သည်။ လည်တိုင်သွယ်သွယ်နှင့် ပါးပြင်နုနု တို့ထက် အကြောစိမ်းလေးများ ရှိမ်းရှိမ်းမြမြ ပေါ်လွင်နေပြန်တော့ အသား သည် လဲ့လဲ့ကြည်သော ပယင်းပမာ ထင်ရသည်။

ရုပ်ကလေး လှသကဲ့သို့ နှလုံးသားလေးကကော လှပါမည်လော။ ယခုအချိန်အထိတော့ မိုးမိုး၏ နှလုံးသားသည် လှပနေသည်။ ဘယ်အချိန်ကျ မှ ရက်စက်လေမည်နည်း။ ကြင်နာမှုကို အလိုချင်ဆုံး အချိန်ကျမှ ရက်စက် လေမည်။ လှခြင်းဟူသည် ရက်စက်မှု၏ အကောင်းဆုံး ပိုက်ကွန်ပမာ မဟုတ် ပါလော။ အင်းလေ. . . ပိုက်ကွန်ကို ကိုယ်က တိုးခဲ့လျှင် ငမိုက်သားက တိုး ခဲ့လျှင်. . . ။

ကျွန်တော်သည် ကိုယ်ကို မတ်မတ် အနေအထား ပြင်ထိုင်လိုက်၏။ စိတ်၏ မျက်စိတွင်း၌လည်း ကြွက်ဖြူလေးတစ်ကောင်ကို မြင်ကြည့်လိုက်၏။

ကားသည် အင်းလျားလမ်းဆုံသို့ ချဉ်းကပ်လာသည်။

ကျွန်တော်က ရဲအရာရှိတို့၏ လေသံမျိုးနှင့် အမိန့်ပေးသည်။

"ရှေ့ကျရင် ဘယ်ချိုးပါ၊ ဝင်ဒါမီယာကနေပြီး ဦးဝိစာရလမ်းကို ထွက်ပါ၊ အဝိုင်းကြီးကို ပတ်ပြီး ပြည်လမ်းအတိုင်း မြို့ထဲဘက် ပြန်မောင်းပါ၊ တစ်နာရီ မိုင် ၃၀ မှတ်မိသလား"

▣

ကမ္ဘာအေးစေတီလမ်းရှိ အိမ်သို့ ကျွန်တော်တို့ ပြန်လာသောအခါ အချိန်မှာ ညနေ ၃ နာရီခန့် ရှိပြီ။

မိုးမိုး၏ မျက်နှာနုနုတွင် ချွေးလေးတွေ စိုနေ၏။

"ဗိုး. . . ရန်ကုန်မြို့ထဲ မောင်းရတာ ကလောနဲ့ တောင်ကြီး တောင် ဆင်း တောင်တက် မောင်းရတာထက် စိတ်ပိုအိုက်တယ်"

"နောက်တစ်ခါ မောင်းချင်သေးသလား"

"အိုး. . . မောင်းဦးမယ်၊ ယူက မိုးကို အထင်သေးသလား"

"မသေးပါဘူး။ မိုးကို ကိုယ်က ကြွက်ဖြူကလေးလို့တော့ ထင်တယ်"

"ဘာရယ်. . ."



"ဟိုနေ့က ဝက်ပါပြေးတဲ့ ကြွက်ဖြူကလေးလေ"

မိုးမိုးက စဉ်းစားသယောင် ခေတ္တငြိမ်နေ၏။ ထို့နောက် ဘာသဘော ပေါက်သွားသည် မသိ၊ ရယ်၏။

"အစစ်ပဲ. . . မြို့ထဲ ကားမောင်းရတာဟာ ဝက်ပါ လှည့်ရတဲ့အတိုင်းပဲ"

အပြန်တွင် မိုးမိုးက နားပြီး ကျွန်တော်က မောင်းလာခြင်း ဖြစ်၏။

ခြံတွင်းသို့ ကွေ့ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ဆင်ဝင်အောက်တွင် ဆိုက်ထားသော ကားတစ်စီးကို တွေ့ရ၏။

မိုးမိုးက အံ့ဩဟန်ဖြင့် လွှတ်ခနဲ ဆို၏။

"ဟော. . . အဲဒါ. . . အစ်ကိုမျိုး ကား"

ကျွန်တော်တို့ ကားပေါ်မှ ဆင်းမိချိန်တွင် ဦးမျိုးဝင်းက ဆင်ဝင် အောက် ထွက်ပြီး ကြိုသည်။

"အစ်ကိုမျိုး ဘယ့်နှယ် ရောက်လာတာလဲ"

"ရှမ်းဆင်းဆင်းချင်း အဆောင်ကို သွားတယ်လေ၊ အိမ်ပြန်အိပ်တယ် ဆိုလို့ အစ်ကိုမျိုး ဒီ လိုက်လာတာ၊ အစ်ကိုမျိုး တစ်ချက်တီးလောက်ကတည်းက ဒီမှာ ထိုင်စောင့်နေတာ"

ဦးမျိုးဝင်းက သူ့ပင်ကို မူဟန်အတိုင်း တည်ငြိမ်စွာ ပြောသည်။ သို့ရာတွင်. . . တစ်ချက်တီးကတည်းက ဒီမှာ ထိုင်စောင့်နေတာ ဟူသည့် စကား အသွားက အပြစ်တင်သော အနက်အဓိပ္ပာယ် ထွက်နေသည်။ လေသံ၌ မကျေနပ်စိတ် အငွေ့လွှမ်းနေသည်ဟု ကျွန်တော်က ထင်သည်။

ကျွန်တော်တို့ သုံးယောက်စလုံး ဧည့်ခန်း၌ ထိုင်ကြသည်။

မိုးမိုးက မေးသည်။

"အစ်ကိုမျိုးက မိုးကို လာခေါ်တာလား"

"ဟုတ်တယ်. . . ပစ်ချာပြမလို့ ဒါပေမဲ့ မိုးက ကြည့်ခဲ့ပြီးပြီ ထင်တယ်"

ကျွန်တော်က စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိဖွာသည်။ ဘာမျှ ဝင်မပြောလိုသောအခါ စီးကရက် ဖွာနေရသည်မှာ အသက်သာဆုံး ရှောင်လွှဲမှု ဖြစ်၏။

မိုးမိုး၏ ရယ်သံလေး ပေါ်လာ၏။

"အချိန်လည်း ကြည့်ပါဦး၊ ဒါ ပစ်ချာပြီးတဲ့ အချိန်လား"

"ဒါဖြင့် မိုးတို့ ဘယ်က ပြန်လာကြသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အံ့ဩသွားသည်။ ဦးမျိုးဝင်းကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးထံမှ သည်လို မေးခွန်းမျိုး ကျွန်တော် မမျှော်လင့်။ မမေးထိုက်သော မေးခွန်း ဖြစ်၏။ ဦးမျိုးဝင်း၌ သည်မေးခွန်းမျိုး မေးရန် ဘယ်လိုအခွင့် ရှိပါသနည်း။

မိုးမိုးကမူ ရယ်ပြန်ပါ၏။

"ဒီနေ့ မိုး ဘာကံဆိုးသလဲ မသိဘူး၊ ဟော့ . . ယူ စောစောက ယူ့ မိုးကို ရဲအရာရှိ လုပ်တယ်၊ အခု အစ်ကိုမျိုးက စုံထောက်လုပ်နေတယ်၊ ဟား . . ဟား . . မိုး ဖြေမယ်၊ မိုး ဒီနေ့ တစ်မနက်လုံး မိုး လုပ်ချင်တာ လျှောက်လုပ်တာ၊ ကဲ ရှင်းပြီလား . ."

"ဘာပြောတယ် . . လုပ်ချင်တာ လျှောက်လုပ်တယ်၊ မိုးက အစ်ကိုမျိုးကို ဘုပြောတာလား"

"အိုး . . မိုင် ဂေါ့ဒ် မိုးက အမှန်ဆုံး ဖြေတာ၊ အစ်ကိုမျိုးက ကွဲမြီးတို နေပြန်ပါပြီ၊ ကဲ . . ပြောမယ်၊ မိုး မြို့ထဲ ကားလျှောက်မောင်းတာ၊ မိုး ပူဆာတုန်းက အစ်ကိုမျိုးကမှ ခွင့်မပြုဘဲ"

"ဘာ . . မြို့ထဲ ကားလျှောက်မောင်းတယ်၊ အန္တရာယ်ကြီးတယ်လို့ အစ်ကိုမျိုး ပြောထားတယ် မဟုတ်လား"

ကျွန်တော်က လည်ချောင်း ရှင်းလိုက်၏။

"ခြွင်းချက်တော့ ရှိတယ် ဦးမျိုးဝင်း၊ ဘေးမှာ နားလည်တဲ့ လူ တစ်ယောက် ပါသလား၊ အဲဒီလူကလည်း တာဝန်မဲ့လူစားလား၊ အထူးသဖြင့် ဟောဒီ မိုးလို ကောင်မလေးတစ်ယောက် လုပ်ချင်တာ လုပ်မှာကို လက်ပိုက် ကြည့်နေမယ့် လူစားလား၊ အဲဒီခြွင်းချက်တော့ ထည့်ရမယ် ထင်တယ်"

ဦးမျိုးဝင်းထံမှ အဖြေ မလာမီ မိုးမိုး အသံပေါ်လာ၏။

"ဘာ . . ယူက မိုးကို ကောင်မလေးလို့ ခေါ်တယ်၊ ဟုတ်လား"

"ကိုယ့်ထက်စာရင် မိုးက အသက်ရော အတန်းရော ငယ်တယ်။ ဒီတော့ ကောင်မလေးတစ်ယောက်ပဲ"

မိုးမိုးသည် နေရာမှ ဆတ်ခနဲ ထလိုက်၏။ မျက်နှာလေးတွင် ဒေါသ ရောင် လွှမ်းနေ၏။ ကျွန်တော် တွေ့စ,တုန်းကအဖြစ်ကို အမှတ်ရ၏။

"ယူ . . အဲဒါ မိုးကို စော်ကားတာ၊ အဲဒီလို ခေါ်တာ မိုး မကြိုက်ဘူး"

"မိုး မကြိုက်ရင် ကိုယ် မခေါ်ပါဘူး။ အဲ . . မိုးရှေ့မှာပေါ့လေ။ ဒါပေမဲ့ ကိုယ့်စိတ်ထဲမှာတော့ အဟဲ . . မိုးဟာ ကောင်မလေးတစ်ယောက်ပဲ"



မိုးမိုးက ဘာမျှမပြော အံလေးကြိတ်ပြီး ကြည့်နေသည်။ ကျွန်တော့် မျက်လုံးများအတွင်း၌ တစ်စုံတစ်ရာကို ရှာဖွေဟန် စူးစိုက်ကြည့်နေသည်။

ကျွန်တော်က နေရာမှ ထသည်။

"ကဲ . . ပြန်လိုက်ဦးမယ်၊ ဦးမျိုးဝင်း မိုးကို ရုပ်ရှင်ပြချင်ရင် အချိန် တော့ ရှိပါသေးတယ်။ ဪ . . မိုး ကြွက်ဖြူလေးလို ဝက်ပါထဲ လှည့်ချင်ရင် အချိန်မရွေး ကိုယ့်ကို ခေါ်၊ အားမနာနဲ့"

ကျွန်တော်သည် ကားဆီ လျှောက်လာပြီး မောင်းထွက်ခဲ့၏။

သမင်လည်ပြန် ကြည့်မိသောအခါ ဆင်ဝင် လှေကားထစ် အဆင့် ထက်မှ ကျွန်တော့်ကို ခါးလေးထောက်၍ ရပ်ကြည့်နေသော မိုးမိုးကို တွေ့ရသည်။

မြို့တွင်းဘက်သို့ ကားကို ဦးတည်မောင်းလာခဲ့စဉ် ရှမ်းပြည်နယ်လေ့ လေသံဖြင့် ကိုထွက်ထွန်း နံနက်က ပြောခဲ့သော စကားကို သတိရမိသည်။

ထမင်းစား ချိုသည်။

အင်း . . ယနေ့ ညနေ ကျွန်တော် ထမင်းစား၍ ချိုပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂၀

မိုး ကုန်သွား၍ သီတင်းကျွတ်သည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်က တိုသည်။

ကျွန်တော်သည် ကျောင်းပိတ်ရက်အတွင်း တောင်ကြီးသို့ မပြန်ခဲ့။

ကျောင်းပိတ်ရက် တိုသောကြောင့် မပြန်ခြင်း မဟုတ်။ ရှေးယခင်က ဆိုလျှင် အချိန်အားလေး မရနှင့်၊ ရလျှင် ရသမျှ တောင်ကြီးသို့ ပြန်ပြေးသည်။ ကျွန်တော်မှ မဟုတ်။ တောင်ကြီးမှ ကျောင်းသား ကျောင်းသူ မှန်သမျှ သည်အတိုင်း . . ။ ရန်ကုန်မြို့ကြီး ဘယ်လောက်ကြီး၍ ဘယ်လောက် စည်ပါစေ၊ ကျွန်တော်တို့က တောင်ကြီးကို မမီဟု ထင်သည်။ တောင်ကြီးမှ တောင်ကြီး။ မိုးအခါဆို မိုးသားဖြူတွေ လူကို ဝင်တိုးသည့် တောင်ကြီး၊ နွေအခါမှာပင် နှင်းလေးတွေ ဝေဝေနှင့် ပြာပြာလွင်သော တောင်ကြီး . . ။

သည်သီတင်းကျွတ် ကျောင်းပိတ်ရက်မှာတော့ တောင်ကြီးသို့ ကျွန်တော် မပြန်။ ပြန်ရန်က ဝန်လေးသည်၊ ရင်လေးသည်။ တင်မောင်နောင်ကလည်း တောင်ငူ ပြန်မည်။ အဖော် မလိုက်နိုင်။

အားလည်း ကျွန်တော် မအား။



ယခု ပညာသင်နှစ်အတွင်း စိတ်ပညာ၏ အခြေခံအပိုင်းအဆစ်ဖြစ်သော သင်ယူမှု လက်တွေ့စမ်းသပ်ခြင်းများကို အပြီး လုပ်ရမည်။ နောင်နှစ်ခါတွင် ပိုမိုခက်ခဲလှသော လူမှုရေးရာ စိတ်ပညာနှင့် ကိုယ်ရည်ကိုယ်သွေး စိတ်ပညာဆိုင်ရာ သုတေသန စမ်းသပ်မှုများကို ပြုလုပ်ရမည်။ ရေး ဖြေ စာမေးပွဲကြီး ၈ ခုအတွက်လည်း ပြင်ဆင်ဦးမည်။

ယခုနှစ်၏ ဒုတိယပိုင်းတွင် ဟလူးမင်းလန်းနင်း ခေါ် လူ၏ သင်ယူမှု အခြေခံ သီအက်ရီများနှင့် ပတ်သက်သည့် စာတွေ့ လက်တွေ့ လေ့လာမှုများကို ပြုရမည်။ ယခု ပထမပိုင်းအတွင်း ကြွက်ဖြူလေးများနှင့် စမ်းသပ်မှုများ ရမည်။

ယခု ပြီးပြီ။

ကြွက်ဖြူလေးတို့ဖြင့် စမ်းသပ်ရရှိထားသော အချက်အလက်များပေါ် မူတည်၍ အားဖြည့်ခြင်း သီအက်ရီဟု တရားဝင် ဘာသာပြန်ထားသော ရီအင်ဖို့မင့် သီအက်ရီ (ဝါ) အကျိုးအပြစ်ကြောင့် အပြုအမူ ပြောင်းလဲပုံ သီအက်ရီအပေါ် ဝေဖန်သုံးသပ်သည့် စာတန်းတစ်စောင်ကို ပြုစုရမည်။ ကျောင်းပြန်ဖွင့်လျှင် စိတ်ပညာဌာန၏ ဌာနတွင်း ဆွေးနွေးပွဲတွင် ဖတ်ပြရမည်။ အဆင့်အတန်းမြင့်က မြန်မာနိုင်ငံ သုတေသန ညီလာခံတွင် ဖတ်ကြားခွင့်ရရှိရန် တင်ပေးမည်ဟု ပါမောက္ခက ကတိပြုထားသည်။

သီတင်းကျွတ် ကျောင်းပိတ်ရက်အတွင်း အဆောင်မှ မပြန်ဘဲ ကျွန်တော်သည် စာတမ်းကို ကြိုးစားရေးနေသည်။

တင်မောင်နောင်နှင့် ကျော်အံ့တို့က နေရပ် ပြန်ကြသည်၊ မိုးမိုးလည်း တောင်ကြီး ပြန်သည်။

ဟိုတစ်နေ့က စိတ်ကောက်သွားသည် ထင်၏။ မိုးမိုးသည် ကျွန်တော့်ထံ ပေါ်မလာတော့။ ကျွန်တော်ကလည်း မအားသောကြောင့် အင်းလျားဆီ မရောက်ဖြစ်ခဲ့။

ကျောင်းမပိတ်ခင်လေးတွင်တော့ မိုးမိုးထံ ကျွန်တော် တစ်ခေါက် ရောက်သွားသည်။

မိုးမိုးက တောင်ကြီးသို့ လေယာဉ်ပျံနှင့် ပြန်မည် ဆိုသည်။ အားလပ်ခွင့်နှင့် ကြုံသောကြောင့် ဦးမျိုးဝင်းက လိုက်ပို့ပေးမည် ဆို၏။

အမှန်က လေယာဉ်ပျံနှင့် ပြန်သူကို အဖော် လိုက်ပို့ရန် မပို့ပါ။ သို့ရာတွင် ဦးမျိုးဝင်းခမျာ အကြောင်းရှာ၍ တောင်ကြီးသို့ သွားချင်ရှာဟန်တူ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဟိုပုံး ရေထွက်တုန်းက ဘသန်းအေး ပြုံးစိစိနှင့် မှတ်ချက်ပေးသည်ကို အမှတ်ရမိ၏။ ဘသန်းအေး၏ အလိုအရဆိုသော် ဦးမျိုးဝင်းသည် သံအမတ်ကြီးနှင့် အမျိုးတော်ရန် ကြိုးစားနေသူ ဟူသတည်း။

ဦးမျိုးဝင်း ချိန်နေသူမှာ သက်ပင် ဖြစ်ရမည်။ သက်လို လှ… သိပ်လှသော မိန်းမတစ်ဦးကို ဦးမျိုးဝင်း ချစ်နေသည် ဆိုလျှင် သူ့ကို ကျွန်တော် အပြစ်မတင်ပါ။ ချစ်ပေမည်လေ… ချစ်ရှာမည်ပေါ့။ အမယ်မင်း… နွားအကျကြီး ကျအောင် ချစ်လိုက်ရှာမည်ပေါ့။ ဘာတွေ ဘယ်လောက် တတ်လို့ ဘာကောင်ကြီး ဖြစ်နေနေ ချစ်လာလျှင် နွားကျသည်။ မတော်ရသေးသည့် ခယ်မလောင်းလေးကိုပင် ဂရုစိုက်လိုက်ရပါသည့် အမျိုး။ ယခု ကြည့်လေ… ရန်ကုန်နှင့် ဟဲဟိုး၊ ဟဲဟိုးနှင့် တောင်ကြီး။ ဘာအန္တရာယ်မျှ မရှိသော ခရီးကို လိုက်ပို့ရသည်တဲ့။ အင်း… အဟင်း… ဝတ္တုရားတွေ… ဝတ္တုရားတွေ။ သဝန်လည်း မကြောင်နဲ့ ဦးမျိုးဝင်း၊ ကျုပ်က ခင်ဗျားလို နွားမကျဘူး။

ကျောင်းကြီး ပြန်ဖွင့်အမီ ကျွန်တော်၏ စာတမ်း ပြီးသွား၏။

ကျောင်း ပြန်ဖွင့်သောနေ့တွင် စိတ်ပညာဌာနသို့ ကျွန်တော် လျှောက်လာခဲ့သည်။

တန်ဆောင်မုန်း လဆန်းတော့မည် မှုးမှူးမို့ ဆောင်း၏ အငွေ့အသက်လေးများ လေတွင် ခိုတွဲနေသည်။ ဆောင်းနံ့သည် နှာဝတွင် ကြိုင်ပုံ့ပုံ့လေး ရှိနေသည်။ ဆောင်းအတွေ့သည် ကိုယ်ကို အေးမြမြလေး လာထိတို့နေသည်။

သာမန်အခါ၌ပင် တက္ကသိုလ်နယ်မြေသည် လှပသည်။ ဆောင်းပန်းချီ ခြယ်လာပြန်တော့ တက္ကသိုလ်နယ်မြေသည် ပင်ကိုအလှတွင် ဆင်ယင်ထုံးဖွဲ့မှု ဖြည့်ထားသော မိန်းမပျိုနှင့် တူသည်။

မိန်းမပျိုနှင့် တူသည်… ကျွန်တော်သည် မိမိကိုယ်ကို ကျိန်ဆဲမိသည်။ လှသည်ကို တင်စားရန် အခြား ဥပမာ မရှိဘူးလော။ မိန်းမ၏ အလှမှ အလှလော…။ ဤလောကတွင် အခြား အလှတွေကော မရှိဘူးလော။ အလှဆိုတာကကော ဘာပါနည်း။ အလှအစစ် ဆိုသည်က ဘာကို ခေါ်ပါသနည်း။

ကျွန်တော်သည် ပါမောက္ခ၏ စားပွဲရှေ့သို့ ရောက်လာသည်။

"ထိုင်ဟေ့… မောင်စောထွေး"

ဆရာက ခွင့်ပြုသဖြင့် ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်၏။

"မင့်… ပေပါ ပြီးပြီလား"



"ဟုတ်ကဲ့ ပြီးပါပြီ၊ ကျွန်တော် အခု အဲဒါ လာပေးတာ၊ မဖတ်ခင် ဆရာ အရင်နည်းနည်း ကြည့်ပေးစေလိုပါတယ်"

ကျွန်တော်က အင်္ဂလိပ်ဘာသာနှင့် ကျွန်တော် ရေးထားသော စာတမ်းကို ဆရာ့ထံ ပေး၏။

"အေး… ထားခဲ့၊ ဒါထက် ဝမ်းသာစရာ တစ်ခု ပြောရဦးမယ်"

"ဟုတ်ကဲ့ ဆရာ"

"ဆရာက စိတ္တဗေဒီ မဟုတ်ဘူး၊ ပတ်ဝန်းကျင်ဝါဒသမား။ စိတ်ပညာနည်းနာ အထွေထွေအနက် ဓမ္မဓိဋ္ဌာန်ကျတဲ့ တိုင်းတာစမ်းသပ် ဆုံးဖြတ်နည်းကိုသာ အလေးပြုတဲ့ စမ်းသပ်နည်း အဓိကဝါဒသမား"

"ဟုတ်ကဲ့… ဒါကို ကျွန်တော် သိပါတယ် ဆရာ"

"ဒါပေမဲ့… တက္ကသိုလ်ဆရာတစ်ဦး ဖြစ်လာရင် သစ္စာပိုင်းဆိုင်ရာ တာဝန် သိပ်ကြီးတယ်၊ သစ္စာအစစ်နဲ့ ကိုယ် ယုံတဲ့ သစ္စာဆိုတာကို ခွဲခြားပြီး သတိပြုနေရတယ်၊ ကိုယ် ယုံတဲ့ သစ္စာဆိုတာက ဘိုင်းယက်(စ်)ပေါ့ကွယ်။ ဘက်လိုက်မှုပေါ့၊ ကိုယ့်အယူအဆ ကိုယ့်ဝါဒဘက် ဘက်လိုက်မှုပေါ့၊ တပည့်ကို သင်ကြားရာမှာ မသိမသာ ဒီလို ဘက်လိုက်မှုမျိုး ရှိသွားနိုင်တယ်။ ဆရာတော့ ဒါကို သိပ်သတိထားတယ်။ ဆရာတို့ တာဝန်က မင်းတို့ရဲ့ ဉာဏ်တံခါးကို ဖွင့်ပေးဖို့ တိုင်းပြီး ချုပ်ပြီး အလွယ်ဝတ်အကျီသဘော ဖြစ်တဲ့ မူသေပညာအကျီ အဆင်သင့်ကို မင်းတို့ ကိုယ်ပေါ် ဝတ်ပေးဖို့ မဟုတ်ဘူး၊ ဆရာ ပြောတာ နားလည်လား"

"ဟုတ်ကဲ့… နားလည်ပါတယ် ဆရာ"

"စိတ်ပညာရဲ့ ခက်ခဲနက်ရှိုင်းမှုကို ဆရာ အထူးမပြောလိုတော့ဘူး။ စိတ်ပညာရဲ့ သစ္စာတရားတွေကို သိဖို့က နည်းမျိုးစုံ လိုတယ်။ ချဉ်းကပ်နည်းမျိုးစုံ လိုတယ်။ ဆရာက စမ်းသပ်နည်း အဓိကဝါဒသမားမို့ မင်းတို့က စမ်းသပ်နည်း အဓိကဝါဒကိုပဲ တစ်ဖက်သတ် မျက်စိမှိတ်စွဲမှာ ဆရာ အလိုမရှိဘူး။ အထူးသဖြင့် ကိုယ်ရည်ကိုယ်သွေး စိတ်ပညာနဲ့ စံလွဲ စိတ်ပညာမှာ နည်းမျိုးစုံကို သုံးရတာပဲ။ အဲဒီနယ်ပယ်ကတော့ ဆရာ့နယ်ပယ် မဟုတ်ဘူး၊ သင်တော့ သင်နိုင်ပါတယ်လေ။ ဒါပေမဲ့ အဲဒီနယ်ပယ်မှာ အထူးပြုဘွဲ့ယူထားတဲ့ လူက သင်ရင် အသင့်လျော်ဆုံးပဲ။ ဒါကြောင့်လည်း ဒီအပိုင်းတွေကို နောင်နှစ်ခါ ကိုသောင်းထိုက် ပြန်လာမှပဲ သင်နိုင်းမလို့ ကံအားလျော်စွာပဲ ဘွဲ့စောပြီးလို့ အခု ဒေါက်တာသောင်းထိုက် ပြန်ရောက်လာပြီ၊ ဒုတိယ နှစ်ဝက်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဆရာ့အပိုင်း နည်းနည်း လျှော့ပြီး ဘာသာစိတ် တချို့ကို ဒေါက်တာ သောင်းထိုက်ကို တာဝန်ယူပေးဖို့ ဆရာ စီမံထားတယ်''

''ဟား... အတော်ပဲ ဆရာ။ အခု အထွေထွေ စိတ်ပညာသင်ရိုးက လည်း အဲဒီမာတိကာတွေဆီ ရောက်တော့မယ်''

ကျွန်တော်တို့ ဂုဏ်ထူးတန်းသမားသည် ပထမနှစ်၌ ရိုးရိုး စတုတ္ထနှစ် ဝိဇ္ဇာကျောင်းသားများနှင့်အတူ အထွေထွေ စိတ်ပညာအတန်း လိုက်တက်ရ မည်။ အထွေထွေစိတ်ပညာက နာမည် ညွှန်ပြသည့်အတိုင်း ယေဘုယျ ဂုဏ်မျက်စိမြင်ကွင်း သဘောမျှသာ ခြုံငုံပြဆိုသည်။ ဂုဏ်ထူးတန်းသမားက ထပ်ဆင့် ရှေ့တက်ပြီး ဘာသာစိတ်အလိုက် အသေးစိတ် ခွဲခြားလေ့လာရသည်။

''အေး... ကောင်းပြီ။ ဒေါက်တာသောင်းထိုက်ရဲ့ အော့ဖစ်(စ်)က ဟိုဘက် အခန်းသစ်မှာ မင်း သွားနှုတ်ဆက်လိုက်ပါဦး''

''ကောင်းပါပြီ ဆရာ''

ပါမောက္ခ၏ ရုံးခန်းမှ ကျွန်တော် ထွက်လာခဲ့သည်။ ထိုနောက် မိုးမိုးကို ကျွန်တော် ခေါ်ပြခဲ့သော ကုခန်းနှင့် ယှဉ်လျက်ရှိသော အခန်းတစ်ခု အတွင်းသို့ ကျွန်တော် ဝင်သည်။

ဒေါက်တာသောင်းထိုက်ကို မြင်မြင်ချင်း ကျွန်တော် အံ့ဩမိသည်က အဝတ်အစား ဖြစ်၏။

နိုင်ငံခြားမှ ပြန်ရောက်စ ဆိုတော့ အနောက်နိုင်ငံ ဝတ်စုံနှင့် ဖြစ်ရ မည်ဟု ကျွန်တော် မျှော်လင့်ထား၏။ ကျွဲကော်ကိုင်းတပ် မျက်မှန်ထူထူ တစ်လက်ကို မျက်နှာတွင် တွေ့ရန် ရာခိုင်နှုန်း များသည်ဟုလည်း ထင်မိသည်။

ယခုတော့ ကျွန်တော် တွေ့ရသည်မှာ မီးခိုးရောင် အပေါ်ဝတ်အင်္ကျီ ဖြူစင်သော စတစ်ကော်လာ အောက်ခံအင်္ကျီတို့ အစပြု၍ မြန်မာဝတ်စုံကို အချိုးကျကျ သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည်။ မျက်နှာ၌ မျက်မှန် မပါ။ မျက်ခုံးက ထင်ရှားနက်မှောင်သည်။ မျက်လုံးများက ကြည်လင်ပြီး သန့်ရှင်းလှ သည်။

စားပွဲ၌ ထိုင်ရင်းက ဆရာက ကျွန်တော့်ဆီသို့ တည့်တည့် လှမ်းစိုက် ကြည့်ခြင်း ဖြစ်သည်။ သည်မျက်လုံးများ၌ အားတစ်မျိုး ရှိနေသည်။ အကြည့် ခံရသူ မျက်လုံးလွှဲပစ်ရသည့် အားမျိုး မဟုတ်။ ပြန်လှန်၍ ရဲရဲ ကြည့်ဝံ့အောင် ဆွဲဆောင်သော အားနှင့် ပြည့်စုံသော အေးလှ ငြိမ်းလှ သန့်လှသော မျက်လုံး မျိုး ဖြစ်၏။



ဆရာက ပြုံးလိုက်သည် ထင်သည်။ အမှန်ကျတော့လည်း ပြုံးခြင်း မဟုတ်။ ဆီးကြိုလက်ခံသော မျက်နှာ၏ တောက်ရွှန်းမှု တစ်ခုသာတည်း။

စားပွဲရှေ့၌ ကျွန်တော် ရပ်သောအခါ ဂီတသံတစ်မျိုး ပါသည့် တည်ငြိမ်သည့် စကားသံ ပေါ်လာ၏။

''ထိုင်ကွဲ့... မောင်စောထွေး''

အံ့အားသင့်သွားသောကြောင့် ရုတ်တရက် ကျွန်တော် မထိုင်မိသေး။ ဆရာ့ကို တစ်ချက် ပြန်ကြည့်မိသည်။

သည်တစ်ကြိမ်တော့ ဆရာ ပြုံးသည်၊ ပြုံးမှန်း ကျွန်တော် သေသေ ချာချာ တွေ့လိုက်ရသည်။

ကျွန်တော်က ဝင်ထိုင်ပြီးမှ မေး၏။

''ကျွန်တော့်ကို ကျွန်တော်မှန်း ဆရာ ဘယ်လို သိနိုင်သလဲ ဆရာ''

''ဆရာက အံ့ဩအောင် လုပ်မိသလို ဖြစ်နေပြီ၊ အမှန်က မဆန်းပါ ဘူးကွယ်၊ ဆရာက ဘယ်အတန်းမှ မကိုင်ရသေးဘူး။ ဒီတော့ လာတွေ့သူဟာ တခြား အတန်းက မဟုတ်နိုင်ဘူး၊ ပါမောက္ခက လွှတ်လိုက်တဲ့ ဂုဏ်ထူးတန်း သား တစ်ဦးသာ ဖြစ်ရမယ်''

''ဒါပေမဲ့... ဂုဏ်ထူးတန်းသား နှစ်ယောက်တောင် ရှိတယ် ဆရာ''

''သင်ကြားရေးတာဝန်တွေကို ပါမောက္ခနဲ့ ဆွေးနွေးစဉ်က နောက်ဆုံး နှစ် ဂုဏ်ထူးတန်းသား တစ်ယောက်၊ မောင်လှဦး ဟုတ်တယ် မဟုတ်လား။ ဒုတိယနှစ် ဂုဏ်ထူးတန်းသား တစ်ယောက်၊ မောင်စောထွေး။ ဒီနှစ်ယောက် ရှိမှန်း ဆရာ သိတယ်လေ။ မောင်စောထွေးဟာ တောင်ကြီး မပြန်ဘဲ စာတမ်း တစ်စောင် ရေးနေတယ် ဆိုတာလည်း သိခဲ့ရတယ်၊ ဝင်လာတော့ မောင်စောထွေး ရဲ့ အသားက တော်တော်ဖြူတယ်၊ ရှမ်းပြည်နယ်က လူတွေဟာ အသားဖြူဖို့ များတယ်၊ ဒါကတော့ နည်းနည်းစွန့် တွေးရတာပေါ့ကွယ်၊ ဒါကြောင့် ဆရာက မဟုတ်မှ လွဲရော၊ မောင်စောထွေးလို့ ခေါ်လိုက်တာ''

ကျွန်တော် သဘောကျသွား၏။ ဆရာ့ကိုလည်း လေးစားသွား၏။ ဉာဏ်ကြီး၍ အမှတ်သညာနှင့် ရှုမြင်နိုင်စွမ်း ကောင်းသူ တစ်ဦးဟုလည်း စိတ်တွင်းမှ ကောက်ချက်ချမိသွား၏။

ကျွန်တော်က အခန်း၏ နံရံများဆီ မျက်လုံး ရောက်သွား၏။

နံရံများ၌ ဘောင်သွင်းထားသော ကမ္ဘာကျော် စိတ်ပညာရှင်ကြီးများ၏ ဓာတ်ပုံတို့ကို ချိတ်ထား၏။ ပါမောက္ခ၏ အခန်းနံရံများတွင် ဝဒ်ဆွန်၊ ဗကင်နား၊

www.burmeseclassic.com

www.burmeseclassic.com



ဟားလ်၊ သွန်းဒိုက်၊ တိုးလ်မင်း ခါးလား စသော ထင်ရှားသည့် စမ်းသပ်နည်း အဓိကဝါဒီ စိတ်ပညာရှင်တို့၏ ပုံများ ရှိသည်။ ယခု ဆရာဦးသောင်းထိုက်၏ အခန်းမှ ပုံများကား ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ ဆရာကြီးများနှင့် ကုခန်း စိတ်ပညာဆရာကြီးများ၏ ပုံများ ဖြစ်ဟန်တူသည်။ အကြောင်းမှာ ကျွန်တော် မှတ်မိသော ပါမောက္ခ ဖရွိုက်၏ ပုံတစ်ပုံ ပါနေသောကြောင့် ဖြစ်၏။

ဆရာက ကျွန်တော့်ကို မေး၏။

"အဲဒီပုံထဲက ပုဂ္ဂိုလ်တွေကို မောင်စောထွေး သိသလား"

"ဖရွိုက်ကိုတော့ သိတယ်၊ ကျန်တာတွေကိုတော့ မသိဘူး"

"ဟိုပုံက အက်ဒ်လား၊ သူ့ဘေးက ယွန်းဂ်၊ ဟောဟိုပုံကတော့ ဆူလီဗန်၊ အမျိုးသမီးကြီးကတော့ ကာရင်း ဟောနေး၊ ဟောဟိုဟာကတော့ ဖရွမ်း"

ဆရာက ကျွန်တော် မသိသေးသော စိတ်ပညာရှင်ကြီးတို့၏ အမည်များကို ပြောပြနေ၏။

ကျွန်တော်က နားထောင်မှတ်သားရင်း ဦးခေါင်းကို လှည့်၍ ကြည့်၏။

နောက်ဆုံး တစ်ပုံဆီသို့ မျက်လုံး ရောက်သွားချိန်၌မူ ကျွန်တော် အံ့အားသင့်သွားသည်။

ယင်းပုံက ဆရာ ထိုင်နေရာမှ မျက်နှာချင်းဆိုင် တည့်တည့်တွင် ရှိသည်။ ကျွန်တော် ထိုင်နေရာမှ ဆိုလျှင် နောက်ကျောတည့်တည့်မှာတည်း။ ထို့ကြောင့် စောစောက ယင်းပုံကို ကျွန်တော် မမြင်မိ။

ပုံ. . . ယင်းစကား အသုံး မှားသည်။ ပုံတော်. . . မှန်သည်၊ ပုံတော် . . . ဗုဒ္ဓမြတ်စွာဘုရား၏ ပုံတော်။

ဓာတ်ပုံ မဟုတ်။ အလွန်လက်ရာမြောက်သော ပန်းချီသာ ဖြစ်သည်။ ပန်းချီဟန်က မြန်မာဟန်တော့မှု မဟုတ်၊ အိန္ဒိယဟန်တည်း။

ကြာဖြူတို့ ပွင့်နေသော ငွေဇာရောင် ပက်ဖြန်းအပ်သည့် ကြည်လင်သော ရေကန်သာဘေး မြေမို့မို့တွင် ထိုင်နေတော်မူသည့်ဟန်။

ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသည်။ လက်ဖဝါးတော် နှစ်ဖက်ကို လှန်လျက် ထပ်ထားသည်။ မျက်လွှာတော်များကို ချထားသည်။ အသွင်တော် တစ်ရပ်လုံးမှာ သိမ်မွေ့ပျော့ပျောင်းလှသည်။ တည်ငြိမ်ခြင်းနှင့် အေးချမ်းမှုလည်း ရှိသည်။ ငြိမ်းအေးသက်သာလှသော သုခဓာတ်ကိုလည်း ဖော်ပြနေသည်။

ကျွန်တော်က နားမလည်စွာဖြင့် ဆရာ့ကို ပြန်ကြည့်မိသည်။



"သူ့ကိုကော သိသလား မောင်စောထွေး"

"ခင်ဗျာ. . . သိ. . . သိတာပေါ့ ဘုရားဟာ"

"ကိုးကွယ်မှုထောင့်က ကြည့်ရင်တော့ သုံးလူ့ထွတ်ထား မြတ်စွာဘုရား၊ ပညာထောင့်က ကြည့်ရင်. . . တရားအပေါင်းကို သိသူ၊ စိတ်ပညာထောင့်က ကြည့်ရင် အကြီးကျယ် အမြင့်မြတ်ဆုံးသော စိတ်ပညာဆရာကြီး"

"ခင်ဗျာ. . . ဗုဒ္ဓဘုရားဟာ စိတ်ပညာဆရာကြီး"

"ဟုတ်တယ်၊ မောင်စောထွေး မသိဘူးလား"

ကျွန်တော်က ရိုးသားစွာ ခေါင်းခါပြမိ၏။

"ခေတ်သစ် ပညာရေးစနစ်မှာ ဘာသာရေး အယူအဆနဲ့ လူ့လောက ပညာတွေကို တတ်နိုင်သမျှ ခွဲထားကြတယ်၊ မှန်ပါတယ်၊ ကောင်းပါတယ်၊ ရောထွေးရင် မလိုအပ်တဲ့ ရှုပ်ထွေးမှုတွေ ဖြစ်ကုန်နိုင်တယ်၊ ဆရာ သဘောတူပါတယ်၊ ဒါပေမဲ့. . . ခက်တာက စိတ်ပညာကို နက်နက်နဲနဲ လိုက်ရင် ဗုဒ္ဓရဲ့ စိတ်အကြောင်း သင်ကြားချက်တွေကို လျစ်လျူရှုထားလို့ မရဘူး၊ မရှိသယောင် မျက်စိ မှိတ်ထားလို့ မရဘူး၊ ထားပါတော့လေ. . . ဒါတွေ နောက်တော့ ဆွေးနွေးကြတာပေါ့။ မောင်စောထွေး ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ မသင်ရသေးဘူးနော်"

"စနစ်တကျတော့ မဟုတ်ဘူး၊ ဟိုဖတ် ဒီဖတ်လောက်တော့ လုပ်ဖူးပါတယ်၊ အမှန်က စိတ်ပညာ မယူခင်ကတည်းက ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ အကြောင်းတော့ စိတ်ဝင်စားပြီး အနည်းအကျဉ်း လေ့လာဖူးပါတယ် ဆရာ"

"ခွဲခြမ်းစိတ်ဖြာ စိတ်ပညာက ပေါ်ပြူလာ ဖြစ်တယ် ဆိုပါတော့၊ အင်း. . . မှန်ပါတယ်၊ မသိစိတ်တို့၊ မသိစိတ် လှုံ့ဆော်မှုကြောင့် ပြုမိတာတို့၊ ဝတ္ထုရေးဆရာတွေအကြိုက် ရုပ်ရှင်ဆရာတွေ အကြိုက်ပေါ့၊ နိုင်ငံခြားမှာလည်း ဒီအတိုင်းပါပဲ၊ စကားစပ်လို့ ပြောရဦးမယ်၊ ခွဲခြားစိတ်ဖြာ စိတ်ပညာကို လူတွေ တော်တော်စိတ်ဝင်စားကြတယ်၊ ဒီထဲမှာ စိတ်ရောဂါရှင်တွေလည်း ပါကြတယ်"

"ခင်ဗျာ. . . စိတ်ရောဂါရှင်တွေပါ"

"စိတ်ပညာကို ထိုက်စားတဲ့ လူတချို့ဟာ စိတ်ရောဂါရှင်တွေ ဖြစ်နေတတ်တယ်၊ အားလုံးတော့ မဟုတ်ဘူးပေါ့၊ ဆရာတို့ ဘွဲ့ယူလာတဲ့ တက္ကသိုလ်မှာတော့ စိတ်ပညာ မဟာဝိဇ္ဇာဘွဲ့ မယူခင် စိတ်ကျန်းမာခြင်း ကောင်းရဲ့လား လို့ အစစ်ဆေးခံရတယ်"

"ခင်ဗျာ. . . ဘာပြုလို့"

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ရောဂါရှိသူ တစ်ဦးဟာ စိတ်ပညာဘွဲ့ထူး ဂုဏ်ထူးကြီးတွေ ရသွားပြီး စိတ်ကုသရေးဆရာကြီးတစ်ဦး လုပ်နေရင် လူ့ဘောင်အတွက် အန္တရာယ် ရှိနိုင်လို့ပဲ"

"ဟို… ဟိုဒင်း… စိတ်ကျန်းမာခြင်း မရှိတဲ့ လူတစ်ဦးဟာ စိတ်ပညာ မယူထိုက်ဘူးလား"

"ယူထိုက်တာပေါ့၊ စိတ်ပညာယူလို့ စိတ်အကြောင်း နားလည်ရင် တော်တော်တန်တန် စိတ်ကျန်းမာမှု ချို့တဲ့သူဟာ ကောင်းလာနိုင်တယ်။ အသိက သတိကို ဖြစ်စေတယ်။ သတိက အမှားကို တားနိုင်တယ်။ အလွန်တရာ အားကြီး ကြည်လင်တဲ့ သတိစိတ်ကို ဗုဒ္ဓက မဂ်လို့ ခေါ်တယ်။ ကိလေသာကို သတ်နိုင် ဖြတ်နိုင်တယ်။ အမှန်က ဖြစ်နိုင်ရင် လူတိုင်း စိတ်ပညာ တတ်သင့်တယ်"

"ဒါပေမဲ့ စောစောက ဆရာ ပြောတော့… လူ့ဘောင်အန္တရာယ် ဆိုတာ…"

"ဟုတ်ပါတယ်၊ ရိုးရိုးသာမန် လုပ်ကိုင်စားမယ့် လူက သတ်သတ်ပဲ။ စိတ်ပညာနဲ့ အသက်မွေးမယ့်လူ၊ စိတ်ပညာနဲ့ ပါရဂူ လုပ်မယ့်လူ၊ ဒီလူတွေက တစ်ကဏ္ဍ၊ သူတို့အတွက်တော့ စိတ်ချလောက်အောင် စိတ်ကျန်းမာမှု၊ ဆရာ ဆိုလိုတာ ရှင်းရဲ့လား"

"စိတ်ချလောက်အောင် စိတ်ကျန်းမာတယ် ဆိုတာက ဘာကို ပြောတာလဲ ဆရာ။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ချလောက်အောင် စိတ်ကျန်းမာလား မမာဘူးလား ဆိုတာ ဘယ်လိုလုပ် သိရမလဲ"

ဆရာက ပြုံးသည်။ ဖြည်းညင်းစွာ ပြုံးသည်။ မျက်လုံးလေးများကလည်း ကျွန်တော့်မျက်လုံးများကို တည့်တည့် ကြည့်သည်။

"ဘာဖြစ်လို့ မေးတာလဲ၊ မောင်စောထွေးက ကိုယ့်စိတ်ကို ကိုယ် စိတ်မချဘူးလား"

ကျွန်တော် အနည်းငယ် တုန်လှုပ်သွားသည်။ ဆရာ့မျက်နှာမှ မျက်လုံးလွှဲပြီး ဖြေသည်။

"ဒီလိုတော့လည်း မဟုတ်ပါဘူး ဆရာ။ ဒါပေမဲ့ ဆရာ့စကား ကြားရတော့ ကျွန်တော် တစ်ခါကမှ မတွေးခဲ့မိဘူးတာ တွေးမိတယ်"

"ဘာတွေးမိလို့လဲ"



"ဟိုဒင်း… ကိုယ့်စိတ်ကို ကိုယ် သိသလား။ သိရင်လည်း ဘယ်လောက် သိသလဲ၊ ဒီသဘောမျိုးပေါ့ ဆရာ"

သည်တစ်ကြိမ်တွင် ဆရာက ပြုံးရုံမက အသံထွက်၍ ရယ်သည်။

"ဆရာ ပြောတာနဲ့ အစိုးရိမ် မလွန်သွားပါနဲ့ မောင်စောထွေး၊ ဆက်ပြီးသာ သင်ပါ။ စိတ်ရဲ့အကြောင်း သိလာတော့မှ ကိုယ့်စိတ်ကို ကိုယ် ပြန်စစ်ကြည့်တာပေါ့။ ဒါတောင် ဥပါဒါန်ကြောင့် ဥပဒ် ဖြစ်တတ်သေးတယ်။ စိတ်အကြောင်း နားလည်လာတဲ့ လူဟာ ကိုယ့်စိတ်ကို ကိုယ် ပြန်စစ်တိုင်း စိတ်ရောဂါလက္ခဏာတွေ တွေ့တွေ့နေတတ်တယ်။ ဆရာလည်း ဒီလိုပဲ ဖြစ်ခဲ့ဖူးတယ်။ စိတ်ပညာ နားလည်သူတိုင်း ဒီလိုပဲ ဖြစ်ဖူးတယ်။ အမှန်က… ကိုယ့်စိတ်ကို ကိုယ် ပြန်စစ်မိတဲ့ သတိ ရှိနေရင် အဲဒီလူဟာ အများကြီး စိတ်ကျန်းမာနေသေးတယ်။ ဒါထက် မောင်စောထွေး သင်တန်းတက်စရာ ရှိသေးလား"

"ဟုတ်ကဲ့… ဇီဝကိစ္စ စိတ်ပညာ တစ်ချိန် တက်စရာ ရှိတယ် ဆရာ"

"ကဲ… ဒါဖြင့် စကား ဒီတွင် ဖြတ်ကြရအောင်။ ဆရာလည်း ပထမနှစ် ဝိဇ္ဇာတန်းအတွက် အထွေထွေ စိတ်ပညာ ဒီနေ့ စပို့ချရမယ်၊ တွေ့ကြသေးတာပေါ့"

ကျွန်တော်သည် ဆရာ့အခန်းမှ ထွက်လာခဲ့သည်။ ထိုနောက် ပါမောက္ခကိုယ်တိုင်သင်ပြသော ဇီဝကိစ္စ စိတ်ပညာသင်တန်းကို တက်သည်။

သင်တန်းအပြီး ဌာနဆိုင်ရာ စာကြည့်တိုက် အသွားတွင် လမ်း၌ ခေတ်ခွဲခန်းမှူး ကိုသန်းတင်နှင့် သွားတွေ့သည်။

"ဟာ… အတော်ပဲ ဆရာ၊ ကျွန်တော် ဆရာ့ လိုက်ရှာနေတာ"

"ဟုတ်လား… ဘာကိစ္စလဲ ကိုသန်းတင်"

'ဟိုဒင်း ဆရာ… ဆရာ့ အမျိုးသမီး ချောချောလေးက စာတစ်စောင် ပေးသွားလို့"

"ဘယ်သူလဲ… မိုးမိုးလား"

"ဟုတ်တယ်၊ ဖာတ်တယ်… မိုးမိုး"

"မိုးမိုးကို မိုးမိုးလို့ပဲ ပြောရောပေါ့ ကိုသန်းတင်ရာ၊ ကျွန်တော့် အမျိုးသမီးဆိုတော့ ဘာလိုလိုရယ်"

"အဟဲ… ကျွန်တော်ကလည်း ဘာလိုလို ထင်လို့ ပြောမိတာပဲ။ မဟုတ်ရင် ခွင့်လွှတ်ပါ ဆရာ၊ ရော့ ရော့ စာကလေး ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုသန်းတင်က စာကို ပေးခဲ့ပြီး ပြုံးစိစိနှင့် ထွက်သွား၏။

ရိုးရိုးပင် ခေါက်ထားသော စာရွက်ကလေးကို ကျွန်တော်က ဖြေ၍ ဖတ်၏။

*''မစ္စတာ အော့ဖစ်ဆာ*

*ကောင်မလေး အဆောင်မှာ ပြန်မနေဘူး။ မြို့ထဲ အန်ကယ်တို့ အိမ်ကပဲ တက်တော့တယ်။ တွေ့ချင်ရင် ဒီညနေ ကျောင်းဆင်းမှာ အယ်လ်စီအာရ်ကို လာခဲ့ပါ။ စောင့်နေမယ်*..''

*ကောင်မလေး*

ကျွန်တော်က ပြုံးမိ၏။ ဟိုတစ်နေ့က ဖြစ်ကြပြီးနောက် တောင်ကြီး ပြန်ခါနီးအထိ မိုးမိုး စိတ်ကောက်ပြေသေးဟန် မတူ။ ယခုစာအရမူ ရွှေစိတ်တော် ပြေပြီ ထင်သည်။

ထိုညနေ ကျောင်းအဆင်း၌ အယ်လ်စီအာရ်သို့ ကျွန်တော် သွားသည်။ အယ်လ်စီအာရ် အဝ၌ မိုးမိုးက အဆင်သင့် စောင့်နေသည်။

သြော်.. အင်း.. ပြောချင်တာ ပြော။ မြင်လိုက်ရတော့.. အဟင်း.. ရင်က အအေးသား။

ပြုံးနေပုံကလေးက စွဲမက်စရာ။ နှုတ်ခမ်းနီနီ ဖောင်းဖောင်းလေးတွေက ချစ်စရာ။ မျက်သား ပြာသည့် မျက်လုံးလဲ့လဲ့များက ရူမောစရာ.. စရာ.. အယ်.. ဒုက္ခ။

''သြော်.. ယူ လာသားပဲ၊ မိုးက လာမှ လာပါ့မလားလို့''

''ကိုယ်က ဘာလို့ မလာရမှာလဲ''

''သိဘူးလေ.. ယူက မာနကြီးတယ် မဟုတ်လား''

''မိုးက ဒီလိုပဲ ထင်သလား''

''ထားပါတော့.. ဒီဗိတ် လုပ်မနေပါနဲ့၊ အခု.. မိုး မြို့ထဲကပဲ တက်တာ ပြောမလို့''

''မိုးက ဘာလို့ အဆောင်မှာ မနေတော့လဲ''

''အစက အဆောင်မှာ နေဖူးတယ် ရှိအောင် နေကြည့်တာ။ မနိုင်ဘူး။ အစားအသောက်ကလည်း ညံ့တယ်။ ပြီးတော့ ဘာမှ မလွတ်လပ်ဘူး။ ဆရာမတွေက ဟိုကိစ္စ စစ်ချင်၊ ဒီကိစ္စ စစ်ချင်နဲ့''

''ဒါက မိုးတို့ ကောင်းဖို့အတွက် မဟုတ်ဘူးလား''



''ယူက လူကြီးလေနဲ့ မှတ်နေပြန်ပါပြီ။ မိုးတို့ ကောင်းအောင် ဆိုရအောင် မိုးတို့က ဘာမဟုတ်တာ လုပ်နေလို့လဲ''

''သဘောပါဗျာ.. သဘောပါ။ ဒါထက် မြို့ထဲ ကားမောင်းချင်သေးသလား''

''အဲဒါ ပြောမလို့၊ ယူ သင်ပေးဦးမလား''

''ဝက်ပါထဲ လှည့်ချင်ရင် အချိန်မရွေးလို့ ကိုယ် ပြောထားသားပဲ''

''ဒါဖြင့်ရင် နေဦး.. ဆက်တာဒေးတော့ မိုးမှာ အင်ဂိတ်ချ်မင့်တစ်ခု ရှိနေတယ်။ ဆန်းဒေး.. ယူ ဆန်းဒေး လာမလား''

''လာခဲ့မယ်လေ''

မိုးမိုးက စိတ်ကျေနပ်ဟန်ဖြင့် ပြုံးပြ၏။

''ကဲ.. အိမ်က ကား စောင့်နေတာ ကြာပြီ။ အဲဒါ ပြောချင်လို့ သွားမယ်၊ ဆန်းဒေးနော်.. မမေ့နဲ့''

မိုးမိုးသည် ကျွန်တော့်ကို လက်ကလေးပြ နှုတ်ဆက်ပြီး ကားဆီသို့ ပြေးထွက်သွား၏။

ကျွန်တော်က သက်ပြင်းရှိုက်မိသည်။

ထိုကြွက်ဖြူလေးတွေနှင့် ကျွန်တော် စမ်းသပ်လေ့လာမှု ပြီးခဲ့ပြီ။ စာတမ်းကိုပင် ပါမောက္ခ၏ လက်သို့ အပ်ခဲ့ပြီးပြီ။

သည်ကြွက်ဖြူလေးတွေနှင့်တော့.. သည်မိန်းမ ဆိုသည့် ကြွက်ဖြူလေးတွေနှင့်တော့..။

www.burmeseclassic.com

## အခန်း - ၂၂

မိုးမိုးက တနင်္ဂနွေနေ့ ချိန်းသွားသည်မှာ တော်ပါသေး၏။

စနေနေ့ နေ့လယ်ပိုင်းအထိ ကျွန်တော် မအား။

ယင်းနေ့ နံနက် ဌာနသို့ အရောက်တွင် အချိန်စာရင်းများ ညှိနှိုင်းပြီးပြီ ဖြစ်သောကြောင့် ဆရာဦးသောင်းထိုက်က စာ စ,သင်မည် ပြောသည်။ သင်တန်းချိန်မှာ ဆက်တိုက် နှစ်နာရီ ဖြစ်၍ စနေနေ့တိုင်း နေ့လယ် တစ်နာရီမှ ညနေ သုံးနာရီအထိ ဖြစ်သည်။

ယနေ့ ပထမဦးဆုံး ဖြစ်သည့် သင်တန်းတွင် ဆရာက စိတ္တဇရောဂါဆိုင်ရာ စိတ်ပညာဟု လူအများ နားလည်ထားပြီး တရားဝင် အသုံးအနှုန်းအားဖြင့်မူ စံလွဲစိတ်ပညာဟု ခေါ်သည့် အက်ဗ်နော်မယ်လ် ဆိုင်ခိုလိုဂျီကို နိဒါန်းခင်းပြသည်။ စိတ်ဝေဒနာ (ဝါ) အပြုအမူ စံလွဲမှုကို ချဉ်းကပ်သော သီအက်ရီ အသီးသီးကို ခြုံလွှမ်း၍ မိတ်ဆက်ပေးသည်။ စိတ္တ ဇီဝကိစ္စအမြင် ချဉ်းကပ်ခြင်း။ ပေါင်းစည်းသော ရုပ်နာမ်ဘဝအမြင် ချဉ်းကပ်ခြင်း၊ ပစ္စုပ္ပန်အတ္တ ဘဝအမြင် ချဉ်းကပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာအမြင် ချဉ်းကပ်ခြင်း၊ ဇီဝဓာတုဗေဒအမြင် ချဉ်းကပ်ခြင်း စသည်တို့ ဖြစ်၏။



သင်တန်းအပြီးတွင် ကျွန်တော့်ဘာသာ လေ့လာဖတ်ရှုရန်အတွက် ဒေါက်တာအာရီယက်တီ တည်းဖြတ်သည့် စိတ်ရောဂါကု ပညာလက်စွဲကျမ်း အတွဲ-၂ ကို ဆရာက ပေးလိုက်၏။

စာအုပ်အရှည်က ၁ ပေ၊ အနံက ၇ လက်မခန့်၊ အထုက ၂ လက်မခန့်၊ စာမျက်နှာ နံပါတ် ၁၀၀၃ က စ၍ ၁၉၈၀ ၌ ဆုံးသည်။

ကျွန်တော်က သက်ပြင်းရှိုက်ပြီး စာအုပ်ကြီးကို ထမ်း၍ အဆောင်သို့ ပြန်ခဲ့သည်။

ကျွန်တော်တို့ အထပ် ရောက်လျှင်ပင် ကျောင်းသား လေး ငါးဦးခန့် တင်မောင်နောင်၏ အခန်းရှေ့ စုရပ်ကာ တစ်စုံတစ်ရာကို တဝါးဝါး ပွဲကျနေကြသည်။

ကျွန်တော်လည်း သည်ကောင် ဘာအရူးထပြနေသနည်းဟု သိလိုဇောကြောင့် သွက်သွက် လှမ်းပြီး အခန်းရှေ့သို့ ရောက်သွား၏။

အခန်းတွင်း ကြမ်းပြင်တွင် တင်မောင်နောင်သည် ဆောင့်ကြောင့်ထိုင်၍ မျောက်မှိုင် မှိုင်ပြနေ၏။

ဝတ်ထားပုံကိုလည်း ကြည့်ပါဦး။

ဥရောပဝတ်စုံနှင့် ဖြစ်သည်။ သို့ရာတွင် မည်သူ့ဝတ်စုံ ငှားဝတ်ထားသည် မသိ။ သူ့ ကြည့်ရသည်မှာ လူကြီးဝတ်စုံ ဝတ်ပြီး ဆောင့်ကြောင့်ထိုင် မှိုင်နေသော ကလေးတစ်ဦးနှင့် တူနေသည်။

ကျောင်းသားများက တစ်ယောက်တစ်ပေါက် ကျွန်တော့်ကို ရှင်းပြကြ၏။

“တင်မောင်နောင်က မတန်မရာ ဒိန့်(စ်)သွားမလို့တဲ့”

“အဟက်ဟက် ... ဟဲ ... ဒိန့်(စ်)သွားမယ့် သူက ဝတ်စုံမရှိလို့ သူများဟာတွေ လျှောက်ငှားဝတ်စမ်းကြည့်နေတာ”

“ဗိုလ်နဲ့တော့ မတူဘူး။ လတ္တာလမ်းက နို့ဆီခွက် လျှောက်ကောက်တဲ့ တရုတ်ဘိန်းစားနဲ့တော့ တူတယ်”

“ဟဲ့.. တရုတ်ဘိန်းစားက သူ့ထက် အသားဖြူတယ်ကွ”

တင်မောင်နောင်ဇာက မျက်နှာရှုံ့မဲ့ပြီး ထိုင်ရာမှ ထလိုက်၏။ ထကာမှ ပိုဆိုးနေသည်။

ဘောင်းဘီပွပွက ရှည်ကျနေသည်မှာ ဘွတ်ဖိနပ်ကို ဖုံး၍ ကြမ်းပြင်ဖုံးနေ၏။ ကုတ်အင်္ကျီက ပေါင်လယ်ဆီ ရောက်လုနီးနီး၊ လည်စည်းက ခါးအောက်တစ်ထွာခန့် ရောက်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နောင်က တောက်ခေါက်ပြီး ညည်းသည်။

"တောက်. . . ဩော်. . . အမေရယ်၊ မိဘမေတ္တာ အနန္တဆိုပြီး အရပ်ကလေးကျမှ တိုရေမိုရေ ထုတ်လွှတ်တယ်"

တင်မောင်နောင်က စိတ်ပျက်ဟန်ဖြင့် ခုတင်ပေါ်သို့ ကိုယ်ကို ပစ်ချထိုင်၏။ ခုတင်ပေါ်တွင်လည်း ဝတ်စုံ နှစ်စုံခန့် ရှိနေသေးသည်။

ထိုစဉ် ပြေးလာသံနှင့်အတူ ကျော်အံ့၏ အသံ ပေါ်လာ၏။

"ကျုတ်သေညီရေ. . . ငိုမနေနဲ့၊ ဒီမှာ မင်းနဲ့ တော်တာ ရခဲ့ပြီ"

ကျော်အံ့က အခန်းတွင်း ဝင်လာပြီး ဝတ်စုံတစ်စုံကို ပစ်ပေး၏။

တင်မောင်နောင်က ကျော်အံ့ ယူလာသော ဝတ်စုံကို သေသေချာချာ ကြည့်၏။

"အဲ. . . ဒါတော့ တော်မယ် ထင်တယ်"

တင်မောင်နောင်က ကိုယ်မှ ဝတ်စုံကို လျင်မြန်စွာ ချွတ်၍ အသစ်ရလာသော ဝတ်စုံကို ဝတ်ကြည့်၏။

"အဟီး. . . ဒါမှ ဖစ်ဆိုက်၊ အတော်ပဲ။ ဟေ့. . . ကျော်အံ့ မင်း ဒါ ဘယ်က ရလာသလဲ"

"ဘယ်ကရမလဲ. . . ဒီတစ်လောကလုံး မင်းနဲ့ အရပ်အမောင်း တူတာ တစ်ယောက်ပဲ ရှိတာ၊ သူ့ဆီက. . ."

"အေးလေ. . . ဘယ်သူလဲ"

"ဘယ်သူရမလဲ၊ ဝါဒင့်သားလေး မောင်နိုင်လင်း"

ကျောင်းသားတွေ ဝိုင်းရယ်ကြ၏။ တစ်ယောက်က အော်၏။

"အရပ်ကတို့ရေ. . . တင်မောင်နောင်တစ်ယောက် ကလေးဆီက ဝတ်စုံ ငှားပြီး ဒန့်စ် သွားမလို့တဲ့"

တစ်ယောက်တစ်ပေါက် စကြ နောက်ကြ၍ အားရမှ ပြန်သွားကြသောအခါ ကျွန်တော်က မေး၏။

"ဟေ့ကောင်. . . မင်းက တကယ် ဒန့်စ် သွားမလို့လား"

"တကယ်သွားမှာမို့ ဝတ်လဲတော်တွေ ငှားပြီး စမ်းကြည့်နေတာပေါ့"

ကျော်အံ့က ဝင်အုပ်၏။

"ဝတ်လဲတော် မဟုတ်ပါဘူး၊ ဝတ်လွှဲတော်ပါ၊ မင်းနဲ့ မတော်တာ ဘယ်နှထည် ရှိသလဲ"

မယုံနိုင်သေးသော ကျွန်တော်က ထပ်မေး၏။



"ဟေ့ကောင်. . . မင်း တကယ် ဒန့်စ် သွားမယ်"

"ဩော် . . . ငါ့များ အယုံအကြည် တကယ် ရှိကြပုံပေါ်တယ်။ ကဲ. . . ရော့ ရော့ ဟောဒီမှာ ကြည့် ဖိတ်စာ၊ အဟဲ. . . နာမည်ကို ရိုရိုသေသေ တပ်ထားတာ ကြည့်၊ မစ္စတာတင်မောင်နောင် ကွင်းပိတ်ကလေးထဲက စာရေးဆရာ တက္ကသိုလ်မိုးမြင့်သူ့နောင်. . . တဲ့၊ ခေသူ မဟုတ်တော့ဘူး နော"

ကျွန်တော်က ဖိတ်စာကို သေသေချာချာ စစ်ကြည့်သည်။ အမှန်ပင် ရွှေရောင် အင်္ဂလိပ်စာလုံးများဖြင့် ပါတီတစ်ခုသို့ တက်ရန် ဖိတ်ထားသော ဖိတ်စာ ဖြစ်ပါ၏။

"မင်းက ဘာအရှူးထပြီး ပါတီ တက်က,ဦးမလို့လဲ"

တင်မောင်နောင်က ဘောင်းဘီရှည်ကို ချွတ်ပြီးပြီ၊ ပုဆိုး မဝတ်သေးဘဲ အောက်ခံ ဘောင်းဘီတိုလေးနှင့် ခုတင်ပေါ်တွင် တင်ပလ္လင်ချိတ် ထိုင်လျက် ရှင်းပြ၏။

"ငါက အခု ဝတ္ထုတစ်ပုဒ် ထပ်ရေးနေတယ်၊ ဒီတစ်ခါတော့ လုံးချင်းမောင့်၊ ပတ်ဗလစ်ရှာ ရပြီ၊ အဟဲ. . . နာမည်တော့ မင်း စိတ်ဝင်စားမှာပဲ"

"ဘာလို့ ငါက စိတ်ဝင်စားရမှာလဲ"

"တောင်ကြီးတုန်းက ငါ ပြောတာ၊ မင်း မှတ်မိသေးလား"

"ဘာလဲ. . ."

"စိန်ပန်းပြာနှင့်တူသော မိန်းကလေး. . . ဆိုတာလေ"

"လာပြန်ပြီလား ဒီစကား၊ ဘာဆိုင်လို့လဲ"

"စိန်ပန်းပြာနှင့်တူသော မိန်းကလေး. . . ဆိုပြီး ငါက အခု ဝတ္ထုတစ်ပုဒ် ရေးနေတာ၊ အဲဒီထဲမှာ မိန်းကလေးက ဟိုဒင်း. . . အပျိုစားလေးပေါ့ကွာ၊ ကပွဲတွေ ဘာတွေ တက်တဲ့ အခန်း ပါတယ်၊ ငါကလည်း ကပွဲ တစ်ခါမှ မရောက်ဖူးဘူး၊ ဖြီးဖြန်းလည်း မရေးချင်ဘူး၊ ညကလပ် ဆိုတာတွေ ငါ သွားကြည့်သေးတယ်၊ အဲဒီမှာက ဗရုတ်တွေပါကွာ၊ ကောင်မတွေကလည်း အစုတ်အပဲ့တွေ၊ ငါ သရုပ်ဖော်ချင်တာက အထက်တန်းလွှာ၊ အနောက်တိုင်း ယဉ်ကျေးမှုကို လက်ခံနေတဲ့ အဲ. . . ဖောက်ပြန်နေတဲ့ အထက်တန်းလွှာ၊ အခု စကားစပ်မိတာနဲ့ ဗဟုသုတစုံတဲ့ နောင်တော် စာရေးဆရာကို ဗိုလ်ကြီးတစ်ဦးက လိုက်ပြပေးမယ်၊ ဟိုဒင်း သုတေသနပေါ့ကွာ၊ ကဲ. . . မင်းကို ရှင်းနေဖို့ အချိန်မရှိသေးဘူး၊ ငါ ရေလေး ဘာလေး သုံးသပ်တော်မူဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်နောင်က စွပ်ကျယ် ချွတ်ပြီး ရေချိုးသွားရန် ပြင်သည်။

ကျွန်တော်တို့က ကိုယ့်အခန်း ကိုယ် ပြန်ကြ၏။

တင်မောင်နောင်ကို ရယ်ချင်သည်။ ပါတီတွင် မတော်မရော်တာတွေ ဖြစ်လာမည်ကိုလည်း စိုးရိမ်သည်။

မည်သို့ဖြစ်စေ တင်မောင်နောင် သွားခါနီး အဝတ်အစား လဲသော အခါ ကျော်အုံ့နှင့် ကျွန်တော်တို့က ဝိုင်းကူပြင်ဆင်ပေးရ၏။ မကူ၍ မဖြစ်။ သည်ကောင်က ဗိုလ်လို တစ်ခါမှ မဝတ်ဖူး၊ လည်စည်း စည်းတတ်ရန်ကား ဝေးစွ။

ကျော်အုံ့နှင့် ကျွန်တော့် ကောင်းမှုကြောင့် သပ်သပ်ရပ်ရပ်လေး ဖြစ်သွားသောအခါ တင်မောင်နောင်က အိုင်တင်အမျိုးမျိုး လုပ်ပြနေ၏။

ကျော်အုံ့က သတိပေး၏။

"ကိုကိုကျွတ်. . . အခန်းထဲတွင်သာ ပေါ၊ ကလေးမသာရုပ်နဲ့ ဟိုကျွ မျက်နှာ ဆက်ရှူးမနေနဲ့၊ ဟောလ်ကို ပြန်မပို့တဲ ဇာတ်လေး တောက်လျှောက် တန်းပို့ထားရင်. . . တို့ လိုက်မရွေးဘူးနော်၊ ဒါပဲ. . ."

"သယ်. . . စော်ကားလိုက်တဲ့ စကား၊ အခု သွားမှာက မင်းတို့တိုးအေ တင်မောင်နောင်အဖြစ် သွားမှာ မဟုတ်ဘူး"

"ကျွတ်သေညီအဖြစ်နဲ့လား"

"မင့်ကြီးတော်လင်အဖြစ်နဲ့လည်း မဟုတ်ဘူး။ နှုတ်ခမ်းနီလေးတွေ ရဲ့ အသည်းစွဲ စာရေးဆရာ တက္ကသိုလ် မိုးမြင့်သူ့နောင်အဖြစ်နဲ့"

"အဲဒီဘွဲ့ကိုလည်း လူတကာ လျှောက်ကြွားမနေနဲ့။ စာ အရေး အသားလေး ကြိုက်နေတာတွေ သောက်ရုပ်မြင်လို့ လန်ကုန်ကြဦးမယ်"

တင်မောင်နောင်က မခံချင်ဟန် ကျော်အုံ့ကို တစ်စုံတစ်ရာ ပြန်ပြော မည် ပြင်သည်။ သို့ရာတွင် အောက်ထပ်မှ ကားဟွန်းသံ တစ်ခု ပေါ်လာ၏။

"ဟော. . . ကားလာပြီ"

တင်မောင်နောင် ထွက်ခွာသွားသည်ကို အခန်းနီးချင်း ကျောင်းသား တွေ တစ်အုပ်ကြီး လိုက်ပို့ကြ၏။

ကျော်အုံ့က ဆုတောင်းသည်။

"ဘုရား သိကြား မ လို့ ဘာမှ မဖြစ်လာပါစေနဲ့"

▣



အခန်းတွင် ကျွန်တော် စာကျက်နေ၏။ တင်မောင်နောင်အတွက် စိတ်တော့ မဖြောင့်၊ ကျော်အုံ့လည်း ကျွန်တော့်နည်းတူ စိတ်ပူနေသည်။ မကြာခဏ ကျွန်တော့်ဆီ ကူးလာပြီး–

"ဟိုကောင် ပြန်မရောက်သေးဘူး" ဟု ဆိုသည်။

ည ၁၂ နာရီကျော်မှ အောက်ထပ်မှ ကားသံ ကြား၏။

ကျော်အုံ့နှင့် ကျွန်တော်တို့က အောက်ထပ် ဆင်းပြေးကြ၏။

လိုက်ပို့သူများကို ကျေးဇူးရရ နှုတ်ဆက်နေသော တင်မောင်နောင်ကို တွေ့ရ၏။

"ဟေ့ကောင်. . . မင်း ဘာမှ ဖြစ်မလာဘူးနော်"

"ဘာဖြစ်လာရမလဲကွ၊ လာကြ လာကြ. . . စိတ်ဝင်စားစရာ ပြောစရာ ပါလာတယ်"

ကျွန်တော်တို့ အပေါ်ထပ် ပြန်တက်ခဲ့ကြသည်။

တော်ပါသေး၏။ အခြား ကျောင်းသားတွေ အိပ်ကုန်ကြပြီ။ မဟုတ် လျှင် ဝိုင်းအုံ နောက်ပြောင်ပြီး ညဥ့်နက်လိမ့်မည်။

တင်မောင်နောင့် အခန်း၌ ကျွန်တော်တို့ ထိုင်ကြသည်။

တင်မောင်နောင်က စုံတွဲကဟန် ကိုယ်ကို နှစ်ပတ် သုံးပတ် လှည့် လိုက်ပြီးနောက် ကျွန်တော့်ဆီ လက်တစ်ဖက် ကမ်းပေး၏။

"စောထွေး. . . ရော့. . . နမ်းကြည့်စမ်း၊ ဘာနံ့လေး ရသလဲလို့"

"ထွတ်. . . ဘာလုပ်ဖို့လဲ"

"အံမယ်. . . ငါက အကောင်း ဒီအနံ့လေးများ မင်း ရဖူးသလား လို့၊ တော်တော်ကြာမှ ခဏခဏ လာရှူနေဦးမယ်"

"ဘာနံ့မို့ ငါက ရဖူးရမှာလဲ"

"စိန်ပန်းပြာနံ့ကလေး"

"တောက်တီးတောက်တဲ့၊ စိန်ပန်းပြာမှာ အနံ့မှ မရှိတာ"

"တင်စား ပြောတာကွ၊ စိန်ပန်းပြာနဲ့ တူသော မိန်းကလေးရဲ့ အနံ့၊ မိုးမိုးရဲ့ အနံ့၊ ကဲ. . . ရှင်းပြီလား"

"မိုးမိုးက ဘယ်က ပါလာရပြန်တာလဲ"

"ဘယ်က ပါလာသလဲ. . . ဆိုတော့၊ ဦးမျိုးဝင်းနဲ့ ပါလာတာ"

"ဘာရယ်. . ."

www.burmeseclassic.com

www.burmeseclassic.com



"ပါတီမှာ မိုးမိုးကို ဦးမျိုးဝင်းနဲ့ တွေ့တယ်၊ အဲ… သူ့အန်ကယ် ဆိုတာလည်း ပါတယ်၊ သူ့ညီမ ဝမ်းကွဲတွေလည်း ပါတယ်၊ အားလုံး အပျိုစား လေးတွေချည်းပဲ၊ ဘုရားစူး…"

"သူ့အုပ်ထိန်းသူတွေ ပါနေတာ ဘာလို့ မင်းက ဦးမျိုးဝင်းနဲ့ ပါလာ တယ်လို့ ပြောရသလဲ"

"ဟာ… အဲဒီမှာ မိုးမိုးကို အုပ်ထိန်းနေတာက သူ့အန်ကယ် မဟုတ် ဘူး၊ ဦးမျိုးဝင်းက… အုပ်ထိန်းတာမှ ရင်ခွင်ထဲကကို မလွှတ်တော့ဘူး"

ကျွန်တော်က ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသောအခါ တင်မောင်နောင် က ရှေ့တိုးလာပြီး ကျွန်တော့် ရင်ဘတ်ကို စမ်းကြည့်၏။

"ကျုတ်သေညီ… ဒါက ဘာလုပ်တာလဲလို့"

"မင့်နှလုံးကြီးများ ဂလုတ်ဆို ဖုတ်ခနဲ အောက်ကို ပြုတ်ကျသွား သလားလို့"

"တော်စမ်းပါ၊ ဒါထက် မိုးမိုးက မင်းကို နှုတ်ဆက်ရဲ့လား"

"နှုတ်ဆက်ရုံမကဘူး၊ ငါ့ကို အကတောင် သင်ပေးလိုက်သေးတယ်၊ ဟောဒီမှာ ကြည့် ဝမ်း…တူး…သရီး…ဖိုး၊ ဝမ်း…တူး…သရီး…ဖိုး စလိုးဖောက်စ်ကွ… အဟဲ"

တင်မောင်နောင်က ကကွက် နင်းပြပြီး ဆိုနေ၏။

ကျော်အုံ့က မေး၏။

"ဩော်… စောစောက မင်းလက်က အနံ့က မိုးမိုးဆီက အနံ့လား ဟုတ်လား"

"အေးလကွာ"

"ထဘီနံ့ပေါ့ ဟုတ်လား"

"ထွတ်… ငါက လက်ကလေးကို ကိုင်လာတာ၊ ပြီးတော့ ခါးလေးကို ဖက်လာတာ"

"ခါးဖက်တော့ ထဘီ ထိမှာပေါ့"

"အေး… ထိတော့ ဘာဖြစ်သလဲ၊ မိန်းကလေးတစ်ယောက်ရဲ့ ထဘီကို ထိချင်တိုင်း ထိလို့ရသလား၊ မင်းကော မြတ်ရဲ့ ထဘီနဲ့ ထိဖူးပြီလား"

ကျော်အုံ့က တင်မောင်နောင်ကို ခြေနှင့် ကန်၏။

ကျွန်တော်က နေရာမှ ထ၏။

"ကဲ… မင်း ပြောချင်တဲ့ စိတ်ဝင်စားစရာ ဆိုတာ ဒါပဲလား"



"ဟာ… နေဦးလေ… ပြောစရာ ရှိသေးတယ်"

"ပြောချင်လည်း မြန်မြန်ပြော၊ ညဉ့်နက်ပြီ"

ကျွန်တော် ပြန်ထိုင်သောအခါ တင်မောင်နောင်က မျက်နှာကို တည် လိုက်ပြီး လေးနက်သော ဟန်ဖြင့် ပြော၏။

"နှင်းနဲ့တုန်းကတော့ ငါ့ပယောဂ မကင်းဘူး၊ အခုကိစ္စမှာတော့ ငါနဲ့ မဆိုင်ဘူး၊ ဒါပေမဲ့… ပညာရှိ သူငယ်ချင်းကောင်းတို့ ဝတ္တရားနဲ့အညီ ငါ သတိပေးချင်တယ်၊ မင်း ရှိရှိသေသေ နားထောင်မလား"

"လျှာရှည်တဲ့ ကောင်… ပြောမှာ ပြောကွာ"

"ကျော်အုံ့က ဒီဇာတ်လမ်းကို သိပ်နားလည်မှာ မဟုတ်ဘူး။ ဒီလိုကွ၊ ဦးမျိုးဝင်းကို တောင်ကြီးကတည်းက တို့ တွေ့ခဲ့တာ၊ တို့ နားလည်ထားတာက မိုးမိုးရဲ့ အစ်မ သက်ကို လာချိန်နေတာ၊ ဒါပေမဲ့ ဒီမှာက မိုးမိုးနဲ့ လာနီးစပ်နေ တယ်၊ အဲဒါ ဘာအဓိပ္ပာယ်လဲ၊ အထူးသဖြင့် စောထွေး… မင်း စဉ်းစားရမယ်"

"ငါက ဘာလို့ စဉ်းစားရမှာလဲ"

"မင်းကလည်း မိုးမိုးနဲ့ တွဲနေတာ မဟုတ်လား"

"အေးလေ… အဲဒါ ဘာဖြစ်သလဲ"

"ဘာဖြစ်သလဲ ဆိုတော့… တစ်ခုခုကြီး ဖြစ်လာတတ်တယ်၊ အဲဒါ ကြီးကလည်း ကောင်းမယ့်ဟာကြီး မဟုတ်ဘူး၊ လူများက သတိပေးနေဟာ မဟုတ်ဘူး၊ တင်မောင်နောင်ကိုယ်တိုင် သတိပေးနေတာ"

ကျွန်တော်က နေရာမှ ထပြီး ပြောရ၏။

"မင်း သတိပေးတာကို ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ ဒါပေမဲ့ တစ်ခါက ငါ ပြောဖူးတဲ့ စကားကိုပဲ ပြန်ပြောမယ်၊ မိန်းကလေးတစ်ယောက် ဟာ ငါ့အတွက် ကြွက်ဖြူတစ်ကောင်ထက် ဘာမှ ပိုအဓိပ္ပာယ် မရှိဘူး၊ မပူ ပါနဲ့ သူငယ်ချင်း၊ ကဲ… ညဉ့်နက်ပြီ အိပ်မယ်"

အခန်းပြန်၍ ကျွန်တော်က မီးမှိတ်ပြီး အိပ်ရာဝင်သည်။

ဩော်… နက်ဖြန်တွင် ကြွက်ဖြူလေးနှင့် တွေ့ရဦးမည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၃

နောက်တစ်နေ့ နံနက်၌ ကမ္ဘာအေးစေတီလမ်းရှိ အိမ်သို့ ကျွန်တော် ကားနှင့် ရောက်သွားသောအခါ ယခင် တစ်ခါကကဲ့သို့ပင် မိုးမိုးက အဆင်သင့် စောင့်ကြို နေသည်။

သည်တစ်ခါတော့ အိမ်မှ ထွက်ကတည်းက ကားကို မိုးမိုး မောင်း သည်။

ကျွန်တော်က မိုးမိုးကို အကဲခတ်ကြည့်သည်။

မိုးမိုး၏ အသွင်မှာ ခါတိုင်းလောက် မလန်းဟု ကျွန်တော် ထင်သည်။ မျက်နှာကိုလည်း အထူး မှုန်ခြယ်သမထား၊ အစစ ကပိုကရိုနိုင်သည်။

"မိုး... ညက အိပ်ပျက်ထားသလား"

မိုးမိုးက ရုတ်တရက် မဖြေသေးဘဲ ပြုံးနေပြီးမှ ပြန်မေး၏။

"ညက ပါတီမှာ မိုးတို့နဲ့ တွေ့တာကို စာရေးဆရာကြီးက ပြန်ပြော သလား"

"အင်း..."

မိုးမိုးသည် ကားကို မှန်မှန်လေး ဆက်မောင်းနေသေး၏။ အတန်လေး ကြာမှ မေး၏။



"မြန်မာပြည်မှာ ခုလို ကကြတာကို ဝေဖန်ကြတယ် ဆိုတာ ဟုတ် သလား"

"အင်း... ဟုတ်တယ်"

"ယူကော ဝေဖန်သလား"

"ကိုယ့်အလုပ် မဟုတ်ဘူး ထင်တယ်"

"ယူက ကိုယ့်အလုပ် မဟုတ်ရင် ဘာကိုမှ စိတ်မဝင်စားဘူး ဟုတ်လား"

"ဟုတ်တယ်... ဒါပေမဲ့ ညက အိပ်ပျက်ထားလို့ မိုး ကားကောင်းကောင်း မောင်းနိုင်ပါ့မလားလို့တော့ ကိုယ် ပူနေတယ်"

"အို... မပူနဲ့၊ မိုး ကောင်းကောင်း မောင်းနိုင်ပါတယ်"

ကျွန်တော်တို့သည် မြို့တွင်း၌ တစ်နာရီကျော်မျှ လှည့်ပတ်မောင်းကြ သည်။

ဂရုစိုက် လေ့လာနေသော ကျွန်တော့်မျက်စိတွင် မိုးမိုး၏ လှုပ်ရှားမှု များ မသွက်လက်ကြောင်း မြင်ရသည်။

သိမ်ကြီးဈေးအရောက်၌ မိုးမိုးသည် ရွှေတိဂုံဘုရားလမ်းအတိုင်း ကားကို မြောက်ဘက်ဆီ ဦးတည်မောင်း၏။

"တော်ပြီလား၊ ပြန်တော့မလား"

"မဟုတ်ဘူး၊ မြို့ထဲ မောင်းရတာ နည်းနည်း ငြီးစီစီ ဖြစ်လာတယ်၊ လေကောင်းလေသန့် ရတဲ့ဘက် မောင်းရအောင်"

"သဘောလေ..."

ဘုရား ခြေတော်ရင်း အရောက်၌ မိုးမိုးက ကားကို ဘယ်ဘက် ချိုး၏။ ကန်တော်မင်ပန်းခြံထောင့် မရောက်တရောက်၌ မိုးမိုးသည် ကားကို လမ်းဘေးကပ်ပြီး ရုတ်တရက် ရပ်လိုက်၏။

"ဘာဖြစ်လို့လဲ မိုး"

မိုးမိုးသည် မဖြေဘဲ နဖူးလေးကို လက်ဖဝါးလေး တစ်ဖက်ဖြင့် အုပ်ပြီး ခေါင်းလေးကို ကားကူရှင် နောက်မှီပေါ် မှေ့တင်ထား၏။

"မိုး... ဘာဖြစ်သလဲ... ဟင်"

"မူး... မူး... တယ်"

အမှတ်မထင်ပင် ကျွန်တော့်ကိုယ်သည် မိုးမိုးနား တိုးကပ်သွားမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျရှင် နောက်မှီပေါ် တင်ထားသော မိုးမိုး၏ ခေါင်းလေးသည် လျှောလိမ့်လာပြီး ကျွန်တော့် ပခုံးပေါ် ရောက်လာ၏။

ဘာလုပ်ရမည်နည်း၊ ခေါင်းမှူးပြီး ကိုယ့်ပခုံးကို မှီလာသူအား ဘာလုပ်ရပါမည်နည်း။

ကျွန်တော် မသိပါ။ ငြိမ်ငြိမ်ထိုင်ရင်း မိုးမိုး၏ ခေါင်းလေးနှင့် မျက်နှာလေးကို ငုံ့ကြည့်နေမိသည်။

နှာခေါင်းကတော့ သိနေသည်။ မွှေးသည်ကို သိနေသည်။ ကြိုင်သည်ကို သိနေသည်။ ကိုယ်ကလည်း သိနေသည်။ နူးညံ့သည်ကို သိနေသည်။ ပျောင်းအိသည်ကို သိနေသည်။ ပူနွေးသည်ကို သိနေသည်။

မိုးမိုးက ကျွန်တော့် ညာဘက် ပခုံးပေါ် မှီနေခြင်း ဖြစ်သည်။ သည်တော့ ကျွန်တော့် ဘယ်လက်က အားနေသည်။

ကျွန်တော့် ဘယ်လက်က မိုးမိုး၏ ခေါင်းနှင့် ပါးလေးကို ယုယစွာ ပွတ်သပ်ပေးနေမိသည်။

အတန်ကြာသွားသည်၊ အတန်လေးကို ကြာသွားသည်။

မိုးမိုးက သက်ပြင်းလေး ရှူပြီး ခေါင်းကို ထူလိုက်၏။

"ဘယ့်နှယ် နေသေးသလဲ"

"နည်းနည်း . . နည်းနည်း သက်သာသွားပြီ"

ကျွန်တော်က မိုးမိုး၏ မျက်နှာလေးထက် အနီးကပ် စီးမိုးကြည့်ပြီး မေး၏။

"အိပ်ပျက်ထားရက်နဲ့ ဘာလို့ ကားမောင်းထွက်ရသလဲ"

"ယူနဲ့က ချိန်းထားတယ် မဟုတ်လား"

"ချိန်းထားပေမဲ့ နေမကောင်းရင် ပြောမှပေါ့"

"ပြောချင်ပေမဲ့ မိုး ဘယ်လိုလုပ် ပြောရက်ပါ့မလဲ"

"ဘာပြုလို့ မပြောရက်တာလဲ"

မိုးမိုးက မဖြေ၊ ကျွန်တော့်ကိုသာ ငေးငေးလေး စိုက်ကြည့်နေသည်။

ပထမ . . ကျွန်တော့်မျက်နှာက မိုးမိုး၏ မျက်နှာနှင့် ကပ်သွား၏။ နောက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .။

အနီးမှ ဖြတ်မောင်းသွားသော ကားတစ်စီးမှ ဟွန်းသံသည် ရူးရူးရှရှ ထွက်ပေါ်လာ၏။

မိုးမိုးနှင့် ကျွန်တော်သည် ကိုယ်ချင်းခွာလိုက်ကြ၏။



မိုးမိုးက သူ့လက်သီးဆုပ်လေးဖြင့် ကျွန်တော့်ရင်ဘတ်ကို မနာအောင် ထုသည်။

"သိပ်ဆိုးတယ် . . ယူ အားကြီး ဆိုးတယ် ဟွန်း . ."

"မိုး . . ကား ဆက်မောင်းဦးမလား"

"ဟင့်အင်း . . မိုး နည်းနည်း မူးနေသေးတယ်"

"ဒါဖြင့် နေရာချင်း လဲကြမယ်"

ကျွန်တော်တို့ နေရာချင်း လဲထိုင်ကြသည်။

"မိုး . . လေကောင်းလေသန့် ရှူမလား"

"အင်း . ."

"ပြည်လမ်းကို မောင်းမယ်နော်"

"အင်း . ."

သည်နေရာတွင် ကားမရှုပ်ပါ။ သည်တော့ ကျွန်တော်က ကားစတီယာရင်ကို လက်တစ်ဖက်တည်းဖြင့် ထိန်းမောင်းသည်။ အခြား လက်တစ်ဖက်ကတော့ ကျွန်တော့်ကိုယ်ကို ကပ်မှီနေသော မိုးမိုး၏ သေးသော သွယ်သော လှသော ခါးလေးကို ပွေ့ဖက်ထားပါသတည်း . . သတည်း . .။

www.burmeseclassic.com

www.burmeseclassic.com

**အမှိုင်း – ရေး**

## လမ်းပြလှည့်ပါ

ဘဝမြူနှင့် စိတ်သလာ
သောကမှောင် ကန္တာရ
လမ်းပြလှည့်ပါ။

အမုန်းတဲ့ သံသရာ
ညတာက ရှည်နိုင်လွန်း။

ငိုစည် ကြိုက်မှာမှ
မြင်လိုက်ကယ် မေတ္တာပွင့်ရယ်
မိုးမြင့်ခေါင်စွန်း။ ။

www.burmeseclassic.com

www.burmeseclassic.com

# ☞ အခန်း - ၂၄

မြန်မာပြည်၏ အခြားအရပ်ဒေသတို့တွင် နွေဦးအခါ၌ မိုးရွာခဲပါဘိခြင်း။ နွေဦးအခါ၌ အကျုံးဝင်သော သင်္ကြန်ကာလတွင် ထူးထူးကဲကဲ ရွာတတ်သော မိုးကို သင်္ကြန်မိုးဟူ၍ ထွတ်ထွက်မြတ်မြတ် သတ်မှတ် တန်ဖိုးထားကြသည်။

တောင်ထွတ်ဆီ တိမ်တိုးရာ တောင်ကြီးမြို့မှာတော့ နွေဦး၌ပင် မိုးမကင်းတတ်။ သဲသဲမဲမဲ ရွာသည်တော့ မဟုတ်။ လုလုပပလေး ရွာတတ်သည်။ ချစ်ဖွယ် နှစ်လိုဖွယ် ရွာတတ်သည်။

ချစ်ဖွယ် နှစ်လိုဖွယ် ရွာသော မိုးသည် ခဏ၌ပင် တိတ်သွားသည်။ သင်္ကြန်နှင့် ကြုံနေသောကြောင့် သင်္ကြန်မိုးဟု ခေါ်မည်ဆိုက ခေါ်နိုင်သည်။

စိန်ပန်းပြာတို့က မြို့လုံးကျွတ် ဝေအောင် ပွင့်နေကြပြီ။ ငုစပ်ပင်တို့ ထက်လည်း ပန်းရောင် ပွင့်ဆုပ် ပွင့်ခဲတို့ လှိုင်လှိုင်ဝင်းနေကြသည်။

ကျွန်တော်တို့ အိမ်၏ အခန်း စာရေးစားပွဲတွင် တင်မောင်နောင်က ဝတ္ထု ထိုင်ရေးနေသည်။ ကျွန်တော်က ခုတင်ထက် ပက်လက်လှန် လှဲရင်း ပြတင်းမှ လှမ်းမြင်ရသော စိန်ပန်းပြာနှင့် ငုစပ်များကို တစ်လှည့်၊ ကောင်းကင်ပြာနှင့် တိမ်ဖြူဖြူတို့ကို တစ်လှည့် ရည်ရွယ်ချက်မဲ့ ငေးကြည့်နေသည်။

"စောထွေးရေ..."

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲကွ..."

"ငါ ရေးထားတာ နားထောင်ကြည့်စမ်း၊ ဖတ်ပြမယ်"

"အေး... ဖတ်"

"ကိုယ့်အချစ်ဟာ မင်းအတွက် ပိတောက်ပမာ မဟုတ်ဘဲ စိန်ပန်းပြာပမာ ဖြစ်နေလေသလား၊ ခေါင်းမှာတော့ မဆင်ဘူး၊ မြေပြင်မှာ ခင်းပြီး ခြေနဲ့ နင်းမယ်ပေါ့၊ ပြီးတော့... ပန်းခင်းသော လမ်းမှာမှ လျှောက်သူလို့ ဂုဏ်ယူဦးမှာလား"

တင်မောင်နောင်က ရပ်လိုက်ပြီး ကျွန်တော့်ကို ကြည့်၍–

"ဘယ့်နှယ်လဲ" ဟု မေးသည်။

"ကောင်းတော့ ကောင်းတယ်၊ ဒါပေမဲ့ မင့်ဇာတ်လိုက်က ပျော့လိုက်တာကွာ"

"အဟဲ... ချစ်တာကိုးကွ၊ ချစ်ရင် ပျော့သွားတယ်၊ သိပ်ချစ်လေ... သိပ်ပျော့လေပဲ၊ ဒါကြောင့်လည်း အချစ်ဆိုတာဟာ ပျော့ညံ့မှုလို့ တချို့က သမုတ်ကြတာ၊ မှန်သင့်သလောက် မှန်တယ်ကွ"

"လာပြန်ပြီလား အချစ်အဘိဓမ္မာ၊ မင့်အချစ်အဘိဓမ္မာတွေတော့ ကြောက်ပါရဲ့ မောင်"

"ကြောက်တဲ့လူကလည်း တိုးလိုးတွဲလောင်းနဲ့"

"ဘာ တိုးလိုးတွဲလောင်းလဲ"

"မိုးမိုး ဆိုတဲ့ ဟာလေးလေ၊ ရန်ကုန်တုန်းကလည်း တိုးလိုးတွဲလောင်း၊ ဒီကျတော့လည်း တိုးလိုးတွဲလောင်း"

"ဟော့ကောင်... တော်တော် မင့်စာ မင်း ဆက်ရေး"

တင်မောင်နောင်က တဟဲဟဲ ရယ်နေပြီးမှ စာ ဆက်ရေး၏။

ကျွန်တော့် ခေါင်းတွင်း၌ အတွေးတွေ တစ်သီကြီး ဝင်လာကြသည်။

တစ်နှစ်... တစ်နှစ်ဟူသော အချိန်မှာ အိပ်မက် မက်လိုက်ရသည်ပမာ ဘာမျှ မကြာ။ သည်ကြားထဲ ဖြစ်ခဲ့သမျှတွေမှာလည်း အိပ်မက်ပမာတွေ၊ မမျှော်လင့်တာတွေ။

တောင်ကြီး ပြန်ရောက်တော့ အိပ်မက်မှ လန့်နိုးသူပမာ ဖြစ်ရသည်။

သည်မြို့၊ သည်အိမ်၊ သည်အခန်း၊ ပြီးတော့... ကိုကို... နောက်...

ခြံဝင်းအတွင်းသို့ ဂျစ်ကားတစ်စီး ဝင်လာသံ ကြားသည်။ ထို့နောက် ဒေါ်လေးနှင့် တစ်စုံတစ်ယောက် စကားပြောကြသံ ကြားရ၏။



မကြာမီ ဂျစ်ကား ပြန်ထွက်သွား၏။ တအောင့်အကြာ၌ အိမ်ဖော်မလေးက ကျွန်တော့်ကို လာခေါ်သည်။

"အစ်ကိုငယ်... ဒေါ်လေးက ခေါ်တာတဲ့"

ကျွန်တော်က ဒေါ်လေးဆီ လိုက်လာခဲ့သည်၊ ဒေါ်လေးကို မြင်ရသောအခါ ကျွန်တော့်မှာ ကိုယ့်မျက်စိကိုယ် မယုံမိ။

ထမင်းစားခန်း စားပွဲတွင် ဒေါ်လေးက ပိတောက်ပန်း တစ်ပုံကြီးနှင့် အလုပ်ရှုပ်နေ၏။

တောင်ကြီးမှာက ပိတောက်ပင် မရှိ။ ပန်းမြို့တော် ဆိုသော်လည်း ပိတောက်ပန်းကို မြင်ရရန် ခဲယဉ်းလှ၏။ ယခု မြင်ရသည်၊ မြင်ရပုံကလည်း တင်မောင်နောင် ပြောသကဲ့သို့ စိတ်ကူးမယဉ်တတ်၍ အပျိုကြီး လုပ်နေသော ကျွန်တော့် ဒေါ်လေးနှင့်...။

"ဒေါ်လေး... ပိတောက်ပန်းတွေ ဘယ်က ရလဲ"

"စိန်တင့်တို့ မိတ္ထီလာက အပြန် ယင်းမာပင်က ယူလာကြတာ၊ ခုနက လာပေးသံ မကြားဘူးလား၊ ဟဲ့... အငယ်... ပိတောက်ပန်းဆိုတာ မြင်ရခဲတယ်၊ ကြည့်စမ်း... လှလိုက်တာ"

"ဪ... ဒေါ်လေးလည်း ပိတောက်ပန်းကို ချစ်တယ် နော်"

"ဘာရယ်... ငါက ဘာကို ဘာဖြစ်တယ်"

"ဟိုဒင်းပါ... ဒေါ်လေးက ပိတောက်ပန်းကို နှစ်သက်သလားလို့"

"နှစ်သက်တာပေါ့တော့... နှစ်သက်လို့ ဒီမှာ ကိုယ်ကိုယ်တိုင် လုပ်နေတာ"

"ဒေါ်လေးက ပန်မလို့လား"

"သယ်... တောက်တီးတောက်တဲ့... ဘုရား တင်ဖို့ဟဲ့"

"ဒါတွေ အကုန်လုံး"

"ဒီလောက် အများကြီး ဘယ်အကုန် ဟုတ်မလဲ၊ တစ်ဝက် ခွဲပြီး နင့်ကို ပို့ခိုင်းမလို့"

"ဘယ်သူ့ဆီလဲ"

"သက်တို့အိမ်"

"ခင်ဗျာ..."

"သက်လေ... ဟို အရေးပိုင်ကြီး အဲ ဟုတ်ပေါင်... သံအမတ်ကြီးသမီး၊ နင်နဲ့ တွဲနေတဲ့ ကောင်မလေး အစ်မ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ အဲဒီ သက်ဆီ ဒေါ်လေးက ပိတောက်ပန်း ပို့ခိုင်းတယ်"

"ပို့ခိုင်းတာ ဘာဖြစ်သလဲ၊ ဘုရားတင်ဖို့ ကုသိုလ် ဝေတာ"

"ဟုတ်ပါပြီ... ဒါပေမဲ့ ကျွန်တော်တို့ ငယ်ငယ်တုန်းက..."

ကျွန်တော် စကားမဆုံး၊ သို့ရာတွင် ဒေါ်လေး နားလည်သွားပုံရသည်။

"ငယ်ငယ်တုန်းက ဟာတွေ မေ့ပစ်လိုက်၊ ဥပ္ပန္နာနံ့...ပါပကာနံ့... ပဟာနာယဝါယမော... တဲ့"

"အဲဒါ ဒေါ်လေး ဘာပြောတာလဲ"

"ပြီးတာ ပြီးပါစေလို့ ပြောတာ၊ ပြီးတော့... အဲဒီ သက်ဆိုတဲ့ ကလေးမက ရုပ်လှသလောက် စိတ်မြင့်တယ်၊ နင် သိရဲ့လား၊ လှတိုင်း စိတ်က မြင့်တာမျိုး မဟုတ်ဘူး"

"ဒေါ်လေးက ဘယ်လိုလုပ် သိသလဲ"

"ဟဲ့... သက်နဲ့ ငါ ရိပ်သာမှာ ခဏခဏ တွေ့တာ၊ တို့ တရားနာဖက်၊ တရားထိုင်ဖက်၊ အခု သက်က ငါ့မွေးမိတ်ဆွေ၊ နင် သိပြီလား"

ကျွန်တော် ဘာပြန်ပြောရမှန်း မသိ။ ဒေါ်လေးကိုသာ အံ့ဩစွာ ကြည့်နေသည်။

ထိုအခိုက် နောက်မှ–

"ဟယ်...ပိတောက်ပန်းတွေ" ဟု အော်သံနှင့်အတူ တင်မောင်နောင်လည်း ပေါ်လာ၏။

"ကဲ... သွားကြ သွားကြ၊ မင်းတို့ နှစ်ယောက် သွားပို့ကြ၊ ကုသိုလ် ရတယ် ရော့..."

ဒေါ်လေးက ပိတောက်ပန်း တစ်စည်းကို ကျွန်တော့်အား လှမ်းပေးသည်။

ကျွန်တော်က ကားဆီ ထွက်လာသောအခါ တင်မောင်နောင် ကပ်လိုက်ပါလာ၏။

"မင်း ဘယ်သွားပို့ရမှာလဲ"

"သက်... အဲ... မိုးမိုးတို့ အိမ်"

"အယ်... တယ်ဟုတ်လိုက်ပါလား၊ ငါ့လည်း နည်းနည်း ခွဲပေးစမ်းပါ"

"ဘာလုပ်မလို့လဲ"



"အဟီး... ငါ့မာတုကလျာကြီးအတွက်ပါကွာ"

"ကိုယ့်လူ... ဟုတ်မှလည်း လုပ်နော်၊ တော်တော်ကြာ ငါ့တာဝန်ဖြစ်နေဦးမယ်"

"ပူစရာ မဟုတ် ပူမနေစမ်းပါနဲ့ကွာ"

ကျွန်တော်တို့ ကားနှင့် ထွက်လာခဲ့ကြသည်။

ပထမ တင်မောင်နောင်ကို မမြန္တဲ့တို့ နေသော အောင်ချမ်းသာ ရပ်ကွက်၌ ချထားခဲ့သည်။ ပိတောက်ပန်း အချို့ကိုလည်း ခွဲပေးလိုက်သည်။ ထိုနောက် ကျွန်တော် တစ်ယောက်တည်း မြောက်ဘက်သို့ ကားဆက်မောင်းသည်။

မင်းလမ်းမကြီးပေါ်၌ ရေပက်သူ အနည်းငယ် ရှိနေကြသည်၊ ကျွန်တော်တို့ တောင်ကြီးမြို့ဌာနေ ယဉ်ကျေးမှုအရ သင်္ကြန်တွင်း၌ ဘုရားသွား ကျောင်းတက်သာ လုပ်ကြသည်။ လွန်ခဲ့သော လေး ငါးနှစ်ကအထိ သင်္ကြန်တွင်း ဝတ်ကောင်းစားလှနှင့် စိတ်ချလက်ချ သွားလာနိုင်သည်။ ယခုတော့ ပျက်စီးစပြုပြီ။ မျက်နှာပြောင်မှုနှင့် ရိုင်းစိုင်းမှုများ ကူးစက်လာစ,ပြုပြီ။

ကျွန်တော်က ကားမှန်များကို အလုံပိတ်ပြီး မောင်းလာခဲ့ရ၏။

သက်တို့ ခြံဝင်းအတွင်း ရောက်သောအခါ ကျွန်တော်က ကားပေါ်မှ ဆင်းပြီး ဟိုဟိုသည်သည် ကြည့်သည်။

ခါတိုင်းတော့ ကျွန်တော့်ကား ဝင်လာလျှင် မိုးမိုး ပြေးထွက်လာတတ်သည်။ ဟွန်းတီးရန် မလို။ ကျွန်တော့် ကားစက်သံကို မိုးမိုး မှတ်မိသည်။

ကျွန်တော့် မျက်လုံးများက ခြံတစ်ထောင့်ဆီ ရောက်သွား၏။

နှင်းဆီပင်တန်းများအနီး၌ သက်က ရပ်ပြီး ကျွန်တော့်ကို ကြည့်နေသည်။ လက်တစ်ဖက်တွင် ကတ်ကြေးလေးတစ်ခု၊ အခြားတစ်ဖက်တွင် ပလတ်စတစ် ခြင်းလေး တစ်ခု ကိုင်ထား၏။

ကျွန်တော်က ပိတောက်ပန်းစည်းကြီးကို ပိုက်လျက် သက်ဆီ လျှောက်သွား၏။

စိတ်က ဘာပဲပြောနေနေ... မျက်လုံးများက ခက်သည်။ သက်နှင့် ရင်ဆိုင်မိတိုင်း မျက်လုံးများက ခက်သည်။ ဘာကြောင့် ကြည့်ရသနည်း။ ဘာကြောင့် အသေးစိတ် မြင်ယောင်ကြည့်မိရသနည်း။ အယ့်... ကြည့်... ကြည့်... ကြည့်...။

www.burmeseclassic.com

www.burmeseclassic.com



ထဘီကတော့ ဆင်မြီ အဝါရောင်။ အကျီကလည်း ဝတ်မြဲ အဖြူ။ ဆံပင်ကလည်း တစ်ပတ်လျှို ချမြဲချလျက်။

ကျွန်တော့်လက်တွင်း ပန်းစည်းမှ ပိတောက်ပွင့်တွေက ရွှေဝါရောင် ဝင်းနေသည်။ သက်၏ အသားကလေးတွေကလည်း ရွှေဝါရောင် ဝင်းနေပါသည်။ သြော်. . . ကြည်လဲ့ရာတွင် သက်၏ အသားလေးတွေက သာပါသေး၏။ သာနေပါသေး၏။

ကျွန်တော့်ရင်တွင် ဝမ်းမနည်းစဖူး ဝမ်းနည်းမိသည်။

ဝတ္ထုတွေ ဖတ်ပြီး စိတ်ကူးယဉ်ခဲ့ဖူးသည်။ သည်လိုအချိန်. . . သည်လို သင်္ကြန်အချိန်မှာပါလေ။ ကိုယ်က ပိတောက်ပန်းစည်းကြီးကို ကိုင်ထားမည်။ ပြီးတော့ သူ့ကို ပေးမည်။ သူ. . . ဆိုတာက ကိုယ့်ချစ်သူ။ အနည်းဆုံး ကိုယ်က ချစ်နေရသူ၊ ချစ်ရသူ. . . လှသော ကိုယ့်ချစ်သူ. . . ။

သက်၏ အသံက ပေါ်လာသည်။

"သြော်. . . အငယ်ပါလား၊ ပိတောက်ပန်းစည်းကြီး ပိုက်ပြီး ပေါ်လာတဲ့ အငယ့်ကို မြင်ရတော့ မမသက် နှုတ်ဆက်ဖို့တောင် မေ့ပြီး အံ့သြသွားမိတယ်၊ မိုးမိုးကို လာပေးတာလား၊ ဟုတ်လား"

ကျွန်တော်က ခေါင်းခါပြသည်။

"အို. . . ဒါဖြင့် ဘယ်သူ့အတွက်လဲ"

"မမသက်ဖို့. . ."

"အို. . . မမသက်ဖို့"

သက်သည် မယုံကြည်နိုင်ဟန်ဖြင့် မျက်မှောင်လေးကို တွန့်ပြီး ကျွန်တော့်ကို ကြည့်သည်။

"ဟုတ်ပါတယ်. . . ဘုရားတင်ဖို့ ဒေါ်လေးက ပေးခိုင်းလိုက်တာပါ"

သက်က ကျွန်တော့် မျက်လုံးများအတွင်းသို့ ခေတ္တ စူးစိုက်ကြည့်နေသည်။ ပြီးမှ ဘာကို သဘောကျသည် မသိ၊ ပြုံးရယ်သည်။

"သြော်. . . ဝမ်းသာစရာကွယ်၊ ပေး. . . ပေး. . . မမသက်ကို ပေး"

ကျွန်တော်က ပိတောက်ပန်းစည်းကို သက်၏ လက်တွင် ထည့်ပေးလိုက်သည်။

"မိုးမိုးတော့ ဖေဖေနဲ့ ဟဲဟိုးလေယာဉ်ပျံကွင်းကို လိုက်သွားတယ်။ အငယ် အိမ်ထဲ ဝင်ထိုင်ပါဦးလား"

"ဟင့်အင်း. . . တော်ပါပြီ၊ ကျွန်တော် ပြန်ဦးမယ်"



ကျွန်တော်က ပြန်ရန် ကိုယ်ကို လှည့်လိုက်၏။

ထိုအခါမှ ခြံစည်းရိုးတွင် ကပ်စိုက်ထားသော အပင်နှစ်ပင်ကို မြင်မိသည်။

စွယ်တော်ပင်လေးတွေပါ။ ကျွန်တော် ကောင်းကောင်းမှတ်မိသော စွယ်တော်ဖြူပင်လေးတွေပါ။

ကျွန်တော့် ခြေလှမ်းသည် တစ်ချက် တုံ့ခနဲ ဖြစ်သွားသည်။ လူကိုလည်း သက်ဘက်သို့ ပြန်လှည့်မည် ကြံသည်။ သို့ရာတွင် မလှည့်ဖြစ်။

ကျွန်တော်က ကားပေါ် တက်ပြီး ပြန်မောင်းထွက်ခဲ့သည်။

မကျေနပ်. . . ။

ကိုယ့်ကိုယ်ကိုယ် မကျေနပ်။ ဘာကို မကျေနပ်မှန်းလည်း မသိ။

အောင်ချမ်းသာရပ်ကွက်ဆီ ပြန်မောင်းလာပြီး ကားကို မမြနွဲ့တို့၏ ခြံအပြင်ဘက် ကုန်းမော့မော့ တက်ရပ်လိုက်၏။

အိမ်အပေါ်ထပ်၌မူ တင်မောင်နောင်သည် သူ့ဘဝကို သူ အလွန် ကျေနပ်နေဟန် တူသည်။

ကြမ်းပြင်၌ ဖျာခင်းထားသည်။ ဖျာပေါ်တွင် ကျကျနန တင်ပလ္လင်ချိတ် ထိုင်ရင်း ဆေးပေါ့လိပ် လိပ်နေ၏။ အနီးတွင် မမြနွဲ့ကလည်း တည်ငြိမ်ကျန်ခဲ့ရှိစွာဖြင့် ဆေးပေါ့လိပ် လိပ်နေသည်။

သင်္ကြန်ရက်အတွင်းမို့ ဆေးလိပ်ခုံက ပိတ်ထားသည်။ သည်လိုအခါမျိုးတွင် မမြနွဲ့က အအားမနေဘဲ အိမ်တွင် ဆေးလိပ် လိပ်တတ်၏။

သည်တစ်ခေါက်တွင် တင်မောင်နောင်နှင့် မမြနွဲ့တို့ ခင်မင်ကြပြီ ဖြစ်သည်။ လူနှင့် ရောတတ်သော တင်မောင်နောင်သည် မမြနွဲ့ထံမှ ဆေးလိပ် လိပ်နည်းပင် သင်ယူတတ်မြောက်နေပြီ။ အားလပ်၍ သည်ကို လာလည်တိုင်း မမြနွဲ့ ဆေးလိပ် လိပ်နေသည်ကို တွေ့လျှင် ဝင်လိပ်တတ်သည်။ ပြီးတော့ ရယ်ကာမောကာ စကားပြောသည်။

ကျွန်တော်လည်း ဖျာပေါ်တွင် ဝင်ထိုင်၏။

"ဟော့ကောင်. . . ငါ အတော်လိပ်တတ်နေပြီ၊ မဆိုးဘူးဟော့။ ငါ ဘီအေ အောင်စာရင်း ထွက်ပြီး အလုပ်မရရင် မင့်ဒေါ်လေးဆီ အလုပ်လျှောက်ရမယ်"

"မင်းက ရှမ်းပြည်နယ်မှာ တစ်သက်လုံး နေနိုင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



"နေနိုင်ပါသဗျာ၊ နေနိုင်ပါသဗျ။ အိမ်ရှင်တွေကသာ မောင်းမထုတ်ရင်"

မမြနွဲ့ကမူ ပကတိ ရိုးသားစွာ ဝင်ပြော၏။

"မြနွဲ့တို့ ဒီကလူတွေက ဧည့်သည်ကို ဘယ်တော့မှ မောင်းမထုတ်တတ်ပါဘူး၊ စေတနာကောင်းပါတယ်ရှင်"

"အဲဒါလည်း ယုံပါတယ် ခင်ဗျ။ ဒါကြောင့်လည်း မနှစ်က တစ်ခေါက်လိုက်လည်မိတာနဲ့ လျှာလည်ပြီး ဒီနှစ်လည်း မနေနိုင်ဘူး၊ ပါလာရပြန်တာပဲ"

ကျွန်တော်က မမြနွဲ့ကို ကြည့်မိသည်။

တင်မောင်နောင်နှင့် ယှဉ်တော့ မမြနွဲ့ကပင် နုနေသေးသည်။ သနပ်ခါးရေကျဲ လူးထားသော မျက်နှာလေးက စိုဝင်းနေ၏။ ဩော်. . ခေါင်း၌လည်း ဝင်းသော ပိတောက်တစ်ခက်နှင့်။

ကျွန်တော်က တစ်စုံတစ်ရာကို သွားသတိရသည်။

"ဩော်. . . မမြနွဲ့. . . မေးရဦးမယ်၊ မမြနွဲ့က အခု သက်နဲ့တော်တော် ခင်သလား"

"ခင်တယ်လေ၊ သက်ဟာ အင်မတန် ခင်ဖို့ကောင်းတဲ့ မိန်းမတစ်ဦး၊ မာန်မာနလည်း လုံးဝမရှိဘူး"

"စေတီတော်ကုန်းပေါ်မှာ ဘာလို့ စွယ်တော်ပင် လာစိုက်ထားတယ်လို့ သက်က မမြနွဲ့ကို ပြောမပြဘူးလား"

မမြနွဲ့သည် ခေတ္တတွေတွေလေး ဖြစ်သွားပြီးမှ–

"ပြောပြပါတယ်လေ" ဟု ဆို၏။

"ဘာလို့တဲ့လဲ"

မမြနွဲ့က သက်ပြင်းလေး ရှိုက်လိုက်၏။

"ကိုထွန်းနောင်ကို ရည်စူးပြီး စိုက်ထားတာတဲ့"

"ဘာ. . . ကိုကို့ကို ရည်စူးပြီး. . ."

"ဟုတ်တယ်၊ သက်က ပြောပြတယ်။ ကိုထွန်းနောင်နဲ့ သက်ဟာ ငယ်ငယ်တုန်းက သူငယ်ချင်းတဲ့၊ ပြန်တွေ့ကြတဲ့ အချိန်မှာလည်း အခင်အမင်မပျက်ဘူးတဲ့၊ သက်က သစ်ပင် ပန်းပင် စိုက်တာ ဝါသနာပါမှန်း သိတော့ တစ်နေ့မှာ ကိုထွန်းနောင်က စွယ်တော်ပင်ပေါက်ကလေး ၅ ပင် ပေးခဲ့သတဲ့၊ သက်ကလည်း သူတို့ ခြံထဲမှာ စိုက်ထားသတဲ့၊ မမျှော်လင့်ဘဲ ကိုထွန်းနောင်ဆုံးသွားတော့ သက်ဟာ သိပ်စိတ်ထိခိုက်သတဲ့လေ၊ ဒါနဲ့. . စွယ်တော်ပင်လေး



တစ်ပင်ကို ကိုထွန်းနောင်ရဲ့ ဂူဘေးမှာ ပြောင်းစိုက်သတဲ့၊ တစ်ပင်ကိုတော့ ပေါဒီဘုရားမှာ လာစိုက်ထားတယ်။ သစ်ပင်ဆိုတာဟာ ထာဝရကုသိုလ်တဲ့၊ ကျေးငှက်တွေလည်း နေနားရတယ်။ လူတွေလည်း အရိပ်ခိုရတယ်။ ဘုရားရင်ပြင်တော်မှာ ဆိုတော့ ပွင့်ရင် ဘုရားကို တင့်တယ်အောင် ပူဇော်ရာလည်း ရောက်သတဲ့။ ဒီသစ်ပင်ရဲ့ မူလပိုင်ရှင် ကိုထွန်းနောင်ဟာ ဒီကုသိုလ်ကြောင့်ဖြစ်လေရာ ဘဝမှာ အေးချမ်းအောင်တဲ့"

မမြနွဲ့ ပြောသည်ကို နားထောင်နေရင်း တင်မောင်နောင်က ကျွန်တော့်ကို လှမ်းကြည့်နေသည်။ သူ့အသွင်က မမြနွဲ့ တစ်ဆင့် ပြောပြသော သက်၏အကြောင်းပြချက်တို့အပေါ် ကျေနပ်နေပုံရ၏။

"တစ်ခု ထပ်မေးရဦးမယ်၊ ကိုကို သေရတာဟာ သက်နဲ့ ဆက်စပ်နေမယ်လို့ မမြနွဲ့ မထင်ဘူးလား"

"အို ရှင်. . . ဘာလို့ ထင်ရမှာလဲ"

"ကိုကိုဟာ မသေခင်ကလေးမှာ သက်နဲ့ ပြန်တွေ့ခဲ့တာပဲ မဟုတ်လား"

"ဟုတ်တယ်လေ. . . ဒါပေမဲ့ သက်ဟာ ယောကျ်ားတစ်ယောက်ကို ဒုက္ခရောက်အောင် လုပ်မယ့် မိန်းမမျိုး မဟုတ်ဘူး၊ ဒါကိုတော့ မြနွဲ့တို့ မိန်းမချင်း တစ်ယောက်စိတ် တစ်ယောက် နားလည်တတ်တယ်၊ ကိုစောထွေးတို့ နားလည်မှာ မဟုတ်ဘူး"

ကျွန်တော့်စိတ်တွေ ပို၍ရှုပ်သွားသည်။ ဘာဆက်မေးရမှန်း မသိတော့။

ကားဟွန်းသံတစ်ခု ပေါ်လာသည်။ ကျွန်တော် ကောင်းကောင်း မှတ်မိသော ကားဟွန်းသံ ဖြစ်၏။

အိမ် ပြတင်းဝမှ ကျွန်တော် ထကြည့်သောအခါ ကောင်ဆယ်လ်ကားပြာကြီးကို တွေ့ရ၏။

မိုးမိုး တစ်ယောက်တည်း အိမ်ပေါ် တက်လာ၏။

"ယူ လာသွားတယ်လို့ မမက ပြောလို့ ဟဲဟိုးက ပြန်ရောက်ရောက်ချင်း မိုး လိုက်လာခဲ့တာ၊ အိမ်ရောက်သေးတယ်၊ ဒေါ်လေးက ပြန်မရောက်သေးဘူး၊ ဒီဘက် လာတတ်တယ် ဆိုလို့ မိုးဘာသာ ဆက်လိုက်လာတာ၊ ယူ့ကားဆိုက်ထားတာ မြင်တော့ အိမ် သိတာပေါ့"

မိုးမိုးသည် ဖျာပေါ် ဝင်ထိုင်၏။ ထိုနောက် ကျကျနန တင်ပလ္လင်ချိတ်ကာ ဆေးလိပ် လိပ်နေသော တင်မောင်နောင်ကို အံ့ဩဟန် ကြည့်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… ကိုတင်မောင်နောင်ကြီးက ဆေးလိပ်လည်း လိပ်တတ်တယ်၊ ဘယ်ဆိုးလို့တုံး"

"ဒါပေါ့… အတွေ့အကြုံ ဆိုတာ ဘာမဆို ရရင် ယူထားရတယ်"

"အင်းပေါ့လေ… စာရေးဆရာကြီးကိုး"

တင်မောင်နောင် မျက်စိမျက်နှာ ပျက်သွား၏။ မမြနွဲ့က အံ့သြဟန်ဖြင့် ရုတ်တရက်ကြီး မေးသည်။

"ဘယ်သူလဲ၊ စာရေးဆရာကြီး"

"ကိုတင်မောင်နောင်လေ… မသိဘူးလား။ တက္ကသိုလ်မိုးမြင့်သူနောင်တဲ့"

တင်မောင်နောင် မြန်လှ၏။ လိပ်လက်စ ဆေးလိပ်ကို ချပြီး အိမ်ပေါ်မှ တစ်ချိုးတည်း ဆင်းပြေးသည်။

မိုးမိုးသည် နားမလည်နိုင်ဟန်ဖြင့် ကျွန်တော့်ကို ကြည့်ပြီး မေး၏။

"ကိုတင်မောင်နောင်ကြီး ဘာဖြစ်သွားတာလဲ"

"အင်း… ဟို… ဟို… ဒီကောင်က သူ စာရေးဆရာဆိုတာ လူတိုင်းကို အသိမပေးဘူး၊ ဟိုဒင်း… ရှက်တတ်တယ်"

မမြနွဲ့က ခေါင်းငုံ့ပြီး မျက်လွှာချထား၏။ မမြနွဲ့၏ ပါးများလည်း နီရဲနေသည်။

"ကဲ…မိုးရေ… ပြန်ကြစို့၊ ဒီကောင့်နောက် လိုက်ဦးမယ်"

မမြနွဲ့ကို နှုတ်ဆက်ပြီး မိုးမိုးနှင့် ကျွန်တော် ဆင်းလာခဲ့ကြသည်။

ကားတွေနား ရောက်မှ ကျွန်တော့်အနား ကပ်ပြီး မိုးမိုးက တိုးတိုး ပြောသည်။

"ယူ မိုးကို စိတ်ကောက်မနေပါဘူး နော်"

"ဘာကို စိတ်ကောက်ရမှာလဲ"

"ဟိုဒင်းလေ… ယူ အိမ်လာတော့ မိုးကမှ မရှိဘဲ"

"ဒါက မိုးက ကိစ္စနဲ့ သွားတာပဲဟာ၊ ဒါထက် မိုးတို့ ဘယ်သူ့ သွားကြိုကြတာလဲ"

"အစ်ကိုမျိုးကိုပါ၊ မမကလည်း မလိုက်ဘူး။ ဖေဖေ တစ်ယောက်တည်းမို့ မိုး လိုက်သွားရတာ"

"အင်းပါလေ… ကိုယ်က ဘာကန့်ကွက်လို့လဲ"



"ဒါဖြင့် ပြီးရော၊ ညနေကျ အိမ်က စောင့်နေ၊ မိုး လာခဲ့မယ်။ တောင်ခြေ မီးတားလမ်းမှာ လမ်းလျှောက်ကြရအောင်"

"ကောင်းပြီလေ၊ ကိုယ် စောင့်နေပါ့မယ်"

မိုးမိုးက ကားပြာကြီးကို မောင်းထွက်သွား၏။

ကျွန်တော့် အိမ်ဘက် ကားမောင်း ပြန်လာစဉ် စိန်ပန်းပြာများကို လမ်းတစ်လျှောက် တွေ့ရသည်။

မိုးမိုးကို တွေ့တွေ့ချင်း တင်မောင်နောင် ချခဲ့သော မှတ်ချက်ကို သတိရမိ၏။

စိန်ပန်းပြာနှင့်တူသော မိန်းကလေး။

www.burmeseclassic.com

# အခန်း - ၂၅

လှပသာယာသော တောင်ကြီး၏ နွေရက်များလည်း နေလိုက်ရမှန်း မသိဘဲ တစ်စ တစ်စနှင့် ကုန်ဆုံးသွားသည်။

စိန်ပန်းပြာတွေလည်း တုံး၊ ငုစပ်တွေလည်း ပျောက်၍ မိုးခြိမ်းပန်းများ ထွက်နေသော ညနေ၌ မနှစ်တုန်းကကဲ့သို့ပင် တင်မောင်နောင်နှင့် ကျွန်တော်တို့သည် ကားမစီးဘဲ လမ်းလျှောက်လာနေကြသည်။

ရန်ကုန် မပြန်မီ တင်မောင်နောင်က ဝတ္ထုရှည်တစ်ပုဒ် ရေးပြီးသွားသည်။

အောင်စာရင်းတွေ ထွက်ပြီးပြီ။ ကျော်အုံ့လည်း ဘီအေ နောက်ဆုံးနှစ် အောင်သည်။ တင်မောင်နောင်လည်း အောင်သည်။

တင်မောင်နောင်က အစိုးရ လခစား ဝင်မလုပ်ဘဲ စာရေးခြင်းဖြင့် အသက်မွေးတော့မည်ဟု စိတ်ဒုန်းဒုန်းချ ဆုံးဖြတ်သည်။ ယခုလည်း တောင်ကြီးမှ မပြန်ခင် ကိစ္စတစ်ရပ်ကို အပြီးအပြတ် ရှင်းမည် ဆိုပြီး ကျွန်တော်နှင့်အတူ မမြနွဲ့တို့ အိမ်ဘက် လျှောက်လာကြခြင်း ဖြစ်လေသည်။

ကျွန်တော်က မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မေးသည်။



"တင်မောင်နောင်ရယ်. . . မင်း မမြနွဲ့ကို တကယ် ချစ်တာလား"

"ငါက အလကား အလကား ချစ်တတ်တဲ့ ကောင် မဟုတ်ဘူးကွ"

"ဟုတ်မှလည်း လုပ်ပါကွာ။ မင်း စိတ်ကူးယဉ်ပြီး နတ်သျှင်နောင် အရှူးထတာတော့ မဟုတ်ပါဘူးနော်"

"ဒုက္ခပါပဲ၊ မင်းကတောင် မယုံတော့ မမြနွဲ့ ယုံအောင် ငါ ဘယ်လို ပြောရမလဲ မသိဘူး။ တစ်သက်နဲ့ တစ်ကိုယ် ပထမဆုံး ငါ သေချင်လိုက်ပါရဲ့ အဟင်း. . ."

ကျွန်တော်က တင်မောင်နောင်၏ မျက်နှာကို အကဲခတ်ကြည့်သည်။

သည်ကောင့် မျက်နှာ ညှိုးနေသည်။ သည်ကောင်က ယခင် မျက်နှာ ညှိုးဖူးသူ မဟုတ်။

"အေးပါကွာ. . . ယုံပါတယ်၊ ဒါထက် ဟိုရောက်ရင် ငါ အိမ်ပေါ် မတက်တော့ဘူးနော်"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ငါ တစ်ယောက်တည်း အိမ်ပေါ် ဘယ် တက်ရဲမလဲ"

"မင်းကို မမြနွဲ့က ကန့်မချုပါဘူး။ ငါပါ ပါလာတော့ မင်း ဘာလုပ်မလဲ၊ ငါ့ ငုတ်တုတ် ရှေ့ထုတ်ပြီး မင်းက ရည်းစားစကား ပြောမလို့လား"

"အေ. . . အာ. . . အဲ. . . အဟီး ဟုတ်သားပဲ"

မမြနွဲ့တို့ အိမ်ရှေ့ ရောက်သောအခါ ကျွန်တော်က ပြောသည်။

"မင်း သွားတော့၊ ငါ့ မေးရင် လွမ်းစေတီဘက် ခဏသွားတယ်လို့ ပြော ကြားလား"

တင်မောင်နောင့်ကို ထားခဲ့ပြီး ကျွန်တော်က လွမ်းစေတီကုန်းဆီ တက်ခဲ့၏။

ကုန်းပေါ် ရောက်မှ မြင်ရသည်။ သြော်. . . သည်ကုန်းထက် ကျွန်တော့် အရင် စောင့်ရောက်သူ တစ်ဦးက ရှိနှင့်ပြီ။

ကုန်းနံရံမှ ကျောက်ဖျာသဏ္ဍာန် ကျောက်စွန်းကြီးတစ်ခုက ထွက်နေသည်။ ယင်း၏ တစ်ဖက် အဖျားတွင် သက်က ထိုင်နေ၏။

သက်က ကျွန်တော့်ကို မြင်ဟန် မတူ။ ကျွန်တော်ကသာ သက်ကို ဘေးတိုက် မရှိတရှိ ခပ်စောင်းစောင်းလေး မြင်ရသည်။

သက်က အနောက်ဘက်ဆီသို့ ငေးကြည့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခုလို နေဝင်ချိန်မျိုး၌ အနောက်ဘက် ကောင်းကင်သည် ရောင်မျိုးစုံ တတ်၏။ မိုးဦးအခါ ဆိုပြန်တော့ ပို၍ ရောင်မျိုးစုံသည်။

တောင်ထိပ်စောင်းတွင် ထိုင်နေသော သက်ဆီသို့ ရောင်မျိုးစုံသည် လွှတ်လပ်စွာ လာ၍ ဟပ်နေသည်။ သက်၏ နားမှ နားကပ်ရှိ စိန်ပွင့်ကလေးမှ လည်း ပြိုးပြက်သော ရောင်ပြန်တို့ ဝင်းလက်ကွန့်ထွက်နေကြသည်။

သည်အခါတော့ သက်သည် ပွင့်ခက်အနက် သေးသေးလေးတွေ ဖော်ထားသည့် စိမ်းပြာရောင် မရင့်တရင့် ပိုးပျော့ထဘီကို ဝတ်ထားသည်။ အင်္ကျီကတော့ အဖြူပင်၊ အင်္ကျီဖြူပေါ်မှာ အပြာနုရောင် ရင်ခွဲဆွယ်တာလေးကို ထပ်ဝတ်ထား၏။

မြင်ရသည်မှာ ရင်အေးပါဘိတော့သည်။ ငေး၍ ကြည့်မိအောင် လှ ပါဘိတော့သည်။

ကျွန်တော် သက်ဆီသို့ တည့်တည့် ဆက်လျှောက်သွားသည်။

သက်က အံ့ဩဟန်ဖြင့် မျက်တောင်ကော့ကြီးများကို လှန်ကာ ကျွန်တော့်ကို စိုက်ကြည့်နေသည်။

ကျွန်တော်က သက်၏ အနီးသို့ ချဉ်းကပ်သွား၏။ သက်၏ အနီး၌ ကပ်၍ပင် ကျောက်ဖျာပေါ် ထိုင်လိုက်၏။ ပြီးတော့ ဦးအောင် ပြုံး၍ပင် ပြ လိုက်သေး၏။

သက်ကလည်း ဖြည်းညင်းစွာ ပြန်ပြုံးပြ၏။ နားကပ်မှ စိန်ပွင့်ကလေး လိုပင် အရောင် ဝင်းဝင်းလက်သည့် သွားလေးတွေ ပေါ်အောင် ပြန်ပြုံးပြသည်။

သက်နှင့် ဤကဲ့သို့ မထိုင်စဖူး အတူတွဲထိုင်မိတော့ ခံစားမှုများ၏ ခြားနားခြင်းကို ထူးဆန်းစွာပင် ကျွန်တော် သတိပြုမိသည်။

နှင်းနှင့်အတူ တွဲထိုင်မိစဉ်က ခံစားမှုမျိုးနှင့်လည်း မတူပါ။ မိုးမိုးနှင့် အတူ ပူးကပ်ပွေ့ဖက်နေရစဉ် ခံစားမှုမျိုးနှင့်လည်း မတူပါ။ ဩော်. . . သက်ကို ကြွက်ဖြူလေးတစ်ကောင်ကဲ့သို့လည်း ရှုကြည့်၍ မရ. . . မရ. . .။

ကျွန်တော်က အေးချမ်းတည်ငြိမ်စွာဖြင့် စ စကားပြောသည်။

"မမသက်ကို ကျွန်တော် စကားပြောချင်တယ်၊ အေးအေးဆေးဆေး စကားပြောချင်တယ်၊ အေးအေးဆေးဆေး စကားပြောခွင့်ကလည်း မရခဲ့ဘူး၊ ကျွန်တော့်စိတ်တွေ ပူလောင်နေတုန်း၊ ကျွန်တော့်စိတ်တွေ ရိုင်းနေတုန်းမှာပဲ ပြောမိလျက်သား ဖြစ်ဖြစ်နေတယ်၊ အခု ကျွန်တော် အေးအေးဆေးဆေး ကောင်းကောင်းမွန်မွန် ပြောမယ်၊ မမသက် နားထောင်မလား"



"နိဒါန်းပျိုးလှချည်လား အငယ်ရယ်၊ ဒါပေမဲ့ ဒီနိဒါန်းကိုတော့ မမသက် ကြိုက်တယ်၊ ပြောပါ. . . အငယ် အေးအေးဆေးဆေး ပြောမယ်ဆိုတဲ့ စကားကို မမသက်လည်း နားထောင်ချင်ပါတယ်"

"ဒီလိုဆို ပြောပါ့မယ်၊ ပြောရမယ့် အကြောင်းက ကျွန်တော်လည်း မပြောချင်ဘူး၊ မမသက်လည်း နားထောင်ချင်မှာ မဟုတ်ဘူး၊ ဒါပေမဲ့ မပြော မပြီး မတီး မပြည့်တဲ့၊ ပြောရတော့မှာပဲ၊ ကိုကို့အကြောင်းလေ. . . ကိုကို သေရတဲ့ အကြောင်း၊ တည့်တည့် ပြောပါမယ်လေ။ ကိုကိုဟာ မသေခင် မမသက်နဲ့ ပြန်တွေ့ခဲ့တယ်၊ ရိုးရိုးတွေ့တာ မဟုတ်ဘူးလေ၊ ဟောဒီနေရာလေးမှာ မကြာခဏ လာလာတွေ့ကြတယ်၊ အဲဒီလို တွေ့နေတဲ့ကြားထဲက ကိုကိုဟာ သူ့ကိုယ်သူ သတ်သေသွားတယ်၊ ဒါတွေကိုသိတဲ့ ကျွန်တော်ဟာ ဘာကောက်ချက် ချရမလဲ၊ တစ်ခုတည်းသော ကောက်ချက်ကိုပဲ ချရတော့တယ်"

စကားကို ခေတ္တ ရပ်လိုက်ပြီး ကျွန်တော်က သက်ကို လှည့်ကြည့် သည်။ အံ့ဩဖွယ်ရာပင်. . . သက်က မတုန်လှုပ်ပါ။ ကျွန်တော့်ကို ငေးငေး လေး ပြန်ကြည့်နေသည်။

"ကျွန်တော့် ကောက်ချက်ဟာ ဘာလဲ့ဆိုတာ ဖွင့်ပြောရဦးမလား မမသက်၊ ဖွင့်ပြောရလို့ရှိရင် ကျွန်တော့်စကားဟာ ရိုင်းတော့မယ်၊ အခု ကျွန်တော် မရိုင်းချင်ဘူး မမသက်"

"အငယ် ဖွင့်မပြောပါနဲ့လေ၊ မမသက်ကပဲ ဖွင့်ပြောပါမယ်၊ မမသက် ဟာ ကိုထွန်းနောင်ကို လှည့်စားနေခဲ့တယ်၊ အဲဒီ လှည့်စားမှု ပေါ်တဲ့အချိန်မှာ ကိုထွန်းနောင်ဟာ သူ့ကိုယ်သူ သတ်သေသွားတယ်၊ အငယ်က ဒီလို ထင်တယ် မဟုတ်လား"

ကျွန်တော်က မဖြေ။ ကျွန်တော် ပြောရမည့် စကားတွေကို သက်က ပြောပေး၍ ကျေးဇူးတင်မိသေးသည်။

"အငယ် အံ့ဩမလား။ အငယ် ထင်မိတာဟာ မလွန်ဘူး၊ ဘာပြုလို့ လဲ ဆိုတော့ မမသက်ကလည်း ဒီလိုပဲ ထင်နေမိတာကိုး"

"ခင်ဗျာ. . . မမသက်ကလည်း ဒီလိုပဲ ထင်တယ်"

"အငယ် နားရှုပ်သွားပြီလား၊ အစကပဲ မမသက် ရှင်းပြမယ်၊ မမသက် ဟာ တောင်ကြီး ရောက်ကတည်းက ဒီနေရာလေးကို မှန်မှန် လာလေ့ရှိတယ်၊ နှစ်သက်လို့လည်း လာတယ်၊ စိတ်ဖြေဖို့လည်း လာတယ်၊ အငယ် ကြည့်လေ. . . ဒီမှာက စေတီ၊ ဟိုမှာက ကျောင်းတိုက်၊ ဟိုမှာက ကမ္ဘဌာန်းကျောင်း၊ ဟော

www.burmeseclassic.com

www.burmeseclassic.com



ဟိုဆီမှာကတော့. . . လွင်ပြင်ရယ်၊ တောင်တန်းပြာရယ်၊ မိုးကုပ်စက်ဝိုင်းရယ်၊ ကောင်းကင်ရယ်၊ တောရိပ် တောင်ရိပ် သဘာဝရိပ်နဲ့ ခမ္ဘရိပ်တွေ၊ စိတ်ဖြေချင်သူအတွက် ဘာလိုသေးသလဲ''

သက်နှင့် အေးအေးဆေးဆေး သည်တစ်ကြိမ်သာ စကားပြောဖူးသေးသည်။ သက် စကားပြောပုံက နားထောင်ကောင်းသည်။ စကား အသုံးလေးတွေက လှပသည်။

''မမသက်က ဘာကို စိတ်ဖြေချင်တယ် ဆိုတာလည်း ပြောရဦးမယ်၊ ဖေဖေဟာ သံအမတ်ကြီးလို့ အငယ်တို့ သိကြတယ်၊ ဒါပေမဲ့ ဒုက္ခရောက်လာခဲ့တဲ့ သံအမတ်ကြီး၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့ သံအမတ်ကြီးမှန်းတော့ လူတိုင်း မသိကြဘူး။ တိုတိုပဲ ပြောပါမယ်၊ ဖေဖေ အုပ်ချုပ်တဲ့ သံရုံးကြီးမှာ ငွေရေးကြေးရေး အရှုပ်တွေ ဖြစ်ခဲ့တယ်၊ ဖေဖေဟာ မြန်မာပြည် ပြန်အခေါ်ခံရပြီး ရာထူး အချခံရတယ်၊ တံတွေးခွက် ပက်လက်မျောခဲ့ရတယ် ဆိုပါတော့၊ နောက်တော့. . . တကယ် တာဝန်ရှိတဲ့ ပထမအတွင်းဝန်ကတော့ ထောင်ထဲသွားရတယ်၊ ဖေဖေ့ကိုတော့ ပင်စင်. . . ဖွတ်ပင်စင်ပေါ့ကွယ် ပေးလိုက်ကြတယ်''

သက်၏ အသံလေးတွင် ဝမ်းနည်းမှုအဟုန် လွှမ်းနေကြောင်း ကျွန်တော် သတိပြုမိ၏။

''တက်ကြွား ကြွကြွ မြင့်လွန်းက လျှောကျ နောက်ဆုံး ရှိချေ၏ ဆိုတဲ့ သံဝေဂစကားကို ငယ်ငယ်ကတည်းက မမသက် ကြားဖူးတယ်။ ကိုယ်တွေ့ကြုံမှ လျှောကျရခြင်းရဲ့ ဒဏ်ဟာ ဘယ်လောက် ပြင်းတယ်ဆိုတာ သိလိုက်ရတယ်၊ ဥပမာကွယ်. . . ကိုမျိုးဝင်းတို့ ဆိုပါတော့။ ကိုမျိုးဝင်းနဲ့ မမသက်ကို ပေးစားဖို့ နှစ်ဖက်ဆွေမျိုး မိဘတွေက သဘောတူထားကြတယ်၊ တရားဝင်တော့ မစေ့စပ်ရသေးပါဘူး။ မမသက်တို့ ဒုက္ခဖြစ်တော့ သူ့မိဘဆွေမျိုး အသိုင်းအဝိုင်းက နောက်ဆုတ်သွားကြတယ်၊ ကိုမျိုးဝင်း တစ်ယောက်တော့ မပါရှာပါဘူးလေ၊ သူကတော့ မမသက်ကို ချစ်ရှာပါတယ်၊ ခက်တာက စကတည်းက မမသက်ဟာ သူ့အပေါ် ချစ်တယ်လည်း မဟုတ်ဘူး၊ မချစ်ဘူးလည်း မဟုတ်ဘူး။ မိဘ သဘောတူသူ အဖြစ်ပဲ လက်ခံထားတယ်၊ မိဘကို ဆန့်ကျင်ဖို့လည်း မမသက် တစ်ခါမှ စိတ်မကူးခဲ့ဖူးဘူး''

သက်က လေအေးလေးနှင့် ဆက်ပြောနေရာ ကျွန်တော်က စိတ်ဝင်စားလာ၏။ ဦးမျိုးဝင်း၏ အမည် ပါလာသောကြောင့် စိတ်ဝင်စားလာ၏။



''အခု အားလုံး ကိစ္စတွေ ပြီးတော့ မမသက်နဲ့ ကိုမျိုးဝင်းတို့ရဲ့ လက်ထပ်ရေးကိစ္စဟာ ပြန်ပေါ်လာတယ်၊ သူ့မိဘဆွေမျိုးတွေကလည်း ခုတော့ အင်း. . . စိုပြီးတဲ့လက် မခြောက်အောင် ဆိုသလိုပေါ့လေ၊ မမသက်ကို ပြန်လက်ခံနိုင်တယ် ဆိုတဲ့ သဘော၊ ဒီလို ဖြစ်လာပြန်တယ်၊ မမသက်ကတော့ ကြောက်သွားပြီ၊ သူတို့ကိုလည်း ကြောက်သွားပြီ၊ ဒီလောကဆိုတာကိုလည်း ကြောက်သွားပြီ၊ လောကဆိုတာထက် လူတွေကိုပေါ့၊ ပြီးတော့ တာဝန်ပိုင်းကလည်း ဝင်လာတယ်၊ မမသက်တို့မှာ မေမေ မရှိတာ ကြာပြီ၊ ဖေဖေကလည်း ခုတော့ ဒွေးနဲ့ဥပဒ် ရောပြီး နှလုံးရောဂါကြီးနဲ့။ မမသက် မပြုစုရင် ဘယ်သူ ပြုစုမလဲ၊ အမှန်ပြောရရင် လင်သားကိုထက် အဖေကိုပဲ မမသက် ပြုစုနေချင်တော့တယ်၊ ပြုစုလည်း နေတာပဲလေ၊ အဲ. . . အားတဲ့ အချိန်လေးတွေမှာတော့ ဒီနေရာမှာ ခုလိုပဲ လာလာထိုင်နေတတ်တယ်၊ ပုတီးစိပ်တဲ့အခါလည်း စိပ်ပေါ့၊ သမာဓိလွတ်ပြီး ငေးတဲ့အခါလည်း ငေးပေါ့၊ အဲဒီလို လာရင်း ဒီမှာ ကိုထွန်းနောင်နဲ့ ပြန်တွေ့ကြတာပဲ''

အကောင်းဆုံး အပိုင်း ရောက်မှ သက်က စကားကို ဖြတ်ထားပြန်သည်။ အားမလိုအားမရ ဖြစ်ရင်း ကျွန်တော်က ငြိမ်နေရ၏။

''မမသက်တို့ ဒီမှာ စကားပြောကြတယ်၊ ငယ်ငယ်တုန်းက အကြောင်းတွေ ပြောကြတယ်၊ သစ်ပင် ပန်းပင်တွေအကြောင်း ပြောကြတယ်၊ ကိုထွန်းနောင်ဟာ အင်မတန် ရိုးသားတည်ငြိမ်တယ်၊ ငယ်ငယ်ကတည်းက သက်အပေါ် ကောင်းခဲ့ရှာတယ်၊ ဒါကိုတော့ အငယ်လည်း သိပြီးသားပါ၊ မမသက် ထပ်မပြောတော့ပါဘူး။ မမသက် သူ့ကို အိမ်ကို ဖိတ်ပါတယ်၊ ဒါပေမဲ့ ဘာဖြစ်လို့လဲ မသိဘူး၊ သူ မလာဘူး၊ သူ့အိမ်ကိုလည်း မမသက်ကို မဖိတ်ဘူး။ ဒါကိုတော့ မမသက် နားလည်ပါတယ်၊ ငယ်ငယ်တုန်းက ဖြစ်ခဲ့တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဒေါ်လေးဟာ သက်တို့ကိုကော၊ သက်တို့ မိဘတွေကိုကော သိပ်မုန်းခဲ့ဖူးတယ် မဟုတ်လား။ မမသက်ကို အိမ်မှာ လက်ခံနိုင်ပါ့မလား၊ ပြောရဦးမယ်၊ ဒေါ်လေးရဲ့ သဘောကို မသိတာမို့ ကိုထွန်းနောင်ကို သင်္ဂြိုဟ်တုန်းကတောင် သက် လူမသိ သူမသိအောင် မထင်မရှား လိုက်ပို့ခဲ့တယ်''

''ဒါပေမဲ့ အဲဒီတုန်းက မမသက်ကို ကျွန်တော် တွေ့ခဲ့တယ်၊ မမသက်မှန်းတော့ မသိဘူးပေါ့''

''ဟုတ်လား. . . အင်းလေ. . . တွေ့နိုင်တာပေါ့၊ မမသက် ဆက်ပြောဦးမယ်၊ ကိုထွန်းနောင် မသေမီလေးမှာ ကိုမျိုးဝင်း လိုက်လာတယ်၊ ထိုညနေ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီကုန်းတော်ဆီ မမသက် မရောက်ဘူး၊ ဟောဟိုက ကျောင်းတိုက်က ဆရာတော်ဆီ ဖေဖေက အဖူးလာတော့ မမသက်ရော ကိုမျိုးဝင်းရော ပါလာကြတယ်၊ မမသက်တို့ကို ဒီကုန်းပေါ်ကနေ ကိုထွန်းနောင် လှမ်းမြင်သွားတယ်၊ မမသက်လည်း ဒီဘက် မရောက်တာ တစ်ပတ်လောက် ကြာသွားတယ်။ နောက် ရောက်တော့ ဆုံမိတဲ့အခါမှာ ခါတိုင်း စပ်စပ်စုစု မလုပ်တတ်တဲ့ ကိုထွန်းနောင်က မေးတယ်၊ ကိုမျိုးဝင်းဟာ ဘယ်သူလဲတဲ့၊ မမသက်လည်း သဘောရိုးနဲ့ မမသက်နဲ့ လူကြီးတွေ သဘောတူထားတဲ့ လူလို့ ပြောလိုက်မိတယ်၊ အဲဒီနေ့ပြီး မမသက်တို့ ထပ်မတွေ့မိကြဘူး။ သုံးရက်လောက် ကြာတော့ ကြားတာပဲ၊ ကိုထွန်းနောင် သူ့ကိုယ်သူ သတ်သေသွားပြီလို့''

သက်၏ စကားအဆုံးသတ် အသံမှာ ဆွေးဆွေးမြည့်မြည့်လေးနိုင်၏။ ကျွန်တော်က သက်၏ မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်ပြီး စူးစမ်းမိ၏။

အထူးတော့ ဘာမျှ မတွေ့ပါ။ ဝမ်းနည်းရိပ် လွှမ်းသော တည်ငြိမ်သည့် မျက်နှာလေးပါ။

''အစတော့ ဘာရယ် မသိဘူး၊ ထိတ်လန့်အံ့သြတာနဲ့ ဝမ်းနည်းတာပဲ၊ နောက်တော့မှ တဖြည်းဖြည်း တွေးကြည့်မိတယ်၊ ဖွင့်သာ မပြောတယ်၊ ကိုထွန်းနောင်ဟာ မမသက်ကို ချစ်နေသလား၊ သူနဲ့ မကြာခဏ ဒီမှာ ဆုံတွေ့တာကို ဘယ်လိုများ မျှော်လင့်ချက် အခြေခံအဖြစ် သူ့ရင်ထဲမှာ မှတ်ယူသွားသလဲ၊ အဲဒီလိုဆိုတော့. . သူ ခုလို ဖြစ်သွားရတာဟာ မမသက်ရဲ့ ပယောဂကင်းရဲ့လား။ မမသက်ကို သံသယတွေက နှိပ်စက်တယ်၊ အခုအထိ နှိပ်စက်နေတုန်းပဲ၊ ဖြစ်ရလေတယ်၊ ဒီလိုမှန်း သိရင်. . .''

သက်သည် စကားမဆုံးဘဲ ရပ်ပစ်လိုက်၏။

''ဒီလိုမှန်း သိရင် ဘာဖြစ်သလဲ မမသက်''

သက်က သက်ပြင်းလေး ရှိုက်လိုက်၏။

''ဒီလိုမှန်းသိရင် သူ့ကို မမသက် ယူပါမယ်၊ ယူလိုက်ပါ့မယ်''

''ဘာ. . . မမသက် ဘာပြောတယ်၊ ကိုကို့ကို ယူလိုက်မယ်၊ မမသက်က ကိုကို့ကို ချစ်. . . ချစ်. . . လို့လား ဟင်''

သက်က ဝမ်းနည်းပမ်းနည်း ပြုံးပြီး ခေါင်းခါပြ၏။

''ချစ်တယ်. . . ဒီစကားရဲ့ အဓိပ္ပာယ်က ဘာလဲ၊ အငယ်ကော ရေရေလည်လည် သိသလား၊ လူတွေအားလုံးကော သိကြရဲ့လား၊ မမသက်တော့ မသိဘူး၊ မမသက် ပြောတာက လူရဲ့ အသက်တစ်ချောင်းကို မြတ်နိုးတာပါ၊



မမသက်ကို မရလို့ သူ သေမယ်ဆိုတာ တကယ် သိရင် သူ့အပေါ် မမသက် မရက်စက်နိုင်ဘူး၊ လူတိုင်းကိုတော့ မဟုတ်ဘူးလေ၊ ကိုထွန်းနောင်အတွက် ပြောတာ၊ ငယ်သူငယ်ချင်းအဖြစ် ခင်မင်ပြီး သူ့အတွက် ပြောတာ''

သက်သည် နေရာမှ ထ၏။ မပြုံးမရယ်ဘဲ ကျွန်တော့်ကို စိုက်ကြည့်ပြီး ပြော၏။

''အငယ့်ကို ဒီနေ့ ဒီစကားတွေ ပြောလိုက်နိုင်လို့ မမသက် ဝမ်းသာတယ်၊ မမသက်ကို အငယ် အထင်လွဲတယ်၊ မလွဲတော့ဘူး ဆိုတာက စိတ်မရှိနဲ့နော်၊ မမသက်အတွက် အကျိုး အပြစ် ဘာမှ လာမဖြစ်ဘူး၊ အဲဒါတွေက အငယ့် ပစ္စည်းတွေ၊ အငယ့်စိတ်ရဲ့ ပစ္စည်းတွေ၊ အကျိုးအပြစ်ဟာ သိမ်းပိုက်ထားတဲ့ ပစ္စည်းရှင်နဲ့သာ ဆိုင်တယ်၊ အငယ့်ကိုလည်း သံယောဇဉ် ရှိလို့ အဲဒီ သတိကိုတော့ မမသက် ပေးလိုက်တယ်၊ ကဲ. . . မမသက် သွားပြီနော်''

သက်သည် အေးချမ်းစွာ ပြောပြီး အေးချမ်းစွာဖြင့် ကုန်းတော်ပေါ်မှ ဆင်းသွား၏။

မတုန်မလှုပ်နှင့် ကျွန်တော် ငိုင်ကျန်ရစ်၏။ အတန်ကြာမှ စက်ရုပ်ကြီး လှုပ်သကဲ့သို့ လှုပ်ပြီး ကျွန်တော်လည်း ကုန်းတော်ပေါ်မှ ဆင်းလာခဲ့၏။

မမြနွဲ့တို့ အိမ်ပေါ်၌ တင်မောင်နောင်က ဣန္ဒြေရရနှင့် ဆေးပေါ့လိပ် လိပ်နေ၏။ မနီးမဝေး၌ မျက်လွှာချရင်း မမြနွဲ့ကလည်း ဆေးလိပ် လိပ်နေ၏။

ကျွန်တော်တို့ ခေတ္တ စကားစမြည် ပြောကြသည်။

နေဝင်စ,၌ မမြနွဲ့ကို နှုတ်ဆက်ပြီး ကျွန်တော်တို့ ပြန်လာခဲ့ကြ၏။

လမ်းတွင် ကျွန်တော်က မေး၏။

''ဘယ်လိုလဲ. . . အဆင်ပြေသလား''

''အင်း. . . အဟင်း. . . ဆက်ရန် ရှိသေးသည်''

''ဘယ်လို ဆက်ရန် ရှိသေးသည်လဲ''

''မမြနွဲ့က သူ့အနေနဲ့ မယုံနိုင်အောင်ဘဲလည်း ဂုဏ်လည်း ယူမိတယ်တဲ့၊ သူ့အနေနဲ့က စဉ်းစားရမှာမို့ တစ်နှစ် အချိန်ပေးပါတဲ့၊ ငါလည်း တစ်နှစ်တိတိ ပြန်စဉ်းစားပါဦးတဲ့၊ အင်း. . . ဆိုးတော့ မဆိုးဘူး''

''ဘာမဆိုးတာလဲ''

''ဒီကြားထဲ အလွမ်းဝတ္ထု နှစ်ပုဒ် သုံးပုဒ် ရေးနိုင်တာပေါ့''

''ဟာ. . . အကောင်းမှတ်လို့ နားထောင်နေတာ''

www.burmeseclassic.com

www.burmeseclassic.com



"အကောင်း ပြောတာပဲ၊ ဒါထက် မင်းက ခဏဆို ကုန်းတော်ပေါ် ကြာလှချည်လား"

"အေး. . . ငါ သက်နဲ့ တွေ့ပြီး စကားတွေ ပြောခဲ့တယ်"

"ဘာတွေ ပြောခဲ့သလဲ"

"ဘာတွေ ပြောခဲ့တယ်ဆိုတာ နောက်မှ ပြောပြမယ်၊ အခုတော့ ငါ့ရင်ထဲမှာ သံသယနှစ်ခုဟာ လွန်ဆွဲနေတယ်"

"ဘာသံသယလဲ"

ကျွန်တော်က သက်ပြင်းရှိုက်ပြီး ဝန်ခံမိ၏။

"ငါဟာ မေတ္တာရှင်တစ်ဦးရဲ့ အမှန်စကားတွေကိုပဲ ကြားခဲ့ရသလား၊ ဒါမှမဟုတ် တန်ခိုးကြီးလှတဲ့ မာယာရှင်တစ်ဦးရဲ့ စိတ်အညို့ကို ခံခဲ့ရသလား၊ ငါ မသိဘူး. . . တင်မောင်နော် ငါ မသိဘူး"

# အခန်း - ၂၆

ခါတိုင်းနှစ် တက္ကသိုလ်ကြီး ပြန်ဖွင့်၍ အဆောင်ကို ပြန်ရောက်လျှင် ကျွန်တော် အလွန်ပျော်ရွှင်သည်။

ယခုနှစ်၌တော့ မပျော်ရွှင်၊ ရင်က ဟာပြီး အထီးကျန်ဘဝ ခံစားမှုက လွှမ်းကဲနေသည်။

ကျွန်တော့် မူလအခန်းကို ကျွန်တော် ပြန်ရပါသည်။ သို့ရာတွင် လက်ဝဲဘက် အခန်း၌ တင်မောင်နော် မရှိတော့သကဲ့သို့ လက်ယာဘက် အခန်း၌ ကျော်အုံ့ မရှိတော့ပြီ။ သူတို့ကား ဘီအေ အောင်ခဲ့ပြီးပြီ ဖြစ်သောကြောင့် အဆောင်သို့ ပြန်လာရန် မလိုတော့ပြီ။ ဂုဏ်ထူးတန်းသမား ဖြစ်သူ ကျွန်တော်သာ တစ်နှစ် ပိုနေရဦးမည်။

နောက်ဆုံးနှစ် ဂုဏ်ထူးတန်းသမားဟူသည် ကျောင်းသူ ကျောင်းသားချင်း အထင်တကြီးဖြင့် မော့အကြည့်ခံရသည်မှာ မှန်သည်။ မောင်မယ်သစ်လွင်လေးတွေက လူမှားကာ ဆရာဟု အခေါ်ခံရသည်မှာလည်း မှန်သည်။ သို့ရာတွင် အတန်းတက်ဖော် မရှိဘဲ တစ်ခါတစ်ရံ ပျင်းရိဖွယ် ရှိလှသည်။

ဖွင့်လ၏ စနေနေ့ တစ်နေ့လယ်တွင် ဘွဲ့နှင်းသဘင်လမ်းအတိုင်း လူမှုရေးသိပ္ပံ အဆောက်အအုံကြီး ရှိရာသို့ ကျွန်တော် လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်တန်း အများမှာ စနေနေ့တွင် နေ့တစ်ဝက်နှင့် ပြီးသောကြောင့် တက္ကသိုလ်နယ်မြေမှာ ခြောက်သွေ့နေသည်။

လူမှုရေးရာသိပ္ပံ အဆောက်အအုံကြီး၏ လူသူရှင်းသော စင်္ကြံအတိုင်း လျှောက်လာပြီး စိတ်ပညာဌာန၏ ဓာတ်ခွဲခန်းအတွင်းရှိ စာသင်ခုံရှည်တစ်ခုတွင် ကျွန်တော် ဝင်ထိုင်သည်။ ဆရာ ဦးသောင်းထိုက်သည် ကျွန်တော့်အတွက် သင်တန်းကို အထူးတစ်ခန်း မယူဘဲ ဓာတ်ခွဲခန်းတွင်း၌သာ ပို့ချလေ့ရှိသည်။

တစ်ချက်ထိုးတိတိတွင် အခန်းတွင်းသို့ ဆရာ ဝင်လာပြီး စားပွဲတွင် ထိုင်၏။

"မောင်စောထွေး.. နေ့တုန်းက ဆရာ ပေးလိုက်တဲ့ စာအုပ်တွေ ဖတ်လို့ ပြီးရဲ့လား၊ တောင်ကြီးမှာ ဆိုတော့ စာဖတ်လို့ ကောင်းမှာပေါ့"

"ဖတ်ပါတယ် ဆရာ၊ ဦးနှောက်တော့ တော်တော်လည်တယ်၊ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ ဆိုတာဟာ အရင် ကြားဖူးနားဝတုန်းကတော့ လွယ်သလို ရှင်းသလိုပဲ၊ အခု တကယ်လိုက်ရတော့ နားလည်သလိုလို၊ နားမလည်သလိုလို နဲ့"

"ပါမောက္ခဖရွိုက်ဟာ နက်နဲတဲ့ စိတ်ရဲ့ သဘောတစ်ရပ်ကို တွေ့သိခဲ့တယ်၊ သူ သိသမျှကို ကြိုးစားပြီး ရှင်းပြခဲ့တယ်၊ ခက်တာက သိမှုတွေကို စကားနဲ့က လွဲပြီး ကျန်တာနဲ့ ရှင်းစရာ မရှိဘူး၊ လူ့လောကမှာ ရှိတဲ့ စကားတွေကလည်း သိမှုမှန်သမျှကို ရှင်းပြနိုင်အောင် ပြည့်စုံလုံလောက်ခြင်း မရှိသေးဘူး၊ စကားလုံး ဆင်းရဲခြင်း ဒုက္ခဟာ ရှိနေတယ်။ အထူးသဖြင့် စိတ်နဲ့ ပတ်သက်တဲ့ စကားလုံး ဆင်းရဲမှုဟာ ကြီးတယ်။ ဆရာ့ရဲ့ ကျေးဇူးရှင် ဆရာကြီး တစ်ဦး ဖြစ်တဲ့ ကိုလံဘီယာတက္ကသိုလ်က ကမ္ဘာကျော် စိတ်ပညာရှင်ကြီး ကလိုင်းဘတ်ဂ်က ဝန်ခံဖူးတယ်၊ စိတ်နဲ့ ပတ်သက်တဲ့ စကားလုံး ဆင်းရဲမှုမှာ အနောက်နိုင်ငံ ဘာသာစကားတွေဟာ ပိုမွဲတယ်တဲ့၊ အရှေ့တိုင်း ဘာသာစကား တွေက ပိုကြွယ်တယ်တဲ့၊ ဖရွိုက်ရဲ့ သီအက်ရီတွေကို လေ့လာရာမှာ ဒီအချက်ကို အထူးသတိထားရမယ်"

ဤသို့ နိဒါန်းခံပြီးနောက် ဆရာ ဦးသောင်းထိုက်သည် သင်တန်း ပို့ချမှုကို စသည်။

"ခွဲခြမ်းစိတ်ဖြာ စိတ်ပညာရဲ့ အသေးစိတ်ကို မောင်စောထွေးဘာသာ လေ့လာသင်ယူရမယ်။ ဆရာကတော့ အရေးကြီးတဲ့ ဝေဖန်သုံးသပ်မှုကို မေး



မယ်၊ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာမှာ (၁) အချက်အလက်ပိုင်းနဲ့ (၂) သီအက်ရီ ပိုင်းလို့ နှစ်ပိုင်း ရှိတယ်၊ အချက်အလက် အပိုင်းကို ဆရာ အရင်ရှင်းပြမယ်။

လူဟာ သိတယ်လို့ ယေဘုယျ လက်ခံထားကြတယ်၊ ကိုယ် ဘာလုပ်တယ်၊ ဘာကြောင့် လုပ်တယ်၊ ကိုယ် ဘာဖြစ်နေတယ်၊ ဒါကို လုပ်တိုင်း ဖြစ်နေတိုင်း လူဟာ သိတယ်လို့ ရှေးကကော.. ဒီနေ့အထိ သာမန်လူတချို့က ကော ယုံကြည်ထားကြတယ်။

စိတ်ရောဂါရှင်အချို့ဟာ တစ်ခုခုကို လုပ်တယ်၊ ဒါပေမဲ့ ဘာကြောင့် လုပ်မှန်း မသိဘူး၊ ကိုယ့်ရင်ထဲမှာ တစ်ခုခု ဖြစ်နေတယ်။

အဲဒါကို ဘာဖြစ်နေမှန်း မသိဘူး၊ တစ်ခါတလေ ဖြစ်နေတာက တစ်ခု၊ ဖြစ်နေတယ် ထင်မိတာက တစ်ခု၊ ဒီသဘောဟာ စိတ်ရောဂါရှင်တွေ မှာတွင် မကဘူး၊ သာမန်အားဖြင့် လူကောင်းလို့ သတ်မှတ်ထားတဲ့ လူတိုင်း ထဲက လူတွေမှာလည်း ရှိနေတယ်။ ပါမောက္ခဖရွိုက်ဟာ အဲဒီတွေ့သိမှု ရခဲ့ တယ်။ အရေးအကြီးဆုံး အခြေခံ အချက်ကြီးပဲ။

လုပ်တယ်၊ မသိဘူး။ ဘာကြောင့် မသိလဲ၊ တစ်စုံတစ်ခုက ဖုံးလွှမ်း ထားတယ်။ အဲဒီ ဖုံးလွှမ်းခြင်းကို မသိခြင်းလို့ ဖရွိုက်က ခေါ်တယ်၊ မသိခြင်း ထဲမှာ ရှိနေတဲ့ ဆန္ဒတွေ၊ စေ့ဆော်မှုတွေကို မသိစိတ်လို့ ခေါ်တယ်၊ မသိစိတ် ဆိုတာကို သဘောတစ်ခုအတွက် ဖော်ပြဖို့ ထွင်ထားတဲ့ နာမည်တစ်ခု။ စကား တစ်ခုအဖြစ်ပဲ မောင်စောထွေး နားလည်ထားရမယ်၊ ဒီ့ထက် ဘာမှ မပိုလိုက်နဲ့။

မသိစိတ် ဖွဲ့စည်းပုံ၊ ဆက်လက် တည်မြဲရပုံ၊ အလုပ်လုပ်ပုံတွေကို ရှင်းရတဲ့အခါမှာ ဖရွိုက်ဟာ အချက်အလက် နယ်ပယ်ကနေ လွန်ပြီး သီအက်ရီ နယ်ပယ်ထဲ ကူးရတော့တယ်။ လစ်ဘီဒို၊ အစ်ဒ်၊ အီဂို။ ဆူပါအီဂို၊ စတဲ့ ဝေါဟာရကြီးတွေကို ထွင်ရတော့တယ်။ အားသဘောတွေ၊ အားပြောင်းလဲမှု သဘောတွေ၊ အားငုပ်တဲ့ သဘောတွေ၊ အားစိမ့်ယိုမှု သဘောတွေ၊ အားအသွင် ပြောင်းတဲ့ သဘောတွေ၊ အားဦးတည်ချက် လွှဲတဲ့ သဘောတွေ စသဖြင့်တွေ ကို အလုပ်ဖြစ်ကြောင်း တွေးဆချက်တွေအဖြစ် အသုံးပြုရတော့တယ်။ အဲဒီ အပိုင်းမှာတော့ ဖရွိုက်ကို ဝေဖန်စရာတွေ ရှိတယ်။ ဖရွိုက် ပြောတာတွေမှာ ပယ်စရာတွေ ရှိတယ်၊ အချက်အလက်နဲ့ သီအက်ရီ ရောယှက်ရှုပ်ထွေးမှု အပြစ်တွေ ရှိနေတယ်၊ မောင်စောထွေး ဦးနှောက်လည်တာဟာ ဒီအပိုင်းမှာပဲ ဖြစ်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်သမျှ ရှင်းကြည့်လိုက်ရအောင်၊ ဖုံးလွှမ်းခြင်းတွေဟာ စင်စစ်တော့ ခံစားမှုတွေပဲ၊ ထိတ်လန့်မှုတွေ၊ ကြောက်ရွံ့မှုတွေ၊ ရှက်မှုတွေ၊ နာကြည်းမှုတွေ၊ လိပ်ပြာမလုံမှုတွေ၊ အကုသိုလ် အပြစ်တင်မှုတွေ၊ အဲဒီသဘောတွေပဲ၊ ဗုဒ္ဓ စိတ်ပညာမှာလည်း အဲဒီသဘောတွေကို ခြုံငုံခေါ်နိုင်တဲ့ စကား ရှိတယ်။ ကုက္ကုစ္စ . . တဲ့၊ နောင်တ တစ်ဖန် ပူပန်ခြင်းလို့ အဓိပ္ပာယ်ရှိတယ်။ မရှိတော့တဲ့၊ မဟုတ်တော့တဲ့၊ မမှန်တော့တဲ့ တစ်စုံတစ်ရာအတွက် ပူပန်တာပဲ။

အဲဒီခံစားမှုတွေရဲ့ ဇာစ်မြစ်ကို လိုက်ရှာရင် ကလေးဘဝမှာ သွားတွေ့တယ်၊ ကိုယ်မှာ ဒဏ်ရာ ရသွားသလို စိတ်မှာ ဒဏ်ရာရသွားတဲ့ အဖြစ်တစ်ခုခုကို သွားတွေ့တယ်၊ စိတ်ဒဏ် ရခဲ့တယ်ပဲ လွယ်ကူအောင် ဆိုကြရအောင်၊ စိတ်ဒဏ်ဟာ လူကြီးဘဝအထိ ပါလာတယ်၊ စိတ်ဒဏ်ကို ဖြစ်စေလိုက်တဲ့ အကြောင်းတွေဟာ လူကြီးတစ်ယောက်ရဲ့ ရှုထောင့်က ကြည့်ရင် အသေးအဖွဲလေးတွေပဲ၊ လူကြီးတစ်ယောက်သာ ဆိုရင် ကြောင်းကျိုးမှန်ကန်တဲ့နည်းနဲ့ ဖြေရှင်းလိုက်မှာပဲ၊ ကလေးအတွက်ကတော့ သိပ်ကြီးကျယ်နေတယ်၊ ဖြေရှင်းနည်းမှန်ကိုလည်း မသိဘူး၊ ဒိဋ္ဌဓမ္မ ပြဿနာကို ဖြေရှင်းရမယ့်အစား စိတ်ဒဏ်ကို သက်သာစေမယ့် စိတ္တဇ အကာအကွယ်တွေ လုပ်တော့တယ်၊ စိတ္တဇ အကာအကွယ်သာ ဖြစ်တဲ့ အပြု၊ စိတ္တဇအကာကွယ်သာ ဖြစ်တဲ့ အပြော၊ စိတ္တဇအကာကွယ်သာ ဖြစ်တဲ့ အတွေး၊ စိတ္တဇ အကာအကွယ်သာ ဖြစ်တဲ့ အမြင်၊ အဲဒါတွေကိုသာ သိမ်းပိုက်ထားတော့တယ်၊ ကာလရှည်ကြာတော့ မူလ အကြောင်းတရားတွေဟာ ပျောက်သလို ဖြစ်ပြီး သိမ်းပိုက်ထားတာတွေပဲ လူမှာ ကျန်ရစ်တော့တယ်။ အဲဒီလို သိမ်းပိုက်ထားမိတဲ့ အပြု၊ အပြော၊ အတွေး၊ အမြင်တွေဟာ ဒိဋ္ဌဓမ္မလောကနဲ့ မလျော်မကန် ဖြစ်နေတော့ သိမ်းပိုက်ထားသူဟာ စံလွဲသူ ဖြစ်လာတယ်။ အရူး မဟုတ်ပေမဲ့ စိတ်ကျန်းမာမှု ချို့တဲ့သူ ဖြစ်လာတယ်''

ကျွန်တော်က ဆရာ၏ ပို့ချရှင်းလင်းမှုကို မှတ်စု လိုက်ရေးနေသည်။ ဆရာ၏ နောက်ဆုံးစကားကို ကြားလိုက်ရချိန်၌ ကျွန်တော့် နှလုံးသည် ဒိတ်ခနဲ ခုန်သွား၏။ လက်များလည်း မသိမသာ တုန်လာသည်။

ဆရာကမူ ဆက်ရှင်းနေ၏။

''ဖရွိုက်ရဲ့ အဲဒီ တွေ့ရှိချက်ကို သင်ယူခြင်း သီအက်ရီထောင့်က ကြည့်ရင် သင်ယူမှု မှားယွင်းခြင်းလို့ အဓိပ္ပာယ်ဖွင့်နိုင်တယ်၊ လူအများ နားလည်တဲ့ စကားနဲ့ သုံးရရင် အမှတ်မှောက်မှားခြင်းပဲ၊ ဗုဒ္ဓ စိတ်ပညာမှာလည်း



သဘောတစ်ခု ရှိတယ်၊ ဝိပ္ပလ္လာသလို့ ခေါ်တယ်၊ ဝိပ္ပလ္လာသတရား သုံးပါး ရှိတယ်၊ ဒိဋ္ဌိဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ သညာဝိပ္ပလ္လာသတွေ ဖြစ်တယ်၊ သညာဝိပ္ပလ္လာသကိုပဲ ရှင်းပြမယ်။ မှောက်မှောက်မှားမှား အမြဲအစွဲ မှတ်မှုကို ဆိုတယ်၊ ကာလ ကြာမြင့်ရင် ကြာမြင့်တဲ့အလျောက် အလွန်နိုင်မြဲတယ်၊ ဖြေဖျောက်ပယ်ဖျက်ခြင်းငှာ အလွန်ခဲယဉ်းတယ်လို့ အနုတ္တဒီပနီကျမ်းမှာ လယ်တီဆရာတော်ဘုရားကြီးက ဆိုထားတယ်။

ဖရွိုက်ဟာ အဲဒီတွေ့ရှိချက်တွေ၊ တွေ့ရှိချက်ပေါ် သုံးသပ်ရာက ရရှိတဲ့ သီအက်ရီတွေ၊ ဒါတွေမှာ အခြေခံပြီး ကုသနည်းတစ်ရပ်ကို တီထွင်အသုံးပြုခဲ့တယ်၊ နည်းရဲ့ အမည်ကတော့ လွတ်လပ်စွာ ဆက်စပ်နည်းလို့ ခေါ်တယ်၊ အဓိက ဘာလုပ်သလဲ ဆိုတော့ စိတ်ဝေဒနာရှင်ကို စကားပြောနိုင်းတာပဲ၊ လွတ်လပ်စွာ အချုပ်အတည်း မရှိ၊ အဟန့်အတား မရှိ စကားပြောနိုင်းခြင်း ဖြစ်တယ်။ မယဉ်ကျေးဘူးလို့ ထင်တာတွေ၊ အဆီအငေါ် မတည့်လို့ ထင်တာတွေ၊ အသေးအဖွဲလို့ ထင်တာတွေ၊ အဆက်အစပ် မရှိလို့ ထင်တာတွေ၊ ဘာတွေကိုမှ ထိန်ချန်ဝှက်မထားဘဲ ပြောနိုင်းတာ ဖြစ်တယ်။ ပြောစ,မှာတော့ ဖိဆန်ခြင်းဟာ ရှိနေတယ်၊ မသိခြင်းထဲမှာ တိမ်မြုပ်နေတဲ့ ဆန္ဒတွေ၊ စိတ်လှုပ်ရှားမှုတွေ၊ အာရုံရုပ်တွေ၊ အဲဒါတွေဟာ သိခြင်းထဲ ရောက်မလာအောင် တားဆီးဆန့်ကျင်တဲ့ တရားတွေကို ဖိဆန်ခြင်းလို့ အမည်ပေးထားတယ်၊ ကုသ,သူဟာ ဝေဒနာရှင်ကို အဲဒီ ဖိဆန်ခြင်းကို နိုင်လာအောင် ကူညီခြင်းသာ ဖြစ်တယ်။

ဝေဒနာရှင်ဟာ ကုသသူနဲ့ တစ်ပတ်မှာ ငါးကြိမ် တွေ့ပြီး စကားပြောရတယ်၊ ဖိဆန်ခြင်းကို ချက်ချင်း မနိုင်ဘူး၊ တစ်ခါတလေ လနဲ့ချီပြီး ကြာတယ်။

ဖိဆန်ခြင်း လျော့သွားတာနဲ့ တစ်ပြိုင်နက် မသိခြင်းထဲကဟာတွေဟာ သိခြင်းထဲ ရောက်လာတယ်။ ရောက်လာတာတွေကလည်း ကလေးဘဝက အမှတ်မှား အစွဲမှားခဲ့တာတွေပဲ ဖြစ်နေတယ်။ အဲဒါကို ထိုးထွင်းမြင်သိတာနဲ့ တစ်ပြိုင်နက် စိတ်ဒဏ်ကို ကာကွယ်ဖို့ သိမ်းပိုက်ထားတာတွေကို ဝေဒနာရှင်ဟာ ပယ်နိုင်တော့တယ်။ ပယ်နိုင်တာနဲ့ တစ်ပြိုင်နက် ကုသပြီး ဖြစ်သွားတယ်။ ပျောက်ကင်းချမ်းသာသွားတယ် ဆိုလိုတယ်''

ဆရာက ပို့ချမှုကို အဆုံးသတ်လိုက်ပြီး မေး၏။

''မောင်စောထွေး ဘာမေးစရာ ရှိသေးသလဲ''

''အဲဒီကုသနည်းကို မြန်မာပြည်မှာ လုပ်နိုင်သလား ဆရာ''

www.burmeseclassic.com

www.burmeseclassic.com



"နေဦး၊ ဒီအမေးကို မဖြေခင်မှာ ရှင်းထားစရာ ရှိသေးတယ်၊ ဆိုင်ကိုးဆစ်လို့ ခေါ်တဲ့ စိတ်ရောဂါကုဆေးရုံတင်ရတဲ့ စိတ်ရောဂါကို ဒီနည်းနဲ့ မကုနိုင်ဘူး၊ နျူရိုးဆစ်လို့ခေါ်တဲ့ စိတ်ဝေဒနာ၊ တစ်နည်း... စိတ်ကျန်းမာမှု ချို့တဲ့တာကို ကုသနိုင်တယ်၊ စကားရှိလို့သာ ပြောရတယ်။ ကုသခြင်းဆိုတဲ့ ဝေါဟာရဟာ ဒီကိစ္စမှာ မှားတယ်၊ ဘဝအမြင် တည့်ပေးခြင်း ဆိုတဲ့ စကားဟာ ပိုမှန်လိမ့်မယ်။ မြန်မာပြည်မှာ ဒီနည်းကို သုံးနိုင်သလား... သုံးနိုင်တယ်၊ အမှန်ပြောရရင် အဲဒီနည်းထက် သာတဲ့ နည်းဟာ မြန်မာပြည်မှာ ရှေးကတည်းက ရှိနေခဲ့တယ်။ အဲဒီနည်းကိုတော့ မောင်စောထွေး ကြားဖူးသလား"

"ခင်ဗျာ... ဟင့်အင်း"

"မြန်မာပြည်က နည်းကို ဝိပဿနာလို့ ခေါ်တယ်။ ဒီနည်းကို ပေးထားခဲ့တဲ့ ဆရာကြီးရဲ့ နာမည်ကတော့ ဗုဒ္ဓတဲ့။ ဝိပ္ပလ္လာသ ဆိုတဲ့ မှောက်မှားမှု မှန်သမျှကို ပယ်နိုင် သတ်နိုင်တဲ့နည်း၊ ခက်တာက ဆရာတို့ တက္ကသိုလ်က လူတွေနဲ့ ဒီပညာ ဒီနည်းဟာ နီးရက်နဲ့ ဝေးနေတာပဲ"

ကျွန်တော်က ငြိမ်၍ စဉ်းစားနေသည်။ ဝိပ္ပလ္လာသ... သည်စကားက ကျွန်တော့်ရင်တွင်း၌ ပဲ့တင်ရိုက်နေ၏။

"မေးစရာ ရှိသေးလား မောင်စောထွေး"

"ဟုတ်ကဲ့... ဟိုဒင်း... သာမန်သူ မလုပ်တဲ့ အလုပ်မှန်သမျှကို မသိစိတ် သဘောတရားနဲ့ ရှင်းပြလို့ ရသလား ဆရာ"

"ဘယ်ဟာမျိုးလဲ၊ နည်းနည်း တိတိကျကျ မေးပါလားကွယ်"

စကားလုံးက ကျွန်တော့် ပါးစပ်တွင်း ရောက်လာသည်။ သို့ရာတွင် ကျွန်တော့် နှုတ်ခမ်းများက စကားလုံးကို အလွယ်တကူနှင့် ထုတ်မပေး။

ကျွန်တော်သည် ကြိုးစားပြီး ပြောလိုက်ရ၏။

"ဆူးဆိုက်ဒ်... ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း"

ရှည်လျားကော့ပျံသော ဆရာ၏ မျက်တောင်ကြီးများ ပွင့်ကျယ်သွား၏။ ကြည်လင်အေးမြသော မျက်လုံးများက ကျွန်တော့်ကို စိုက်ကြည့်ရင်း မေး၏။

"ဘာကြောင့် ဒါကို မေးသလဲ မောင်စောထွေး"

"ဟို... ဟို... ဘာ. ဘာရယ်လို့ မဟုတ်ဘူး ဆရာ၊ သိ... သိချင်လို့"

ဆရာဦးသောင်းထိုက် အသာအယာ ပြုံးသည်။



"မောင်စောထွေးက အမေး ရှိတော့ ဆရာ ဖြေမယ်၊ အမှန်က နောက်ကျမှ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းရောဂါ အကြောင်း သီးသန့် သင်မလို့"

"ခင်ဗျာ... ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းရောဂါ... ရောဂါ ဟုတ်လား ဆရာ"

"ဟုတ်တယ်... ရောဂါ၊ နို့... မောင်စောထွေးက ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်း ဆိုတာကို ဘာလို့ နားလည်ထားသလဲ"

"ဟိုဒင်း... မခံမရပ်နိုင်လို့၊ လောကကို စိတ်နာပြီး... အဲ အရှုံး ပေးသွားတာ"

"ဒါက စကားပြောနည်းတစ်ခုပါ၊ သိပ္ပံနည်းကျသော အဓိပ္ပာယ်ဖွင့်ဆိုချက် မဟုတ်ဘူး၊ ကောင်းပြီ... ရောဂါဆိုတာ ဘာလဲ၊ ချို့တဲ့မှုနဲ့ ဘာကွာခြားသလဲ"

ကျွန်တော် မသိပါ။ ဆရာ့ကို ခေါင်းခါပြမိ၏။

"ရောဂါမှာ ရှေ့တိုးသော ဖြစ်စဉ် ရှိတယ်၊ ချို့တဲ့မှုက တစ်စုံတစ်ရာသော အခြေအနေမှာပဲ ငြိမ်တန့်မှု ရှိတယ်၊ နျူရိုးဆစ်က ချို့တဲ့မှုပဲ၊ ရောဂါ မဟုတ်ဘူး၊ ဆိုင်ကိုးဆစ်က ရောဂါ၊ ရောဂါမှ အစရှိတယ်။ ရှေ့တိုးဖြစ်မှု (ဝါ) မရပ်မနားမှု ရှိတယ်၊ ကုသလို့ရရင် ရ၊ မရရင် သေခြင်း... ဆိုတဲ့ အဆုံး ရှိတယ်၊ ဒီအထိ နားလည်သလား"

"ဟုတ်ကဲ့ ဆရာ"

"တစ်ခါ... ရောဂါဖြစ်မှုအတွက် အခြေအနေ သုံးရပ် လိုတယ်၊ (၁) အပဝတ္တု – မိမိမှတစ်ပါး ဖြစ်တဲ့ ဇီဝကိစ္စကို ဖျက်တဲ့အရာ၊ ဥပမာ– ပိုးမွှား၊ ရေဒီယိုဓာတ်၊ ဓား၊ ကျည်ဆန်။ (၂) အိမ်ရှင် – မိမိ သို့မဟုတ် လူပုဂ္ဂိုလ် ခန္ဓာ၊ (၃) ပတ်ဝန်းကျင် – အပဝတ္တုကော အိမ်ရှင်ရောနဲ့ အညမည ဖြစ်တဲ့ ရုပ်ပိုင်း၊ လူမှုရေးပိုင်း အခြေအနေ။ ဒီအထိကော နားလည်တယ်နော်"

"ဟုတ်ကဲ့ ဆရာ"

"အဲဒီအခြေအနေ သုံးချက်ညီမှ ရောဂါ ဖြစ်တယ်။ မညီရင် မဖြစ်ဘူး။ ပြီးတော့... အဲဒီ အခြေအနေ သုံးရပ်ကို ပိုင်ပိုင်သိရင် ကုသလို့ ရတယ်၊ သို့မဟုတ် ကုသနည်း ရှာလို့ရတယ်၊ [illegible] ဆိုတဲ့ စိတ်ရောဂါမှာ ကျန်တာ နှစ်ခုကို [illegible] အပဝတ္တုကို မသိသေးဘူး။ ကိုယ့်ကိုယ်ကိုယ် သတ်မှုရောဂါ အပဝတ္တု [illegible] ဓား၊ ကျည်ဆန် စသည်ကို

www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ ပတ်ဝန်းကျင် တစ်စိတ်တစ်ဒေသကို သိသင့်သမျှ သိတယ်။ အဲ. . . အိမ်ရှင်အကြောင်းကို မသိရသလောက်ဘဲ။ ဘာကြောင့်လဲဆိုတော့ တခြား ရောဂါတွေမှာက အစကိုကော. . . ရှေ့တိုးဖြစ်မှုကိုကော. . . အဆုံးကိုကော သိရတယ်၊ ကိုယ့်ကိုယ်ကိုယ် သတ်သေမှုရောဂါက အဆုံး (ဝါ) သေခြင်း မြင်မှ ရောဂါရှိမှန်း သိရတာကိုး''

''ဘေးလူ တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့် သတ်သေရတာ မဟုတ်ဘူးလား ဆရာ''

ဆရာဦးသောင်းထိုက်က ခေါင်းကို ပြတ်သားစွာ ခါပြ၏။

''ဘေးလူ၊ ဘေးပယောဂ၊ ဘေးအခြေအနေကြောင့် သတ်သေတာ မဟုတ်ဘူး။ နာဇီ စစ်အကျဉ်းမှာလို နှိပ်စက်မှုမျိုးစုံထဲက လူဟာ. . . လူကောင်းဟာ. . . ကိုယ့်အသက်ကို ကိုယ် အစွမ်းကုန် စောင့်ရှောက်ထားတယ်။ လူပြိန်းတွေအနေနဲ့တော့ မဆိုင်တာကို တရားခံ ထင်တတ်ကြတယ်။ ဥပမာ– စာမေးပွဲမအောင်လို့ ရေထဲ ဆင်းသေတယ်၊ စာမေးပွဲကို တရားခံ ထင်တယ်။ အမှန်က သူဟာ အဲဒါနဲ့ သတ်မသေလည်း နောင်မှာ တစ်ကြောင်းကြောင်း ပြုပြီး သတ်သေဦးမှာပဲ။ ချစ်သူနဲ့ လွဲရလို့ သတ်သေတယ်၊ ချစ်သူဟာ တရားခံလို ဖြစ်နေတယ်။ အမှန်က ချစ်သူနဲ့ ရလည်း နောင်တစ်ကြောင်းကြောင်း ပြုပြီး သတ်သေဦးမှာပဲ၊ ဘာကြောင့်လဲ ဆိုတော့. . . ရောဂါက ဖြစ်နေပြီကိုး။ ရောဂါ ခမ္မတာအတိုင်း အဆုံးဆီ ခရီးသွားနေပြီကိုး၊ ဒီနေရာမှာ လူပြိန်းတွေကို အပြစ်တင်လို့လည်း မရဘူး၊ ကိုယ့်ကိုယ်ကိုယ် သတ်သေသွားတဲ့ လူကလည်း တစ်ခုခု ချန်ထားခဲ့တာကိုး။ ဥပမာ– စာတို၊ ဒိုင်ယာရီတို့. . .''

''ခင်ဗျာ. . . စာတို့. . . ဒိုင်ယာရီတို့. . .''

''ဟုတ်တယ်. . . ခက်တာက အဲဒီ ချန်ထားတာတွေက အမှန်တွေ မဟုတ်ဘူး၊ စိတ်ဒဏ်ဖြေခြင်းတွေ၊ မှောက်မှားသော သိမ်းပိုက်ထားခြင်းတွေ ဖြစ်နေတယ်''

''အဲဒါကို ဆရာ. . . ဆရာ. . . ဘယ်လိုလုပ် သိသလဲ''

''ဆူးဆိုဒ်ကို သိပ္ပံနည်းကျ လေ့လာမှုတွေ အခု တော်တော်လုပ်ထားတယ်၊ မောင်စောတွေး ဖတ်ချင်ရင် ဆရာ့ဆီက စာအုပ်တွေ လာယူလှည့်၊ မအောင်မြင်တဲ့ ကိုယ့်ကိုယ်ကိုယ် သတ်သေသူ (ဝါ) ကယ်လိုက်နိုင်သူတွေ၊ သေဖြစ်သွားတဲ့ လူတွေရဲ့ နောက်ကြောင်း ရာဇဝင်တွေ၊ အဲဒါတွေကို စနစ်တကျ



လေ့လာထားတာတွေ ရှိတယ်၊ အတိုချုပ် ပြောရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းဟာ ရောဂါတစ်ခု၊ စိတ္တဇရောဂါတစ်ခု၊ မေးစရာ ရှိသေးသလား''

ကျွန်တော်က ဖြည်းလေးစွာ ခေါင်းခါပြ၏။

သင်တန်း ပြီးသောအခါ ဆရာနှင့် ခွဲခဲ့ပြီး ကျွန်တော် လမ်းလျှောက် ပြန်လာခဲ့သည်။

တက္ကသိုလ်နယ်မြေတစ်ခုလုံး လူသူ ရှင်းနေသည်။ တိတ်ဆိတ်ခြင်းကလည်း လွှမ်းမိုးနေသည်။

ကျွန်တော် တစ်ယောက်တည်း လျှောက်နေရခြင်းကို သတိပြုမိသည်။ ပတ်ဝန်းကျင်က သိသိသာသာ ကြီးနေသည်။ ကျယ်နေသည်။ ကျွန်တော်ကသာ သေးငယ်နေသည်။

မြတ်စွာဘုရား . . . ကျွန်တော် တစ်ယောက်တည်းပါတကား။ ပတ်ဝန်းကျင်ကြီးက ကြီးလှပါတကား။ ပြီးတော့. . . ကျွန်တော်က သတ်သတ်၊ ပတ်ဝန်းကျင်က သတ်သတ်။ အပြင်ဘက်မှာ. . . ကျွန်တော့် အပြင်ဘက်မှာ. . .။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၂၇

ဧလု ပြေးတုန်း တက်ကျိုးသကဲ့သို့ အရေးကြီးလှသော ဂုဏ်ထူးတန်း နောက်ဆုံးနှစ်ကို တက်နေ၍ ဘာမျှ မကြာမီ အချိန်လေးတွင်ပင် မလိုလားအပ်သော ဆူပူမှုများကြောင့် တက္ကသိုလ်ကြီးသည် ရက်အကန့်အသတ် မရှိ ပိတ်သွားသည်။

အဆောင်တွင် နေခွင့်မရှိတော့သောကြောင့် ကျွန်တော်သည် မြို့တွင်း ဘုန်းကြီးလမ်းရှိ ကိုထွက်ထွန်းတို့ တိုက်သို့ ပြောင်းရွှေ့ခဲ့ရသည်။

အခြား သာမန် ကျောင်းသူ ကျောင်းသားတွေကတော့ နေရပ်ပြန်ကြသည်။ ပြန်လည်း ပြန်နိုင်သည်။ ကျောင်းဖွင့်သည့် အချိန်ကျမှ ပြန်လာကြ၊ ပြီးနိုင်သမျှ သင်ယူ၊ သင်ယူသမျှ စာမေးပွဲမှာ ဖြေ၊ ကိစ္စ မကြီးလှ။

ကျွန်တော်တို့ ဂုဏ်ထူးတန်းသမားတွေအတွက်သာ ခက်သည်။ ပါမောက္ခ ကထိကတို့နှင့် ကွာနေ၍ မဖြစ်။ စာကြည့်တိုက်နှင့် ဝေးနေ၍ မရ။ လုပ်ဆဲ သုတေသန လုပ်ငန်းတွေကိုလည်း ရပ်ထား၍ မဖြစ်။

ထို့ကြောင့် ကျွန်တော်က တောင်ကြီး မပြန်ဘဲ ရန်ကုန်တွင်သာ ဆက်နေခြင်း ဖြစ်သည်။



မိုးမိုးကတော့ တောင်ကြီး ပြန်မည်။ ချက်ချင်းတော့ မပြန်သေး။ အစကတည်းက မြို့တွင်းမှ တက်နေသူ ဖြစ်ရာ မိုးမိုးသည် တောင်ကြီးသို့ အေးအေးဆေးဆေး ပြန်နိုင်သည်။

မပြန်ခင် တစ်နေ့၌ မိုးမိုးက စကားပြောစရာ ရှိသည် ဆို၍ ကမ္ဘာအေး စေတီလမ်း နေအိမ်သို့ ကျွန်တော် သွားသည်။ ထိုမှတစ်ဆင့် အင်းလျား ကန်စောင်း။

ကြုံရသည်မှာ.. တစ်ချိန်တစ်ခါက နေရာလေးမှာပင်။ ဩော်.. တစ်ချိန်တစ်ခါ တစ်နေ့ဦးက နှင်းနှင့် တစ်ဇာတ်တစ်လမ်းကို တစ်ခန်းကဏ္ဍ ရပ်လေခဲ့ရသည့် နေရာလေးမှာပင်။

"ယူက ဘာလို့ တောင်ကြီး ပြန်မလိုက်တာလဲ"

"ကိုယ် ပြောခဲ့ပါရောလား။ ကိုယ် ဒီမှာ လုပ်စရာတွေ ရှိနေတယ်၊ ဆရာတို့နဲ့ ဝေးနေလို့ မဖြစ်ဘူး"

"မိုးနဲ့တော့ ဝေးနေလို့ ရတယ် ဟုတ်လား"

"မိုး.. ဘယ်လို ပြောလိုက်တာလဲ၊ မိုး စိတ်ကူးယဉ်နေပြီလား၊ အစကတော့ စိတ်ကူးယဉ်ချစ်ကို မိုး မယုံဘူးဆို"

"စိတ်ကူးယဉ်ချစ်ကို မိုး မယုံပါဘူး။ ဒါပေမဲ့.. တစ်စုံတစ်ရာသော အချစ် ဆိုတာကိုတော့ ယုံရမှာပေါ့၊ ဒါထက် ယူကော မိုးကို ချစ်ရဲ့လား"

ကျွန်တော်က မဖြေဘဲ ငိုင်နေမိသည်။ အားမလိုအားမရဟန်ဖြင့် မိုးမိုးက ဆိုသည်။

"ဖြေလေ.."

"အရင်တုန်းက ဒီမေးခွန်းကို မိုး မမေးခဲ့ပါဘူး"

"အင်းလေ.. အခု မေးပြီ"

"ကိုယ် ဖြေလိုက်တာကိုကော မိုးက ယုံမလား။ ချစ်တယ်.. အဲဒီလို ပါးစပ်က ပြောလို့ရတယ်၊ မချစ်ဘူး.. အဲဒီလိုလည်း ပါးစပ်က ပြောလို့ရတယ်၊ ဒါပေမဲ့ ချစ်တယ် ဆိုတာ ဘာလဲ၊ ဘာကို ခေါ်တာလဲ၊ မိုး သိသလား။ ကိုယ်တော့ မသိဘူး"

"မိုးတော့ သိတယ်"

"မိုး သိတယ်၊ မိုး သိရင် ကိုယ့်ကို ပြောပြလေ"

"ချစ်တယ် ဆိုတာကို မိုး သိတာ မဟုတ်ဘူး၊ မိုး သိတယ် ဆိုတာက ယူ မိုးကို မချစ်ပါဘူး၊ အဲဒါကို ပြောတာ"

www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့် ဒီလို စွပ်စွဲရတာလဲ မိုး...။ မိုးကို ကိုယ် တတ်နိုင်သလောက် အလိုလိုက်တယ်၊ ကိုယ့်ကြောင့် မိုးကို စိတ်မချမ်းသာတာ မဖြစ်စေချင်ဘူး၊ မိုး မြတ်နိုးတယ် ဆိုတဲ့ မိုးရဲ့ လွတ်လပ်မှုကိုလည်း ကိုယ် မချုပ်ချယ်ခဲ့ဘူး၊ ကိုယ် ဘာမှားသလဲ”

မိုးမိုးသည် တွေတွေလေး ငြိမ်၍ စဉ်းစားနေသည်။ ခဏကြာသော် ပြုံးရွှင်ကြည်လင်လာ၏။

“ဆောရီး... ယူ ဘာမှ မမှားပါဘူး၊ မိုးက ယူ့စိတ်ကို စမ်းကြည့်တာပါ၊ ယူ တကယ်ကို စိတ်ကူးမယဉ်တတ်ဘူး”

“မိုးကပဲ စိတ်ကူးမယဉ်ရဘူးဆို၊ စိတ်ကူးယဉ်သူဟာ သဝန်တိုတတ်တယ်ဆို၊ မိုး ကိုယ့်ကို သဝန်တိုစေချင်သလား၊ ကဲ... ကိုယ် သဝန်တိုမယ်၊ ဒါပေမဲ့... မိုး သိထားဖို့က ကိုယ်ဟာ သဝန်တိုပြီဆိုရင် လူများထက် တိုတတ်တယ်၊ လူများထက် ဆိုးတယ်၊ ကြောက်စရာကောင်းအောင် ဆိုးတယ်”

“ဟိုး... ဆရာကြီး၊ မိုးက ယူ့စိတ်ကို စမ်းကြည့်တာပါလို့ ပြောနေမှ တကတဲ... မုန်းစရာ သိပ်ကောင်းတယ်”

ကျွန်တော်တို့ စကားပြတ်သွားကြသည်။

မိုးသက်လေလေး ကျလာသည်။ ကန်ရေပြင်က သိမ့်သိမ့်ခုန်လာ၏။

“ဟော... မိုးရွာတော့မယ် ထင်တယ်၊ ဒါပေမဲ့ မိုးတို့ ဒီနေ့ တစ်နေ့လုံး လျှောက်လည်ကြရအောင်၊ မိုး ဒီနေ့ ယူနဲ့ တစ်ဝကြီး လျှောက်လည်ချင်တယ်”

“တစ်ဝကြီး လျှောက်လည်ချင်တယ်၊ အဲဒါ မိုး ဘာပြောတာလဲ”

“ဩော်... မိုးတို့ အကြာကြီး ခွဲချင် ခွဲနေရမှာ၊ ဘယ်သိမလဲ၊ ဒါကြောင့် တစ်ဝကြီး လျှောက်လည်ကြရအောင်လို့ နော်”

ထိုနေ့က မိုးမိုးနှင့် ကျွန်တော်တို့ တစ်ဝကြီး လျှောက်လည်ကြသည်။

ခွဲရသည့် အချိန်၌ ကျွန်တော့်ရင်တွင် လွမ်းကျန်ရစ်သည်အထိ တစ်ဝကြီး လျှောက်လည်ပစ်ကြသည်။ တစ်ဝကြီး...။

▣

ကျောင်းကြီးကို ပိတ်ထားသည်မို့ ဆရာများ၏ အိမ်သည် ကျွန်တော့် သင်တန်းခန်းမများ ဖြစ်လာခဲ့သည်။



ဆရာ ဦးသောင်းထိုက်၏ အိမ်က ပညာရေး မဟာသိပ္ပံနှင့် ကျောချင်းကပ်လျက်ရှိသော အင်းလျားလမ်းပေါ်၌ ရှိသည်။

ဆရာ့၌ အိမ်ထောင် မရှိ။ မိခင်နှင့် ညီ နှစ်ဦး၊ ညီမတစ်ဦးသာ ရှိသည်။

အိမ်၌ သင်တန်း သွားတက်ရသောအခါ ဆရာသည် ကျွန်တော့်အား တက္ကသိုလ်ခန်းမ၌ သင်မပေးနိုင်သော အတတ်ကိုလည်း သင်ပေးသည်။

ကမ္မဋ္ဌာန်း ထိုင်နည်းတည်း။

“ကမ္မဋ္ဌာန်း ထိုင်တာကို တချို့က ဘာသာရေးသက်သက်လို့ ယူဆနေကြတယ်၊ ဆရာကတော့ ဘာသာရေးအတွက် လုပ်တဲ့ အခါလည်း လုပ်တယ်၊ စိတ်သုတေသနအတွက် လုပ်တဲ့ အခါလည်း လုပ်တယ်၊ အထူးသဖြင့် မြန်မာ့နည်း မြန်မာ့ဟန်နဲ့ စိတ်ကုသနည်းတစ်ရပ် အဖြစ် သုတေသနပြုတယ်”

“ကမ္မဋ္ဌာန်းထိုင်တာဟာ စိတ်ကုသနည်း... ဟုတ်လား ဆရာ”

“ဟုတ်တယ်... အခြေခံ သီအက်ရီတွေကို နှိုင်းယှဉ်ကြည့်ကြရအောင်၊ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာ တစ်ရပ်လုံးရဲ့ ကောက်ချက် သင်ခန်းစာက ဘာလဲ၊ အတိတ်က မှောက်မှားတဲ့ စွဲလမ်းသိမ်းပိုက်မှုတွေကို ပယ်ရမယ်။ ဟုတ်တယ် မဟုတ်လား... ကဲ... ဟောဒီပါဠိကို နားထောင်ကြည့်စမ်း။

ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယမော၊ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပာဒယ ဝါယမော... တဲ့”

“ဆရာ... အဲဒီပါဠိကို ကျွန်တော့် ဒေါ်လေး ရွတ်ပြတာ ကျွန်တော် မှတ်မိတယ်၊ အဓိပ္ပာယ်က ဘာတဲ့လဲ ဆရာ”

“ဥပ္ပန္နာနံ– ဖြစ်ကုန်ပြီးသော၊ ပါပကာနံ– အကုသိုလ်တရားတို့ကို၊ ပဟာနာယ– ပယ်ခြင်းငှာ၊ ဝါယမော– လုံ့လပြုခြင်း လည်းကောင်း၊ အနုပ္ပန္နာနံ – မဖြစ်ကုန်သေးသော၊ ပါပကာနံ– အကုသိုလ်တရားတို့ကို၊ အနုပ္ပာဒါယ– မဖြစ်စေခြင်းငှာ၊ ဝါယမော– လုံ့လပြုခြင်း လည်းကောင်း... အဲဒီလို အဓိပ္ပာယ်ရတယ်”

“ကျွန်တော် နည်းနည်း သဘောပေါက်တယ် ဆရာ”

“ပေါက်ပါတယ်။ မခက်ပါဘူး၊ ဝိပဿနာမှာ သမ္မာဝါယမ ဆိုတဲ့ ကောင်းစွာ အားထုတ်ခြင်းဟာ သိပ်အရေးကြီးတယ်။ သမ္မာဝါယမနဲ့ သမ္မာသတိကို ထူထောင်ယူရတယ်။ သမ္မာသတိနဲ့ သမ္မာသမာဓိကို နိုင်းစေရတယ်။ သမ္မာသမာဓိ ရှိလာမှ ယထာဘူတာဉာဏ်ကို ရတယ်။ ယထာဘူတာဉာဏ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာက အရှိကို အရှိအတိုင်း၊ မရှိကို မရှိအတိုင်း မြင်တာ သိတာကို ခေါ်တယ်။ ခွဲခြမ်းစိတ်ဖြာပညာကလည်း ဒီမြင်သိမှု ဖြစ်လာအောင် သူ့နည်းနဲ့သူ လုပ်နိုင်းတာပဲ။ သူက ဖစ်ဖေးရှင်းလို့ ခေါ်တဲ့ စွဲမြဲလွန်ခြင်းကို ဖျက်ပစ်စေတယ်။ ဝိပဿနာကလည်း စွဲမြဲလွန်ခြင်း ဖြစ်တဲ့ ဥပါဒါန်ကို သတ်ပစ်နည်းပဲ၊ ရည်ရွယ်ချက်ချင်း အတူတူပဲ။ နည်းနာပိုင်းကျတော့ ခွဲခြမ်းစိတ်ဖြာ စိတ်ပညာက အတိတ်ကို ပြန်သွားပြီး တရားကို ရှာတယ်၊ ဝိပဿနာက ပစ္စုပ္ပန်က စောင့်ပြီး တရားကို ဖမ်းတယ်၊ ဒါမှာ ကွာတယ်''

ယင်းသို့လျှင် အခြေခံ သီအက်ရီများကို ရှင်းပြပြီး ဆရာက ကျွန်တော့်ကို အာနာပါန သတိကမ္မဋ္ဌာန်းထိုင်နည်းကို သင်ပြပေးသည်။

ရှေးဦးစွာ ပလ္လင်္ကံအာဘုဇိတွာ ဟူသော ဥပဒေသအတိုင်း တင်ပလ္လင်ခွေ ထိုင်နည်းကို ပြသည်။ ဥဇုံကာယံပဏိဓာယ ဟူသော အညွှန်းအတိုင်း အထက်ပိုင်းကို ဖြောင့်ဖြောင့် ထားရသည်။ ထို့နောက် ထွက်လေ ဝင်လေကို ရှုနည်း ပြပေး၏။

ကျွန်တော် စ,ကျင့်ရသည်မှာ ထွက်လေ မှန်သမျှ၊ ဝင်လေ မှန်သမျှ ဝါရ ခေါ် အဆစ်အပိုင်းအလိုက် အရေအတွက် မမှားအောင် သတိထား မှတ်ရှုရခြင်း ဖြစ်၏။ ဤနည်းကား ဂဏ္ဍနနည်း ဟူသတည်း။

# အခန်း - ၂၈

ရက်များ တစ်စ တစ်စ ကုန်လွန်လာခဲ့သည်။

ကျောင်းကြီး ပြန်ဖွင့်တော့မည် ကြားရသည်။

ကျောင်းကြီး ပြန်ဖွင့်တော့မည် ဆိုသဖြင့် ကျွန်တော့်မှာ ပျော်ရွှင်မိသည်။

သြော်… မိုးမိုးလည်း ပြန်လာတော့မည်။

သည်တစ်ခါ ပြန်လာလျှင်တော့ မိုးမိုး ကြားချင်သော အဖြေကို ကျွန်တော် ပေးနိုင်တော့မည်ဟု ထင်သည်။

ချစ်သည်… ချစ်ပါသည်။ မိန်းကလေးဟူသည်မှာ အင်း… မိန်းကလေးသာလျှင် ဖြစ်သည်။ ဘာတွေ ပြောနေပြောနေ မိန်းကလေးသည် မိန်းကလေးပဲ ဖြစ်သည်။ အဲဆုံးမတော့ ချစ်ပါသည်ဟူသော စကားကို ကြားချင်ကြသည်။ သြော်… ကြားချင်ရှာလေကြသည်။

မိုးတွေ သဲလှသော တစ်ညနေတွင် ကျွန်တော်သည် သတင်းစာတစ်စောင်ကို ကောက်ယူ ဖတ်နေမိ၏။

ဟိုလှန် သည်လှန် ကြည့်နေရာမှ ကြော်ငြာတစ်ခုက ကျွန်တော့်မျက်လုံးများကို ဖမ်းစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ရင်သည် တဒိုင်းဒိုင်း ခုန်လာသည်။ ကျွန်တော့် လက်များသည်လည်း တဆတ်ဆတ် တုန်လာ၏။

မဟုတ်ပါ… မဖြစ်နိုင်ပါ…။

ကျွန်တော်က ငြင်းပယ်သည်။ ခေါင်းကို ယမ်းပြီး ငြင်းပယ်သည်။

သို့ရာတွင် ကျွန်တော့် မျက်လုံးများက ကျွန်တော့်ကို မလှည့်စား။

အင်း… အဟင်း… မြင်ရသည်… အရှိကို အရှိအတိုင်း။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း…

သည်ခေါင်းစီးက ကြီးသည်။ ဆန်းတော့ မဆန်း။

အတွင်းဝန်ကလေး ဦးမျိုးဝင်း နှင့်…

သည်သတို့သားလောင်း၏ ဂုဏ်ထူးနှင့် အမည်ကတော့ ကျွန်တော့်ရင်ကို အနည်းငယ် လှုပ်ရှားစေသည်။

မိုးမိုး…

တစ်လောကလုံး တိတ်သွားသည်။ တစ်လောကလုံး ငြိမ်သွားသည်။

မလှုပ်… ဘာမျှ မလှုပ်… ဘာဆိုဘာမျှ မလှုပ်…။

မလှုပ်ဘူးလေ… ကျွန်တော်ကလည်း မလှုပ်ဘူး။ ကဲ… ဘာဖြစ်သေးသလဲ။

တစ်စုံတစ်ယောက်က ကျွန်တော့် ပခုံးကို ကိုင်လှုပ်နေသည်။

"အယ်… အငယ်ရေ…"

ကျွန်တော့် မျက်လုံးများက ပွင့်လာသည်။

နက်မှောင်၍ အုပ်ကောင်းလှသော ဆံပင်များကို အရင်တွေ့ရသည်။ နောက်… ဝင်းဝါသော မျက်နှာ။ ပြီးတော့ မျက်တောင်ကော့ကော့တွေနှင့် မျက်လုံးတွေ။

"သက်…"

ကျွန်တော်က ပခုံးမှ ကိုင်ပြီး သက်ကို တွန်းပစ်လိုက်၏။ ကျွန်တော့်အားကြောင့် သက်သည် ကြမ်းပြင်ပေါ်သို့ စောင်းယိုင်ကျသွားသည်။

ကျွန်တော်က ပြတင်းဆီ ထပြေးသည်။ ပြတင်းမှ ကျော်ခုန်လိုက်ရမည်လား။

သည်တစ်ချီတော့ လက်နှစ်ဖက်က ကျွန်တော့် လက်တစ်ဖက်ကို မြဲမြဲစွာ ဆုပ်ကိုင်လာသည်။



"စောထွေး… သတိထား… ငါကွ… ငါ… တင်မောင်နောင်၊ မင့် သူငယ်ချင်း တင်မောင်နောင်"

ကျွန်တော်က တင်မောင်နောင်ကို မယုံနိုင်စွာ ကြည့်သည်။

အခန်းဝတွင် ရပ်နေသူ တစ်ဦးကိုလည်း မယုံနိုင်စွာပင် ကျွန်တော် တွေ့ရသည်။

ဒေါ်လေး… ကျွန်တော့် ဒေါ်လေး…။

သက်က ကြမ်းပြင်မှ ထပြီး ကျွန်တော့်ရှေ့ လာရပ်သည်။

"အငယ်… မမသက်တို့ အချိန်မီ လာတယ်ကွယ်၊ ဒါပေမဲ့ မင်းက ဒီသတင်းကို တွေ့နှင့်ပြီးပြီ၊ အငယ် ယုံပါ၊ မမသက် စိတ်မကောင်းဘူး။ ဘယ်လိုမှ စိတ်မကောင်းဘူး။ သိသိချင်း မမသက် ဒေါ်လေးနဲ့ တိုင်ပင်ပြီး လိုက်လာခဲ့တယ်။ ကားနဲ့ လာတာမို့ တင်မောင်နောင်ကိုလည်း ဝင်ခေါ်ခဲ့တယ်"

သက်က ဘာတွေ ပြောနေပါသနည်း။ ဘာတွေကို ဘာကြောင့် ပြောနေရပါသနည်း။

"အစကတော့ ဘာမှ မမသက် သေသေချာချာ မသိဘူး။ သူတို့ စေ့စပ်ကြတယ်။ မမသက်မှာ ဘာမှ ကန့်ကွက်စရာ မရှိဘူး။ ဪ… တစ်ကိစ္စတော့ ပြီးပြတ်သွားပြီ ထင်တယ်၊ ကိစ္စတွေ ပြီးတဲ့ တစ်ညမှာမှ မိုးမိုးက မမသက်ကို ဖွင့်ပြောတယ်"

မိုးမိုး… သည်နာမည်က ကျွန်တော့်နားမှတစ်ဆင့် ရင်ကို ရိုက်ခတ်လာသည်။

ကျွန်တော့်ရင်က လှုပ်ရှားလာသည်။ လှိုင်းကဲ့သို့ လှုပ်ရှားလာသည်။ လှိုင်းကြားထဲမှာ ခွဲပြီး သူက ပေါ်လာသည်။ သူ… သူ… ကျွန်တော့် မိတ်ဆွေကြီး… ချွန်မြမြ ဝေဒနာ သူ မလာသည်မှာ ကြာပြီ၊ ယခု သူ ပြန်လာပြီ။

"မိုးမိုး သိပ်မိုက်တယ်ကွယ်၊ မလုပ်သင့်တာကို လုပ်တယ်၊ သူ လုပ်တာဟာ မင်းကို လှည့်စားသလို ဖြစ်နေတယ်၊ မင်းရဲ့ အချစ်ကို လှည့်စားသလို ဖြစ်နေတယ်"

မင်းရဲ့ အချစ်ကို… ဘာတဲ့… မင်းရဲ့ အချစ်ကို…။

ကျွန်တော်က အော်ရယ်သည်။ အားရပါးရ အော်ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် အချစ်.. အလိုလေး.. ကျွန်တော့် အချစ်၊ ဟုတ်လား.. ဒီမှာ မမသက်၊ မိုးမိုးကို ကျွန်တော် မချစ်ဘူး၊ ဘယ်မိန်းမကိုမှ မချစ်ဘူး၊ ဘာလို့ ချစ်ရမှာလဲ.. ဟား ဟား ဟား.."

ကျွန်တော်သည် အော်ရယ်ပြန်သည်။

"တင်မောင်နောင်ရေ..ငါ ဘယ်မိန်းမကိုမှ မချစ်ဘူး၊ ဒါကို မင်းသိပါတယ်ကွာ၊ နော်.. အဲ. အဟဲ.. ကြွက်ဖြူလေးတွေလို့တော့ ထင်တာပေါ့၊ စမ်းကြည့်တယ်လေ၊ သူတို့ကို သိရအောင်၊ သူတို့ လိမ်တာတွေ..သူတို့ ကောက်တာတွေ၊ သူတို့ ယုတ်မာတာတွေ.. အမယ်လေးလေး.. စမ်းသူကို ချစ်သူတဲ့.. ဟား ဟား ဟား.."

ကျွန်တော် ရယ်ပြန်သည်။ ရယ်ရသည်မှာ အရသာကလည်း ရှိလိုက်ပါဘိခြင်း။

"ဒီမှာ.. မမသက်၊ မိန်းမဆိုတာ ခင်ဗျားလိုပဲ.. ကြောက်စရာကြီးပဲ၊ ခင်ဗျားက ကျုပ်အစ်ကိုကို သတ်ခဲ့တယ်၊ ခင်ဗျား ညီမက ကျုပ်ကို သေမလား လုပ်ခဲ့တယ်၊ ဒါပေမဲ့..ကျုပ်က မသေဘူး၊ ဘယ်တော့မှ မသေဘူး၊ ဘာကြောင့်လဲ ဆိုတော့ ကျုပ်က ချစ်မှ မချစ်ဘဲ၊ ကျုပ်က မုန်းတယ်။ မိန်းမတွေကို မုန်းတယ်။ ခင်ဗျားကို အမုန်းဆုံး၊ ခင်ဗျား မျက်နှာ ကျုပ် မကြည့်ချင်ဘူး"

ကျွန်တော်သည် အခန်းတွင်းမှ တစ်ဟုန်ထိုး ထွက်လာခဲ့သည်။

တိုက်ပေါက်ဝ၌ ခွေးခြေတစ်လုံးပေါ်တွင် ကိုလှထွန်းက ထိုင်နေသည်။ တစ်စုံတစ်ရာ မေးနေသော ကိုထွက်ထွန်းကို ဖြေနေ၏။

ကိုလှထွန်းက စကားပြောရင်း သော့တွဲလေးကို လှည့်နေသည်။

ကျွန်တော်က ကိုလှထွန်း၏ လက်မှ သော့တွဲကို ဆတ်ခနဲ ဆွဲယူလိုက်၏။

လမ်းဘေးတွင် ကားဖြူကို ရပ်ထား၏။

ကျွန်တော့် ဖောက်စ်ဝက်ဂွန်း ကားဖြူ။

ကျွန်တော်သည် ကားဖြူပေါ် တက်ပြီး အပြင်း မောင်းထွက်ခဲ့သည်။

ကျွန်တော် သိသည်။ ကျွန်တော် ဘယ်သွားရမည်ကို သိသည်။

အင်းယားလမ်း ဆရာ့အိမ်ရှေ့၌ ကားထိုးရပ်ပြီး ကျွန်တော် အပေါ်ထပ်သို့ ပြေးတက်ခဲ့၏။

ဆရာဦးသောင်းထိုက်က ဆိုဖာတစ်ခုပေါ်တွင် ထိုင်ရင်း စာဖတ်နေ၏။



ကျွန်တော်သည် ဆရာ့ခြေထောက်ကို ပြေးထိုင်ဖက်၏။

"ဆရာ.. ကျွန်တော့်ကို ကယ်ပါ"

"မောင်စောထွေး.. ဘာဖြစ်လာသလဲ၊ ဆရာ့ကို အေးအေးဆေးဆေး ပြောစမ်း"

"ကျွန်တော့်ကို ကယ်ပါ ဆရာ၊ ကျွန်တော့် ရင်တွေ ပူလှပြီ၊ ကျွန်တော်... ကျွန်တော်.. ရူး.. ရူးတော့မယ်"

ဆရာသည် ကျွန်တော့်လက်ကို ဆွဲကာ ဖေးမခေါ်လာသည်။

"မင်း ခါတိုင်းလို ထိုင်နိုင်ရဲ့လား တပည့်"

"ဟင့်အင်း.. ကျွန်တော့်မှာ အားတွေ မရှိတော့ဘူး ဆရာ"

"ကဲ.. လာ.. ဟောဒီဆိုဖာပေါ် အိပ်စမ်း၊ အဲ.. ဟုတ်ပြီ၊ ချက်ချင်း မရှူနဲ့၊ အမောဖြေဦး.. သတိကို သဘာဝအတိုင်းထား၊ သတိ.. သတိ.. သတိ.."

ကျွန်တော့်ရင်မှ ဖိလှိုက်ခြင်းတို့သည် တဖြည်းဖြည်း ငြိမ်ကျသွား၏။

ဝင်လေ ထွက်လေကတော့ ပြင်းနေသည်။ ကျွန်တော့်စိတ်သည် ဝင်လေနှင့် ဝင်လိုက်သွားသည်၊ ရင်ညွန့်နှင့် ဝမ်းဗိုက်မှ ခံစားမှုများကို သိနေရသည်။ ထွက်လေနှင့် အတူ စိတ်က လိုက်မိပြန်သည်။ နှာသီးဖျားကို လေတိုးသွားသည်ကို သိရသည်။ လေသည် နှာသီးဖျားမှ လွန်ကာ ထွက်သွားသည်။ ကျွန်တော့်စိတ်က အပြင်သို့ ပါသွားသည်။

"မလိုက်နဲ့လေ.. တပည့်၊ မလိုက်နဲ့.. သတိ သတိ၊ တည်ရာမှာ သတိ.. သိတယ်ကွယ်၊ ပျက်တယ်ကွယ်၊ သိတယ်ကွယ်၊ ပျက်တယ်ကွယ်.. ဖြစ်.. ပျက်...၊ ဖြစ်.. ပျက်...၊ ဖြစ်.. ပျက်.."

ဆရာ့ သတိပေးသံသည် တဖြည်းဖြည်း ကျဲသွားသည်။ ထိုနောက် တဖြည်းဖြည်း ပျောက်သွားသည်။

ကျွန်တော်က ဆက်ရှုသည်။

ဖြစ်.. ပျက်...၊ ဖြစ်.. ပျက်...။

အာရုံတစ်ခုက ပေါ်လာပြန်သည်။

အဝေးမှ လာသည်။ ဟိုအဝေးကြီးမှ လာသည်။ ဝေဝေဝါးဝါး ဖြူဖြူမှုန်မှုန်။

နှင်းတွေ.. ငွေလရောင်အောက်မှ နှင်းတွေ။

ကျွန်တော်သည် အာရုံကို ဖွင့်ဖျောက်သည်။ သတိကို နှာသီးဖျား၌

www.burmeseclassic.com



ကြိုးစား ကပ်ထားသည်။

ဖြစ်... ပျက်...၊ ဖြစ်... ပျက်...။

နှင်းတွေ ပေါ်လာပြန်သည်။ ဩော်... ကိုကိုပါလား။ ဩော်... ပြီးတော့ ကျွန်တော်ပါလား။ ဟော... ဟိုတစ်ယောက်က ဘယ်သူပါလဲ၊ ဩော်... သက်...။

ကိုကိုနှင့် သက်က ရှေ့က ပြေးကြသည်။ ကျွန်တော်က နောက်မှ လိုက်ရသည်။

ကိုကို့ကို မုန်းသည်။ သက်ကို ကျွန်တော်သာလျှင် လက်ဆွဲ ပြေးချင်သည်။

သက်... သက်... အငယ့်ကိုလည်း စောင့်ဦးလေ. အငယ် သက်ကို သက်ကို...။

ကျွန်တော်သည် မှိတ်ထားသော မျက်လုံးကို ဖွင့်လိုက်၏။

တည်ငြိမ်ကြည်လင်သော မျက်နှာထားဖြင့် ဆရာက မေး၏။

"ဆက်ရှုလို့ မရဘူးလား မောင်စောထွေး"

"အာရုံတစ်ခုက နှောင့်ယှက်တယ် ဆရာ"

"ဘာအာရုံလဲ"

"ကျွန်တော်တို့ ငယ်ငယ်တုန်းက အကြောင်းတွေ"

"ဩော်... အင်း..."

"အဲဒီတုန်းက တန်ဆောင်မုန်းလကြီး ဆရာ၊ ကထိန်အခါမို့ ပွဲတွေ ရှိတယ်၊ ကျွန်တော်တို့ မြို့က ပွဲကြည့်ရခဲ့တယ် ဆရာ။

သက်က ပွဲကြည့်ချင်တယ်။ သူ့အမေကြီးက စည်းကမ်းကြီးတော့ ည အပြင်မထွက်ရဘူး။ ပွဲကလည်း လေဟာပြင်ထဲမှာ...။

သက်က ပူဆာတာနဲ့ တစ်ညမှာ ကိုကိုနဲ့ ကျွန်တော် သက်ကို တိတ်တိတ်လေး သွားခေါ်ကြတယ်။ သက်ကို ပွဲကြည့်စေချင်လို့... ပွဲတော့ မဟုတ်ဘူး ဆရာ၊ အငြိမ့်...။

ကျွန်တော်တို့ သုံးယောက် လူတွေထဲ တိုးကြည့်ကြတယ်။ သက်ကို အလယ်မှာ ထားတယ်။ ကျွန်တော်တို့ ညီအစ်ကိုက ဘေးက။ သက်... သက် ... တစ်ခုခု ဖြစ်သွားမှာ စိုးလို့ပေါ့။

သန်းခေါင်ကျော်မှ ကျွန်တော်တို့ ပြန်ကြတယ်။



အဲဒီတော့ နှင်းတွေ သိပ်ကျနေပြီ။

သက်တို့ အိမ်က တောင်ခြေမှာ... လမ်းဘေးမှာ သစ်ပင်ကြီးတွေ ရှိတော့ အရိပ်ကျပြီး အပြန်လမ်းက မှောင်နေတယ်။

ကျွန်တော်တို့ သုံးယောက်သား ကြောက်လိုက်ကြတာ။

သက်တို့ ဝင်းထဲ ဝင်မိကြတဲ့အထိ ဘာမှ မဖြစ်ကြသေးဘူး။

အိမ်ဘေးလည်း ရောက်ရော... မီးတွေ ရုတ်တရက် လင်းသွားတယ်။

ကျွန်တော်တို့ ပြေးလို့ မလွတ်ဘူး။

နောက်..."

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂၉

BURMESE CLASSIC

ရန်ကုန်–ရွှေညောင် ရထားသည် ဟဲဟိုးဘူတာမှ ထွက်ကာ တောင်ကြားတွင်း ဝင်၍ ကွေ့ကောက်ပြီး စ,ဆင်းနေသည်။

ဟဲဟိုးတောင်တန်းရှိ တောတစ်ခွင်မှာ သစ်ရွက်တို့ ကြွေနေကြသည်။ မကြွေသော အရွက်တို့က ရွှေရောင်နှင့် ကြက်သွေးရောင် ရော၍ ဝါဝါနီနီ ရှိသည်။ အဝေးက ကြည့်လျှင် ရော်ရွက်တို့နှင့် မတူ။ မီးလျှံပန်းတို့ ဖုံးလွှမ်းနေသည် ထင်ရ၏။

နှစ်ယောက်ခန်းထဲတွင် တင်မောင်နောင်နှင့် ကျွန်တော်တို့ လိုက်ပါလာကြသည်။

တင်မောင်နောင်က မေးသည်။

"ဒါဖြင့် မင်း ငယ်ငယ်လေးကတည်းက သက်ကို တစ်ဖက်သတ်ချစ်နေခဲ့တာပေါ့"

"အင်း... ချစ်တယ်၊ သက်ကလည်း ချစ်စရာ သိပ်ကောင်းတာကိုး၊ ဒါပေမဲ့ သက်ကို ငါ မရနိုင်မှန်း သိတော့ ငါ မုန်းပစ်ချင်တယ်၊ တစ်ခါ သက်က ငါ့အထင်လေ... ငါ့ထက် ကိုကို့ကို ပိုအရေးပေးတယ် ထင်တယ်၊ ဒီတော့



သက်ကို စိတ်နာတယ်၊ ကိုကို့ကိုလည်း မုန်းတယ်၊ ကိုကို့ကို မုန်းတာ ငါ့စိတ်က လက်မခံရဲဘူး၊ ငါ့လိပ်ပြာ နာတယ် ဆိုပါတော့၊ အဲဒီ တစ်ညက တို့ကို ဖမ်းမိတော့ တို့ အရိုက်ခံရတယ်၊ သူတို့အိမ်က လူတွေကပေါ့၊ နောက် တို့ကို အိမ်လိုက်ပို့ပြီး သက် အမေကကွာ ဒေါ်လေးကို ရစရာ မရှိအောင် ပြောတော့တာပဲ။

ရှက်လည်း ရှက်၊ ဒေါသလည်း ထွက်တော့ ဒေါ်လေးကလည်း တို့ကို ထပ်ရိုက်တာကွာ... လိမ့်နေတာပဲ။

အဲဒီကတည်းက ငါ စိတ်ဒဏ်ရာ ရခဲ့တယ်၊ ကိုကို သေတော့ ငါ့စိတ်ဒဏ်က မခံနိုင်အောင် နာလာတယ်၊ ဒီကြားထဲ နှင်းနဲ့ ကိစ္စက ဝင်နှောက်တော့ အခြေအနေတွေက ပိုဆိုးခဲ့ရတာပေါ့။

မိုးမိုးကို သက်အစား ငါ နှိပ်စက်ဖို့ ကြံခဲ့တာပဲ၊ တကယ်ကျတော့လည်း မနှိပ်စက်ရက်ပြန်ဘူး၊ သက်နဲ့ တူတဲ့ မိုးမိုးအပေါ်မှာ ငါ သံယောဇဉ်တစ်မျိုးတော့ ရှိနေတယ်။

ဒါပေမဲ့... မိုးမိုးက ငါ့ကို လှပစွာ အသုံးချသွားတယ်၊ သူ တကယ်ကြိုက်တဲ့ ဦးမျိုးဝင်းဟာ သဝန်တိုစိတ် ပေါ်လာပြီး သက်အစား သူ့ကို ချစ်လာစေဖို့ ငါ့ကို အသုံးချသွားတာပဲ၊ အေးလေ... ငါ ခံထိုက်ပါတယ်"

တင်မောင်နောင်က ပြုံးသည်။

"ဒါပေမဲ့ စောထွေး... သက်ဟာ မင့်အပေါ်မယ် ကရုဏာ ရှိရှာပါတယ်၊ မိုးမိုး ဘာလုပ်ခဲ့တယ် ဆိုတာ သိသိချင်း မင်းအတွက် သက်ခမျာ စိုးရိမ်ရှာတယ်၊ မင်းအစ်ကိုလိုပဲ မင်း တစ်ခုခု လုပ်သွားမှာ စိုးရိမ်ရှာတယ်၊ ဒေါ်လေးကို ဖွင့်ပြောတော့... ဒေါ်လေးခမျာလည်း ထိပ် မြွေပေါက်ပဲ၊ တူတစ်ယောက် ဆုံးဖူးပြီ မဟုတ်လား၊ အံမယ်.. အပျိုကြီးက ဉာဏ်တော့ မဆိုးဘူး၊ ကားနဲ့ ဆင်းလာပြီး ငါ့ပါ ဝင်ခေါ်တာ ဆရာ၊ သူငယ်ချင်းတန်ဖိုးကို သူ ကောင်းကောင်း သိတယ်၊ ဒါထက် အဲဒီနေ့က မင်း သက်ကို ပြောချတာတော့ ရက်စက်တယ်ကွာ..."

"အေးလေ... အခု ငါ တောင်းပန်ရတော့မှာပေါ့"

"တောင်းပန်ရုံတွင်ပဲလား"

"ချစ်ခွင့် တောင်းလို့ကော ရမလား၊ လွမ်းပါလေရစ် သည်သောင်ငွေဦး ဆိုတော့ ဘယ့်နှယ် လုပ်မလဲ"

"အမယ်... ဘယ်လို..ဘယ်လို..."

www.burmeseclassic.com

www.burmeseclassic.com



''သူ လက်ကမ်း ဆယ်စဉ်က ငါက သောင်ပေါ် မလိုက်ဘဲ ငြင်းပြီး အမျှော်ခံတယ်၊ အခုမှ သူ့မေတ္တာသောင်ကို နိုပါရစေဆိုတော့ ခွင့်လွှတ်ပါ့မလား''

''စိတ်မလျှော့ပါနဲ့ကွာ၊ အချစ်ဆိုတဲ့ စိတ်ဟာ ဆန်းကြယ်ပါတယ်၊ ကရုဏာကြီးလေးက ရှိနှင့်ပြီမဟုတ်လား။ တော်တော်ကြာမှ မေတ္တာသောင်ငွေဦးမှာ ကိန္နရီမောင်နှံလို လွမ်းမဆုံး ဖြစ်နေကြဦးမယ်''

ရထား ဥသြရှည် မှုတ်သံကို ကြားရသည်။

ရွှေညောင်လွင်ပြင်က ဘွားခနဲ ပေါ်လာသည်။

လွင်ပြင် ရောက်သဖြင့် ရထားက မြန်လာ၏။

ရွှေညောင်၏ တောတစ်ခွင်ဝယ် ပေါက်နှင့် လဲတို့ ပတ္တမြားပွင့်နီတွေကို ရဲအောင် ဆင်ထားကြသည်။

ကျွန်တော်က အဝေးဆီ၌ လှမ်းမြင်ရသော တောင်ကြီး၏ တောင်တန်းပြာကြီးဆီ မျှော်ကြည့်သည်။

သည်တောင်တန်းပေါ်မှာတော့ စိန်ပန်းပြာတွေ ပွင့်စ,ပြုရော့မည်။ ငုစပ်တွေလည်း ထိန်နေရော့မည်။

▣

စွယ်တော်လည်း ပွင့်နေပါစေ။ ကျွန်တော်၏ ချစ်လှစွာသော စွယ်တော်သည် ပွင့်ကြွင်းဖြစ်ဖြစ် ကျန်နေပါစေ။

ကျွန်တော်နှင့် တင်မောင်နောင်သည် မမြန္မဲ့တို့ အိမ်ရှေ့၌ လမ်းခွဲကြသည်။

လွမ်းစေတီကုန်းအတိုင်း ကျွန်တော်က ဖြည်းညင်းစွာ လျှောက်တက်လာသည်။

အိမ်သို့ ရောက်ခဲ့ပြီးပါပြီ။ သက် မရှိပါ။

အိမ်မှာ မရှိလျှင် သက်က သည်မှာသာ ရှိရမည်။

ကျွန်တော့် တွက်ကိန်း မှန်ပါ၏။

တစ်ခါတုန်းကကဲ့သို့ပင် သက်က ကျောက်ဖျာအစွန်းမှာ ထိုင်နေ၏။ တစ်ခါတုန်းကကဲ့သို့ပင် အနောက် မိုးပြင်ဆီမှ ရောင်စုံတို့ သက်ဆီ လာဟပ်



နေသည်။ တစ်ခါတုန်းကကဲ့သို့ပင် သက်၏ နားကပ်မှ စိန်ပွင့်လေးက ပြိုးပြိုး ပြက်ပြက် လက်နေသည်။

သြော်... တစ်ခါတုန်းကနှင့် မတူသည်ကား သက်သည် ငေးမနေ။ မျက်လုံးလေးများ မှိတ်ကာ ပုတီးစိပ်နေသည်။

သက်ကို အနှောင့်အယှက် မဖြစ်စေရန် ခြေကို ဖွနင်းပြီး ကျောက်ဖျာ တစ်ဖက်စွန်းမှာ ကျွန်တော် ထိုင်လိုက်သည်။

''အငယ်လား... မမသက် မြင်ပါတယ်''

''ဒါပေမဲ့ မမသက်၊ ကျွန်တော်ဟာ အငယ် မဟုတ်ပါဘူး''

''အို... အငယ် မဟုတ်ဘူး၊ နို့... ဘယ်သူလဲ''

''အငယ်ဟာ မရှိတော့ပါဘူး မမသက်၊ အငယ်ဟာ သေသွားပါပြီ။ သူ သိမ်းပိုက်ထားတာတွေနဲ့ အတူ အငယ်ဟာ သေသွားပါပြီ။ အခုဟာက စောထွေးပါ''

သက်က သက်သာ ပြုံးနိုင်သည့် ကျွန်တော့် မျက်စိထဲဝယ် အလှဆုံး အပြုံးနှင့် ပြုံးသည်။

''စောထွေးက အခု မမသက်ဆီ ဘာလာလုပ်တာလဲ။ သြော်... မမသက်ဆီ လာတာ မဟုတ်ဘူး ဟုတ်လား''

''စောထွေးက မမသက်ဆီ လာတာ မဟုတ်ဘူး''

''ဟုတ်တယ်... ကျွန်တော် လာတာက အသက်တစ်ချောင်းဆိုရင် ကယ်ပါ့မယ်လို့ တစ်ခါက အဓိဋ္ဌာန်ပြုထားတဲ့ ကရုဏာရှင်ဆီကိုပါ''

သက်၏ ဖြူဝင်းသော ပါးလေးများတွင် နှင်းဆီသွေး ရဲသွားသည်။

''အငယ်...''

''အငယ် မရှိဘူး''

''ကောင်းပါပြီ မောင်စောထွေး၊ မင်း မမသက်ကို လာနှိပ်စက်ပြန်တာလား''

ကျွန်တော့်ရင်မှာ ဆို့သွားသည်။ မျှော်လင့်ချက်မှာ လွဲရပြန်ပါပြီ။

ကျွန်တော်က နေရာမှ လေးပင်စွာ ထလိုက်သည်။

''အငယ်ကသာ မမသက်ကို နှိပ်စက်တာပါ၊ စောထွေးက မမသက်ကို မနှိပ်စက်ဘူး။ ကဲ... သွားပြီ၊ မမသက် စောထွေး သွားပြီ''

ကျွန်တော်သည် သက်ကို ကျောခိုင်းပြီး လှည့်ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကုန်းတော် ခြေရင်း အရောက်တွင် နောက်မှ ခြေသံ ကြားရသည်။ ခေါ်သံလည်း ပေါ်လာ၏။

''မောင်စောထွေး...''

ကျွန်တော်က ရပ်လိုက်သည်။

သက်သည် ကျွန်တော့်ထံ အပြေးကလေး ဆိုက်ရောက်လာ၏။

''မောင်စောထွေး ဘယ်သွားမလို့လဲ''

''ကျွန်တော် ဘယ်သွားရမလဲ၊ ဟုတ်လား... ကျွန်တော် ပြန်တော့မယ်လေ၊ အငယ့်ဆီ ပြန်တော့မယ်၊ အငယ့်နောက် လိုက်တော့မယ်လေ''

သက်က ကျွန်တော့် မျက်လုံးများကို စိုက်ကြည့်နေသည်။

ကျွန်တော်ကလည်း သက်၏ မျက်လုံးများကို ပြန်ကြည့်သည်။

သက်၏ မျက်လုံးများမှာ ကျွန်တော် ကရုဏာကို တွေ့သည်။

မေတ္တာကို တွေ့သည်။ ဪ... လဲ့လဲ့ရီရီဝေ့သော မျက်ရည်များကိုလည်း တွေ့ပါ၏။

ကျွန်တော်က မြေပြင်တွင် ဒူးထောက်ချလိုက်သည်။ သွယ်နွဲ့သော သက်၏ ခါးလေးကို တအားဖက်ပြီး ရှိုက်ရင်း တောင်းပန်မိပါသတည်း။

''ကျွန်တော့်ကို ကယ်ပါ မမသက်ရယ်... ကျွန်တော် အငယ့်ဆီ ပြန်မသွားပါရစေနဲ့၊ ကျွန်တော် ပြန်မသွားချင်တော့ဘူး။ မမသက်နဲ့ နေပါရစေ၊ ကျွန်တော် ချစ်တဲ့ သက်နဲ့ နေပါရစေ... တစ်သက်လုံး နေပါရစေတော့... သက်... ကျွန်တော့် သက်ရယ်...''

*မေတ္တာရည်၍*

တက္ကသိုလ်ဘုန်းနိုင်